# မာတိကာ


၁။ အနာဂတ္တိကျမ်းများ၏ ဥပဒေသတစ်ရပ် —— မတ် ၂၉ - ဧပြီ ၄ —— ၅

၂။ ကမ္ဘာဦးကျမ်း၏ အခြေခံ —— ဧပြီ ၅ - ၁၁ —— ၁၉

၃။ မင်္ဂလာဆောင်ခြင်းမှ ပုံရိပ်များ —— ဧပြီ ၁၂ - ၁၈ —— ၃၂

၄။ လူမျိုးများ။ အပိုင်း – ၁ —— ဧပြီ ၁၉ - ၂၅ —— ၄၅

၅။ လူမျိုးများ။ အပိုင်း – ၂ —— ဧပြီ ၂၆ - မေ ၂ —— ၅၈

၆။ ယဇ်ပူဇော်ခြင်းကို နားလည်ခြင်း —— မေ ၃ - ၉ —— ၇၁

၇။ အနာဂတ္တိကျမ်း၏ အခြေခံများ —— မေ ၁၀ - ၁၆ —— ၈၃

၈။ ဆာလံကျမ်းတွင် အပိုင်း – ၁ —— မေ ၁၇ - ၂၃ —— ၉၆

၉။ ဆာလံကျမ်းတွင် အပိုင်း – ၂ —— မေ ၂၄ - ၃၀ —— ၁၀၉

၁၀။ ကပ်ကာလအဆုံးတွင်ဖြစ်သောသူတို့ —— မေ ၃၁ - ဇွန် ၆ —— ၁၂၂

၁၁။ ရှသ နှင့် ဧသတာ —— ဇွန် ၇ - ၁၃ —— ၁၃၅

၁၂။ ရှေ့ပြေးလက္ခဏာများ —— ဇွန် ၁၄ - ၂၀ —— ၁၄၈

၁၃။ အဆုံး၏ပုံရိပ်များ —— ဇွန် ၂၁ - ၂၇ —— ၁၆၀



**Editorial Office** 12501 Old Columbia Pike, Silver Spring, MD 20904
Come visit us at our website at https://www.adultbiblestudyguide.org.

**Principal Contributor**
Shawn Boonstra

**Associate Editor**
Soraya Scheidweiler

**Pacific Press®**
Miguel Valdivia

**Editor**
Clifford R. Goldstein

**Publication Manager**
Lea Alexander Greve

**Art Director and Illustrator**
Lars Justinen

**Editorial Assistant**
Sharon Thomas-Crews

**Translated in Myanmar**
MoeKhine NgoKhoNang

**Associate Editor in Myanmar**
Suan Lian Khambawi

**Associate Editor in Myanmar**
Cin Suan Mungtoh

## ဤဆရာကိုင်အထူးထုတ်ကို မည်သို့အသုံးပြုရမည်နည်း

"စစ်မှန်သောဆရာသည် ထိုင်းမှိုင်းသောတွေးခေါ်မှု၊ ပျင်းရိသောစိတ်၊ သို့မဟုတ် နမော်နမဲ့နိုင်သော ဉာဏ်ဖြင့် ရောင့်ရဲခြင်းမရှိ။ ပိုမိုမြင့်မားသော ကြိုးပမ်းအားထုတ်မှုများနှင့် ပိုမိုကောင်းမွန်သော နည်းနာများကို အမြဲတစေ အပတ်တကုတ် ရှာဖွေနေတတ်၏။ သူ့ဘဝသည် စဉ်ဆက်မပြတ် ကြီးထွားနေ၏။ ထိုသို့သော ဆရာ၏လုပ်ဆောင်မှုတွင် သူ၏(အတန်း)ကိုနိုးကြားစေပြီး၊ လှုံ့ဆော် စေနိုင်သော လန်းဆန်းတက်ကြွမှုတစ်မျိုး၊ နိုးကြားစေသော စွမ်းအားတစ်ခု ရှိနေ၏။"

—Ellen G. White, *Counsels on Sabbath School Work*, p. 103.

ဥပုသ်စာဖြေဆရာတစ်ဦးဖြစ်ရခြင်းသည် အခွင့်ထူးလည်းဖြစ်၊ တာဝန်လည်းဖြစ်ပါသည်။ အခွင့်ထူးဟုဆိုရာတွင်၊ တစ်ပတ်အတွင်းသင်ခန်းစာများကို ဆွေးနွေးခြင်း၊ သင်ကြားခြင်းမှာ ဦးဆောင် လမ်းညွှန်ရသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ သင်တန်းသားတို့သည် နှုတ်ကပတ်တော်ဖြင့် သူတို့ကိုယ်တိုင် လေးမြတ်မှုရသည့်အပြင် အဖွဲ့လိုက်ဝိညာဉ်ရေးမိတ်သဟာယလည်း ကြုံတွေ့ရမည်ဖြစ်သည်။ သင်ကြားပြီးသောအခါ၊ အတန်းသားများသည် နှုတ်ကပတ်တော်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းပြီးသား၊ တန်ခိုးတော်ဖြင့် ခိုင်ခံ့စေခြင်းခံရပြီးသားဖြစ်သင့်သည်။ သင်ကြားပေးသူ၏ တာဝန်မှာ လေ့လာရမည့် ကျမ်းပိုဒ်များ၊ သင်ခန်းစာ၏စီးဆင်းမှု၊ တစ်ကွာတာလုံး၏ အကြောင်းအရာနှင့်ဆက်စပ်မှု၊ လက်တွေ့အသုံးပြုမည့်၊ သက်သေခံ ရမည့်အကြောင်း များကို သေချာစွာသတိပြုရမည်။

ဤလမ်းညွှန်စာအုပ်သည် ဆရာများ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကူညီပေးသည်။ ၎င်းတွင် အပိုင်းသုံးပိုင်းပါရှိသည်။

**၁။ ခြုံငုံသုံးသပ်ချက်သည်** သင်ခန်းစာခေါင်းစဉ်၊ အဓိကကျမ်းချက်များ၊ ယခင်သင်ခန်းစာနှင့် ဆက်စပ်မှုများနှင့် သင်ခန်းစာ၏ဆောင်ပုဒ်တို့ကို မိတ်ဆက်ပေးသည်။ ဤအပိုင်းတွင် သင်ခန်းစာသည် အဘယ်ကြောင့်အရေးပါသနည်းဟူသည့် မေးခွန်းများနှင့် သက်ဆိုင်၏။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကျမ်းစာကမည်သို့ပြောသနည်း။ သင်ခန်းစာတွင်တွေ့ရသော အဓိကဆောင်ပုဒ်တစ်ချို့ကား အဘယ်နည်း။ ဤအကြောင်းအရာက ကျွန်ုပ်၏ လက်တွေ့ဘဝကို မည်သို့အကျိုး သက်ရောက် စေသနည်း။

**၂။ အနက်ဖွင့်ကျမ်းသည်** ဆရာကိုင်အထူးထုတ်တွင် အဓိက အပိုင်းဖြစ်၏။ ၎င်းတွင် ကဏ္ဍ နှစ်ခု သို့မဟုတ် ထို့ထက်ပိုသောအပိုင်းများရှိနိုင်ပြီး၊ တစ်ခုစီသည် ခြုံငုံသုံးသပ်ချက်အပိုင်းတွင် မိတ်ဆက်ထားသည့် ဆောင်ပုဒ်နှင့် ပတ်သက်သည်။ အနက်ဖွင့်ကျမ်းတွင် ခြုံငုံသုံးသက်ချက်၌ ဖော်ပြထားသည့် ခေါင်းစဉ်များကို ချဲ့ထွင်သည့် အတွင်းကျကျ ဆွေးနွေးချက်များစွာပါဝင်နိုင်သည်။ ဤအပိုင်းသည် ဆောင်ပုဒ်ပါအကြောင်း အရာများကို နက်ရှိုင်းစွာ လေ့လာခြင်းအား ပံ့ပိုးပေးကာ၊ ဆောင်ပုဒ်များကို ပိုမို နားလည်ရန် ဆိုင်ရာကျမ်းချက်များ၊ ထုတ်ဖော်အနက်ဖွင့်ခြင်းနှင့် သရုပ်ဖော်ထားသောဆွေးနွေးချက်များကို ပံ့ပိုးပေး၏။ ဤအပိုင်းတွင် သင်ခန်းစာနှင့် သက်ဆိုင်သော ကျမ်းဝေါဟာရ လေ့လာခြင်း သို့မဟုတ် ထုတ်ဖော်အနက် ဖွင့်ခြင်းတို့ရှိ၏။ ဆွေးနွေးချက်ဦးတည်မှု၊ သက်ဆိုင်သော ဥပမာများနှင့် စဉ်းစားရန် မေးခွန်းများလည်း ပါရှိနိုင် ပါသည်။

**၃။ လက်တွေ့အသုံးချခြင်းသည်** ဆရာကိုင်စာအုပ်တွင်သင်ခန်းစာတိုင်း၏နောက်ဆုံးကဏ္ဍဖြစ်၏။ ဤတွင် အနက်ဖွင့်ကျမ်းပါ သင်ခန်းစာများကို အသက်တာတွင်မည်သို့အသုံးပြုရမည်ကို ပြသည်။ ဆွေးနွေးရန်၊ သင်ကြားသမျှ၏အနှစ်ချုပ်၊သို့မဟုတ်သင်ခန်းစာနှင့်ဆက်စပ်သည့် သက်သေခံချက်များကို ထည့် သွင်း တတ်၏။

**နောက်ဆုံးအတွေး။** အထက်ပါဖော်ပြချက်များသည် သင်ခန်းစာရှင်းပြရန် ရရှိနိုင်သော ဖြစ်နိုင်ခြေများစွာထဲမှ အကြံပြုချက်မျှသာဖြစ်ပြီး၊ ၎င်း၏နယ်ပယ်တွင် ဤမျှနှင့်ကန့်သတ်ဖို့ရန်မရည်ရွယ်ပါ။ သင်ကြားခြင်းသည် ငြီးငွေ့ဖွယ်ကောင်းသော၊ ထပ်ခါထပ်ခါဖြစ်သော၊ (သို့) စိတ်ကူးမှန်းဆသော အယူအဆအဖြစ်မျိုး မဖြစ်သင့်ပါ။ ကောင်းသောဥပုသ်စာဖြေသင်ကြားခြင်းသည် ကျမ်းစာအခြေပြု၊ ခရစ်တော်ကို ဗဟိုပြု၊ ယုံကြည်ခြင်းကိုခိုင်ခံ့စေပြီး မိတ်သဟာယကိုတည်ဆောက်ခြင်းမျိုးသာဖြစ်သင့်၏။

# အနာဂတ္တိကျမ်း၏

## ရှေ့ကပြေးများ



ပင်လယ်ကွေ့ စစ်ပွဲ (၁၉၉၁ ခု)တွင် ခရစ်ယာန် စာရေးဆရာ တစ်ဦးသည် ဗျာဒိတ်ကျမ်းမှ ဤပဋိပက္ခကို ကြိုတင် ပြောထားသည်ဟု ဆိုသည်။ သူ၏ ငြင်းချက်သည် စစ်ပွဲတွင် အသုံးပြုသော ရဟတ်ယဉ်တို့သည် ဗျာဒိတ်ကျမ်း ၉ တွင် ဖော်ပြထားသော ကျိုင်းကောင်များနှင့် တူသည်ဟု ဆိုသည်။ "သူသည် နောက်ဆုံး သော တွင်းကို ဖွင့်လျှင် ကြီးစွာသော မီးဖို ၏ အခိုးကဲ့သို့သော အခိုးသည် တွင်းထဲက တက်လေ၏။ ထိုတွင်း၏ မီးခိုးကြောင့် နေနှင့် အာကာသ ကောင်းကင်သည် မှောင်မိုက်လေ၏။ ကျိုင်း ကောင်တို့သည် မီးခိုးထဲက မြေကြီး ပေါ်သို့ ထွက်၍ မြေ၏ ကင်းမြီးကောက်ကဲ့သို့သော တန်ခိုးကို ရကြ၏။" *(ဗျာ၉း၂၊၃)*။

အနာဂတ္တိကျမ်းစကားများကို အမိပ္ပါယ် ပြန်ရန် အကောင်းဆုံး နည်းလမ်းတော့ မဟုတ်သော်လည်း အတော်အသင့်တော့ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ဆယ်ချီ ကတည်းက စာအုပ်တွေ၊ စာပေတွေ၊ ဗွီဒီယိုနှင့် လေလှိုင်းပေါ်မှာပင် အလယ်ပိုင်း နိုင်ငံတွေကို အမိက ထားကာ နောက်ဆုံးသော ဖြစ်ပျက်မည့် အရာတွေကို ကြိုတင် ရက်စွဲတွေဖြင့်ပင် ဟောတမ်းထုတ်ထား ကြပါသည်။ သို့သော်လည်း ထို ဟောတမ်းတို့သည် ပြည့်စုံ ခြင်းမရှိကြပါ။

ကျွန်ုပ်တို့ မြော်လင့်ခြင်းအသင်းတော်သည် အနာဂတ္တိကျမ်းစကားများကို မြေနေရာ တစ်ခု နှင့် သူ၏ ပဋိပက္ခ တစ်ခုလေးကို အခြေမပြုဘဲ၊ ခရစ်တော်ကိုသာ ဗဟိုပြုလေ့ရှိပါသည်။ ကျွန်ုပ်တို့ သည် ခရစ်တော် နှင့် စာတန်တို့ အကြား မဟာလုန်တိုက်ပွဲကို ရှုကာ၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ ထာဝရ ဘုရား၏ လူများ၊ ဂျူးနှင့် သာသနာပလူ များအကြား ပဋိပက္ခ *(ဗျာ၊ ၁၂း၁၇။ ၁၄း ၁၂)*၊ နောက်ဆုံး သောကပ် ဖြစ်သော ဖန်ဆင်းရှင်အား ကိုးကွယ်ခြင်း (ဗျာ၊ ၁၄း ၇) နှင့် ဆန့်ကျင်ဘက် ဖြစ်သော သားရဲ နှင့် သူ၏ ရုပ်တုအား ကိုးကွယ်ခြင်း ဖြစ်သည်။ နောက်ဆုံး နေ့ရက် အတွက် အနာဂတ္တိ စကားများ ကိုနားလည်ရန် ဒံယေလ ၂ တွင် ရာဇဝင်၏ အမိက အချက်များ သာမက အမိပ္ပါယ်ပါ ပြန်ထားပေးပါ သေး ၏။

ဒံယေလ ၂ သည် ကမ္ဘာ့ နိုင်ငံကြီးများ၊ ဘေဘီလုံ၊ မီဒီယာ – ပါးရှား၊ ဂရိ နှင့် ရောမ ပြိုး၊ ပျက်စီး ခြင်းသို့ မရောက်နိုင်၊ သူတစ်ပါး လက်ထဲသို့လည်း မကျရောက်နိုင်သော ထာဝရဘုရား၏ ထာဝရ နိုင်ငံတော်သည် ၎င်းနိုင်ငံတို့ အားလုံးအား ချေဖျက်ပြီးသော်၊ ထို နိုင်ငံသည် ထာဝရ တည်တံ့မည် *(ဒံယေလ ၂း ၄၄)* ဟု တင်ပြ ထားသည်။ အလားတူ အဓိက အချက်များ ၊ ဒံယေလ ၇ နှင့် ၈ တွင်လည်း တစ်နိုင်ငံတက် တစ်နိုင်ငံဆင်းကာ၊ ထာဝရ ဘုရား၏ နိုင်ငံတော်သည် ထာဝရ တည်မြဲလိမ့်မည် ဟု ဆိုသည်။

ဒံယေလ ၇ တွင် ကောင်းကင်တမန်သည် "ဤ သားရဲလေးကောင်တို့သည် မြေကြီးပေါ်မှာ ပေါ်လတ့ံသော နိုင်ငံလေးပါး ဖြစ်၏။ သို့သော်လည်း အမြင့်ဆုံးသော ဘုရားသခင်၏ သန့်ရှင်းသူတို့သည် နိုင်ငံကို သိမ်းယူ၍ ကမ္ဘာအဆက်ဆက် ခံစားကြလတ့ံ" *(ဒံ ၇း၁၇၊ ၁၈)*။

> *ဆုတောင်းခြင်း၊ ဆက်ကပ်ခြင်း နှင့် နှိမ့်ချခြင်းဖြင့် လေ့လာသောအခါ ပုံရိပ်များ၊ သင်္ကေတများ၊ ဥပစာများ စွာတို့သည် ဗျာဒိတ်ကျမ်း၏ နောက်ဆုံးသော နေ့ရက်များ တွင် ဖြစ်လာမည့် အနာဂတ္တိ...*

ကမ္ဘာ့နိုင်ငံကြီးများ၊ ဘေဘီလုံ၊ မီဒီယာ – ပါးရှား၊ ဂရိ နှင့် ရောမတို့သည် ကြားဝင်စွက်သူမရှိဘဲ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာကြကာ၊ ယေရှု ကြွလာ၍ ထာဝရဘုရားသည် ထာဝရနိုင်ငံအား တည်ထောင်သည်ထိ ဆက်တိုက်ဖြစ်ကြသည်။ ကျွန်ုပ်တို့သည်လည်း ကမ္ဘာ့စတ္တုထနိုင်ငံနှင့် ခရစ်တော် မကြွလာမီ ကာလအတွင်းတွင် နေရကြ ပါသည်။

အနာဂတ္တိကျမ်းစကားများကို နားလည်နိုင်ရန် ကမ္ဘာ့ရာဇဝင် ရှုထောင့်ကို အခြေခံထားကာ၊ ယခု သုံးလအတွင်း အနာဂတ္တိကျမ်းစကားများကို လေ့လာရာတွင်၊ နောက်ဆုံးသောနေ့များတွင် ဖြစ်မည့်အရာများကို ဝက်ဝုတ်များ၊ ပုံရိပ်များ၊ သင်္ကေတများ၊ ရာဇဝင်များနှင့် ဥပစာများတို့ဖြင့် အဓိပ္ပါယ် ပြန် ခြင်းကို လေ့လာ ကြပါမည်။

ကမ္ဘာဦးကျမ်း မှတ်တမ်းမှ စတင်ကာ၊ အနာဂတ္တိ စကားများသာ မဟုတ်ဘဲ ၎င်း၏ နောက် ဆက်တွဲ ကပ်တိုင်နှင့် ယေရှု၏ အသေခံခြင်း၊ ဘေဘီလုံ ရဲတိုက်၊ ဗိမာန်တော် အထုံးအဖွဲ့၊ ဆာလံ သီချင်းများ နှင့် ဓမ္မ ဟောင်းကျမ်း၏ မင်္ဂလာပွဲအချို့တို့ ပါဝင်ကြ ပါမည်။

ဆုတောင်းခြင်း၊ ဆက်ကပ်ခြင်းနှင့် နှိမ့်ချခြင်းဖြင့် လေ့လာသောအခါ ပုံရိပ်များ၊ သင်္ကေတများ၊ ဥပစာများစွာတို့သည် ဗျာဒိတ်ကျမ်း၏ နောက်ဆုံးသော နေ့ရက်များ တွင် ဖြစ်လာမည့် အနာဂတ္တိစကားများတို့ကို အသက်ဝင်စေလိမ့်မည်။ သမ္မာကျမ်းစာ အား ပုန်ကန်သော သဘောဖြင့်လေ့လာ ပါကလဲ အချိန် ဖြုန်းခြင်း သက်သက်ပင် ဖြစ် လိမ့်မည်။

အနာဂတ္တိကျမ်းများအား လေ့လာရန် သုံးလပင်လျှင် နည်းနေပါသေးသည်။ ထာဝရ ကာလအတွက် လိုအပ်သည်များကို မည်သူကများသိနိုင်မည်နည်း။ ထာဝရဘုရား၏ ကျေးဇူးတော် ကြောင့် ကျွန်ုပ်တို့သည် သင်ကြား ကြရပါတော့မည်။

Shawn Boonstra သည် ဗျာဒိတ်တော်အသံဌာန ဓမ္မဆရာဖြစ်သည်။ သူ့လွှင့်ထုတ်သော အသံ နှင့် သူရေးသားသော စာအုပ်များတို့သည် ကမ္ဘာတစ်ဝှမ်းသို့ ပြန့်နှံ့ကာ လွှမ်းမိုးလေသည်။ သူ၏ အမှုတော်သည် အန္တာတိကာမှလွဲ၍ နေရာ အနှံ့သို့ ပြန့်၏။

## သင်ခန်းစာ - ၁

*မတ်လ ၂၉ - ဧပြီလ ၄

# အနာဂတ္တိကျမ်းများ၏ ဥပဒေသ တစ်ချို့



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ယေရမိ၊ ၂၉း ၂၃၊ ၂၄။ ဆာလံ ၁၃၉း ၁-၆။ ဒံယေလ ၁၂း ၄။ ဗျာ၊ ၂၂း ၁၀။ ၂တိ၊ ၃း ၁၅-၁၇။ ဟေဗြဲ ၄း ၁၂။

**အလွတ်ကျမ်းချက်။** **"ဝါကြွားသောသူ မည်သည်ကား၊ ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း၊ တရားသဖြင့် စီရင် ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသော ထာဝရဘုရား ဖြစ်ကြောင်း တည်းဟူသော ငါ့သဘောကို သိနားလည်ခြင်း၌သာ ကြွားဝါစေလော့။"** (ယေရမိ ၉း၂၄)

သမ္မာကျမ်းစာတွင် ရှိသမျှအရာတို့တွင် အနာဂတ္တိကျမ်းစကား တို့သည် အချိန်ကို တမင်ဖြုန်းတီး စေသည်ဟု ခရစ်ယာန်တို့သည် ထင်တတ်ကြ၏။ ခရစ်ယာန်တို့သည် အနာဂတ္တိကျမ်းစကားတို့၏ ဗိန္ဓုလုံးတိုင်းတို့နှင့် ရင်ဆိုင်ရမည်ဆိုပါက မည်မျှရိုင်လုံနိုင် မည်နည်း။ ယုံကြည်သူ မြောက်များစွာတို့သည်လည်း ဗျာဒိတ်ကျမ်းနှင့်တကွ ကျမ်းတချို့သည် လူနားမလည်နိုင်ကြောင်း ယုံကြသည်။ ထိုကျမ်းတို့ကိုဖတ်ခြင်းသည် ဘယ်အဖြေမှ မရဘဲ ပြဿနာသာပေးနိုင်သည်ဟု ယုံကြည်သော တရားဟောဆရာတို့နှင့်အတူ မဖတ်တော့ဘဲ ချန်လှပ်ထားကြ၏။

ထိုသို့မဟုတ်ပါ။ ခရစ်ယာန်ရာဇဝင်တွင် ရာစု တစ်ဆယ့်ရှစ်ခုအတွင်း ခရစ်ယာန် အများစုတို့သည် အနာဂတ္တိ စကားတို့တွင် အလွန် ပီတိ ဖြစ်ကြ၍ သဘောတူထားကြပါသည်။ ထာဝရဘုရားသည် "ညီအစ်ကိုတို့ သင်တို့ ရှိမျှတို့သည် စကားတစ်ညီတစ်ညွတ် တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ တစ်သံ တစ်သမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင် ကြမည်အကြောင်း ငါတို့ သခင်ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ ငါနှိုးဆော် တောင်းပန်၏" *(၁ကော ၁း ၁၀)*။

ယခုအပတ်တွင် အနာဂတ္တိစကားတို့ကို နားလည်နိုင်ရန် အကူအညီပေး နိုင်သော ဥပဒေသတစ်ချို့အား လေ့လာကြရပါမည်။

* ဧပြီလ ၅ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** မတ်လ ၃၀ ရက်

## ဖတ်သောသူမည်သည် နားလည်ပါစေ

ခရစ်ယာန် စာအုပ်ဆိုင် တစ်ခုခုသို့ သွားရောက်ကာ အနာဂတ္တိကျမ်းစကား တစ်ခုခုကို ဖတ်ရှုပါ။ ဗျာဒိတ်ကျမ်း ကဲ့သို့သော အနာဂတ္တိကျမ်း အမိပ္ပါယ်တို့ကို မည်သူမျှ အမှန် နားမလည်နိုင်ကြောင်း စိတ်ပျက် စရာကောင်းလှစွာ တွေ့ရလိမ့်မည်။ သာဓက အနေဖြင့် ကလောင်ရှင်တစ်ဦးသည် *အန်တီခရစ်* ဆိုသည်မှာ ဥပစာတစ်ခုတည်းသာ ဖြစ်၍ နောက် နောင်တွင် လာမည်ဖြစ်ကြောင်း၊ နောက်တစ်ဦးသည်လည်း ၄င်းသည် ရောမဧကရဇ်ဘုရင်များ ခေတ်က ဖြစ်ခဲ့သောအရာ၊ ပုဂ္ဂိုလ် တစ်ဦးဦးအား သက်သေပြသ ခြင်းသာဖြစ်သည်ဟု ဆိုသည်။ နောက်ထပ်တစ်ဦးသည် သမ္မာကျမ်းစာဟူသည် မိမိတီးလိုသော သံစဉ် ကို တီးလို့ရသော တရော အိုကြီးနှင့် တူသည်ဟု ဆိုသည်။

သမ္မာကျမ်းစာတွင် ၄င်းအဆိုမျိုးမရှိပါ။ ထာဝရဘုရားသည် အနက္တစကားများ ပြောဆို နေသည် မဟုတ်ဘဲ သမ္မာတရားအား သိရှိစေနိုင်သောအရာများဖြစ်သည့် ကျမ်းစာကို ဖတ်ရှုရန်ဖိတ်ခေါ်သည်။

**ဖတ်ရှုပါ – မဿဲ ၂၄း၁၅။ ဗျာ ၁း၃။ မဿဲ ၁၁း၂၉ နှင့် ယေရမိ ၉း၂၃၊ ၂၄။ ထာဝရဘုရားသည် မိမိအား နားလည် သိရှိနိုင်ရန် ဤကျမ်းချက် တို့သည် မည်ကဲ့သို့ သွန်သင်သနည်း။**

တက္ကသိုလ်မြောက်များစွာတို့သည် သမ္မာကျမ်းစာကို သာမန် စာပေတစ်ခု အနေဖြင့်သာ ပို့ချကြ၏။ ယုံကြည်သူ တစ်ဦးအနေဖြင့် ပါမောက္ခကြီးသည် သမ္မာကျမ်းစာကို ဒဏ္ဍာရီ ပုံပြင် ဖတ်သကဲ့သို့ပင် ဖတ်သွားနေသည်မှာ အံ့သြစရာဖြစ်သွားနိုင်ပါသည်။ ၄င်းတို့၏ ရည်ရွယ်ချက်သည် ၄င်းရာဇဝင်တို့အထဲတွင် အမှန်တရားရှိသည် ဆိုသော်လည်း ၄င်းရာဇဝင်များကို မိမိတို့လိုရာ ဆွဲသုံးကြပါသည်။ ထိုဆရာများအတွက် ဘုရားသခင် မှ မှုတ်သွင်း တော်မူသည် ဆိုသည်မှာ ရယ်စရာလို ဖြစ်နေသည်။

ထို ဆရာများတို့သည် သမ္မာကျမ်းစာကို ဖတ်ရှုကြပါသော်လည်း ထာဝရဘုရား၏ အသံတော်အားမကြားရကြပါ။ တစ်ချို့တို့များသည် သမ္မာကျမ်းစာသတင်းအား ပြောင်းပြန် ကောက်ယူကြသည်။ ကိုယ်တော်ထံ ဆက်ကပ်ခြင်း သမ္မာတရားအားသင်ယူရန် စိတ်နှလုံးတံခါးမဖွင့်ဘဲ ဖတ်သောသူတို့သည် သမ္မာကျမ်းစာ သတင်းစကားကို လက်လွှတ်ရသည့်အပြင် စာမျက်နှာတိုင်းတွင်ဖော်ပြထားသော ထာဝရဘုရား၏ သန့်ရှင်းသော မေတ္တာတော်နှင့် ဝိသေသလက္ခဏာတော်တို့အား နားလည်ခြင်း လွဲမှားကုန်တော့သည်။ သမ္မာကျမ်းစာ ဖတ်သောအခါ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်း၊ မှန်ကန်သော အယူအဆနှင့် မှန်ကန်သောစိတ် သဘောထား စသည်တို့ မပါပါက အထက်ကအတိုင်းဖြစ်ရုံမက အလွန် အန္တရာယ်များပြားလှသည်။

**ယုံကြည်သူ တစ်ဦးသည် သမ္မာကျမ်းစာဖတ်နေ၏။ ဘာလုပ်သည်ကိုမေးသောအခါ 'လွတ်ပေါက်ရှာနေတာ၊ လွတ်ပေါက်ရှာနေတာ' ဟုဆို၏။ ထာဝရဘုရား၏ နှုတ်ကပတ် တော် ဖတ်ရှုရာတွင် ဤသဘောထားမျိုးသည် အဘယ်ကြောင့် မှားယွင်းနိုင်မည်နည်း။**

## ထာဝရဘုရားသည် နားလည်ရန် အလွန်ရှိ၏

တိုင်းတစ်ပါးတွင် စကားပင်မပေါက်ဘဲနှင့် ဆေးခန်းဆေးဆိုင်သို့ရောက်သွားရသည်မှာ စိတ်မချင့်မရဲ ဖြစ်လှပါသည်။ ပြောရမည့် အချက်များကို သိလျက်နှင့် လုံလောက် သောဝေါဟာရက မရှိပြန်ပါ။

ထာဝရဘုရား အတွက်တော့ ဆန့်ကျင်ဘက်ဖြစ်သည်။ "မိုးကောင်းကင်သည် မြေကြီး ထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်ထက်၄င်း ငါ၏ အကြံ အစည်သည် သင်တို့၏အကြံအစည်ထက်မြင့်၏" *(ဟေရှာ ၅၅း၉)*။ ထာဝရဘုရားသည် လူသားနှင့်ဆက်ဆံနိုင်ရန် စကားမပေါက်သည် မဟုတ်ဘဲ ကျွန်ုပ်တို့ ကပင် ထာဝရဘုရားအား နားလည်နိုင်စွမ်းသော စကားလုံးနှင့်ဉာဏ်ရည်တို့ကို လုံလုံလောက် လောက် မရှိခြင်း ပင် ဖြစ်သည်။

**အောက်ပါ ကျမ်းချက်တို့သည် ထာဝရဘုရား၏ ဉာဏ်တော်အနန္တနှင့်ကျွန်ုပ်တို့၏ အသိဉာဏ် တို့၏ ကွာဟမှုကို မည်သို့သွန်သင်သနည်း။**

ဆာလံ ၁၃၉း၁-၆ ________________________________

ဆာလံ ၁၄၇း၅ ________________________________

ရောမ ၁၁း၃၃ ________________________________

၁ယော၊ ၃း၂၀ ________________________________

ထာဝရဘုရား၏ ဉာဏ်တော်သည် အတိုင်းမဲ့အနန္တဖြစ်သဖြင့် ကျွန်ုပ်တို့သည် သူ၏စိတ်နလုံးအားပြည့်စုံစွာနားလည်ရန်လုံးဝမဖြစ်နိုင်ပါ။ ဖန်ဆင်းထားသော အရာများကိုပင် နားလည်နိုင်စွမ်းမရှိသော လူသားသည် ဖန်ဆင်းရှင်အား မည်သို့ နားလည်နိုင်မည်နည်း။ မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည်အရာခပ်သိမ်းအား နားမလည်နိုင်ဆိုသည်တိုင်၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သောအရာများကို နားလည်နိုင်သည် *(၂ တိ ၃း၁၄၊ ၁၅)*။ တမန်တော် တို့သည် ၄င်းတို့၏ ပြည့်စုံခဲ့ပြီးသော အနာဂတ္တိစကားများကို ထောက်ပြ၍ ရှင်းပြသည်ဖြစ်ရာ ကျွန်ုပ်တို့သည်လည်း မိမိတို့၏ ကယ်တင်ခြင်းအတွက် သရုပ်ပြဖြစ်သည်ဟု ကောက်ချက်ချနိုင်ပေသည်။ နောက်ဆုံးသောနေ့တွင် ထိုအနာဂတ္တိစကားများသည် ကျွန်ုပ်တို့ကို ယေရှုနှင့် လူသားအားလုံးကယ်တင်ရန် သူ၏ကတိတော်ထံသို့ ပို့ဆောင် နိုင်ပါသည်။

အရာခပ်သိမ်းတို့ကို ဖန်ဆင်းသောဘုရား *(ကော ၁း၁၆။ ယော ၁း၁-၃)* ဖြစ်တော်မူ၍ အယုတ်ဆုံး လူသားကိုပင်လျှင် ကယ်တင်ခြင်းငှါ ကပ်တိုင်ပေါ် အသေခံရန် ဆင်းသက်လာသော ဘုရားဖြစ်သည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့အား ချစ်တော်မူခြင်းပင်ဖြစ်သည်။ အယုတ်ဆုံးမှစကာ လူတိုင်းတို့သည် ယေရှုအားဖြင့် ပေး တော်မူသော အရာများကိုသိစေလိုသည်။ အနာဂတ္တိကျမ်းသည်လည်း ထိုအတွက်ပင် ဖြစ်လေ၏။

**ကျွန်ုပ်တို့မသိသောအရာတွေ မြောက်များစွာရှိသော်လည်း သိသောအရာများကို ဖဟိုပြုကာလိုက်လျှောက်ခြင်းသည် မသိသောအရာများအား စိတ်စွဲလန်းနေခြင်းထက် အဘယ့်ကြောင့် သာ၍ကောင်းသနည်း။**

**အင်္ဂါနေ့** ဧပြီလ ၁ ရက်

## ဒံယေလ ထိုစာစောင်တို့ကို တံဆိပ်ခတ်လော့

**ဖတ်ရှုပါ – ဒံ ၁၂း၄။ ထာဝရဘုရားသည် ဒံယေလအားမည်သို့ သွန်သင်သနည်း။ ဗျာ ၂၂း၁၀ နှင့် ယှဉ်ဖတ်ပါ။**

ခရစ်တော်မကြွလာမီတွင် အတတ်ပညာတိုးပွားလိမ့်မည် ဟူသော ဒံယေလ ၁၂း၄ ကိုအသုံးပြုလျက်တရားဟောပြောခြင်းသည်အဆန်းမဟုတ်သော ဟောပြောခြင်းဖြစ်ပါသည်။ လွန်ခဲ့သောရာစုနှစ်မှစ၍လူတွေ ဟိုဟိုဒီဒီ ပြေးလွှားသွားလာမည်ဟူ၍လည်း ဟောပြော ကြသေးသည်။ စာအုပ်များစွာတို့မှလည်း ၎င်းကို ထောက်ခံကြသည်။ ဖြစ်နိုင်ခြေများစွာ ရှိသော်လည်း အဓိပ္ပါယ်တစ်မျိုးပင် ရှိနိုင်လိမ့်ဦးမည်။

ထိုစာပိုဒ်ကို ပြန်ဖတ်ကြည့်လိုက်ပါ။ ဒံယေလအား ကောင်းကင်တမန်၏ ညွှန်ကြားချက် "ဗျာဒိတ်စကားတော်ကို ပိတ်၍ တံဆိပ်ခတ်လော့" ဟူ၏။ ထိုအကြောင်းကို ဒံယေလ စာအုပ်ထဲမှာပင် ဆွေးနွေးတင်ပြ ထားသည်။ သို့ဖြစ်ရာ နောက်ဆုံးသော ကာလမှာ တိုးပွားလာမည့်ပညာသည်လည်း ဒံယေလ၏ စာအုပ်ပင် ဖြစ်မည်လား။ ဤသည်ကြောင့်ပင် ဒံယေလ၏စာအုပ်သည် ဗျာဒိတ်ကျမ်းနှင့် ကွာခြားချက်မှာ ယောဟန်သည် မိမိစာအုပ်အား တံဆိပ်မခတ်ရန် မှာကြားထားရသည် *(ဗျာ ၂၂း၁၀)*။ "အချိန်ရောက်လုနီးပြီ ဖြစ်သဖြင့်" ဗျာဒိတ်ကျမ်းအား အစတည်းကပင် နားလည်ထားရမည်ဖြစ်၏။ ဒံယေလသည်လည်း နောင်တစ်ချိန်တွင် ရှင်းလင်းပြတ်သားစွာ နားလည်ရမည် ဖြစ်၏။

ရာစုနှစ်ပေါင်း များစွာအတွင်း ခရစ်ယာန်များစွာတို့သည် ဒံယေလစာအုပ်ကို ပြန်ဆိုရန် ကြိုးစားကြရာ တစ်ချို့တို့သည် ခရီးတော်တော်ပေါက်ကြပါသည်။ ဒံယေလအား နား လည်ခြင်းသည် မြန်ဆန်လှသော်လည်း၊ ၁၇၉၈ ခုနှစ်တွင်အဆုံးသတ်သော နှစ်ပေါင်း ၁၂၆၀ အနာဂတ္တိစကား၏အဆုံး ၁၈၄၃ ခုနှစ် ဝန်းကျင်တွင် အံ့မခန်းဘွယ် တစ်ခုခု ဖြစ်ပွားလိမ့်မည် ဟုဆိုကြသည်။ ၎င်းတို့အထဲမှ အထင်ရှားဆုံးသောပုဂ္ဂိုလ်သည် ဝီလျံမီးလ်လာ ဖြစ်သည်။ သူ၏ဟောပြောချက်တို့သည် ၁၉ ရာစုအတွင်း မြော်လင့်ခြင်း၏ လှုပ်ရှားမှုကြီးပင် ဖြစ်စေကာ၊ ကောင်းကင်တမန် သုံးပါးတို့၏ သတင်းစကားကိုလည်း နားလည်လာသောအခါကျန်ကြွင်းသောအသင်းတော်ကြီးပင် မွေးဖွားလာရပါသည်။

ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးသည် ဒံယေလ၏ နောက်ဆုံးအချိန်တွင် ပညာတိုးပွား မည် ဟူသောအနာဂတ္တိစကား၏ ပြည့်စုံခြင်းပင် ဖြစ်လေသည်။

လူသားတို့၏ ကယ်တင်ခြင်းကို အလေးမထားဘဲ ခရစ်ယာန်အသင်းတော်အတွင်း အမှောင်ထုကြီးအား တွေးတောကြည့်ပါ။ သတ္တမနေ့ ဥပုသ်တော်သည် ဖခင် ဥယာဉ်မှာပင် ရှိနှင့်သည်ဖြစ်သော်လည်း ၎င်းကို မေ့ပျောက်ကာရောမတို့၏ နတ် ကိုးကွယ်ခြင်းတွင် အမြစ်တည်သော တနင်္ဂနွေနေ့ကြီးဖြင့် အစားထိုးထား၏။ ခရစ်ယာန်တို့သည် လူသေ သောအခါ ချက်ခြင်းပင် ကောင်းကင်သို့တက်သွားကာ ဘဝတစ်ပါး ပြောင်းသွား၍ အချို့တို့သည် ထာဝရငရဲမီးခံစားရသည်ဆိုသည့် နတ်စားတို့၏ အယူဝါဒ ကိုလည်း တွေးတော ကြည့်ပါ။

ကျွန်ုပ်တို့သည် ၎င်းနှင့်ဆန့်ကျင်သော အမှန်တရားကို သိရှိရသဖြင့် နှိမ့်ချစွာ ကျေးဇူး တင် ရမည်ပင် ဖြစ်သည်။

**ဗုဒ္ဓဟူးနေ့** ဧပြီလ ၂ရက်

## နှုတ်ကပတ်တော်အား လေ့လာခြင်း

သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်သည် သမ္မာကျမ်းစာ အနာဂတ္တိစကားများ အား နားလည်စေ သော ဝီလျံမီးလ်လာ ပေါ်တွင် အကြွေးတင်နေကြပါသည်။ ဒံယေလ ၈း၁၄ တို့ကဲ့သို့ တစ်ချို့များအား စုံလင်စွာ နားမလည်ခဲ့သော်လည်း ဝီလျံမီးလ်လာသည် ကျန်ကြွင်း သော အသင်းတော် မွေးဖွားခြင်းအတွက် လမ်းခင်း ပေးထားပါသည်။

**ဖတ်ရှုပါ – မဿဲ၊ ၅း၁၈။ ၂ တိ၊ ၃း ၁၅ –၁၇ နှင့် လုကာ ၂၄း ၂၇။ သမ္မာကျမ်းစာ အနာဂတ္တိစကားများအား မည်သို့ချဉ်းကပ်ရမည်ဟု သွန်သင်သနည်း။**

---

သမ္မာကျမ်းစာ လေ့လာခြင်းသည် ရုံဖန်ရုံခါ ရုပ်ပုံပဟေဠိဆော့ခြင်းနှင့်ပင် တူနေ တော့သည်။ နှစ်ခု သုံးခု မျှပင် ကောက်ယူလိုက်ရုံဖြင့် အကုန်လုံးကို ဝေခွဲမရလောက် အောင် ရှုပ်ထွေးစေပါတော့သည်။ ထို နှစ်ခု သုံးခု နှင့်ပင် မြင်းရုပ်ပုံ ဖြစ်ကြောင်း တွေ့မြင် ရသဖြင့် သင်သည် မြင်းရုပ်ပုံအား တတ်ဆင်နေသည်ကို သိရှိရပေသည်။ အခြားသော အပိုင်း စ တို့သည် ကြက်၊ နွားများလည်း ဖြစ်နိုင်၍ အားလုံး ရာချီ စီလိုက်ပြီးသောအခါ မြို့ရွာများနှင့် သဘာဝတောတောင်များပင် ပါဝင်သော ရှုခင်းကြီးပင် ဖြစ်နေတတ်၏။

ခရစ်ယာန် အများ၏ မှားလေ့ရှိသောအရာမှာ သမ္မာကျမ်းစာလေ့လာသောအခါ မိမိတို့ အလိုရှိသော အခြေအနေ တစ်ခုနှင့် ကိုက်ညီသော အဖြစ်အပျက်နှင့် သုတ္တံစကားတစ်ခုကို ကောက်နုတ်လိုက် တတ်ကြပါသည်။ တစ်ချို့သောသူတို့သည် ဂီဒေါင်၏ကျမ်းစာ (အခမဲ့ဝေငှသော အင်္ဂလိပ်ကျမ်းစာတစ်မျိုး) အစပိုင်း တွင်ပါသော ကျမ်းညွှန်းလေးများအား ကောက်ယူကာ ၄င်းသည် ကျမ်းစာ၏ သွန်သင်မှုဖြစ်သည် ဟု ယူဆတတ်ကြသည်။

ထိုနည်းတူ အနာဂတ္တိစကားကိုလည်း ကျမ်းချက်တစ်ခု ကောက်ယူကာ ခေတ်ပေါ် အဖြစ်အပျက် တစ်ခုဖြင့် နှိုင်းလေတော့၏။ ဤသည်ပင်လျှင် အနာဂတ္တိကျမ်း အပေါ် ခေတ်ပေါ် စာအုပ်များ၏ အမြင်ဖြစ်၍ မိမိတို့ပြောခဲ့သော အချက်များ မှားယွင်းသော အခါ အချိန် နှင့် တပြေးညီ ပြုပြင် မွမ်းမံရပေသည်။

သို့ဖြစ်၍ ကျမ်းစာဆိုလိုသော အရာကို သေချာတွေးတောကာ ရှာဖွေခြင်းမပြုဘဲ၊ တစ်အုပ်လုံးအစား ကျမ်းချက်တစ်ခုကို ခေါင်းစဉ်တပ်လိုက်ရုံလေးမဖြစ်ရန် အရေးကြီး သည်။ အချက်တစ်ချက်ကို ကောက်နုတ်၍ မိမိပြောလိုရာ ဆွဲပြောခြင်းသည် အလွန် လွယ်ကူလှ၏။

**ကျမ်းချက်တစ်ခုကို ဥပမာ လူသေများအကြောင်း၊ ဥပုသ်နေ့နှင့် ပတ်သက်၍ပဲဖြစ်ဖြစ် အကြောင်း တစ်ခုခု ကို မိမိလိုရာဆွဲသူတို့နှင့် ရင်ဆိုင်ရဘူးပါသလား။ ၄င်းတို့အားချဉ်းကပ်ရန် အဘယ်နည်းလမ်း သည်အကောင်းဆုံးဖြစ်မည်နည်း။**

ကြာသပတေးနေ့ ဧပြီလ ၃ ရက်

## ပုံဆောင်ချက်လော မှုရင်းစာလော

အနာဂတ္တိကျမ်းစကားများအား သင်ယူနေသူတို့အတွက် စိန်ခေါ်မှုတစ်ခုသည် စကား တစ်ခွန်း၏ အဓိပ္ပါယ်ကို မူရင်းစာအတိုင်းလား၊ အသွင်ယူကောက်ရမည်လား ဆိုသည့် အချက်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ပုံဆောင်ချက် စကားလုံး အသုံးပြုပါက ထို ပုံဆောင်ချက်သည် မည်သည်ကို ပုံဆောင်သနည်း။ အဓိက အချက်သည်၊ ထို ပုံဆောင်ချက် ပုံရိပ်သည် ယခုခေတ်မျှသာအသုံးပြုသကဲ့သို့ မဟုတ်ဘဲ သမ္မာကျမ်းစာ တွင် တောက်လျှောက် မည်ကဲ့သို့ အသုံးပြုသနည်း။ ဥပမာ၊ ဒံယေလ ၇ တွင် ဝက်ဝံပုံရိပ် အား ရုရှားနိုင်ငံ ပုံဆောင်ချက အဖြစ် အသုံးပြုလေ့ ရှိကြပါသည်။ သေချာခိုင်လုံသော အနက်ပြန်ခြင်း မဖြစ်နိုင်ပါ။

**အောက်ပါ ကျမ်းချက်တို့ကို ဖတ်၍ သမ္မာကျမ်းစာသည် မိမိကိုယ်ကို မည်သို့ အနက်ပြန်သည်ကို ကြည့်ပါ။ မည်သည့်ပုံရိပ်များပါ၍ သမ္မာကျမ်းစာသည် မည်သည်အား ပုံဆောင်သည်ဟု ဆိုသနည်း။**

ဒံယေလ ၇း၇။ ၈း၃။ ၇း၂၄။ ____________________

ဗျာ၊ ၁း၁၆။ ဇေက် ၆း၁၇။ ဟေဗြဲ ၄း၁၂။ ____________________

____________________

ဗျာ၊ ၁၂း၁။ ၂၁း၂။ ဇေက် ၅း၃၁၊ ၃၂။ ယေရမိ ၆း၂။ ____________________

____________________

သမ္မာကျမ်းစာ၏ မိမိကိုယ်ကို အနက်ပြန် စည်းမျဉ်းလေးကိုသာ လိုက်လျှောက် သော်အနာဂတ္တိ စကားများ၏ နောက်ကွယ်မှ လျှို့ဝှက်သော အရာများဖူးပေါ် ပေါ်ကုန် လေ၏။ ဥပမာအားဖြင့် ချိုသည် လူမျိုးနှင့် နိုင်ငံ၏အင်အားကို အသွင်ယူလေ့ရှိ၏။ ဓါးသည် သမ္မာကျမ်းစာကိုပုံဆောင်၏။ မိန်းမသည် အသင်းတော်ကို ပုံဆောင်သည်။ သမ္မာကျမ်းစာ သည် မိမိကိုယ်ကို ဤသို့ ရှင်းလင်းစွာအနက်ပြန်၏။

ဖြေဆိုရန် ကျန်နေသည်မှာ ထာဝရဘုရားသည် ပုံရိပ်နှင့် ပုံဆောင်ချက်တို့ဖြင့် အဘယ်ကြောင့် စကားပြောဆိုရသနည်း။ အဘယ့်ကြောင့် ပေတရုသည် *ရောမမြို့*ကို *ဗာဗီလုံ* ဟု ခေါ်ဆိုရသနည်း။ *(၁ ပေ ၅း၁၃)*။ ထာဝရဘုရားသည် ပုံရိပ်နှင့် ပုံဆောင်ချက်တို့ဖြင့် စကားပြောဆိုရသည့် အကြောင်းရင်းတွေ ရှိပေလိမ့်မည်။ ဓမ္မသစ် ကျမ်း၏ အသင်းတော်တွင် ဗျာဒိတ်ကျမ်းသည် အသင်းတော်အား နှိပ်စက်ညှင်းဆဲ ခဲ့သော အလွန်ဆိုးရွားသော ရောမမြို့အား ပြစ်မှုကျူးလွန်သူဟု သမုတ်ထားသည်။ မည်သို့ပင်ဖြစ်စေ ထိုပုံဆောင်ချက်ပုံရိပ်များကို နားလည်ရမည်အကြောင်း ထာဝရ ဘုရား အလိုတော်ရှိ၏။

**အချို့သော ပုံဆောင်ချက်ပုံရိပ်တို့သည် လျှို့ဝှက်မြဲ လျှို့ဝှက်နေသော်လည်း မိမိတို့နားလည်ထားသော အရာတို့သည် မိမိတို့အားမည်ကဲ့သို့ခွန်အားဖြစ်စေသနည်း။**

**သောကြာနေ့** ဧပြီလ ၅ ရက်

**ဆက်လက်လေ့လာရန်၊** အီးဂျီဝှိုက်။ မျက်မှောက်ကာလမှ ထာဝရကာလသို့။ စာ၊ ၃၁၉ – ၃၂၄။

"အမေရိကန်၏ ဘာသာရေး ပြုပြင်ပြောင်းလဲသူတစ်ဦး။"

"အမှုဆောင်များနှင့် အသင်းသားများကပင် ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့သည် နားမလည်နိုင်သော လျှို့ဝှက်အရာများဖြစ်သည်ဟု ဆိုကြသည်။ ခရစ်တော်သည် သူတို့ အချိန်တွင်ပင် ဖြစ်ပျက်မည့်အရာများကို ပုရောဖက် ဒံယေလ ၏ စကားလုံးများကို အသုံးပြုခဲ့ပါသည်။ "ကျမ်းစာဖတ်သောသူသည် နားလည်ပါစေ" (မဿဲ ၂၄း၁၅) ဟုမိန့်တော်မူ၏။ ဗျာဒိတ်ကျမ်းမှ အခိုင်အမာဆိုထားသောအချက်တို့သည် စာအုပ်၏ ခေါင်းစဉ်နှင့် တစ်လွဲ နက်နဲလွန်းလှ၏။ "မကြာမြင့်မီ ဖြစ်ရမည့် အမှုအရာများကို ယေရှုခရစ်သည် မိမိ အစေခံ ကျွန်တို့အားပြစေခြင်းငှါ ... အချိန် ရောက်လုနီးပြီဖြစ်၍ ဤအနာဂတ္တိကျမ်းစကားကို ကြည့်ရှု ဖတ်ရွတ် နားထောင်၍ ရေးသားသမျှတို့ကို စောင့်ရှောက်နားထောင်သော သူတို့သည် မင်္ဂလာရှိကြ၏" *(ဗျာ ၁း၁ – ၃)*။

"မှုတ်သွင်းသူ၏ သက်သေခံချက် ရှိလျက်ပင် လူတို့သည် ဗျာဒိတ်ကျမ်းအား နားမလည်နိုင်၊ လျှို့ဝှက်လွန်းသည်ဟု ပြောဆိုရဲကြပါတကား။ လျှို့ဝှက်သော စာအုပ်အား ဖွင့်ပြခြင်း မဟုတ်လော။ ဗျာဒိတ်ကျမ်းကို လေ့လာသူတို့သည် ၄င်းနှင့်ထပ်တူ ကမ္ဘာအဆုံးတွင် ဖြစ်ပျက်မည့်အရာများအား ထာဝရဘုရားမှ သွန်သင်ထားသော ဒံယေလကျမ်းအား ထပ် လေ့လာစေရန် စိတ်နှလုံးအား လမ်းညွှန်၏။"

"အသင်းတော်၏ ရင်ဖိုစရာအတွေ့အကြုံများကို ရှင်ယောဟန်ထံသို့ပြသ၏။ အသင်းတော်၏ အနေအထား၊ ပဋိပက္ခနှင့်ထာဝရဘုရားသည် သူ၏လူတို့အား နောက်ဆုံး ကယ်တင်ခြင်းကို တွေ့မြင်ရသည်။ ကမ္ဘာ၏ ရိတ်သိမ်းချိန်အတွက် သတင်းစကားများကို မှတ်တမ်းတင်ထားရာ ကောင်းကင်စပါးကျီအတွက် ကောက်လှိုင်းများနှင့် ဖျက်ဆီးသော မီးအတွက် ဖျင်းဖုံများကိုပင် ဖော်ပြပေးသည်။ အထူးသဖြင့် နောက်ဆုံး အသင်းတော်အတွက် ကျယ်ပြန့်၍ အရေးကြီးသောအချက်များနှင့် အမှားဘက်မှ အမှန်ဘက်သို့ အလင်းဝင်မည့်သူ များရှေ့တွင် ဘေးဒုက္ခနှင့်ပဋိပက္ခများ ရှိနေသည်ကို ဖွင့်ပြထားပါသည်။ ကမ္ဘာပေါ်တွင် ဖြစ်လာမည့် အရာများကို မသိရဘဲမည်သူမျှ အမှောင်ထဲတွင်နေရန် မလို အပ်ပါ။" အီးဂျီဝှိုက်။ မျက်မှောက်ကာလမှ ထာဝရသို့။ စာ၊ ၃၄၁၊ ၃၄၂။

**ဆွေးနွေးရမည့်မေးခွန်းများ –**

**၁** **အနာဂတ္တိစကားများအား လေ့လာခြင်းသည် သင့်ယုံကြည်ခြင်းကို မည်ကဲ့သို့တိုးပွားစေနိုင်သနည်း။ နှစ်ထောင်ပေါင်းများစွာက ရေးသားထားသော အရာတို့သည် နှစ်ထောင်မရောက်သည့်တိုင် နှစ်ရာချီတွင် ပြည့်စုံသည်ကို ကြည့်ခြင်းဖြင့် မှုတ်သွင်းသူထာဝရဘုရားနှင့် သူ၏ သမ္မာကျမ်းစာအား သင်၏ ယုံကြည်မှုမည်ကဲ့သို့တိုးပွားစေသနည်း။**

**၂** **အသင်းတော်၏ သွန်သင်ခြင်းတို့မှ ပင်လျှင် မိမိကိုယ်ကို ကာကွယ်ရမည့် အကောင်းဆုံး နည်းလမ်းသည် အဘယ်သို့နည်း။ 'ခပ်သိမ်းသောအရာတို့ကို စုံစမ်း၍ ကောင်းသောအရာ တို့ကို အမြဲကိုင်စွဲလော့' (၁ သက် ၅း ၂၈) ကိုမည်သို့ဂရုပြုနိုင်မည်နည်း။**

# 'ထိုစာအုပ်ကို ကျွန်မအလိုရှိသည်'

Laurie Denski-Snyman မှရေးသားသည်

Tim သည် သာသနာ့ဝန်ထမ်းအသစ်ဖြစ်ပြီး မဝံ့မရဲဖြစ်နေ၏။ Tim သည် အရှေ့တောင်အာရှရှိ ခရစ်ယာန်မဟုတ်ကြသည့် ကျွန်းများတွင် ခရစ်ယာန်စာပေများကို ရောင်းနေပြီး ဒုက္ခမတွေ့ လိုပါ။

၎င်းသည် မြို့ထဲသို့သွားကာ ဆုတောင်းရင်းဖြင့် အပ်ချုပ်ဆိုင်သို့ဝင်၏။ ၎င်း၏ ရှေ့တွင် လူလေးဦးရှိနေသည်ကို တွေ့ရ၏။ အချိန်သည်ကြာမည့် ရုပ်ပေါက်၏။

Tim သည် ထင်ထားသည်ထက် စောင့်ခဲ့ရ၏။ ၎င်းသည် ပြန်ထွက်လိုစိတ် ရှိခဲ့ပါသည်။ သို့သော် တစ်ခုခုက ၎င်းကို တားသကဲ့သို့ရှိ၏။ အပ်ချုပ်သမသည် လူတစ်ဦးကို မနှစ်မြို့ဟန်ဖြင့် ကြည့်နေသည်ကို Tim သတိပြုမိ၏။ သူမသည် ထိုလူကို ကောင်းကောင်းကြည့်နိုင်ရန် နေရာပြောင်းပြောင်းပြီး ကြည့်နေ၏။

နောက်ဆုံးတွင် Tim သာ ကျန်တော့၏။ Tim က ဘာမှမပြောမီ သူမက Tim ၏ လွယ်အိတ်မှ ထွက်ပြူနေသည့်စာအုပ်ကို လက်ညိုးထိုးပြပြီး "ကျွန်မ အဲဒီစာအုပ်ကို လိုချင်တယ်၊ လိုချင်တယ်၊ လိုချင်တယ်" ဟုပြော၏။

Tim လည်း "ဘာ" "ကျွန်တော်မှာ ရောင်းဖို့စာအုပ်ပါလာတာကို ဘယ်လိုသိလဲ" ဟု မေး၏။ သူမက "ကျွန်မ အိပ်မက်ရထားတယ်။ အိပ်မက်ထဲမှာ ရှင်နဲ့ရုပ်ချင်းတူတဲ့ သူကိုမက်ခဲ့တယ်။ သူ့မှာ ကျွန်မဖတ်ဖို့လိုတဲ့ စာအုပ်ရှိတယ်။ စာအုပ်ကတော့ The Great Controversy ပဲ။ အဲဒါကြောင့်၊ ရှင် ကျွန်မဆီလာမှာကို ကြိုသိထားတယ်။ The Great Controversy စာအုပ် ကျွန်မဝယ်ရမယ်မှန်း ကျွန်မသိတယ်။"

Tim ၏ စိုးရိမ်စိတ်လည်း တစ်မုဟုတ်ချင်း ပျောက်သွားပါသည်။ Tim လည်း တရား ၃၂:၈ လာ တရားကို ပေါက်သွားပါသည် — "သင့်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍ သင်နှင့်ရှိတော်မူလိမ့်မည်။ သင့်ကို စွန့်တော်မမူ၊ ပစ်ထားတော်မမူ။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်ဟု ဣသရေလ အမျိုးသားအပေါင်းတို့ရှေ့မှာ ပြောဆို၏။" Tim လည်း ယေရှုနှင့် ၎င်း၏နောက်တစ်ဖန်ကြွလာမည့်တရားကို ဝေငှရာတွင် ဘုရားသည် ၎င်း၏ရှေ့တွင် ကြို၍ကြွသည်ကို သိရ၏။

တောင်အာရှ ပစ္စိဖိတ် ဒေဝီယံတွင် သာသနာမရောက်သေးသူများထံ ဝန်ဆောင်ကြသည့် Tim နှင့်ဘဝတူများအတွက် ဆုတောင်းပေးကြပါ။ တောင်အာရှ ပစ္စိဖိတ် ဒေဝီ ယံတွင် ဧဝံဂေလိတရားကျယ်ပြန့်ရန်ယခုကွာတာ၏ ၁၃ ပတ်မြောက်အလှူငွေကို ထည့်ဝင်ကြမည်ဖြစ်သောကြောင့် ဓမ္မမိတ်ဆွေများအပေါ် ကျေးဇူးတင်ပါသည်။

ဘဝတစ်ကွေ့ပုံပြင်သည် SDA အသင်းတော်၏ I will go ဗျူဟာ၏ အောက်ပါ ဆောင်ပုဒ်များကိုချပြပါသည် — ၁။ ကမ္ဘာအနှံ့ သာသနာပြုရေးသည် Pastor များ၏ တာဝန်သာ မဟုတ်ဘဲ ပျိုပျိုအိုအို အသင်းသားတိုင်း၏ အရေးဖြစ်ကြောင်း ပြန် လည် အသိရကြရန်၊ ၂။ ၁၀/၄၀ လတ္တီတွဒ်ကြား ခရစ်ယာန်မဟုတ်သူများထံ မြို့ရွာ မကျန် သာသနာတော်ရောက်ရှိရန်။ အကျယ်သိလိုလျှင် IwillGo.org ကိုရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ယေ ၉:၂၄

**လေ့လာမှုဦးတည်ချက်။** ၂ တိ ၃:၁၅-၁၇

ကျမ်းစာပြဆရာတစ်ဦးသည် အတန်းအစတွင် "သမ္မာကျမ်းစာကို နားလည်နိုင်ရန် မည်သည့်အရာသည် အရေးပါဆုံးနည်း" ဟူသည့် ရိုးသားသည့်မေးခွန်းကို မေး၏။ ကျောင်းသားများကလည်း "ကျမ်းစာအဘိဓာန်၊" "ဆုတောင်းခြင်း၊" "သန့်ရှင်းသောဝိညာဉ်တော်၊" "ကျမ်းစာသုံးစကား (Greek, Hebrew)၊" "ကျမ်းစာဆိုင်ရာဆော့ဝဲ၊" စသည်စသည်ဖြင့် ကောင်းသည်ဟုမှတ်ကြသည့် အရာများကို ဖြေကြ၏။ ကျောင်းသားများ၏ ဖြေကြားမှုများ နားထောင်ပြီးချိန်တွင် ဆရာက ၎င်းတို့ ဖြေခဲ့သည်များသည် ကောင်းပါသည်ဟုဆိုပြီး ဆုတောင်းခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော် စသည်တို့အပြင် ၎င်းတို့မဖြေခဲ့သည့် တစ်ချက်ရှိကြောင်း ထောက်ပြပြီး ယင်းသည် အချိန်ဖြစ်သည် ဟုဆို၏။

သမ္မာကျမ်းစာလေ့လာရာတွင် သတိမထားဖြစ်သည့် အရာတစ်ခုသည် အချိန်ဖြစ်ကြောင်း ငြင်း၍မရပါ။ သမ္မာကျမ်းစာလေ့လာရန်အတွင်း အချိန်ကိုရင်းနှီးမြှုပ်နှံအပြီးတွင် ကျွန်ုပ်တို့သည် "မည်သို့လေ့လာသနည်း" သို့ ဦးတည်ကြ၏။ ဆိုလိုသည်မှာ သမ္မာကျမ်းစာကို လေ့လာရာတွင် မည်သည့်စည်းများက ကျွန်ုပ်တို့ကို ထိန်းပေးသင့်သနည်းဖြစ်၏။

**သင်ခန်းစာ၏ ဆိုလိုရင်း။ ။** ယခုတစ်ပတ်တွင် ကျမ်းစာဗျာဒိတ်အဟောများကို လေ့လာရာတွင် သုံးရမည့် နည်း (၁၀) နည်းကို လေ့လာကြပါမည်။ ပထမ ငါးချက်အစုသည် ကျမ်းချက်ကို အာရုံစိုက်၏ — ကျမ်းချက်ကို ပွင့်ပွင့်လင်းလင်းဖတ်ခြင်း (ကျမ်းချက်အသစ် သဘောမျိုးဖြင့်)၊ အာရုံနှစ်ကာဖတ်ခြင်း (အရေးပါသည့် သဘောမျိုးဖြင့်)၊ ရှုမောဖွယ်အဖြစ် ဖတ်ရှုခြင်း (လှပသည့်သဘော)၊ အကြောင်းအကျိုးငဲ့ကာ ဖတ်ရှုခြင်း (ကျမ်းစာခေတ်ကို နားလည်ပေးခြင်း)၊ ခရေစေ့တွင်းကျကျ ဖတ်ခြင်း (အခြားတစ်ကျမ်းက မည်သို့ပြသနည်း)။

နောက်ငါးချက်အစုသည် နှုတ်ကပတ်တော်ကို လေ့လာမှုအပေါ် ကျွန်ုပ်တို့၏ တုံ့ပြန် သုံးသပ်ပုံကို အာရုံထားပါသည် — ဝိညာဉ်ကိန်းသည်ဟု ဖတ်ခြင်း (ဝိညာဉ်တော်ပါရှိသည့်ကျမ်း)၊ ဉာဏ်ကိုလွှာသုံးကာ ဖတ်ခြင်း (ခဲယဉ်းသည့်ကျမ်းကို ဖတ်ခြင်း)၊ အစုအဖွဲ့သဘောဖြင့် ဖတ်ခြင်း (လူသားအတွက် ရေးထားသည့်စာ)၊ အသက်ပါစွာဖတ်ခြင်း (ကျွန်ုပ်တို့၏ဘဝနှင့် သက်ဆိုင်သည်ဟု ယူခြင်း)၊ ကျင့်ဝတ်ဖြင့်ဖတ်ခြင်း (နမူနာနေပြရမည်)။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ကျမ်းချက်ကို အာရုံပေးခြင်း

ကျမ်းချက်သည် ကျမ်းစာအဟောများကို ဆွေးနွေးရန် အခြေခံဖြစ်၏။ စာဖတ်ရှု သူ၏ ကနဦးထားသင့်သည့် အာရုံသည် ဗျာဒိတ်အဟောကျမ်းချက်ကို လေ့လာလိုစိတ်နှင့် ဖတ်ရပါမည်။

၁။ *ကျမ်းချက်ကို ပွင့်ပွင့်လင်းလင်းဖတ်ခြင်း* — ကျမ်းချက်ကို သင်နားမလည်သည့် ကျမ်းချက်အသစ် သဘောဖြင့် ဖတ်ရှုပါ။ ဒံယေလလည်း ဒံ ၉:၂ တွင် ၎င်းကိုယ်တိုင်က နားမလည်ကြောင်းသိမှသာ ၎င်းဟောခဲ့သည့်အကြောင်းကို နားလည်သွားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဗျာဒိတ်ကို "အဘယ်သူမျှ မရိမိကြ" (ဒံ ၈:၂၇)။ သမ္မာကျမ်းစာက လူသားသည် ဗီဇအရ "အမှောင်" (ယော ၁:၅) သားများ ဖြစ်ကြ၏။ ဟုတ်လည်း ဟုတ်ပါသည်။ ကျမ်းစာလာဗျာဒိတ်များကို လေ့လာရာတွင် စုံစမ်းခံရလေ့ရှိသည့် အချက်မှာ ထိုကျမ်းချက်ကိုနားလည်ပြီဟု သင်ယုံသလောဟူသည့် အချက်ဖြစ်၏။ သို့နှင့် ကျွန်ုပ်တို့သည် ကျမ်းချက်ကို တရားပြခွင့်(exegesis)မပေးပဲ ပုဂ္ဂိုလ်ရေးဖြင့် ကျမ်းချက်ကို အနက်ဖွင့်ကြ၏ (eisegesis)။ ကျွန်ုပ်တို့သည် ကျမ်းစာလာ ဗျာဒိတ်အဟောများကို လေ့လာရာတွင် ပစ္စုပ္ပန်တွင် ဖြစ်ပျက်သည့် အကြောင်းများဖြင့် (သို့) ကျွန်ုပ်တို့၏ဉာဏ်စွမ်းကို သုံးကြခြင်းကြောင့် ဤသို့ ပြဿနာတက်ရ၏။

၂။ *အာရုံ နှစ်ကာဖတ်ခြင်း* — ကျမ်းစာလာဗျာဒိတ်တော်တွင် အရေးပါသည့် ကမ္ဘာ့ ကံကြမ္မာနှင့် ကယ်တင်ခြင်း သစ္စာတရားအကြောင်းပါ၏ (၂ တိ ၃:၁၅-၁၇)။ ပရောဖက်များက ၎င်းတို့ဗျာဒိတ်ခံထားသည့် အကြောင်းများကို ချပြရန် စကားလုံးကို စိစစ်ခဲ့ကြ၏။ ထို့ကြောင့် ဖြည်းဖြည်းဖတ်ကာ ခက်ဆစ်များကို ဝေဖန်စိစစ်ပါ။ အခေါက်ခေါက်အခါခါ ဖတ်ပါ။ ဤသို့ဖြင့် "အကြောင်းတစ်ခုခုကို အလေးမထားဘဲ လျှပ်ပြေးဖတ်သူများက ခြောက်သွေ့သည့်ကန္တာရဟု မှတ်ကြသည့်အချက်တွင် ကျွန်ုပ်တို့သည် စမ်းရေစိမ့်ထွက်နေသည်ကို ရှာတွေ့ဖြစ်ကြပါမည်။" — Ellen G. White, *Education*, p. 191. ကျမ်းတစ်ချက်ကို တိမ်တိမ် (သို့) မှားယွင်းစွာ နားလည်ဖြစ်မိသည်ထက် နားမလည်ကြောင်း ဝန်ခံတတ်ခြင်းသည် သာ၍နှစ်လိုဖွယ်ကောင်းပါသေး၏။

၃။ *ရှုမော်ဖွယ်အဖြစ် ဖတ်ရှုခြင်း* — စာရေးဟန်ရေးနည်းသည် ဗျာဒိတ်အဟောကို စိတ်ဖြာရာတွင် အထောက်အကူဖြစ်စေပါမည်။ ဒံယေလအခန်းဝင် (၂) လာ ဗျာဒိတ်သည် အခန်းဝင် (၇) တွင်လာသည့် သားရဲလေးကောင်တို့နှင့် အတူတူဖြစ်ကြောင်း ပြထားပါသည်။ ဒံယေလကျမ်းနှင့် ဗျာဒိတ်ကျမ်းတွင် ဆင်တူသည့်အရာများ ရှိပါသည်။ အောက်တွင်ဖော်ပြထားသည့် ဇယားသည် ဗျာဒိတ်ကျမ်း အခန်းဝင် ၁၃၊ ၁၄

နှင့် ဒံယေလ အခန်းဝင် ၇၊ ၈ တို့နှင့် ဆင်တူသည့်အချက်များကို ယှဉ်တွဲထားသည်။

| ဒံယေလ ၇ | ဗျာဒိတ် ၁၃၊ ၁၄ |
|---|---|
| ပင်လယ်ထဲမှထွက်လာသည့် သားရဲများ (ဒံ ၇:၁-၃) | ပင်လယ်ထဲမှထွက်လာသည့် သားရဲ (ဗျာ ၁၃:၁a) |
| ခြင်္သေ့ (ဒံ ၇:၄) | ချို (၁၀) ချောင်း သားရဲ (ဗျာ ၁၃:၁b) |
| ဝံ (ဒံ ၇:၅) | ကျားသစ် (ဗျာ ၁၃:၂a) |
| ကျားသစ် (ဒံ ၇:၆) | ဝံ (ဗျာ ၁၃:၂b) |
| ချို (၁၀) ချောင်း သားရဲ (ဒံ ၇:၇) | ခြင်္သေ့ (ဗျာ ၁၃:၂c) |
| အာဏာအလွဲသုံး — ချိုငယ် (ဒံ ၇:၈) | အာဏာအလွဲသုံး — ပင်လယ်ထဲမှ ထွက်လာသည့်သားရဲ (ဗျာ ၁၃:၃-၁၈) |
| **အပြစ်ဖြေရာနေ့ (ဒံ ၇:၉-၁၂၊ ဒံ ၈:၁၄)** | **ကောင်းကင်တမန်သုံးပါး သတင်းစကား (ဗျာ ၁၄:၁-၁၃)** |
| လူသား (ဒံ ၇:၁၃၊ ၁၄) | လူသားတော် (ဗျာ ၁၄:၁၄-၁၆) |

အထက်ပါဇယားတွင် ဒံယေလ ၇ နှင့် ၈ တွင်လာသည့် အပြစ်ဖြေရာနေ့/ တရားစီရင်ရာနေ့သည် ဗျာဒိတ် ၁၄ တွင် ကောင်းကင်တမန်သုံးပါး သတင်းစကား ကမ္ဘာပေါ်တွင် ကြေငြာခြင်းတို့သည် တစ်ချိန်တည်းတွင်ဖြစ်ပျက်ကြောင်း ပြထားပါသည်။

၄။ *အကြောင်းအကျိုးဆွဲ၍ကာဖတ်ရှုခြင်း* — မြောက်ပိုင်းဗာဗုလုန်တပ်နှင့် တောင်ပိုင်းအီဂျစ် တပ်များ Carchemish တွင် စစ်ခင်းခဲ့သည့်သမိုင်းကို နောက်ခံပြုကာ (ဒံ ၁:၁ ကို ယေ ၄၆:၂ နှင့်ယှဉ်ပါ)။ ဒံယေလသည် အခန်းဝင် (၁၁) ကို ရှေ့တွင်ဖြစ်ပျက်မည့် မြောက်မင်း၊ တောင်မင်းတိုက်ပွဲဖြင့် သရုပ်ဖော်ထားပါသည်။ မူရင်းတွင် ဒံယေလ (၇) ကို အများသုံး Aramaic ဘာသာဖြင့် ရေးထားပြီး ဒံယေလ (၈) ကို ဟေဗြဲ ဘာသာနှင့် ရေးထားပါသည်။ ဆိုလိုသည်မှာ ဒံယေလ (၇) သည် ကမ္ဘာနှင့်သက်ဆိုင်ပြီး၊ ဒံယေလ (၈) သည် ဘုရားသားသမီးများနှင့် သက်ဆိုင်ပြီး ဝိညာဉ်ရေးကိန်းသည်ဟု ဆိုလို၏။

၅။ *ခရေစေ့တွင်းကျကျဖတ်ခြင်း* — ဗျာဒိတ်အဟောပါသည့် ကျမ်းချက်များသည် အချင်းချင်း အနက်ပြန်လေ့ရှိသောကြောင့် ကျမ်းချက်အတွင်းတွင်ပင် အနှစ်ရှာရ

မည်ဖြစ်၏။ ဤနည်းနိသရည်းကို Ellen G. White က Martin Luther အကြောင်း ပြောရာတွင် ထည့်သွင်းထား၏ — "ကျမ်းကျမ်းချင်း အနက်ပြန်ကြသည်။ ကျမ်းတစ်ချက်သည် အခြားကျမ်းတစ်ချက်ကို နားလည်စေသည့် သော့ဖြစ်သည်" — *Evangelism*, p. 581. သာဓကကား ဒံယေလ (၈) တွင် ဆိတ်ကိုသုံးထားခြင်းသည် ဝတ်ပြုရာကျမ်း (၁၆) ဆက်စပ်မှုရှိပြီး အပြစ်ဖြေရာနေ့ကို ကြိုဟောခြင်းဖြစ်၏။

**ပုဂ္ဂလ(Personal) တုံ့ပြန်မှုကို အာရုံပြုခြင်း**

ပုဂ္ဂိုလ်တစ်ဦး၏ ဗျာဒိတ်ဆိုင်လေ့လာမှု စွမ်းပကားသည် ထိုပုဂ္ဂိုလ်၏စိတ်၍နှင့်ဆိုင်၏။

၁။ *ဝိညာဉ်ကိန်းသည် ဟုဖတ်ခြင်း* — နှုတ်ကပတ်တော်ကို ဘုရားသခင်က မှုတ်သွင်းထားပါသည်။ ထို့ကြောင့် ကျမ်းတစ်ချက်ကို ခရေစေ့တွင်းကျ နားလည်လိုလျှင် ဝိညာဉ်တော်ပါရှိရမည်မှာ ဓမ္မတာဖြစ်ပါသည်။ အကြောင်းမှာ "ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ နားလည်နိုင်သောကြောင့်" ဖြစ်၏ (၁ ကော ၂:၁၄)။ လက်တွေ့တွင် ဤအချက်သည် ကျမ်းစာကိုအနက်ဖော်ရာတွင် ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းတို့သည် အရေးပါကြောင်းကို ဆိုလို၏။ ဆုတောင်းခြင်းက လေ့လာမှုပြုချိန်တွင် ဘုရား၏ အကူအညီကို ရစေ၏။ ယုံကြည်ခြင်းက ဘုရားဟောထားချက်များ ပြည့်စုံမည်ကို မသိသူများ ကျော်သွားကြချိန် ဖော်စားစေနိုင်သည့် အကြောင်းရင်းဖြစ်ပါသည်။

၂။ *ဉာဏ်ကိုလျှာသုံးကာဖတ်ခြင်း* — နှုတ်ကပတ်တော်ကို နားလည်နိုင်ရေးတွင် ကျွန်ုပ်တို့ဘက်မှ အားစိုက်ရန်လည်းလိုပါသည်။ ဒေသနာကျမ်းက ဤအားစိုက်မှုကို "ထိုပင်ပန်းစေသော အမှုကို ဘုရားသခင် ပေးတော်မူပြီ" ဟု ပြထား၏ (ဒေ ၁:၁၃)။ "နားလည်" သည် ဒံယေလကျမ်းတွင် အဓိကဝေါဟာရဖြစ်၏ (၁၅ ကြိမ်လာ၏)။ "ထာဝရဘုရား ဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကို သိနားလည်ခြင်း၌သာ ဝါကြွားစေ" (ယေ ၉:၂၄)။ တစ်နည်းဆိုရလျှင် ဘုရားသခင်သည် ပညာ၏ နောက်ဆုံးပန်းတိုင်ဟု ဆိုခြင်းဖြစ်၏။

၃။ *အစုအဖွဲ့သဘောဖြင့်ဖတ်ခြင်း* — ကျမ်းစာလာ ဗျာဒိတ်အဟောများသည် ဘုရားသားသမီးများမှ လာသောကြောင့် ထိုအဟောများသည် ဘုရား သားသမီးများအတွက်ပင်ဖြစ်ပါသည်။ ဘုရား၏ နှုတ်ကပတ်တော်သည် မည်သူ့ကိုမှ ပထုတ်ခြင်းမရှိသော်လည်း ယုံကြည်သူများကို မိန့်ကြားခြင်းဖြစ်၏။ ဘုရားက မိန့်ကြား သည့်အခါ ဝတ်ပြုသည့်လူစုကို မိန့်ခြင်းဖြစ်၏။ "အိုဣသရေလအမျိုး" (တရား ၆:၄)။ ဒံယေလလည်း နောက်ဆုံးသောကာလတွင် "လူအများသည်" (ဘုရား၏ သားသမီးဖြစ်၏) "နားလည်ကြလိမ့်မည်" ဟု ကြိုဟောထား၏ (ဒံ ၁၂:၁၀)။

၄။ *အသက်ဝိဉာဖတ်ခြင်း* — နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို မထိန်းကျောင်း ပေး

လျှင် ကျွန်ုပ်တို့သည် နားလည်ကြမည်မဟုတ်။ ထိုအချက်ကို ရှင်းပြသည့်အနေဖြင့် ဥရောပကမ္ဘာလှည့်တစ်ဦးက ကျမ်းစာဖတ်နေသည့် ၎င်း၏ကျွန် အာဖရိက သားကို ပြောသည့် အဖြစ်အပျက်ကို သုံးသပ်ကြအံ့။ ဥရောပသား သာသနာပြုဆရာက “နင်ဘာလို့ ကျမ်းစာဖတ်နေတာလည်း။ ဒါတွေက ဒဏ္ဍာရီတွေပါ” ဟုဆို၏။ အာဖရိကသားလည်း “ကျွန်တော် ကျမ်းစာကိုမဖတ်ဖူးခဲ့ရင် ခင်ဗျားကြီးကို စားပြီး နေလောက်ပြီ” ဟု တုံ့ပြန်ခဲ့၏။ ဤဖြစ်စဉ်တွင် နှုတ်ကပတ်တော်၏ ဩဇာအစွမ်း အကြောင်း သံဝေဂယူဖွယ်ပါရှိ၏။ ကျမ်းစာကို “သန်လျက်တကာတို့ထက် ထက်သည်” ဟု ပြထား၏ (ဟေဗြဲ ၄:၁၂)။ ဘုရား၏ဗျာဒိတ်တော်သည် ရန်သူတော်များကို ထုတ်ချင်းခွင်းရုံမကဘဲ ကျွန်ုပ်တို့၏တစ်ဘက်တွင် သက်သေထူမည်ဖြစ်၏ (ယေ ၂၈:၈)။

၅။ *ကျင့်ဝတ်ဖြင့်ဖတ်ခြင်း* — ဝမ်းနည်းဖွယ်ကား ကျမ်းစာလာ ဗျာဒိတ်အဟောများသည် လူတို့၏မပြည့်စုံခြင်းကို ကာဖုံးရန် အသုံးခံရလေ့ရှိခြင်းဖြစ်၏။ လူမျိုးရေးသမားများက လူမျိုးခွဲခြားဆက်ဆံမှုကို ဖုံးရန် လူဖြူမျိုးသည် လူမည်းမျိုးထက် မြင့်မြတ်သည်ဟုဆိုပြီး က ၉:၂၅ ကို အကြိုက်ဆွဲကြ၏။ ကျမ်းစာလာ ဗျာဒိတ်အဟောကို မှားကောက်ခြင်းကြောင့် (ဒံ ၉:၂၄) ဂျူးမုန်းတီးရေးသည် လူမျိုးရေး၊ ဘာသာရေး စနစ်တကျ ဖိနှိပ်သတ်ဖြတ်မှု၊ ခရူးဆိတ်စစ်ပွဲများ ဖြစ်ပေါ်စေပြီး ဂျူး ၆ သန်းကို သေစေခဲ့သည်။ သမိုင်းတစ်လျှောက်တွင် အမျိုးသမီးများအား အိမ်တွင်း နှိပ်စက်ခြင်းကို က ၃:၁၆ ကိုသုံးကာ ဖြောင့်ချက်ပေးကြ၏။ ဤသုံးလပတ် သင်ခန်းစာ တွင် ဘုရား၏ဗျာဒိတ်တော်များကို ကျွန်ုပ်တို့လေ့လာကြသည့်အခါ ဝိညာဉ်တော်ဖြင့် ရေးသားထားသည့် နှုတ်ကပတ်တော်သည် “ဖြောင့်မတ်စွာပြုပြင်” ရန် (၂ တိ ၃:၁၆) ရေးထားသည့်အားလျော်စွာ ကျွန်ုပ်တို့၏စိတ်ကို အလုံးစုံချွန်းအုပ်ခွင့်ပေး ရ ပါမည်။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

၂ တိ ၃:၁၅-၁၇ ကို အခြေပြုသည့် အောက်ပါမေးခွန်းများကို လက်တွေ့ကျင့်သုံးပါ။

**ကျမ်းချက်ကို အာရုံပေးခြင်း –**

၁။ ၂ တိ ၃:၁၅-၁၇ အဓိကဝေါဟာရများသည် ဘာများနည်း။

၂။ အောက်ပါဝေါဟာရများကို သုံးသပ်ပါ - “ကျမ်းစာ၊” “အသိကြွယ်စေ၊” “ပေးသနား၊” “ပြည့်စုံ”

၃။ ကျမ်းစာကိုလေ့လာခြင်းသည် အဘယ်ကြောင့် ဉာဏ်ပွင့်စေသနည်း။

၄။ ဤကျမ်းချက်၏ ဆောက်တည်ပုံသည် ဘာနည်း။

၅။ ဤကျမ်းချက်၏ အကြောင်းနောက်ခံသည် ဘာနည်း။

၆။ ရည်ရွယ်ချက်တူ အခြားကျမ်းချက်များကို ရှာဖွေပါ (ဥပမာ - ဆာ ၁၁၉:၉၇-၁၀၄ နှင့် ယော ၅:၃၉)။ ထိုကျမ်းချက်အတွင်းရှိ တူခြင်း၊ ကွဲပြားခြင်းများကို ယှဉ်တွဲပါ။ ထိုကျမ်းချက်များသည် မည်သို့ဖြင့် တူကြ၊ ကွဲပြားကြသနည်း။

**သင်၏တစ်ကိုယ်ရည်တုံ့ပြန်မှုကိုအာရုံပြုခြင်း။**

၁။ ၁ တိ ၃:၁၅-၁၇ တွင် မည်သည့်ဝေါဟာရသည် ကျမ်းစာကိုလေ့လာရာတွင် ကြည်ညိုတတ်သည့်စိတ် ထားရာတွင် အရေးပါမှု၊ လိုအပ်မှုတို့ကို မီးမောင်းထိုးပြသနည်း။ ဥပမာ - "သန့်ရှင်းသောဝိညာဉ်တော်" (ဝိညာဉ်ရေးရာ ချဉ်းကပ်ရေးတွင် လိုအပ်သည်)၊ "ပေးသနား" (ဘုရားထံမှလာသည့် လက်ဆောင်)၊ "မှုတ်သွင်းခြင်း" (သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍ) စသည်တို့ကို သုံးသပ်ပါ။

၂။ ဤကျမ်းချက်တွင် မည်သည့်ဝေါဟာရက ဉာဏ်ကိုလွှာသုံးရန် ပြထားသနည်း။ ဥပမာ - "သိ" (သိလာခြင်း)၊ "အသိကြွယ်" (ဉာဏ်ကို အလုပ်ပေးခြင်း)၊ "တရားသွန်သင်ခြင်း" (သွန်သင်မှုကို လက်ခံနိုင်စွမ်းခြင်း၊ အသစ်ကိုလေ့လာခြင်း)။

၃။ မည်သည့်ဝေါဟာရက အစုအဖွဲ့ဖြင့်လေ့လာရန်လိုကြောင်း ပြသနည်း။ ဥပမာ - "ငယ်သောအရွယ်" (မိဘများပါဝင်သည်)၊ "ဩဝါဒပေးခြင်း" (မိဘနှင့် ဆရာသမားများပါဝင်)၊ "ဖြောင့်မတ်စွာပြုပြင်ခြင်း" (လိုအပ်သူများအပေါ် ကောင်းမှုပြုခြင်း)။

၄။ မည်သည့်ဝေါဟာရက ဘဝတွင်လက်တွေ့သုံးရန်လိုကြောင်း ပြထားသနည်း။ ဥပမာ - သင့်အား "စုံလင်စေ" (အလိုက်သိတတ်ခြင်း)။ မည်သည့်ဝေါဟာရက လူ့စည်းကိုသိစေသနည်း။ ဥပမာ - "ဖြောင့်မတ်စွာပြုခြင်း" (အမှန်ကို သိတတ်စွမ်းခြင်း)။

**မှတ်သားရန်** –

________________________________________

________________________________________

________________________________________

________________________________________

**သင်ခန်းစာ - ၂**

*ဧပြီလ ၅-၁၁

# ကမ္ဘာဦးကျမ်း၏ အခြေခံ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဟေရှာယ ၄၀း၇၊ ၈။ ကမ္ဘာ ၂၂း၁ - ၁၃။ ယောဟန် ၃း၁၆။ ဗျာ၊ ၅း၅ - ၁၀။ ၁ကော၊ ၁၅း၁၅ - ၁၉။ ဗျာ၊ ၁၂း၁ - ၉။

**အလွတ်ကျမ်းချက်။** **"နက်ဖြန်နေ့၌ ယေရှု ကြွလာတော်မူသည်ကို ယောဟန်သည် မြင်လျှင် ဤလောက၏ အပြစ် ကို ဆောင်ယူသွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့ ဟုဆိုလေ၏။"** (ယောဟန် ၁း၂၉)

ဗျာဒိတ်ကျမ်းကဲ့သို့ အနာဂတ္တိကျမ်းစကားများအား အနက်ပြန်ရာတွင် ဗျာဒိတ် ပေးစဉ်က ပေးရသည့်အကြောင်းရင်းကို မသိရခြင်းသည် ပြဿနာအဖြစ်ဆုံးဖြစ်သည်။ ဂလောင်ရှင်သည် ဓမ္မဟောင်းကျမ်းအား ကောင်းမွန်စွာ သိရှိသဖြင့် သူ့စာဖတ် ပရိသတ်တို့အတွက် လူသိများသောအရာများအား အသုံးပြုခြင်း ဖြစ်သည်။ ဗျာဒိတ် ကျမ်းမှ ပုံရိပ်ဖြင့် အသွင် ယူသောအရာအား သမ္မာကျမ်းစာထဲတွင် ရှာဖွေသောအခါ ထို ကျမ်းကိုပင် ပိုမိုနားလည် စေနိုင်သော အရူတိုင်များကိုပင် တွေ့ရှိနိုင်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကမ္ဘာဦးကျမ်းက သာလျှင် ကျွန်ုပ်တို့ကမ္ဘာသည် အပြစ်ထဲသို့ ကျရောက်ရ သည့် လမ်းကို ချပြသည်ဖြစ် သဖြင့် အလွန်မှန်ကန် လေ၏။ ဗျာဒိတ်ကျမ်းတွင်ပါရှိသော အမြင်များစွာတို့သည် ကျမ်းစာ ၏ အစဦးတွင်ပင် ရှိနှင့်နေပြီဖြစ်သည်။

ယခုအပတ်တွင် ဗျာဒိတ်ကျမ်း၏ အမြင်အရူတိုင်များစွာကို လေ့လာကြရပါမည်။ မြောက်များစွာသော ပုံရိပ်များထဲမှ အနည်းငယ်သာ ရွေးထုတ်ကာ ဗျာဒိတ်ကျမ်း၏ နောက်ကွယ်တွင် ရှိသောအခြေခံအုတ်မြစ်များ အားဖြင့် ဤစကြာဝဠာပဋိပက္ခအတွင်း လူသားနှင့် ထာဝရဘုရား၏ သဘောသဘာဝအား အဓိပ္ပါယ်များစွာဖြင့် နားလည်ရ လိမ့် မည်။

* ဧပြီလ ၁၂ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## အရင်ဦးဖော်ပြသော ဥပဒေသ

ကျောင်းစာဘာသာရပ်နံပါတ်ကို ၁၀၁ ဖြင့် စလေ့ရှိသည်။ ထိုမှတစ်ဆင့် ထိုဘာသာရပ် တွင်ပင် သာ၍ နက်နဲသောပညာရပ်များအား ဆက်လက်၍ ရှာဖွေတူးဖော်ရပါသည်။ ထိုနည်းတူ သမ္မာကျမ်းစာ ဖတ်ရှုသောအခါ ထာဝရဘုရားသည် ကမ္ဘာဦးကျမ်းမှစတင်ကာ သမ္မာကျမ်းစာ တစ်လျှောက် ရှာဖွေတူးဖော် ရမည့်အမြင်များ၏ အခြေခံအုတ်မြစ်ကို ကမ္ဘာဦးကျမ်းတွင် ချထားခဲ့သည်ကို တွေ့ရှိရပါလိမ့်မည်။

သာမန်အရ ပြောရပါသော် အမြင်တစ်ခုခု၊ အသွင်ယူတစ်ခုခုကို ကမ္ဘာဦးကျမ်းတွင် စတင် တင်ပြခဲ့ရာမှ ထိုအမြင်တစ်ခုကို နားလည်သဘောပေါက်နိုင်ရန် နောက်နောင်တွင် ထိုအမြင်ကိုပင် အသုံးပြုကာ ဆက်လက်တင်ပြသွားသည်ကို သင်တွေ့ရပါလိမ့်မည်။

ဤကိစ္စကို ကျောင်းသားတစ်ချို့က အရင်ဦးဖော်ပြသော ဥပဒေသ ဟုဆိုကြသည်။ ဥပဒေသဟု ဆိုရသည်ထက် တည်ဆဲဥပဒေမဟုတ်ဘဲ ချန်လုပ်ထားသည်များရှိသဖြင့် ညွှန်ကြားချက်များဟုသာ ဆိုရပါမည်။ ဤညွှန်ကြားချက်များသည် သမ္မာကျမ်းစာနှင့် အနာဂတ္တိကျမ်းများအား လေ့လာရာတွင် ထာဝရဘုရားသည် သူ၏ သားသမီးများအား နှစ်စဉ် ရာစုနှစ်ကြာညောင်းလျက် ထုတ်ပြန်သောညွှန်ကြားချက်များ ဖြစ်သည်ကို တွေ့ရပါ လိမ့်မည်။

**ဖတ်ရှုပါ – ဟောရှာယ ၄၀း၇၊ ၈။ ဟာလသီ ၃း၆ နှင့် ဟေဗြဲ ၁၃း၈။ မည်သည့် ဥပဒေသတို့သည် အနာဂတ္တိကျမ်းများ အား လေ့လာရာတွင် ဤကျမ်းချက် တို့သည် သင့်အား မည်သို့ကူညီနိုင် သနည်း။**

---

ယခုခေတ်ပေါ် လောကသား တို့သည် သမ္မာတရား ကို ပုံသွင်းရလွယ်သည်ဟု ယူဆကြကာ၊ ထိုသမ္မာတရားထက် သစ္စာတရားကိုသာ ပြောဆိုကြ၏။ တစ်ချို့တို့သည် သမ္မာ တရားအား သကာ်မကင်းဖြစ်ကြသေး၏။

ထာဝရဘုရားသည် သမ္မာတရားအား တည်ထောင်သောအခါ စိတ်ပြောင်းလဲခြင်း မပြုပါ။ သူ၏လူတို့အား သမ္မာတရားကိုသွန်သင်သောအခါ သမ္မာကျမ်းစာဥပဒေသ၏ အဓိပ္ပါယ်သည် ပြောင်းလဲခြင်းမရှိဘဲ ၎င်း၏ အဓိပ္ပါယ်အပေါ်တွင် မီးမောင်းပင် ထိုးပေးသေး၏။ အနာဂတ္တိကျမ်းများအား လေ့လာခြင်းသည် အာရုံခံစားမှု ကြီးမားသည် ဖြစ်ရာ၊ ကမ္ဘာဦးကျမ်းအား လေ့လာရာတွင်လည်း အရင်ဦးဖော်ပြသော ဥပဒေသ မြောက်များစွာ တွေ့ရမည်ဖြစ်၍ ၎င်းတို့ကို သမ္မာကျမ်းစာတစ်အုပ်လုံးအားလေ့လာရာတွင် အခြေခံအဖြစ် အသုံးပြုနိုင် ပါသည်။

**ကျွန်ုပ်တို့၏ ယုံကြည်ခြင်း အားနည်းစေမည့် အရာများ မည်သို့ပင် ချောမွေ့ကာ သဘာဝကျ နေသော်လည်း ခွင့်မပြုခြင်းသည် မည်မျှလောက်ပင် အရေးကြီးနိုင်သနည်း။ ထိုသို့ အားနည်းစေသော သိမ်မွေ့သောအရာ သည်မည်သည် တို့ဖြစ်သနည်း။**

**တနင်္လာနေ့** ဧပြီလ ၇ ရက်

## ထာဝရဘုရား၏ မေတ္တာတော်အား သိကျွမ်းခြင်း

အပြစ်သားဘဝကို အမွေခံရသည်မှာလည်း စကြာဝဠာကြီးသည် ကျွန်ုပ်တို့၏ မာနထောင်လွှားခြင်းကြောင့် မသိုးမသန့် ဖြစ်ရသောကြောင့်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ အနန္တဉာဏ်တော်ဖြင့် မဟုတ်ဘဲ၊ မိမိတို့၏ ကျဉ်းကြပ်သော အမြင်ဖြင့်သာ ကမ္ဘာကြီးအား ကြည့်ရှုနေကြရသည်။ မေတ္တာမပါသော အပြစ်သား ကျွန်ုပ်တို့၏ ခံယူချက်ထက် မိမိတို့အယူအဆအား တိန်းစောင်းစေသောအရာ မရှိတော့ပါ။ ခေတ်ပေါ်ရိုးရာတို့သည် သူတစ်ပါးတို့အား အလေးထားခြင်းမဟုတ်ဘဲ၊ အတ္တကိုသာလျှင် ဗဟိုပြုသော မေတ္တာကိုသာ အရေးထားကြ၏။ ထိုကဲ့သို့ အတ္တကိုသာလျှင် ဗဟိုပြုခြင်းဖြင့် ထာဝရဘုရား ၏ အမြင်ကို သိကျွမ်းနိုင်ရန် ခက်ခဲလှ၏။

မေတ္တာ၏ သဘောသဘာဝကို သိကျွမ်းခြင်းသည် သမ္မာကျမ်းစာကို နားလည်စေနိုင်ရန် အရေးကြီးသောသော့ချက်ပင်ဖြစ်သည်။ မဟာတိုက်လှန်ပွဲအတွင်း အရေးကြီးသော သော့ချက် တစ်ခုသည် ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်အား နားလည်မှု လွဲမှားခြင်းကြောင့်ဖြစ်လေသည်။ အီးဂျီဝှိုက်သည် မဟာတိုက်လှန်ပွဲ စာအုပ်တွင် "စကြာဝဠာကြီးသည် သန့်ရှင်း၏။ ဖန်ဆင်းထားသော အရာအားလုံး တစ်လုံး တစ်ဝ တည်း ရှိနေကြ၏။ အရာခပ်သိမ်းကိုဖန်ဆင်းသော သူထံမှအသက်၊ အလင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် ကန့်သတ်မှုမရှိဘဲ စီးဆင်းလာကြလေသည်။ အသေးငယ်ဆုံး အက်တမ်အဏုမြူမှစ၍ အကြီးဆုံး ကမ္ဘာကြီးတိုင်အောင် ယဉ်ပါးသောအရာ၊ မယဉ်ပါးသော အရာတို့သည် မကွယ်မဝှက် သောအလှအပ၊ စုံလင်သော ပျော်ရွှင်ခြင်းတို့ဖြင့် ထာဝရဘုရား၏ မေတ္တာတော်ကို ကြွေး ကြော်ကြကုန်၏" *မဟာတိုက်လှန်ပွဲ။ စာ၊ ၆၇၈။*

**ပတ်ရှုပါ – ကမ္ဘာ ၂၂း၁ – ၁၃။ သမ္မာကျမ်းစာတွင် အရင်ဦးဖော်ပြသော 'မေတ္တာ' သည် ကမ္ဘာ ၂၂း၂ တွင် တွေ့ရပါသည်။ ၎င်းသည် ထာဝရဘုရား မေတ္တာတော်၏ သဘောသဘာဝကို မည်သို့သွန်သင်သနည်း။**

သမ္မာကျမ်းစာတွင် အရင်ဦးဆုံး ဖော်ပြသော အမြင်တစ်ခုကို ရှာဖွေမည် ဆိုခဲ့သော် ဧဝံဂေလိ စာအုပ် တွေထဲမှ အရင်ဦးဆုံးဖော်ပြသော အမြင်တစ်ခုကို ရှာဖွေရမည်ဖြစ်သည်။ မဿဲ ၃း၁၇၊ မာကု ၁း၁၁၊ လုကာ ၃း၂၂ နှင့် ယောဟန် ၃း၁၆ တို့တွင် "မေတ္တာတော်" အား အရင်ဦးဆုံး ဖော်ပြသောအမြင်အဖြစ် တွေ့ရှိရပါမည်။

သာဓကအနေဖြင့် ယောဟန် ၃း၁၆ တွင် "မေတ္တာတော်" အား အရင်ဦးဆုံး ဖော်ပြခဲ့ရာ ယဇ်ပလ္လင်ပေါ်မှ ဣဇာက်အား ရိုးတိုးရိပ်တိပ်ညွှန်းဆိုခြင်းပင် ဖြစ်ပေသည်။ အာဗြဟံ၏ ယုံကြည်ခြင်းဟူသည် ထာဝရဘုရားအား ဤမျှလောက်ပင် ယုံကြည်၍ သူ့သားကိုပင် မီးရှို့ရာ ယဇ်အဖြစ်ဆက်ကပ်ရန် ထာဝရဘုရားအား ယုံကြည်ခြင်းကို ရွေးချယ်လေ၏ *(ဟေဗြဲ ၁၁း၁၉)*။ ၎င်းသည် လူသားအား ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာတော်ကိုပင် နိမိတ်ပြခြင်းဖြစ်လေသည်။ "တစ်ဦးတည်းသောသားတော်" ကိုပင် ပေးခြင်းဖြင့် ကျွန်ုပ်တို့အား ချစ်တော်မူ ကြောင်းကို ပြသခြင်းပင်ဖြစ်၍ *(ကမ္ဘာ၊ ၂၂း၂၊ ၁၂၊ ၁၆)*၊ သေခြင်းမှလည်း ပြန်ရှင်ထမြောက်စေခဲ့သည်။ ဤတွင် မိမိကိုယ်ကို ဆက်ကပ်နိုင်သော ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာ မျိုးကို ပြသသွားခြင်းပင် ဖြစ်လေ သည်။

**ထိုသို့မိမိကိုယ်ကို ဆက်ကပ်နိုင်သော ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာမျိုးကို သူတစ်ပါးတို့အား ကျွန်ုပ်တို့သည် မည်ကဲ့သို့ပြသနိုင်မည်နည်း။**

**အင်္ဂါနေ့** ဧပြီလ ၈ ရက်

## ကုလားအောက်၏ မေးခွန်း သိုးသူငယ်သည်အဘယ်မှာနည်း

သမ္မာကျမ်းစာတွင် *စုံ (ဟေဗြဲ။ သိုးသူငယ်)* အား အရင်ဦးဖော်ပြခြင်းသည် ချစ်ခြင်း မေတ္တာအား အရင်ဦး ဖော်ပြသောနေရာ ကမ္ဘာ ၂၂ ပင် ဖြစ်လေသည်။ ထို သိုးသူငယ်သည် ဗျာဒိတ်ကျမ်းတွင်လည်း ယေရှုအား "သိုးသူငယ်" ဟူ၍ အကြိမ် နစ်ဆယ်ထက် မက သမုတ်ထားသော သင်္ကေတပင်ဖြစ်သည်။ အလွန်တန်ခိုးပါသော ဗျာဒိတ် ယောဟန်သည် ထာဝရဘုရား၏ ပလ္လင်တော်သို့ ခစားခဲ့ရခြင်းတွင် သိုးသူငယ်သည် အရေးကြီးသောတာဝန်ကို ထမ်းဆောင်နေကြောင်း အခန်းကြီး ၄ နှင့် ၅ တွင် တွေ့ရပါသည်။

**ပတ်ရှုပါ – ကမ္ဘာ ၂၂း၇၊ ၈။ ထွက် ၁၂း၃ – ၁၃ နှင့် ဗျာ ၅း၅ – ၁၀။ ကုလားအောက်အား ယဇ်ပူဇော်လုလု ဖြစ်ခြင်းသည် သိုးသူငယ်ကို သင်္ကေတအဖြစ် အသုံးပြုသည်ဆိုသည်ကို သွန်သင်ခြင်း မည်ကဲ့သို့ ဖြစ်သနည်း။ ဗျာဒိတ်ကျမ်း ၅ တွင် ယောဟန် မြင်ခဲ့ရသောပုံရိပ်နှင့် မည်ကဲ့သို့နှီးစပ်မှုရှိသနည်း။**

သမ္မာကျမ်းစာတွင် *စုံ (သိုးသူငယ်)* အား အရင်ဦး ဖော်ပြခြင်းသည် သိုးသူငယ် ဘယ်မှာနည်းဟူသော ကုလားအောက်မေးခွန်းပင် ဖြစ်လေ၏ *(ကမ္ဘာ ၂၂း၇)*။ ကျန်ရှိသော သမ္မာကျမ်းစာ အားလုံးတို့သည် ထိုမေးခွန်းကိုပင် ဖြေဆိုသွားကြလေသည်။ ဓမ္မဟောင်းကျမ်း၏ ၃၈ အုပ်တို့သည် ကုလားအောက်၏ မေးခွန်းကိုပင် တောက်လျှောက် နှင့် အသေးစိတ် ဖြေဆို သွားကြရာ၊ ပသခါပွဲ၏အထုံးအဖွဲ့များမှအစ ဒါဝိဒ်၏ စိုးစံချိန် နှင့် နောက်ပိုင်းအချိန်များတွင်လည်းဖြစ်ပါသည်။ ထိုရာဇဝင်တစ်လျှောက်လုံးတွင် မေရှိယ အကြောင်း အနာဂတ္တိ စကား များတို့သည် ကုလားအောက်၏မေးခွန်းကိုပင် အကြိမ်ပေါင်း များစွာ ဖြေဆိုနေသေး၏။ ဓမ္မသစ်ကျမ်းတွင်လည်း ယေရှုသည် သွေးသားဖြင့် ပေါ်လာရာ လူသားတို့အား စောင့်မကာ ကပ်တိုင်တွင်ပင် မိမိကိုယ်ကို ဆက်ကပ်သွားခြင်းဖြင့် ထိုမေးခွန်းကို ဖြေဆိုသွားပြန်လေ၏။

ယောဟန်သည် ယော ၁း၂၉ – ၃၄ တွင် သိုးသူငယ်အား အရင်ဦးဖော်ပြခြင်းကို ကြည့်လိုက်ပါ။ နှစ်ခြင်းဆရာယောဟန်သည်ပင်လျှင် အခြားဆက်စပ်မှုများ မဖော်ပြနိုင်သော်လည်း ကုလားအောက်၏မေးခွန်းကို ဖြေဆိုနေသယောင်ဖြစ်သည်။ အပြစ်သားများသည် အပြစ်သားကိုသေစေလျက် အသစ်သောအသက်တာကို ရယူခြင်း၏ သင်္ကေတ အဖြစ် ရေထဲဆင်းကြကာ နှစ်ခြင်းခံကြ၏။ ဤနေရာတွင် ဘုရားသခင်၏ သိုးသူငယ် ယေရှုသည် ရုတ်တရက်ပေါ်လာရာ ကောင်းကင်ပင်ပွင့်အာလျက် ထာဝရဘုရားသည် "ဤသူကား ငါ နှစ်သက်မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း" *(မဿဲ ၃း၁၇)* ဟု မိန့်တော်မူလေ၏။ ကမ္ဘာ ၂၂း၁၁ – ၁၄ တွင် ကိုယ်တော်၏ ကောင်းကင်တမန်သည် အာဗြာဟံ နှင့် ကုလားအောက်၏ ပြဿနာကိုပင် ဖြေရှင်းခဲ့ပြီး ဖြစ်သည်။

ဤချည်မျှင်များအားလုံးတို့ကို ယက်ပစ်သောအခါ ယေရှုသည် ဘုရားသခင်၏ သိုးသူငယ်၊ ကျွန်ုပ်တို့၏ ကိုယ်စားပြုသူဖြစ်ကြောင်း ထင်ရှား၏။ ယောဟန်၏ အသေသတ်ခံရသော သိုးသူငယ်ရုပ်ပုံကိုလည်း သိကျွမ်းနိုင်ရန် မီးမောင်းထိုးပြနေပါသည်။

**ယေရှုသည် မိမိတို့၏ ကိုယ်စားပြုသူဖြစ်ကြောင်း သိကျွမ်းခြင်းသည် မိမိတို့၏ ကယ်တင်ခြင်း အတွက် မည်ကဲ့သို့ခြေခံအုပ်မြစ်ဖြစ်နိုင်သနည်း။ တရားစီရင်ရာတွင် ယေရှုမပါဘဲလျက် မည်သည့်မျှော်လင့်ခြင်း ရှိနိုင်မည်နည်း။**

## သေခြင်းဖြင့် ဆက်ဆံခြင်း

ဤကမ္ဘာတွင် ဖန်ဆင်းရှင်နှင့် ကွဲကွာစေသော အရက်စက်ဆုံးသော ကဏ္ဍသည် အသက်အားလုံး၏ နောက်ကွယ်တွင် သေခြင်းတရားသည် အခွင့်အခါရသည်နှင့်အမျှ တိုက်ခိုက်ရန် ချောင်းမြောင်းနေခြင်းပင်ဖြစ်သည်။ ၎င်းသည်လည်း "အပြစ်၏အခ သေခြင်း" အသက်၏ဇစ်မြစ် ဖန်ဆင်းရှင်နှင့် အဆက်အသွယ် ပြတ်တောက်ခြင်းကြောင့် ဖြစ်သည်။ ၎င်းသည် အနာဂတ္တိကျမ်းတို့တွင် အဓိကဇာတ်ကောင်အဖြစ် တည်ရှိနေရာ ၎င်း၏ ဖြေရှင်းချက်သည် ယေရှု၏ သေခြင်းနှင့် ထမြောက်ခြင်းသာ ဖြစ်လေသည်။

သမ္မာကျမ်းစာ၌ သေခြင်းကို အရင်ဦးဖော်ပြခြင်းနှင့် အရင်ဦးသေခြင်းဖြစ်ပေါ် လာခြင်းတို့သည် အနာဂတ္တိကျမ်း၊ အပြစ်၏ ဆွဲငင်ခြင်းနှင့် ထာဝရဘုရားသည် အပြစ်၏ ပြဿနာကိုဖြေရှင်းပေးနေခြင်းတို့အား သိကျွမ်းနားလည်နိုင်ရန် မီးမောင်း ထိုးပြ ထား၏။

**ဖတ်ရှုပါ – ကမ္ဘာ ၂:၁၅ – ၁၇။ ကမ္ဘာ ၄:၈ – ၁၅။ ၁ကော ၁၅:၁၅ – ၁၉ နှင့် ဗျာ ၁:၁၈။ အရင်ဦး သေခြင်းကို ဖော်ပြသော ဤကျမ်းချက်တို့သည် လူသား၏သေရခြင်းအကြောင်းရင်းနှင့် သေခြင်းအပေါ် ထာဝရဘုရား၏ အမြင်ရောသူ၏ ဖြေရှင်းပေးနေခြင်း တို့ကို မည်သို့သွန်သင်ထားသနည်း။**

သေခြင်းသည် "ကျွန်ုပ်တို့ အသက်တာ၏ အစိတ်အပိုင်းဖြစ်သည်" ဆို၏။ မှသားပင်တည်း။ သေခြင်းသည် အသက်၏ဆန့်ကျင်ဘက်ဖြစ်၍ အသက်မရှင်ခြင်းသည် ကျူးကျော် သူဖြစ်၍ ကျွန်ုပ်တို့ ကြုံဆုံရမည့် အရာမဟုတ်ပါ။ ကျွန်ုပ်တို့သည် သေခြင်းနှင့်ယှဉ်ပါးနေပြီး ဖြစ်သော်လည်း အမှန်တကယ်ကြုံဆုံရသောအခါ ကန့်ကွက်ကြသည် ချည်းဖြစ်သည်။ လူသားအပါင်းတို့သည်လည်း တစ်ခုခု မှားယွင်းနေသည်ဟု လက်ခံကြပြီးဖြစ်သည်၊ သေခြင်းထဲတွင် ပိုမိုနာကြင်သော သေခြင်းသည် ခလေး လေး သေခြင်းတို့ဖြစ်သည်။ အများစုသည် သားသမီးများထက် မိဘတို့သည် အရင်ဦး သေရမည် ဟုခံယူထားရာ ၎င်း ကို သာမာန်အရာ ဟုပင် လက်ခံထားကြ သည်။

သို့သော် သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော ပထမဦးဆုံးသေခြင်းသည် မျှော်လင့်ထားသော စံနှုန်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အာဒံနှင့်ဧဝတို့သည် သူတို့ကို သူတို့ သေခြင်းတရား မဖြတ်သန်းမီတွင်၊ သူတို့၏ဖြောင့်မတ်သောသား ဖြစ်သူ၏ မဖြောင့် မတ်သော အစ်ကိုက သတ်ဖြတ်ခံရသောအခါ သေခြင်း၏ အဖြစ်ဆိုးကို ကြုံတွေ့ခဲ့ကြရ သည်၊ ထိုသေခြင်းသည် မတရားသောသေခြင်း ဖြစ်သည်။

အာဗေလ ကဲ့သို့ မဖြောင့်မတ်သော သူတို့၏ လက်ချက်ဖြင့် သတ်ဖြတ်ခံရသော ဖြောင့်မတ်သူ ယေရှုအကြောင်းကို စဉ်းစားကြည့်ပါ။ ခရစ်တော်၏ သေခြင်းထက် အဘယ် အရာက ပို၍ မတရားနိုင် မည်နည်း။ အာဗေလ၏ သေခြင်းနှင့် ကပ်တိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းကြားတွင် အခြားမည်သည့် တူညီသည့် အချက်များ တွေ့ရှိနိုင်မည်နည်း။ အာဗေလ သေခြင်း၏ သဘောသဘာဝသည် ယေရှုသည် "မရဏာနှင့် သေခြင်းနိုင်ငံ၏ သော့ရှိသည်" ဆိုခြင်းနှင့် သူအားဖြင့် ကျွန်ုပ်တို့ကို ပေးသောအရာကို ပိုမိုသိကျွမ်းရန် မည်သို့ ကူညီနိုင်သနည်း။

**သေခြင်း၏ ပြဿနာကို မဖြေရှင်းခဲ့ပါက ကျွန်ုပ်တို့ အသက်တာသည် မည်မျှအနတ္တသက်သက် ဖြစ်မည်နည်း။ ယေရှုပြုပေးခဲ့သော အရာများအတွက် ကျေးဇူးကြီးမားကြောင်း မည်သို့သွန်သင် သနည်း။**

**ကြာသပတေးနေ့** ဧပြီလ ၁၀ ရက်

## မြေကြီး

ကိုးကွယ်ရာ ပြဿနာသည် ဗျာဒိတ်ကျမ်း၏ အဓိကသော့ချက်ဖြစ်သည်။ မှား ယွင်းသော ကိုးကွယ် ခြင်းကို ကျူးလွန်သူသည် "နဂါး" ဖြစ်သည် *(ဗျာ ၁၃း၂-၄)*။ ကောင်းကင်တမန် မြွေသည် မတော်တဆ ကျဆုံးသည် မဟုတ်ပါ။ ဧဒင်ဥယျာဉ်တွင် အာဒံနှင့်ဧဝတို့အား သူ့နောက်သို့ လိုက်ကာ ဖန်ဆင်းရှင်အား ပုန်ကန်ရန်ပင် ဖြားယောင်းသွေးသည် မဟုတ် လော။

**ယှဉ်ဖတ်ပါ – ကမ္ဘာ ၃း၁ –၅ နှင့် ဗျာ ၁၂း၁ –၉။ တူညီသော ဘယ် နိယမတွေရှိ သနည်း။ ဗျာဒိတ်ကျမ်း မှ မြွေကို မိတ်ဆက်ပေးခြင်းသည် ဗျာဒိတ်ကျမ်း၏ ကောင်းကင် စစ်ပွဲ အကြောင်းကို မည်သို့ သွန်သင် သနည်း။**

---

စာတန်သည် ကမ္ဘာတစ်ခုလုံးအား လမ်းလွဲစေသည့် မှတ်တမ်းနှစ်ခုရှိသည်။ ကမ္ဘာဦးကျမ်းတွင် လူ နှစ်ဦးတည်း ရှိသည့်အချိန်နှင့် ဗျာဒိတ်ကျမ်း ၁၂၊ ၁၃ တွင် စာတန်သည် လောကတစ်နိုင်ငံလုံးကို လှည့်ဖြားသူ *(ဗျာ ၁၂း၉)* သားရဲအား တန်ခိုးအာဏာ အပ်နှင်းကာ "မြေကြီးသား" အပေါင်းတို့အား ကိုးကွယ်စေသူ *(ဗျာ ၁၃း၂၊ ၃)* ဟုဆိုသည်။ အနာဂတ္တိ ကျမ်းစာတွင် မပြောင်းလဲနိုင်သောအရာတစ်ခုသည် မဟာတိုက်လှန်ပွဲပင် ဖြစ်သည်။ ထာဝရဘုရား၏ ဝိသေသလက္ခဏာနှင့် နှုတ်ကပတ်တော်တို့သည် ပြောင်းလဲခြင်း မရှိ သည် နည်းတူ မာရ်နတ်၏ လိုအင်ဆန္ဒသည်လည်း မပြောင်းလဲပါ။

မဟာတိုက်လှန်ပွဲသည် မပြောင်းလဲသဖြင့် အနာဂတ္တိကျမ်းစာတွင် တိကျသော သာဓကများ ရှိနေသည်က တစ်ကြောင်း၊ ခရစ်ယာန်တို့သည်လည်း ဝိညာဉ်ရေး ထောင်ချောက်များကို ဖြတ်ကျော်နိုင်ခဲ့လေသည်။ ထာဝရဘုရားသည် ဖြစ်မြဲဖြစ် သကဲ့သို့ မာရ်နတ်သည်လည်း ဖြစ်မြဲဖြစ်၏။ စာတန်သည် မျက်နှာဖုံး ထောင်ချီ ဝတ်ဆင်သော်လည်း လူ့သမိုင်း နှစ်ထောင်ချီအတွင်း ဧဒင်တွင် သူသုံးခဲ့သော ကစားကွက်မှ မည်သည့်အခါမျှ သွေဖြည်ကာမသွားပါ။ ထာဝရဘုရားသည် ပညာနှင့် ဝေခွဲတတ်ခြင်းကို ပေးထားသည့် *(ယာကုပ် ၁း ၅)* အပြင် မာရ်နတ်၏ မုသားဖြင့်လဲမကျရအောင် သမ္မာကျမ်းစာ၏ စစ်ဝတ် တန်ဆာများကိုပါ ဝတ်ဆင် စေ၏။

**လူ့ရိုးရာတို့သည် ပြောင်းလဲမြန်၏။ လူမှုကွန်ယက် တိုးတက်၏။ တစ်ချိန်က လက်ခံနိုင်သောအရာသည် ယခု လက်ခံရ ခက်နေပြီ။ သို့သော်လည်း မဟာတိုက်လှန်ပွဲ၏ ငုတ်နေသော မင်းသား တို့သည် မပြောင်းလဲကြပါ။ ခရစ်ယာန်တို့သည် မည်သည့် ရွေ့လျားနေသော ရိုးရာရှုခင်းများကို လေ့လာသုံးသပ်သင့်သနည်း။ မာရ်နတ် သည် ကျေနပ်မနေသေးပါ ၊ သင်သည် ဘုရားတို့ကဲ့သို့ ဖြစ်မည် ဆိုသည့် မုသားတို့သည် သင်တို့၏ ရိုးရာ တို့တွင် မည်ကဲ့သို့ပါဝင်နေ သနည်း။**

**သောကြာနေ့** ဧပြီလ ၁၁ ရက်

**ဆက်လက်လေ့လာရန်။** အီးရှီဝိုက်၊ *တမန်တော်တို့၏ လုပ်ရပ်များ၊* စာ၊ ၅၇၈ – ၅၈၁၊

ကမ္ဘာ့ ဘာသာကြီး တို့သည် စိတ်ကူးများဖြင့်သာ နေကြသည်၊ သို့သော်လည်း ခရစ်ယာန်ဘာသာ၏စိတ်ကူးများတို့သည် ရာဇဝင်အဖြစ်အပျက်များတွင် ခိုင်မာစွာရပ်တည်၏။ သမ္မာကျမ်းစာသည် ထာဝရဘုရားနှင့် လူသားတို့၏ဆက်ဆံခြင်းရာဇဝင် ဖြစ်သည်၊ နှစ်ပေါင်းထောင်ချီ ဆက်ဆံခဲ့သဖြင့် တည်မြဲသော ထာဝရဘုရား၏ ဝိသေသ လက္ခဏာကို သင်ယူနိုင်ကြသေး၏။ ခရစ်ယာန်တို့သည် ကြားနေကျစကားတို့ကို ထပ်မံ ရံဖန်ရံခါ မကြားချင်ကြတော့ပါ။ အနာဂတ္တိစကားတို့ကို ကျွန်ုပ်တို့ဟောသော အခါ ကျွန်ုပ် တို့ကိုယ်တိုင် ကြား ဘူးနားဝ ဖြစ်သဖြင့် အသစ်အဆန်းဟု မထင်ကြပါ။

ကျွန်ုပ်တို့၏ သတင်းစကားသည် မပြောင်းလဲဘဲ တည်မြဲသည်ဖြစ်သဖြင့် ရိုးစင်း လွန်း၍ စိန်ခေါ်မှု ကင်းစင်သည်တော့ မဟုတ်ပါ။ ဆန့်ကျင်ဘက်ပါ။ အတိုင်းမဲ့ဘုရား ထံမှ ဖော်ပြသောအရာတစ်ခုကို လေ့လာသည့်အခါတွင် အဆုံးတိုင်အောင် သင် လက် လှမ်းမမှီနိုင် သည်ကို စောလျင်စွာ သိရှိလာပါလိမ့်မည်။

ဗျာဒိတ်ကျမ်းစာအား ရေးသားရသည့်အကြောင်းရင်းတစ်ခုကို အီးဂျီဝိုက်မှဖော်ပြ ရာတွင် ခရစ်ယာန်လောက၏ ရာသက်ပန် သတင်းစကားပေါ်တွင် ခရစ်ယာန်တို့သည် ကမ်းကပ် တည်ကြည်နိုင်ရန်ဖြစ်သည်ဆို၏။ “ထိုစဉ်အခါ အမှုဆောင် လူငယ်တို့သည် ထိုအမှန်တရားအား ထပ်ခါတလဲလဲ ဟောပြောရသည်ကို ငြီးငွေ့လာကြသည်၊ ယုံကြည်ချက်တွေ ကို လူတွေအားရင်ဖိုစေနိုင်မည့် ဝတ္ထုရှည်တစ်ခုအဖြစ် မိတ်ဆက် ရန် ကြိုးပန်းလာကြ သည်၊” အီးဂျီဝိုက်၊ *တမန်တော်တို့၏လုပ်ရပ်များ၊* စာ – ၅၈၀၊ ဤနေရာတွင် အနာဂတ် အတွက် စာအုပ်တစ်အုပ်တင် မဟုတ်ပါ။ အတိတ်နှင့်ပင် ပတ်သက်သောစာအုပ် ဖြစ်၍ သမိုင်းဆိုင်ရာ ယုံကြည်ခြင်း၌ အမြစ်တွယ်နေကာ မူရင်း ဇစ်မြစ်ကိုသာ လိုက်ရှောက်လျက် လမ်းမလွဲသွားရန်ဖြစ်သည်။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** **သမ္မာကျမ်းစာသည် အသစ်သောတင်ပြခြင်းနှင့် သိမြင်ခြင်းများ ကင်းစင်သည်။ အသစ်သောအရာများကို သင်ယူလိုခြင်းနှင့် ပေးထားသောသမ္မာတရားတွင်ပင် ကမ်းကပ်လျက်တည်မြဲလိုခြင်းကို မည် ကဲ့သို့ ချိန်ဆနိုင်မည်နည်း။**

**၂** **အနာဂတ္တိကျမ်းစကားတို့ကို အသစ်အဆန်းအနက်ပြန်ခြင်းအား အသင်းတော်သည် မည်သို့တုံ့ပြန် သင့် သနည်း။ အသစ်အဆန်းတို့ကို သင်ယူရမည်ဆိုသည့်တိုင် ထိုအလင်းသစ်သည် ပဓာနကျသလော။ မှိန်နေ သလော။ မှားယွင်းနေသလော။ မည်ကဲ့သို့ခွဲခြားရမည်နည်း။**

**၃** **ဒုတိယကမ္ဘာစစ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်း သေလုနီး သင်္ဘောသားတစ်ဦးသည် ဆရာဝန်ထံသို့ ‘ကျွန်ုပ်သည် မိဘမဲ့သားဖြစ်၍ ကျွန်ုပ်သေသော်လည်း ကျွန်ုပ်အား မည်သူအောက်မေ့နေမည်နည်း’ ဟုဆိုရာ ၊ ဆရာဝန်သည် ‘ငါ အောက်မေ့နေမှာပေါ့ ’ ဟု ပြန်ပြော၏။ ဆရာဝန်၏ တုံ့ပြန်စကား အလွန် ကောင်းသော် လည်း၊ သင်္ဘောသားလဲသေရော၊ ဆရာဝန်စကားလဲပျောက်လေ၏။ သေခြင်းသည်သာ ကျွန်ုပ်တို့အတွက် နောက်ဆုံးခရီးဖြစ်ခဲ့သော် ကျွန်ုပ်တို့၏ဘဝသည် မည်မျှအဓိပ္ပါယ်ကင်းမဲ့ကာ အချိးနှီးဖြစ်လိမ့်မည်ကို ဤမှတ်တမ်းမှ သွန်သင်သနည်း။**

# နွားနို့ဖြစ်စဉ်ဆန်းကြယ်

Andrew McChesney မှရေးသားသည်

မိခင်တစ်ဦးသည် ဈေးမှအိမ်အပြန်တွင် ခြံဝင်းထဲတွင် နွားတစ်ကောင်မှမရှိပါ။

မိခင်သည် ခြံဝင်းကို ဝေ့ဝိုက်ကြည့်လိုက်၏။ နွားမရှိပါ။ သူမ၏ ကလေးနှစ်ဦးသည် သူမကိုစောင့်နေကြသည်ကို သိ၏။ သူမ၏မျက်ဝန်းအိမ်တွင် မျက်ရည်များ ပြည့်လျှံလာ၏။ သူမတို့၏ တစ်ခုတည်းသော အားထားရာ နွားမသည် အခိုးခံရကြောင်း မည်သို့ပြောထွက်မည်နည်း။ နွားမရှိလျှင် ၎င်းတို့ သေပွဲဝင်ကြရပါမည်။

မိခင်သည် ကလေးငယ်များအား အသိမပေးရန် စိတ်ပိုင်းဖြတ်၏။ သူမ၏ မျက်ရည်ကိုလည်း မမြင်စေလိုပါ။ သူမသည် ချုံပုတ်ရှိရာများသို့သွားပြီး ဘုရားထံဖွင့်ဟ၏။ SDA ဖြစ်သူ သူမ၏လင်ကို Tajikistan နိုင်ငံတွင် ဥပုသ်စောင့်ခြင်းကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ရှစ်နှစ်ကျခံရကြောင်း ဘုရားထံဖွင့်ဟ၏။ နွားနို့ရောင်းခြင်းဖြင့် ဝမ်းရေးဖြေရှင်းရသည့် နွားကိုမှ အခိုးခံရခြင်းအတွက် ဘုရားထံ ကျေးဇူးတင်ကြောင်း လျှောက်တင်၏။ သူမက “ကျွန်မတို့ မည်သို့ ရှင်သန်နိုင်မည်နည်း” ဟု ဆို၏။ ထိုသို့ဆုတောင်းအပြီးတွင် ဘေးဘီကိုကြည့်သည့်အခါ ချုံတွင်ငြိနေသည့် အရာတစ်ခုကို သူမ မြင်လိုက်၏။ ပိုက်ဆံများစွာကို တွေ့ခဲ့၏။ သူမလည်း ဘုရားထံ ကျေးဇူးတင်ကြောင်း လျှောက်တင်၏။

သူမလည်း မျက်ရည်များကိုသုတ်ကာ နွားတစ်ကောင်သွားဝယ်၏။ ရောင်းသူက သူမတတ်နိုင်သည်ထက် ဈေးပိုတောင်း၏။ သို့သော် လျှော့ပေးလိုက်၏။

ရောင်းသူက “ရှိသလောက်ပဲ ပေးပါ့မယ်” ဟုဆို၏။ ထိုနွားသည် နွားဈေးတွင် အကြံ့လိုဆုံးနွားဖြစ်၏။ သူမလည်း ထိုနွားကို အိမ်သို့ဆွဲလာခဲ့၏။ သူမက “ဘုရားသခင်၊ ဤနွားကို အရှင့်လက်သို့ အပ်ပါသည်” ဟု လျှောက်တင်၏။

အိမ်တွင်ကား သူမသည် နွားကိုအစာကျွေး၊ ကလေးများက နွားနှင့် ဆော့ကစားကြ၏။ အစာနှင့် မေတ္တာဓာတ်တို့၏ ပေါင်းစည်းမှုဖြင့် နွားသည် အသားပြည့်လာ၏။ မကြာမီတွင်ပင် အခိုးခံခဲ့ရသည့် နွားထက်ပင် နို့နှစ်ဆထွက်၏။

ပုံတွင်ပါသည့် မိခင်၏မြေးမ Liubov Brunton က “ဘုရားဟာ ကျွန်မတို့ အခက်ခဲဆုံးကာလမှာ ကယ်ခဲ့တယ်” ဟုဆို၏။ နွားနို့ဖြစ်စဉ်ဆန်းကြယ်က ဘုရားဟာ သူ့ရဲ့အမှုဆောင်တွေကို ဘယ်လိုအခြေအနေရောက်ရောက် ကွယ်ကာပြုစုကြောင်း အမှတ်ရစေပါသည်ဟု သူမကဆို၏။ ထိုနွား၏ဇာတ်လမ်းသည် ထိုမျှနှင့် မပြီးပါ။ Liubov ၏ အဖွားသည် အခြားဖြစ်ရပ်ဆန်းကြယ်ကို ထပ်ပြီးကြုံရပါမည်။ ထိုအကြောင်း နောက်တစ်ပတ်တွင် ဆက်၍ဖတ်ရှုပါ။

ကမ္ဘာတစ်ဝှမ်း ဧဝံဂေလိတရား ပြန့်နှံ့နိုင်ရန် အလှူငွေများ ထည့်ဝင်ခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ယော ၁:၂၉

**လေ့လာမှုဦးတည်ချက်။** က ၂၂:၁-၁၈၊ ယော ၃:၁၆

သမ္မာကျမ်းစာအုပ်တွင် ပထမဆုံးကျမ်းဖြစ်သည့် ကမ္ဘာဦးကျမ်းတွင် ကျမ်းစာတွင်လာသည့် ကယ်တင်ခြင်းတရားနှင့် ဗျာဒိတ်ကြိုဟောခြင်းများ ပါရှိပါသည်။ အဆင်းသဏ္ဌာန်မရှိသည့် အဖြစ်မှ ကမ္ဘာကို ဖန်ဆင်းခဲ့ခြင်း (က ၁၊ ၂) မှ ကယ်တင်ခြင်းပြယုဂ် ယောသပ်၏ အဖြစ်သနစ်များက (က ၅၀:၂၀) ကမ္ဘာဦးကျမ်းသည် ဘုရား၏ကယ်တင်ခြင်း အစီအမံကို သက်သေပြုပါသည်။ ကမ္ဘာဦးကျမ်း၏ အလယ်တွင် ဣဇာက်ကိုတုတ်နှောင်သည့် အခန်းလာပြီး (က ၂၂:၁-၁၈) ဘုရား၏ စီမံကိန်းကိုချပြ၏။

ယခုတစ်ပတ်၏သင်ခန်းစာတွင် ကျွန်ုပ်တို့သည် ဂန္ထဝင်မြောက်သည့် ဣဇာက်ကိုတုတ်နှောင်ခန်း (Akedah) မှနေ ဘုရား၏ ကယ်တင်ခြင်းစီမံကိန်း ရှုထောင့်များစွာကို ကျွန်ုပ်တို့ ဖွေစစ်လေ့လာကြပါမည်။ ပထမဦးဆုံးတရားကား “မေတ္တာ” ဖြစ်ပြီး ထိုမေတ္တာမှနေ အခြားခြားသော ဘုရား၏အစီအမံအလုံးစုံ ဆင်းသက်လာ၏။

ဤဇာတ်ကြောင်းတွင် ဟေဗြဲ - “ahab” – “မေတ္တာ” သည် သမ္မာကျမ်းစာတွင် ပထမဆုံး သုံးထားပါသည်။ အထူးအားဖြင့် ဘုရား၏ ဖခင်၏မေတ္တာဟု မိန့်ရာတွင်ဖြစ်၏ (က ၂၂:၂)။

ဤဇာတ်ကြောင်း (Akedah) ၏ ဒုတိယတရားတော်ကား ဘုရားက ၎င်း၏ သားတော်ကို လှူခဲ့ခြင်းဖြင့် ဘုရား၏မေတ္တာတော်ကို ပြခြင်းဖြစ်ပြီး၊ ဣဇာက်၊ သိုးသငယ်တို့ဖြင့် နိမိတ်ပေးခဲ့ပါသည် (က ၂၂:၇-၁၀)။ တတိယတရားတော်ကား ဘုရား၏ မေတ္တာတော်ကို လူ့သမိုင်းတွင် ပြခြင်းဖြစ်၏။ ရန်ငြိုးတွင် အမျိုးသမီးမျိုးစေ့နှင့် မြွေတို့ ဘက်ပြိုင်ကြကာ နောက်ဆုံးတွင် “မျိုးစေ့” သည် စာတန်နှင့်သေခြင်းကို အောင်နိုင်ခြင်းဖြင့် ဇာတ်သိမ်း၏။ ထိုအဖြစ်ကို မမျှော်လင့်ဘဲပေါ်လာသည့် “သိုးထီး” ဖြင့်ပြထားပြီး (က ၂၂:၁၃) ယင်းသည် နောက်ဆုံးကာလတွင် ဖြစ်လာမည့် အပြစ်ဖြေရာနေ့ကို ပုံဆောင်ထား၏။

## အပိုင်း ၂။ အနက်ရှင်းကျမ်း

### ဘုရား၏မေတ္တာတော်

“ခရစ်တော်၏ မေတ္တာတော် အနက်အမြင့်တို့ကို ပိုင်းခြား၍ ကိုယ်ဉာဏ်နှင့် မသိနိုင်သော” (ဧ ၃:၁၈၊ ၁၉) သောကြောင့် ဘုရား၏မေတ္တာတော်ကို နားလည်နိုင်ရန် မဖြစ်နိုင်ပါ။ ကြိယာပုဒ် - “ahab” - မေတ္တာသည် ဖခင်မေတ္တာအဖြစ် နှုတ် ကပတ်တော်တွင် ပထမအကြိမ် ပေါ်လာခြင်းသည် — အာဗြဟံသည် ၎င်း၏ တစ်ဦး

တည်းသောသား ဣဇာက်အပေါ်ထားရှိသည့် မေတ္တာ (က ၂၂:၂) — မည်သို့ပင် ဖြစ်စေ ထူးခြားပါသည်။ အာဗြဟံက ၎င်း၏သားအပေါ် မေတ္တာကြီးခြင်းသည် အာဗြဟံသည် ဘုရားအပေါ် မည်မျှမေတ္တာကြီးကြောင်း ဆန်းစစ်သည့်စံဖြစ်လာပြီး ဖော်ပြထားခံရပါသည် (က ၂၂:၁ ကို က ၂၂:၁၂ နှင့် နှိုင်းယှဉ်ပါ)။

သို့သော် ဘုရားအပေါ် အာဗြဟံ မည်မျှမေတ္တာကြီးကြောင်းကို စစ်ရန် မဟုတ်ပါ။ အာဗြဟံသည် အသက်နှင့်ခန္ဓာမြဲခဲ့စဉ်တွင် ဘုရား၏မေတ္တာသည် အာဗြဟံအပေါ် ပြခဲ့ပါသည်။ အာဗြဟံလည်း ဘုရားမေတ္တာ၏ အတိမ်အနက်ကို သိခဲ့ပါသည်။ Ellen G. White က ဤသို့ရှင်းပြထား၏ — “ဘုရားသခင်သည် အာဗြဟံအား ဧဝံဂေလိတရားကို သိရန်နှင့် ၎င်း၏ ယုံကြည်ခြင်းကို စစ်ဆေးရန် ၎င်း၏သားကို ပူဇော်စေ၏။ ၎င်းကိုယ်တိုင် ကြုံရသည့် သောကကြောင့် လူသားများကို ကယ်တင်ရာတွင် ဘုရား၏ခံစားရသော သောကကို နားလည်စေ၏။ … အနန္တဘုရား၏ မေတ္တာတော်ကိုပြရန် ထိုထက်ကောင်းသည့် သက်သေ ဘာရှိဦးမည်နည်း။” *Patriarchs and Prophets*, p. 154။

ဘုရားသခင်သည် ၎င်း၏မေတ္တာကိုချပြရန် အာဗြဟံအား ဒဿန၊ ဓမ္မဗေဒ (သို့) စိတ္တဗေဒများ မသုံးခဲ့ပါ။ ဘုရားက ၎င်းခံရသည့်နည်းတူ (ဘုရားအကန့်) အာဗြဟံကိုလည်း ခံစေ၏ (လူ့အကန့်)။ အာဗြဟံနှင့် ဘုရားကြားတွင် ၎င်းတို့ ရင်နှစ်သည်းချာချစ်ရသည့် တစ်ဦး၊ တစ်ပါးတည်းသော သားကို လှူခြင်းတွင် ထပ်တူကျကြ (ယော ၅:၂၀) ပြီး ရှင်ယောဟန်လည်း ထိုမေတ္တာတော်ကို ဖော်ကျူးထား၏ — “ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏” (ယော ၃:၁၆ ကို ၁ ယော ၄:၉ နှင့် နှိုင်းယှဉ်ပါ)။

## ဘုရားသခင်၏သိုးသငယ်

ရှင်ယောဟန်သည် သခင်ယေရှုအား “ဘုရားသခင်၏သိုးသငယ်” ဟု ဆိုထား၏ — “နက်ဖြန်နေ့၌ ယေရှုကြွလာတော်မူသည်ကို ယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့” (ယော ၁:၂၉ ကို ယော ၁:၃၆ နှင့် နှိုင်းယှဉ်ပါ)။ “သိုးသငယ်” သည် ဣဇာက်၏ နေရာတွင် အစားဝင်ယူသည့် အဖြစ်ကို သမ္မာကျမ်းစာတွင် ကနဦးသုံးထားခဲ့ခြင်းသည် စိတ်ဝင်စားဖွယ်ကောင်း၏ (က ၂၂:၇)။ သိုးသငယ်ကို ပူဇော်သကာအဖြစ် ဤ ဖြစ်ရပ်တွင် ပထမဆုံးသုံးခဲ့ခြင်း မဟုတ်ပါ။ အာဗေလသည် သိုးသငယ်ကို မီးပူဇော်ခဲ့၏ (က ၄:၄ ကို တော ၁၈:၁၇ နှင့် နှိုင်းယှဉ်ပါ)။ သို့သော် seh - သိုးသငယ်ကို ဤကျမ်းချက်တွင် ပထမဆုံး သုံးခဲ့၏။ ဟောဗြဲ ကျမ်းရင်းတွင် ဤ ကျမ်းချက်တွင်သည်

"seh" ကို အတိအကျသုံးထား၏။ အခြားကျမ်းများတွင်မူ မရေမရာ သဘောမျိုးဖြင့် သုံးပြထား၏။ ဤတစ်မူထူးသည့်ဖြစ်ရပ်က တစ်မူထူးသည့် သက်ရောက်မှုကို ပြ၏။ ဣဇာက် (အာဗြဟံနှင့် အတူတကွ) သည် အခြားခြားတို့ထက် သာလွန်ဆန်းပြား သည့် သိုးသငယ်ကို ပုံဆောင်၏။

ရှင်ယောဟန်သည် "သိုးသငယ်" ခက်ဆစ်ကို အတိအကျသဘောဖြင့် ခရစ်ဝင်ကျမ်း (ယော ၁:၁၉၊ ၃၆) နှင့် အထူးအားဖြင့် ဗျာဒိတ်ကျမ်းတွင် (၂၃ ကြိမ်) သုံးထားခြင်းသည် ဣဇာက်က မေးခဲ့သည့် "ယဇ်ရှို့စရာဖို့ သိုးသငယ်" (က ၂၂:၇) ကို ညွှန်းခြင်းဖြစ်၏။ ဤဆက်စပ်မှုက ဣဇာက်မေးခဲ့သည့် သိုးသငယ်ကို ယောဟန်က ဘုရားသခင်၏သားတော်ကို ညွှန်းသည်ဟု ယူ၏။ ဤသို့ယူခြင်းကို အာဗြဟံ၏ အဖြေကလည်း အတည်ပြု၏ — "အာဗြဟံက ငါ့သား၊ ယဇ်ရှို့စရာဖို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူလိမ့်မည်ဟု ဆိုလေ၏" (က ၂၂:၈)။

က ၂၂:၈ တွင်လာသည့် အာဗြဟံ၏စကားဦးက တရားထူးကိုပြပါသည်။ ပထမအချက်ကား ဟေဗြဲသဒ္ဒါတွင် ကြိယာပုဒ်ဦးစွာလာပြီး ကတ္တားပုဒ်သည် နောက်မှလိုက်၏။ ဤကျမ်းပိုဒ်တွင်မူ ကြိယာပုဒ်၏အရှေ့တွင် "ဘုရားသခင်" ကို ဦးစွာသုံးထားခြင်းက ဘုရားသခင်ထံတွင်သာ အဖြေရှိသည်ဟု ပြခြင်းဖြစ်၏။ ဘုရားသခင်စီမံပေးလိမ့်မည်ဟု ဆိုခြင်းဖြစ်၏။ ဒုတိယအချက်ကား က ၂၂:၈ ကို အတိုးအလျှော့ရှိသည့်စကားနှင့် ဖွင့်ထား၏ - lek leka "ကိုယ့်ဖာသာကိုယ်သွား။" ယင်းသည် ဘုရား၏ခေါ်တော်မူခြင်းကို ချပြခြင်းဖြစ်၏ (က ၂၂:၂ ကလောင်ရှင်၏ မူပိုင်ပြန်ခြင်းကို က ၁၂:၁ နှင့် နှိုင်းယှဉ်ပါ)။ ထို့ကြောင့် က ၂၂:၈ ကို ဤသို့ပြန်၍ရပါသည် — "ဘုရားကိုယ်တိုင်သည် သိုးသငယ်ကို စီမံပါလိမ့်မည်။" အနက်တူကား — "ဘုရားကိုယ်တိုင်သည် သိုးသငယ်အဖြစ် နေရာဝင်ယူမည်။ ဤသို့ဖြင့် သိုးသငယ်ကို ဘုရားဟု သညာပြုထား၏။ ဤသို့ဖြင့် သိုးသငယ်သည် ဣဇာက်မှန်းထားသည့် ခန္ဓာရှိ သိုးကို ဆိုရုံမဟုတ်ဘဲ ဘုရားသခင်ကိုပင် ဆိုလိုခြင်းဖြစ်၏။

## ဘုရားသခင်၏အောင်ခြင်းမင်္ဂလာ

ဣဇာက်သည် ဘုရားသခင်က သိုးသငယ်ကို စီမံပေးမည်ဟု မျှော်ခဲ့၏။ သို့သော် သိုးသည် ပေါ်လာခြင်းဖြစ်၏။ "ထိုအခါ အာဗြဟံသည်မျှော်ကြည့်၍၊ မိမိနောက်မှာ ချုံပုတ်၌ ချိုငြိလျက်ရှိသောသိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင်၊ မိမိသားကိုယ်စား မီးရှို့ရာယဇ်ပြု၍ ပူဇော်လေ၏" (က ၂၂:၁၃)။ သိုးပေါ်လာခြင်းက အပြစ်ဖြေရာနေ့တွင် ပူဇော်ရသည့်သိုးကို ညွှန်း၏ (ဝတ် ၁၆:၃၊ ၆)။ ဣဇာက်၏ ဇာတ်ကြောင်းနှင့် အပြစ်ဖြေရာနေ့တို့သည် ချိတ်ဆက်မှုရှိ၏။ ဣဇာက်၏ဖြစ်စဉ်သည် အပြစ်ဖြေရာနေ့နှင့် ပတ်သက်ပြီး အခြားသောကျမ်းချက်များထက် နီးစပ်မှု သာ၍ ရှိ၏။ ယင်းတွင် "olah" ဟူသည့် "ယဇ်ကောင်ရှို့စရာ" (က ၂၂:၁၃ ကို ဝတ် ၁၆:၃၊ ၅

နှင့် နှိုင်းယှဉ်ပါ)၊ ra'ah "ပေါ်လာသည်" သည် niphal ကဲ့သို့ပင် ကမ္မကာရက ကြိယာပုဒ် (passive) ဖြစ်၏ (က ၂၂:၁၄ ကို ဝတ် ၁၆:၂ နှင့် နှိုင်းယှဉ်ပါ)၊ yiqqakh "ယူသည်" (က ၂၂: ၁၃ ကို ဝတ် ၁၆:၅ နှင့် နှိုင်းယှဉ်ပါ)။ ကျမ်းပိုဒ်နှစ်ပိုဒ်ကြား ဆက်စပ်မှုရှိခြင်းက ဝတ်ပြုရာကျမ်း အခန်းဝင် ၁၆ တွင်လာသည့် အပြစ်ဖြေရာ နေ့ တွင် ပြုရသည့် ထုံးတမ်းများကို ကျမ်းရေးသားသူသည် ဣဇာက်အာရုံထားခဲ့သည့် ယဇ်ရှို့စရာကို စိတ်တွင်အမှတ်ထားထားကြောင်း ပြသ၏။

အခြားတစ်ဘက်မှရှုလျှင် ဣဇာက်ကို ချည်နှောင်ခြင်းသည် ဒံယေလ အခန်းဝင် (၈) တွင် လာသည့် နောက်ဆုံးကာလတွင်ဖြစ်ပျက်မည့် အပြစ်ဖြေရာနေ့ကို နိမိတ် ဆောင်သည်ကို သတိပြုသင့်ပါသည်။ ဒံယေလ၏ရူပါရုံကို ပြဆိုသည့် ဝါကျအစ — "ငါမျှော်ကြည့်သော်၊ သိုးကိုမြင်၏" (ဒံ ၈:၃) — သည် ဣဇာက်၏ဇာတ်ဝင်ခန်းနှင့် ဆင်တူ၏။ ထို့ကြောင့် ဒံယေလ၏စကားစုသည် က ၂၂:၁၃ ကို ယူခြင်းဖြစ်၏။ ဣဇာက်၏ဇာတ်ဝင်ခန်းကို ဝတ်-၁၆ နှင့် ဒံ-၈ (အထူးအားဖြင့် "ra'ah - ကြည့်သော် (saw)" ဖြစ်၏) တို့က ထပ်၍အားဖြည့်ပေး၏။ ဒံ-၈ အရ Akedah ဇာတ်ဝင်ခန်း တွင် လာသည့် သိုးသငယ်သည် နောက်ဆုံးကာလ အပြစ်ဖြေရာနေ့ကို ညွှန်း၏။

ဤစကြဝဠာဆိုင်ရာ ရှုထောင့်သည် ဘုရား၏ကောင်းမြတ်ခြင်းကို အတည်ပြု ပြီး Akedah ဖြစ်စဉ်လည်း အကြုံးဝင်၏ (က ၂၂:၁၇)။ ဘုရားသခင်၏ ကောင်းချီး ကတိတော်သည် အာဗြဟံ၏ မျိုးဆက်များနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ လူ အားလုံးနှင့်ဆိုင်၏။ ဘုရားသခင်က အာဗြဟံ၏ မျိုးဆက်များသည် "ရန်သူတို့၏ မြို့ တံခါးများကို အစိုးရလိမ့်မည်" ဟု ကတိခံ၏။ ဤကတိသည် က ၃:၁၅ တွင် ကြို ဟောထားသည့် ခရစ်တော်သည် မြွေကိုအောင်နိုင်မည့်၊ အသက်သည် သေခြင်းကို အောင်နိုင်မည်တို့ကို ညွှန်း၏။ ဣဇာက်ကို ချည်နှောင်ခြင်းသည် ဘုရားသားသမီး များအတွက် နောက်ဆုံးကာလ အပြစ်ဖြေရာနေ့တွင် နောက်ဆုံးပိတ် အပြစ်ဖြေ ပေးခြင်းကို ညွှန်း၏ (ဒံ ၈:၁၄ နှင့် နှိုင်းယှဉ်ပါ)။ ဤတရားထူးကို ဟောပြဲဗျာဒိတ်ဝါဒစာ တွင် ဆက်၍ပါရှိစေပြီး Akedah ၏ ကောင်းချီးမင်္ဂလာသည် ယဇ်ပုရောဟိတ် မင်း ကြီး အပြစ်ဖြေရာနေ့တွင် "ကန့်လန့်ကာ" (ဟေ ၆:၁၉ ကို ဝတ် ၁၆:၂၊ ၁၅ နှင့် နှိုင်း ယှဉ်ပါ) ဖြတ်ကျော်နိုင်စွမ်းစေ၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

**က ၂၂:၆-၈ တွင်လာသည့် အာဗြဟံနှင့်ဣဇာက်တို့ကြားရှိ စကားအမေးအဖြေ အကြောင်းကို ဖတ်ရှုပါ။ ထိုအမေးအဖြေ၊ ဆိတ်ဆိတ်နေခြင်းတို့တွင် မည်သည့် တရား များ ရှိသနည်း။**

**က ၂၂:၆ "နှစ်ယောက်အတူသွားကြ၏။"** ထိုစကားစု နှစ်ကြိမ်လာ၏ (က ၂၂:၆၊ ၈) ဇာတ်ကွဲခန်းဖြစ်၏။ သားအဖနှစ်ယောက် စကားမဆိုနိုင်ကြဘဲ အတူသွားကြသည်ကို ဖော်ပြပေးထား၏။

**က ၂၂:၇၊ ၈ "ဣဇာက်က ... စကားဆို၏။"** က ၂၂:၇၊ ၈ တွင် ဣဇာက်၏အသံကြောင့် တိတ်ဆိတ်မှုအပြီးသတ်သွား၏။ ဤကျမ်း ၂ ချက်တွင် ဣဇာက်၏ စကားဆိုခြင်းသည် ဤဇာတ်ဝင်ခန်းတွင် ပထမနှင့် တစ်ကြိမ်တည်းသာ စကားဆိုခြင်းဖြစ်၏။

"ဣဇာက်က အဘ ဟုခေါ်၏" (က ၂၂:၇)။ ဣဇာက်သည် ပထမအကြိမ်အဖြစ် စကားဆိုရာတွင် ဟေဗြဲပါဠိ ábi - အကျွန်ုပ်၏အဘ ဟုဆိုခဲ့၏။ ယင်းက ပူဇော်ရန် ကြံစည်သည့် အာဗြဟံနှင့် ရင်းနှီးပုံကိုပြ၏။

"၎င်းလည်း (အာဗြဟံ) 'ငါ့သား ငါရှိ၏' ဟု ထူးလေ၏" (က ၂၂:၇)။ ငါ့သား (beni) သည် ငါ့အဘ (ábi) နှင့် ညီထွေမှုရှိ၏။ သတ်ရမည့်အစီအစဉ် မည်သို့ပင်ရှိရှိ ဖခင်သည် ၎င်း၏သားကိုချစ်ကာ ထိုမေတ္တာထုက ၎င်း၏ တစ်ဦးတည်းသော သားကို ပူဇော်ရမည်မှာ ရင်ကို သာ၍နာစေ၏ (ယော ၅:၂၀ နှင့် နှိုင်းယှဉ်ပါ)။

"ဣဇာက်ကလည်း မီးပါ၏။ ထင်းလည်းပါ၏။ ယဇ်ရှို့စရာဖို့ သိုးသငယ်သည် အဘယ်မှာရှိသနည်းဟု မေး၏" (က ၂၂:၇)။ ဤမေးခွန်းသည် "ကျွန်ုပ်သည် သိုးသငယ်လော" သွယ်ဝိုက်၍မေးခြင်းမျိုး ဖြစ်၏။

**မှတ်သားရန်–**

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

သင်ခန်းစာ – ၃ *ဧပြီလ ၁၂–၁၈

# မင်္ဂလာဆောင်ခြင်းမှ ပုံရိပ်များ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကမ္ဘာ ၂း၂၃ – ၂၅၊ ဖေက် ၅း၂၉ – ၃၂၊ ယေယကျေလ ၁၆း၄ – ၁၄၊ ဗျာ ၁၈း၁ – ၄၊ ကမ္ဘာ ၂၄း၁ – ၄၊ ဗျာ ၁၉း၁ – ၉၊

**အလွတ်ကျမ်းချက်။ ကောင်းကင်တမန်ကလည်း "သိုးသူငယ်၏မင်္ဂလာဆောင်ပွဲသို့ခေါ်ဖိတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာ ရှိကြ၏။ ဤစကားသည် ဘုရားသခင်၏ နှုတ်ထွက် စင်စစ်ဖြစ်၏" ဟူ၍ ငှင်း ငါ့အားပြော၏။** (ဗျာဒိတ်ကျမ်း ၁၉း၉)

သမ္မာကျမ်းစာသည် အချစ်ဝတ္ထုများဖြင့်ဖောင်းတင်းနေရာ ထာဝရဘုရား၏ သူ့လူတို့အား ချစ်သောမေတ္တာနှင့် ကယ်တင်ခြင်း တရားတို့ဖြစ်သည်။ အကျွမ်းဝင်ဆုံးသော ဆက်ဆံရေးသည် ထိမ်းမြားခြင်းဖြစ်၏။ စာသင်ကျောင်းသဘွယ်ဖြစ်၍ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ခွင့်ပြုရုံမျှဖြင့် ကျွန်ုပ်တို့နှင့် သူ့အကြား ဆက်ဆံခြင်း၊ ကျွန်ုပ်တို့အား ကယ်တင်ရန် မည်မျှ ပြုခဲ့ကြောင်းအစရှိသော သင်ခန်းစာတို့ကို သင်ယူရကြပါမည်။

အချစ်၊ ထိမ်းမြားခြင်းတို့နှင့် ပတ်သက်၍ ခေတ်ပေါ်အမြင်တွင် ထိမ်းမြားခြင်းစာချုပ်ကို တန်ဖိုးထား၍ ထာဝရဘုရား သွန်သင်လိုသောအရာတို့ကို တိမ်းစောင်း စေကြတော့သည်။ လူသား၏အပြစ်ဇာတိသည် ထိမ်မြားခြင်းကို လွန်စွာဖျက်စီးခဲ့ သော်လည်း ထိုထိမ်မြားခြင်းသည်ပင် အနာဂတ္တိ၏သမ္မာတရားကို ဖော်ပြရန် တန်ခိုးပါသော နည်းလမ်း တစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့အား ဝမ်းမြောက်စေရုံမျှမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်နှင့် ထာဝရဘုရား စပ်ကြား ဆက်ဆံရာတွင် နက်နဲသောသင်ခန်းစာတို့ကို သင်ကြားရမည့်ကျောင်း ဖြစ်ရပါမည်။

ယခုအပတ်တွင် ထိမ်းမြားခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်းတို့နှင့် ပတ်သက်သော နှုတ်ကပတ်တော်၏ သွန်သင်ခြင်းတို့ကို လေ့လာကြရပါမည်။ လူသားသည် မည်သို့ပင် အပြစ်များသည်ဖြစ်စေ ထာဝရဘုရားသည် သူတို့နှင့် ဆက်စပ်နေသည်ဟူသော သင်ခန်းစာများနှင့် သူ၏ချစ်ခြင်းမေတ္တာသမ္မာတရား တို့ကို သိကျွမ်းခြင်းဖြင့် နောက်ဆုံး နေ့ရက်တွင် ဖြစ်ပျက်မည့် အရာများကို သင်ကြားကြရလိမ့်မည်။

* ဧပြီလ ၁၉ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဧပြီလ ၁၃ ရက်

## တစ်သားတည်း

သမ္မာကျမ်းစာ၏ ဥပစာတစ်ချို့တို့တွင် ထာဝရဘုရားသည် လူသားတို့နှင့်ဆက်ဆံရာတွင် ထိမ်းမြားခြင်းထက်သာ၍ လေးနက်စေလိုသည်ဟု တင်ပြထားကြသည်။ သမ္မာကျမ်းစာတွင် ဤဥပစာကို မကြာခဏ အသုံးပြုလေ့ရှိရာ၊ ဗျာဒိတ်ကျမ်းသည် ထက်မြက်စွာ ဖော်ပြထားသည်။ ထာဝရဘုရားသည် ၎င်းတို့ကို မည်ကဲ့သို့ အသုံးပြုသည်ကို သမ္မာကျမ်း စာလေ့လာသူတို့အတွက် အရေးကြီးလိမ့်မည်။

**ဖတ်ရှုပါ – ကမ္ဘာ ၂း၂၃ – ၂၅ နှင့် ဧဖက် ၅း၂၉ – ၃၂။ လူသားတို့၏ ထိမ်းမြားခြင်းသည် ခရစ်တော်သည် လူသားနှင့် ပြုထားသော ခံဝန်ချုပ်အား မည်သို့တွေမြင်စေသနည်း။**

ယေရှုသည် ဖာရီစီတို့နှင့် အချေအတင် ပြောဆိုရာတွင် ကမ္ဘာဦးကျမ်းမှ အာဒံ၊ ဧဝတို့၏ ထိမ်းမြား ခြင်းကို ကောက်နုတ်သောအခါ ဖာရီစီတို့သည်လည်း "မောရှေသည် ဖြတ်စာ ပေးခြင်းဖြင့် မယားနှင့်ကွာရသော အခွင့်ကို အဘယ့်ကြောင့် စီရင်ရသနည်း" *(မဿဲ ၁၉း၇)* ဟု မေးကြ၏။

မောရှေသည် လူမျိုးတစ်ခုအားတည်ထောင်သောပုရောဖက် ဟုပင် မှတ်ရလေ၏။ ထိမ်းမြားခြင်းကို ဖန်တီးသူအား သူ၏ ပုရောဖက်ကိုပင် စွဲကိုင်ကာ ရှောက်ချလေကြ၏။ သူတို့သည် ယေရှုကို လိမ်မာပါးနပ်စွာ ချဉ်းကပ်တတ်ကြသည်။ ယေရှု၏ ဟောပြောချက် တို့သည် သမ္မာကျမ်းစာနှင့်မကိုက်ညီကြောင်း သက်သေထူပြ ကြသည်။

ထာဝရဘုရားသည် လူသားကို အစပျိုးရာတွင် ထိမ်းမြားခြင်း၌ ရာသက်ပန် သစ္စာတည်ခြင်းအား အခြေခံအုပ်မြစ်အဖြစ် ချထားလေ၏။ ဤဘုရားပေးအခြေခံအုပ်မြစ်ကို ကျဆုံးလူသားတို့သည် ဖျက်ဆီးကြ သည်။

သမ္မာကျမ်းစာသည် ထိမ်းမြားခြင်း၏ အရေးကြီးခြင်းတို့ကို ပေးထားသော်လည်း တိုက်ဆိုင်မှုဖြင့် ၎င်းသည် အတိုက်အခိုက်မကြုံဆုံရခြင်း မရှိပါ။ ဥပုသ်နေ့နှင့်အတူ ဧဒင်မှ အပ်နှင်းသောအရာဖြစ်၍ ထိုနှစ်ခုလုံးတို့သည် ထာဝရဘုရားနှင့် ဖန်ဆင်းထားသော သတ္တဝါတို့၏ ရင်းနှီးကျွမ်းဝင်နိုင်ရန် ထာဝရဘုရား၏ လိုအင်ဆန္ဒပင် ဖြစ်လေသည်။ မစုံ မလင်သော လူသားနှစ်ဦးတို့သည် စိုးရိမ်ပူပန်မှုများကို နေ့စဉ် ကြုံဆုံနေရမည်ဖြစ်သည်။ အသင်းတော်နှင့် ခရစ်တော်တို့၏ ထိမ်းမြားခြင်းသည်လည်း စုံလင်သောကယ်တင်ရှင်နှင့် မစုံလင် လွန်းသော သတို့သမီးတို့၏စုံတွဲပင်ဖြစ်သည်။ မည်သို့ဆိုစေကာမူ ထာဝရဘုရား၏ ချစ်မေတ္တာကို ထိမ်းမြားခြင်းမှ သင်ယူနိုင်ကြမည်ဖြစ်သည်။

**ထိမ်းမြားခြင်း၏ ဥပဒေသသုံးခုရှိသည်။ (၁) ခရစ်တော်သည် လုံးဝမထိုက်တန်သော ကျွန်ုပ်တို့အား ခွင့်လွှတ်သည်နည်းတူ၊ ခင်ပွန်းသည် သည် ထိုက်တန်တန် မတန်တန် ခွင့်လွှတ်ရမည်။ (၂) မှားယွင်းသော ကျွန်ုပ်တို့အား ခရစ်တော်သည် လက်ခံသည်နည်းတူ၊ ခင်ပွန်းသည်အား လက်ခံပါ။ (၃) ခရစ်တော်သည် ကျွန်ုပ်တို့ကို ဂုဏ်တန်းတင်သည်နည်းတူ မိမိတို့၏ခင်ပွန်းသည်အား ဂုဏ်တန်းတင်ထားပါ။ ထာဝရဘုရားနှင့် ကျွန်ုပ်တို့၏ ဆက်စပ်မှုကို သိကျွမ်းရန်၊ ဧဝံဂေလိအာပေါ်အခြေခံသော ဤအဆိုသုံးခုတို့သည် မည်ကဲ့သို့ကူညီနိုင်မည်နည်း။**

**တနင်္လာနေ့** ဧပြီလ ၁၄ ရက်

## လှပသောသတို့သမီး

ထာဝရဘုရားသည် မိမိလူတို့အား အလေးထားသည်ကို ယေဇကျေလ ၁၆ တွင် ဖော်ပြထားသည်။ ဣသရေလသည် သေစေရန် လယ်ပြင်၌ပစ်ထားသော သူငယ်လေးနှင့် နှိုင်းနှိုင်းထားသည်။ သူသည် ထို ခလေးမလေးအား အိမ်သို့ခေါ်ဆောင်လာကာ ဆေးကြော သန့်စင်သဖြင့် သူမသည်ကြီးပြင်းလာရာ သူမအား ထိမ်းမြားယူထားသည်ဆို၏။ အလား အလာမရှိသော ထိမ်းမြားခြင်း၏ပုံရိပ်ပင် ဖြစ်သည်။

**ပတ်ရှုပါ – ယေဇကျေလ ၁၆း၄ – ၁၄။ ကျွန်ုပ်တို့အတွက် ထာဝရဘုရား၏ ရည်ရွယ်ချက်များတို့ကို၊ ထို သတို့သမီးအား ပြေတောင်ပြောက်ပေးခြင်းသည် မည်ကဲ့သို့သွန် သင်သနည်း။**

ဣသရေလသည် ထာဝရဘုရား၏ စောင့်မခြင်းဖြင့် "အလွန်တရာလှသော အဆင်း" ရှိသည်ဆို၏ *(ယေဇ ၁၆း၁၃)*။ သူမအား ထာဝရဘုရားမှ စတွေ့ချိန်တွင် သူမ၏ အလှတရားကို မည်သူမျှမသိကြပါ။ အခြား ခလေးများတောထဲတွင် သူမသည် ပစ်ပယ်ခံရသူ၊ မျှော်လင့်ခြင်းကင်းမဲ့ကာသေရမည့်သူသာဖြစ်၏။ ထာဝရဘုရားသည် ရည်ရွယ်ချက်ရှိရှိပြုစုရာ အဆင်းလှခြင်းဖြင့် ပြည့်စုံလာကာ ကမ္ဘာပေါ်တွင် ဟူးဟူး ကျော်သည်တိုင် ဖြစ်လာသည်။ ဟောဗြဲရှင်ဘုရင် ဒါဝိဒ်နှင့် ရှောလမုန်တို့၏ လက်ထက်တွင် ဤအခြင်းအရာသည် မှန်ကန်၏။ ဣသရေလ၏ ခမ်းနားထယ်ဝါခြင်းကို ကြည့်ရှု ရန်၊ အီသရောပိဘုရင်မသည်ပင် အထူးဧည့်သည်တော်အဖြစ် လာရောက် လည်ပတ်ခဲ့သေး၏။

မည်သို့ဆိုစေကာမူ ဣသရေလ၏ခမ်းနားထယ်ဝါခြင်းသည် ထာဝရဘုရား၏ ဆုကျေးဇူးတော်ပင် ဖြစ်သည်။ ထာဝရဘုရား၏ သတို့သမီးဖြစ်သော သူမ၏အဆင်းကို လူမျိုးတို့မှ ရွတ်ဆိုကြ၏။ "ငါသည် ကိုယ်အသရေကို သင်၌ အပ်ပေးသောကြောင့် သင်သည် လှသောအဆင်းနှင့် စုံလင်၏" *(ယေဇ ၁၆း၁၄)* ဟု ထာဝရဘုရားမိန့်တော်မူ၏။

သမ္မာကျမ်းစာတွင် ထပ်တလဲလဲလာသော ဥပဒေသဖြစ်သည်။ ထာဝရဘုရား၏ သတို့သမီးသည် သူကိုယ်တိုင် ပြင်ဆင်တတ်၍မဟုတ်ဘဲ၊ ထာဝရဘုရား၏ မျက်နှာသာ ပေးခြင်းဖြင့် အဆင်းလှ၏။ ထိုနည်းတူ ယုံကြည်သူတို့သည်လည်း မိမိတို့၏ ပြုမူခြင်းကြောင့် မဟုတ်ဘဲ ထာဝရဘုရား၏ မျက်နှာသာပေးခြင်းနှင့် သူ၏ ကယ်တင်ခြင်းကို သွန်းလောင်းတော်မူခြင်းကြောင့် ကောင်းကင်၏ရှေ့မှောက်တွင် အဆင်းလှပ၏။ ဘုရားသခင် ကိုယ်တော်တိုင်၏ "ဖြောင့်မတ်ခြင်း" ဖုံးအုပ်ပေးသောကြောင့် ကျွန်ုပ်တို့သည်လည်း အဆင်းလှပကြ၏ *(၂ကော ၅း၂၁)*။ "သင်သည် ကိုယ်လှသောအဆင်းကို ကိုးစား၍ ဂုဏ်အသရေ ကျော်ဇောသောကြောင့် ပြည်တန်ဆာလုပ်၍ ခရီးသွားသူအပေါင်းတို့နှင့် မတရား သောမေထုန်ကိုပြုသည်" *(ယေဇ ၁၆း၁၅)* ဟု ဆို ၏။

ကျွန်ုပ်တို့သည် ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့် ဘုန်းတော်ကို ရောင်ပြန်ဟပ်ရန် ဖန်ဆင်းထားသည်။ သတ္တဝါတို့သည် မိမိတို့အလှတရားကို မိမိတို့အပိုင်ဟု ယုံကြည်သောအခါ ထိုအလှတရားသည်ဈေးပေါလာ၍၊ အန္တရယ်သည် စောင့်ကြို နေ၏။

**ကျွန်ုပ်တို့၏အလှတရားအား ကိုးစားခြင်းသည် မည်သည့်အန္တရယ် ရှိနိုင်သနည်း။ ထာဝရဘုရား၏ မေတ္တာ တော်နှင့် ထိုက်တန်စေသောအရာ ရှိသည်ကို ဆင်ခြင်ရမည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး မာန်မာနကို မည်ကဲ့သို့စောင့်ရှောက်ရမည်နည်း။**

**အင်္ဂါနေ့** ဧပြီလ ၁၅ ရက်

## ဟောရှေ၏ ပြည့်တန်ဆာ ဇနီး

ပုရောဖက်ဟောရှေထံမှ ထာဝရဘုရား၏ တောင်းဆိုခြင်းသည် သူ၏ကျွန်တစ်ဦး အပေါ်အထူးဆန်းဆုံး တောင်းဆိုခြင်းပင်ဖြစ်၏။ ပြည်တန်ဆာမအား ရည်ရွယ်ချက်ရှိရှိ ထိမ်းမြား ရပါမည်။ ထာဝရဘုရားသည် လူသား၏ အပြစ်နှင့် ပုန်ကန်ခြင်းတို့၏ နာကျည်းခြင်းကို ဟောရှေမှ နားလည်စေလိုသောကြောင့် ဖြစ်သည်။ ဘုရားသခင် ကိုယ်တော်တိုင်သည် အဆင်းလှပသောဇနီး ၊ ဣသရေလကို ရွေးချယ်ခဲ့ရာ ထို ဇနီး သည် သည် ထပ်ထပ် ခါခါ လည့်ဖြားသော်လည်း၊ သူသည် ပြန်လည် ခေါ်ယူလေ့ရှိ၏။

**ပတ်ရှုပါ – ဟောရှေ ၁း၂။ ၃း၁။ ဗျာ ၁၇း၁၊ ၂နှင့် ဗျာ ၁၈း၁ – ၄။ မည်သည့် ပြည်တန်ဆာ မျိုးကို တင်ပြထား သနည်း။ ဟောရှေ၏အတ္တုပ္ပတ္တိသည် ခရစ်ယာန်တို့အား မည်သည့်သင်ခန်းစာကို သွန်သင်သနည်း။ အသင်းတော်သည်လည်း ဧဝှဟောင်း၏ မည်သည့်အပြစ်ကို ထပ်မံပြုလုပ်သနည်း။**

သမ္မာကျမ်းစာသည် ဓမ္မဟောင်းကျမ်း၏ ဣသရေလအပြစ်များကို ဓမ္မသစ်ကျမ်း ၏ အသင်းတော်မှ ကျယ်ပြန့်စွာ ပြုလုပ်မည်ဟု ဖော်ပြထားသည်။ ဘုရားသခင်၏ ပဋိညာဉ် လူသားတို့သည် ကျွန်ဘဝမရောက်မီ သွေးရူးသွေးတန်ဖြင့် သူတို့ ပတ်ဝန်း ကျင်၏ ရုပ်တု ဆင်းတုများကို ထာဝရဘုရား၏ ပဋိညာဉ်လူသားတို့၏ နိုင်ငံအတွင်းသို့ ယူဆောင်လာသည်ဆို၏။ စတ္တုထရာစုအစောပိုင်း၏ ခရစ်ယာန်အသင်းတော်သည် အခွင့် အရေးသာရန် မျှော်လင့်ခြင်းဖြင့် ရောမဧကရာဇ်ဘုရင် ကွန်စတန်တင်းအား ချဉ်း ကပ်ကာ အသင်းတော်၏ ပြဿနာများကို ဖြေရှင်းစေလေသည်။ ထိုအမှုအရာအားလုံး တို့တွင် ထာဝရဘုရား၏ လူတို့သည် မိမိတို့၏ ပြဿနာများ၏ အဖြေရရှိရန် ဘုရားနှင့် ဆက်စပ်ခြင်းမှ အပြင်သို့ ရောက် သွား ကြပါသည်။

ထာဝရဘုရား ရွေးချယ်ထားသော စကားလုံးများသည် ကျွန်ုပ်တို့၏အမှားများကို ထောက်ပြခြင်း မဟုတ်ဘဲ သူကိုယ်တိုင်မှ ခံစားရသည်ကို ဖော်ပြခြင်းဖြစ်သည်။ ခင်ပွန်း သည်၏ ဖောက်ပြန်ခြင်း ခံရသောသူတို့သည် ခရစ်တော်အပေါ်တွင် ကျွန်ုပ်တို့၏ ဖောက်ပြားခြင်းသည် ကောင်းကင်၏တရားရုံးကိုပင် မွှေနှောက်သည်ကို သဘော ပေါက်လာစေသည်။ ဟောရှေအတ္တုပ္ပတ္တိတွင် အံ့အားအသင့်ရဆုံးသည် စိတ် မတည် ငြိမ်သော သူ့ဇနီး အား ရွေးနုတ်နေရခြင်းဖြစ်သည်။

ထာဝရဘုရား၏လူတို့ကို နောက်ဆုံးအဆင့် ဘေဘီလုန်မှ အပြီးထွက်လာရန် ခေါ် တော်မူခြင်းသည် ဧည့်သည်များအား ခေါ်တော်မူခြင်းမဟုတ်ပါ။ မိမိ၏လူများကိုသာ ခေါ်တော်မူခြင်းသာဖြစ်၏။ သူတို့နှင့် ရင်းနီးကျွမ်းဝင်၏။ သူတို့အားချစ်တော်မူ၏။ ကမ္ဘာကြီးသည် အဆိုးယုတ်ဆုံးအဆင့်သို့ ရောက်ရှိနေချိန်တွင် ထာဝရဘုရားသည် မိမိအသွေးဖြင့် အဖိုးအခပေးကာ ရွေးနုတ်ခြင်း တန်ဖိုးအား ပေးကမ်း နေသေး၏။ ထာဝရဘုရားသည် လမ်းလွဲသောသူ၏လူတို့အား ကယ်တင်ရန်အလိုရှိကြောင်းကို ခရစ်တော်၏ ကပ်တိုင်မှ တပါး အခြားအ ရာ တစ်ခုကမျှ မပြသနိုင်ပါ။

**ယနေ့အသင်းတော် တစ်ခုခုသည် မည်သည့်နည်းလမ်းများဖြင့် ဝိညာဉ်ရေးကာမေသုမိစ္ဆာ ပြုကျင့် နေကြ သနည်း။**

**ဗုဒ္ဓဟူးနေ့** ဧပြီလ ၁၆ ရက်

## ဗာရာဘက် နှင့် ရေဗက္ကာ

အာဗြာဟံသည် ထာဝရဘုရား၏ ဂတိတော်အတိုင်း နောင်လာနောက်သား အတွက် မိမိသည်အိုမင်း မစွမ်းသည်ကို ထောက်ထားပုံဖြင့် *(ကမ္ဘာ ၁၅း၅)* မိမိကျွန်များ မှ အသက်ကြီးဆုံး စိတ်အချရဆုံးအား လေးနက်သောတာဝန်တစ်ရပ်ကို အပ်နှင်း၏။

**ဖတ်ရှုပါ – ကမ္ဘာ ၂၄း၁–၄။ ခါနန်အမျိုးသမီးများနှင့် ထိမ်းမြားခြင်းမပြုရုံမျှသည် အာဗြာဟံအတွက် အဘယ်ကြောင့် အရေးကြီးရသနည်း *(ကမ္ဘာ ၂၄း၃)*။**

---

အာဗြာဟံ၏ အထူးတလည်သတိပေးချက်သည် လူမျိုးရေးမဟုတ်ပါ။ ဝိညာဉ်ရေး သာဖြစ်သည်။ နိုင်ငံရေးမဟုတ်ပါ။ ဘာသာရေးသာဖြစ်သည်။ ခါနန်လူမျိုးတို့၏ ဘုရား များအား မဆိုထားဘိနှင့်၊ သူတို့၏ ဘာသာရေး ပြုကျင့်ခြင်းတို့သည် အလွန်ယုတ်ညံ့ သောကြောင့် ၄င်းတို့နှင့် ထိမ်းမြားပါက သူ့သားသည် ထိုသူတို့၏ အမှုအကျင့်တို့၌ ကျဆုံး သွားမည်ကို မလိုလားသောကြောင့် ဖြစ်သည်။

ရှေးအခါက ဣသရေလတို့၏ ရာဇဝင် နှင့် ရာစုနှစ်များစွာအတွင်း ခရစ်ယာန်တို့၏ ရာဇဝင်တို့သည် ဘုရားသခင်၏ လူများအတွက် တစ်ထေ ရာတည်း ဖြစ်ကြသည်။ ကမ္ဘာသို့ သက်သေ ခံရမည့်သူ တို့သည် ကမ္ဘာနှင့် ၄င်း၏ မှားယွင်းသော ယုံကြည်ခြင်း တို့၏ ဖမ်းစား ခြင်းကို ခံနေကြရတော့သည်။ ဤဝမ်းနည်းခြင်း အဖြစ်အပျက်ကြီးသည် နတ်စားဘာသာ တို့၏ နေကိုးကွယ်ရာနေ့ တနင်္ဂနွေနေ့ကို သတ္တမနေ့၏နေရာတွင် အစားထိုးလိုက်ခြင်း သည် နောက်ဆုံးနေ့ရက်၏ ဖြစ်ရမည့်အရာများ ဖြစ်လေသည်။

**ဖတ်ရှုပါ – ကမ္ဘာ ၂၄း၅၇–၆၇။ ခရစ်တော်နှင့်၄င်း သူ၏အသင်းတော်နှင့် ပတ်သက်၍ ဤရာဇဝင်သည် မည်သည့် သင်ခန်းစာကို သွန်သင်သနည်း။ အလှမ်းဝေးသောဆွေမျိုး ရေဗက္ကာနှင့် ဗာရာဘက်တို့၏ ဇာတ်လမ်းမှ ကျဆုံးလူသားကျွန်ုပ်တို့သည် မည်သည့်သင်ခန်းစာ ရနိုင်မည်နည်း။**

---

ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်၏ပုံတူများ ဖြစ်သောကြောင့် ဆွေမျိုးတော်စပ်သည် မှာ ငြင်း၍မရသ လောက်ပင်ဖြစ်သည်။ အပြစ်ကြောင့် သူ့ထံမှဝေးကွာ နေရသော် လည်း ကျွန်ုပ်တို့သည် ထာဝရဘုရား၏ သတို့သမီး စစ်စစ်ဖြစ်ကြသည်။ ထိုထိမ်းမြား ခြင်းကို အဓိကရုဏ်းဖြစ်စေလိုပါကလည်း မိမိဖာသာ ရွေးချယ် ခြင်းသာဖြစ်သည်။

**ထာဝရဘုရားသည် သူ၏သတို့သမီး ကျွန်ုပ်တို့အား ချစ်သည်မှာ ကျွန်ုပ်တို့မှ သူ့အားချစ်သည်ထက် သာလွန် ၏။ ထာဝရဘုရားအား ကျွန်ုပ်တို့မှသာ၍ ချစ်နိုင်ရန် မည်သည်တို့ကို ရွေးချယ်ရပါမည်နည်း။ ထိုစဉ် အခါတွင်ပင် ကျွန်ုပ်တို့၏ အချစ်ကို မည်သည်က သေချာစေနိုင်သနည်း။**

## ကြာသပတေးနေ့ ဧပြီလ ၁၇ ရက်

## ပြည်တန်ဆာအားတရားစီရင်၏

**ပတ်ရှုပါ – ဗျာဒိတ် ၁၉း၁ – ၉။ ထင်ရှားသောအရာနှစ်ခုသည် တစ်ချိန်တည်းတွင် ဖြစ်ပျက်သည်။ ခရစ်တော်သည် သူ၏သတို့သမီးနှင့် ထိမ်းမြားခြင်း၊ ပြည်တန်ဆာ၏အဆုံး တို့ဖြစ်သည်။ ထိုနှစ်ခုလုံး တစ်ချိန်တည်းဖြစ် ပျက်ခြင်းသည် မည်ကဲ့သို့ ထာဝရဘုရား၏ ဖြောင့်မတ်ခြင်းနှင့် မေတ္တာတော်၏ ဝိသေသလက္ခဏာ ဖြစ်နိုင် သနည်း။**

ဖောက်ပြားခြင်းသည်လည်း နာကြင်သောအဖိုးအခကတ်ပြား ပါလာစေသည်။ ဆိုးကျိုးသည်လည်း သားသမီးများအပေါ်သို့ ဖိတ်ကျသွားရသေး၏။ စိတ်အရှည်ဆုံးသော ဖောက်ပြားသူ ခင်ပွန်းသည်ကပင်လျှင် နောက်ကြောင်း ပြန်လှည့်ရန် အချိန်မရှိတော့ကြောင်း လွန်ခဲ့သော ထိမ်းမြားခြင်းအား ပြန်လည်ရွေးနုတ်နိုင်ခြင်းလည်း မရှိကြောင်း သိရှိလာလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာသည် နောင်တမရနိုင်လောက်အောင် စိတ်နလုံး ခိုင်မာခြင်းသို့ ရောက်ရှိသဖြင့် ရာဇဝင်ပင်တွင်သွားကာ၊ အပြစ်၏ဆိုးကျိုး တို့ကို ဖာက်ကြီးလွှတ် ခွင့်ပြုလိုက်ရပါသည်။ ဆုံးရှုံးသူတို့သည် အသည်းကွဲနေရ သော်လည်း ဤကမ္ဘာတွင် အပြစ်၏ အထူးခွင့်ပြုချက်ကြောင့် ခံစားရခြင်းအချိန်သည် ကုန်ဆုံးလုပြီဖြစ်ရာ ဤကမ္ဘာ အား ထာဝရဘုရား၏ မူရင်းပုံစံအတိုင်း ပြန်လည်ပြုပြင်ရတော့မည်ဖြစ်သည်။ ဤတစ်ချီတွင် ထာဝရဘုရားထံမှ ဖောက်ပြားသွားရမည့် အချိန်မရှိတော့ပါ။ အကျိုးအကြောင်းရင်းသည် ထာဝရဘုရားနှင့် ကွေကွင်းရခြင်းကြောင့် ပျက်စီးယိုယွင်းရသည့် အဆိုတွင် ထာဝရဘုရားသည် မှန်ကန်သည်ကို ကျွန်ုပ်တို့ သိရှိပြီး သောကြောင့် ဖြစ်သည်။

**ပတ်ရှုပါ – ဗျာဒိတ် ၂၁း၁ – ၄။ မင်္ဂလာဆောင်ခြင်း ပုံရိပ်သည် မည်သည့်အနက် ရှိ၍၊ အဘယ်ကြောင့် ကတိများနှင့် ပြော်လင့်ခြင်းဖြင့် ပြည့်စုံသနည်း။ ထိုပြော်လင့်ခြင်းတို့ဖြင့် ကျွန်ုပ်တို့၏အာမခံချက်သည် အဘယ်နည်း။**

"မင်္ဂလာဆောင်ခြင်းသည် အသက်ထက်ဆုံးပေါင်းသင်းခြင်း၊ ခရစ်တော်နှင့် အသင်းတော်တို့၏ ပေါင်းသင်းခြင်းသင်္ကေတဖြစ်သည်။ အသင်းတော်အပေါ်တွင် ခရစ်တော်၏ သိသာထင်ရှားသော စိတ်ဓာတ်သည် လင်သားနှင့် ဇနီးသည်တို့၏ တစ်ဦးနှင့်တစ်ဦး ဖလှယ်ရမည့် စိတ်ဓာတ်ပင်ဖြစ်သည်။" (အီးဂျီဝိုက်။ *အသင်းတော်အတွက် သြဝါဒများ။* တွဲ ၇။ စာ၊ ၄၆)။ လူသားတို့သည် ခရစ်တော်အားငြင်းပယ်ကာ အခြားဘုရားများ၏ နောက်သို့ တစ်ကောက်ကောက် လိုက်သောအခါ သူသည် စိတ်ကူး မရလောက်အောင် စိတ်နာတော်မူ၏။ ထိုသို့ ဖြစ်စေကာမူ၊ သူသည် ဖောက်ပြား၍ လင်ငယ်နေ နောက်မီးလင်းသော သူတို့၏ အပြစ်ကြွေးကို မိမိကိုယ်တိုင် ပေးဆပ်ခဲ့ပြီး ဖြစ်သည်။ နောင်တရကြလျက် ၄င်းတို့အားလုံး ကို စွန့်လွှတ်လိုက်ပါက ကတိတော် ထာဝရအသက်ကို ကျွန်ုပ်တို့ပိုင်ဆိုင်ပြီ ဖြစ်သည်။

**၁ ပေ ၁း၁၈၊ ၁၉ ဖတ်ပါ။ ဗျာဒိတ်ကျမ်း ၂၁း၁ – ၄ တွင် နောက်ဆုံးနေ့ရက်အတွက် တင်ပြထားသော အရာများကို ဤကျမ်းချက်တို့သည် မည်ကဲ့သို့ထပ်မံအတည်ပြုသနည်း။**

**ဆက်လက်လေ့လာရန်။** ယော ၂း၁ – ၁၁၊ မဿဲ ၂၂း၁ – ၁၄၊ ၂၅း၁ – ၁၃၊ ၂ကော ၁၁း၁ – ၅။

အနာဂတ္တိကျမ်းစကားများအား ကျယ်ပြန့်စွာသိကျွမ်းနိုင်ရန် သမ္မာကျမ်းစာ၏ ကြွင်းသောအပိုင်းမှ အချက်အလက် မည်မျှရှိသည်ကို သင်နားလည်သည်နှင့်အမျှ ကျင့်သုံး ကြည့်ခဲ့လိမ့်မည်။ ရာစုနှစ်များစွာတို့တွင် ခရစ်ယာန်တို့ သည် ကျမ်းစာ၏ သင်္ကေတနှင့် ပုံရိပ်တို့ကို ဒဏ္ဍာရီဇာတ်လမ်းကဲ့သို့ ကိုင်တွယ် လုနီးနီးဖြစ် ခဲ့သေးသည်။ အနက်အဓိပ္ပါယ် တို့သည် သမ္မာကျမ်းစာတွင် အထပ်ထပ်အလွှာလွှာ ရှိသည်ဖြစ်ရာ အနာဂတ် အသင်းတော်အပေါ်တွင် သူကိုယ်တိုင် ပြုလုပ်မည့်အရာများကို လူသားစစ် စစ် များကိုပင် အသုံးပြု ကာ ကျွန်ုပ်တို့အား သွန်သင်နေခြင်းဖြစ်လေသည်။ ကာနမြို့ မင်္ဂလာပွဲအား ဥပမာပြုပါက မင်္ဂလာပွဲသည် လက်တွေ့အမှန် ဖြစ်သည်။ မင်္ဂလာပွဲကို လည်း အနာဂတ္တိစကားတို့သည် ဥပစာအဖြစ်အသုံးပြုကြလေသည်။ "ခရစ်တော်၏ နှုတ်ကပတ်တော်တို့သည် ထိုမင်္ဂလာပွဲ အတွက် လုံလောက်သောရိက္ခာ ဖြည့်တင်းပေး နိုင်စွမ်း၏။ ခရစ်တော်၏ ကျေးဇူးတော် သည် လူသားတို့၏ အပြစ်များကို ပယ်ဖျက်ကာ ဝိညာဉ်ကိုလည်း အသစ်ဖန်ဆင်းပေး နိုင်ရန် လုံလောက်လှပေ၏။" (အီးဂျီဝှိုက်။ *ထာဝရလိုအင်သက်တော်စဉ်။* စာ၊ ၁၄၉)။

"အကယ်စင်စစ် ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အား မဖော်ပြဘဲ ဘယ်အမှုကိုမျှ စီရင်တော်မမူ" *(အာမုတ် ၃း၇)*။ "မထင်ရှားသောအရာတို့သည် ထာဝရဘုရား၏ အင်န်းအတာဖြစ်၏။ ဖော်ပြသော အရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့် ငါတို့သား သမီးတို့၏ အင်န်းအတာဖြစ်သည်" *(တရားဟော ၂၉း၉)*။ "ဤအရာများ တို့ ကို ထာဝရဘုရားသည် ကျွန်ုပ်တို့အားပေးထားသည် ဖြစ်သဖြင့် ရှိသေသမှတ်စွာ ဆုတောင်းခြင်းဖြင့် ထိုအနာဂတ္တိကျမ်းတို့ကို လေ့လာပါက ကောင်းချီးမင်္ဂလာတွေ သည် လိုက်လာလိမ့်မည်ဖြစ်သည်။" (*ထာဝရလိုအင်သက်တော်စဉ်။* စာ၊ ၂၃၄)။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁ ယော ၂း၁ – ၁၁ ဖတ်ပါ။ အနာဂတ်တွင် ခရစ်တော်ပြုရမည့်အရာများစွာ ယောဟန်ရေးသားထား၏။ ၎င်းတို့သည် ကပ်တိုင်သို့ရည်ရွယ်ချက်ရှိရှိပို့ဆောင်သည်ကို ယောဟန် ဖော်ပြ၏။ ဤရာဇဝင်တွင် ခရစ်တော်၏ဝိသေသနလက္ခဏာများနှင့် သူ၏အနာဂတ်နိုင်ငံတော်၏ မည်သည့်လက္ခဏာ သွင်ပြင်ကိုမြင်ရသနည်း။ ကယ်တင်ခြင်းစီမံကိန်းနှင့် ဘုရားသားတော်၏ မင်္ဂလာပွဲ ကတိတော်အကြောင်း မည်သို့သွန်သင် သနည်း။**

**၂ အပျိုကညာ ဆယ်ဦး သရုပ်ပြပုံရိပ်ကို ကျမ်းစာလေ့လာသူ တို့ အလွန် စိတ်ဝင်စားကြပါသည်။ နောက်ဆုံးနေ့ရက် အကြောင်း မည်သို့ သွန်သင်ထားသနည်း။ သတို့သား ကြန့်ကြာခြင်းသည် အရေးပါ ပါသလား။ လူ တစ်ဦးချင်း၏ ခရစ်တော်နှင့် ဆက်ဆံခြင်း ဖြစ်စေ အသင်းတော်နှင့် ခရစ်တော်၏ ပတ်သက်ခြင်း ဖြစ်စေ ဤ သရုပ်ပြပုံရိပ်မှ မည်သည့် သင်ခန်းစာ သွန်သင်သနည်း။**

**၃ ခရစ်ယာန် ယုံကြည်ခြင်း၏ အပြင်ပမှ ဝင်လာသော မှားယွင်းသော အပြုအမူများအား တွေးတော ပါ။ ၎င်းတို့အထဲမှ ထင်ရှားသည်မှာ စနေဥပုသ်အား ဆန့်ကျင်သော တနင်္ဂနွေနှင့် အခြားဘယ်အရာ ရှိအုံး မည်နည်း။ ၎င်းတို့သည် မည်သို့ဝင်လာ၍၊ ၎င်းတို့၏ ရန်မှ မိမိကိုယ်ကို ကာကွယ်ရန်၊ ၎င်းတို့၏ အပြစ် မှန် ကို သူတစ်ပါးအား မည်သို့သိစေနိုင် မည်နည်း။ ထို မှားယွင်းသော ယုံကြည်ခြင်းများကို သူတစ်ပါး သိစေ နိုင် ရန် ကောင်းကင်တမန် သုံးပါး သတင်းစကားသည် မည်သို့ကူညီနိုင်မည်နည်း။**

# ထောပတ်ပုံကြီး

Andrew McChesney မှ ရေးသားသည်

နွားအခိုးခံရ ဖူးပြီးနောက်တွင် မိခင်သည် နွားအသစ်ကို စောင့်ရန် ခွေး တစ်ကောင်ပါ ထပ်မွေး၏။ SDA pastor ဖြစ်သည့် ဖခင်သည် ဥပုသ်စောင့်ခြင်းအမှုကြောင့် ရဲဘက်စခန်းသို့ ရောက်၏။ နွားသည် မိသားစုရပ်တည်ရေးအတွက် တစ်ခုတည်းသော ငွေရပေါက်ဖြစ်၏။ မိခင်သည် နို့ညှစ်ရောင်း၏။ နို့၏ ၁/၁၀ ကို ၁/၁၀ အလှူငွေအဖြစ် ဖယ်ထားပြီး ထောပတ်လုပ်၏။ ပုံးပြည့်သည့်အခါ ရောင်း၏။

တစ်ရက်တွင် မိခင်သည် နို့ညှစ်ပြီး ဈေးသို့သွားရောင်းကာ ကလေးများကို အိမ်စောင့်စေခဲ့၏။ "တံခါးမဖွင့်ကြနဲ့နော်" ဟု မှာခဲ့၏။ သူမသည် ချည်ထားသည့် ခွေးအနားတွင်ရှိသည့် ထောပတ်ပုံးကို ကြည့်ခဲ့သေး၏။ ထို့နောက် ထွက်သွား၏။

ခြံတံခါးသည် အဖွင့်ခံရပြီး သူစိမ်းတစ်ဦးဝင်လာသော်လည်း ခွေးသည် မဟောင်ပါ။ မူစလင်ဝတ်စုံ ဝတ်လာသူသည် ထိုခွေးရှေ့ ဖြတ်လျှောက်လာပြီး ခွေးသည် မြင်ပုံမရပါ။ ထိုသူက ထောပတ်ပုံးကိုယူကာ ထွက်သွား၏။ ထိုလူကြီးအကြောင်းကို ကလေးငယ်များက မိခင်ထံပြောပြကြ၏။ ဘာဖြစ်ပျက်ခဲ့သည်ကို မည်သူမျှ နားမလည်ပါ။

နှစ်ပေါင်းများစွာ စားလာခဲ့၏။ ဖခင်လည်း ရဲဘက်စခန်းမှထွက်လာပြီး ဓမ္မဆရာအလုပ်ကို ပြန်ဆက်လုပ်၏။ ကလေးငါးဦး ထပ်ရခဲ့၏။ အကြီးဆုံးသမီး Nina သည် အိမ်ထောင်ကျကာ သားသမီးပင် ရရှိနေပြီဖြစ်၏။ အလုပ်လည်းရ၏။ မြေသြဇာ ကုမ္ပဏီတွင် သန့်ရှင်းရေးဝင်လုပ်၏။ လုပ်ခယူရန် Nina သည် စာရင်းကိုင်ထံသို့ သွားရ၏။ တစ်နေ့ လစာထုတ်ရန် စောင့်နေစဉ်တွင် စာရင်းကိုင်ထံ ထောပတ်ပုံးအကြောင်း ရင်ဖွင့်ပြ၏။ စာရင်းကိုင်လည်း Nina ပြောပြသည့် မူစလင်အကြောင်းကို နားထောင်ပေး၏။ စာရင်းကိုင်က "ဘယ်တုန်းက ဖြစ်ခဲ့တာလည်း" ဟုမေး၏။ Nina က ပြောပြ၏။ စာရင်းကိုင်လည်း ငိုမဲ့မဲ့ဖြစ်လာ၏။ "ဇာတ်လမ်း ဘယ်လိုအဆုံးသတ်လည်း သိချင်လား" ဟု မေး၏။ သူမတို့ မွေးချင်းငါးယောက်သည် Siberia တွင် ကြီးပြင်းခဲ့ကြကြောင်း၊ မိဘများ ဒုတိယကမ္ဘာစစ်တွင် ပါသွားကြောင်း၊ အဖွားနှင့်နေရကြောင်းများ ပြောပြ၏။ အခြေအနေများသည် ခက်ခဲခဲ့ပြီး အစာပြတ်သည့်နေ့ ရောက်ခဲ့ပါပြီ။ အဖွားသည် အစာမရှိသည့် စားပွဲဝိုင်းတွင် မြေးငါးယောက်နှင့်ထိုင်ကာ ဆုတောင်း၏။ ဆုတောင်းအပြီးတွင် တံခါးခေါက်သံ ကြားရ၏။ အပြင်တွင် မူစလင်အမျိုးသားတစ်ဦး ရပ်နေ၏။ လက် တစ်ဘက် တွင် ထောပတ်ပုံးဆွဲပြီး အခြားတစ်ဘက်တွင် ပေါင်မုန့်ကိုင်ထား၏။

မြေသြဇာကုမ္ပဏီတွင် စာရင်းကိုင်မသည် Nina အား ဘုရားသခင်အကြောင်း ထပ်၍ပြောစေ၏။ အချိန်ရလာသည့်အခါ သူမနှင့် သူမ၏သမီးသည် ယေရှုထံအပ်နှံကာ မြော်လင့်ခြင်းအသင်းသို့ဝင်ခဲ့၏။ ယနေ့တွင်ထိုလူဆန်းကို မည်သူကမှ မသိနိုင်ကြသေးပါ။ Nina ၏သမီးဖြစ်သူ Liubov Brunton က ထိုပုဂ္ဂိုလ်သည် ကောင်းကင် တမန် ဖြစ်မည်ဟုဆို၏။ သူမက "ကောင်းကင်တမန်အတွက် Tajikistan ကနေ Siberia ကို ရောက်ဖို့ စက္ကန့်ပိုင်းဘဲ လိုမှာပါ။ ပေါင်မုန့်ကို ဘယ်ကဆွဲလာခဲ့လဲဆိုတာပဲ ကျွန်မ သိချင်နေတာပါ။ အဖြစ်အပျက်တွေသိရဖို့ ကောင်းကင်ကို ရောက်ချင် လှပြီ" ဟုဆို၏။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဗျာဒိတ် ၁၉:၉

**လေ့လာမှုဦးတည်ချက်။** က ၂:၁၈-၂၃၊ ယေဇ ၁၆:၃-၃၂

ကမ္ဘာဦးကျမ်း တွင်လာသည့် ဖန်ဆင်းခြင်း အကြောင်းတွင် ထိမ်းမြားခြင်း အကြောင်းပါရှိပြီး က ၂:၂၁-၂၄ ၏ သတ္တမအကန့်တွင်လာပြီး သတ္တမနေ့တွင် ဖြစ်တည်လာသည့် ဥပုသ်နှင့် တန်းတူမှုမျိုးရှိ၏ (က ၂:၁၂-၃)။ ကိန်းဂဏန်း တူညီခြင်းသည် သင်ခန်းစာထူးကိုပြ၏ — ဘုရားသခင်နှင့် လူသား၏မိတ်သဟာယကို ထွတ်မြတ်သောထိမ်းမြားခြင်း ရှုထောင့်ဖြင့် ရှုမြင်သုံးသပ်ရန်ဖြစ်၏။

ထိမ်းမြားခြင်း ဥပစာစကားကို ဣသရေလများ အီဂျစ်ပြည်မှစထွက်ခဲ့သည့် အချိန်မှ ထပ်တလဲလဲ အသုံးပြုထား၏။ မနာလိုဝန်တိုခြင်းကို အိမ်ထောင်ရေး ဖောက်ပြန်ခြင်းမျိုးနှင့် ဆက်ပြလေ့ရှိပြီး ပညတ်တော် (၁၀) ပါးတွင် တွေ့ရ၏ (ထွ ၂၀:၅ ကို တော ၂၅:၁၊ တရား ၄:၂၃-၂၄ တို့နှင့် နှိုင်းယှဉ်ပါ)။ ဘုရားနှင့် ၎င်း၏ သားသမီးများကြား ပဋိညာဉ်ပြုပုံကို လင်မယားရှုထောင့်မှ မှတ်ယူရပါမည်။ ဘုရားသခင်သည် ၎င်း၏သားသမီးများကို “ချစ်” (တရား ၇:၈) ပြီး ဣသရေလများ ကလည်း ဘုရားကိုပြန်၍ “ချစ်” ရပါမည် (တရား ၆:၅)။ ဟေဗြဲခက်ဆစ် yadà သည် “သိကျွမ်းခြင်း” ဖြစ်ပြီး လင်နှင့်မယားကြား လင်မယားမြောက်ခြင်းကို ပြသည့် ခက်ဆစ်ဖြစ် (က ၄:၁။ က ၁၉:၈) ပြီး ဘုရားသခင်နှင့် ၎င်း၏လူများကြား အဆက်အဆံကိုပြရာတွင် သုံးထား၏ (ဆာ ၁၆:၁၁၊ ယေ ၂:၂၊ ၃၊ ယေဇ ၁၆:၃-၃၂)။

ထိုထိုအကြောင်းခံများကြောင့် လင်ခန်းမယားခန်းအကြောင်း သာ၍သိနိုင်ရန် သမ္မာကျမ်းစာကပြထားသည့် လင်ခန်းမယားခန်းကို လေ့လာရန်လိုအပ်ပါသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

ပထမအနေဖြင့် သမ္မာကျမ်းစာ၏ လင်မယားစံကို ကမ္ဘာဦးကျမ်းတွင်လာသည့် အာဒံ-ဧဝ၊ ဣဇာက်-ရေဗက္က တို့အကြောင်းကို သုံးသပ်ကြအံ့။ ထို့နောက်တွင် ဗျာဒိတ်အဟောတွင်လာသည့် “ပြည့်တန်ဆာမ၊” “သတို့သမီး” အဟောများ၊ လူသားများနှင့်ဆက်ဆံရာတွင် ကျရှုံးခြင်း၊ အောင်မြင်ခြင်းများကိုလည်း ဆက်၍ သုံးသပ်ကြပါမည်။

**အာဒံ – ဧဝ**

သမ္မာကျမ်းစာတွင် ထိမ်းမြားခြင်းသည် လူသားစတင်ဖြစ်လာသည့်နေ့၊ ဧဒင် ဥယျာဉ်တွင် စရှိခဲ့သည်ဟု ပြထား၏ (က ၁:၂၆၊ ၂၇၊ က ၂:၁၈၊ ၂၀-၂၃)။ ထို့ကြောင့် ဝိညာဉ်တော် မှုတ်သွင်းထားသည့် ကမ္ဘာဦးကျမ်းတွင် ထိမ်းမြားခြင်းဆိုင်ရာ နည်း ဥပဒေများ ပါရှိသည်ဟု မျှော်လင့်နိုင်ပြီး လေ့လာထိုက်သည်ဟု မှတ်ပါသည်။

***"ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ"*** (က ၁:၂၇)၊ ယင်းတွင် လူကိုဖန်ဆင်းရာတွင် ဘုရားဘက်မှ ခြေလှမ်းစခဲ့ကြောင်းကို ဗဟုဝုစ်နှင့်သုံးထားခြင်းသည် စိတ်ဝင်စားဖွယ်ဖြစ်၏။ ဗဟုဝုစ်ပြကြိယာဖြစ်သည့် nàseh "ဖန်ဆင်းကြစို့" (က ၁:၂၆) သည် ဘုရားတစ်ဆူတွင် ပါဝင်သည့် ဘုရားတစ်ပါးချင်းကြားရှိ အဆက်အဆံရှိမှုကို ချပြ၏။ ဘုရားသခင်က စုံတွဲတစ်တွဲကို ဖန်ဆင်းရာတွင် "မိမိသဏ္ဌာန်နှင့်အညီ" (က ၁:၂၇) ဖန်ဆင်းခြင်းက အာဒံ-ဧဝ တို့သည် ဘုရားသခင် တစ်ပါးချင်းခြား ဆက်ဆံပုံကို ထင်ဟပ်ပြရမည့်အရေးရှိ၏။ တူညီခြင်းတွင် အထအနကောက်ကာ ဘုရားတို့ကြား သံဝါဒပြိုခြင်းရှိသည်ဟု မယူရပါ။ ဘုရားသုံးပါးတို့သည် ချစ်ခင်ကြသည်၊ တစ်စိတ်တည်းဖြစ်ကြသောကြောင့် အမျိုးသားနှင့် အမျိုးသမီးတို့လည်း ထိုသို့ချစ်၊ တစ်စိတ်တည်းဖြစ်ကြရမည်ဟု ချစ်ပြခြင်းဖြစ်၏ (က ၂:၂၄၊ ယော ၁၅:၉၊ ၁၂၊ ၁၇၊ ဧ ၄:၁-၆ တို့ကိုရှု)။

***"သူနှင့်တော်သော အထောက်အမ"*** (က ၂:၁၈)။ èzer "အထောက်အမ" သည် ဘုရား၏ ကယ်တင်ခြင်းလုပ်ရပ်ကိုညွှန်းရန် ယေဘုယျသုံးသည့် ခက်ဆစ်ဖြစ်၏ (ထွ ၁၈:၄၊ ဆာ ၃၃:၂၀)။ kenegdo "သူနှင့်တော်သော" သည် "တူ" (ke) နှင့် "တစ်ဦးနှင့်တစ်ဦး" (negdo) ဟု အတည်ဆိုခြင်းဖြစ်၏။

အမျိုးသားနှင့် အမျိုးသမီးတို့ကို ဖန်ဆင်းစဉ်နှင့် အပြစ်သင့်ကြပြီးနောက်များတွင် အပြန်အလှန် သဘောတရားရှိခြင်းက ဘုရားသခင်နှင့် ၎င်း၏သားသမီးများကြား ပဋိညာဉ်ပြုခြင်းအတွက် ပြယုဂ်ပင်ဖြစ်၏ (ရှော ၆:၃၊ က ၃:၁၆၊ ဧ ၅:၂၁-၂၈ တို့ကို နှိုင်းယှဉ်ပါ)။

## ဣဇာက် – ရေဗက္ကာ

ဣဇာက်နှင့်ရေဗက္ကာတို့ ထိမ်းမြားကြပုံကို ကမ္ဘာဦးကျမ်းတွင် အရှည်ဆုံးဖြစ်သည့် အခန်းဝင် ၂၄ တွင် ရေးမှတ်ထား၏။ ဤဖြစ်စဉ်တွင် ဘုရားသခင်ပါရှိကြောင်းသင်ခန်းစာယူရန်ရှိ၏။ ထာဝရဘုရားသည် ဘာမျှမမိန့်ခဲ့သော်ငြား ၁၇ ကြိမ်တိုင်တိုင် ဖော်ပြခံရ၏။ ဤအခန်းဝင်တွင် အခြားအရေးပါသော "သွားလော့" (halak) ဟူသည့် ကြိယာပုဒ်ဖြစ်ပြီး ယင်းလည်း ၁၇ ကြိမ်လာပြီး၊ ခုနစ်ကြိမ်သည် ရေဗက္ကာနှင့်ပတ်သက်၏။ "သွားလော့" သည် အာဗြဟံက ဘုရား၏ခေါ်ထုတ်ခြင်းကို နာခံကာ ခရီးစထွက်ရန် စတင်သည့် ဝေါဟာရဖြစ်၏ (က ၁၂:၁၊ ၄)။ ရေဗက္ကာကိုလည်း ဤသို့ကြောင့် ဒုတိယအာဗြဟံအဖြစ် နားလည်ထားရ၏။ ဤအခန်းဝင်တွင်လာသည့် ယေဘုယျတရားကား ထိမ်းမြားခြင်းရှိရာအရပ်သည် ဘုရားသခင်ရှိသည့်အရပ်၊ ကယ်တင်ခြင်းရှိသည့်အရပ် ဖြစ်သည့်တရားဖြစ်၏။ ထို့ကြောင့် ဣဇာက်နှင့် ရေဗက္ကာတို့၏ ထိမ်းမြားခြင်းသည် ဘုရားသခင်သည် ၎င်း၏သားသမီးများနှင့် ပဋိညာဉ်ပြုခြင်း အကြောင်းကို များစွာအသိတိုးစေ၏။

***ပဋိညာဉ်ပြုရန် ဘုရားသည် ခြေစလှမ်းသည်။*** သတို့သမီးကိုရှာရန် အာဗြဟံက စတင်ကာ ၎င်း၏ကျွန် ဧလျာဇာကို စေလွှတ်သကဲ့သို့ ဘုရားသခင်ကလည်း ၎င်း၏

ကြင်ဖော်၊ ၎င်း၏သားသမီးများထံ စတင်ချဉ်းကပ်သူဖြစ်၏။ ဘုရားသခင်သည် ပဋိညာဉ်ပြုခြင်းတွင် အဓမ္မတရားမသုံးပါ။ ထိုနည်းတူပင် လေဗျာဇာလည်း ၎င်းနှင့် ပြန်မလိုက်လိုသည့် သတို့သမီးကို လွတ်လပ်ခွင့်ပေး၏။ "မိန်းမသည် ဤပြည်သို့ မလိုက်လိုလျှင်" (က ၂၄:၅)။

***သတို့သမီး၏တုံ့ပြန်မှု။*** ရေဗက္ကသည် လိုက်သွားရန် မတွန့်ဆုတ်ခဲ့ပါ။ èlek – "ကျွန်ုပ်လိုက်ပါမည်" (က ၂၄:၅၈) ဟု အပြတ်ပြော၏။ ဤ halak (သွား) ဟူသည့် ကြိယာပုဒ်သည် ရေဗက္ကအကြောင်းတွင် နောက်ဆုံးမြင်ရသည့် ဝေါဟာရဖြစ်ပါသည်။ ရေဗက္က၏သဘောထားကို မေးမြန်းခြင်းသည် ထူး၏။ သူမတို့၏ဓလေ့တွင် လူကြီးကိစ္စဆွေးနွေးရာတွင် သတို့သမီးသည် ဘာမှပြောခွင့်မရှိပါ။ ယခုဖြစ်စဉ်တွင် အကြောင်းတရားအားလုံး သူမလက်ထဲတွင် ရှိ၏။ ထို့အပြင် ရေဗက္က၏ တုံ့ပြန်မှုသည် အာဗြဟံ၏တုံ့ပြန်မှုနှင့် ထပ်တူ၏။ အာဗြဟံလည်း mesopotamia ဒေသကို စွန့်ခွာခဲ့စဉ်တွင် wayyelek "ထွက်သွား၍" (က ၁၂:၄) သုံးခဲ့သည့် ကြိယာပုဒ်နှင့် ထပ်တူကြ၏။ ဤသို့ကြောင့် ရေဗက္ကသည် အာဗြဟံ၏ခြေရာ နင်းခဲ့၏။

***ဆုတောင်းခြင်း၏အခန်းကဏ္ဍ။*** လေဗျာဇာသည် ၎င်း၏တာဝန် အရာထင်နိုင်ရန် ဆုတောင်းခဲ့၏ (က ၂၄:၁၂)။ ရေဗက္ကသည် ၎င်းကိုရေတိုက်ရန်ပါ ဆုတောင်း၏ (က ၂၄:၁၄)။ ၎င်းဆုတောင်းအတိုင်းပင် ရေဗက္ကာသည် ၎င်းအား "ရေကိုပေးလေ၏" (က ၂၄:၁၈)။ ဣဇာက်လည်း ရေဗက္ကနှင့်တွေ့ဆုံမှုတွင် အဆင်ပြေရန် ဆုတောင်းခဲ့၏ (က ၂၄:၆၃)။ ထို့နောက်တွင် ရေဗက္ကနှင့် ဣဇာက်တို့ မျက်လုံးချင်းဆုံကြ၏ (က ၂၄:၆၄)။

***မေတ္တာ၏အခန်းကဏ္ဍ။*** သမ္မာကျမ်းစာတွင် ဣဇာက်သည် ရေဗက္ကအား ထိမ်းမြားပြီးနောက်မှ မေတ္တာသက်ဝင်သည်ဟု ပြထား၏ (က ၂၄:၆၇)။ မေတ္တာတွင် သစ္စာရှိရ၏။ ယင်းသည် "သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကို လွန်စေ" ရမည့်ဝတ် ဖြစ်၏ (ဒေ ၉:၉)။ ဤဟေဗြဲတို့၏ဓလေ့တွင် မေတ္တာတွင် ဘာသာရေးပါဝင်၏။ အပြန်အလှန် မေတ္တာသက်ဝင်ခြင်းသည် ဘုရားသခင်နှင့် ၎င်း၏သားသမီးများကြား ပဋိညာဉ်ပြုခြင်းအတွက် စံနူန်းဖြစ်၏ (ဟော ၂:၂၊ ဟော ၃:၁)။ မေတ္တာသည် ဓမ္မဟောင်းခေတ်ရှိ "ပဋိညာဉ်" ပြုခြင်းအမှုတွင် မဏ္ဍိုင်တစ်ခု ဖြစ်၏ (တရား ၇:၉)။ ဤသို့ဖြင့် ဘုရားသခင်က ၎င်းကိုချစ်ကြရန် မိန့်သည့်အခါ ယာယီစိတ်ခံစားမှုကို ဆိုလိုခြင်းမဟုတ်ပါ။ ဘုရားသခင်ကို ချစ်ရမည့်အရေးတွင် အသက်ပေးကာ ချစ်ရမည့်အရေး ပါဝင်၏ (တရား ၆:၅-၉၊ ထွ ၂၀:၆)။

## ပြည့်တန်ဆာမနှင့်သတို့သမီး

လင်မယားဆက်ဆံမှုမျိုးသည် ပရောဖက်များအား အာရုံရစေ၏။ ဘုရား၏ သားသမီးများ ဘုရားသခင့်အပေါ် သစ္စာပျက်ကာ အခြားဘုရားများအား ကိုးကွယ်သည့်အခါ ၎င်းတို့ကို ပြည့်တန်ဆာမအဖြစ် နှိုင်း၏။ အိမ်ထောင်ရေးတွင် သစ္စာပျက်ပြီဟု ပြထား၏။ အခြားဘက်တွင် ဘုရား၏သားသမီးများ ဘုရားအပေါ် သစ္စာရှိကြ

သည့်အခါ ပွဲခံကြကာ ဣသရေလ (သို့) အသင်းတော်ကို အဆင်းလှသည့် သတို့သမီးဟု နှိုင်းထား၏။

***ပြည့်တန်ဆာမ။*** ဟောရှေကျမ်းတွင် လင်မယားကြား အပြန်အလှန် ဆက်ဆံရေးကို ဝိညာဉ်ရေးနှင့် သမိုင်းကြောင်းတို့ကို ညွှန်းထား၏။ ဘုရားသခင်က ပရောဖက်ဟောရှေအား "သင်သွား၍ ပြည့်တန်ဆာမိန်းမနှင့်တကွ သူဖွားမြင်သော သားသမီးတို့ကို သိမ်းပိုက်လော့။ အကြောင်းမူကား၊ ပြည်သားတို့သည် ထာဝရဘုရားကိုစွန့်ပစ်၍ အထပ်ထပ်မှားယွင်းကြပြီဟု ဟောရှေအား မှာထားတော်မူ၏" (ဟော ၁:၂)။ ထိုကျမ်းပိုဒ်တွင် အတည်ယူ၊ ဝိညာဉ်ရေးအဖြစ် ယူရပါမည်။ ဤအမျိုးသမီးသည် မိမိ၏ချစ်ခြင်းကိုခံလျက်" ဘုရားသခင်က ချစ်ရသည့် ဣသရေလများ က အခြားဘုရားတို့ကို ဖူးမျှော်သကဲ့သို့ သစ္စာပျက်၏ (ဟော ၃:၁)။ ဤသို့ဖြင့် သူမသည် ထိုခေတ်တွင် ခါနန်ပြည်တွင် ပြည့်တန်ဆာစစ်စစ် ဖြစ်ခဲ့၏။ သို့နှင့် ပရောဖက်က ပြည့်တန်ဆာမကို လက်ထပ်သည်ကို ဣသရေလများက တွေ့ကြသည့်အခါ ၎င်းတို့ကိုယ်ကို ဘုရားသခင်က လက်ထပ်ယူခဲ့သည့် ပြည်တန်ဆာမအဖြစ် သုံးသပ်ဖြစ်ကြ၏။

***ဘုရားသခင်၏ သတို့သမီး။*** ယေဇကျေလကျမ်းတွင် အမျိုးသမီး (သို့) သတို့သမီးသည် ကြီးပွားတို့တက်သည့် ဘုရားသခင်၏ သားသမီးများကို ပုံဆောင်၏။ ဘုရားသည် သူမကို ရုပ်တုကိုးကွယ်သည့်ရုပ်ကွက်မှ မွေးလာသည့် ရွက်ကြမ်းရေကြို ဘဝတွင် ရှိစဉ်ကပင် တွေ့ထားခဲ့၏ (ယေဇ ၁၆:၃)။ ထို့နောက် ဘုရားသခင်က တာဝန်ယူ၏။ ကောင်းစွာကျွေးမွေး၏။ သူမလည်း "အလွန်တရာလှ" လာ၏ (ယေဇ ၁၆:၁၃)။ ယင်းသည် ဘုရားသခင်ပေးကမ်းသည့် ဘုရား၏ခမ်းနားခြင်းကို ကိုယ်စားပြု၏ (ယေဇ ၁၆:၁၄)။ ဟေဗြဲစကားဆစ် me'od me'od "အလွန်တရာ" ကို အမျိုးသမီး၏ အပြစ်ကြီးပုံကို ပြရာတွင် ယေဇကျေလကျမ်းတွင် "အလွန်တရာကြီး၏" ဟု သုံးထား၏ (ယေဇ ၉:၉)။ ဘုရားသခင်က "အလွန်တရာ" ကောင်းစေခဲ့သည့်အရာသည် "အလွန်တရာ" အကျည်းတန်ပါပြီ။

***ပြည့်တန်ဆာမနှင့် သတို့သမီး။*** ဟေဗြဲပရောဖက်များနှင့် ထပ်တူကျစွာ ဗျာဒိတ်ကျမ်းလည်း လင်မယားသရုပ်ကို အမျိုးသမီးနှစ်ဦးအပေါ် သုံးပြထား၏။ "မိမိခင်ပွန်းဖို့ တန်ဆာဆင်သော သတို့သမီး" (ဗျာ ၂၁:၂) သည် ဘုရားသခင်လာ၍ ကျိန်းမည့် "ယေရုရှလင်မြို့သစ်" (ဗျာ ၂၁:၂/ Rev. 21:3) တွင် နေထိုင်သည့် ဘုရားသခင်၏ သားသမီးများကို ညွှန်း၏။ တစ်ဘက်တွင်ကား "ပြည့်တန်ဆာကြီး" သည် "မိမိ မတရားသော မေထုန်အားဖြင့် မြေကြီးကိုပုပ်ပျက်စေသော" သစ္စာမဲ့သော အသင်းတော်ကို ပုံဆောင်၏ (ဗျာ ၁၉:၂)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

လင်မယားကြား သိက္ခမ်းကြပုံသည် ခရစ်ယာန်ဓမ္မခရီး၏နယ်ပယ် သုံး နယ်ပယ်တွင် အသုံးချရန်ရှိပါသည် — မိမိဘုရားနှင့်၊ မိမိကြင်ဖော်နှင့်။ မိမိအသင်းတော်တွင် အသုံးချရန်ရှိပါသည်။

**(၁) ဘုရားသခင်နှင့်။** လင်မယားကြားသိက္ခမ်းပုံကို ဘုရားသခင်နှင့် ဆက်ဆံရေးတွင် မည်သို့အသုံးချမည်နည်း။ ဤဥပစာသည် သင်၏ဓမ္မခရီးတွင် မည်သို့ ဆောက်တည်မှုဖြစ်စေသနည်း။ ယင်းဥပစာက ဘုရားသခင်သည် သင် ဆုတောင်းချိန်၊ ဘုရားကျောင်းတွင် ဝတ်ပြုချိန်တွင်သာ မဟုတ်ဘဲ အရပ်တိုင်း၊ အချိန်တိုင်းတွင် ရှိရမည်ဖြစ်ကြောင်း မည်သို့တရားပြသနည်း။ လင်မယားပြုယုဂ်သည် သင် ညတွင်အိပ်နေစဉ်၊ နေ့တွင်လုပ်ရှား၊ စဉ်းစား၊ ပြောဆို၊ သီချင်းဆို၊ စား၊ ကစား၊ ရီ၊ ဒုက္ခတွေ့၊ ငို၊ ရုန်းကန်စဉ်များတွင် ဘုရားသခင်နှင့် မည်သို့ လမ်းအတူလျှောက်ရန် သင်ပြပေးသနည်း။ ဘုရားသခင်သည် သင်နှင့် ဝေး (သို့) နီးသည့်အခါတွင် သင် ခံစားရပုံများကို ချရေးနှိုင်းယှဉ်ပါ။

**(၂) သင်၏ကြင်ဖော်နှင့်။** သမ္မာကျမ်းစာ၏ လင်မယားစံအရ သင်သည် အိမ်ထောင်ရှိလျှင် သုံးသပ်ပါ။ "သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကို လွန်စေရန်" အာရုံထားပေးပါ (ဒေ ၉:၉)။ "အချင်းချင်း တစ်ယောက် အောက် တစ်ယောက် ကိုယ်ကိုနှိမ့်ချလျက် နေကြလော့" (ဧ ၅:၂၁၊ က ၃:၁၆ နှင့် နှိုင်းယှဉ်ပါ)။ ဘုရား၏ရုပ်ကို သင်၏အိမ်ထောင်ဖက်တွင် ရှာဖွေပါ။ လေးစားပါ။ သင်နှင့် မည်မျှ ခြားနားသည်ကို မင်သက်ပါ (က ၁:၂၆)။ တစ်စိတ်တည်းဖြစ်ခြင်းသည် ကွဲပြားခြင်းနှင့် မည်သို့ဖြင့် အံကျနိုင်သနည်း (က ၂:၂၄)။

**(၃) အသင်းတော်နှင့်။** အသင်းတော်နှင့် ဘုရားသခင်၏ဂုဏ်တော်ကြား ဆက်စပ်မှုကို ဆွေးနွေးပါ။ ဘုရား၏မေတ္တာတော်နှင့် ဖြောင့်မတ်ခြင်းကို အသင်းတော်တွင် မည်သို့ အသုံးချရမည်နည်း။ သင် (သို့) သင့်အသင်းတော်၏ ကျရှုံးမှုနှင့် အောင်မြင်မှုများကို နမူနာထုတ်ယူပါ။

**မှတ်သားရန်–**

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

# သင်ခန်းစာ – ၄

* ဧပြီလ ၁၉ – ၂၅

# လူမျိုးများ – အပိုင်း ၁



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကမ္ဘာ ၁၀း၁–၁၂၊ ၁၂း၁–၉၊ ၁ ရာ ၈း၄–၁၈၊ မဿဲ ၂၀း၂၅–၂၈၊ ဗျာဒိတ် ၁၈း၁–၄၊

**အလွတ်ကျမ်းချက်။** **"အရပ်ရပ်တို့၌ နေ၍ အသီးသီးအခြားခြား ဘာသာစကား တို့ကို ပြောဆိုသော လူမျိုးတကာ တို့ကို အုပ်စိုးစေခြင်းငှါ ထိုသူသည် နိုင်ငံနှင့်တကွ အာဏာစက် တန်ခိုးကို ရ၏။ အာဏာစက်သည် ကမ္ဘာအဆက်ဆက် တည်၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့မရောက်ရာ။"** (ဒံယေလ ၇း၁၄)

ဗျာဒိတ်ကျမ်းသည် ကျဆုံးသော ကမ္ဘာ၏အဖြေများကို ဖော်ပြပေးသည်၊ နောက်ဆုံး အခန်းကြီးတွင် အသက်ပင်ကို ပြန်လည်ထားရှိကာ ကျိန်ခြင်း အမင်္ဂလာကို ဖယ်ရှား၍ ထာဝရဘုရား၏ရှေ့တော်သို့ ခစားရခြင်းကို ကျွန်ုပ်တို့အား ပြန်လည် ခွင့်ပြုလေသည်၊ ဗျာဒိတ်ကျမ်းသည် ကမ္ဘာဦးကျမ်းအား ပြောင်းပြန်လုပ်ခြင်း ဖြစ်၍ ထိုကမ္ဘာဦးကျမ်းသည် ကမ္ဘာဦးအစမှ ပြဿနာများအား နားလည်သိကျွမ်းစေသော စာအုပ်အဖြစ်ကျန်ခဲ့၏။

ဗျာဒိတ်ကျမ်းနှင့် ဒံယေလကျမ်းတို့၏ အဓိကသော့ချက်တစ်ခုသည် ထာဝရဘုရားက သာ ပိုင်ဆိုင် သောကမ္ဘာ့အစိုးရကို လူသားများသည် ဆက်ခါဆက်ခါ လုယူရန်ကြိုးစားခြင်း၊ ၄င်းကြိုးစားခြင်းတို့သည် လုံး၀ ကွယ်ပျောက်သွားကာ ထာဝရဘုရားက သာ ဖြောင့်မတ်စွာ ထာဝရအုပ်ချုပ်သွားမည့် အကြောင်းတွေ ဖြစ် သည်၊

ရှည်လျားတွေပြားလှသဖြင့် ယခုထိတိုင်ဖြစ်ရာ မိမိတို့အချင်းချင်း အုပ်ချုပ်ခြင်းကို လူသားတို့သည် နှစ် ထောင်ချီပင် ကျင့်သုံးခဲ့ကြပြီဖြစ်သည်၊ အမြင့်ဆုံးသော ရည်ရွယ်ချက် တို့ပင်လျှင် ကျဆုံး၍ လုံး၀ အလုပ်မဖြစ်ခဲ့ပါ၊ နှစ်ပေါင်းထောင်ချီသော လူသားတို့၏ ရာဇ၀င်သည် ထိုမကောင်းသော အုပ်ချုပ်မှုကြောင့် ဖြစ်လာသော ဆိုးကျိုးများ နှင့်သာ ပြည့်နက် နေလေသည်၊ ထာ၀ရဘုရား၏ "ထာ၀ရနိုင်ငံ" မရောက်မခြင်း သာ၍ပင် ဆိုးရွား နေမည်သာ ဖြစ်သည် *(ဒံယေလ ၇း၂၇)*၊

* ဧပြီလ ၂၆ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## နိမ်ရောဒ နှင့် နိနေဝေ

ဒေဝင်အား လူသား၏ စံပြအိမ်အဖြစ် ဖန်ဆင်းထားလေသည်။ အပြစ်ဝင်လာ သည်နှင့်အမျှ လူသားကို ဧဒင်ဥယျာဉ်နှင့် ခွဲခွာစေကာ ယနေ့ထိတိုင် သီးခြားထားခြင်း မှ အပ ထာဝရဘုရားသည် အခြားရွေးစရာ မရှိ တော့ပါ။

ဥယျာဉ်အပြင်တွင် လူသားသည် ၎င်းတို့အသက်ဆက်ရှင်နိုင်ရန် လုပ်ကိုင်နေရပါသည်။ အသက်ရှင်ရသည်မှာ ခက်ခဲလာ၍နဖူးမှ ချွေးထွက်သည်တိုင် ခက်ခဲစွာ လုပ်ကိုင်ရသည် *(ကမ္ဘာ ၃း၁၆ - ၁၉)*။ ရှေးဦးမိဘနှစ်ပါးတို့သည် မှန်သောဘုရင်ကြီးမှ ထို ဥယျာဉ် ထဲသို့ ပြန်ရောက်စေနိုင်သော နည်းလမ်းတစ်ခုခုတော့ ရှိမည်ဟု ယုံကြည်ခြင်း ဖြင့် ဧဒင်၏ တံခါးဝတွင် ယဇ်ပူဇော်ကြကာ၊ ကမ္ဘာမတည်မီတည်းက ထာဝရဘုရားစီစဉ်ထားသော ကယ်တင်ခြင်းစီမံကိန်းကို ကြိုဆိုခြင်း ပြုလုပ်ပေးလေသည်။

"လူသားအား နှင်ထုတ်ပြီးနောက် အချိန် တော်တော်ကြာသည်ထိ ဧဒင်သည် မြေကြီးပေါ်တွင် တည်နေသေး၏။ အာဒံနှင့် သူသားတို့သည် လာရောက်၍ ဘုရား အား ဝတ်ပြုကြ၏။ ဧဒင်တွင် သူတို့ချိုးဖောက်ခဲ့သော ဥပဒေသကို ပြန်လည်နာခံမည့် ကတိကဝတ်များကို ရွတ်ဆိုလာကြသည်။ အပြစ်၏ဒီရေသည် ကမ္ဘာ သို့ ပြန့်နှံ့လာသောအခါ လူသားတို့၏ ဆိုးသွမ်းမှုများကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးရမည်ဖြစ်၍ ဧဒင်ကို မြေကြီး မှ ရုပ်သိမ်း ရမည်ဖြစ်သည်။ နောက်ဆုံးတွင် ပိုင်ရှင်လက်ထဲသို့ ပြန်ရောက်သောအခါ "ကောင်းကင် သစ်နှင့် မြေကြီးသစ် *(ဗျာ ၂၁း၁)* အဖြစ် အရင်ဦး ဖြစ်ခဲ့သည်ထက် သာလွန်စွာ ပြုပြင်ရလိမ့် မည်။" (အီးဂျီဝိုက်။ *ရှေးဘိုးဘေးများနှင့်ပုရောဖက်များ*။ စာ၊ ၆၂)။

ဖြစ်လာသောပြသနာများကို လူသားဖာသာ ဖြေရှင်းကြရာ၊ မြို့ကြီးများ တည်ထောင် ကာ လွယ်ကူ သော လူနေမှုဖြင့် ပျောက်ဆုံးသော ဧဒင်ကို ပြန်ရှာဖွေကြသည်။

**ဖတ်ရှုပါ – ကမ္ဘာ ၁၀း၁ – ၁၂။ ဤနေရာသည် နိနေဝေနှင့် ဘေဘီလုံအပါအဝင် နိုင်ငံရေး ဇာတ်ကောင်များကို သမ္မာကျမ်းစာမှ မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမြို့များ၏ ဇာတ်ကောင်များကို သိထားပြီးဖြစ်သဖြင့် ၎င်းတို့အပေါ် မည်သို့ကောက်ချက်ချနိုင်မည်နည်း။**

နိမ်ရောဒ အကြောင်းကို ဖတ်ဖူးသောသူတို့သည် အားကြီးသောသူ၊ နတ်စား ဘာသာ၏ ဒဏ္ဍာရီတွင် သူရဲကောင်းဖြစ်ကြောင်း သိပြီးဖြစ်သည်။ သမ္မာကျမ်းစာသည် အားကြီးသောသူ ဘုရားသခင် ရှေ့မှာ အားကြီးသော မုဆိုးဖြစ်သည်ဟု ဆိုရာတွင် ချီးမွမ်းစကားမဟုတ်ပါ။ နိမ်ရောဒသည် မိမိကိုယ်ကို ကြီးမားသည်ဟု အထင်ဖြင့် ထာဝရဘုရားအား အာခံသည်ဟုသာ ဆိုလိုသည်။ ဤကျမ်းပိုဒ်တို့တွင် ထာဝရဘုရားအား ပုန်ကန်ခြင်း စတင်ပြန့်ပွားခြင်းသည် ယခုထိဖြစ်၍ ထိုပုန်ကန်ခြင်းသည် ထာဝရ အမြစ်ပြတ် သုတ် သင်ရှင်းလင်း ခံရမည် ဖြစ်သည်ကို တွေ့ရပါသည်။

**ထာဝရဘုရားအား ပုန်ကန်ခြင်းအပြစ်သည် ထင်ရသည်ထက် အဘယ့်ကြောင့် သာလွန်သိမ်မွေ့နေသနည်း။ လူသားတို့၏ စရိုက်ဖြစ်သော ဤပုန်ကန်ခြင်းမှ မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်နည်း။**

**တနင်္လာနေ့** ဧပြီလ ၂၁ ရက်

## အာဗြဟံအား ခေါ်တော်မူခြင်း

ကမ္ဘာဦးကျမ်း အခန်းကြီး ၁၀ တွင် လူမျိုးများစွာ ပေါ်ပေါက်လာခြင်းကို တွေ့ရလိမ့်မည်။ "လူမျိုး" ဟု အနက်ပြန်သော စကားလုံးသည် *"ဂိုယိမ်"* ဖြစ်ရာ သာသနာပ လူများအား ဆိုလိုသည်။ ကမ္ဘာဦးကျမ်း အခန်း ကြီး ၁၀ ၏ လူမျိုးများတို့သည် နယ်မြေ၊ ဘာသာစကား၊ မိသားစုနှင့် လူမျိုးများအဖြစ် ကွဲပြားကြလေသည် *(ကမ္ဘာ ၁၀:၅။ ဗျာ ၁၄:၆)*။ ဤသို့ကွဲပြားပြီးသည်နှင့် တစ်ပြိုင်နက် ထာဝရဘုရားသည်လည်း ထိုလူမျိုးများတို့၏ တစ်မျိုးထဲမှ အာဗြဟံအား ခေါ်ထုတ်ကာ သီးခြားလူမျိုးတစ်ခုအဖြစ် ရပ်တည်စေလေ သည်။

**ဖတ်ရှုပါ – ကမ္ဘာ ၁၂:၁ – ၉။ အာဗြဟံ ဖြစ်လာသော အာဗြံအား ထာဝရဘုရားသည် အဘယ့်ကြောင့် မိမိ မူရင်းလူမျိုးထဲမှ ခေါ်ထုတ်ရသနည်း။**

လူသားများ၏ နိုင်ငံများနှင့် တမူထူးခြားသော လူမျိုးတစ်ခုကို တည်ထောင်ရန် ထာဝရဘုရားသည် အာဗြဟံကို အသုံးပြုလိုသည်။ ထာဝရဘုရားမှတပါး အခြား လူသားရှင်ဘုရင်မရှိရပါ။ လူသားတို့သည် ဖန်ဆင်းရှင်ထံသို့ ပြန်လာပါက မည်သို့ဖြစ်မည်ကို လူသားတို့အား ပုံသက်သေပြသရန်ဖြစ်သည်။ လူမျိုး တကာတို့အား ကောင်းချီးမင်္ဂလာ စီးဆင်းရာ ဖြစ်ရန် ဣသရေလကို တည်ထောင်ရသည် *(ကမ္ဘာ ၁၂:၃)*။ ရေလွှမ်းမမိုးမီနှင့်လွှမ်းမိုးပြီးနောက် မည်သည့်နေရာတွင်မျှ မတွေ့ရသောအလင်းနှင့်အထူးအခွင့်အရေးကို သူတို့အား ထာဝရဘုရားမှပေး ထား၏။

**ဖတ်ရှုပါ – တရားဟော ၄:၅ – ၉။ အာဗြဟံအား ထာဝရဘုရား ပြုတော်မူသော ကတိတော် ပြည့်စုံခြင်းဖြစ်သောလူမျိုးဖြစ်သည့် အာဗြဟံ၏ အမျိုးတို့အား ကိုယ်တော်သည် မည်သို့သွန်သင်သနည်း။**

တစ်စုံတစ်ဦးဖြင့် သက်သေခံခြင်းသာမဟုတ်ဘဲ အသိုင်းအဝိုင်းနှင့် တစ်ဆွေတစ်မျိုးလုံး မှ သက်သေ ခံခြင်းဖြစ်၍ အစုဖွဲ့ကာ ထာဝရဘုရားနှင့် အတူ လုပ်ဆောင်ခြင်းဖြင့် သူ၏ ဝိသေသနလက္ခဏာကို ဖော်ထုတ် ပြသခြင်း ဖြစ်သည်။ ထာဝရဘုရား မိန့်တော်မူသော စကားကို ဂရုပြုပါ။ "စီရင် ထုံးဖွဲ့တော်မူခြင်း" သာ မဟုတ်ဘဲ အထူးအခွင့်အရေးအနေဖြင့် လိုက်ရောက်သောသူတို့အား လူမျိုး အပေါင်းတို့သည် "ဤကြီးမြတ်သော လူမျိုးတို့သည် အကယ်စင်စစ် ဉာဏ်ပညာနှင့် ပြည့်စုံသောလူမျိုးဖြစ်သည်" ဟု ဆိုကြလိမ့်မည် ဟူ၏ *(တရားဟော ၄:၆)*။ သူတို့အား ပေးထားသော အမှန်တရားတို့သည်၊ မည်မျှပင်ထူးကဲ သည်ဖြစ်စေ နားမထောင်ခြင်းသည် ကောင်းချီးမလိုက်လာစေဘဲ အမင်္ဂလာနှင့် သေခြင်း ကိုသာ ယူဆောင်ခဲ့လေ၏။

**အမှန်တရားအား သိကျွမ်းခြင်းသာမဟုတ်ဘဲ လိုက်လျှောက်ခြင်းသည် ယနေ့ မြော်လင့်ခြင်း အသင်းတော်အတွက် မည်သည့်ဥပဒေသဖြစ်နိုင်မည်နည်း။**

**အင်္ဂါနေ့** ဧပြီလ ၂၂ ရက်

## သင်တို့တောင်းသောအရာကို ပေး၏

ကာလေဗ၏ မူရင်းအုပ်ချုပ်ခြင်းသည် တိုင်းတပါး လူများကဲ့သို့ လူသား ဗေရာဇ် မဟုတ်ပါ။ အချိန် နှင့်အမျှ ကာလေဗသည် ယုံကြည်ခြင်း ယိုင်လဲသဖြင့် "ထိုလူမျိုး များ" သာသနာပလူများကဲ့သို့ဖြစ်ရန် ဆန္ဒပြင်းပြကြ၏။

**ဖတ်ရှုပါ – ၁ ရာ ၈း၄ –၁၈။ အသက်ကြီးသူတို့သည် ရှင်ဘုရင်ကို တောင်းဆိုရန် မည်ကဲ့သို့အကြံရသည်ဟု ယူဆ သနည်း။ ကျွန်ုပ်တို့သည် အလားတူသော စုံစမ်းခြင်း၏ သားကောင်များ မည်ကဲ့သို့ဖြစ်နိုင် သနည်း။**

ရှင်ဘုရင်တစ်ပါးတောင်းဆိုခြင်းသည် ထာဝရဘုရား၏စိုးစံခြင်းကို ငြင်းဆိုခြင်း ဖြစ် သည်ကို သတိထားမိရန် အရေးကြီးသည်။ ထူထောင်သည် နှင့်အမျှ ထိုလူမျိုးသည် ဖန်ဆင်းရှင်နှင့် တိုက်ရိုက်ဆက်သွယ်ရန်နှင့် သူတို့၏ဆက်ဆံရေးသည် ဗိမာန်တော်၏ အထုံးအဖွဲ့များအားဖြင့် ဆက်ဆံရပါမည်။ ရှင်ဘုရင်တစ်ပါးကို တောင်းဆိုသဖြင့် သာသနာပ နိုင်ငံများ ခံစားရသော ဝေဒနာများကိုပင်ခံစားရမည်ဖြစ်သည်။ ရှင်ဘုရင်၏ စစ်ပွဲတွင် စစ်မှုမထမ်းမနေရဘဲ စစ်မှုထမ်းသိမ်းယူခြင်း၊ အခွန်အတုတ်များ တိုး ကောက်ခံခြင်းနှင့် အခြားသော စိတ်ပျက်စရာများ ကြုံရလိမ့်မည်။ ထာဝရဘုရားသည် ကျေးဇူးတရားဖြင့် အုပ်ချုပ်သကဲ့သို့ မဟုတ်ဘဲ လူသား တို့သည် မိမိတို့၏ အကျိုးစီးပွား ကိုသာ ငဲ့ကွက်ကာ အုပ်ချုပ်သည်ကို သိလာကြလိမ့်မည်။

စီမံကိန်းသစ်များ ရေးဆွဲရတော့မည်။ ကာလေဗအား သူတို့တောင်းသော အရာ ကို ပေးရမည်။ သို့သော်လည်း မိမိတို့ကျဆင်းသည်ကို သိလာရသည်တိုင် ခွဲမရ ခွာမရ ဖြစ်နေမည်။ "သင်တို့ရွေးယူသော ရှင်ဘုရင်ကြောင့် ထိုနေ့၌ သင်တို့ အော်ဟစ် သော် လည်း ထာဝရဘုရားသည် နားထောင်တော်မမူမည်မဟုတ်" *(၁ ရာ ၈း၁၈)*။ ထာဝရ ဘုရားသည် သူ့လူတို့၏ အားနည်းချက်ကိုသိ၍ လူသားရှင်ဘုရင်ကို တောင်းဆို သည် နှင့်အမျှ ဖြစ်မည့်အရာများကို ကြိုတင်ပြောနှင့်ပြီ။ ထိုနည်းတူစွာ သန့်ရှင်းသော ရာဇဝင် သည်လည်း ၎င်းတို့ ရွေးချယ်ခြင်း၏ အကျိုးဆက်များအကြောင်းသာ ဖြစ်လေ တော့၏။

တရားဟော ၁၇း၁၄ –၂၀ ကိုဖတ်ပါ။ ထာဝရဘုရားသည် "ငါသည် သူတို့အား ရှင် ဘုရင်တစ်ပါး ပေးမည်" ဟုမိန့်တော်မမူပါ။ လူသားများကသာ တောင်းဆိုခြင်းဖြစ်၏။ လူသားဗေရာဇ်သည် ဘုရား၏ လူများအား ပေးတတ်သောဘေးအန္တရာယ်များမှ ကွယ် ကာခြင်းကို ထာဝရဘုရားကစီစဉ်ထားပေးသော်လည်း သူတို့၏ ရာဇဝင်တွင် ရှင်ဘုရင် များတို့သည် ထိုအကာအကွယ်တို့ကို လျစ်လျူရှုကြ၏။ ကာလေဗ၏ ရာဇဝင်တွင် မိမိတို့မှ ရွေးချယ်ခြင်းဖြင့်ရရှိသော ထိုရှင်ဘုရင်များလက်ထက်၌ အရာခပ်သိမ်း ဆိုးရွားသည်ကို သာမန်ပင် တွေ့နိုင်ပါသည်။ ထိုရှင်ဘုရင်တို့တွင် အချို့တို့သည် အခြား ရှင်ဘုရင်များထက် သာ၍ကောင်းသော်လည်း ထို "ကောင်းသူ" ကပင် အပြစ်လုပ်သေး သည် *(ဒါဝိဒ်၊ ဗာသရှေဘ)*။ ကာလေဗသည် ခေတ်အဆက်ဆက် "*ထာဝရဘုရား ရှေ့တွင် အဆိုးပြုလုပ်သော*" ရှင်ဘုရင်များလက်အောက်တွင်သာ နေကြရသည် *(၃ ရာ ၁၁း၆။ ၁၅း၂၆။ ၁၆း၃၀။ ၄ ရာ ၃း၂)*။

ယခင်နှင့်ယနေ့ လူသားဗေရာဇ်တို့သည် တူညီသော အရာတစ်ခုတည်းသာ မျှ ဝေနေ ကြပါသည်။ အပြစ်သားသည် တစ်ခြားအပြစ်သားများအပေါ် စိုးစံသည်။ ဘာ အမှားရှိနိုင် သေးသနည်း။

**ဗုဒ္ဓဟူးနေ့** ဧပြီလ ၂၃ ရက်

## သာသနာပ အစိုးရများ

ထာဝရဘုရားသည် ဣသရေလတို့ကို ဓမ္မသစ်အသင်းတော်နှင့် ထပ်တူ ထပ်မျှ ဆက်ဆံသည်။ အမှန်မှာ ဣသရေလတို့သည် အသင်းတော်၏ မှားယွင်း မည့်အရာများကို ကြိုတင်နိမိတ်ပြသွားသည်။ ကျွန်ုပ်တို့ ခရစ်ယာန်တို့သည် ရှေးဣသရေလများ ထက် သာလွန်ရမည့်အစား ၄င်းတို့ကြုံရသောစုံစမ်းခြင်းတွင် ငြိတွယ် လွယ်လှ၏။

**ဖတ်ရှုပါ – မသဲ ၂၀း ၂၅ – ၂၈။ ခရစ်ယာန်အသင်းတော် တည်ထောင်သောအခါ မည်သည့်မှားနိုင်သော အရာတစ်ခုကို ခရစ်တော်သည် မိမိတပည့်တော်တို့အား သတိပေးသနည်း။**

ဣသရေလသည် လူသားရှင်ဘုရင်ကို တောင်းဆိုသည်မှာ စိတ်ဓာတ် အရ ကျဆုံးခြင်းဖြစ်သည်။ ထို ရှင်ဘုရင်တို့သည် ဆိုးသည်ထက် ဆိုးလာသောကြောင့် နောက်ဆုံးတွင် ဘေဘီလုံတို့ကိုပင် စေလွှတ်၍ ကျွန်အဖြစ် ဖမ်းဆီးစေကာ ဘဝသစ် သင်တန်းတက်ခိုင်းရလေသည်။

ခရစ်ယာန်များ၏ရာဇဝင်တွင်လည်း အလားတူပင်ဖြစ်ပွားခဲ့သည်။ မိမိတို့ကိုယ်ကို သာသနာပလူတို့ ကဲ့သို့ မနေကြသော်လည်း၊ ကွန်စတန်တင်းတန်ခိုးကြီးလာကာ၊ မိမိကိုယ်ကိုခရစ်ယာန်ဟု ခိုင်မာစေသောအခါ ယုံကြည်သူတို့သည် သက်သာမှု ရရှိလာကြသည်။ ညင်းဆဲနှိပ်စက်ခြင်းသည် ရပ်တန့်လေသည်။ ဤသည်ပင် ကောင်းချီးမင်္ဂလာ တစ်ပါးပင် ဖြစ်သော်လည်း၊ ဧကရာဇ်ဘုရင်၏တန်ခိုးအာဏာကို ယုံကြည် သူတို့သည် အခွင့်ကောင်းရယူခြင်းကုတ်အားအဖြစ် အသုံးပြုလာကြပါသည်။

စတ္တုရာစုတွင် ခရစ်ယာန်အသင်းတော်၌ အသင်းတော်က မဖြေရှင်းရဲသော ပြဿနာတစ်ခု တက်လာသောအခါ ဧကရာဇ်ဘုရင်မှ ဖြေရှင်းပေးပါရန် တောင်းလျှောက်ကြလေသည်။ ထိုအကြောင်းကြောင့်ပင် ရောမမြို့ရှိ ဂိုဏ်းချုပ်ကြီးသည် မိမိရာထူး တူဖော် များကြားတွင် ဝါကြီးသူဖြစ်သဖြင့် ရေပန်းစားစပြုလာလေ တော့သည်။ အသင်းတော် သည် ဘာသာရေးကိစ္စအတွက် နိုင်ငံတော်ကို ကြားဝင်စေခဲ့သဖြင့်၊ နိုင်ငံတော်သည် လည်း တံခါးမှအတွင်းသို့ ခြေတစ်လှမ်း လှမ်းခဲ့ပြီးဖြစ်၍၊ အရာရာမှာ ဆိုးသထက် ဆိုးလာ လေသည်။

ရှေးအခါကဣသရေလကဲ့သို့ ခရစ်ယာန်တို့၏ရာဇဝင်တွင် အမှောင်မိုက်ဆုံး အချိန်တို့သည် လောကနှင့် အပေးအယူလုပ်ခြင်း၏ ရလဒ်ပင်ဖြစ်သည်။ ဣသရေလသည် ရုပ်တုများကိုးကွယ်၍ ရှင်ဘုရင်တို့သည်လည်း အာဏာရူးခြင်းဖြင့် ယိုယွင်းနေကြကာ ခလေးများ အား ရုပ်တုများထံယဇ်ပူဇော်ခြင်းမှစ၍ အသင်းတော် သည်လည်း နတ်ကိုးကွယ်သော နိုင်ငံ၏ လုပ်ထုံးလုပ်နည်းများကို ခံယူကြသဖြင့် အသင်းတော်နှင့် နိုင်ငံ၏ ပေါင်းစပ်ခြင်းကို လက်မခံသော သူမြောက်များစွာတို့သည် အသက်စွန့်ရကာ အာဇာနည်ဖြစ်ကြရလေ သည်။

**သင်တို့၏ ရိုးရာနှင့် အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သိက္ခာချနိုင်သော မည်သည့် စုံစမ်းခြင်း များ ရှိနိုင်မည်နည်း။**

ကြာသပတေးနေ့ ဧပြီလ ၂၄ ရက်

## သာသနာပ လူတို့အတွက် အလင်းတစ်ခု

ထာဝရဘုရားသည် ဣသရေလတို့ကို လူမျိုးအဖြစ်တည်ထောင်ရခြင်း၏ မူလရည် ရွယ်ချက်သည် ကျန်သောလူတို့အား ဖျက်ဆီးရန်မဟုတ်ဘဲ ကယ်တင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ထက်ဖြောင့်မတ်သော သူတို့နှင့် တိုက်ရိုက်ဆုံတွေ့သောအခါ မိမိကို မိမိရှုံးနိမ့်သည်ဟု ယူဆရပါသည်။ ထိုနည်းတူ ဣသရေလတို့ကြောင့် သူတို့ ပတ်ဝန်းကျင်ရှိ လူမျိုး တို့သည် မိမိတို့၏အပြစ်နှင့် အတ္တများကို ဖော်ထုတ်ခံရသည်ဟု ယူဆကြသည်။ ဘုရားသခင်နှင့် သင့်မြတ်စွာ နေသူတို့သည် သူ၏ ဖြောင့်မတ်သော ဝိသေသလက္ခဏာကို မီးမောင်းထိုးနေ၍ ၄င်းမှတစ်ဆင့် ပြောင်းလဲခြင်းသို့ ရောက်နိုင်သည်။ ပညတ်တော် စောင့်ရှောက်သူများသည် ဘုရားသခင်၏ ဝိသေသလက္ခဏာ *(ဗျာ၊ ၁၄း ၁၂)* ကိုပြသသည်။

ဣသရေလတို့သည် မိမိတို့ကို စေခိုင်းသည့်အတိုင်း ပြုကျင့်ပါက လူမျိုးအပေါင်း တို့သည် သူတို့နှင့် ငြိမ်းချမ်းစွာနေ၍ သူတို့နှင့် သူတို့၏ဘုရားကို ပိုမို၍ ရှာဖွေကြပါ လိမ့်မည်။ ခုတော့ ဘေဘီလုန်တွင် စစ်သုံ့ပန်း ဖြစ်နေရသကဲ့သို့ လူမျိုးတိုင်းတို့သည် သူတို့အား ရန်လိုကြသည်။ ထာဝရဘုရား၏ဝိသေသလက္ခဏာကို စုံလင်စွာပြသနိုင်သူ လူသားသည် ယေရှုတစ်ဦးတည်းပင် ဖြစ်သည်။ သူ၏ စုံလင်သော ပုံသက်သေသည် စိတ်နှလုံးများကို ပြောင်းလဲစေလျက် လူတို့အားဖိတ်ခေါ်ရန် ရည်ရွယ်သည် *(ယော၊ ၃း ၁၆-၂၁)*။

ဣသရေလလူမျိုးတို့ကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်သည် အသင်းတော်ကို တည်ထောင်ရသော ရည်ရွယ်ချက်နှင့် တစ်ထပ်တည်းဖြစ်သည်။ သူ၏လူတို့သည် အပြစ် သားများကို ခရစ်တော်ထံသို့ ဆွဲဆောင်စေလိုသည်။ သူ့အသင်းတော်အားဖြင့် ပို့လွှတ်သော ကောင်းကင်တမန်သုံးပါးသတင်းစကားကို "လူအသီးသီး ဘာသာစကားကို ပြော သော လူမျိုးနွယ်ခပ်သိမ်း" *(ဗျာ၊ ၁၄း ၆)* တို့အား ပြောကြားစေလိုသည်။ ဗျာ၊ ၁၈း ၁ သည် ထာဝရဘုရား၏ ရောင်ချည်အားဖြင့် မြေကြီး ထွန်လင်းလျက်ရှိသည် ဟုဟော၏။

**အောက်ပါတို့သည် ထာဝရဘုရားမှ မိမိလူတို့အတွက် ရည်ရွယ်ထားသောအရာများကို မည်သို့ သွန်သင်ထား သနည်း။ ဤအချက်များကိုမိမိတို့အတွက်မည်ကဲ့သို့အသုံးပြုနိုင်မည်နည်း။**

တော ၁၄း၁၇-၂၁ ____________________

ဟေရှာ ၄၂း၆၊ ၄၉း၆၊ ၆၀း၃ ____________________

____________________

ဗျာ ၁၈း၁-၄ ____________________

**ဗျာ ၁၈း၁-၄ ပြန်ဖတ်ပါ။ ထာဝရဘုရား၏လူများအား ဘေဘီလုံမှခေါ်ထုတ်ခြင်း ဖြစ်သည်။ မည်သို့ ဖြစ်နိုင် မည်နည်း။ တစ်မျိုးဆိုရရင် အသင်းတော်သည် ဘေဘီလုံထဲတွင်မရှိတော့ဘဲလျက် ရှိနေသေးသကဲ့သို့အဘယ့်ကြောင့်ခေါ်ရသနည်း။**

## သောကြာနေ့ ဧပြီလ ၂၅ ရက်

**ဆက်လက်လေ့လာရန်။** ယောရှာယ ၄၄း၂၄ – ၄၅း၁၃ ကို ဖတ်ရှုပါ။

"ဝှက်ထားသော အဓမ္မအရာသည် ဖြည်းဖြည်းခြင်း၊ လျှို့ဝှက်စွာနှင့် တိတ်ဆိတ်စွာ၊ ပွင့်လင်းစွာ လူ၏ စိတ်နှလုံးအားအုပ်စိုးကာ လှည့်ဖြားခြင်းနှင့် ရတနာသုံးပါးအား ပုတ်ခတ်ခြင်းဖြင့် ရှေ့သို့ချီတက်နေသည်။ နတ်စားတို့၏ ရိုးရာတို့သည် ခရစ်ယာန် အသင်းတော် အတွင်း မသိမသာဝင်ရောက်ရသော အခွင့်ရလေ၏။ အပေးအယူလုပ်ခြင်းနှင့် ညီညွတ် ခြင်းတို့ကြောင့် အသင်းတော်သည် နိပ်စက်ညှင်းဆဲခြင်းမှ သက်သာရာ ရရှိကာ နတ်စားတို့၏ လက်အောက်တွင် အချိန်နှင့်အမျှတည်မြဲနေကြရသည်။ နိပ်စက်ညှင်းဆဲခြင်း ရပ်တန့် သည်နှင့်အမျှ ခရစ်ယာန်တို့သည်လည်း ရှင်ဘုရင်များ၏ ရုံးတော်များသို့ ဝင်ရောက်ရသော အခွင့်ရကြသောအခါ၊ ခရစ်တော်နှင့်တပည့်တော်တို့၏ ရိုးစင်းခြင်းနှင့် နှိမ့်ချခြင်း တို့ ကို ဘေးဖယ်လာကာ နတ်စားများ ယဇ်ပုရောဟိတ်များနှင့် အာဏာပိုင်တို့၏ ခမ်းနားထည်ဝါခြင်းများကို တုခိုးကာ ထာဝရဘုရား၏ အလိုတော်များကို နတ်စားများ၏ ရိုးရာတို့ ဖြင့် အစားထိုးလာကြ၏။

စတ္တုရာစုတွင် ကွန်စတန်တင်း၏ပြောင်းလဲခြင်းသည် ကြီးမားသော ပျော်ရွှင်မှုကိုပေးကာ အသင်းတော်ထဲတွင် ဖြောင့်မတ်သယောင်ယောင် သွားလာလေ၏။ ထိုမှစ၍ ပျက်စီးခြင်းသည် လျင်မြန်စွာ ရှေ့သို့တိုး လာတော့သည်။ နတ်စားခြင်းအား ကွယ်ပျောက် စေသည်တိုင် အောင်နိုင်လေ၏။ သူ၏ သဘောတရားသည် အသင်းတော်ကို ထိန်းချုပ်နေတော့သည်။ သူ၏ယုံကြည်ခြင်း အထုံးအဖွဲ့များနှင့် အယူသည်းခြင်းတို့သည် စစ်မှန်သော ခရစ်တော်၏နောက်လိုက်သူများ၏ ယုံကြည်ခြင်းနှင့် ကိုးကွယ်ခြင်းတို့ဖြင့် ပူးပေါင်းလာကြသည်။ "(မျက်မှောက်ကာလမှ *ထာဝရကာလသို့* – စာ၊ ၄၉၊ ၅၀)။

ဗုဒ္ဓဟူး၏နောက်ဆုံးမေးခွန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တပည့်တော်တို့၏ ရိုးစင်းခြင်းနှင့် နှိမ့်ချခြင်းတို့ကို ဘေးဖယ်ကာ နတ်စားများ ယဇ်ပုရောဟိတ်များနှင့် အာဏာပိုင်တို့၏ ခမ်းနားထည်ဝါခြင်းများကို တုခိုးကာ၊ ထာဝရဘုရား၏ အလိုတော်များကိုနတ်စားများ၏ရိုးရာတို့ဖြင့် အစားထိုးခြင်းမပြုပါကအန္တရာယ် မရှိပါသလား။

**ဆွေးနွေးရမည့်မေးခွန်းများ –**

**၁ ထာဝရဘုရားသည် သူ၏လူတို့ကို ဗာဗီလုန် သုံ့ပန်းအဖြစ် ပို့လွှတ်ခြင်းကြောင့် လွန်စွာခံစားရကြသည်။ အာဗြဟံကိုလဲ ဥရလာဒဲ လူထဲမှ ခေါ်ထုတ်ကာ ပဋိညာဉ်လူသား ၊ စကြာဝဠာအတွက် အလင်းဖြစ်သော်လည်း၊ ခုတော့ သံကြိုးတုတ်ကာ ခေါ်သွားခံရလေသည်။ ဣသရေလသည် သစ္စာရှိခဲ့ပါက မည်သို့ဖြစ်ကြမည်ကို ဘုရားသခင်သည် သုံ့ပန်းကာလတွင် ဖော်ပြထားလေသည်။ ဘုရားသခင်အားပုန်ကန်သော ရုပ်တုကြီး၏ ခေါင်းဖြစ်သော နေဗုခဒ်နေဇာပင် ခရစ်တော်ထံပြန်လာရပါသည် *(ဒံ၄)*။ သုံ့ပန်းကာလကုန်လွန်သောအခါ ခရစ်တော်အား ပုံဆောင်သော ပါးရှားရှင်ဘုရင်တစ်ပါးအား ရွေးချယ်ကာ ဗာဗီလုန်မှသည် ဂတိတော် ပြည်သို့ သူ၏လူများအား ပြန်လွှတ်ပေးခဲ့ပါသည်။ ဣသရေလမဟုတ်သော လူတစ်ဦးသည် မိမိ၏ပန်းတိုင်သို့ဆောင်ရွက်စေခြင်းဖြင့် မည်သို့သော သင်ခန်းစာကို သွန်သင်ပေးနေသနည်း။**

**၂ ကျွန်ုပ်တို့သည် ဗာဗီလုံတွင်မနေရသော်လည်း၊ ကျွန်ုပ်တို့၏ဗာဗီလုံသည် မည်ကဲ့သို့ ရှိနိုင် သနည်း။ မည်သို့သိနိုင်မည်နည်း။**

# အသင်းတော်စိုက်ထူသူ

Andrew McChesney မှရေးသားသည်

Sunita အိမ်ထောင်ကျသည့်အခါတွင် SDA အလိုလိုဖြစ်လာလိမ့်မည်ဟု ထင်ထားကြ၏။ သူမ၏ခလေ့တွင် သျှောင်နောက်ဆံထုံးပါရသောကြောင့် လင်ဖြစ်သူ Manoj နှင့် ၎င်း၏မိဘများက ဘာသာကူးလာမည်ဟု ထင်ထားကြ၏။ Sunita သည် ထိုသို့မဖြစ်ခဲ့။

သူမ၏ယောက္ခမများက သူမသည် ကျောက်တုံး၊ သစ်သားရုပ်တုများကို ဆက်လက်ကိုးကွယ်နေသည်ကို မြင်ကြသည့်အခါ ယေရှုအကြောင်းကို ပြောပြရန် အားထုတ်ကြ၏။ ဆွေမျိုးများ တစ်မိုးအောက်တွင် အတူနေကြပြီး ယောက္ခမများက သူမအား ဝတ်ပြုခြင်းတွင် စိတ်မဝင်စားကြောင်း သိသော်လည်း ပါဝင်ရန် အတင်းအဓမ္မ မခေါ်ကြ။

တစ်နှစ်ခွဲကုန်လာပြီးနောက်တွင် Sunita နှင့် Manoj တို့သည် ရွာမှ မြို့သို့ပြောင်းကြ၏။ ယခုတွင် Manoj လည်း သူမကို ဘာသာပြောင်းဖြစ်ရန် အားထုတ်၏။ Sunita အနေဖြင့် အခြားအကြောင်း ဘာမျှမသိပါ။ Manoj လည်းအတင်းမတွန်းပါ။ Sunita သည် ကလေး ၂ ဦးမိခင် ဖြစ်လာ၏။ ထို့နောက်တွင် အပြင်းဖျား၏။ Manoj က SDA ဆေးရုံကို သွားကြမယ်ဟုဆို၏။ နင်ဆေးမြီးတို သုံးခဲ့တာကြာပြီ။ ဘာမှ ဖြစ်မလာဘူး။ အခုပဲသွားရအောင်” ဟုဆို၏။ Sunita တွင် ရွေးစရာ လမ်းမရှိ။ သဘော တူရတော့၏။ ယင်းသည် SDA အသင်းတော်နှင့် စတင်ထိတွေ့ရသည့် အချိန်အခါဖြစ်၏။

Sunita သည် အဆောက်အဦးအတွင်းတွင် နေသာထိုင်သာရှိသည်ဟု ခံစားရ၏။ အသင်းသားများက သူမအား နွေးထွေးစွာကြိုဆိုကြ၏။ နောက်တစ်ပတ်တွင် Sunita သည်ဘုရားကျောင်းသို့ ပြန်လာခဲ့ပြီး သူမ၏အိမ်ထောင်ကို Divine service တွင် ဆုတောင်းပေးရန် စာရင်းပေး၏။ ဆုတောင်းပေးအပြီးတွင် Sunita သည် နေသာ ထိုင်သာရှိလာ၏။ သူမ၏ကျန်းမာရေးလည်း တိုးတက်လာပြီး နောက်ဆုံးတွင် အပြီးပျောက်၏။

Sunita လည်း ဘုရားကျောင်း ပုံမှန်တက်ဖြစ်၏။ သူမနှင့် ဘာသာစကား တူ သူ အသင်းတော်၏ ဒုတိယ pastor ဖြစ်လာသည့်အခါ သူမသည် ကျမ်းစာသင်တန်း တက်ခဲ့ပြီး နှစ်ခြင်းခံခဲ့၏။ ထိုနောက် “ဘုရားအတွက် အမှုဆောင်ပါမည်” ဟု ဆုတောင်းခဲ့၏။

Sunita သည် Global mission အမှုဆောင်အဖြစ်ဖြင့် အသင်း တော်စိုက်ထူရန် အဖိတ်ခံရ၏။ ယနေ့တွင် သူမဇာတိမြေတွင် အသင်းတော်စိုက်ထူရာ တွင် ဦးဆောင်လျက်ရှိ၏။ ဆုတောင်းခြင်းဖြင့် အသင်းတော်ကို စိုက်ထူခဲ့၏။ သူမ၏ ဆုတောင်းကို နားညောင်းသောကြောင့် လူလူချင်းသတင်းသယ်ကြကာ သူမထံ ဆုတောင်းခံရန် လာကြ၏။ Sunita က သူမ၏အသင်းတော်တွင် လာကြသည့် Adventist Mission မဂ္ဂဇင်းဆရာများအား “ကျွန်မရဲ့ ဘာသာဟောင်းကိုစွန့်ပြီး ဘုရားမှန်ကို သိဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မတွေးဖြစ်မိဘူး။ ဒီလိုထုတ်ယူတာက ဘုရား အလိုတော်ပါပဲ။ ဘုရားက သူ့ဘုန်းတော်ထင်ရှားစေဖို့ ကျွန်မကို အသုံးပြုနေတယ်” ဟုဆို၏။

Sunita နည်းတူ ကမ္ဘာတစ်ဝှမ်းတွင် ဘုရားသခင်အကြောင်း မသိကြသေးသူများထံ အမှုဆောင်ကြသူများ အတွက် ဆုတောင်းပေးကြ သောကြောင့် ကျေးဇူးတင်ရှိပါသည်။ Global Mission Pioneers အကြောင်းသာ၍ သိနိုင်ရန် bit.ly/GM Pioneers တွင်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အစီကာကျမ်းချက်။** ဒံယေလ ၇:၁၄

**လေ့လာမှုဦးတည်ချက်။** က ၁၂:၁-၉

ဘုရားသခင်သည် ကမ္ဘာမြေကိုဖန်ဆင်းစဉ်တွင် လူသားများ ပျော်ရွှင်စွာ၊ ချစ်ခင်စွာ နေထိုင်ကြရန် အလိုတော်ရှိခဲ့၏။ မည်သို့ပင် အလိုတော်ရှိခဲ့ရှိခဲ့ လူသားတို့သည် ၎င်းတို့၏ရွေးချယ်မှုဖြင့် စုံစမ်းခြင်းသို့ ကျရောက်ခဲ့၏။ ရှေ့လာမည့်သင်ခန်းစာ (၂) တွင် လူသားများ မည်သို့ဖြင့် လမ်းမှန်ကိုမတွေ့ဖြစ်ကြကြောင်းနှင့် ဘုရားသခင်သည် လူသားများ သာသနာအမှောင်ထုမှ ထိုးထွက်ရန် အားထုတ်ကြမှုတွင် မည်သို့လမ်းပြပေးခဲ့ကြောင်းများကို လေ့လာကြပါမည်။ ဤအမှောင်ထုကြီးသည် လူသားတို့ ၎င်းတို့ဖာသာ အုပ်စိုးလိုခြင်း၏ အကျိုးတရားဖြစ်၏။

မိမိဖာသာနေလိုသည့် ပြယုဂ်ကို ဒေဝ်ဥယျာဉ်တော်တွင်ပင် တွေ့ရ၏။ အာဒံ-ဧဝ တို့သည် ဘုရားဖြစ်လိုကြသောကြောင့် (က ၃:၅) မြွေ၏ဖြားယောင်းမှု၌ ကျရှုံးခဲ့ကြ၏။ အကျိုးဆက်ကား ကျရှုံးသွားသည့် အာဒံ-ဧဝ တို့သည် အပြစ်တရားကို သိခဲ့ရပြီး အကောင်းကိုရွေးချယ်နိုင်စွမ်း ပျောက်သွား၏ (က ၃:၂၂)။ နောက်များတွင် ဗာဗုလုန်ရဲတိုက် ဆောက်ကြသူများသည် ဘုရားသခင်၏နေရာကို တက်ယူရန် ဘုရား၏ မုခ်ဝ (ဗာဗုလုန်) ဟုခေါ်သည့် မိုးထိုးသည့်ရဲတိုက်ကို ဆောက်ခဲ့ကြ၏ (က ၁၁:၁-၄)။ သို့သော် ရဲတိုက်ဆောက်ကြသူများသည် စကားနားမလည်ကြတော့ကာ ဘုရားသခင်က ကမ္ဘာအနှံ့သို့ ဖြန့်ပစ်၏။

ဣသရေလတို့လည်း ဘုရား၏အုပ်စိုးမှုကို နာခံမည့်အစား ကိုယ်ဖာသာ ကိုယ်အုပ်စိုးရန် အားထုတ်ခဲ့ကြ၏။ ၎င်းတို့အတွင်းမှ ဘုရင်ဖြစ်ထိုက်သူကို ရှာကြ၏။ ဘုရားကလည်း လူသားတို့၏ လှုပ်ရှားမှုတိုင်းတွင် စတင်လှုပ်ရှားသူအဖြစ် ရပ်တည်၏။ ပထမတွင် ဘုရားသခင်သည် လူသားတိုင်းအတွက် ကောင်းချီးဖြစ်စေရန် အာဗြဟံကို ခေါ်ထုတ်ခဲ့၏။ ထို့နောက်တွင် ဣသရေလ၊ ထို့နောက်တွင် အသင်းတော်ကို လူသားများအား ဘုရားသခင်၏ နိုင်ငံတော်အကြောင်း ကြားပြောရန် ခေါ်ထုတ်၏။ ဤကမ္ဘာပေါ်တွင် မိမိအစွမ်းဖြင့် နိုင်ငံတည်ထောင်ပြီး စာတန့် လက်တွင်းကျခြင်းကို တန်ပြန်ရန် သမ္မာကျမ်းစာသည် လူသားများအတွက် ဘုရားသခင့် နိုင်ငံတော်ကို မျှော်ကြရန် တစ်ခုတည်းသော မီးအိမ်ဖြစ်ပါသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**အာဒံ – ဧဝ**

ဒေဝ်ဥယျာဉ်တွင် ဧဝနှင့်မြွေတို့ ထိပ်တိုက်တွေ့ကြသည့်အကြောင်းသည် လူသားတို့၏ ကျရှုံးရခြင်းဇာစ်မြစ် —ဘုရားနေရာ တက်ယူလိုမှု— ကိုချပြ၏။ ထို ဖြစ်စဉ်တွင် မြွေသည် ဦးစွာ ပေါ်လာ၏။ မြွေသည် ဖန်ဆင်းရှင် ကဲ့သို့ စကား မိန့်၏။

ဖန်ဆင်းခြင်း ပြုလုပ်စဉ်တွင် ဘုရားသခင်သည် ၁၀ ကြိမ် "မိန့်" သကဲ့သည့် စတန် လည်း "မိန့်" ၏ (က ၃:၁)။ wayyómer "မိန့်" ဟူသည့်ကြိယာပုဒ်ကို ဖြစ်စဉ် (၂) ခု တို့တွင် သုံးထား၏။ စာအရေးအသားသည် ဒုက္ခပေး၏။ အကြောင်းမှာ ကြိယာ၏ ရှေ့တွင် ကတ္တားပုဒ်မလာသောကြောင့် ဖြစ်၏။ ဆိုရလျှင် ဤတစ်နေရာတွင်သာ ကတ္တားပုဒ်ကို ရှင်းရှင်းလင်းလင်း မရေးထားပါ။ သာ၍ရှုပ်စေသည်မှာ ကြိယာ၏ ရှေ့တွင် "Elohim (ဘုရားသခင်)" လာသောကြောင့် ဘုရားက စကားမိန့်သည့်ဟန် ပေါက်၏။ ဟေဗြဲကျမ်းရင်းတွင် "ဘုရားသခင်သည် (သူသည်) မိန်းမအား" ဟူ၍ လာ၏။ ထို့ကြောင့် မြွေသည် ဘုရားနေရာ တက်ယူဟန်ရှိ၏။

စိတ်ဝင်စားဖွယ်ကား မိန်းမသည် ဘုရားကိုမနာခံသည့်ဖြစ်စဉ်တွင် ထိုသို့ပင် ပြထားခြင်းဖြစ်၏။ ဝါကျတွင် သူမ၏အပြုအမူကို ပြ၏။ "နှစ်သက်ဖွယ်ဖြစ်ခြင်းကို မိန်းမသည် မြင်" ၏ (က ၃:၆) သည် ဘုရားသခင်က ဖန်ဆင်းခြင်းပြုလုပ်စဉ်က ဖြစ်စဉ်နှင့် ထပ်တူကျ၏ — "ကောင်းသည်ကို ဘုရားသခင်မြင်" ၏ (က ၁:၄၊ ၁၀၊ ၁၂၊ ၁၈၊ ၂၅၊ ၃၁)။ ဘုရားသခင်နှင့် မိန်းမတို့ကြား ထိုသို့ထပ်တူကျခြင်းက သူမသည် ၎င်း ၏ ဥာဏ်စွမ်းဖြင့် ဖန်ဆင်းရှင်၏နေရာကို တက်ယူပြီးကြောင်း ပြ၏။ သူမသည် ဘုရားသခင်၏နေရာကို ဇေန်တက်ယူ၏ — "မိန်းမသည် အသီးကို<u>ယူ၍စား</u>၏။ မိမိ ခင်ပွန်းအားလည်း<u>ပေး</u>၍ သူသည်လည်း စား၏" (က ၃:၆)။ မျဉ်းသားထားသည့် ကြိယာသုံးလုံးတို့သည် ဖန်ဆင်းရှင်နှင့်သာ သက်ဆိုင်ခဲ့၏။ ဘုရားသခင်သည် စား စရာဖို့ "ပေး" ၏ (က ၁:၂၉)။ ဘုရားသခင်သည် လူကို "ယူ၍" (က ၂:၁၅)၊ ဘုရား သခင်သည် လူထဲက နံရိုး "ထုတ်" (က ၂:၂၁) ၏။ ဤသို့ဖြင့် ဧဝသည် သူမကိုယ်ကို ဖန်ဆင်းရှင်ဟု ပခုံးညှိကာ အာဒံကိုခြယ်လှယ်၏။

နောက်ပိုင်းတွင် အာဒံ-ဧဝ တို့သည် အဝတ်ချည်းစည်း ဖြစ်ကြကြောင်း၊ တွေ့ ကြသည့်အခါတွင် ဘုရားနေရာ တက်ယူကြပြန်၏။ ၎င်းတို့သည် "ဝတ်ရန်ဖို့ … ခါး စည်းကိုလုပ်ကြ၏" (က ၃:၇)။ ကြိယာဖြစ်သည့် "လုပ်" ကို ဖန်ဆင်းရှင် ဘုရား သခင်နှင့်သာ ဆက်စပ်အသုံးပြုထား၏ (က ၁:၃၁၊ က ၂:၂)။ အာဒံ-ဧဝ တို့သည် ၎င်း တို့၏အရေးကို ဖြေရှင်းရန် မိန်းမက ဝင်ယူခဲ့ပြီးဖြစ်သည့် ဘုရားနေရာ ဝင်ယူကြ၏။ လူသားဇနီးမောင်နှံတို့သည် ဘုရားနေရာ တက်ယူခြင်းဖြစ်သည်။ မြွေ၏ အကြံ အစည်တွင် ပါဝင်ခြင်းသည် ဆိုးပါသည်။ ၎င်းတို့၏ ဘုရားနာမကို ရှုတ်ချခြင်းကို ၎င်းတို့ "အဝတ်အချည်းစည်းရှိ" ခြင်းကိုပြသည့် árom နှင့် မြွေ၏ဉာဏ်စူး "လိမ္မာ" (က ၃:၁) ခြင်းကိုပြသည့် ároma ဟူသည့် ဝေါဟာရကို သုံးထားခြင်းတို့တွင် တွေ့ နိုင်၏။

## ဗာဗုလုန်ရဲတိုက်ဆောက်ကြသူများ

ရဲတိုက်ဆောက်ကြသူများ၏ လုပ်ဆောင်ပုံကို သရုပ်ဖော်ပြသည့် ဝေါဟာရ သည် ဖန်ဆင်းခြင်းပြုလုပ်စဉ်ကနှင့် တူညီ၏။ ၎င်းတို့သည် ဘုရား၏ ဖန်ဆင်းခြင်း အမှုကို ရည်ရွယ်ချက်ရှိရှိ ပြောင်းပြန်လှန်ကြ၏။ ဤရည်ရွယ်ချက်ကို နိုင်ငံများဖြစ်

ပေါ်လာပုံပြ ဇယားတွင် နိမ်ရောဒ၏ ဗာဗုလုန်နိုင်ငံအုတ်မြစ်တွင် ဝေါဟာရတစ်လုံး ရှိ၏ — rèshit "အစအဦး" (က ၁၈:၁၀) ဖြစ်ပြီး ဘုရားသခင် ဖန်ဆင်းခြင်းပြုခဲ့ပုံကို ပဲ့တင်ဟပ်၏ (က ၁:၁)။ "ငါတို့ပုန်ကန်ကြမည်" အနက်ရှိသည့် နိမ်ရောဒသည် ဤကျမ်းပိုဒ်တွင် ဗာဗုလုန် ဖန်ဆင်းရှင်ဟု ပြထား၏။ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီး ဖန်ဆင်းရှင်ဖြစ်သည်နှင့် အလားတူဖြစ်၏။

ဗာဗုလုန်ရဲတိုက်အကြောင်းတွင် အာဏာအလွဲသုံးစားမှုရှိကြောင်း တွေ့ရ၏။ ál penny "မျက်နှာပြင်ပေါ်" ဟူသည့် စကားစုသည် ဖန်ဆင်းခြင်းမစီ ကမ္ဘာ့အခြေအနေ (က ၁:၂) ပြန်၍ပေါ်လာပြန်၏ (က ၁၁:၄)။ ဖန်ဆင်းခြင်းအမှု ပြုခဲ့စဉ်တွင် အနည်း (ရေ၊ အာဘော) မှ အများသို့ ဦးတည်ပြီး ရဲတိုက်ဆောက်သည့်ဖြစ်စဉ်တွင် အများမှအနည်းသို့ ဦးတည်၏။ "ဘုရားမိန့်သည်" wayyomer 'Elohim' ၏ နေရာတွင် ရဲတိုက်ဆောက်သူများ၏စကား wayyómer "ပြောကြ၏" (က ၁၁:၃၊ ၄)။ ဖန်ဆင်းခြင်း အရာထင်ကြောင်းပြသည့် wayehi "ဖြစ်လေ၏" (က ၁၁:၃) သည် လူတို့၏စွမ်းဆောင်မှုဖြင့် အစားထိုးခံရ၏ — wattehi "ဖြစ်လေ၏" (က ၁၁:၃)။ ဘုရားသခင်က náaseh "ဖန်ဆင်းကြစို့" (က ၁:၂၆) နေရာတွင် လူတို့၏ náaseh "ဖုတ်ကြကုန်အံ့" ဖြင့် အစားထိုး၏ (က ၁၁:၄)။ ရဲတိုက်ဆောက်ကြသူများသည် ဇဝနည်းတူ ဘုရားဖြစ်လိုကြ၏။

### အာဗြံအားရွေးကောက်ခြင်း

ဘုရားသခင်သည် အာဗြံအား "ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါ ကောင်းချီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်" ဟု မိန့်ပြီး ခေါ်ထုတ်၏ (က ၁၂:၂)။ ဘုရားသခင်၏ ခေါ်ထုတ်ပုံသည် ရဲတိုက်ဆောက်ကြသူများကို ဆန့်ကျင်သည့်သရုပ် ရှိ၏။ ဘုရားသခင်သည် အာဗြံအား ခါလဒဲအမျိုးသားများ နေထိုင်ရာ ဥရမြို့မှ ခေါ်ထုတ်ခြင်းသည် တိုက်ဆိုင်မှု မဟုတ်ပါ။ ရှေးဆူမေးရီယန်း၏မြို့ ဥရမြို့သည် ဗာဗီလိုးနီးယာ ဒေသတွင်ရှိပြီး ရဲတိုက်ဆောက်ခဲ့ရာနှင့် အနီးဆုံးတွင်ရှိ၏။

အာဗြံသည် နေရပ်ကိုစွန့်ခွာရန် အခေါ်ခံရသည့်အခါ ဗာဗုလုန်နှင့်ပတ်သက်သည့် အတိတ်ဟောင်းများကို ကျွန်ုပ်တို့သည် သမိုင်းအရဖြစ်ဖြစ် ပထဝီအရဖြစ်ဖြစ် အံ့ဩရမည်မဟုတ်ဘဲ ဓမ္မဗေဒအရပါ မအံ့ဩရပါ။ ပရောဖက်များ အချိန်မှစကာ ဗျာဒိတ်ကျမ်းအချိန်တိုင်အောင် ဘုရားသခင်က "ဗာဗုလုန်မြို့ထဲကထွက်" ကြရန် မိန့်ခြင်းတွင် သာသနာနောက်ကြောင်းရှည်ကြီး ရှိ၏ (ယေရှာ ၄၈:၂၀၊ ဗျာ ၁၈:၄)။ ဘုရားသခင်က ခေါ်ထုတ်ခြင်းတွင် ဖိနှိပ်ခံဘဝမှ ကယ်ထုတ်ရုံသက်သက် မဟုတ်ဘဲ ကတိထားရာပြည်တော်တွင် ပြန်လည်ထူထောင်ခြင်း ပဋိညာဉ် ပြန်၍ပြုခြင်းများ ပါဝင်၏။

ရဲတိုက်ဆောက်သူများသည် ဂုဏ်သတင်း ထင်ကျန်လိုကြ၏ (က ၁၁:၄)။ သို့သော် ဘုရားသခင်သည်သာ နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံများထက် ထူးခြားစေသည့် အရှင်ဖြစ်၏။ "ဖန်ဆင်း" ဟူသည့် ကြိယာသည် ဖန်ဆင်းခြင်းအမှု ပြုလုပ်စဉ်

တွင် ခုနစ်ကြိမ်လာပြီး ဘုရားသခင်အား ကတ္တားပုဒ်ဖြင့် ပြထား၏ (က ၁:၇၊ ၁၆၊ ၂၅၊ ၂၆၊ က ၂:၂ (ဤတွင် နှစ်ကြိမ်)၊ ၃)။ ထိုကြိယာကိုပင် ရဲတိုက် ဆောက်သူများ၏ လုပ်ရပ်ကို သရုပ်ဖော်ရာတွင် သုံးကြိမ်သုံးထား၏ (က ၁၁:၄၊ ၆ (၆ တွင် နှစ်ကြိမ်)၊ ဤတွင် တစ်ကြိမ်သည် ၎င်းတို့၏နာမကိုဖော်ခြင်းနှင့် ပတ်သက်၏ (က ၁၁:၄)။ ဗာဗုလုန်ရဲတိုက်သည် ဖန်ဆင်းရှင်နေရာ ဝင်ယူ၏။ အာဗြံကို ခေါ်ထုတ်ခြင်းတွင် ဘုရား၏ဩဇာကို ပြန်၍သွင်း၏။ ဘုရားတစ်ပါးတည်းကသာလျှင် ပြုလုပ် နိုင်စွမ်း ရှိပြီး ဂုဏ်တော်ကို ထင်ကျန်စေနိုင်၏။ ထို့အပြင် ဘုရား၏နာမသာလျှင် "ကြီးမြတ်" ၏ (ယောရှု ၇:၉)။

## အာဗြံအပေါ် ပေးသည့်ကောင်းချီး

Barak "ကောင်းချီး" သည် ဘုရားသခင်က အာဗြံအား ခေါ်ထုတ်ရာတွင် အဓိက ဝေါဟာရဖြစ်ပြီး ငါးကြိမ်သုံးထား၏။ ဤခက်ဆစ်ကို ကမ္ဘာဦးကျမ်းတွင် အတော်ပင် သုံးထားပြီး ၈၈ ကြိမ် သုံးထား၏ (ဟေဗြဲဓမ္မဟောင်းကျမ်းရင်း တစ်အုပ်လုံးတွင် ၃၅၆ ကြိမ် သုံးထားခြင်းနှင့် နှိုင်းယှဉ်ပါ)။ "ကောင်းချီး" သည် ဟေဗြဲ အမျိုးသားများ လောကတွင် မျိုးဆက်ပွားများခြင်းနှင့် နွယ်လေ့ရှိ၏ (က ၁:၂၁-၂၃)။ အာဗြံကို ခေါ်ထုတ်ခြင်းသည် ရဲတိုက်ဆောက်ခြင်း၏ ရည်ရွယ်ရာကို မှောက်လှန်ခြင်းဖြစ်၏။ ရဲတိုက်ဆောက်သူများသည် ဘုရား၏အလိုတော်ဖြစ်သည့် ပွားများခြင်းကို ငြင်းပယ်ခြင်းဖြစ်ပြီး အာဗြံအား ကောင်းချီးပေးခြင်းသည် ဖန်ဆင်းရှင်၏ ရည်ရွယ်ရာကို ပြန်လည်တည့်မတ်ခြင်း၊ အနာဂတ်ဆိုင်ရာ ကတိတော်ကို အထမြောက်စေခြင်း ဖြစ်၏။

ရဲတိုက်ဆောက်ကြသူများသည် ၎င်းတို့၏ကိုယ်စွမ်းကို အရဲကိုးကြခြင်းဖြစ်ပြီး နိုင်ငံများအပေါ် ကောင်းချီးကျရောက်ခြင်းသည် အာဗြံအပေါ် ဘုရားသခင် ကောင်းချီးပေးခြင်း အပေါ်တွင်သည် မှီလျက်ရှိ၏။ ဤကောင်းချီးသည် ရှေးတွင်ဖြစ်ပျက်မည့် အရာဖြစ်၏ — "သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံရကြလိမ့်မည်" (က ၁၂:၃)။ "သင်အားဖြင့်" သည် "သင်၏မျိုးစေ့" ကို ဆိုလို၏။ ဆိုလိုသည်မှာ ကောင်းချီးသည် "အာဗြံတွင်" မရှိ။ အာဗြံ၏ "မျိုးစေ့" တွင် ရှိသည် ဟု ဆိုလိုပြီး ယင်းသည် မေရှိယ "မျိုးစေ့" ဖြစ်၏ - က ၃:၁၅။ ဤသို့အားဖြင့် ကျွန်ုပ်တို့လေ့လာသည့် ကျမ်းချက်များတွင် ခက်ဆစ်၊ သဒ္ဒါပုဒ်၊ ဆောင်ပုဒ် တူညီခြင်းများကို တွေ့ရပါသည်။ "ခရစ်တော်ယေရှု" အားဖြင့် ပြုလုပ်သည့် ပဋိညာဉ်၏ အကျိုးတရားများကို ရှင်းပြရာတွင် ရှင်ပေါလုသည် ယင်းစကားရပ်များကိုပင် သုံးသွား၏ (ဂလ ၆:၁၅)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**ဘုရားနေရာဝင်ယူခြင်း။** ဘုရားနေရာဝင်ယူသည့်အပြစ် ကံကြီးထိုက်ပုံကို မိမိကိုယ်ကို ပြန်၍ဆန်းစစ်ပါ။ ကျွန်ုပ်တို့သည် သတိပျက်ခြင်းဖြင့် ဘုရားသခင်ကို မည်

သို့ဖြင့် ကျွန်ုပ်တို့၏အဆင့်သို့ ဆွဲချဖြစ်သွားနိုင်မည်နည်း။ အောက်ပါ အချက် များကို ဆွေးနွေးပါ —

*သင်၏ ဝစီမေဒ ။* အကြောင်းတစ်ခုကို သင်လိမ်ညာ၊ ဖုံးကွယ်၊ လမ်းလွှဲစေလျှင်၊ အမှန်တရားကို ကိုယ့်အကြိုက်ဆွဲလျှင်၊ သင်သည် ကြွားဝါသည့်အခါတွင် သင်၏ အိမ်နီးချင်း၊ (သို့) ဇာဗုလုန်မြို့ကို ဆောက်ဖြစ်ခဲ့ခြင်းအပေါ် မာနမောက် တက်ခဲ့ သည့် နေဗုခဒ်နေဇာကဲ့သို့ပင် ဘုရားသခင်ကိုပါ ထိပါးခြင်းရှိပါသည်။

*သင်၏ အလုပ်တွင် ။* သင်သည် အလုပ် အလုပ်လွန်သည့်အခါတွင် သင့် ခန္ဓာ ကိုယ်၏ နိယာမတရားကို (သို့) သင်၏အပြုအစုကို လိုအပ်သည့် မိသားစုကို ဥပေက္ခာပြု၏။ သင်သည် ပျင်းရိသည့်အခါ အရေးမပါသည့် အရာများကို ပြုလုပ်၏။ သင်စာခိုးချ၊ သူတစ်ပါး၏ အရေးအသားကို ကိုယ်ပိုင်လုပ်၊ အလုပ်ခို၊ သူများပစ္စည်း ကိုယ်ပစ္စည်း လုပ်ခြင်းများသည် သင်၏ဥစ္စာဟု ဟန်ဆောင်ခြင်းဖြစ်၏။

*သင်၏ ကိုးကွယ်မှုဘာသာတွင် ။* သင်သည် ဘုရားသခင်အစား ငွေ၊ အလုပ်၊ ကား၊ အိမ်၊ သင့်ကိုယ်သင် ဦးစားပေးကိုးကွယ်လျှင် သင်သည် ရုပ်တုကိုးကွယ်သူဖြစ်၏။

**ဘုရားသခင်၏ ရွေးကောက်ခြင်းကို တုံ့ပြန်ခြင်း ။** ဘုရားသခင်၏နေရာတွင် အစားထိုးပြုလုပ်ခြင်းသည် အပြစ်ဖြစ်ကြောင်း သင် သိသည့်အားလျော်စွာ ကိုယ်ကို ငြင်းပယ်ကာ ဘုရားသခင်အား သင်၏စိတ်သန္တာန်တွင် မင်းမူစေရန် သင် မည်သို့ပြု နိုင်သနည်း။ ဘုရားသခင် ကြားဝင်ခွင့်ရခဲ့သည့် ဖြစ်စဉ်များကို သမ္မာကျမ်းစာတွင် ရှာထုတ်ပါ။

ဘုရားသခင်က လူသားတို့၏အပြစ်ကို မည်သို့ကိုင်တွယ်ကြောင်း ဆွေးနွေးပါ။ နေရာ အစားဝင်ယူခြင်းတရားကို သုံးသပ်ပါ။ သင် အသက်ရှင်နိုင်ရန် ဘုရားသခင်က သင့်နေရာတွင် ဝင်၍အသေခံရန် ရွေးချယ်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဘုရား သခင်က လူသားများအတွက် စီမံပေးမှုအကြောင်း ဣသရေလတို့၏သမိုင်းကို အာရုံ ပြုပါ (ဥပမာ - ဖန်ဆင်းခြင်း၊ ထွက်မြောက်ခြင်း၊ ဇာဗုလုန်သို့ ပါတော်မူခြင်း၊ ၎င်း၏ သားသမီးများအတွက် ဘုရားသခင်က ရပ်တည်ပေးခြင်းများ (ထွ ၁၄:၁၄) စသည် တို့ဖြစ်၏)။

**မှတ်သားရန်** –

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## သင်ခန်းစာ - ၅

*ဧပြီလ ၂၆ - မေလ ၂

# လူမျိုးများ - အပိုင်း ၂



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကမ္ဘာ ၂း၉ - ၁၇၊ ဒံ ၂း၃၁ - ၃၅၊ ဟေရှာ ၁၇း၁၂၊ ၁၃၊ ဒံ ၇း၁ - ၃၊ ရောမ ၃း၁၀ - ၁၉၊ ဗျာ ၁၂း၁၅၊ ၁၆၊ ဗျာ ၁၀း၁ - ၁၁။

**အလွတ်ကျမ်းချက်။** **'ငြိမ်ဝပ်စွာနေလော့။ ငါသည် ထာဝရဘုရားဖြစ်သည်ကို သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည်ဘုန်းပွင့်မည်။ မြေကြီးပေါ်မှာဘုန်းပွင့်မည်။'** (ဆာလံ ၄၆း၁၀)

ရာစုနှစ်ပေါင်းများစွာအတွင်း လူအချို့တို့သည် လူသားကျဆုံးခြင်းဟူသည် ဘုရား၏အလိုတော်ပင်ဖြစ်၍ လူသားသည် အပြစ်နှင့်သေခြင်းသို့ ကျရောက်ရာမှ ယေရှုခရစ်တော် ကိုယ်တိုင် ကြွဆင်းလာကာ ကပ်တိုင်တွင် ကယ်တင်ရမည့် အလိုရှိသည်ဟု ယုံကြည်ကြ သည်။ ကပ်တိုင်တွင် အသေခံခြင်းဖြင့် မဟုတ်ဘဲ မိမိ၏တန်ခိုးအနန္တဖြင့် နက်နဲသော သူ့ မေတ္တာကို ဖော်ပြပါက မည်သို့ဖြစ်မည်နည်း။ တိုတို ပြောရသော် ဘုရားသည် လူသား၏ကျဆုံးခြင်းကို အလိုရှိသည်ဟု ယုံကြည်ကြသည်။

ကြောက်ရွံ့စက်ဆုပ်စရာကြီး ဖြစ်ပေ၏။ စာတန်မှအစ ဘယ်လူသားမျှ ကျဆုံးရန် ဘုရားအလိုတော် မဟုတ်ပါ။ စာတန်နှင့် လူသားတို့၏ ပုန်ကန်ခြင်းတို့သည် ကြီးမားသော ကံဆိုးမိုးမှောင်၏ အကျိုးဆက်နှင့် မိဦး ဘဦး နှစ်ပါးတို့သည် မကျဆုံးခဲ့ဘဲ တည်မြဲနေပါက ကျွန်ုပ်တို့ အလွန်ပျော်ရွှင်ကြမည်ဖြစ်သည်။

ယခုအပတ်တွင်ကျဆုံးခြင်းကြောင့် ဖြစ်ပေါ်လာသော ပြဿနာများနှင့် ထာဝရဘုရား၏ အစိုးရအား ပုန်ကန်သော လူသား၏စီမံခန့်ခွဲမှုအား အသားပေးခြင်းတို့ကို သင်ယူကြရပါမည်။ ဤသမ္မာတရားတို့ကို ဒံယေလ စာအုပ်တွင် ဖော်ပြထားရာ ထာဝရဘုရားသည် မိမိ၏ အစိုးရအစား လောကလူသား၏ စီမံခန့်ခွဲမှုကို ရွေးချယ်ခြင်း မပြုရန် သတိပေးရာတွင် ထာဝရဘုရား မှန်ကန်ကြောင်း ဖော်ပြထားသည်။ ထိုသို့ ရွေးချယ်ခြင်း၏ ရလဒ်သည် လူသားဧကရာဇ်ဘုရင်နှင့် အပြစ်သားသည် အပြစ်သားများကို အုပ်စိုးခြင်း၊ မည်သည့်အခါမျှ ကောင်းမွန်သော ပေါင်းစပ်ခြင်းမဖြစ်ခဲ့ခြင်း တို့ဖြစ်သည်။

* မေလ ၃ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## အရင်ဦးဆုံး ပညတ်တော်

ဖေဒင်ဥယျာဉ်သည် ဘုရားသခင်၏ အရင်ဦးလူသားတို့၏ စာသင်ခန်း၊ သတ္တဝါအားလုံးတို့နှင့် သူတို့မှ ဆင်းသက်လာသူတို့သည် ဖန်ဆင်းရှင်နှင့် အတုံ့အပြန်ပြုခြင်းကို ထာဝရ သွန်သင်ရန်နေရာ ဖြစ်ခဲ့သည်။ "သန့်ရှင်းသောစုံတွဲတို့သည် ထာဝရဘုရား၏ စောင့်မခြင်း ခံရသော ခလေးငယ်များမဟုတ်ကြပါ။ သူတို့သည် ဉာဏ်တော်အနန္တ ဖန်ဆင်းရှင်၏ သွန်သင်ခြင်းကို ခံယူနေရသော တပည့်များဖြစ်ကြသည်၊ "ပညာစုံလင်သော ဘုရား၏ အမှု" မျက်မြင်စကြာဝဠာ၏ နက်နဲခြင်း *(ယောဘ ၃၇း၁၆)* သည် မကုန်မခန်းနိုင်သောသူတို၏ သင်ခန်းစာ၏ ဇစ်မြစ်ပင် ဖြစ်လေ၏" *(ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။* စာ - ၅၀၊ ၅၁*)*။

**ပတ်ရှုပါ – ကမ္ဘာ ၂း၉ – ၁၇။ လူသားအား ဘုရားသခင်မှတားမြစ်ထားသော အရင်ဦးဆုံးပညတ်တော်သည် အဘယ်နည်း။ အဘယ့်ကြောင့် အရေးကြီးသနည်း။**

လူသားသည် အရင်ဦးဆုံး ပြုရန် $(tswh)$ ထာဝရဘုရား၏ "အမိန့်တော်" သည် ကမ္ဘာ ၂း၁၆ တွင်ရှိသည်၊ ကောင်းမကောင်း သိကျွမ်းရာအပင်မှ မစားသုံးရန်ဖြစ်သည်၊ သိကျွမ်းခြင်းပညာကို အဘယ့်ကြောင့် တားမြစ်ရသနည်း၊ အတွေ့အကြုံ အသိပညာ တိုးပွားရမည် မဟုတ်လော။

ကျမ်းစာအရ မဟုတ်သည့်တိုင် လူသားကို မသွန်သင်ဘဲ နစ်ရှည်ပစ်ထားခြင်းဖြင့် မိမိဖာသာရရှိလာသော ပညာများနှင့် လူသားတို့သည် ဘုရားသခင်၏ အုပ်ချုပ်ခြင်း ထက် မိမိတို့ကိုမိမိ အုပ်ချုပ်ခြင်းကို ရွေးချယ် ခြင်းကြောင့် ဖြစ်လာနိုင်သောအရာများကို ထာဝရဘုရား သွန်သင်ရန် အလိုတော်ရှိသောကြောင့် ဖြစ်သည်။

နစ်ထောင်ချီလာသောအခါ ရှင်ဘုရင်တစ်ပါးကို တောင်းလှာကြရာ ကိုယ်တော်သည် အကျိုးဆက်များကို လူသားတို့အားချပြ၍ ထာဝရဘုရား၏အုပ်ချုပ်ခြင်းကို ငြင်းပယ်ခြင်းသည် သူ၏ တိုက်ရိုက်အုပ်ချုပ် ခြင်းဖြင့် ရာသက်ပန် ကွေကွင်းရမည်ကိုလည်း သွန်သင် ထားသည်။

ဣသရေလရှင်ဘုရင်တို့သည် ဆိုးသထက်ဆိုးညစ်လာသဖြင့် ဘုရားသခင်၏ ပဋိညာဉ်လူသားတို့သည် လောကဆန်လာခဲ့ကြကာ သူတို့၏ ရည်ရွယ်ချက်မှ သွေဖြည်ကာ ထာဝရဘုရားသည်လည်း ၎င်းတို့၏ လိုအင်ဆန္ဒထက် သာလွန်သော လူသား အစိုးရ တစ်ရပ်ကို ပေးလေသည်။

ဤအချက်တို့ကိုနောက်ခံ၍ ဒံယေလစာအုပ်အပေါ် အလင်းပေးနိုင်သည်၊ ဒံယေလ ၏ ရူပါရုံ မြင်ရသော ဧကရာဇ်နိုင်ငံများ မက ထိုလူမျိုးများဟူသော သာသနာပများ အား အမှုစွဲဆိုခြင်းနှင့် ဣသရေလတို့၏ ကျဆုံးခြင်းဘုရားသခင်၏ ပညတ်တော် $(mitswot)$ တို့ကို ငြင်းပယ်ခြင်းတို့အား တရားစွဲဆိုခြင်းပင်ဖြစ်သည်၊ ဖေဒင်၏ လွတ်လပ်ခြင်းအစား ထိုသို့ရာစုနစ်ပေါင်းများစွာ နေလာသောအခါ စာသင်ကျောင်းအသစ်ဖြစ်လာ၍ မိမိတို့၏ လိုအင်ဆန္ဒအစိုးရသည် ထာဝရဘုရား၏ နိုင်ငံတော်နှင့် ကွာဟခြင်း များကို သိရှိလာကြသည်။

**ယခုတွင်ပင် မသိသင့် မသိထိုက်သော အသိပညာမျိုးသည် မည်သို့သော အသိပညာမျိုး ဖြစ်မည်ကို စဉ်းစားပါ။ ၎င်းတို့သည် ဖေဒင်တွင် တားမြစ်ထားသော အရာအားမည်သို့နားလည်စေနိုင်မည်နည်း။**

**ဒံယေလ ၂**

ဘေဘီလုံကျွန်ဘဝအတွင်းတွင် ပုရောဖက်ဒံယေလအားဖြင့် ဘုရားသခင်၏ လူများနှင့် လောကီ အစိုးရတို့အကြား အတင်းကြပ်ဆုံသောအုပ်ချုပ်ခြင်းကို ထာဝရဘုရားက ဖော်ပြထားသည်။ သူတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် မရှိတော့ပါ။ ၎င်းတို့ ကိုယ်ပိုင် ရွေးချယ် ခြင်း၏ အကျိုးဆက်များခံစားရသည် *(ပညာရ သွားတာပေါ့)*။

**ပတ်ရှုပါ – ဒံယေလ ၂း၃၁ – ၃၅။ ကမ္ဘာ့ရာဇဝင် ရွေ့လျားခြင်းကို မြင်ကွင်းကျယ်ဖြင့် ပြသထားသည်။ ဤအနာဂတ္တိစကားသည်မည်သည့် အရေးကြီးသောအချက်များကို သွန်သင်သနည်း။**

၁၉ ရာစု အဆုံးပိုင်းတွင် လူသားတို့သည် သူတို့၏ တိုးတက်မှုများကို ယုံကြည်ခြင်း ရှိလာကြသည်။ ၁၉၀၀ ခု ပါရီမြို့ကုန်စည်ပြပွဲတွင် အနာဂတ်အား အကောင်းမြင်ခြင်းကို ဖော်ထုတ်သွားကြသည်။ နည်းပညာနှင့် သိပ္ပံပညာများတို့တွင် လူသားတို့၏ အခက်အခဲ ပြဿနာတို့ ကွယ်ပျောက်မည်ဟု ဆိုကြသည်။ ၂၀ ရာစုသို့ ရောက်လာသောအခါ အတွေး အခေါ်သမားတစ်ချို့တို့သည် အမြင်ကျယ်လာကြကာ ကြီးမားသော အကောင်းမြင်ခြင်း ရှိလာကြကာ လူသားတို့၏ စုံလင်မှုဖြင့်ပင် လူသားတို့၏ ခေတ်သစ်သို့ ခြေလှမ်းရမည်ဟု ထင်မြင်ကြ သည်။

ပထမကမ္ဘာစစ်ကြီးသည် ၎င်းအိမ်မက်တို့ကို အစိတ်စိတ်အမွှာမွှာ ခွဲပစ်လိုက် လေတော့သည်။ ၂၀ ရာစု အဆုံးပိုင်းတွင် လူသန်းပေါင်း ၂၀၀ ကျော် အသက်ဆုံးရှုံးရလေသည်။ နည်းပညာနှင့် သိပ္ပံပညာများတို့တွင်သာ တိုးတက်မှုရှိ၍ စိတ်ဓာတ်ပိုင်း ဆိုင်ရာတွင်မူ တိုးတက်မှုမရှိခဲ့ပါ။ ဒေါက်တာမာတင်လူသာကိန်းသည် "ဒုံးလက်နက်ကို ကျွန်ုပ်တို့ လမ်းပြနိုင်ခဲ့သော်လည်း လူသားကိုတော့ လမ်းပြမှားခဲ့လေပြီ" ဟုဆို၏။ အလွန်ခြောက် လန့်သော ပေါင်းစပ်ခြင်းပင် ဖြစ်၏။

အနာဂတ္တိကျမ်းစကား လေ့လာသူများစွာတို့သည် ဒံယေလ ၂ ၏ သတ္တုတို့သည် တန်ဖိုး အများဆုံးမှ အနည်းဆုံးသို့ ရွေ့သွားသည်ကို သိကြပါသည်။ ရွှေမှ ငွေသို့၊ ငွေမှ ကြေး သို့၊ ကြေးမှ သံသို့၎င်း နောက်ဆုံးတွင် သရွတ်ဖြင့်သာ အဆုံးသတ် သွားသည်။

၁၉ ရာစုတွင် ချားလစ်ဒါရ်ဝင်နှင့် ကားလ်မာက်စ်တို့ အပါဝင် အတွေးအခေါ်ရှင် တစ်ချို့တို့သည် လူသားတို့သည် သွေးသားဖြင့်၎င်း လူမှုရေး၌၎င်း တိုးတက်နေသည်ဟု တွေးခေါ်ကြသည်။ လူသားဇာတိသည် အနည်းငယ်တိုးတက်သည် မှန်သော်လည်း ကမ္ဘာ့အနာဂတ်ကို ရှုမျှော်နေသူတို့အတွက် ယခုအခြေနေနှင့် ကြည့်သော် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဥစ္စာ ပစ္စည်း တိုးတက်နိုင် မည်လား။

**ယေရှုသည် "သင်တို့သည် စစ်တိုက်ခြင်းအကြောင်း စစ်တိုက်အံ့သော သတင်းစကားကို ၎င်း ကြားရ ကြလိမ့်မည် ... တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်ဘက်ပြုကြလိမ့်မည်...အစာခေါင်းပါးခြင်းနှင့် ကာလနာများဖြားခြင်း မြေကြီး လှုပ်ခြင်းတို့ ဖြစ်ကြလိမ့်မည်" *(မဿဲ ၂၄း ၆၊ ၇)*။ ဤ သတိပေးခြင်းများကို ဘေးဖယ်ထားကာ အရင်ဦး သတိပေးထားခြင်းများအား သိရှိခြင်းဖြင့် မည်ကဲ့သို့ စိတ်သက်သာခြင်း ရရှိနိုင်မည်နည်း။**

**အင်္ဂါနေ့** ဧပြီလ ၂၉ ရက်

## ဒံယေလ ၇

ဒံယေလ ၂ အိမ်မက်ကို အရင်ဦးစွာ ဘေဘီလုန်ရှင်ဘုရင် အားပေးထားသည်။ ဒံယေလ ၇ ကို ဟေဗြဲပုရောဖက် ဘုရားသခင်၏ ပဋိညာဉ်လူသား တစ်ဦးထံတွင် ပေးပြန်သည်။ ဒံယေလအား နေ့ဗုခတ်နေဖာနင့်အတူ အကြောင်းတူကို ပေးထားသော်လည်း မြင်ကွင်းကွဲပြားသွားသည်။ ရုပ်တုကြီးအစား လေတိုက်သောကြောင့် ရေတွေလှုပ်နေသော ပင်လယ်ထဲမှ လူမျိုးနိုင်ငံတွေ ထွက် လာသည်ကို မြင်ရသည်။ ထိုလူမျိုးတို့သည် အဆက်မပြတ်ရုန်းရင်းခတ်နေကြကာအာဏာအပြောင်းအလဲ ပြုနေကြသည်။ ဆာလံ ၆၅း၅-၈၊ ဟေရှာယ ၁၇း၁၂၊ ၁၃ နှင့် ယေရမိ ၄၆း၇၊ ၈ တို့သည် လူမျိုးအဓိကရုဏ်းကို ရေလှုံ့ရေလှိုင်းတို့ဖြင့် အလားတူစေသည်။

တစ်ဘက်တွင် ကတိတော်နိုင်ငံသည် အချိန်တစ်ခုအတွင်း ထိုသာသနာပနိုင်ငံ၊ ပင်လယ်အတောအတွင်း ငြိမ်သက်စွာနေသည်။ ထိန်းမနိုင်သိမ်းမရသော ထိုနိုင်ငံများကဲ့သို့ မဟုတ်ဘဲ ဘုရား၏နိုင်ငံတော်ကို အခြေခံထားသော သန့်ရှင်းသောနိုင်ငံအဖြစ် ရပ်တည်နေသည်။

**ပတ်ရှုပါ – ဒံယေလ ၇း၁ – ၃။ လှုပ်ရှားမှုများစွာ ပါရှိသည်။ ပင်လယ်ထဲမှ တက်လာသည့် သားရဲ ပုံရိပ်များမှ မည်သည့်သင်ခန်းစာရရှိနိုင်မည်နည်း။**

ဒံယေလသည် သာသနာပလူတွေ ပရမ်းပတာ တိုက်ခိုက်နေသည့် ပုံရိပ်ကို ကမ်းခြေမှ ကြည့်ရှုနေချိန်တွင် သားရဲတို့သည် မိမိတို့ပိုင်နက်မြေပေါ်သို့ တက်လာကြသည်။ သာသနာပလူတို့၏ ပြဿနာသည် ဘုရားသခင့် လူတို့၏ ပြဿနာကြီး ဖြစ်လာသည်။ သူတို့သည် သာသနာပလူများကဲ့သို့ နေထိုင်ရန် ရွေးချယ်ခဲ့သောကြောင့် သာသနာပလူတို့နှင့် (သို့) လက်အောက်တွင်ပင် နေရမည်ဖြစ်သည်။ ဘေဘီလုန်၏ စိုးမိုး အုပ်ချုပ်ချိန်မှ စ၍ ထာဝရဘုရား၏ ပဋိညာဉ်လူတို့သည် မိမိတို့၏ တာရှည် ကိုယ်ပိုင်အုပ်ချုပ်ခြင်း၏ သာယာမှု ကို မည်သည့်အခါမျှ မခံစားကြရတော့ပါ။

ပဋိညာဉ်လူသားတို့သည် မိမိတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို ယနေ့ဆုံးရှုံးရခြင်းသည် ကျွန်ုပ်တို့၏ ဘုရင်ခရစ်တော်သည် မိမိပိုင်ဆိုင်သောနေရာကို ပြန်ယူရသည့် နေ့အထိ လောကအဆုံးတိုင် ဖြစ်လိမ့်မည်။ ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏လူတို့သည် ရောမ ဧကရာဇ်များလက်ထက်မှ စ၍ ထိုရောမတို့ကို ဆက်ခံသော ဂျိုငယ်၏ နှိပ်စက်ခြင်း ကိုပါ ခံစားရမည် ဟုဆို၏။

ရာဇဝင်အရ အချို့လူမျိုးတို့သည် ညာတာတတ်သဖြင့် ထိုအချိန်တွင် သက်သာချောင် ချိခြင်း ရရှိသော်လည်း အားလုံးကို ခြုံကြည့်လိုက်သောအခါ ဖိနှိပ်ညင်းဆဲသော ဧကရာဇ် တစ်ခုနောက် တစ်ခုပင် ဖြစ်လေသည်။ ထိုသူအပေါင်းတို့သည် မိမိလူတို့၏ ကောင်းရာ ကောင်းကြောင်းကိုသာ ပြုလုပ်သောသူများသာ ဖြစ်ကြလေသည်။ ဘုရားသခင်အား ရွေးချယ်မိပါက သူသည် မိမိလူတို့အား ကောင်းစေလိုသောဆန္ဒဖြင့် အုပ်ချုပ် ခြင်းနှင့် အလွန် ကွာဟပေသည်။

**ရောမ ၁၃း၁ – ၁၄ တွင် ဤကမ္ဘာအကြောင်း မည်ကဲ့သို့သွန်သင်သနည်း။ အထူးသဖြင့် အခန်းငယ် ၁၄ သည်ဧဝံဂေလိတရားတော်အား ကျွန်ုပ်တို့သည်ပြင်းထန်စွာ လိုအပ်ကြောင်း မည်သို့ဖော်ပြသနည်း။**

**ဗုဒ္ဓဟူးနေ့** ဧပြီလ ၃၀ ရက်

## ကုန်းမြေနှင့်ပင်လယ်စပ်ကြား

သမ္မာကျမ်းစာ၏ အနာဂတ္တိစကားတို့တွင် ကုန်းမြေနှင့်ပင်လယ်ပုံရိပ်သည် အလွန်မှတ်သားဘွယ် ဖြစ်သည်။ အနာဂတ္တိစကားတွင် ကုန်းမြေနှင့် ပင်လယ်တို့၏ သင်္ကေတဆောင်ခြင်းတို့သည် အလွန်ကွာခြား လှသည်။

"ကုန်းမြေနှင့် ပင်လယ် တို့၏သင်္ကေတဆောင်ခြင်းကို ယှဉ်တွဲပြရာတွင် ကုန်းမြေသည် ငြိမ်ဝပ်သော ကမ္ဘာ (သို့) ဣသရေလနိုင်ငံတို့ဖြစ်သည်။ ပင်လယ်သည် ကုန်းမြေအား ခြိမ်းခြောက်တိုက်စားနေသကဲ့သို့ သာသနာပလူများကို ရည်ညွှန်းသည်။" *(ဘီတရိစ် အက်စ်နီလ်)*။

ဤအတွေးအခေါ်တွင် ကုန်းမြေသည် တည်ငြိမ်ခြင်း ဘုရားသခင်၏ အုပ်ချုပ်မှုအပေါ် တည်ရှိခြင်းနှင့် ပင်လယ်သည် လူသားတို့၏ မာန်မာနအပေါ် တည်ရှိသော မတည်ငြိမ်ဘဲ ကသောင်းကနင်း ဖြစ်ခြင်း တို့ဖြစ်၏။

**အထက်ပါ အတွေးအခေါ်အား နောက်ခံလျက် ဗျာဒိတ် ၁၂း၁၇၊ ၁၆ နှင့် ဗျာဒိတ် ၁၃း၁၊ ၁၁ တို့ကိုဖတ်ပါ။ ရေနှင့် ကုန်းတို့အား ယှဉ်တွဲပြခြင်းကို သတိပြုပါ။ မည်ကဲ့သို့ အသုံးပြုကာ အနာဂတ္တိစကားတို့ကို မည်သို့ သွန်သင်ပေးသနည်း။**

နဂါးသည် မိန်းမ *(အသင်းတော်)* အား နှိပ်ကွပ်ရန် ရေကို အသုံးပြုသည်ကို သတိပြုပါ။ သိခဲ့ပြီးသည် အတိုင်း အနာဂတ္တိစကားတွင်၊ ရေသည် ကသောင်းကနင်း၊ ပရမ်းပတာ ဖြစ်သော လောကအစိုးရများ၏ သင်္ကေတဖြစ်သည်။ အသင်းတော်၏ ရာဇဝင်တွင် ပြည်သူ လူထုအား ခေါင်းဆောင်များမှ သွေးထိုး၍ ဘုရားသခင်၏ လူများအား နှပ်ကွပ်ခြင်းစနစ်ကို စာတန်သည် အသုံးပြုလေ့ရှိသည်။

မြော်လင့်ခြင်းအသင်းတော် သည်လည်း ဗျာ ၁၂း၁၆ သည် နှိပ်ကွပ်ခံရသော ယုံကြည်သူတို့သည် ကမ္ဘာသစ်သို့ ရွှေ့ပြောင်းကြသည်ကို သိနှင့်ပြီး သားပင် ဖြစ်သည်။

ကုန်းမြေနှင့် ပင်လယ်အကြောင်း ကျွန်ုပ်တို့ နားလည်ထားခြင်းသည် မှန်ကန်ပါက အမေရိကန်ပြည်ထောင်စုပေါ်ပေါက်လာခြင်းကိုမည်သို့ဖော်ပြထားသနည်း။ "*မြေကြီး*" ဟူသည် ဘုရားသခင်၏ လူတို့ အတွက် သီးသန့်ခွဲထားသော "ကတိတော်နိုင်ငံ" ဟု ဆိုရမည်လော။ ကုန်းမြေသားရဲသည် သိုးသူငယ်ကဲ့သို့ ပေါ်လာရခြင်းအကြောင်းရင်း ဖြစ်နိုင် မည်လော။ အမေရိကတိုက်သည် နှိပ်ကွပ်ခံရသော ဘာသာရေးသမားတို့ အတွက် ဘာသာရေးလွတ်လပ်သောနိုင်ငံအဖြစ် နစ်ပေါင်းများစွာရပ်တည်ခဲ့ သော်လည်း ၎င်းကို တွေ့ရှိသောသူတို့သည် "*ဣသရေလသစ်*" ဟု သမုတ်ခြင်းမရှိခဲ့ပါ။

နောင်တစ်နေ့တွင် ထိုသိုးသူငယ်သားရဲသည် "နဂါးကဲ့သို့" ပြောဆိုမည်ဖြစ်သည် *(ဗျာ ၁၃း၁၁)*။ အမေရိကန်ပြည်ထောင်စုသည် နှိပ်ကွပ်ခံရသူများအတွက် ဘာသာရေးလွတ်လပ်မှု မီးပြတိုက်အဖြစ် ကြာမြင့်စွာ ရပ်တည်ခဲ့သော်လည်း ဘာသာရေးနှိပ်ကွပ်ရာတွင်အင်အားကြီးနိုင်ငံ ဖြစ်လာလိမ့်မည်။ ဤသည်လည်း ထာဝရဘုရား၏ အုပ်ချုပ်ခြင်းထက်လူသားချင်းအုပ်ချုပ်ခြင်းကိုရွေးချယ်ခြင်း၏ရလဒ်သက်သေတစ်ခုပင်ဖြစ်၏

**ကြာသပတေးနေ့** မေလ ၁ ရက်

# ကြိုတင် ပြန်လည်ပြောပြခြင်း

ကျန်ကြွင်းသောအသင်းတော်သည် ၁၇ နှင့် ၁၈ ရာစုတို့တွင် ဘာသာရေး လွပ်လပ်မှုကို ရှာဖွေ၍ တိမ်းရှောင်ခဲ့ရသော ကမ္ဘာသစ်တွင် ဖွားမြင်ခဲ့သည်။ နေရာတကာတွင် ဘာသာရေးရောနိုင်ငံရေးပါ အတားအဆီးများစွာတို့သည် ကြာမြင့်စွာ နေရာယူခဲ့သော် လည်း၊ ကမ္ဘာသစ်တွင် အမေရိကန်ပြည်ထောင်စုသည် လျင်မြန်သွက်လက်စွာ တန်ခိုးကြီး လာခြင်းသည် စဉ်းစားစရာတွေ မြောက်များစွာ ဖြစ်လာစေသည်။

**ပတ်ရှုပါ – ဗျာဒိတ် ၁၀း၁ – ၁၁၊ တွင် ၄င်း၏ ဖွားမြင်ခြင်းကိုဖော်ပြထားသည်။ သင်ကြားခဲ့ပြီးသော ‘လူမျိုးများ’ ကုန်းမြေနှင့် ပင်လယ်တို့ကို ပြန်ကြည့်ပါ။ ထိုအကြောင်းအရာတို့တွင် စွမ်းရည်အပြည့်ပါသော အမြင်များ အား ပြည့်စုံစွာမပတ်ခြင်းဖြင့် မည်သည့်သတိပေးခြင်း ရှိနိုင်မည်နည်း။**

ဗျာဒိတ် ၁၈ ၏ ကောင်းကင်တမန်သည်လည်း ဗျာဒိတ် ၁၄ ၏ ကောင်းကင်တမန် သုံးပါးတို့ကဲ့သို့ပင် ကျယ်လောင်စွာ ကြွေးကြော်သည်။ ကျန်ကြွင်းသောအသင်းတော် ဖြစ်လာရန် “အသီးအသီး ဘာသာစကားကို ပြောသောလူအမျိုးမျိုး” *(ဗျာ ၁၀း၁၁)* တို့ အတွက် အဆောတလျင် လိုအပ်နေချိန်ကာလ ဖြစ်ပါသည်။ ကောင်းကင်တမန်သည် မျိုးဆက်များစွာ တို့တွင် အရင်ဦးဖွင့်ရသော “စာစောင်” တစ်စောင် ကိုင်ထားသည် *(ဒံယေလ ၁၂း၄)*။ သူ၏ခြေတို့သည် တစ်ဘက် ပင်လယ်ပေါ်နှင့် တစ်ဘက် ကုန်းမြေပေါ်တွင် နင်းထားသည်။ ထိုအခြင်းအရာမှာ ၄င်း၏ သတင်းစကားသည် ကမ္ဘာတစ်ဝှမ်း၊ ကမ္ဘာဟောင်းနှင့် ကမ္ဘာသစ်တို့အား ခြုံငုံထားသည်ကို ဆိုလိုသည်။ ထိုသတင်းစကားသည် ကုန်းမြေပေါ်မှာရော သာသနာပလူတို့၏ ပင်လယ်မှာပါ နေထိုင်သော လူမျိုးတကာ တို့ အတွက်ဖြစ်သည်ကို ကိုးကားပြသခြင်းဖြစ်သည်။

မြေကြီးသည် ဘုရားသခင်၏ ဘုန်းတော်ဖြင့် တောက်ပနေသောအခါ၊ ဗျာဒိတ် ၁၄ ၏ နောက်ဆုံး သတင်းစကားတို့သည် လူအားလုံးအပေါ်ရောက်ရှိသွားလိမ့်မည်။ ဣသရေလ ကဲ့သို့ပင်ယနေ့အသင်းတော်အားပြဌာသဿာန်းသော ဧဝံဂေလိတရားကို “လူမျိုးအပေါင်း တို့အား သက်သေခံပြီးနောက်မှ အဆုံးသည် ဖြစ်လတံ့” *(မဿဲ ၂၄း၁၄)*။

လူသားတို့၏ ရာဇဝင်သည် နိဂုံးချုပ်ရမည်အကြောင်း ထာဝရဘုရားမှ တွန်းပို့လေ့ရှိရာ လူသား ဧကရဇ်နိုင်ငံ၏ အဆုံးသတ်နှင့် ခရစ်တော်အား ထာဝရဘိသိက်တင်ခြင်း ရှိလိမ့် မည်။ ဒံယေလ ၂း၃၄၊ ၃၅၊ ၄၄၊ ၄၅ ဖတ်ပါ။ သမ္မာကျမ်းစာတွင် လောကနိုင်ငံများ အားလုံး၏ အကျည်းတန်သော အမွေအနှစ်များ လုံးဝမကျန်မရှိဘဲ အပြစ်၊ ဒုက္ခဆင်းရဲခြင်း၊ ဖြားနာ ခြင်း၊ ဆိုးညစ်ခြင်းနှင့် သေခြင်းတို့သည် လုံးဝနာလံ မထူနိုင်တော့အောင် ဖယ်ရှား ပစ်ကာ၊ ထာဝရဘုရား၏ထာဝရနိုင်ငံတော်ဖြင့် အစားထိုး လိမ့်မည်။

**ဒံယေလ ၂ နှင့် ၇ တို့သည် ထိုလောကဧကရာဇ်နိုင်ငံတို့၏ ပေါ်ထွက်လာခြင်းနှင့် ကျဆုံးခြင်းတို့ကို တိကျစွာ ဖော်ပြထားသည်။ ဒံယေလအချိန်ကတည်းက တိကျမှန်ကန်ခြင်းသည် ထာဝရဘုရား၏ နောက်ဆုံး နိုင်ငံတော် ကတိအပေါ်တွင်လည်း ယုံကြည်စိတ်ချနိုင်ရန် မည်သို့ကူညီသနည်း။**

**ဆက်လက်လေ့လာရန်။** အဲလင်ဂျီဝှိုက်၊ ဘေဘယ်လ်မျှော်စင်၊ ဘိုးဘေးများနှင့် ပရောဖက်များ၊ စာ၊ ၁၁၇ – ၁၂၄။

"ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်း ငါမြင်၏။ ရှေးကောင်းကင်နှင့် ရှေးမြေကြီးတို့သည် ရွေ့သွားကြပြီ" *(ဗျာ ၂၁း၁)*။ စဉ်းလဲသောသူတို့အား လောင်ကျွမ်းသောမီးသည် ကမ္ဘာကိုသန့်စင်၏။ အမင်္ဂလာ ကျိန်ခြင်းတို့၏ လက္ခဏာတို့အား လုံကျင်းခဲ့ပြီး၏။ အပြစ်၏ကျိုးဆက်ဖြစ်သောငရဲမီးသည် ရွေးနုတ်ခံသူတို့ ရှေ့တွင် ထာဝရ လောင်မြိုက် နေမည် မဟုတ်။

"အမှတ်တရ တစ်ခုတည်းသာရှိမည်၊ ကျွန်ုပ်တို့၏ရွေးနုတ်ရှင်သည် မိမိ၏ ကပ်တိုင် ဒဏ်ချက်ဖြစ်သည်။ ဒဏ်ချက်ရှိသော ဂေါင်းတော်နှင့် နံဘေး၊ လက်နှင့်ခြေတို့သည် အပြစ်၏ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များသာ ဖြစ်သည်။ "အဆင်းအရောင်တော်သည် နေရောင်ကဲ့သို့ဖြစ်၏။ လက်တော်မှ ရောင်ခြည်ထွက်၍ ဘုန်းအာနုဘော်ကို ကွယ်ကာလေ၏" *(ဟဗက္ကုတ် ၃း ၄)*။ ထိုးသွင်းဒဏ်ချက်မှ စီးဆင်းလာသော သွေးချောင်းသည် ထာဝရဘုရားနှင့် ကျေအေးစေ၍ ကယ်တင်ရှင်၏ဘုန်းတော်နှင့် "*ဘုန်းအာနုဘော် ကွယ် ကာခြင်း*" ရှိ၏။ ခွန်အားကြီးမားသော ကယ်တင်ရှင်ဖြစ်၍ ထာဝရဘုရား၏ကရုဏာကို မထီမဲ့မြင်ပြုသူတို့အား တရားစီရင်နိုင်စွမ်း ရှိ၏။ သူ၏ နှိမ့်ချခြင်းအမှတ်အသားတို့သည် သူ၏အမြင့်ဆုံးသော ဘုန်းတန်ခိုးဖြစ်၏။ ကရာနီ၏ဒဏ်ချက်တို့သည် ထာဝရကာလ တစ်လျှောက် သူ့အားချီးမွမ်းခြင်းနှင့် တန်ခိုးတော်အား ပြသလိမ့်မည်" (အဲလင်ဂျီဝှိုက်၊ *မျက်မှောက် ကာလမှ ထာဝရကာလသို့*၊ စာ – ၆၇၄)။

**ဆွေးနွေးရမည့်မေးခွန်းများ –**

**၁ နောက်ဆုံးတွင် လောက၏ ခမ်းနားထယ်ဝါကြီးမားခြင်းနှင့် အံ့ဩဘွယ်ရာများအားလုံး ပြိုကျသွားကာ ထာဝရကွယ်ပျောက်ကြလိမ့်မည်။ လောကတွင် သင်ရှာဖွေနေသော ကြီးမားသောအရာများ ပါဝင်၏။ ထိုအမြင်ကို စိတ်နှလုံးသို့မှီးရန် အဘယ့်ကြောင့်အရေးကြီးသနည်း။ ၎င်းအမြင်သည် သင်ဦးစားပေး သင့်သော အရာများကိုမည်သို့သိစေနိုင်သနည်း။**

**၂ ဗျာဒိတ်ကျမ်း ၁၃း၁ – ၁၀ ၏ ပင်လယ်သားရဲအား သေချာလေ့လာပါ။ ထိုသားရဲသည် မည်ကဲ့သို့ ဘေဘယ်လ်မျှော်စင်၏သဘာဝကျိုးဆက် ဖြစ်နိုင်သနည်း။ ဘေဘီလုန်မှ ဆင်းသက်လာသော လူမျိုးအားလုံးတို့သည် ဂျူငယ်တန်ခိုးတွင် ပေါင်းစည်းကြသည်။ အချိန်နှင်အမျှ ကေရစ်ရှင်ဘုရင်တို့သည် မည်သည့် တူညီသော ဝိသေသလက္ခဏာ ရှိကြသနည်း။ လောကကြီးသည် ဘေဘီလုန်နှင့်ရောမတို့အား ရောင်ပြန်ဟပ်ကြသနည်း။**

**၃ ကျွန်ုပ်တို့ မြော်လင့်ခြင်းအသင်းတော်သည် ဘုရားသခင်နောက်သို့လိုက်ခြင်းနှင့် ကျွန်ုပ်တို့ကို အုပ်ချုပ်သော အစိုးရ၏ တည်ဆဲဥပဒေများကို လိုက်နာရာတွင် မည်ကဲ့သို့ ချိန်ခွင်လျှာ ညီမျှရမည်နည်း။ တစ်ဦး နောက်သို့ခြေစုံပစ် လိုက်မှောက်ခြင်းဖြင့် နောက်တစ်ဦးအား ငြင်းပယ်ခြင်း အဘယ်သို့ ဖြစ်စေနိုင်သနည်း။**

## အပိုင်း ၁။ အမျိုးသမီးငယ်တစ်ဦး၏ ကိုးကွယ်မှုဘာသာ

Andrew McChesney မှရေးသားသည်

Diana သည် အသက် ၁၂ အရွယ်တွင် အရက်၊ ဆေးခြောက်များ သုံးတတ်လာပြီး rock ဂီတများကို နားထောင်လာ၏။ ပါတီများ တက်နေရင်းဖြင့် သူမ၏ စိတ်အစဉ်သည် ဘုရားဘက်သို့လှည့်လာ၏။

ဘုရားသည် Diana ၏ ငယ်ဘဝတွင် မစိမ်းခဲ့ပါ။ သူမ၏ဖခင်သည် ရေတပ်သားဖြစ်ကာ ပင်လယ်တွင် အချိန်အကုန်များခဲ့ပြီး (၂) နှစ် (၃) နှစ် တိုင်း ပြောင်းနေရ၏။ သူမ၏မိခင်သည် Florida တွင် နေခဲ့စဉ်က သူမတို့ညီအစ်မများကို တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသို့ ရှားရှားပါးပါး ခေါ်သွားဖူးပါသည်။

Diana သည် သူမတို့ Norfolk, Virgenia နေကြစဉ် အသက် ၁၀ အရွယ်တွင် Vacation Bible School တက်ခွင့်ရဖူး၏။ Bus ကားသည် သူမတို့နှင့်အစ်မကို Baptist ဘုရားကျောင်းသို့ ပို့ပေး၏။ သူမသည် ယော ၃:၁၆ နှင့် ကျမ်းစာအုပ်ခေါင်းစဉ်များကို အလွတ်ကျက်ခဲ့ရ၏။ အသင်းတော်သည် သူမအပေါ် သာသနာမျိုးစေ့ချပေးခဲ့၏။ သူမလည်းနှစ်ခြင်းခံခဲ့၏။ ဘုရားကျောင်းအပြင်တွင်ကား ဓာတ်လမ်းသည် တစ်မျိုးဖြစ်၏။ သူမသည် အဓမ္မပြုကျင့်ခံရပြီး အတိတ်စိမ်းကို ဖျောက်မရ ဖြစ်နေ၏။ သူမ အသက် ၁၂ တွင် မိသားစုသည် Albuquerque, New Mexico သို့ ပြောင်းရပြန်၏။ ရပ်ကွက် အတွင်းရှိ လူငယ်အများစုသည် အရက်၊ ဆေးများ သုံးစွဲကြပြီး Diana လည်း လိုက်သုံးခဲ့၏။

အသက် ၁၄ တွင် Diana တို့မိသားစုသည် Monte Vista, Colorado သို့ ပြောင်းကြပြန်၏။ သူငယ်ချင်းအသစ်များနှင့် ဆေးခြောက်ရှူရင်း သူမက ဘုရားအကြောင်း ပြောဖြစ်ခဲ့၏။ ၁၆ နှစ်အရွယ်တွင် သူမ၏သူငယ်ချင်းများ ဘာသာရေးသင်တန်း တက်ကြရ၏။ သူငယ်ချင်းများနှင့် ရင်းနှီးလိုသောကြောင့် သူမလည်း လိုက်တက်၏။ တစ်ချိန်တွင် ပုရောဟိတ်တစ်ဦးက အသင်းတော်၏သြဇာသည် သမ္မာကျမ်းစာထက်ကြီးကြောင်း၊ အကြောင်းမှာ အသင်းတော်သည် သမ္မာကျမ်းစာလာ သတ္တမနေ့ဖြစ်သည့် စနေနေ့အစား၊ ပထမနေ့ဖြစ်သည့် တနင်္ဂနွေနေ့သို့ ပြောင်းခဲ့ခြင်းကြောင့်ဖြစ်သည် ဟုဆို၏။

Diana လည်း အံ့သြသွား၏။ ဘုရားသခင်၏ နှုတ်တော်ထွက်စကားများ မပြောင်းလဲနိုင်ကြောင်း သူမ သတိရဖြစ်၏။ သူမက "ကျမ်းစာက သတ္တမနေ့မှာ ဝတ်ပြုကိုးကွယ်ရမယ်လို့ အရှင်းကြီး ပြောထားရဲ့သားနဲ့ ဘာ့ကြောင့် ပထမနေ့မှာ ကိုးကွယ်ကြတာလဲ" ဟု တွေးဖြစ်၏။ Diana လည်း ဆက်မတက်၊ ဘုရားကျောင်းလည်း မသွားတော့ပါ။ သူမသည် အရက်၊ ဆေး ဆက်သုံးကာ rock ဂီတများ ဆက်၍နားထောင်၏။ အချိန်နှင့်အမျှ ယင်းအရာများသည် သူမ၏ အမှတ်သညာ၊ အသက်၊ ကိုးကွယ်မှု ဖြစ်လာ ၏။

ဤပုံပြင်သည် ၂၀၂၂ ခုနှစ် ဥပုသ်စာဖြေ ၁၃ ပတ် အလှူငွေလက်ခံရရှိသည့် US ရှိ Holbrook SDA Indian School တွင် development director လုပ်ကိုင်သည့် Diana Fish အပေါ် ဘုရားသခင်က ဆန်းကြယ်စွာတို့ထိခဲ့သည့် အကြောင်းဖြစ်၏။ ၁၃ ပတ်မြောက် အလှူငွေအစီအစဉ်တွင် ပါဝင်ထည့်ဝင်ကြမည်ဖြစ်သောကြောင့် သင်တို့အပေါ် ကျေးဇူးတင်ရှိပါသည်။ Diana ၏အကြောင်းကို နောက်အပတ်တွင် ဆက်၍ ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဆာလံ ၄၆:၁၀

**လေ့လာမှုဦးတည်ချက်။** က ၁:၂၉၊ ဒံ ၂:၄၄၊ ၄၅

ဖခင်တစ်ဦးသည် တစ်နေ့တွင် ၎င်း၏သားသည် ပျင်းနေကြောင်းကို တွေ့ရကာ တိရစ္ဆာန်ကားကြည့်ရန်ခေါ်သွား၏။ ဖခင်၏ရည်ရွယ်ချက်ကား ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို ပြလိုခြင်းဖြစ်၏။ သို့သော် ထိုကားသည် ရက်စက်မှုနှင့် ပြည့်နေ၏။ တိရစ္ဆာန်များသည် ရက်စက်မှုကို ပြကြ၏။ ဠင်းတငှက်သည် အားနွဲ့သည့် စာကလေးငှက်ကို ကုတ်ဖြဲ၏။ သားရိုင်းက သားယဉ်ကို အနိုင်ယူ၏။ အသက်ကို ဖက်နှင့်ထုပ်နေရသည့်ဘဝ ဖြစ်၏။ ကလေးငယ်သည် ကြောက်ကာ လှန့်အော်တော့၏။ အိမ်ပြန်မည်ဟု ဂျီကျတော့၏။ ဖခင်၏နည်းသည် မအောင်မြင်ကြောင်း အထင်းသားပေါ်လွင်၏။

ကျွန်ုပ်တို့သည် လူ့သမိုင်းကို ပြန်လည်သုံးသပ်သည်တွင် ထိုနည်းတူဖြစ်ကြောင်းတွေ့ရပါသည်။ လူ့သမိုင်းသည် စစ်ရေး၊ အဓမ္မပြုကျင့်မှု၊ လိမ်လည်မှုများနှင့်ပြွန်းနေ၏။ အားကြီးသည့်နိုင်ငံက အားနည်းသည့်နိုင်ငံကို အမှုန့်ချေ၏။ အဓမ္မတရားက ဓမ္မကို နိုင်စား၏။ ရှောလမုန်မင်းသည် ဒေသနာကျမ်းတွင် ထိုနည်းအတူ သုံးသပ်ဖြစ်၏ — "ထိုမှတစ်ပါး၊ နေအောက်မှာ တရားစီရင်ရာအရပ်၌ အဓမ္မအမှုရှိသည်ကိုလည်းကောင်း၊ ဖြောင့်မတ်ရာအရပ်၌ ဒုစရိုက်ရှိသည်ကိုလည်းကောင်း ငါမြင်ပြီ" (ဒေ ၃:၁၆)။

တိရစ္ဆာန်များ၏ ရက်စက်မှုကို မကြည့်ရဲသည့် ကလေးငယ်မှအစ လူ့ဘဝ အနိမ့်အမြင့်ကို ဖွေစစ်သည့် ဒဿနပညာရှင်များအဆုံး — ဘာ့ကြောင့် ဤသို့ဖြစ်ရ သနည်း။ ဤသည်မှာ ကမ္ဘာကြီးအတွက် အလိုတော်လော။ ဤအနိဋ္ဌာရုံကြီးတွင် ဘုရားသည် အဘယ်မှာရှိသနည်း စသည့် မေးခွန်းပေါင်းစုံ ထွက်လာ၏။ ထိုထို မေးခွန်းများအတွက် သမ္မာကျမ်းစာက အဖြေနှစ်ခုပေးထား၏။ ပထမအဖြေကား ရှေးအတီတေကပင် ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်ဖြစ်၏။ လူသားများ ဘုရားပညတ်ထားသည်ကို ချိုးကာ အပြစ်သင့်ခဲ့ကြသည့် ဖြစ်စဉ်ဖြစ်၏။ ဒုတိယအဖြေကား ကြိုတင်ဟောထားချက်တွင်ရှိ၏။ အဖြေနှစ်ခုလုံးတွင် လူသားတို့၏ ကြမ္မာဆိုးအတွက် ဖြေရှင်းပေးခြင်းအကြောင်း ပါရှိ၏။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ပထမပညတ်

သမ္မာကျမ်းစာတော်မြတ်က ပညတ်တော်အကြောင်း ပထမအကြိမ်အဖြစ် ဖန်ဆင်းခြင်းအကြောင်း ဒုတိယအကြိမ်ရေးထားသည့် ကျမ်းတွင်တွေ့ရ (က ၂:၁၆၊

၁၇) ပြီး ဘုရားသခင်က လူသားများအား ပေးသည့် ပထမဆုံးလက်ဆောင်ဖြစ်သည့် အစာနှင့်ဆိုင်၏ (က ၁:၂၉)။ ကြိယာပုဒ် tsawah "ပညတ်" ၏ မူရင်းသည် mitswah "ပညတ်တော်" ဖြစ်၏။ "ပညတ်တော်" သည် အလုပ်ပေးခြင်းထက်ကျော်လွန်ကာ ဘုရားသခင်က ၎င်း၏သားသမီးများအပေါ် တောင်းဆိုသည့် နာခံမှုကို လူသားတို့က နာခံပြရန်လို၏။ ဘုရားသခင်က ဖန်ဆင်းခြင်းအမှုများကို "ပြီးစေ" (သု ၈:၂၉) ခြင်းကို ကျွန်ုပ်တို့သည် "ပညတ်တော်" ဟု သမုတ်ကြ၏။ ယင်းသည် အမှန်ဆိုရလျှင် ဘုရားက လူသားတို့အား ပေးသည့် လက်ဆောင်ဖြစ်၏ (ထွ ၂၄:၁၂၊ နေ ၉:၁၃)။

ဤလက်ဆောင်သည် လူသားများ စိတ်ချမ်းသာစွာ နေဖြစ်ကြရန်ဖြစ်၏ — "ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်" (ဝတ် ၁၈:၅)။ ထိုအကြောင်းကြောင့် ဆာလံဆရာက "မုသားလမ်းကို အကျွန်ုပ်ရှောင်ပါမည်အကြောင်း၊ ကယ်မ၍ တရားတော်ကို ပေးသနားတော်မူပါ" (ဆာ ၁၁၉:၂၉) ဟု ဆုတောင်းခဲ့၏။ ပထမပြဌာန်း ခဲ့သည့် ပညတ်တော်သည် မေတ္တာဖြင့် စခဲ့၏။ အပင်အားလုံးကို စားခွင့်ပေးခဲ့ပြီး တစ်ပင်ကိုသာ ချန်ခဲ့၏ — "ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏" (က ၂:၁၆)။

ဘုရားသခင်၏ပညတ်တော်ကို ပထမဆုံးတုံ့ပြန်ခြင်းသည် ဘုရား၏ ကရုဏာကို လက်ခံကာ ပေးသည့်လက်ဆောင်ကို ဝမ်းမြောက်စွာအသုံးပြုရန် ဖြစ်၏။ ဒုတိယတုံ့ပြန်ချက်ကား ပညတ်ထားသည့်အသီးကို မစားရန်ဖြစ်၏။ ရှင်ခြင်းနှင့် သေခြင်း ကတိသည် မုချသေချာ၏။ အသက်သည် သေချာသကဲ့သို့ မလိုက်နာခြင်းနှင့် ယှဉ်သည့် သေခြင်းလည်း သေချာ၏။ လမ်းနှစ်လမ်းတို့သည် မူလကပင် အထင်းသားပြထားပြီး ဖြစ်၏။ ဘုရားကိုလက်ခံကာ ဘဝတွင်စံမည် (သို့) ဘုရားကို ငြင်းကာ သေမည်။ တရားသဘော နှစ်ခုလုံးသည် အသေအချာကြီးဖြစ်၏ — "ကြည့်ပါတော့၊ အသက်ရှင်ခြင်းချမ်းသာနှင့် သေခြင်းဆင်းရဲတို့ကို သင့်ရှေ့မှာ ယနေ့ ငါထား၏" (တရား ၃၀:၁၅)။

## နိုင်ငံများအပေါ်ကြိုအဟောများ

ဒံယေလကျမ်းကို ဘာသာနှစ်မျိုးဖြင့် ရေးထား၏။ ဒံယေလသည် တိုင်းတစ်ပါးများအကြောင်း ရေးသည့်အခါ ၎င်းသက်ရှိထင်ရှားချိန်က အသုံးများသည့် Aramaic ဘာသာစကားဖြင့်ရေးပြီး လောကုတ္တရာအကြောင်းနှင့်နွယ်သည့် အကြောင်းကို ရေးသည့်အခါ ထိုအခါက ဘုရားသားသမီးများသုံးသည့် ဟေဗြဲဘာသာစကားဖြင့် ရေးထား၏။ ဒံယေလ အခန်းဝင် (၂) နှင့် (၇) တို့သည် Aramaic နှင့်ရေးသည့် အကန့်တွင်ရှိပြီး လူမျိုးခြားများ၏ ရှေ့ရေးနှင့်သက်ဆိုင်၏။ ထို့ကြောင့် ထိုကြိုတင် အဟောများသည် ကျွန်ုပ်တို့၏အာရုံကို ဖမ်းစားပါသည်။

ဒံယေလအခန်းဝင် ၂ တွင် ဗာဗုလုန်ပြည့်ရှင် နေဗုခဒ်နေဇာသည် ဘုရား သား သမီးများ၏ သမိုင်းတွင် တက်လာမည့် ကမ္ဘာ့အင်ပါယာကြီးများအကြောင်း ကြိုပြသည့် လူရုပ်တုကို မြင်မက်ခဲ့၏။ ဗာဗုလုန်နိုင်ငံကို တည်ထောင်ခဲ့သူ နေဗုခဒ်နေဇာ အတွက် သတင်းကား ၎င်း၏နိုင်ငံတော်သည် မမြဲဟူသည့် သတင်းဖြစ်ပြီး ၎င်း၏ နောက်တွင် အခြားနိုင်ငံများ လိုက်လာမည်ဖြစ်ကာ နောက်ဆုံးအချိန်တွင် တက်ခဲ့ပြီးသောနိုင်ငံများ ဖျက်ဆီးခံရကာ “ပျက်စီးခြင်းသို့ မရောက်သည့်၊” “အစဉ်အမြဲတည်” မည့် (ဒံ ၂:၄၅ - Dan 2:44) ဘုရားသခင့်နိုင်ငံတော် ဖြစ်တည်လာမည်ဖြစ်၏။ နေဗုခဒ်နေဇာသည် ဘုရားပုံစံချထားချက်ကို အသိအမှတ်မပြုပါ။ ၎င်းက ချက်ချင်းပင် ရွှေအတိပြီးသည့်ရုပ်တု သွန်းလုပ်စေခဲ့၏။ ထိုရုပ်တုက ဘုရား၏ပုံစံချခြင်းကို တန်ပြန်ခြင်းဖြစ်၏။ ဘုရားနိုင်ငံတော်က ရှေးကနိုင်ငံများ၏နေရာကို ဝင်ယူရမည့်အစား နေဗုခဒ်နေဇာ၏အကြံကား ထိုနိုင်ငံအားလုံး ၎င်း၏အောက်သို့ ကျုံးသွင်း၏ (ဒံ ၃:၇)။

ဒံယေလ အခန်းဝင် (၇) တွင် ဒံယေလမြင်မက်သည့် သားရဲသည် မီဒို-ပါးရှားဘုရင် ဒါရိနှင့် ပတ်သက်၏။ ၎င်းသည် လူရုပ်တုအိပ်မက်တွင်လာသည့် နောက်တက်မည့်မင်းဖြစ်၏။ ဒါရိသည် ဘုရားသခင်အပေါ် ဂါရဝတရားရှိပြီး နိုင်ငံတော်များကို အုပ်စိုးသူဟု အသိအမှတ်ပြု၏ (ဒံ ၆:၂၅-၂၇)။ ဒံယေလ (၂) နှင့် (၇) တို့သည် နိုင်ငံလေးနိုင်ငံအကြောင်းကို ပြကြ (ဗာဗုလုန်၊ မီဒို-ပါရှား၊ ဂရိ၊ ရောမ) ပြီးလည်း အဆုံးသတ်ပုံမတူကြောင်း ကြိုဟောထား၏။

လူရုပ်တုအိပ်မက်တွင် အဆုံးသတ်သမိုင်းကို “ပျက်စီးခြင်းသို့ မရောက်နိုင်သော” နှင့် “အစဉ်အမြဲတည်” မည့် (ဒံ ၂:၄၅ - Dan. 2:44) ဘုရားသခင်၏ နိုင်ငံတော် အကြောင်းနှင့် အဆုံးသတ်ထား၏။ တိရစ္ဆာန်နှင့်ပြသည့် ရူပါရုံတွင် အဆုံးသည် ယေရှုခရစ်တော် လူသားသည် မိုးတိမ်ကိုစီးလျက် ကြွလာမည့်အကြောင်း ပြထား၏ (ဒံ ၇:၁၃၊ ၁၄၊ မာ ၁၃:၂၆၊ ၂၇ နှင့် နှိုင်းယှဉ်ပါ)။

## ဘုရားဖြေရှင်းပုံ

ကမ္ဘာဦးကျမ်းတွင်လာသည့် အပြစ်သို့ကျရှုံးခြင်းနှင့် ကမ္ဘာနိုင်ငံများအကြောင်း ကြိုဟောချက်များတို့သည် ဘုရားနေရာတက်ယူကြသည့်အခါ လူသားများ ကျရှုံးကြပုံကို ချပြရုံမကဘဲ ဘုရားက မည်သို့ဖြေရှင်းသည်ကိုပါ ချပြ၏ — ဘုရား နိုင်ငံတော် တည်ထောင်ခြင်းဖြစ်၏။

ကမ္ဘာဦးကျမ်းတွင် အာဒံ-ဧဝ တို့ ကျရှုံးကြခြင်းကို အသက်နှင့်နွှယ်သည့် ကောင်းမကောင်း သိကျွမ်းမည့် ပထမပညတ်တော်နှင့် ပတ်သက်၏။ ထူးခြားချက်ကား အသက်ပင်နှင့် ကောင်းမကောင်း သိကျွမ်းရာအပင်တို့ ဥယျာဉ်၏အလယ်တွင် ရှိသည့်အချက်ဖြစ်၏ နီးလည်းနီးကြ၏။ ယင်းသရုပ်က ၎င်းတို့ကြား အချိတ်အဆက်

ကိုပြသည့် သဘောဖြစ်၏။ ကောင်းမကောင်းသိကျွမ်းရာ အသီးကို စား သည်နှင့် တစ်ပြိုင်နက်၎င်းတို့သည် အသက်ပင်သို့ သွားခွင့်မရတော့ပါ (က ၃:၂၂-၂၄)။

ဤဖြစ်စဉ်တွင် ယှဉ်ဖွယ်သင်ခန်းစာ နှစ်ချက်ရှိ၏။ ပထမအချက်ကား အသက်သည် လူ့သဘာဝတွင် မပါသည့်အချက်ဖြစ်၏။ လူသည် မသေနိုင်သည့်ပုဂ္ဂိုလ် မဟုတ်ပါ။ အာဒံ-ဧဝ တို့သည် ဒေင်ဥယျာဉ်တွင်ရှိစဉ်တွင်ပင် အသက်ဆက်ရန် ပြင်ပ ရင်းမြစ်ကို မှီခိုရပါသည်။ ဒုတိယအချက်ကား အသက်သည် ဇီဝကမ္မသဘော သဘာဝမျှ မဟုတ်ပါ။ အသက်တွင် ဝိညာဉ်ရေး၊ သီလအကန့်များလည်း ပါ၏။

ဒံယေလ၏အဟောအရ ဗာဗုလုန်ရဲတိုက် ဆောက်ပြီးနောက်တွင် လူသားများ က ငြိမ်းချမ်းသာယာရေးများ အထမမြောက်စေနိုင်ခြင်းသည် သမဂ္ဂဖွဲ့ကာ ဖန်ဆင်းရှင် ဘုရားသခင်ကို အာခံလိုခြင်းကြောင့်ဖြစ်ပြီး ဘုရားကလည်း ၎င်းတို့ကို ဖြန့်ခွဲပစ်၏ (က ၁၁:၄-၉)။ ရဲတိုက်ပုံပမာကို အခြေပြုကာ ဒံယေလ (၂) လည်း ထိုသို့ အချည်းနှီး အားထုတ်ကြကြောင်းကို ပြ၏ — သံနှင့်သရွတ် ပေါင်းနိုင်ရန် အားထုတ်ခြင်းဖြစ်၏။ ကျွန်ုပ်တို့အား “ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှိ ဘုရားသခင်သည် တည်ထောင်စေတော်မူမည်” ဟု မိန့်ထား၏ (ဒံ ၂:၄၅ - Dan 2:44).

ဒံ ၁၁:၄၃ တွင် မြောက်မင်းနောက်တွင် အီဂျစ်၊ လစ်ဗျား၊ အီသီယိုးပီးယားတို့ လည်း “လူအများတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှာ” (ဒံ ၁၁:၄၄) ထာဝရဘုရား၏ တောင်ပေါ်သို့ တက်လာကြလိမ့်မည်။ ထို့နောက်တွင် ဒံယေလ ၂ တွင် ၎င်း၏ နိဂုံးတွင် ကူမည့်သူမရှိ ဖြစ်ပါမည် (ဒံ ၁၁:၄၅ ကို ဒံ ၂:၄၅ နှင့် နှိုင်းယှဉ်ပါ)။ ဗျာဒိတ်ကျမ်းတွင် လူသားများပေါင်းစည်းမည့် အာမဂေဒုန်စစ်ပွဲ — လူသားများက ဘုရား သားသမီးများကို တိုက်မည့်စစ်ပွဲအကြောင်း ဟောထား၏ (ဗျာ ၁၆:၁၅ / Rew 16:16)။ ဗျာဒိတ်အဟောတွင် နိုင်ငံများ တက်/ကျပြီးနောက်တွင် “အစဉ်အမြဲတည်မည့်” ဘုရားသခင့်နိုင်ငံတော် ပေါ်လာမည့်အကြောင်းသည် နိုင်ငံများ၏ ပြဿနာများကို ဖြေရှင်းသည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်နိုင်၏။ ဒေင်ဥယျာဉ်၏ ခမ်းနားမှု မျိုးကို ပြန်လည်ဖော်ဆောင်နိုင်မည့် ဘုရားနိုင်ငံတော်ကသာလျှင် ထာဝရအသက်ကို ပေးနိုင်ပါသည်။ ထိုအခါသို့ ရောက်မှသာလျှင် ပထမပညတ်တော်ကို စောင့်နိုင်စွမ်းမည်ဖြစ်ပြီး လူသားများလည်း ရောဂါခပ်သိမ်းမှ ကင်းဝေးကြပါလိမ့်မည် (ဗျာ ၂၂:၂)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**ခေါင်းဆောင်မှုအပေါ် သင်ခန်းစာ။** နေဗုခဒ်နေဇာမင်းသည် ၎င်း၏ဩဇာ ရှိန်စော် ထာဝရမမြဲမည်ကို သိသည့်အခါ (ရွှေခေါင်း) လုံးတော်ပြည့် ရွှေရုပ်တု သွန်းလုပ်စေခဲ့၏။ ထိုမင်း၏ဖြစ်စဉ်မှနေ ခေါင်းဆောင်မှုတွင် နှိမ့်ချမှုရှိရကြောင်း ကျွန်ုပ်တို့ မည်သည့်တရားကို ရကြသနည်း။ ၎င်း၏အတွေ့အကြုံမှနေ ကျွန်ုပ်တို့သာလျှင်

အလုပ်ကို မှန်စွာလုပ်နိုင်သူမဟုတ်ကြောင်း မည်သို့ တရားပြသနည်း။ ကျွန်ုပ်တို့တွင် မည်သည့်ကြိုးကိုင်ခြင်းမျိုး မပြုလုပ်နိုင်သည့် အနေအထားတွင် နေဗုခဒ်နေဇာနှင့် ဒံယေလတို့၏အဖြစ်က ယုံကြည်ခြင်းတရား (ဘုရားကိုကိုးစား) အကြောင်း ကျွန်ုပ်တို့အား ဘာသင်ပြသနည်း။ ကျွန်ုပ်တို့သည် သမ္မတရားကိုကျော်ကာ ကျွန်ုပ်တို့၏ အတ္တဘောများကို မည်သို့ဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်နည်း။

**နိုင်ငံရေးအပေါ်သင်ခန်းစာ။** နောက်ဆုံးသောအချိန်တွင် နိုင်ငံ့ခေါင်းဆောင်များသည် ဗာဗုလုန်ရဲတိုက် ဆောက်ခဲ့ကြသူများအတိုင်း ဘုရား၏နိုင်ငံတော်နေရာကို ဝင်ယူကြပါမည်။ ထိုသို့ပြုလုပ်မည့်အရေးတွင် သင်၏အမြင်ကို အားဖြည့်လိုခြင်းတွင် သင်မည်သို့ ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်မည်နည်း။ ဒံ ၃:၈ နှင့် ဒံ ၆:၄-၁၃ တို့ကို လေ့လာပါ။ ဒံယေလကို ချောက်ချလိုကြသည့် ခါလဒဲအမျိုးသားတို့၏ အမှားမှ သင်မည်သည့်သံဝေဂ ယူဖြစ်သနည်း။

**အမြင်ရှုထောင့် သင်ခန်းစာ။** ဒံယေလတို့၏အဟောများတွင် ကမ္ဘာ့ပြည့်ရှင်မင်းများ၏ ပြဿနာကား "ပစ္စုပ္ပန်ကို အရေးပေးသည်" ပြဿနာဖြစ်၏။ ထာဝရတည်မည့် ဘုရား၏နိုင်ငံတော်ကို အရေးမထားပါ။ ဤအတွေးသည် လူ့ဘဝကို ကြိုးကိုင်၏။ Ellen G. White က "လောကီအကျိုးသာရှိသည့် အသက်မွေးဝမ်းမှု၊ အကြံအစည်များသည် မကောင်း၊ မပြည့်စုံပါ" ဟု သတိပေးထား၏။ ထို့နောက် "လောကုတ္တရာအကျိုးကို အာရုံထား" ရန် တရားပြထား၏ — *Education*, p. 145. ကမ္ဘာပေါ်ရှိ ဘုရင်များ မှားခဲ့ကြသည့် အမှားမျိုးကို မလုပ်မိစေရန် ကျွန်ုပ်တို့ မည်သို့ သတိဆောင် ရမည်နည်း။

**<u>မှတ်သားရန်</u>** –

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## သင်ခန်းစာ – ၆

*မေလ ၃ – ၉

# ယဇ်ပူဇော်ခြင်းကို နားလည်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ယောဟန် ၁း၂၉၊ ယောဟန် ၁၀း၁–၁၈၊ ဟေဗြဲ ၁၀း၁–၁၀၊ ထွက် ၁၂း၁–၁၁၊ ၁ကော ၅း၇၊ ဟဗက္ကုတ် ၂း၇–၉၊ ယောရှု ၆း၁–၅၊ ဗျာ ၄း၇–၁၁။

**အလွတ်ကျမ်းချက်။** **'ကိုယ်တော်သည် အသေသတ် ခံရခြင်းဖြင့် အသီးအသီး ဘာသာစကားကိုပြောသော လူမျိုးနွယ်ဝင်သိမ်းတို့ အထဲမှ ကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနုတ်တော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကိုယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏'** (ဗျာဒိတ် ၅း၉)

နှစ်ခြင်းဆရာယောဟန်သည် သူ့အနားသို့ ယေရှု ရောက်လာသောအခါ "ဤလောက၏ အပြစ်ကို ဆောင်ယူသွားသော ဘုရားသခင်၏သိုးသူငယ်ကို ကြည့်လော့" *(ယော ၁း၂၉)* ဟု ကြွေးကြော်၏။ ဤအချက်သည် တိရစ္ဆာန်ကိုယဇ်ပူဇော်ခြင်းဖြင့် လူသား အားလုံးအတွက် ခရစ်တော်သည်ကိုယ်စားပြုအသေခံခြင်းကို ညွှန်ပြနေသည်မှာ မြေကြီး ပုတ်မလွဲပါ။

သမ္မာကျမ်းစာတွင် တိရစ္ဆာန်တို့ကို ယဇ်ပူဇော်ခြင်းသည် မလွဲမရှောင်သာပါ။ စာမျက်နှာပေါ်တွင် ချည်မျှင်နီသည် လမ်းခင်းနေသကဲ့သို့ ဗျာဒိတ်ကျမ်းတွင် ယောဟန်အား ထာဝရဘုရားပလ္လင်တော်သို့ ခေါ်ဆောင် သွားသည်ကို ဖော်ပြသည် *(ဗျာ ၄၊ ၅)*။ ဤနေရာတွင် ယေရှုသည် အချက်အချာကျကျပင် အသေသတ်ခြင်း ခံရသော သိုးသူငယ်ဟု ပေါ်လာခြင်းသည် *(ဗျာ ၅၊ ၆)* ထိုအနာဂတ္တိကျမ်းတစ်ခုလုံး၏ ဇာတ်ဝင်ခန်းများကို နားလည်ရန် ထောက်ကူပေးသည်။

ယခုတစ်ပတ်တွင် အသေသတ်ခြင်း ခံရသောသိုးသူငယ်၊ ပလ္လင်တော်ဇာတ်ဝင်ခန်းတို့၏ အဓိက ဇာတ်ကောင်သည် ယေရှုဖြစ်ကြောင်း သင်ယူရကြပါမည်။ သူသာလျှင် ထိုက်တန်သောသူဟု လက်ခံသည်ဖြစ်၍ သူ၏ ထိုက်တန်ခြင်းသည်လည်း ဘုရားသခင်၏ ယဇ်ပူဇော်ခြင်း၊ အထုံးအဖွဲ့တွင် အလုပ်ဖြစ်စေသောအရာပင်ဖြစ်သည်။ စုံလင်သော ယဇ်ပူဇော်ခြင်းကို ပြုလုပ်သောသူ အနန္တမေတ္တာရှင် ဖြစ်ကြောင်း၊ စကြာဝဠာ တစ်ခုလုံး ရှိ သက်ရှိသတ္တဝါ အားလုံးတို့၏ ထာဝရ အံ့အားသင့်ရမည့်သူ ဖြစ်ကြောင်းဖော်ပြ၏။

* မေလ ၁၀ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## အခိပ္ပါယ်မဲ့သော ယဇ်ပူဇော်ခြင်းလော

ရုံဖန်ရံခါတွင် စိတ်ကူးနစ်မျိုးကို နှိုင်းယှဉ်ရသည်မှာ မှတ်သားလွယ်စေ၏။ သမ္မာကျမ်းစာထဲတွင် ထာဝရဘုရား ငြင်းပယ်သော သူ့လူတို့ယဇ်ပူဇော်ခြင်း၏ သဘောသဘာဝမှ သင်ခန်းစာမြောက်များစွာ ရရှိ နိုင်ပါသည်။

**နှိုင်းယှဉ်၍ – ဟောရှာ ၁း၂–၁၅ ကို ဟောရှာ ၅၆း၆၊ ၇ နှင့် ဆာလံ ၅၁း၁၇ တို့ကိုဖတ်ပါ။ ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်သော အရေးကြီးသည့် ဘယ်အချက်များ သွန်သင်ထားသနည်း။**

ဤဝမ်းနည်းဘွယ် ဇာတ်လမ်းတွင် ယဇ်ပူဇော်ခြင်းတစ်ခုကို ထာဝရဘုရားမှ ပထမအကြိမ် ငြင်းပယ်ခြင်း မဟုတ်ပါ။ ကယ်တင်ခြင်း၏ ရာဇဝင်အစတွင်ပင် အာဗေလ၏ ယဇ်ပူဇော်ခြင်းကို လက်ခံသော်လည်း ကာဣနကို လက်မခံခဲ့ပါ။ ထိုအရင်ဦး ဇာတ်လမ်းသည် ယဇ်ပူဇော်ရာတွင် လက်ခံထိုက်မထိုက် တို့ကို သိရှိခွင့် ပေးခဲ့ပါသည် *(ကမ္ဘာ ၄း၃–၇ နှင့် ဟေဗြဲ ၁၁း၄)*။

ဟောရှာယအချိန်တွင် ဣသရေလတို့သည် မိမိတို့နစ်သက်သည်အတိုင်း နေထိုင်လျက် ဘုရားသခင်ကို နစ်သိမ့်နိုင်ရန် စိတ်ဝင်စားမှုမရှိဘဲ အသေးငယ်ဆုံးနည်းလမ်းဖြင့် ပြုလုပ်ကြသည်။ သူတို့၏ ယဇ်ပူဇော်ခြင်းသည် ကာဣနကဲ့သို့ အတ္တကိုသာ မှီခိုအားထား ကာ ထာဝရဘုရားထံတော်တွင် လုံးဝဥသုံ ဆက်ကပ်ခြင်း မရှိခဲ့ပါ။

ဤလောကနိုင်ငံများ၏ စိတ်ထားတည်းဟူသော အတ္တနှင့် မိမိလိုအင်ဆန္ဒကိုသာ ပြည့်စုံစေခြင်းဖြစ် သည်။ ကာဣနသည် မိမိစိတ်ရှိတိုင်း နေထိုင်၍ မိမိရိုးရာနှင့် မိမိဝေါဟာရဖြင့်သာ နာခံမှုပြသသည်။ ဘုရားသခင်သည် မိမိနှင့်အဆင်မပြေသူ၊ မိမိတက် လမ်းကို ပိတ်ပင်သောသူဟု ထင်မြင်ကာ ထာဝရဘုရားအား သူ၏ ကိုယ်ဟန်လက်ဟန် ဖြင့်သာ ကြောက်ရွံ့ပြသည်။

အာဗေလသည် ထာဝရဘုရားတောင်းဆိုသော ပူဇော်ခြင်းဖြစ်သော ရောက်လာမည့် ကတိတော် မေရှိယကို ခင်းကျင်းပြသသော ယဇ်ကို ပူဇော်သည် *(ကမ္ဘာ ၃း၁၅)*။ ထိုယဇ် သည် ကပ်တိုင်ပေါ်က ခရစ်တော် သိုးသူငယ်ကိုညွှန်ပြသည်။

"အာဗေလသည် ကယ်တင်ခြင်းလမ်းစဉ်၏ ဥပဒေသကို ဆုပ်ကိုင်ထားသည်၊ မိမိကိုယ်ကို အပြစ်သား၊ အပြစ်နှင့် အပြစ်၏အခ သေခြင်းကို မြင်၍ သူ၏ ဝိညဉ်ကို ထာဝရဘုရားနှင့် မိဿဟာယ ဖွဲ့စေသည်၊ ယဇ်ကောင်အား သတ်ခြင်းဖြင့် ယဇ်ပူဇော်ခြင်းသည် ၎င်းတို့ ချိုးဖောက်ထားသော ပညတ်တော်၏ တောင်းဆို မှုတို့ကို ဝန်ခံခဲ့သည်၊ သွန်းသော အသွေးဖြင့် အနာဂတ်တွင် ကရာနီကပ်တိုင်ပေါ်၌ ခရစ်တော် အသေခံမည်ကို မျှော်ကြည့်သည်၊ ထိုသို့ပြုသော ကျေအေးခြင်းကို ယုံကြည်စိတ်ချ၍ မိမိဖြောင့်မတ်သည်ကို သက်သေခံ သဖြင့် သူ၏ပူဇော်ခြင်းကိုလည်း လက်ခံသည်" အီးဂျီဝှိုက်၊ *ဘိုးဘေးများနှင့် ပရောဖက်များ*၊ စာ – ၇၂။

**'ကိုယ်ဟန်လက်ပြ' ဖြင့်သာ နေထိုင်ခြင်းမှ မိမိကိုယ်ကို ကာကွယ်ရန် မည်မျှ အရေးကြီးသနည်း။ ယေရှု၏ အသေခံခြင်းသည်သာ မိမိတို့၏ ကယ်တင်ခြင်း မျှော်လင့်ရာ ဖြစ်သည်ဟု လုံးဝ အပ်နှံခြင်းကို မည်ကဲ့ သို့တွေကြုံနိုင်မည်နည်း။**

 မေလ ၅ ရက်

## နွားထီးနှင့် ဆိတ် တို့၏အသွေး

ယဇ်ပူဇော်ခြင်း အယူဝါဒကို ရက်စက်သည်၊ ကြမ်းတမ်းသည် မျှတခြင်းမရှိ ဟု ဝေဖန် သူတွေရှိသည်။ ထိုသို့ပင်ဖြစ်ရပါမည်။ ခရစ်တော်၏သေခြင်းသည် ရက်စက်သည်၊ ကြမ်းတမ်းသည် မျှတမှုမရှိပါ။ အပြစ်မဲ့သူသည် အပြစ်သားအတွက် သေရသည်။ ဤနည်းဖြင့်ပင် အပြစ်၏ပြဿနာကို ဖြေရှင်းရပါမည်။ ထိုယဇ်ကောင်၏ သေခြင်းသည် ရက်စက်၊ ကြမ်းတမ်း၍ မျှတမှုမရှိသော ယဇ်ပူဇော်ခြင်းသည် ခရစ်တော်၏ သေခြင်းကို ညွှန် ပြသည်။

**ဖတ်ရှုပါ – ဟေဗြဲ ၁၀း၃ – ၁၀။ ဓမ္မဟောင်းတွင် ဘုရားသခင်၏လူတို့ယဇ်ပူဇော်ခြင်းကို မည်သို့သွန်သင်ထားသနည်း။ အဘယ်ကြောင့် စစ်အပြစ်သားတို့ကို မကယ်တင်နိုင်ပါက အဘယ့်ကြောင့် ကမ်းလှမ်းနေ သနည်း။**

သိုးသူငယ်နှင့် အခြားသော ယဇ်ကောင်များတို့သည် ဘုရားသခင့် သိုးသူငယ်၏ ယဇ်ပူဇော်ခြင်းဖြင့် ကျေအေးခြင်းကို ညွှန်ပြသော သင်္ကေတဖြစ်သည်။ ယုံကြည်ခြင်းကို ပြသော လက်တွေ့နည်းလမ်းများဖြင့် မေရှိယ ကြွလာခြင်းကို ဖော်ထုတ်ခြင်း ဖြစ်သည်။ ထိုသို့သော သင်္ကေတများကို "အမျိုးအစားပြ" ဟုခေါ်လေ့ရှိရာ "အမျိုးမှန်" (သို့) ၎င်းတို့မှ နိမိတ်ပြထားသောအရာဖြင့် ပြည့်စုံရသည်။ အချို့တို့က ထိုယဇ်ပူဇော်ခြင်းသည် ကပ်တိုင်ပေါ် ယေရှု၏သေခြင်းအား နိမိတ်ပြသော "အသေးစား အနာဂတ် စကားများ" ဟု ပင် ခေါ်ဆိုကြ သေးသည်။

ရိုးရာဓလေ့တို့သည် ယဇ်ပူဇော်ခြင်းဖြင့် နီးနွယ်နေသဖြင့် အနည်းငယ် ပေးဆပ်ရသည်။ လေယာဉ်ဖြစ်စေ၊ ရထားဖြစ်စေ လက်မှတ် ဖြတ်သောအခါ ချက်ခြင်းလက်ငင်း ခရီး မသွားရသေးပါ။ လက်မှတ်တစ်စောင်ရရှိ ထားသဖြင့် ယဉ်ပေါ်တက်ရောက်ခွင့် ရသည် ဖြစ်၍ ခရီးစဉ်အတွက် ကတိပေးခြင်းသင်္ကေတဖြစ်သည်။ ထိုစာရွက်ကြောင့် သင် တက်ထိုင် နိုင်သော်လည်း မည်သည့်ခရီးကိုမျှ ဦးတည်မသွားရသေးပါ။ သင် ဝင်ထိုင်ပြီး၍ ခရီးစတင် သောအခါ စာရွက်လက်မှတ်လေးသည် မလိုအပ်တော့ချေ။

ယဇ်ကောင်သည်လည်း ထိုနည်းတူဖြစ်သည်။ အရေးကြီးသောဇာတ်ကောင် အဖြစ် ပါဝင်၍ စစ်မှန်သော ယဇ်ပူဇော်ခြင်း ရှိလာသောအခါ၊ ၎င်းတို့သည် အဓိပ္ပါယ်မဲ့လာသည်။ စစ်မှန်သောအရာ ဖြစ်လာသောအခါ သန့်ရှင်းသောအရပ်နှင့် အသန့်ရှင်းဆုံးသော အရပ်ကို ပိုင်းခြားထားသောကန့်လန့်ကာသည် ယေရှုသေ သည်နှင့် နှစ်ခြမ်းကွဲသွားသည်။ "ထိုအခါ ဗိမာန်တော်၏ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင် အောင်စုတ်ကွဲ လေသည်" *(မာကု ၁၅း ၃၈)*။ ဗိမာန်တော်နှင့်၎င်း၏ ဝိနည်း အထုံးအဖွဲ့အလုံးစုံတို့ သည် ကပ်တိုင်ပေါ် ယေရှု၏သေခြင်းကို ညွှန်ပြသည်။ ယေရှုသည် မိမိ၏ကတိများကို ကပ်တိုင် ပေါ်တွင် စုံလင်စေ၍ သေခြင်းကိုအောင်မြင်ကာ ထမြောက်ပြီး သည်နောက်တွင် ၎င်းအမျိုး အစားပြခြင်းသည် မလိုအပ်တော့ပါ။

**လူ့ဇာတိ၌ နှုတ်ကပတ်တော်ယေရှု၏ သေရခြင်းဖြင့်သာ ကျေအေးနိုင်သော ထိုအပြစ်သည် မည်မျှ ဆိုးယုတ်သည်ကိုတွေးကြည့်ပါ *(၁ ယော ၁း၁ – ၃၊ ၁၄)*။ အပြစ်အပေါ် မည်ကဲ့သို့ သဘောထားရမည်ကို မည်သို့သွန်သင်ထားသနည်း။**

**အင်္ဂါနေ့** မေလ ၆ ရက်

## ပသခါသိုး

ဗျာဒိတ်ကျမ်းတွင် ယေရှုသည်သိုးသူငယ်ဖြစ်ကြောင်း အကြိမ်သုံးဆယ်ခန့်ပါရှိသည်။ ကယ်တင်ခြင်း စီမံကိန်း စတင်လိုက်သည်နှင့်အမျှ မေရှိယလာမည်ကို လူသားတို့သည် သိုးသူငယ်ဖြင့် သင်္ကေတပြသကြသည်။ အာဗေလသည် "မိမိသိုးတို့တွင် အဦးဖွားသော သား" *(ကမ္ဘာ ၄း၄)* ကို ဆောင်ခဲ့သည်။ ဣသရေလတို့သည် အဲဂုတ္တုပြည်မှကတိပြည်သို့ ထွက်လာမည့်ဆဲဆဲတွင် တစ်နှစ်အတွင်း အဦးဖွားသော သိုးထီးကို ယူဆောင်ရမည်ဟု ညွှန်ကြားချက် ရရှိသည် *(ထွက် ၁၂း၅)*။

**ဖတ်ရှုပါ – ထွက် ၁၂း၁–၁၁။ ဟေရှာယ ၅၃း၇၊ ၈။ ၁ ကော ၅း၇ နှင့် ဗျာ ၅း၆။ ယေရှုသည် ပသခါယဇ်ပူဇော်ခြင်းဖြစ်သည်ကိုမည်သို့ဆိုထားသနည်း။ မိမိတို့တစ်ဦးစီအတွက် မည်သို့အနက်ရှိမည်နည်း။**

ယေရှုသေပြီး၊ ထမြောက်ပြီး၊ ကောင်းကင်သို့ တက်ကြွပြီးနောက်တွင် ဖြစ်ပျက်သော အရာများအား ပေတရုသည် "မိစ္ဆာဘိုးဘေးတို့ အစဉ်အဆက်ကျင့်လည်သော အချည်းနှီး ကျင့်ကြံပြုမူခြင်းမှ ဖောက်ပြန်ပျက်စီးတတ်သည့် ရွှေငွေ အစရှိသောဥစ္စာများနှင့် သင်တို့ကို ရွေးတော်မူသည် မဟုတ်။ အဘယ်အပြစ်မျှမရှိ အညစ်အကြေးနှင့် ကင်းစင်သော သိုး သူငယ် ခရစ်တော်၏ အသွေးတော်မြတ်ဖြင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့" *(၁ ပေ ၁း၁၈၊ ၁၉)*။ ယေရှုသည် ဘုရားသခင်၏သန့်ရှင်းခြင်းကို အားရခြင်း၌ အသက်ရှင်ခဲ့သည်။ ကျန်သော ကျွန်ုပ်တို့သည် အပြစ်ရှိသဖြင့် ကျွန်ုပ်တို့၏ အသက်တာပုံစံသည် ဖန်ဆင်းရှင်အကြောင်းကို မမှန် မကန် ပြောဆိုခြင်း သာဖြစ်သည်။

မည်သို့ဆိုစေ ယေရှုသည် "နောက်ဆုံးအာဒံ" *(၁ ကော ၁၅း၄၅)* ဖြစ်သည်။ ကျွန်ုပ်တို့ကျဆုံးသော နေရာကို သူသည်စုံလင်စေသည်။ သူ၏ လူဇာတိတွင် လူသားတို့၏ ဖြစ်ရ သမျှ အလုံးစုံ ဖြစ်ရသည်။ ဘုရား၏ ဘုန်းတော်ကိုလည်း စုံလင်စွာပြသခဲ့သည်။ "ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏" *(ယော ၁၄း၉)* ဟု ဖိလိပ္ပုအား မိန့်တော်မူသည်။

ယေရှုသည် ပသခါပွဲနေ့တွင် ကပ်တိုင်ပေါ်တက်ရသည်ဖြစ်သဖြင့် သူသည် အမျိုးမှန်သော သိုးသူငယ်ဖြစ်ကြောင်း ပြသခဲ့သည်။ ယောဟန် ၁၈း၁၉၊ ၂၀ တွင်လည်း ယေရှု သည် မိမိအကြောင်းကို မိမိ "ထင်ရှားစွာ" ဟောပြောသည်ဟု မိန့်တော်မူသည်။ ထိုနည်းတူစွာ ပသခါသိုးနှင့် ပတ်သက်၍ ထွက် ၁၂း၅၊ ၆ တွင် ဣသရေလတို့သည် ပသခါသိုးသူငယ်ကို ရွေးချယ်ပြီး "စောင့်ထား" ကာ ပွဲနေ့ရောက်မှ ထုတ်ပြရမည်ဟု သွန်သင်ထားသည်။ ယဇ်ပုရောဟိတ်မင်ကြီးသည် ယေရှု၏ သွန်သင်ချက်များ အကြောင်း မေးမြန်းသောအခါ ယေရှုသည်လည်း လူတိုင်းပိုင်းခြားနိုင်စေရန် ဗိမာန်တော်တွင် "ထင်ရှားစွာ" ဟောပြောခဲ့ သည်ဟု မိန့်တော်မူသည်။ သူ၏ သက်တော်စဉ်နှင့် သွန်သင်ချက်တို့သည် သူ၏ဖြစ်စဉ် အမှန်ကန်ကို ဖော်ပြခဲ့သည်။ သူသည် အသွင်ပျက် ချက် မပါသော သိုးသူငယ်ဖြစ်၍ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ဘုန်းတော်အား အင်အား အကြီးဆုံး ပြသနိုင်သူဖြစ်သည်။

**ယေရှု၏ စုံလင်သော ဝိသေသလက္ခဏာကို မိမိတို့၏ ဘဝတွင်ပြသနိုင်ရန် မည်သည့်လမ်းစဉ်များရှိသနည်း။**

## ဗိမာန်တော်၌ ယေရှု

ကယ်တင်ခြင်းရာဇဝင်တွင် တင်းမာမှုမြောက်များစွာ ကျော်ဖြတ်ရသည်။ တစ်ချိန် တစ်ခါကပျော်ရွှင်ခဲ့ရသောဆက်ဆံခြင်းကို ထာဝရဘုရားသည် ပြန်လည် အသက် သွင်းရန် အလိုရှိသဖြင့် ကျွန်ုပ်တို့နှင့် နီးကပ်ရန် အလိုရှိတော်မူသည်။ သို့သော်လည်း သူ့အနား သို့ကပ်လာသော အပြစ်သားသည် ပျက်စီးရလိမ့်မည်။ ဒါဝိဒ်သည် ဆာလံ ၅း၄ တွင် "ကိုယ်တော်သည် မတရားသော အမှုကို နှစ်သက်သော ဘုရား မဟုတ်။ ဆိုး သော သူကိုလက်ခံတော်မမူ" ဟုသီဆို၏။ ဆက်လက်၍ "အကျွန်ုပ်မူကား များစွာ သော ကျေးဇူးတော်ကို ခံစားရသဖြင့် အိမ်တော်သို့ ရောက်၍ကိုယ်တော်ကို ကြောက်ရွံ့ သော စိတ်နှင့်သန့်ရှင်းသော ဗိမာန်တော်တွင် ကိုးကွယ်လိမ့်မည်" *(ဆာ ၅း၇)* ဟုဆို၏။

**ဖတ်ရှုပါ – ဟဂ္ဂဲ ၂း၇ – ၉။ ဒုတိယဗိမာန်တော်ကို တည်ဆောက်သောအခါ ပုရောဖက်ဟဂ္ဂဲသည် အံ့အား သင့်ရ သော ကတိတစ်ခု ပြု၏။ ဗိမာန်တော်အသစ်သည် အရင်ဦးထက်ပင် ဘုန်းတော်ထင်ရှားလိမ့်မည်ဟု ဆို ၏။ မည်သို့အနက်ရှိသနည်း။**

ပထမဗိမာန်တော်အား ရှောလမုန်သည် အနုမောဒနာပြုသောအခါ၊ ဗိမာန်တော် သည် ထာဝရဘုရား၏ ဘုန်းတော်မိုးတိမ်နှင့် ပြည့်နှက်လျက်ရှိ၏။ ထိုသို့ ထာဝရဘုရား သည် ဣသရေလတို့အား ခါနန်တိုင်အောင် လမ်းပြတော်မူသဖြင့် ယဇ်ပုရောဟိတ်တို့ သည် မိမိတို့၏ အမှုတော်ဆောင်ခြင်းကို ဆက်လက် မဆောင်ရွက် နိုင်ကြတော့ပါ *(၃ ရာ ၁၀း၁၁)*။ ဒုတိယဗိမာန်တော်ကို အနုမောဒနာပြုသောအခါ ထာဝရဘုရား၏ ပလ္လင်တော် အား ကိုယ်စားပြုသော ပဋိညာဉ်သေတ္တာသည် ပျောက်ဆုံးနေလေသည်။ အကြောင်းသည် ယေရမိသည် ဝှက်ထားသောကြောင့် ဖြစ်သည်။ ဤတစ်ချိန်တွင် ထာဝရဘုရား၏ ဘုန်းတော်သည် ဗိမာန်တော်အား ပြည့်နှက်ခြင်း မရှိခဲ့ပါ။ ကျေကွဲ ဝမ်း နည်းကြရပါသည်။ ဟဂ္ဂဲ၏ကတိသည် မည်ကဲ့သို့ ပြည့်စုံနိုင်သနည်း။

ထိုဒုတိယဗိမာန်တော်တွင် ဘုရားသခင်မှ လူ့ဇာတိခံယူလာသောယေရှုသည် လူ အသေွးသားဖြင့် ပေါ်လာသည်။ ထာဝရဘုရားကိုယ်တော်တိုင်သည် ကန့်လန့်ကာ အနောက်မှ ထွက်လာကာ လူဇာတိခံယူ၍ ဤကမ္ဘာပျက်တွင် ကျွန်ုပ်တို့နှင့်အတူ နေလာခဲ့သည်။ ထာဝရဘုရား၏ သားတော်သည် လူ၏သား ဖြစ်လာ၍ (အနုရောဂါ သည် တစ်ဦးအား တို့ကိုင်၍ ပျောက်ကင်းစေသဖြင့်) မျက်နှာတော်ကို မြင်ရုံမက အသံ တော်ကိုပါ ကြားသိရသည် *(မဿဲ ၈း၃)*။ ထာဝရဘုရားသည် ကျွန်ုပ်တို့အား သူ့ထံသို့ ဆွဲခေါ်မည့်အစား သူ ကိုယ်တိုင်သည် ကျွန်ုပ်တို့၏အနားသို့ပင် အရောက် ကြွ ဆင်းလာခဲ့တော့သည်။ လူကိုယ်တိုင်အဖြစ် ကြွဆင်းလာခဲ့၏။ သမ္မာကျမ်းစာတွင် "ကြည့်ရှုလော့၊ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကို ဘွားမြင် လတံ့။ ထိုသားကို ဧမာနွေလအမည် မှည့်ရ လတံ့" *(မဿဲ ၁း၂၃)* ဟု လာသတည်း။ အနက်ကိုတွေးကြည့်ပါ။ စကြာဝဠာ၏ ဖန်ဆင်းရှင်သည် မိမိထက်အခြေနိမ့်သူတို့နှင့် တန်း တူနေထိုင်၍ အသေပင်ခံတော်မူ၏။

**ကပ်တိုင်တော်သည်ထာဝရဘုရား၏မေတ္တာတော်ကို အကြီးဆုံးထင်ရှားစေခြင်းဖြစ်သည်။ ထာဝရဘုရား မေတ္တာတော်၏အပြစ်မှန်ကို ခံစားနိုင်မည့် အခြားမည်သည့်နည်းလမ်းရှိအုံးမည်နည်း။**

## ကိုယ်တော်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းသည်

ပုရောဖက်တို့သည် မိမိတို့၏ရူပါရုံတွင် ထာဝရဘုရားနှင့် နီးကပ်စွာနေရ၍ ပလ္လင်တော်ကိုပင် အခါပေါင်းများစွာ မြင်ရခွင့်ရသည်။ ယေဇကျေလသည်လည်း မိုးမျက် နှာကျက် အထက်တွင် ရှိသည်ကို မြင်ရသည် *(ယေ ၁း၂၆)*။ ဟေရှာယသည်လည်း အလွန်မြင့်သောပလ္လင်ကို မြင်တွေ့ရ၏ *(ဟေ ၆း၁)*။ အရှင်းလင်းဆုံးဖော်ပြခြင်း တစ်ခုမှာ ရှင်ယောဟန်သည်လည်း ရူပါရုံတွင်ပင် ထိုနေရာ သို့ရောက်ရှိခဲ့သည် *(ဗျာ ၄၊ ၅)*။ ခမ္မဟောင်းကျမ်း၏ ဗိမာန်တော်အထုံးအဖွဲ့ ပုံဆောင်ချက်တို့သည် ထာဝရဘုရား ထံတော်သို့ခစားနိုင်ရခြင်းသည်ယေရှု၏အသွေးကြောင့်သာဖြစ်၏ *(ဝတ် ၁၆း၂၊၁၄)*။

**ဖတ်ရှုပါ – ဟေရှာယ ၆း၁ – ၅ နှင့် ဗျာ ၄း၇ – ၁၁။ ဤရူပါရုံနှစ်ခုတို့တွင် အလားတူသော အခြေခံအရာများ မည်သို့နည်း။ ဖြစ်ပျက်မှုအစဉ်လိုက်ပင် ဂရုစိုက်ပါ။ မည်သည့်အချက် အရင်ဦးစဖြစ်သနည်း။ ဤ ရူပါရုံတွင် ထာဝရဘုရားသည် မည်သည့်အမှန်တရားကို ဖိအားပေးသနည်း။**

ဤပလ္လင်တော် ရူပါရုံနှစ်ခုလုံးတွင် အရင်ဦး စဖြစ်သည်မှာ ထာဝရဘုရား၏ သန့်ရှင်းခြင်းကို ဦးထိပ်ထားသည်။ ဟေရှာယ၏ရူပါရုံတွင် မြင်ကွင်းသည် ခမ်းနား ထယ်ဝါ ၏။ ဗိမာန်တော်သည် မီးခိုးနှင့်ပြည့်၍ တံခါးတိုင်တို့သည် လှုပ်ရှားကာ ခေရုဗိမ် တို့သည် သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း ဟု ကြွေးကြော်ကြ၏။ ယောဟန်၏ ရူပါရုံတွင် ခေရုဗိမ်တို့သည် အလားတူ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းဟု ပြောဆိုနေကြ၏။ *(ခေရုဗိမ် အကြောင်းထပ်လေ့လာရန် ယေဇကျေလ ၁၀း၁၄၊ ၁၅ ရှု)*။ ပုရောဖက် တစ်ဦးစီတို့ အား ထာဝရဘုရား၏ တောက် ပြောင် ဝင်းလက်သော ဘုန်းတော်ကို ပြသသည်။

ထိုနောက်မှ ပုရောဖက်၏တုံ့ပြန်ခြင်းကိုပါ တွေ့ရသေး၏။ ဟေရှာယသည် မိမိတွင် ညစ်ညူးသော နှုတ်ခမ်းရှိသည်ဆို၏ *(ဟေ ၆း၅)*။ ယောဟန်သည်လည်း ထိုက်တန် သောသူ တစ်စုံတစ်ဦးမျှမရှိ၍ ငိုကြွေးရသည် ဆို၏ *(ဗျာ ၅း၄)*။ ထာဝရဘုရား၏ ထိုက်တန်ခြင်းကို တိုက်ရိုက်ညွှန်ပြသောအခါ လူသားတို့၏ အခြေအနေကို တွေးဆ နိုင်ပေတော့ သည်။ ကျွန်ုပ်တို့သည် မထိုက်တန်ပါသဖြင့် ရွေးနုတ်ရှင်ခရစ်တော်အား လိုအပ်နေကြ တော့၏။ စာတန်သည် ထာဝရဘုရားအား အပြစ်မြောက်များစွာဖို့ကာ တစ်ဖက်သတ်သမားအာဏာရှင်ဆန်သောအတ္တသမားဖြစ်သည်ဟုစွပ်စွဲခဲ့သော်လည်း၊ ထာဝရဘုရား၏ ပလ္လင်တော်တွင် ခဏမျှ ခစားရသောအချိန်တွင်ပင် သူ၏ မုသားတို့ သည် ပေါ်လွင်ကြလေသည်။ ခရစ်တော်၏ အဖြစ်မှန်သည် "အသေသတ်ခံရသော သိုးသူငယ်" *(ဗျာ ၅း၁၂)* ဖြစ်၍ ခမည်းတော်ဘုရား၏ အဖြစ်မှန်ကို မြင်တွေ့စေသောသူဖြစ်သည်။ ယေရှုအား မြင်တွေ့သောသူသည် ခမည်းတော်အားမြင်တွေ့ရသည်ကို သိကျွမ်း ရခြင်းသည် စိတ်ချမ်းမြေ့စေလှ၏ *(ယော ၁၄း၉)*။ ခမည်းတော်အား အကြီးမား ဆုံးဖော်ပြခြင်းသည် ကပ်တိုင်ပေါ်တွင် ယေရှု အသေခံနေသော မြင်ကွင်းပင် ဖြစ်သည်။

ကပ်တိုင်သည် ကျွန်ုပ်တို့အား အရာနှစ်ခု ပြသသည်၊ အရင်ဦး၊ မိမိကိုယ်တိုင် ကျွန်ုပ်တို့အတွက် အသေခံသည်တိုင် ချစ်တော်မူသည်။ ဒုတိယ၊ ကျွန်ုပ်တို့သည် မည်မျှပင်ကျဆုံး၍ အပြစ်ရှိနေသော်လည်း ကပ်တိုင်တော်က သာလျှင် ကယ်တင်နိုင် ကြောင်း ဖော်ပြသည်။

## သောကြာနေ့ မေလ ၉ ရက်

**ဆက်လက်လေ့လာရန်။** ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို စောင့်ထိန်းပေးနိုင်သူသည် ခရစ်တော်ဖြစ်သည်ကို သမ္မာကျမ်းစာတွင် တိကျစွာဖော်ပြထားပါသည်။ သူ၏အသက်တာ သာလျှင် အပြစ်ကင်းစင်သော လူ့အသက်တာဖြစ်သည်။ ခမည်းတော်၏ ဘုန်းတော်ကို အားရစေသော တစ်ခုတည်းသောအသက်တာပုံစံဖြစ်သည်။ သူသည် မှည့်မထင်းသော ဘုရားသခင်၏ သိုးသူငယ်ဖြစ်၍ လူသားမျိုးနွယ်၏ ထာဝရလုံခြုံမှု၏ ဦးခေါင်းပင်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏အပြစ်များကို ယူတင်သဖြင့် ထာဝရဘုရားသည် အပြစ်အားတုံ့ပြန်သော တရားစီရင်ခြင်းကို ပြေကျေစေသည်။ ကောင်းကင်သားတို့သည် ဘုရားသခင်၏ ပလ္လင်တော်ပတ်လည်တွင် စုရုံးကြသည်ကို ရှင်ယောဟန်သည် သက်သေခံနေဆဲတွင် သူ့အား မငိုတော့ရန် "ယုဒအမျိုး၏ ခြင်္သေ့သည် ...အောင်မြင်ပြီ" *(ဗျာ၊ ၅း၅)* ဟု ဆိုလေ၏။

အပြစ်၏ ဆိုးညစ်ခြင်း ကျဆုံးလူသားတို့၏ အခြေအနေတို့သည် ယေရှုဘုရားကိုယ်တိုင်၏ သေခြင်းဖြင့်သာ လုံလောက်စွာဖြေရှင်းပေးနိုင်သည်ကို တွေးကြည့်ပါ။ ဘုရားသခင်သည် သူ့နိုင်ငံတော် အုပ်ချုပ်မှု ဥပဒေသများကို မချိုးမဖျက်ဘဲ ကျွန်ုပ်တို့အား ကယ်တင်ရန် အခြားနည်းလမ်းရှိပါက ပြုလုပ်ခဲ့ပြီးလောက်၏။

"ဘုရားသခင်၏ ပညတ်တော်အား ချိုးဖောက်ခြင်းသည် ထိုအပြစ်ရှိသူ၏ အသက်ကို တောင်းဆို၏။ စကြာဝဠာတစ်ခုလုံးတွင် လူသားတို့အား အစားထိုးနိုင်သူတစ်ဦးသာရှိသည်။ ပညတ်တော်သည် ဘုရားသခင်နှင့်အတူ သန့်ရှင်းသောကြောင့်၊ ၎င်းအား ချိုးဖောက်ခြင်းကိုလည်း ဘုရားနှင့်တန်းတူသူက သာလျှင် ကျေစေနိုင်သည်။ ခရစ်တော်မှ တစ်ပါးအခြားတစ်ဦးမျှ ထိုပညတ်၏ကျိန်ခြင်းမှ ပြန်သင့်မြတ်စေနိုင်သူ မရှိပါ။ ခမည်းတော်နှင့် သားတော်ကိုပင် ကွေကွင်းစေနိုင်သောအပြစ်တို့ကို ခရစ်တော်သည်သာ ယူတင်နိုင်သည်။ ကျဆုံးသောလူသားများကို အနက်ဆုံးသော ဝမ်းနည်းခြင်းတွင်းထဲအထိ ပင်လျှင် ခရစ်တော်သည် သာလျှင်လက်လှမ်းမီခဲ့သည်" (အီးဂျီဝှိုက်။ *ရှေးဘိုးဘေးများနှင့် ပရောဖက်များ။* စာ - ၆၃)။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** **ကွပ်မျက်ခြင်းခံခဲ့ရသော သိုးသူငယ်သည် ပလ္လင်တော်သို့ဝင်ရသောအခွင့် ရသည်ကို ယောဟန် မြင်၏။ ဗျာ ၁၃း၈ တွင် ယေရှုသည် ကမ္ဘာဦးကပင် ကွပ်မျက်ခံရသည်ဆို၏။ မိမိတို့မလိုအပ်မီ ကတည်းကပင် ကယ်တင်ခြင်းစီမံကိန်းကိုချထားသဖြင့် ကျွန်ုပ်တို့သည် မည်သို့သင်ခန်းစာရနိုင် သနည်း။**

**၂** **ဘုရားမဲ့ဝါဒီတို့သည် ကျွန်ုပ်တို့သည် စကြာဝဠာတွင် စွန့်ပစ်ခံရသည်ဟု ဆိုကြသည်။ တစ်ဘက်တွင် သမ္မာကျမ်းစာတွင် ဘုရားသခင်သည် ကမ္ဘာကိုချစ်သောကြောင့် ကြွဆင်းလာကာ အသေခံပေးသည် ဆို၏။ ထိုဘုရားမဲ့ဝါဒီတို့နှင့် ကျွန်ုပ်တို့၏အမြင်သည် အဘယ့်ကြောင့်ကွာခြားလှသနည်း။ ကပ်တိုင်၏ အပြစ်မှန် သည်ကျွန်ုပ်တို့ကို မည်သို့လွှမ်းမိုးနိုင်မည်နည်း။**

**၃** **ခရစ်တော်၏ အသက်တာ၊ သေခြင်းနှင့် ထမြောက်ခြင်းတို့မှသာလျှင် လူသားအား အဘယ့်ကြောင့် ကယ်တင်နိုင်သနည်း။ အပြစ်အလွန်ဆိုးယုတ်သည်ကို ထိုအဖိုးအခတို့သည် မည်သို့တင်ပြ သနည်း။**

## အပိုင်း ၂။ အကူအညီတောင်းခြင်း

Andrew McChesney- မှရေးသားသည်

Diana သည် အထက်တန်းပြီးသည့်အခါ ပါတီတက်သည့်ဘဝတွင် နစ်မျောသွား၏။ တစ်နေ့ Monte Vista, Colorado ရှိ ပြည်သူ့ပန်းခြံတွင် တစ်ဦးတည်း ထိုင်နေစဉ် သစ်ရွက်များကြားမှ နေရောင်များ ထိုးကျလာသည်ကို ကြည့်နေစဉ်တွင် "ဒီ ဘဝကနေ မထွက်ရင် အသေစောမယ်နော်" ဟူသည့်အသံကို ကြား၏။ ထိုအသံက သူမ၏ ခြေလှမ်းသည် အသေစောစေပြီး သူမသည် အသက်ရှည်လိုလျှင် ထိုလမ်းကို စွန့်လွှတ်ရန်လို ကြောင်း Diana အတပ်သိ၏။

သူမ၏မိခင်နှင့် ရှေ့ရေးအတွက်ဆွေးနွေးဖူး၏။ မိခင်က "ရေတပ်ဝင်ဖို့ စိတ်ကူး ရှိဖူးလား" ဟုမေး၏။ Diana က အဓိပ္ပာယ်မဲ့သည့်မေးခွန်းဟုမှတ်ပြီး စိတ်ဆိုးခဲ့၏။ သုံးလကြာပြီးနောက်တွင် Orlando, Florida တွင်သင်တန်း တက်ဖြစ်သွား၏။ ထို့နောက်တွင် ကမ္ဘာပတ်၏။ အံ့ဩဖွယ်များစွာတွေ့ခဲ့၏။ သဘော်ာဆိပ်တိုင်းတွင် လိင်အရောင်းအဝယ်၊ လောင်းကစား၊ ထို့ထက် အော်ဂလီ ဆန်ဖွယ်များရှိ၏။

သူမသည် အချိန်တိုအတွင်း ရေတပ်သားနှင့် အိမ်ထောင်ကျပြီ ရေတပ်မှ အနားယူပြီး သားသုံးဦးရခဲ့၏။ ၎င်းတို့သည် Monte Vista, Colorado တွင်နေထိုင်ကြ၏။ Diana ၏ခင်ပွန်းသည် အိမ်ထောင်သည်ဘဝကို ငြီးငွေ့ပြီး၊ ပထမတွင်ဖျားပြီး၊ စိတ်ဓာတ်ကျကာ သေလျှင်ဟုစိတ်ကူးကြည့်၏။ ထို့နောက်သတ်သေလျှင်ဟု စိတ်ကူး ကြည့်၏။ သူမ စိတ်ဓာတ်ကျနေစဉ် "ဘုရားသခင်၊ သင်အမှန်ပင်ရှိကြောင်း ကျွန်မ ယုံပါသည်။ သို့သော် အဘယ်အရပ်တွင်ရှိကြောင်းကို မသိပါ" ဟု ဆုတောင်း၏။

ဆန်းပြားစွာဖြင့် နောက်သီတင်းပတ်များတွင် သူမသည် အသင်းတော်လေးမျိုး နှင့်ကြုံဖြစ်၏။ ပထမကား သာသနာအမှုဆောင် လူရွယ်နှစ်ဦး သူမ၏အိမ်ဝသို့ ရောက်လာ၏။ သူမလည်း အိမ်အတွင်းသို့ ဝင်စေ၏။ တစ်ဦးက ကျမ်းချက်တစ်ချက် ဖတ်ကာ အသားမဲများသည် ကျိန်ခံရသောကြောင့် ကောင်းကင်နိုင်ငံတော်သို့ မဝင်စားရဟု ဆို၏။ Diana လည်း စိတ်မတွေ့နိုင်ပါ။ ဘုရားသည် လူတိုင်းကိုချစ်ကြောင်းသူမသိ၏။ သူမလည်း သာသနာပြုများအား "အိမ် ကနေပြန်ပါတော့" ဟုဆို၏။ "ဘာကြောင့်ဒီလို ကျမ်းချက် လာပြီးဖတ်ပြတာလဲမသိဘူး" ဟု အံ့ဩနေ၏။

နောက်နေ့များတွင် အမျိုးသမီးသုံးဦး ရောက်လာပြန်၏။ Diana က သူတို့အား ဥပုသ်အကြောင်းမေး၏။ တစ်ဦးက "ကျွန်မတို့ကနေ့တိုင်း ဘုရားကိုဝတ်ပြုတယ်" ဟု ဆို၏။ Diana လည်းစဉ်းစားကာ ထပ်၍တွေ့ရန် သဘောတူ၏။ အမျိုးသမီးတစ်ဦးသည် မုန်တိုင်းကျသည့် သောကြာည တစ်ညတွင် တံခါးလာခေါက်၏။ သူမသည် ဘေး/ဆယ်အတွက် ရံပုံငွေကောက်သူ ဖြစ်၏။ Diana သည် မရှိ ရှိရှိနှင့် Pizza Hut မှ ရသည့် ဘောက်ဆူးမှပေး၏။ သူမလည်း ပြန်မပေါ်လာတော့ပါ။ ထိုအပတ်တွင်ပင် Diana အား အခြား အသင်းတော်တစ်ခုမှ မိတ်ဆွေတစ်ဦးကဖိတ်၏။ ဘုရားကျောင်းတွင် နတ်ဆိုး ရှိသည်ဟု ခံစားရကာ ဝတ်ပြုအပြီးတွင် အိမ်သို့တန်းပြန်၏။

Diana ၏ အကြောင်းကို နောက်အပတ်တွင် ဆက်၍ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဗျာဒိတ် ၃:၉

**လေ့လာမှုဦးတည်ချက်။** က ၄:၁-၈၊ ဟေရှာ ၅၃:၁-၁၂

ယဇ်ပူဇော်မှုသည် အရှေ့အလယ်ပိုင်းဒေသ၏ ယဉ်ကျေးမှုပြယုဂ်တစ်ခု ဖြစ်၏။ ထိုအရပ်တွင် ယဇ်ပူဇော်ခြင်းကို ဘုရားသခင်ကိုပသခြင်းဟု မှတ်ယူပြီး အမအစရ ရန် ခဲဖွယ်ဘောဇဉ်ကပ်ကြ၏။ မည်သို့ဖြစ်စေ သမ္မာကျမ်းစာက ယဇ်ပူဇော်ခြင်းကို အဓိပ္ပာယ်တစ်မျိုး ဖွင့်ထား၏။ ထိုအရပ်ရှိ ယဉ်ကျေးမှုတွင် ပူဇော်ခြင်းကို အောက်မှ အထက်သို့၊ လူဘက်မှ ဘုရားဘက်သို့ ဦးတည်၏။ သမ္မာကျမ်းစာတွင်ကား ဘုရား ဘက်မှ လူဘက်သို့ ဦးတည်၏။ ထိုအရပ်ဒေသ၏ ယုံကြည်မှုတွင် ဘုရားသည် ၎င်း ကို အလုပ်အကျွေးပြုလုပ်ရန် လူများကိုဖန်ဆင်းသည် ဟုဆို၏။ သမ္မာကျမ်းစာတွင် လာသည့် ဘုရားကလူများကိုဖန်ဆင်းပြီး ကျွေးမွေး၏။

ယခုတစ်ပတ်သင်ခန်းစာတွင် သမ္မာကျမ်းစာ၏ ယဇ်ပူဇော်ခြင်းအကြောင်းကို လေ့လာကြပါမည်။ သမ္မာကျမ်းစာကပြသည့် အဓိပ္ပာယ်သည် မြေပြင်တွင်ဖြစ်ပျက် သည့် အပေါ်တွင်မူတည်၏။ ယဇ်ပူဇော်ခြင်းသည် ဝတ်ပြုထုံးဖြစ်ကြောင်း သမိုင်း ကဏ္ဍ၊ မောရှေကျမ်းအထောက်များ ရှိသောကြောင့် ဘာသာရေး၊ လူမှုရေး အရေးပါမှု ရှိကြောင်းပြ၏။ အခြားဘက်တွင်ကား ပရောဖက်ကျမ်းများနှင့် ကဗျာကျမ်းများ ကဏ္ဍတွင် ဝိညာဉ်ရေးနှင့် ဗျာဒိတ်တော်ဆိုင်ရာ အရေးပါမှုရှိ၏။ ထိုကဏ္ဍတစ်ခုစီမှ လက်ရွေးစင်ထုတ်ထားပါသည်။ က-၄ တွင်လာသည့် ကာဣနနှင့် အာဗေလတို့၏ ယဇ်ပူဇော်ခြင်းပြုလုပ်မှုနှင့် ပရောဖက်ကျမ်းများတွင် ဟေရှာ ၅၃ တွင်လာသည့် ဒုက္ခခံသည့်ကျွန် အကြောင်းများဖြစ်၏။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ယဇ်ပူဇော်ခြင်း၏ဘာသာရေး၊ လူမှုရေးအရေးပါမှု

ကနဦးယဇ်ပူဇော်ခြင်း ကျင်းပစဉ်တွင် ကာဣနနှင့် အာဗေလတို့၏ ခြားနားပုံကို ခင်းပြထား၏။ ကာဣနသည် “မြေအသီးကို” (က ၄:၃) ဆောင်ခဲ့စဉ်တွင် အာဗေလ သည် “မိမိသိုးစုတွင် အဦးဖွားသောသား” (က ၄:၄) ကို ဆောင်ခဲ့၏။ အာဗေလ၏ ပူဇော်မှုသည် ကျမ်းစာအလိုတော် — သိုးနံ့အပြင် — ယဇ်ကောင်ပူဇော်ရမည် (ထွ ၂၉:၃၉-၄၁) နှင့် ကိုက်ညီ၏။ အာဗေလသည် “သိုးထိန်း၊ ကာဣနကား လယ်လုပ် သောသူဖြစ်၏” (က ၄:၂) ကို နှလုံးသွင်းကာ၊ နောင်တော်ကာဣနသည် ဒုက္ခတွေ့ ပြီး ၎င်း၏ညီတော်၏ အကူအညီ လိုအပ်ပါပြီ။ ကာဣန၏မာနက ဘာကိုပူဇော် မည် ကို ပွဲ့ကိုင်ပါပြီ။

သမ္မာကျမ်းစာက “ထာဝရဘုရားသည် အာဗေလနှင့် သူ၏ပူဇော်သကာကို ပမာ ဏပြုတော်မူ၏။ ကာဣနနှင့် သူ၏ပူဇော်သကာကို ပမာဏပြုတော်မမူ” ဟု ပြထား

၏ (က ၄:၄၊ ၅)။ သမ္မာကျမ်းစာက အာဗေလ၏ပူဇော်မှုကို လက်ခံ၊ ကာဣန၏ ပူဇော်မှုကို လက်မခံရသည့် အကြောင်းကို မရှင်းထားပါ။ မည်သို့ဖြစ်ဖြစ် ကျမ်းချက်တွင် သဲလွန်စများ ပေးထား၏ —

၁။ ဘုရား၏ ကနဦးပမာဏပြုချက်က ပူဇော်သူကို အာရုံပေးခြင်းဖြစ်၏။ ဟေဗြဲစာကို တိုက်ရိုက်ပြန်လျှင် ဤသို့လာ၏ — "ထာဝရဘုရားသည် အာဗေလ အပေါ် အာရုံလာ၏။ ထို့ကြောင့် (waw) ၎င်း၏ပူဇော်သကာကို၊ သို့သောဘုရား သည် ကာဣနအပေါ် အာရုံမလာ။ ထို့ကြောင့် (waw) ၎င်း၏ပူဇော်မှုကို။" ဤ ဘာ သာပြန်မှုတွင် ပူဇော်မှုကို ဘုရားကငြင်းခြင်း/ လက်ခံခြင်းသည် ပူဇော်သူ၏ သီလ သမာဓိအပေါ် မူတည်ပြီး ပူဇော်သည့်ပစ္စည်းတွင် မမူတည်ပါ (မိ ၆:၇၊ ၈၊ ဟေရှာ ၁:၁၁)။

၂။ ကာဣနသည် ထာဝရဘုရားထံပူဇော်ပြီး၊ အာဗေလသည် ပူဇော်ရုံပူဇော်၏။ ကာဣနသည် ဘုရားသခင်ထံပူဇော်ရန် အာရုံထားပြီး၊ အာဗေလ၏အာရုံကား ပူဇော်ရခြင်း၏အဓိပ္ပာယ်ကို အာရုံထား၏ — ဆိုရလျှင် ၎င်းအား ဘုရားကပေးသည့် လက်ဆောင်ကိုဆိုလို၏။ ကာဣနက ၎င်း၏ပူဇော်မှုကို အောက်အရပ်မှ အထက် ဘက်ဘုရားထံအာရုံသွင်းပြီး အာဗေလသည် ပူဇော်မှု၏ အဓိပ္ပာယ်သည် အထက်မှ အောက်ဘက်သို့ ဦးတည်ကြောင်းကို တရားပေါက်၏။

၃။ အာဗေလသည် မောရှေဥပဒေအတိုင်း (ထွ ၂၃:၁၉) တန်ဖိုးအရှိဆုံးဖြစ်သည့် "အဦးဖွား" bekorot ကို ဆောင်ခဲ့ပြီး၊ ကာဣနသည် ခြံထွက်တစ်ခုခုကို ဆောင်ခဲ့၏။ ကာဣန၏ ပူဇော်မှုသည် လူ့အားဖြင့် ဘုရားကိုပသခြင်းဖြစ်ပြီး အာဗေလ၏ ပူဇော် မှုသည်ကယ်တင်ခြင်းရရှိရန် လူသားများကဘုရားကိုလိုအပ်ကြောင်းပြခြင်းဖြစ်၏။

၄။ အာဗေလ၏ပူဇော်မှုသည် က ၃:၁၅ တွင်လာသည့် ကမ္ဘာကိုကယ်မည့် ကတိ ခံ မေရှိယသိုးသငယ်နှင့် ဆက်နွယ်၏။ ကာဣန၏ ပူဇော်မှုကား အခွံသာဖြစ်ပြီး အရေးမပါသည့် ဝတ်ပြုမှုဖြစ်၏။ လူလုပ်အဖုံးအကာနှင့် ဘုရားစီမံပေးသည့် အဝတ် ဖြစ်စဉ်တွင်လည်း ဤခြားနားမှုမျိုးရှိကြောင်း သတိပြုပါ (က ၃:၇)။ အာဒံ-ဧဝတို့ ၎င်းတို့ကိုယ်ကို အရှက်ဖုံးရန် ရရာကိုဆွဲသုံးကြပြီး ဘုရားသခင်သည် ယဇ်ပူဇော် ခြင်းခံရသည့် သားရေခွံဖြင့် အဝတ်စီစဉ်ပေး၏။

၅။ နောက်ဆုံးတွင် ကာဣန၏ ဝိညာဉ်ရေးအားမသန်မှုသည် လူကိုသတ် ဖြစ် စေခဲ့၏။ ကာဣနသည် ခမည်းတော်ဘုရားနှင့် အဆက်ပြတ်သောကြောင့် ၎င်း၏ ညီတော်ကိုပါ သံယောဇဉ်မရှိတော့ပါ။

ညီကိုချင်း သတ်ဖြတ်ခြင်းက အပြစ်၏အဆိပ်ပြင်းပုံကို ပြ၏။ ညီအစ်ကို ကို မုန်း ခြင်းသည် ဘုရားကိုမုန်းခြင်းမှ မြစ်ဖျားခံ၏။ ဘုရားသခင်က ဤသို့သော အ ကြောင်းအကျိုး ဆက်နွယ်ပုံကို ကာဣနအား သတိပေးသည့်စကားတွင် တွေ့ရ ၏ — "သင်သည် ကောင်းမွန်စွာပြုလျှင် အခွင့်မရလော" (က ၄:၇)။ "ကောင်းမွန်စွာ ပြုလျှင်" သည် မှန်သောယဇ်ပူဇော်ခြင်းကို ဆိုလို၏။ ယင်းသည် ကာဣနပြုရန်လို သည့် ပူဇော်ခြင်းဖြစ်၏။ အဆိုးတရားကို ကာဣနရင်ဆိုင်ရသည်ကိုလည်း ပြခြင်း

ဖြစ်၏ — ၎င်း၏ညီကို ဆက်ဆံပုံကို ဆိုလို၏။ ဟေဗြဲကြိယာပုဒ် teytib "ကောင်းမွန်စွာပြု" တွင် လူ့ကျင့်ဝတ်ပါဝင်၏။ ဤကြိယာစာလုံးကိုပင် ယေရမိက ၎င်း တောင့်တသည့် လူ့ကျင့်ဝတ်ကို "သင်တို့ဘာသာဓလေ့နှင့် သင်တို့အကျင့်များတို့ကို ပြုပြင်ကြလော့" (ယေ ၇:၃) ထုတ်ပြော၏။

ယေရမိက ဣသရေလများထံ ကြွေးကြော်မှုတွင် ဘာသာရေး အကြောင်းပါကြောင်းသတိပြုပါ။ ရာဇဝတ်များကို ဖော်ထုတ်ပြီးနောက် (ခိုး၊ လိမ်၊ ပြစ်မှား စသည်ဖြင့်) တွင် ပရောဖက်က ၎င်း၏အမျိုးသားများအား "ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်၌ ငါ့ရှေ့မှာဝင်၍ရပ်" ကြလော့ (ယေ ၇:၁၀) ဟုဆို၏။ ဘုရားက ထို ပူဇော်မှုမျိုးများကို ငြင်းပယ်ကြောင်း ဖောင်းပေးပြောလိုကြသည့် အခြားပရောဖက်များလည်း ထိုသို့ပင်ပြောဆိုကြ၏။ အထူးအားဖြင့် မိက္ခာသည် အဓိပ္ပာယ်မဲ့သည့် ပူဇော်သဘင်မျိုးကို "ထာဝရဘုရားသည် သိုးထီးတစ်ထောင်၊ ဆီမြစ်တစ်သောင်းကို အားရနှစ်သက် တော်မူမည်လော။ ငါ့လွန်ကျူးခြင်းအတွက် ငါ၏ သားဦးကို လည်းကောင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုလည်းကောင်း ပူဇော်ရမည်လော၊ အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သကာကို ထာဝရဘုရား တောင်းတော်မူသနည်း" (မိ ၆:၇၊ ၈)။

## ပူဇော်ခြင်းများ၏အရာတော်သည့်နိမိတ်

ပူဇော်ခြင်းနှင့်ပတ်သက်၍ ရှေ့ပြေးနိမိတ်အပြည့်ဆုံးကား ဟေရှာယ၏ အနှိမ်ခံကျွန် ကဗျာဖြစ်၏။ အနှိမ်ခံကျွန်ကို ယဇ်ကောင်ဟု သညာပြုထားသောကြောင့် ယေရှုခရစ်၏ အမှုတော်ကို ကြိုဟော၏။ ဤကဗျာ၏ တရားအူတိုင်သည် အပြစ်ဖြေခြင်းအမှုကို ပြခြင်းဖြစ်၏။ ထိုအချက်သည် အခန်းငယ် ၁၂ ခုအတွင်း နှစ်ကြိမ်လာ၏ (ဟေရှာ ၁၃:၄-၈၊ ၁၀-၁၂)။

ဤတရားက ဟေရှာ ၅၃:၄-၆ ကို အထွတ်အထိပ်ရောက်စေပြီး လေဝိနယ်ပယ်ဝေါဟာရနှင့် စိတ်ဓာတ်များကို ငှားသုံးထား၏။ ကျွန်ကိုပူဇော်ရန် အသင့်ဖြစ်နေသည့် သိုးနှင့်ပမာနှိုင်းထား၏ (ဟေရှာ ၅၃:၇ ကို ဝတ် ၄:၃၂၊ ဝတ် ၅:၆၊ ဝတ် ၁၄:၁၃:၂၁ တို့နှင့် နှိုင်းယှဉ်ပါ)။ ကမ္မကာရကကြိယာပုဒ် (passive) သုံးထားခြင်းကြောင်း ဟေရှာယ ၅၃ တွင် များစွာတွေ့ရ၏။ ယင်းသည် လေဝိတို့၏ အရေးအသားမျိုးဖြစ်၏။ ယင်းကဲ့သို့ ၁၆ ကြိမ်သုံးထားပြီး ၁၂ ကြိမ်သည် Niphal ပုံစံဖြင့်ရေးထား၏။ ယင်းသည် ယဇ်ပုရောဟိတ်များ၏ ကမ္မဝါဖတ်ပုံမျိုး ဖြစ်၏။ ယင်းသည် ယဇ်ပူဇော်ခြင်းနှင့် အများအားဖြင့် စပ်ဆိုင်၏။ ဤယဇ်ပူဇော်ခြင်းကို အပြစ်နှင့်ဆိုင်ကြောင်း ခုနစ်ချက်တွင် အတည်ပြုထားပြီး ရှုထောင့် ၃ ခုလုံးကို ခြုံငုံ၏ (peshà, àwon, khet') — "ထိုသူသည် ငါတို့လွန်ကျူးခြင်း အပြစ်များ(peshà)ကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ... ထာဝရဘုရားသည် ခပ်သိမ်း

သော ငါတို့၏အပြစ် (àwon) များကို သူ့အပေါ်၌ တင်တော်မူ၏။ ... သူတို့၏ အပြစ်ကို (àwon) ကိုယ်တိုင်ဆောင်ရွက်ရ၏။ ... လူများတို့၏ အပြစ်ကို (khet') ဆောင်ရွက်၏" (ဟေရှာ ၅၃:၅၊ ၆၊ ၁၁၊ ၁၂)။

အခန်းငယ်တစ်ခုက လေဝိတို့၏အပြစ်ဖြေထုံးကို အထူးပြထား၏ — "ထို ဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏" (ဟေရှာ ၅၃:၁၁)။ "သိကျွမ်း" bedàto သည် အခန်းငယ် ၃ ကို ညွှန်း၏။ "သိရန်" Yadu'a ဟူသည့် ခက်ဆစ်ရင်းကို ဝေဒနာကို "သိသည့်" ကျွန်ကို ပြရန်သုံးထား၏။ ဤအခန်းငယ်က အနှိမ်ခံကျွန်သည် ဤသို့ ကြုံတွေ့ခံစားရသောကြောင့် "ဖြောင့်မတ်" မည်ဟု ပြ၏။ ယခုဖော်ပြမည့်ဝါကျသည် "ဖြောင့်မတ်" ဟူသည့် ကြိယာ၏ လုပ်ဆောင်မှုကိုပြ၏ — "သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏" (ဟေရှာ ၅၃:၁၁)။ သူတို့၏အပြစ်ကို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်သည် လူများစွာကို ဖြောင့်မတ်စေပါမည်။ နောက်အခန်းငယ်တွင်လည်း "အများ" ကို ထပ်၍သုံးထားပြီး "အများ" ကို ကြိယာပုဒ် "ဆောင်ရွက်" ၏ ကံပုဒ်အဖြစ် သုံးထား၏။ သို့နှင့် ကျွန်သည် "လူများတို့၏အပြစ်ကို ဆောင်ရွက်၏" (ဟေရှာ ၅၃:၁၂)။

ဤခက်ဆစ်နှင့် ဆိုလိုချက်များသည် သမ္မာကျမ်းစာတွင် ထပ်တလဲလဲပေါ်သည့် တရားဖြစ်ပြီး ကျွန်သည် ပူဇော်သကာ တစ်ဖြစ်လဲရ၏။ ယင်းသည် လေဝိတို့၏ ယဇ်ထုံးတွင် အပြစ်ကိုထမ်း၊ ဘုရားထံမှ ခွင့်လွှတ်ခြင်း ရယူပေးသည့် သဘောဆောင်၏ — "သိုးသငယ်ကို အပြစ်ဖြေရာယဇ်ပြုလိုလျှင် ... အပြစ်ဖြေရာယဇ်ပြုသော သိုးခေါင်းပေါ်မှာ မိမိလက်ကိုတင်၍ ... ထိုသို့ ယဇ်ပုရောဟိတ်သည် ထိုသူ ပြစ်မှားမိသောအပြစ် (khet') အတွက် အပြစ်ဖြေခြင်းကိုပြုလျှင်၊ သူ၏အပြစ် လွှတ်လိမ့်မည်" (ဝတ် ၄:၃၂-၃၅)။ ဤကျမ်းပိုဒ်တွင် အနှိမ်ခံကျွန်သည် နေရာအစားဝင်သည်၊ အပြစ်လွှတ်ရန် အပြစ်သား၏နေရာကို ဝင်ယူကြောင်းကို ပြ၏။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

**သင် ကာယ်တင်ခြင်းရရှိရန် ဘုရား၏ပေးဆပ်မှု။** ဖိလိပ္ပိ ၂:၇ ကိုဖတ်ပါ။ "မိမိအသရေကိုစွန့်၍" ကို သုံးသပ်ပါ။ ဘုရားသည် ဘာမှမဟုတ်သည့်အဆင့်သို့ ဆင်းလာလိုခြင်းအကြောင်းကို သင်က သင်၏အိမ်နီးချင်း၊ ဆွေမျိုးများတို့အပေါ် ဆက်ဆံပုံနှင့် ပြောင်းမှတ်ကြည့်ပါ။ သင်၏လုပ်ဖော်ကိုင်ဖက် (သို့) သင့်သားသမီးတို့၏ ကောင်းကျိုး ချမ်းသာ အတွက် သင်ပေးဆပ်ရန် မည်မျှအဆင်သင့် ဖြစ်လျက်ရှိသနည်း။

**မှတ်သားရန်** –

________________________________________

________________________________________

# သင်ခန်းစာ - ၇

*မေလ ၁၀ - ၁၆

# အနာဂတ္တိကျမ်း၏အခြေခံများ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဟောရှာ ၆း၆ - ၈၊ ကမ္ဘာ ၃း၂၁ - ၂၄၊ ယေယ ၁း၄ - ၁၄၊ ဗျာ ၄း၁ - ၁၁၊ တော ၂း၃ - ၂၅၊ ဟောရှာ ၁၄း၁၂ - ၁၄။

**အလွတ်ကျမ်းချက်။ "တဖန် ထာဝရဘုရားက ငါသည် အဘယ်သူကို စေလွှတ်ရမည်နည်း။ ငါတို့အဘို့ အဘယ်သူ သွားမည်နည်း ဟုမေးတော်မူသံကို ငါကြားလျှင် ငါက အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏"** (ဟောရှာယ ၆း၈)

ထာဝရဘုရား၏ စကြာဝဠာကို အုပ်ချုပ်ပိုင်နိုင်ရန် သူသည် အရာခပ်သိမ်းအား ဖန်ဆင်းရှင်ဖြစ်ခြင်း *(ဗျာ ၄း၁၁)* နှင့် သူ၏ မူလဝိသေသလက္ခဏာပင်ဖြစ်သည်။ ထာဝရဘုရား၏ဖြောင့်မတ်သောဝိသေသလက္ခဏာကိုတွေ့ရှိခြင်းသည် ဒုစရိုက်သည် ထာဝရဘုရားရှေ့တွင် အသရေပျက်ခြင်း ဖြစ်ကြောင်း သိရှိခြင်းဖြစ်သည် *(ရောမ ၃း၂၃)*။

ယခုအပတ်တွင် လူသားသည် သန့်ရှင်းသောဘုရားနှင့် တော်စပ်ပုံ ခရစ်တော် ၏ ယဇ်ပူဇော်ခြင်းသည် ပလ္လင်တော်သို့ ပို့ဆောင်၏ စသည်တို့ကို ပလ္လင်တော်အခန်းရူပါရုံအား လေ့လာခြင်းဖြင့် သင် ကြားရကြလိမ့်မည်။ ထာဝရဘုရား၏ ပြုပြင်ခြင်းသည် တစ်ဦးခြင်းမက တစ်နွယ်လုံးသည် သတ္တဝါ အ ပေါင်းတို့အား ဘုန်းတော်ကို ဖော်ပြဘို့ရန် အစီအစဉ် ဖြစ်သည်။ သမ္မာကျမ်းစာတွင် ရှာ ဖွေပါက အပြစ်လွှတ်ခြင်းနှင့် ရွေးနုတ်ခြင်းခံရသော မျိုးနွယ်အား ထာဝရဘုရား၏ မြင့် မြတ်သော ခေါ်တော်မူခြင်းကို သိကျွမ်းစေသော အချက်လက်များကို တွေ့ရကြပါမည်။

လူသားတို့၏ ပုန်ကန်ခြင်းသည် ထာဝရကွယ်ပျောက်ပါတော့မည်။ ထာဝရဘုရား၏ မေတ္တာတော် လက္ခဏာ မိမိကိုယ်ကို ငြင်းပယ်ကာ မိမိကိုယ်ဖြင့် ယဇ်ပူဇော်ခြင်းတို့သည် လူသားအတွက် နဂိုမူလ ရည်ရွယ်ထားခြင်းထက်ပင် သာ၍ တောက်ပနေအံ့မည်။ ထာဝရ ဘုရားသည် လူသား၏ ကျဆုံးခြင်းကို မရည်ရွယ်ခဲ့သော်လည်း သူ၏ မေတ္တာတော် လက္ခဏာ သည် ကပ်တိုင်တော်အားဖြင့် ထိုသို့ပြုလုပ်စေလေသည်။

* မေလ ၁၇ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** မေလ ၁၁ ရက်

## အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ

တစ်ချိန်တစ်ခါက အသင်းတော်တစ်ခုသည် မြေအောက်ခန်းဟောင်းတစ်ခုကို ပြုပြင်ကာ မိဿဟာယခန်းမအဖြစ်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အရင်ဦးပြုလုပ်ရမည့် အရာသည် မီးအသစ် တပ်ဆင်ခြင်းဖြင့် ခန်းမ လှပစေရန်ဖြစ်သည်။ ထိုသို့တပ်ဆင်လိုက်ကာမှသာ၍ရုပ်ဆိုးနေလေသည်။ တောက်ပသောမီးအလင်းသည်အကြမ်းထည်များကိုပင် ပေါ်လွင်လာစေသည်။ ဟေရှာယသည်လည်း ပလ္လင်တော်ရူပါရုံကြောင့် မိမိ၏ အသရေပျက်ခြင်းကို မြင်တွေ့လေတော့သည်။ "ငါ၌ အမင်္ဂလာရှိ၏။ ငါအကျိုးနည်းပြီ။ ငါသည် ညစ်ညူးသော နှုတ်ခမ်းရှိလျက် ညစ်ညူးသောနှုတ်ခမ်းရှိသော လူမျိုးတွင် နေ လျက်နှင့် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့် မြင်လေပြီတကား" *(ဟေ ၆း၅)* ဟု ဆို၏။

ကျွန်ုပ်တို့သည်ကောင်းကင်သို့ တမဟုတ်ခြင်း ရောက်ရှိသွားခဲ့သော် ထိုနည်းတူ ခံစားကြရပါမည်။ ကျွန်ုပ်တို့၏ ဆင်ခြေဆင်လက်များတို့ကို ဖယ်ရှားပေးနိုင် လောက်အောင်ထိုအလင်းသည်တောက်ပ၏။ ထာဝရဘုရား၏ရှေ့မှောက်တွင် ကျွန်ုပ် တို့သည် ပျောက်ဆုံးလုဖြစ်၏။ ဟေရှာယသည်လည်း အသက်ထက်ဆုံး အံ့ဩ မဆုံး ဖြစ်ရ၏။

**ဖတ်ရှုပါ – ဟေရှာယ ၆း၆ – ၈။ ကျွန်ုပ်တို့သည် အပြစ်ကြောင့် အကျိုးနည်းသည်ကို ဟေရှာယသိသည်။ အပြစ်၏ အခသည်လည်း သေခြင်းဖြစ်လိုက်သေးသည်။ သို့သော်လည်း အပြစ်၏အကျိုးဆက်တွင် ကျွန်ုပ်တို့ကို ပစ် မထားဘဲ ထာဝရဘုရားသည် မိမိအနားသို့ပင် ဆွဲခေါ်သေး၏။ ဤတွေ့ဆုံခြင်း၏ ရလဒ်သည် အဘယ်နည်း။ အဘယ့်ကြောင့်အရေးကြီးသနည်း။**

သရပ်ကောင်းကင်တမန်တစ်ပါးသည် ယဇ်ပလ္လင်ပေါ်ကမီးခဲတစ်ခဲဖြင့် ဟေရှာယ၏ နှုတ်ခမ်းအား တို့ပေးခြင်းဖြင့် သူ၏အပြစ်တို့ကို သန့်စင်စေသည်။ ထာဝရဘုရား၏ လူတို့အတွက်ကြားဝင်စေ့စပ်ခြင်းအမွှေးနံ့သာပေါင်းပလ္လင် ဖြစ်တန်ရာသည် *(ဗျာ ၈း၃၊ ၄)*။ သူ့အပြစ်တို့ကို ဖြေလွှတ်၍ထာဝရဘုရားရှေ့တွင် ခစားရန် ထိုက်တန်သည်ဟု ထင်မှတ်ရုံမက လောကကမ္ဘာသို့ ဘုရား၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း ပင်ခံရ သည်။

သရပ်၏ အနက်သည် "*လောင်မြိုက်သောသူ*" ဟူ၏။ နှစ်ခြင်းဆရာ ယောဟန်အား ယေရှုသည် "ယောဟန်သည် ညီထွန်း၍ လင်းသောမီးဖြစ်၏။ သင်တို့သည် သူ၏ အလင်း၌ ခဏတာမွေ့လျော်ခြင်းငှါ အလို ရှိကြ၏" *(ယော ၅း၃၅)* ဟုဆို၏။ ယောဟန်ပင်လျှင် ကျေးဇူးတော်နှင့် ကယ်တင်ခြင်းကို တောင့်တသူဖြစ်နေသော်လည်း သူ၏ အမှုတော်သည် ကျေးဇူးတော်နှင့် ကယ်တင်ခြင်းကို ပေးစွမ်းသောသူကို ညွှန်ပြနေ၏။ ယေရှုသည် စုံလင်သောခမည်းတော်၏ ဘုန်းတော်အဖြစ် ကြွဆင်းလာ၍ ထာဝရဘုရားရှင်သည်လည်း အပြစ်သားပုရောဖက်တစ်ပါးကို အလားတူအမှုဆောင်သော ကောင်းကင်၏သရပ်အသွင် ဖြင့် စေလွှတ်တော်မူ၏။

**ဟေရှာယသည် မိမိအပြစ်တို့အားသန့်စင်ပြီးဖြစ်ကြောင်း သိရှိရမှသာ 'အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ် တော်မူပါ' ဟု ပြောဆိုနိုင်၏ (ဟေရှာ ၆း၈)။ ကျွန်ုပ်တို့သည်လည်း ထိုနည်းတူတုံ့ပြန်နိုင်ရန် ကျွန်ုပ်တို့၏အပြစ်များကို ယေရှု၏အသွေးတော်ဖြင့် မည်ကဲ့သို့ဆေးကြောကြမည်နည်း။**

## ခေရုဗိမ်နှစ်ပါး

ကျွန်ုပ်တို့၏ အရင်ဦးမိဘနှစ်ပါးတို့အား ဥယျာဉ်တော်မှနှင်ချသည်နှင့်ပင် ဘုရားသခင်သည် မေရှိယ မြော်လင့်ခြင်းကို ကမ်းလှမ်းတော်မူသည် *(ကမ္ဘာ ၃း၁၅)*။ ဒေင်တံခါးဝတွင် တန်ခိုးရှိသောသင်္ကေတ တစ်ခုအဖြစ် ခေရုဗိမ်နှစ်ပါးအကြားတွင် တောက်ပသောအလင်းဖြာထွက်စေသည်။ ထိုအရာတို့သည် ထာဝရဘုရား ပလ္လင်တော်၏ သင်္ကေတဖြစ်သော ပဋိညာဉ်သေတ္တာနှင့် အလွန်နီးစပ်သည်ကို မမေ့သင့်ပါ *(ထွက် ၂၅း၁၈)*။

**ဖတ်ရှုပါ – ကမ္ဘာ ၃း၂၂ – ၂၄။ ခေရုဗိမ်တို့မည်သည့်အမှုကို အဘယ့်ကြောင့်ထမ်းရွက်သနည်း။**

အပြစ်သားတို့သည် အသက်ပင်အနားသို့ မကပ်စေနိုင်ရန် ခေရုဗိမ်တို့သည် စောင့် ကြပ်ကြရသည် *(ကမ္ဘာ ၃း၂၂)* ဖြစ်ရာ၊ နောင်တစ်ချိန်ချိန်တွင် ထိုသုခဘုံသို့ ပြန်လည်ရောက်ရှိရမည် ဟူသောကတိတော် မြော်လင့်ခြင်း၏ သင်္ကေတပင်ဖြစ်သည်။ "လူသားအား နှင်ထုတ်ပြီးနောက် အချိန်တော်တော်ကြာသည်ထိ ဒေင်သည် မြေကြီး ပေါ်တွင် တည်နေသေး၏။ အာဒံနှင့် သူ့သားတို့သည် လာရောက်၍ ဘုရားအား ဝတ်ပြုကြ၏။ ဒေင်တွင် သူတို့ချိုးဖောက်ခဲ့သော ဥပဒေသကို ပြန်လည်နာခံမည့် ကတိကဝတ်များကို ရွတ်ဆိုလာကြသည်။ အပြစ်၏ဒီရေသည် ကမ္ဘာသို့ပြန့်နှံ့လာသောအခါ လူသားတို့၏ ဆိုးသွမ်းမှု များကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးရမည်ဖြစ်၍ ဒေင်ကိုမြေကြီးမှ ရုပ်သိမ်းရမည်ဖြစ်သည်။ နောက်ဆုံးတွင် ပိုင်ရှင်လက်ထဲသို့ ပြန် ရောက်သောအခါ "ကောင်းကင်သစ်နှင့်မြေကြီးသစ် *(ဗျာ ၂၁း၁)* အဖြစ်အရင်ဦးဖြစ်ခဲ့သည်ထက် သာလွန်စွာ ပြုပြင်ရလိမ့်မည်။" (အီးဂျီဝိုက်၊ *ရှေးဘိုးဘေးများနှင့် ပရောဖက်များ*။ စာ – ၆၂)။

ကမ္ဘာ ၃း၂၄ ၏ စိတ်ဝင်စားဘွယ်စကားလုံးများတွင် ထာဝရဘုရားသည် ခေရုဗိမ်တို့ကို ဒေင်၏ အရှေ့မျက်နှာခြမ်းတွင် တည်ထားသည်ဆို၏။ ဟေဗြဲဘာသာတွင် *ရှာကန်* သည် သန့်ရှင်းသောတဲတော်၏ မူလစကားလုံးဖြစ်သည် *(ထွက် ၂၅း၈။ တော ၃း၂၆)* ဘုရားသခင်သည် သူ့လူများ၌ ကိန်းဝပ်သောနေရာဖြစ်သည်။ ထာဝရဘုရား တည်ရှိခြင်းတည်းဟူသော *ရှေကီန* သည် သမ္မာကျမ်းစာတွင် မပေါ်လာဘဲ ဤ စကားလုံးကို အခြေခံကာ *တဲတော်* ဟုသာ အနက်ပြန်လေ့ရှိသည်။ သို့ဖြစ်ရာ *ရှာကန်* ကိုလည်း ထာဝရဘုရားသည် ဒေင် ၏ အရှေ့မျက်နှာခြမ်းတွင် ခေရုဗိမ်တို့အား *တဲတော်* တည်၏ဟု ဆိုရပေမည်။

သမ္မာကျမ်းစာတွင် ခေရုဗိမ်တို့သည် ထာဝရဘုရားကိန်းဝပ်တော်မူခြင်းနှင့် ဆက်နွယ် *(၁ကော ၁၃း၆။ ဆာ၊ ၈၀း၁။ ဟေရှာယ ၃၇း၁၆)* ၍၊ အထူးသဖြင့် သူ၏ နာမတော်အား ကြွေးကြော်ရာ ရာဇပလ္လင်တော်ပင် ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၄ တွင် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသောသူအား ထောမနာပြု၍၊ ရာဇပလ္လင်တော်အနားသို့ ခစားရသော အသက်ကြီး သူ ၂၄ ပါးတို့အား *(ဗျာ ၄း၁၁)* အမှုမဲ့အမှတ်မဲ့မထားမိရန် သတိပြုရမည်။ ဤအရာသည် ကောင်းကင်ရာဇပလ္လင်တော်အားလည်းကောင်း၊ အပြစ်လွတ်ငြိမ်းခြင်းရရှိသော အပြစ်သားများနှင့် ဖန်ဆင်းရှင်အပေါ် တော်စပ်ခြင်းနှင့် တာဝန်များကို သိကျွမ်းစေသည်။

## လောင်မြိုက်သော မီးကျီးခဲကဲ့သို့

ခေရုဗိမ်တို့သည် သက်ရှိများ *(ယေဇ ၁၀း၈)* ရွှေသင်္ကေတများလည်း *(ထွက် ၂၅း၁၈)* ဖြစ်၍ ဓမ္မဟောင်းကျမ်း တစ်လျှောက်တွင် ပါဝင်သည်။ ထာဝရဘုရား၏ ရာဇပလ္လင်တော် ကပ်လျက်တွင်ပင် တည်ကြ၍ ဘုန်းတော်ကို စကြာဝဠာသို့ ဖြာထွက်စေသည် ဆိုသည်။ အသန့်ရှင်းဆုံးအခန်းမတိုင်မီ ကန့်လန့်ကာအတွင်း ဘက်တွင် ပန်းထိုးတန်ဆာဆင်ထား လေ့ရှိသည် *(ထွက် ၂၆း၁)*။ ဆာလံစာအုပ်သည် ထာဝရဘုရား၏ မဟာအင်အားကို သတ္တဝါအပေါင်းသို့ ခေရုဗိမ်တို့သည် သယ်ဆောင်သည်ဟု ဆိုသည် *(ဆာ ၁၈း၁၀)*။ ရွှေစင်ခေရုဗိမ် နှစ်ပါးတို့သည် မိမိအတောင်တို့ကို မျက်နှာချင်းဆိုင်ဖြန့်၍ ပဋိညာဉ်သေတ္တာတော်အား မိုးထားရမည်ဟု ထာဝရဘုရား မိန့်တော်မူ၏ *(ထွက် ၂၅း၁၈-၂၀)*။

**ဖတ်ရှုပါ – ယေဇကျေလ ၁း၄ –၁၄။ ဤကျမ်းချက်များတွင် ဟေရှာယ ၆း၁ –၆ နှင့် ဗျာ ၄း၁ –၁၁ တို့တွင် ဖော်ပြထားသော အချက်များ၏ အလားတူခြင်း မည်သို့တွေ့ရသနည်း။**

ယေဇကျေလအား ခမ်းနားထယ်ဝါသော ထာဝရဘုရား၏ဘုန်းတော်ကို ပြသသည်။ ထိုအချိန်တွင် ထာဝရဘုရား၏ လူတို့၏ကြုပ်တည်းသောအချိန် ကတိတော်ပြည်တွင် မနေရဘဲ ဘေဘီလုန်၏ကျွန်သရပ်ပင် ဖြစ်ကြခြင်းသည် စိတ်ရှုပ်ထွေး စရာပင်ဖြစ်သည်။ ယေဇကျေလသည် ထိုမြင်ကွင်းအား မျှော်ကြည့်သောအခါ ၎င်းတို့ အားလုံးအထက်တွင် ထာဝရဘုရား၏ ရာဇပလ္လင်တော်ကို မြင်တွေ့ရပါသည်။

အခြားရာဇပလ္လင်တော် ရူပါရုံများဖြင့် အလားတူခြင်းတို့ကို သတိပြုပါ။ ယေဇကျေလ မှ သက်သေခံရ သော အသက်ရှင်သောသတ္တဝါတို့သည် ယောဟန်၏ ရူပါရုံတွင်မြင်ရသော သတ္တဝါတို့၏ မျက်နှာတို့နှင့် တူညီနေ၏။ ခြင်္သေ့၊ သိန်းငှက်၊ နွားထီး နှင့် လူတို့ဖြစ်သည်။ ပဟေဠိဆန်လွန်းသော မျက်နှာလေးဖက်ပါသော ထိုသတ္တဝါတို့၏ အနက်ကိုမူ ယေဇကျေလ သည် ဖော်ပြခြင်းမပြုသော်လည်း အခြား ရာဇပလ္လင် ရူပါရုံတွင် ၎င်းတို့ကို "ခေရုဗိမ်" ဟု ခေါ်ဆို *(ယေဇ ၁၀း၁-၂၁)* ၏။ ထိုအခြင်းအရာကိုပင် ဟေရှာယ၏ သရဖ် နှင့် မီးကျီးခဲ ရူပါရုံတွင်ပင် ထပ်မံ မြင်တွေ့ရ၏။ ယောဟန် မြင်တွေ့ရသော သတ္တဝါတို့၏ မျက်နှာများကိုပါ ဖော်ပြသည်။

ထာဝရဘုရား၏ ရာဇပလ္လင်တော်အား မြင်တွေ့ရတိုင်း မောရှေနှင့်ဆုံတွေ့ရသော နေရာ ပဋိညာဉ်သေတ္တာတွင်ပင် ဖြစ်စေ *(ထွက် ၂၅း၂၂)* ပုရောဖက်များ၏ ရင်သပ်ရှုမောဘွယ် ရူပါရုံတွင်ပင် "ခေရုဗိမ်" တို့သည် အမြဲရှိ၏။ သူတို့သည် ထာဝရဘုရား၏ ရာဇပလ္လင်တော်နှင့် ကျွမ်းဝင်ကြ၏။ ထာဝရဘုရား၏ ပုံတူဖန်ဆင်းထားသော လူသားများဖြစ်စေ၊ ရာဇပလ္လင်တော်နှင့် ကျွမ်းဝင်သော ကောင်းကင်တမန်တော်များဖြစ်စေ၊ ဖန်ဆင်းထားသော သတ္တဝါအပေါင်းတို့သည် ဘုန်းတော်အား တန်ပြန်လင်း စေပါမည်။

**သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အနန္တအရှင်။ ထိုသန့်ရှင်းခြင်းကို ယေဇကျေလသက်တ သေခံချက်နှင့် သင်မည်ကဲ့သို့ တိုင်းတာမည်နည်း။ ဧဝံဂေလိတရားတော်အား သင်မည်မျှလိုအပ်ကြောင်းကို မည်သို့ ဖြေဆိုမည်နည်း။**

## မိမိလူမျိုးတို့ကြားထဲ၌ ထာဝရဘုရား

ဣသရေလတို့သည် မိုးတိမ်ထဲမှ ထာဝရဘုရား၏ ဦးဆောင်ခြင်းကို လိုက်ရှောက်လျက် ကတိတော်ပြည်သို့ ခရီးဆုံးသောအခါ တဲတော်ကို တည်ဆောက်၍ ၎င်း၏ ပတ်လည်တွင် တစ်မျက်နှာလျှင် မျိုးနွယ်သုံးခုစီ မိမိတို့၏တဲလေးများကို ဆောက်ကြသည်။ ထာဝရဘုရားသည်အသန့်ရှင်းဆုံးအခန်းသို့ကြွဆင်း၍သူ၏လူတို့၌ကိန်းဝပ်တော်မူ၏

**တဲတော်၏ မျက်နှာလေးဖက်စလုံးမှ တစ်မျက်နှာတိုင်းတို့တွင် ဩဇာကြီးသော မျိုးနွယ်တစ်နွယ်စီပါရှိသည်။ တောလည်ရာကျမ်း ၂ အရ ထိုဩဇာကြီးမျိုးနွယ်တို့သည် မည်သူများတို့နည်း။**

တော ၂း၃ (အရှေ့) ______________________________

တော ၂း၁၀ (တောင်) ______________________________

တော ၂း၁၈ (အနောက်) ______________________________

တော ၂း၂၅ (မြောက်) ______________________________

အမျိုးနွယ်တိုင်းတို့သည်လည်း မိမိတို့၏စံနှုန်း (သို့) ရာထူးနေရာပြသော အထူးအလံ ကို လွှင့်ထူကြသည်။ ထိုအလံတို့တွင် ပါရှိသည်များကို သမ္မာကျမ်းစာသည် ဂယနကျ မဖော်ပြသော်လည်း စိတ်ဝင်စားဘွယ် ရိုးရာများပါရှိသည်။ ၎င်းရိုးရာတို့သည် ကမ္ဘာ ၄၉ နှင့် တရားဟော ၃၃ တို့မှ ဖော်ပြထားသည့်အတိုင်း မျိုးနွယ် တိုင်း၏ ဝိသေသလက္ခဏာများ နှင့် အရပ်လေးမျက်နှာတို့မှ တစ်မျက်နှာတိုင်းမှ မျိုးနွယ်တစ်နွယ်ကို တာဝန်ခန့်အပ်ထား ပါ သည်။ "ယဇ်ပုရောဟိတ်တို့၏ ဝိနည်းထုံးဖွဲ့အတိုင်း ယုဒသည် ခြင်္သေ့ရုပ်ပုံ၊ ရုဗင်သည် လူ (သို့) လူ့ဂေါင်းပုံ၊ ဧဖရိမ်သည် နွားထီးပုံနှင့်ဒန်သည် သိန်းငှက်ရုပ်ပုံ စသည်တို့ ဖြစ်၍၊ ခေရုဗိမ်ရုပ်ပုံတွင် ပေါင်းစည်းထားသည့် ယေဇကျေလ ဖော်ပြထားသော အသက်ရှင်သော သတ္တဝါလေးပါးတို့သည် ဤစံနှုန်းအပေါ်တွင် တင်ပြထားပါသည်။" *(ကားလ်ဖရိုင်းဒရိုက် ကေးလ် နှင့် ဖရန်ဇ်ဒီလိတ်ဇ်)*

ရိုးရာဓလေ့တို့ကို အသားပေးခြင်းပင်ဖြစ်နိုင်သော်လည်း ဤရှေးရိုးရာတို့အား သမ္မာကျမ်းစာ၏ ဂျေရုရှလင်မြို့သစ်နှင့် နှိုင်းယှဉ်ခြင်းသည် စိတ်ဝင်စားဘွယ်ကောင်းလှသည်။ မြို့၏အနားလေးဘက်ရှိ အနားတစ်ဖက်စီတွင် မျိုးနွယ်သုံးခုစီ ရှိကြသည် *(ဗျာ ၂၁း၁၂၊ ၁၃)*။

ဣသရေလတို့၏ စခန်းချပုံနှင့် ဂျေရုရှလင်မြို့သစ်တို့၏ တည်ဆောက်ပုံတို့သည် အရေးပါသော အချက်တို့ပါရှိသည်။ ထာဝရဘုရားသည် လူသားတို့အား မိမိ၏ ရာဇပလ္လင်တော်နားသို့ ဆွဲယူလိုသည်။ အနန္တဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူထသော ဘုရားသခင်နှင့် သိုးသူငယ်တို့သည် ထိုမြို့၏ ဗိမာန်တော်ဖြစ်သည်ဟု ဗျာဒိတ်ကျမ်းမှ သွန်သင်၏ *(ဗျာ ၂၁း၂၂)*။

**ကျွန်ုပ်တို့သည် ဣသရေလတို့၏ စခန်းတွင် မနေရသည့်တိုင် ထာဝရဘုရားထံသို့ နီးကပ်စေနိုင်သော မည်သည့်လမ်းစဉ်များ ရှိသနည်း။**

**ကြာသပတေးနေ့** မေလ ၁၅ ရက်

## လူစီဖာ၏ကျဆုံးခန်း

လူစီဖာသည် တစ်ချိန်တစ်ခါက ခေရုဗိမ်အချုပ်ဖြစ်ခဲ့၍ ထာဝရဘုရား၏ ရာဇပလ္လင်တော်၏ အနီးကပ်ဆုံးတွင် နေရသည် ဆိုသည်မှာ မယုံနိုင်စရာပင် ဖြစ်သည်။ ထာဝရဘုရား၏ ဘုန်းတော်ကို စကြာဝဠာသို့ ဖော်ပြသောသူပင် ဖြစ်လိမ့်မည်။ သို့ဖြစ်လင့်ကစား ဖန်ဆင်းရှင်၏ ဘုန်းတော်မဟုတ်ဘဲ မိမိကိုယ်ပိုင်ဘုန်း အတွက်ပင် တောင့်တလာသည်။ သူ့အားမပေးထားသော ရှိသေသမှတ်ခြင်းကို စတင်တောင့်တ လာတော့သည်။

**ပတ်ရှုပါ – ယေဇကျေလ ၂၈း၁၁ – ၁၇ နှင့် ဟေရှာယ ၁၄း၁၂ – ၁၄။ လူစီဖာ၏ကျဆုံးခြင်းသည် အဘယ်ကြောင့်နည်း။ ဤကျမ်းချက်တို့ကို ဗျာ ၁၄း၁ – ၁၂ နှင့် ယှဉ်ပတ်ပါ။ လူစီဖာ၏ကျဆုံးခြင်းနှင့် ခရစ်တော်၌ လူသား၏ ပြင့်မြတ်သောနေရာတို့အား နှိုင်းယှဉ်ခြင်းဖြင့် ဗျာဒိတ်ကျမ်း ၁၄ တွင် ဖြစ်ပျက်သောအရာများကိုမည်သို့နားလည်နိုင်မည်နည်း။**

ရွေးချယ်ခံရသောသူတို့သည် ဘုရားသခင်၏ သိုးသူငယ်နှင့်အတူ ဇိအုန်တောင်ပေါ်တွင် နေရချိန်ခါတွင် လူစီဖာသည် သန့်ရှင်းသောတောင်ပေါ်မှ ဖယ်ရှားခြင်း ခံရသည်ကို စဉ်းစားပါ။ လူစီဖာသည် ဧဒင်တွင် ရှိခဲ့ရာ လူသားသည်လည်း ရှိခဲ့သည်။ စာတန်၏ကြမ္မာဆိုးနှင့် နှိုင်းစာပါက လူသားသည် ခရစ်တော်ကြောင့် သုခဘုံသို့ပြန်ဝင်စားကြရသည် *(ဗျာ ၂၂း၁ - ၃)*။ ဤကိစ္စနှင့် ပတ်သက်၍ အီးဂျီဝိုက်သည် "ကောင်းကင်သည် အောင်ပွဲခံလိမ့် မည်။ စာတန်ကြောင့် ကောင်းကင်တွင် လစ်လပ်သော နေရာများအား ရွေးနုတ်ခံရသော သူတို့ဖြင့် ဖြည့်စွက်ရ ပါမည်။"—*The Advent Review and Sabbath Herald*, May 29, 1900.

ကောင်းကင်သို့ ရောက်သောသူတို့သည် ဧဝံဂေလိကြောင့်သာ ရောက်ရ၏။ ဧဝံဂေလိတရား၏ ဥပဒေသသည် ကယ်တင်ခြင်းဖြစ်၍ ဗျာဒိတ်ကျမ်း ၄ နှင့် ၅ တို့တွင် ရှင်းလင်းစွာတွေ့ရသည်။ ဥပမာ "ကိုယ်တော်သည် အသေသတ်ခြင်းခံတော်မူခြင်းဖြင့် အသီးအသီး ဘာသာစကားကိုပြောသော လူမျိုးနွယ်ခပ်သိမ်းတို့အထဲမှ ကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနုတ်တော်မူသောကြောင့် စာစောင်ကိုခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏" *(ဗျာ ၅း၉)*။ ယေရှု၏ အသေခံတော်မူခြင်းသည် လူသားတို့၏ ကယ် တင်ခြင်း ဧဝံဂေလိတရားပင်တည်း။

ပထမကောင်းကင်တမန်၏ "မြေကြီးမှာနေသောသူ အသီးအသီး ဘာသာစကားကို ပြောသော လူမျိုးနွယ်ခပ်သိမ်းတို့အား" *(ဗျာ ၁၄း၆)* ဟူသော စကားလုံးနှင့် ဆင်တူသည်ကို သိရသည်။ ခရစ်တော်သည် ကမ္ဘာအတွက် စုံလင်စွာ ပြုလုပ်ခဲ့သည်။ လောကတွင် ခရစ်တော်သည် အသေမခံပေးရသောလူ တစ်စုံတစ်ဦးမျှမရှိပါ။ လက်ခံရန် ရွေးချယ်ကာ မြည်းစမ်းရုံမျှသာ လိုအပ်သည်။

**အသင်းတော်အားဖြင့် ဖြစ်စေ တစ်ဦးချင်းဖြစ်စေ ခရစ်တော်၏ ပြုလုပ်ခဲ့ပြီးသောအရာများကို လူသားတို့အား မည်ကဲ့သို့သိစေနိုင်မည်နည်း။**

**ဆက်လက်လေ့လာရန်။** အီးဂျီဝိုက်။ မျက်မှောက်ကာလမှထာဝရကာလသို့။ စာ၊ ၆၆၉ – ၆၇၁။ ၆၇၆ – ၆၇၈ ။

စာတန်သည် ခေရုဗိမ်အချုပ်ဖြစ်ခဲ့၍ ဘုရား၏ရာဇပလ္လင်တော်အား ယုံကြည်စိတ်ချရန်ကြိုးစားသည်။ ထာဝရဘုရားသည် ကျဆုံးသောကောင်းကင်တမန်တို့အား ဆက်လက် ပုန်ကန်နေစေရခြင်းသည် မိမိကိုယ်ကို ဂုဏ်ဖော်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆိုးသွမ်းခြင်း၏ နက်နဲခြင်း၊ ထာဝရဘုရားအား ပုန်ကန်ရာတွင် လူသားမျိုးနွယ်ပါ ဝင်ပါလာရန် သွေးဆောင်ခဲ့ခြင်းနှင့် ခရစ်တော်သည် စာတန်အား ကပ်တိုင်၌ အောင်နိုင်ခဲ့ သဖြင့် ကျဆုံးသွားသော ကောင်းကင်တမန်များ၏နေရာတွင် လူသားတို့သည်နေရာယူရမည် ဖြစ်သည်တို့ကို စကြာဝဠာသို့ ချပြလိုသောကြောင့် ဖြစ်သည်။ အပြစ်သားတို့၊ ခရစ်တော်၌ လူ့စီဖာ၏ အဆိုအားငြင်းပယ်ကြပါစို့။ နောက်ဆုံးသောမြင်ကွင်း ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်ဖော်ပြခြင်းမြင်ကွင်းသည် လူ့စီဖာ မကျဆုံးမီ၏ မြင်ကွင်းထက် သာလွန်၍ ကြီးမားပေလိမ့်မည်။ ဆိုးသွမ်းခြင်းနှင့် ၎င်း၏ ထာဝရအကျိုးဆက်တို့ တည်ရှိရမည် အကြောင်း ထာဝရဘုရားသည် မည်သည့်အခါမျှ မခန့်အပ်သော်လည်း ၎င်းတို့အားလုံး အဆုံးသတ်ပြီးသောအခါ ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့် မေတ္တာတော် ဖော်ပြခြင်းသည် အရင်ဦးမြင်ရသည်ထက်ပင် သာလွန်လိမ့်မည်။

ခရစ်တော်သည် ရွေးနုတ်ခံရသူတို့ကို ကြည့်ရှု၍ မိမိ၏ရုပ်လုံးသို့ ပြုပြင်ကာ ကောင်းကင်၏ နလုံးကို ဆောင်စေ၍ မျက်နှာရှိသမျှကို သူတို့၏ ဘုရင်ကြီးမျက်နှာနှင့် တူစေ၏။ သူခံစားရသော ဒုက္ခဝေဒနာ၏ ရလဒ် ဖြစ်သဖြင့် အလွန်ပီတိဖြာတော်မူ၏။ စုရုံးလာသော သန့်ရှင်းသူတို့နှင့် ဆိုးယုတ်သောသူတို့အား "ငါ၏အသွေးဖြင့် ရွေးနုတ်သောသူတို့အား ကြည့်ရှုကြလော့။ သူတို့အတွက် ငါသည် ဒုက္ခဝေဒနာခံစားကာ သေခံရသဖြင့် သူတို့သည် ငါနှင့်အတူ ထာဝရစံစားကြရပါမည်" ဟု ကြွေးကြော်လေ၏။ ရာဇပလ္လင်တော် အနားမှဝတ်လုံဖြူ ဝတ်ဆင်သူတို့ထံမှ ထောမနာသီချင်းသည် "အသေသတ်ခြင်းကို ခံခဲ့သော သိုးသူငယ်သည် တန်ခိုးစည်းစိမ် ပညာအစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော် နှင့် ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏" (ဗျာ ၅း၁၂) ဟု သီဆိုကြ၏။ (အီးဂျီဝိုက်။ *မျက်မှောက်ကာလမှထာဝရကာလသို့။*စာ – ၆၇၁ )။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** သင်၏အရှိကို အရှိတိုင်း အကြွမ်းထည်နှင့်ပင် ထာဝရဘုရားရှေ့မှောက်တွင် ခစားရသည် ဆိုပါစို့။ မည်သည့်အရာဖြင့် အမှန်တကယ် ထိုက်တန်မည်နည်း။ သင့်မြော်လင့်ခြင်း တစ်ခုတည်းသည် အဘယ်နည်း။ 'ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရား၊ ယေရှုခရစ်၏ယုံကြည်ခြင်းဖြင့် ယုံကြည်သော သူ အပေါင်းတို့အား' ကျွန်ုပ်တို့၏ အလိုအပ်ဆုံးအချိန် တရားစီရင်ရာတွင် ကွယ်ကာသောအရာကို ပိုင်ဆိုင်ရန် မည်မျှ အရေးကြီးသနည်း။ အတိုချုပ်ဖြင့် အဘယ့်ကြောင့် ဧဝံဂေလိတရား လိုအပ်ရ သနည်း။

**၂** နှစ်ခြင်းဆရာယောဟန်သည် ထိန်လင်းသော ကောင်းကင်တမန်သရပ်၏ အခန်းကဏ္ဍကိုထမ်းဆောင်ခဲ့သူဖြစ်သည် (ယော ၅း၃၅) ။ သူသည် မေရှိယ အရင်ဦးပေါ်ထွန်းလာရန် ခရစ်တော်၏ ရှေ့ပြေးဖြစ်ခဲ့၏။ ထာဝရဘုရား၏ နောက်ဆုံးနေ့လူသားတို့သည် အလားတူသော ပရောဖက်ကို မည်သို့ဆုပ်ကိုင်ထားသနည်း။

## အပိုင်း ၃။ အဆုံးစီရင်ရန်ကြိုးပမ်းခြင်း

Andrew McChesney မှရေးသားသည်

အမျိုးသမီးသုံးဦး Diana ၏အိမ်တွင် ဘာသာရေး လာ၍ဆွေးနွေးသည့်အခါ သူမ၏ ခင်ပွန်းသည် အမျက်ထွက်၏။ ထိုအမျိုးသမီးသုံးဦးတို့ကို ဆန့်ကျင်ပြီး ၎င်းတို့ပေးထားသည့် စာအုပ်များကိုလည်းလွှင့်ပစ်၏။ အမျိုးသမီးများက Diana အား ညနေပိုင်း ဝတ်ပြုအစီအစဉ်လာတက်ရန် ဖိတ်ကြ၏။ သို့သော် သူမသည် Pizza Hut တွင် ညဆိုင်းဆင်းခြင်းဖြင့် စားဝတ်နေရေး ဖြေရှင်းရ၏။ အမျိုးသမီးတစ်ဦး က ဘုရားကျောင်းတက်နိုင်ရန် နေ့ပိုင်းအလုပ်ဖြစ်သည့် သတင်းစာဌာနတွင်လုပ်ရန် အကြံပြု၏။

Diana လည်း အခြေအနေလေ့လာသည့်အခါ ထိုအမျိုးသမီးများက ယေရှုသည် အဖန်ဆင်းခံဖြစ်သည်၊ ထာဝရပုဂ္ဂိုလ်မဟုတ်ဟု လက်ခံထားကြသည်ကို သိလာရ၏။ ၎င်းတို့၏စာအုပ်များကို ဖတ်သည့်အခါ ၎င်းတို့၏ယေရှုသည် သူမငယ်စဉ်က သိခဲ့ရသည့် ကျမ်းစာလာယေရှုနှင့် လားလားမျှမတူပါ။ ထို့နောက် Diana နှင့် ခင်ပွန်းတို့လည်း ကွာရှင်းကြပြီး သူမသည် သားသုံးဦးနှင့် Santa Fe, New Mexico တွင် အခြေချ၏။ သူမသည် အိမ်ထောင့်တာဝန်ကို တစ်ဦးတည်း ခါးစည်းခံကာ ရုန်းခဲ့၏။ သားများသည် တစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်များသာ ရှိသေး၏။ အချစ်ရေးတွင် အညာခံရပြန် သောကြောင့် မိမိကိုယ်ကို အဆုံးစီရင်ရန် ကြံလာ၏။ ကလေးများကို ကျောင်းသို့ ပို့ အပြီးတွင် သေနတ်ဆိုင်တွင် သေနတ်ဝင်ဝယ်၏။ ရေတပ်ဝင်ခဲ့ဖူးသောကြောင့်သေနတ်ပစ်တတ်၏။

အိပ်ခန်းရှိ ခုံတွင်ထိုင်ပြီး ကျည်ဆံဖြည့်ကာ ရင်ဝချိန်ကာ ခလုတ်ဖြုတ်၏။ သူမ၏ ခေါင်းတွင် နားယဉ်ပြီးသားအသံကို ကြားရပြန်၏။ "နင်ကတော့ တကယ့်လူပဲ" "နင်ကတော့ ထူးဆန်းတဲ့မိခင်ပဲ" ဟု ကြားဖြစ်၏။ Diana သည် ခလုတ်ကို သေချာထိန်းထား၏။ သူမ၏နှလုံး ကဆုန်ပေါက်နေ၏။ အသံကြားရပြန်၏။ "နင့်ကလေးတွေကို စဉ်းစားပါဦး" ဟုကြားပြန်၏။ သူမက ဘာမှမတုံ့ပြန်မီတွင် "နင်မရှိရင် သူတို့အတွက် အေးချမ်းမယ်။" ဟူသည့် ဆန့်ကျင်ဘက်အသံလည်း ကြားရ၏။ အေးချမ်းသည့်အသံက "ကလေးတွေဟာ နင့်ရဲ့အကာအကွယ် လိုအပ်တယ်" ဟု တောင်းပန်၏။

Diana အနေဖြင့် သူမဆုံးသွားလည်း ကလေးများကို နစ်နာစေမည်မဟုတ်ဟု တွေးခဲ့၏။ သူမသည် ဒေါသထွက်၏။ သူမသည် အဆုံးစီရင်ရန် ကြံထား၏။ သို့သော် ယခုတွင်ဘာမှမလုပ်နိုင်ဖြစ်ရ၏။ သူမက "ကျွန်မမခံစားနိုင်တော့ဘူး။ ခက်ခဲလွန်းတယ်" ဟု အော်ဟစ်၏။ သာယာသောအသံက "နင်လုပ်ဖို့ မလိုပါဘူး။ ငါ ကူညီပေးမယ်" ဟုဆို၏။

ထိုအသံကို ကြားပြီးနောက်တွင် သူမလည်း သေနတ်ကိုချကာ ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွား၏။ ထို့နောက်တွင် ယုံကြည်ရသူကိုခေါ်ကာ သေနတ်ကို ကန္တာရတွင် ပစ်ဖောက်လိုက်ကြ၏။ ထို့နောက် သေနတ်ကို ဆိုင်သို့ပြန်အပ်သည့်အခါ ဆိုင်ရှင်က "သုံးပြီးသားကြီး" ဟုဆို၏။ Diana က "ပြန်ယူပေးပါ၊ ကောင်းကောင်းမစစ်ခဲ့မိတာပါ" ဟုဆို၏။ ဆိုင်ရှင်လည်း လက်ခံပြီး ပုလိပ်ထံ အကြောင်းမကြားပါ။ Diana လည်း ဆိုင်ရှင်သည် မယုံကြောင်းကို သိ၏။

Diana ၏ အကြောင်းကို နောက်အပတ်တွင် ဆက်၍ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဟေရှာယ ၆:၈

**လေ့လာမှုဦးတည်ချက်။** ဟေရှာ ၆:၆-၈။ ဗျာ ၄:၉-၁၁။

ဘုရားသခင်သည် သက်ရှိ၊ သက်မဲ့အားလုံးကို ဖန်ဆင်းခဲ့သူဖြစ်သောကြောင့် ကောင်းခြင်းအားလုံး၏ အုတ်မြစ်ဖြစ်၏။ ဤဓမ္မစစ်ကို ကျမ်းစာ၏အဖွင့်စကားတွင် တွေ့ရပါသည် — "အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" (က ၁:၁)။ ဟေဗြဲသဒ္ဒါတွင် "ဖန်ဆင်း" ကြိယာသည် "ဘုရားသခင်" ဟူသည့် ကတ္တားပုဒ်၏ ရှေ့တွင်လာကာ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ဘုရားသခင်ဖြစ်သည်ဟု အတည်ပြုသည့် ပုံစံမျိုးဖြစ်၏။ ယခု တစ်ပတ် သင်ခန်းစာတွင် ဤဓမ္မစစ်၏ အရေးပါပုံကို လေ့လာကြပါမည်။ ယင်းသည် ဘုရားသခင် ထင်ပြပုံသုံးမျိုးအတွက် အခြေခံဖြစ်ပါသည်။

ပထမဆုံးအနေဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်တွင်ရှိသည့် ဘုရား၏ ပလ္လင်တော် အကြောင်းကို အာရုံထားကြအံ့။ အရာခပ်သိမ်းကို ဖြစ်တည်စေသူသည် ဘုရားသခင်ဖြစ်သောကြောင့် အရာခပ်သိမ်းသည် ဘုရားကိုမှီရ၏။ ဘုရားသခင်သည် အရာခပ်သိမ်းကို အုပ်စိုးသည့် မင်းတရားကြီးဖြစ်၏။ ထို့ကြောင့် ဘုရားသခင်အား ကောင်းကင်ရှိ ၎င်း၏ပလ္လင်တွင် နန်းထိုင်သည့် ဘုရင်တကာတို့၏ဘုရင်ဟု ပြထား၏ (ဟေရှာ ၆:၁၊ ၆-၈၊ ဗျာ ၄:၉-၁၁)။ ထို့ပြီးနောက်တွင် ကျွန်ုပ်တို့၏အာရုံကို ကမ္ဘာပေါ်ရှိ ဘုရားသခင်၏ ပလ္လင်ပေါ်သို့ အာရုံပြုကြအံ့။ ဘုရားသခင်သည် စကြဝဠာကြီးအား အုပ်စိုးသောကြောင့် ကမ္ဘာမြေတွင်လည်း ဩဇာညောင်းပါသည်။ ဤဒုတိယအကန့်တွင် ကမ္ဘာပေါ်တွင် ဘုရားသခင်မင်းပြုကြောင်းကို လေ့လာကြပါမည် — ဒေင်ဥယျာဉ်၊ ထို့နောက်တွင် ပဋိညာဉ်သေတ္တာတော်ကို အကြောင်းပြုပြီး ဣသရေလတို့၏ အကြောင်းနှင့် ဘုရား၏ပလ္လင်တော်ရှိရာအရပ်ဟု အဆိုရှိသည့် ဇိအုန်အကြောင်းတို့ကို လေ့လာကြပါမည်။

လက်တွေ့အသုံးချခြင်းကဏ္ဍတွင် ကမ္ဘာသစ်တွင် ယေရုရှလင်မြို့သစ်ရှိ ဘုရား၏ ပလ္လင်တော်အကြောင်းကို လေ့လာပါမည်။ နိဂုံးတွင် ပစ္စုပ္ပန်ကာလတွင် ကျွန်ုပ်တို့၏ စိတ်သန္တာန်တွင် ဘုရားသခင်၏ပလ္လင်တော် ရှိစေခြင်းသည် ကျွန်ုပ်တို့အတွက် မည်သည့် အဓိပ္ပာယ်ရှိကြောင်းကို လေ့လာကြပါမည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**ကောင်းကင်ရှိ ဘုရား၏ ပလ္လင်တော်။** ဘုရားသခင်၏ ပလ္လင်တော်သည် ကောင်းကင်တွင်ရှိခဲ့သည်မှာ ကမ္ဘာမဖန်ဆင်းမီကပင် ဖြစ်ပါသည်။ ယေရမိ၏ အဆိုအရ ထိုနေရာသည် စကြဝဠာကို မဖန်ဆင်းမီကပင် ရှိပြီးပြီဟုဆို၏ (ယေ ၁၇:၁၂)။ ထိုအရပ်သည် လူစီဖာက စတင်ပုန်ကန် ခဲ့သည့်အရပ် ဖြစ်သည်။ ဤသို့ ပြဆိုခြင်း

သည် အရေးပါပါသည်။ အကြောင်းမှာ အပြစ်သည် ဤကမ္ဘာသာမဟုတ်ဘဲ အခြား ကမ္ဘာများကိုပါ ထိပါးကြောင်း ပြသောကြောင့် ဖြစ်ပါသည်။ အပြစ်တရားကို ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းသည် စကြဝဠာနှင့်ချီ၏။ ထို့ကြောင့် လူစီဖာကို နှင်ချရမည်ဖြစ်၏ (ဗျာ ၂၀:၇-၁၀)။ ဟေရှာယက ဘုရား၏ပလ္လင် တည်ရှိရာအရပ်သည် ကောင်းကင်သားများက စကြဝဠာပြည့်ရှင်မင်းကို ခစား၊ ချီးမွမ်း၊ ဝတ်ပြုရာအရပ်ဟု ဆိုထား၏။ “ထာဝရဘုရားသည် အလွန်မြင့်မြတ်သော ပလ္လင်ပေါ်မှာထိုင်တော်မူသည်ကို ငါမြင်၏” (ဟေ ၆:၁)။ ကောင်းကင်တွင် ပလ္လင်ရှိသည့် အကြောင်းတွင် ဘုရားကေန်ရှိကြောင်းနှင့် ကျွန်ုပ်တို့နှင့်ပတ်သက်သည့် ယူဖွယ် တရားများ ရှိနေ၏။

ပထမအချက်ကား ပလ္လင်တော်၏ သွင်ပြင်လက္ခဏာဖြစ်၏။ အဖန်ဆင်းခံ ခပ်သိမ်းတို့၏ ဘုရင်ဖြစ်သည့်အားလျော်စွာ ဘုရားသခင်သည် စကြဝဠာကို အုပ်ချုပ်စီမံ၏။ ဤအချက်သည် ကျွန်ုပ်တို့အတွက်ကား ၎င်း၏ပညတ်တော်ကို နာခံခြင်း၊ ၎င်း၏ရှိန်စော်နှင့် ဦးဆောင်မှုကို ကိုးစားခြင်းရှိရမည်ကို ဆိုလို၏။ ထို့အပြင် ဘုရင်ဖြစ်ခြင်းသည် တရားသူကြီးအဖြစ် နေကြောင်းလည်း မကြာခဏ ပြလေ့ရှိ၏ (ဆာ ၁၂၂:၅)။ လူသားများအပါအဝင် အဖန်ဆင်းခံအားလုံးက ဘုရားသခင်အား ၎င်းတို့၏ တရားရှင်ဟု မြင်ရပါမည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ဆိုးခြင်းကောင်းခြင်း အလုံးစုံကို မြင်၊ သုံးသပ်သူဟု ဆိုလို၏ (ဒေ ၁၂:၁၄)။ ထိုအချက်သာမကဘဲ ဘုရားသခင်သည် အပြစ်မှကယ်တင်သူဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ သမ္မာကျမ်းစာတွင် တရားသူကြီးသည် “ကယ်တင်ရှင်” လည်း ဖြစ်သည်ဟု ပြထား၏ (တရား ၃:၉၊ ၁၅၊ တရား ၆:၃၉၊ တရား ၁၂:၃)။ သမ္မာကျမ်းစာမှ ဘုရား၏ပလ္လင်သည် ကောင်းကင်တွင်ရှိသည်ဟု ပြခြင်းသည် တရားစီရင်ခြင်းနှင့် ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ လက်တွင်မရှိဟု ပြ၏။ ဘုရားသခင်ကသာလျှင် တရားစီရင်ပြီး ကျွန်ုပ်တိုကို ကယ်တင်မည်ဖြစ်၏။

ဘုရား၏ပလ္လင် ကောင်းကင်တွင်ရှိသည်ဟု သမ္မာကျမ်းစာကပြခြင်းတွင် တရားများစွာရှိ၏။ တည်ရာအရပ်က ဘုရားသည် ၎င်းဖန်ဆင်းထားသည့် အရာများနှင့် သီးခြားဖြစ်၏။ ဘုရားသည် သစ်ပင်မဟုတ် (သို့) သစ်ပင်ထဲတွင် မကျိန်း။ ဘုရားသည် လူ့ကိုယ်ပွားမဟုတ်။ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၏။ ဤကမ္ဘာမှ အတိုင်းအဆမရှိ အလှမ်းဝေး၏။ ကျွန်ုပ်တို့ မရောက်မပေါက်နိုင်ပါ။ မမေးအပ်သည့် — အစိန္တေယျဘုရား ဖြစ်၏။ “ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ၏။ သင်သည် မြေကြီးပေါ်မှာရှိ၏။ ထိုကြောင့် သင်၏စကား မများစေနှင့်” (ဒေ ၅:၂)။

ဘုရားအကြောင်း လူသားဘက်မှ အမှတ်သညာပြုခြင်းသည် မပြည့်စုံပါ။ အကြောင်းမှာ ဘုရားသည် ကျွန်ုပ်တို့ နားလည်နိုင်စွမ်းသည့် အခြားဘက်တွင် ရှိသောကြောင့် ဖြစ်၏ (ယောဘ ၁၁:၇-၁၂။ ယောဘ ၃၆:၂၆။ ဟေရှာယ ၅၅:၈၊ ၉)။

ကျွန်ုပ်တို့က ဆုတောင်းပဌနာပြုသည့်အခါလည်း ကျွန်ုပ်တို့၏နှုတ်ထွက်နှင့် ငြိမ်စွာနေခြင်းတို့တွင် ဂါရဝတရား ရှိရပါမည်။ ဘုရား၏နက်နဲမှုကို ပလ္လင်တော်၏ အသွင်အပြင်က ထင်ဟပ်ပြပါသည်။ ပလ္လင်တော်အနီးတွင် ခေရုဗိမ်များ၊ အားကြီးသည့် သတ္တဝါများ ရှိကြ၏ (ယေဇ ၁:၈)။ ဘုရားပလ္လင်တော်၏ ထည်ဝါမှုက လူသားနှင့် အဆင့်ကွာလှကြောင်းကို ပြ၏။ ယေဇကျေလက ပလ္လင်တော်ကို ကျောက်မျက်ရတနာများနှင့် အတိပြီးကြောင်း ဆိုထားပြီး “နီလာကျောက်ကဲ့သို့ - lapis lazuli” သည် အရှေ့အလယ်ပိုင်းဒေသတွင် နန်းစဉ်ကျောက်တစ်မျိုး ဖြစ်၏ (ယေဇ ၁:၂၆)။ ဒံယေလက ပလ္လင်တော်သည် မီးလျှံထသကဲ့သို့ ရှိသည်ဟု မြင်တွေ့ခဲ့၏ (ဒံ ၇:၉)။ ဗျာဒိတ်ကျမ်းတွင်ကား မြအဆင်းသက်တံ၊ မီးခွက်ခုနစ်လုံး (သို့) ကျောက်သလင်းနှင့်တူသော ဖန်ရေကန်များ ရှိသည်ဟု ပြထား၏ (ဗျာ ၄:၃-၆)။ ဘုရားသခင်၏ ခမ်းနားထည်ဝါပုံကို လူသားတစ်ဦးတည်းကသာ မြင်ဖြစ်ကာ၊ အံ့သြ၊ စိတ်နှိမ့်ချ၊ လူ့ဒုက္ခနှင့် ဘုရားကြား ကွာခြားပုံကို အသိအမှတ်ပြုခဲ့၏။

အခြားဘက်တွင်ကား ဆန်းပြားထည်ဝါခြင်းများသည် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်း အစီအစဉ်များကို အသက်ဝင်စေ၏။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်နှင့် သဘာဝများဖြင့် ဘုရားသခင်ကို ရိုကျိုးစွာ ဆည်းကပ်သည့်အခါ ဘုရား၊ စကြဝဠာ၊ ကောင်းကင်တမန်များရှိကြောင်းကို သက်သေခံရာရောက်၏။ ဘုရားသခင်၏ ခမ်းနား ဆန်းကြယ်မှုသည် ကျွန်ုပ်တို့ကို နောင်တရ၊ ဘုရားအား ကျွန်ုပ်တို့ကို ပြုပြင်ရန် ခွင့်ပြုလိုစိတ် ဖြစ်စေပါသည်။ ထို့အပြင် ဘုရားပလ္လင်တော်၏ ထည်ဝါဆန်းကြယ်မှုက ဘုရားသည် တရားကြောင်း၊ သမ္မာတရားဖြစ်ကြောင်း ကျွန်ုပ်တို့အား သက်သေခံကြရန် ယခုပင်ဖိတ်ခေါ်၏။

**ကမ္ဘာပေါ်ရှိ ဘုရား၏ပလ္လင်တော်။** ဘုရားသခင်သည် (ကျွန်ုပ်တို့နှင့်ဝေး၊ ဂရုမစိုက်ဘဲ) ကောင်းကင်တွင် ကျောက်ချပြီးမနေပါ။ ကောင်းကင်ပလ္လင်သည် ဤကမ္ဘာ တွင်လည်းရှိကြောင်း ကျမ်းစာတွင် များစွာပြထားပါသည်။

**ဒေဝ်ဥယျာဉ်။** ကောင်းကင်ရှိပလ္လင်တော် ဤကမ္ဘာတွင်လည်းရှိကြောင်း ပထမအနေဖြင့် ဒေဝ်ဥယျာဉ်တွင် တွေ့ရပါသည်။ ဤဥယျာဉ်သည် ဘုရား၏ ကောင်းကင်ဘုံနန်းကို အမှတ်ရစေပါသည်။ ဥယျာဉ်မုခ်ဝတွင် မီးဓားဖြင့် ကင်းကျသည့် ကောင်းကင်တမန် (က ၃:၂၄) ကောင်းကင်ရှိ ဘုရား၏ပလ္လင် ပတ်ပတ်လည်တွင် ခေရုဗိမ်များ မီးလျှံကဲ့သို့ ခစားကြသည့်အဖြစ်ကို အမှတ်ရစေပါသည် (ဆာ ၁၀၄:၄ - ဒံ ၇:၉၊ ဗျာ ၄:၃-၆ တို့နှင့် နှိုင်းယှဉ်ပါ)။ ဒေဝ်ဥယျာဉ်တွင် စီးဆင်းသည့်မြစ်များသည် (က ၂:၁၀-၁၄) ဘုရား၏ပလ္လင်မှ မြစ်ဖျားခံသည့် အသက်ရေကို ညွှန်းပါသည် (ဗျာ ၂၂:၂)။ ရတနာများ ကောင်းကင်နှင့်ကမ္ဘာပေါ်တွင်ရှိကြောင်း ရေးထားပါသည် (က ၂:၁၂ - ယေဇ ၁:၂၆ နှင့် နှိုင်းယှဉ်ပါ)။

**ပဋိညာဉ်သေတ္တာတော်။** ဘုရားပလ္လင်တော်ရှိရာ အခြားနေရာသည် ပဋိညာဉ်သေတ္တာဖြစ်၏။ ယင်းသည်လည်း ကောင်းကင်ရှိ ဘုရားပလ္လင်တော်နှင့်တူသည့် အချက်များရှိပြီး (ခေရုဗိမ်သည် တစ်ခုဖြစ်၏) ဘုရား၏ပလ္လင် (သို့) ခြေချရာ ဟုလည်းမှတ်၏။ ယင်းအချက်ကို ၅ ရာ ၂၈:၂ တွင် သက်သေပြထား၏ "ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာ" ကို "ဘုရားသခင်၏ ခြေတော်တင်ရာခုံ" ဟု ဆက်ပြထား၏ (၅ ရာ ၂၈:၂)။ ထိုနေရာသည် အခြားသောပလ္လင်များအတိုင်း တရားစီရင်ခြင်းပြုမည့်အရပ်ဖြစ်၏။ "ခြေတော်တင်ရာခုံ" ကို ၆ ရာ ၉:၁၈ တွင်လည်း ပြထားပြီး ရှောလမုန်၏ ပလ္လင်အောက်ခြေတွင်ရှိ၏။ အရှေ့အလယ်ပိုင်းသားများ၏ ရိုးရာတွင် ခြေတော်တင်ရာခုံကို ဗိမာန်တော်ရှိ ဘုရားရုပ်၏ခြေထောက်တွင် ထားထား၏ (ဆာ ၉၉:၅၊ ဆာ ၁၃၂:၇၊ မြည် ၂:၁)၊ ခုံပေါ်တွင် ဘုရားသခင် ရပ်တော်မူသည်ဟု ဆိုခြင်းဖြစ်၏။

**ဇိအုန်တောင်။** ဣသရေလများ ပြည်တော်ဝင်ကြသည့်အခါ ပဋိညာဉ်သေတ္တာကို ဇိအုန်တောင်ရှိ ယေရုရှလင်ဗိမာန်တော်တွင် ထားကြ၏။ ဇိအုန်ဆိုသည့် နာမည်လည်း တရားစီရင်ရာ ဘုရားပလ္လင် ရှိရာအရပ်ဟု အသိများလာ၏ (ဆာ ၉:၄၊ ဟေရှာ ၁၆:၅)။ လက်ခံထားပြီးသော ဘုရားပလ္လင်တော်နှင့် ဆိုင်သည့်အချက်များအားလုံး ဇိအုန်သို့ အာရုံပြောင်းကုန်ပါပြီ (ဆာ ၉:၁၁-၁၅)။ ဤအမြင်သည် ခရစ်တော်နှင့် ၎င်း၏တပည့်တော်များ ကမ္ဘာကြီးကို တရားစီရင်ရန် ပလ္လင်ပေါ်တွင် နေရာယူကြမည့် ဓမ္မသစ်ကျမ်းသို့တိုင် အဆက်မပြတ်ပါ (မ ၁၉:၁၈)။ ဇိအုန်သည် ကျမ်းစာတွင် မျှော်လင့်ထားသည့် မျှော်လင့်ခြင်း၊ မေတ္တာ၊ ထာဝရအသက်တို့ ရရှိမည့် (ဗျာ ၂၁:၁-၄) ကောင်းကင်ရှိ ယေရုရှလင်မြို့သစ်ကို ပုံဆောင်လာ၏။

**ကျိန်းဝပ်တို့သည်ဘုရားသခင်၏ဗိမာန်တော်ဖြစ်၏။** နောက်ဆုံးတွင် ဘုရားသခင်သည် ၎င်း၏သားသမီးများကြားတွင် ကျိန်းပါသည်။ ဟေဗြဲစကားစစ် shakan "ကျိန်း" သည် ဘုရားသခင်သည် ဗိမာန်တော်အားဖြင့် ၎င်း၏သားသမီးများထံတွင် ကျိန်းကြောင်း ပြရာတွင် သုံးထား၏ (ထွ ၂၅:၈၊ ၉)။ ဘုရားသခင်၏ ကျိန်းစက်မှုသည် ဩဇာရှိန်စော် ကြီးလွန်းသောကြောင့် (ဘုရားကျိန်းလိုမည့်) mishkan "တဲတော်" ဟူသည့် ဝေါဟာရပင် ရှိစေခဲ့၏။ ဤကြိယာပုဒ်သည် တဲတော် (ထွ ၄၀:၃၅) ကို shakan "လွှမ်းမိုး" သည်ဟုလည်း ဆိုလို၏။ ဓမ္မသစ်ကျမ်းတွင် ဤတရားအူကြောင်းသည် ခရစ်ယာန်တစ်ဦးသို့ပင် ဆက်လက်သက်ရောက်ပြီး ခန္ဓာကိုယ်ပါ ပါဝင်၏ — "သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော် မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကို မိမိတို့ မပိုင်ကြောင်းကို လည်းကောင်း၊ မသိကြသလော" (၁ ကော ၆:၁၉)။ ရှင်ပေါလုက "ဘုရားသခင်

ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့” (၁ ကော ၆:၂၀) ဟုဆို၏။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

**ပလ္လင်တော်တရားပြပုံ။** ကျွန်ုပ်တို့၏အချိန်တွင် ဘုရင်စနစ်၊ “ပလ္လင်တော်” တို့နှင့် နီးစပ်မှုမရှိတော့ပါ။ ဤသို့ဖြင့် အဆင့်ကွာခြင်း၊ ဂါရဝထားခြင်း၊ မွန်မြတ်ခြင်း တို့ကို မခံစားဖြစ်ပါ။ ဤစိတ်ထားမျိုးအကြောင်း ရှေ့မီနောက်မီများနှင့် ဆွေးနွေးပါ။ ဆွေးနွေးရာတွင် အောက်ပါအချက်များကို အာရုံထားပါ။

၁။ ဘုရား၏ခမ်းနားထည်ဝါမှုကို ခံစားနိုင်ရန် ဘုရားသခင်ဖန်ဆင်းထားသည့် သဘာဝများကို ခံစားရရန် စီစဉ်ပါ။

၂။ စကြဝဠာအကြောင်းသိရန် နက္ခတ်တာရာပြခန်းများသို့ သွားပါ။

၃။ လူ့ခန္ဓာ၏ အဏုစိပ်မှု၊ ဆန်းကြယ်မှုများကို တတ်သိပညာရှင်များကိုဖိတ်ကာ ပို့ချစေပါ။

**ဝတ်ပြုခြင်းတွင်ရှိသည့် ပလ္လင်တော်။** ဘုရားဗိမာန်တော်အကြောင်း သင် လေ့လာခဲ့ ပြီးသည့် ရှုထောင့်မှနေကာ သင်၏ဝတ်ပြုခြင်း အစီအစဉ်ကို ပြန်၍သုံးသပ်ပါ — ဘုရားကျောင်းတွင် သင်မည်သို့ပြုမူ၊ ဆုတောင်း၊ ချီးမွမ်း၊ တရားဟောသနည်း။ သင်၏အသင်းတော်၏ အမှုတော်တွင် အောင်မြင်ခြင်း (သို့) ကျမ်းစာသင်တန်းပေး ခြင်းများအပေါ် သင်ဂုဏ်ဖော်လိုစိတ် ရှိသလော။ ဘာကြောင့်ရှိ (သို့) ဘာကြောင့် မရှိ သနည်း။

**နီတိတွင်ရှိရမည့်ပလ္လင်။** သင်၏အိမ်နီးချင်းများ၊ ဆွေမျိုးများ၊ အစ်မ-နမ၊ ညီ အစ်ကို၊ မိဘများ၊ ကြင်ဖော် စသည်တို့နှင့် ဆက်ဆံရာတွင် ဘုရားသခင်၏ပါရှိမှုကို အသိအမှတ်ပြုပြီး နှစ်လိုစိတ်ရှိပါ။ ဘုရား၏ပလ္လင်တော် ကောန်ရှိပြီး ထွတ်မြတ်သည့် အကြောင်းခြင်းရာသည် အထက်တွင်ဆိုခဲ့ပြီးသည့် ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင် မည်သို့ သက်ရောက်မှုရှိမည်နည်း။

**သင့်ကာမ္မာ၏ပလ္လင်။** သင်သည် ဘုရား၏ပလ္လင်တော်ဖြစ်သည် ဟူသည့်တရားသည် သင်၏နေ့တစ်ဝရင်သန်မှုတွင် မည်သည့်အဓိပ္ပာယ် သက်ရောက်ကြောင်း မိမိကိုယ်ကိုပြန်မေးပါ။ ဆိုလိုသည်မှာ သင်သည် ဘုရားသခင်၏ပလ္လင်တော် ဖြစ်သည့် အချက်တွင် သင်၏ခန္ဓာ၊ အချိန်၊ မိသားစု၊ လုပ်ငန်းခွင် ကျင့်ဝတ်များတွင် သင့်အား မည်သို့တို့ထိသနည်း။

# သင်ခန်းစာ - ၈

*မေလ ၁၇ - ၂၃

# ဆာလံကျမ်းတွင် - အပိုင်း ၁



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဟေဗြဲ ၉း၁၁ - ၁၅၊ ဆာ ၁၂၂၊ ဆာ ၁၅၊ ဆာ ၂၄၊ ထွက်၃၃း၁၈ - ၂၃၊ ဆာ ၅၊ ဆာ ၅၁း၇ - ၁၅၊

**အလွတ်ကျမ်းချက်။** **"ထိုနောက်မှ ငါကြည့်လျှင် သိုးသူငယ်သည် ဇိအုန်တောင်ပေါ်မှာရပ်နေ၏။ သူ၏နာမနှင့် ခမည်းတော်၏ နာမကို နဖူး၌ အက္ခရာတင်သောသူ တစ်သိန်းလေးသောင်းလေးထောင် လည်း သူနှင့် အတူရှိကြ၏"** (ဗျာဒိတ် ၁၄း၁)

သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်သည် ဗျာဒိတ်ကျမ်း၏ သင်္ကေတများအား နားလည်နိုင်ရန် ဓမ္မဟောင်းကျမ်းတို့မှ သင်္ကေတများ၏ထောက်ပံ့ခြင်းကို ရှာဖွေလေ့ရှိကြပါသည်၊ ဤဇာတ်လမ်းတို့၏ အကောင်းဆုံး ဇစ်မြစ်တို့သည် အဝေးဆုံး ဓမ္မဟောင်းကျမ်းတို့ တောက်ရှောက်တွင် ရှိကြပါသည်၊

ပေါပေါသီသီ တင်ပြပေးသည်မှာ ဆာလံကျမ်းပင်ဖြစ်ရာ၊ ထာဝရဘုရားနှင့် အပြန်အလှန် ဆက်ဆံခြင်း အပြစ်ကြောင့် စိတ်ပျက်အားလျော့ခြင်းမှအစ ထိန်းမနိုင်သိမ်းမရ ပျော်ရွှင်မြူးထူးခြင်းနှင့် ဘုရားသခင်၏ ကတိတော်နှင့် ကယ်တင်ခြင်းတို့ကို မရပ်မနား ထောမနာပြုသော သီချင်းကဗျာပေါင်းချုပ် ဖြစ်သည်၊

ဆာလံသီချင်းကို အသေးစိတ်သေချာဖတ်ရှုခြင်းသည် ဗျာဒိတ်ကျမ်းအား အသက်သွင်းပေးလိုက်ခြင်း ဖြစ်သည်၊ အထူးသဖြင့် ဗျာ ၁၄ တွင် ထာဝရဘုရား၏ နောက်ဆုံး ကျန်ကြွင်းသော အသင်းတော်၏ လောကတွင် လုပ်ဆောင်ရမည့် တာဝန်ပင် ဖြစ်သည်၊ ထာဝရဘုရား၏ နောက်ဆုံးနေ့ရက်လူသားတို့သည် ရှေးအခါက ဣသရေလတို့အား ခန့်အပ်သော နေရာတွင် ခန့်အပ်ထားသည်၊ ကျွန်ုပ်တို့သည် လူမျိုးများအား အလင်းနှင့် ဖန်ဆင်းရှင်အား ဝတ်ပြုကြပါရန် နောက်ဆုံး ဖိတ်ခေါ်သူများ ဖြစ်ကြရပါမည်၊

ထာဝရဘုရား၏ သီချင်းစာအုပ်တွင် ကမ္ဘာကြီး၏ နောက်ဆုံးရာဇဝင်တို့ကို သိကျွမ်း စေနိုင်သော အချက်အလက်တစ်ချို့အား တွေ့ရှိရပါမည်၊

* မေလ ၂၄ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** မေလ ၁၈ ရက်

## ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီး

မောရှေသည် တဲတော်တည်ဆောက်ခြင်းကို ဦးစီးရာတွင် မိမိဆန္ဒအရ ဒီဖိုင်းဆွဲခြင်းကို ခွင့်မပြုပါ။ ဘုရားသခင်သည် ပုံစံကြမ်းတစ်ခု ဆွဲပေးသည်။ "တောင်ပေါ်မှာ သင့်အား ပြခဲ့ပြီးသောပုံနှင့် ညီလျော်စွာ လုပ်ခြင်းငှါ သတိပြုရမည်" *(ထွက် ၂၅း၄၀)*။ ထိုစဉ်ခါ အသုံးပြုသောပုံစံသည် ကောင်းကင်၏ ဗိမာန်တော် ပုံတူဖြစ်ကြောင်း ဟေဗြဲစာအုပ်တွင် တွေ့ရသည်။

**ဖတ်ရှုပါ – ဟေဗြဲ ၉း၁၁ – ၁၅ တွင် ခရစ်တော်သည် ကောင်းကင်တွင် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်သည်ကိုဖတ်ပါ။ ကျွန်ုပ်တို့အတွက် မည်သို့ပြုသည်ဟု သွန်သင်သနည်း။**

---

ယေရှုသည် ယဇ်ပုရောဟိတ်မင်းကြီးမှ ပေးဆပ်ခြင်း၊ ပရိဘောဂနှင့် အခြား အလုတန် ဆာများ ဖြစ်ကြောင်း လောကဗိမာန်တော်သည် ကြိုတင်ပုံပြသွားသည်။

ဗျာဒိတ်ကျမ်းသည် ထိုဗိမာန်တော်အား ပုံဖော်ခြင်းများစွာ ပါဝင်လေသည်။ စာအုပ် အစပိုင်းတွင် ဗိမာန်တော်၏ ဖယောင်းတိုင် မီးတိုင်တို့အား တွေ့ရ၍ ပဋိညာဉ်သေတ္တာတော်သည် အခန်းကြီးလေးတွင် အခြားဝက်ဝုတ်များစွာဖြင့် ရှင်းလင်းစွာ ဖော်ပြသည်။ ယောဟန်သည် မိမိ၏ရူပါရုံအကြောင်း တင်ပြရာ အချက်များအား ဓမ္မဟောင်းကျမ်းကို မသိကျွမ်းဘဲ နားမလည်နိုင်ပါ။ ထိုကြောင့် ပေါလုသည် ဣသရေလ တို့၏ အတွေ့အကြုံများတို့သည် "ထိုအကြောင်းအရာ ရှိသမျှတို့သည် ပုံသက်သေဖြစ်ခြင်းငှါ ထိုသူတို့၌ ရောက်ရ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သော ငါတို့ကို ဆုံးမစရာဖို့ ရေးထားလျက် ရှိသတည်း" *(၁ ကော ၁၀း၁၁)* ဟုဆို၏။

ဗိမာန်တော်အကြောင်း လေ့လာခြင်းဖြင့် သင်ခန်းစာများစွာ ရနိုင်သည်။ ဆာလံစာအုပ်တွင်လည်း ဤအရာတို့၏အသေးစိတ် အချက်အလက်တွေ ထာဝရဘုရားသည် ဗိမာန်တော်နှင့် နီးစပ်စွာနေခြင်းတို့ကိုပါ တွေ့ရှိရပါသည်။ ဒါဝိဒ်သည် ဗိမာန်တော်၏ အထုံးအဖွဲ့တို့နှင့် နီးစပ်ပုံနှင့် မေရိယသည် သူတို့အတွက် ပြုလုပ်သော အရာတို့အား တုံ့ပြန်ခြင်းတို့ပါတွေ့ရသေးသည်။ ယေရှုကို မြင်တွေ့စေရုံသာမက၊ ဗိမာန်တော်အား ဖြင့် ဘုရားသခင် သွန်သင်ပေးသော ကိုယ်တိုင် အတွေ့အကြုံများကိုပါ တွေးတောနိုင်သောကြောင့် ထာဝရဘုရားနှင့် ပတ်သက်သော မိမိတို့၏ ကိုယ်ပိုင် အတွေ့အကြုံများမှ သင်ခန်းစာယူရန် ဖြစ်သည်။

**ဆာလံ ၁၂၂ ဖတ်ပါ။ ထာဝရဘုရား၏ အိမ်တော်သို့ ကိုယ်တိုင် မရောက်နိုင်သော်လည်း (လောက တွင်မရှိ၊ ရှိခဲ့သော်လည်း အစီပွါယ်မရှိတော့) ခရစ်တော် ပြုခဲ့သော အရာတို့ဖြင့် ခွန်အားဖြစ်စေနိုင်သော ဘယ်အချက်တို့သည် ဆာလံစာအုပ်တွင် ရှိသနည်း။ ငြိမ်သက်ခြင်း လုံခြုံခြင်းနှင့် တရားစီရင်ခြင်းတို့၏ ဥပဒေသကို သတိပြုပါ။**

**တနင်္လာနေ့** မေလ ၁၉ ရက်

# ဇီအုန်တောင်ပေါ်တွင်

ဗျာဒိတ်ကျမ်း ၁၄ တွင် ဘုရားသခင်၏လူတို့သည် ဇိအုန်တောင်ပေါ်တွင် ရပ်ရ၏။ ဇိအုန်တောင်၏ မူလနေရာသည် ယနေ့ ယေရုရှလင်မြို့၏ အနောက်စွန်းစွန်းပင် ဖြစ်သည်။ ၎င်းကို ထာဝရဘုရား၏ ရာဇပလ္လင်တော်နှင့် သူ၏လူသားများ၌ ကိန်းဝပ်ရာနေရာ ဟု ယုံကြည်ရသည်။ မောရိယတောင်ပေါ်တွင် တည်ရှိသော ဗိမာန်တော်တောင်သည် အချိန်နှင့် အမျှ ဇိအုန်တောင် ဟု ထင်ရှားလာရသည်။

ထိုအချက်သည်ပင် ဘုရားသခင်၏ နောက်ဆုံးကျန်ကြွင်းသော လူများတို့သည်လည်း ဗိမာန်တော် စကားသုံးနှုန်းဖြင့် ခေါ်ဆိုခြင်းပင်ဖြစ်၍ ဗျာဒိတ်ကျမ်း၏ သော့ချက်လည်းဖြစ်သေးသည်။ ထာဝရဘုရား၏ လူတို့သည် သန့်ရှင်းသော တောင်တော်ပေါ်တွင် ရှိနေရသောကြောင့် သိုးသူငယ်၏ ကျေးဇူးကြီးလှ၏။

**ဖတ်ရှုပါ – ဆာလံ ၁၅ နှင့် ၂၄။ ဒါဝိဒ်၏ အရေးကြီးသော မေးခွန်းများရှိ၏။ သန့်ရှင်းသော တောင်ပေါ်တွင် မည်သူ နေရမည်နည်း။ ဆာလံကျမ်း၏အဖြေနှင့် ဇိအုန်တောင်ပေါ်တွင် နေရသောသူများ ဗျာဒိတ်ကျမ်း ၁၄း၁ – ၅ ၏အဖြေတို့ကို နှိုင်းယှဉ်ပါ။ အလားတူခြင်းရှိပါသလား။ မည်သို့ဆက်စပ်သနည်း။ သူတို့၏ နဖူးတွင်ခမည်းတော်၏နာမတော်အက္ခရာတင်ထားသည်မှာမည်သို့ထူးခြားချက်ရှိသနည်း။ *(ဗျာ ၁၄း၁)***

ဤသည်တို့၏ ဖော်ပြချက်တို့သည် ထာဝရဘုရား၏ရှေ့တော်သို့ ခစားစေသည်ကို ဒါဝိဒ်၏ ဆာလံတွင် ဖော်ပြထားရာ အပြစ်သားများတို့မှ ပြည့်စုံစေရမည့်အရာများဖြစ်သည်။ ငါဖြောင့်မတ်စွာနေသည်ဟု ဆိုရဲသောသူ မည်သူရှိမည်နည်း။ ကျွန်ုပ်တို့၏ စိတ်ထဲတွင် သမ္မာတရားပြောကြပါသလား *(ဆာ ၁၅း၂)*။ မည် သူကမျှ ငါ "မတုန်လှုပ်ပါ" ဟု မဆိုရဲပါ *(ဆာ ၁၅း၅)*။ ငါ အပြစ်မရှိဟု ဆိုသူ၏ အထဲတွင် သမ္မာတရားမရှိ *(၁ ယော ၁း၈)*။

ဇိအုန်တောင်ပေါ်တွင် ရပ်နိုင်ခြင်းသည် ထိုသိုးသူငယ်ကြောင့်သာ ဖြစ်သည်။ ဒါဝိဒ်၏ ဆာလံတွင် သိုးသူငယ်ကို ဖော်ပြခြင်း မရှိသော်လည်း သိုးသူငယ်သည် ဗျာဒိတ် ၁၄ တွင် ရုတ်တရက် ပေါ်လာလေသည်။ ဒါဝိဒ်၏ မေးခွန်းများကို ဗျာဒိတ် ၁၄ က ဖြေဆိုနေသယောင်ပင်ဖြစ်သည်။ ဘုရားသခင်၏ သိုးသူငယ်သည် ဇိအုန်တောင်ပေါ် ဗိမာန်တော်တွင် တည်ရှိသဖြင့် သူ၏ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည်လည်း ထိုနေရာတွင် နေရကြ၏။ ကျွန်ုပ်တို့သည် "အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာ ဌာနထဲသို့ အတားအဆီးမရှိဘဲ ဝင်ရသောအခွင့် ရှိသည်" *(ဟေဗြဲ ၁၀း၁၉၊ ၂၀)* ဟုဆို၏။ သူ၏အသွေးတော်မပါဘဲလျက် မည်သည့် မျော်လင့်ခြင်း ရှိနိုင်မည်နည်း။ လုံးဝမရှိပါ။

**သမ္မာကျမ်းစာတွင် အပြစ်အား အောင်နိုင်ခြင်း ကတိတော်များကို စဉ်းစားပါ။ ထို ကတိတော်များ ရှိပါလျက် ယေရှု၏ စုံလင်သော ပုံသက်သေများကိုပင် သုံးရှုံးသဖြင့် ယေရှု၏ စုံလင်သော အသက်တာဖြင့် မိမိတို့ကို အစားထိုးပေးရန် အဘယ့်ကြောင့် လိုအပ်နေသေးသနည်း။**

## ကျွန်ုပ်တို့၏စိတ်နှလုံးထဲက ပညတ်တော်

ဖိအုန်တောင်ပေါ်တွင်ရပ်နေသော ကျန်ကြွင်းသောသူတို့၏နဖူးတွင် ခမည်းတော်နှင့် သိုးသူငယ်၏ နာမတော်ကို အက္ခရာတင်ထားသည် (နာမည်တစ်လုံးတည်း ဟုတ်မဟုတ် မသေချာသော်လည်း ယေရှုသည် ခမည်းတော်၏ ပုံတူပင်ဖြစ်၏)။ အမှတ် တံဆိပ် တစ်ခု ထက်နာမတစ်လုံးသည် ဝိသေသလက္ခဏာ တစ်ခုဖြစ်သောကြောင့် ဆက်သွယ်ရန် သာ၍ကောင်း၏။ ယနေ့ထိတိုင်အောင် ရိုးရာများစွာတို့တွင် နာမည် ကောင်းတစ်လုံးသည် ဝိသေသလက္ခဏာ ကြောင့်ဖြစ်သည်ဟု ယူဆကြသည်။

**ပတ်ရှုပါ – ထွက် ၃၃:၁၈ – ၃၃။ ထွက် ၃၄:၁ – ၇နှင့် ဆာ ၁၁၉:၅၅။ မောရှေသည် ထာဝရဘုရား၏ ဘုန်းတော်ကို ပြရန် တောင်းဆိုသောအခါ မည်သို့ဖြစ်မည် ကတိပေးသနည်း။ ထာဝရဘုရားသည် မိမိနာမကို တရားဝင် ကြေငြာရာ (ထွက် ၃၄:၅) မည်သို့ဖြစ်သနည်း။**

ထာဝရဘုရား၏ ဘုန်းတော်သည် တောက်ပထွန်းလင်းသဖြင့် အနီးကပ်မရပါဟု ဆိုကြသူရှိသော်လဲ အမှန်အကန်တော့ တန်ခိုးတော်သည် သာမန်မျက်မြင်ထက်တွင် ပင် သူ၏ ဝိသေသလက္ခဏာပင် ဖြစ်၏။ နာမတော်သည်လည်း ထိုနည်းအတိုင်း ဖြစ်၏။

သမ္မာကျမ်းစာတွင် ကျန်ကြွင်းသူတို့၏ နဖူးတွင် ထာဝရဘုရား၏ နာမတော် အက္ခရာတင်သည် ဆိုရာတွင် အက္ခရာလုံးပင် တင်နေသည်မဟုတ်ဘဲ ထာဝရဘုရား ၏ ဝိသေသလက္ခဏာတော်သည် ထိုလူသားတို့၏ စိတ်နှလုံးထဲတွင် တည်ရှိလျက် တုံ့ပြန် ကာထွန်း လင်းစေခြင်းကို ဆိုလိုသည်။ ထာဝရဘုရားသည် အထံတော်သို့ သင့်အား ဆွဲခေါ်သောအခါ သူပြုပေးခဲ့သမျှတို့ကြောင့် သူ့အားချစ်မြတ်နိုးခြင်းကို ဆိုလို၏။

မောရှေထံသို့ ဘုရားသည် မိမိကိုယ်ကိုပြသရာတွင် မိမိ၏ ဝိသေသလက္ခဏာ ဖြစ်တော်မူထသော ပညတ်တော်ဆယ်ပါးတို့အား မိတ္တူကူးထားသောကျောက်ပြားကို ပေးတော်မူသည်။ အလားတူပင် ဗျာဒိတ် ၁၄ တွင် ဘုရားသခင်၏ နာမတော်ရရှိသော သူတို့သည် "ပညတ်တော်ကို စောင့်ရှောက်သောသူများ" ပင်ဖြစ်သည်။ ဟေဗြဲ၏ စကားလုံး တွေကိုလဲ သတိပြုသင့်သည်။ "နောင်ကာလအခါ သူတို့အား ငါပေးသော ပဋိညာဉ်တရား ဟူမူကား ငါ့ပညတ်ကို သူတို့နှလုံးထဲသို့ပေးသွင်းမည်။ သူတို့စိတ် ဝိညာဉ်ပေါ်မှာ ငါရေးသားမည်။ ထိုအပြစ်တို့ကို လွှတ်ပြီးလျှင် နောက်တဖန် အပြစ်ဖြေ သော ယဇ်ပူဇော် သက္ကာ ကို ပြုစရာအကြောင်း မရှိ" *(ဟေဗြဲ ၁၀း၁၆၊၁၇)* ဟုဆို၏။

ဖဝံဧလိတရားတော်အား ဖော်ပြခြင်းပင်တည်း။ ပညတ်တော်တို့သည် ကျွန်ုပ်တို့ ၏ အသက်တာတွင် ထွန်းလင်းသော်လည်း မိမိတို့၏ အပြစ်များတို့သည် "မအောက် မေ့တော့ ခြင်း" လိုနေသေးသည်။

ထာဝရဘုရား၏နာမတော်သည် မိမိ၏ဝိသေသလက္ခဏာဖြစ်သည်။ သူ၏ ကိုယ် ကျင့်တရားသည်လည်း သူ၏ဝိသေသလက္ခဏာပင် ဖြစ်၏။ နောက်ဆုံးသော နေ့တွင် ထာဝရဘုရား၏ သန့်ရှင်းသော တောင်တော်ပေါ်တွင် စုရုံးရသောသူတို့သည် ဘုရား၏ ပညတ်တော်ကို လိုက်ရှောက်ခြင်းဖြင့် ထာဝရ ဘုရားအား မေတ္တာပြသ ကြလိမ့်မည်။

**ပညတ်တော်ဖြင့် မဟုတ် ယုံကြည်ခြင်းဖြင့်သာ ကယ်တင်ခံရသည် ဖြစ်၍ ထာဝရဘုရား၏ ပညတ်တော် အရေးကြီးခြင်း သည်မည်ကဲ့သို့နည်း *(၁ယော၊၅း၃)*။**

ဆာလံ ၅

**ပတ်ရှုပါ – ဆာလံ ၅။ ဤလုပ်ငန်းတွင် ဒါဝိဒ်သည် ပျောက်ဆုံးသူတို့နှင့် ရွေးနုတ်ခံရသူတို့ကို ပြင်းထန်စွာ နှိုင်းယှဉ်ထားသည်။ ဤသီချင်းနှင့် ဗျာ ၁၄း၁ – ၁၂ ၏စကားလုံးတို့ကိုနှိုင်းယှဉ်ပါ။ မည်သို့အလားတူ၍ ၎င်းသည် ထာဝရဘုရား၏ နောက်ဆုံး ကျန်ကြွင်းသောသူများတွင် ပါဝင်နိုင်ခြင်းသည် မည်သည့် အဓိပ္ပါယ်ရှိသည်ဆိုသနည်း။**

ဒါဝိဒ်သည် ဆိုးသောသူကို ထာဝရဘုရား လက်မခံ ဟုဆိုသည် *(ဆာ ၅း၄)*။ တဲတော်ဟူသည်ဘုရားသည်သူ၏လူတို့တွင် ကိန်းဝပ်စေရန်ဖြစ်သည် နည်းတူ ခရစ်တော်၏ နိုင်ငံတော်တွင်လည်း ထိုနည်းတူ ဖြစ် သည် *(ဗျာ ၂၁း၃)*။ ထာဝရဘုရား၏ ရာဇပလ္လင်တော် အနားသို့ ချဉ်းကပ်သောသူတို့သည် ရွေးနုတ်ခြင်း ခံကြ ရလိမ့်မည်။

ဒါဝိဒ်သည် ဆာလံ ၅း၇ တွင် *"ကိုးကွယ်ခြင်း"* ကို စိတ်ဝင်စားဘွယ်တင်ပြထားရာ မဟာတိုက်လှန်ပွဲကြီး၏ အရေးကြီးသော အဓိကပဋိပက္ခကြီးပင် ဖြစ်သည်။ ဗျာ ၁၃ တွင် ဝတ်ပြုခြင်းခြောက်ကြိမ်နှင့် ကောင်းကင်တမန်သုံးပါး သတင်းတွင် *"ဖန်ဆင်းရှင်ကိုသာ ကိုးကွယ်ကြရန်"* ခေါ်သည်။ ဒါဝိဒ်သည်လည်း မိမိသည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဆို၏။ ထိုနည်းတူ ကျန်ကြွင်းသောသူများတို့သည် "ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြ လော့။ တရားစီရင်သောအချိန် ရောက်လာပြီ" *(ဗျာ ၁၄း၇)* ဟု ကမ္ဘာသို့ ခေါ်နေသည်။

ရွေးနုတ်ခံရသူတို့တွင် *"မုသား"* မရှိဟု ဗျာ ၁၄း၅ တွင် ဆိုသည်။ သူတို့နှုတ်ခမ်းသည် သမ္မာတရားကိုပြော၍ ထာဝရဘုရား၏ ဖြောင့်မတ်သောဝိသေသလက္ခဏာကို တုံ့ပြန်ကြသည်ဆို၏။ ဒါဝိဒ်သည်ပင် ဆိုးယုတ်သောသူ တို့၏ *"နှုတ်တွင် သစ္စာမရှိ" (ဆာ ၅း၉)* ဟု ဆိုသည်။

ယောဟန်သည်ဗျာဒိတ်ကျမ်းတွင် အပြစ်သားသက်သက်မျှ ဖြစ်သူတို့ကို သေတွင်းမှ ပြန်ဆွဲ ထုတ်ကာ ထာဝရဘုရားရှေ့တော်သို့ ခစားရသော အခွင့်ပေးသည်ဆို၏။ ဤနေရာနှင့်လုံးဝ မထိုက်တန်သော်လည်း ဘုရားသခင်၏ သိုးသူငယ်၊ ဖြောင့်မတ်သော လူသားသည်ထိုသူတို့နှင့် အတူရပ်တည်ပေးသည်ဆို၏။ အပြစ်လွှတ်ခြင်း ရွေးနုတ်ခြင်းခံရ၍ မိမိတို့အပြစ်များအား မအောက်မေ့ရတော့ပါ *(ဆာ ၅း၁၀)* ဘုရား သခင်၏ သိုးသူငယ်သည် ဆောင်ယူသွားခဲ့ပြီ ဖြစ်သည် *(ဟေရှာ ၅၃း၁၂ နှင့် ၂ကော ၅း၂၁)*။

ထာဝရဘုရား၏နာမတော်သည် မိမိတို့၏နလုံးတွင် အက္ခရာတင်သောအခါ တိတ်ဆိတ်၍ မရတော့ပါ။ ထာဝရဘုရား၏ လူတို့သည် နောက်ဆုံးသော ကရုဏာဖြင့် *"ကျယ်သောအသံ"* ဖြင့် ကြွေးကြော်သည် *(ဗျာ ၁၄း၇)*။ "ကိုယ်တော်ကို ကိုးစားသောသူတို့မူကား ဝမ်းမြောက်ကြပါစေသော။ စောင့်ရှောက်တော်မူခြင်း ခံရပါစေသော။ နာမတော်ကို ချစ်သောသူတို့သည် ကိုယ်တော်ကြောင့် ဝမ်းသာရွှင်လန်းခြင်း ရှိကြပါစေ" *(ဆာ ၅း၁၁)*။

**သန့်ရှင်းစုံလင်သော ထာဝရဘုရားရှေ့တွင် သင်ပြုခဲ့သမျှသော အပြစ်အားလုံးတို့နှင့် တရားစီရင်ခြင်းခံကာရပ်ရသည်ဆိုပါစို့။ ဤဖြော်လင့်ခြင်းသည်ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို သင်လိုအပ်နေကြောင်း မည်သို့သွန်သင်သနည်း။**

## ဥပဒေကျူးလွန်သူတို့အား ကိုယ်တော့်လမ်းစဉ် သွန်သင်ပါ

ရာဇပလ္လင်တော် ရှုပါရုံတွင် ကိုယ်တော်သည် ဟေရှာယထံသို့ပေါ်လာ၍ ဟေရှာယသည်လည်း မိမိအပြစ်တို့ကို သုတ်သင်ပြီး ပြေရှင်းကြောင်း သိရှိပြီး ဘုရား၏ ခေါ်တော်မူခြင်းကိုတုံ့ပြန်ကာ "အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါ" *(ဟေရှာ ၆း၈)*။ သူသည် ထာဝရဘုရားနှင့် သင့်မြတ်သောအခါ မိမိအပြစ်များကို ဘေးဖယ်ကာ ဘုရားအတွက် လုပ်ဆောင်ရန် အသင့် ဖြစ်လေပြီ။

ကျွန်ုပ်တို့သည်လည်း ထိုနည်းတူပင် မဟုတ်လော။ မိမိကိုယ်တိုင်ကမှ ကယ်တင်ခြင်းကို မပိုင်ဆိုင်ဘဲလျက် တပါးသူတို့ထံ မည်သို့ ကြွေးကြော်နိုင်မည်နည်း။ ယေရှုနှင့် သူ၏ ယုံကြည်ခြင်းဖြင့် ပိုင်ဆိုင်နိုင်လေ သည်။

**ဖတ်ရှုပါ – ဆာလံ ၅၁း၇ – ၁၅။ ဒါဝိဒ်သည် မိမိအပြစ်တို့ လွတ်ငြိမ်းခြင်း ခံရပြီး မည်သို့ပြုရန် ကတိထားသနည်း။**

ထာဝရဘုရား၏ ရှေ့တော်သို့ ခစားရန် ဖိတ်ခေါ်ခံရခြင်းသည် ပြန်စေလွှတ်ရန်လည်းဖြစ်သည်။ ရွေးနုတ်ခံသူတို့သည် ကျဆုံးသော ကမ္ဘာသို့ မိမိ၏ မူလ ပထမ အသံတော်အဖြစ် ခန့်အပ်သည်။ ထိုသူတို့၏ သြဇာသည် လောကတွင် တန်ခိုးကြီးနေရပါမည်။ ဗျာ ၁၈း၁ တွင် ဘုရားသခင်၏ ညီနိုင်းခြင်းသည် ကျဆုံးသော ကမ္ဘာအား အလင်းတန်ဆာဆင်လိမ့်မည် ဟုဆိုသည်။

"ခရစ်တော်ထံရောက်လာသည်နှင့်အမျှ ယေရှုသည် မိမိ၏ မိတ်ဆွေကောင်း ဖြစ်သည်ကို သူတပါးအား မျှဝေလိုသောဆန္ဒသည် ပေါက်ဖွားလာလေ၏။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ဖြောင့်မတ်ခြင်းကို ဝတ်ဆင်ထားပါက သူ၏ ဝိညာဉ်တော် ကိန်းဝပ်ခြင်းဖြင့် ကျွန်ုပ်တို့ ငြိမ်သက်စွာနေနိုင်ကြမည်မဟုတ်ပါ။ ကိုယ်တော်၏ ကောင်းမြတ်ခြင်းအား မြည်းစမ်းမြင်တွေ့သူတို့သည် ပြောပြစရာ တစ်စုံ တော့ရှိရပါမည်။" *(အီးဂျီဝှိုက်။ သခ ချမ်းသာ လမ်းညွှန်၊ စာ၊ ၇၈)*။

ဗျာ ၁၄ တွင်ကောင်းကင်တမန်သုံးပါးသတင်းတွင် "ထာဝရဧဝံဂေလိတရား" *(ဗျာ ၁၄း၆)* ရှိသည်။ "ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းသူအား ဝတ်ပြုခြင်း" *(ဗျာ ၁၄း၇)* ဘေဘီလုန်ပြိုလဲ ခြင်း *(ဗျာ ၁၄း၈)* နှင့် သားရဲနှင့် သူ၏ရုပ်တုကို ကိုးကွယ်ခြင်း *(ဗျာ ၁၄း၉)* သတင်း မတိုင်မီအရင်ဦး ပေါ်လာသော ယေရှု၌ ကယ်တင်ခြင်းတည်းဟူသော ဧဝံဂေလိ တရားကို ကြွေးကြော်ခြင်းဖြစ်၏။ ကောင်းကင်တမန်သုံးပါး သတင်း၌ ယေရှု၏ကယ်တင်ခြင်းနှင့် သူပြုလုပ်ပေးသောအရာများတွင် မြော်လင့်ခြင်းနှင့်ကတိတော်များတွင် ယုံကြည်ခြင်းကို ကြွေးကြော်ခြင်းဖြစ်သည်။

**ကောင်းကင်တမန်သုံးပါးသတင်း မကြွေးကြော်မီတွင်ပင် 'ထာဝရဧဝံဂေလိတရား' ကို အရင်ဦး ညွှန်ပြသည်ကို စိတ်သိမ်းထားပါ။ ကျွန်ုပ်တို့၏ ယုံကြည်ချက်တို့တွင် ထိုတရားသည် အခြေခံ အုတ်မြစ်ဖြစ်သည်ကို မည်သို့ သွန်သင်နေသနည်း။**

**ဆက်လက်လေ့လာရန်။** "ဒါဝိဒ်၏ဆာလံသီချင်းတို့သည် အပြစ်တွင်းနက်တွင် မိမိကိုယ်ကို အပြစ်ရှိကြောင်း သိရှိခြင်းမှစ၍ အမြင့်ဆုံးသော ယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းတို့ ပါဝင်သည်။ သူ့အသက်တာတွင် အပြစ်သည် အရှက်နှင့် အမင်္ဂလာကိုသာ ယူဆောင်လာသော်လည်း ထာဝရဘုရား၏ ကရုဏာမေတ္တာသည် အနက်ဆုံးသော တွင်းသို့လက်လှမ်းမီကာ၊ နောင်တရသော အပြစ်သားများတို့ ထာဝရဘုရား၏သားဖြစ်ရခွင့် ရသောသူတို့ကို ယုံကြည်ခြင်းဖြင့် မတင်သည်။ နှုတ်ကပတ်တရားတွင်ပါသော အာမခံချက်တို့တွင် ၎င်းသည် သစ္စာစောင့်သိခြင်း တရားမျှတခြင်း နှင့် ထာဝရဘုရား၏ ပဋိညာဉ်ကရုဏာတို့ဖြစ်သည်။"

"ဒါဝိဒ်အား ငါဆိုသည်ကား သင်၏အမျိုးအနွယ်ကို အစဉ်မပြတ် ငါမြဲမြံစေမည်။ ငါ့လက်ရုံးသည် သူ့ကို ခိုင်ခန့်မြဲမြံစေမည်၊ ငါ၏သစ္စာနှင့်ကရုဏာသည် သူ့ဘက်မှာနေ၍ ငါ၏နာမအားဖြင့် သူ၏ဦးချိုသည် ချီးမြောက်လျက် ရှိလိမ့်မည်။ သူ၏လက်ကိုလည်း ပင်လယ်ပေါ်မှာ၎င်း သူ၏လက်ျာလက်ကိုလည်း မြစ်များ ပေါ်မှာလည်းကောင်း ငါတင်ထားမည်၊ သူကလည်း ကိုယ်တော်သည် အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏ ဘုရားသခင် အကျွန်ုပ်ကို ကယ်တင်ရာကျောက် ဖြစ်တော်မူ၏ ဟု ငါ့ကို ကြွေးကြော်ကြလိမ့်မည်၊ အကယ်စင်စစ် သူ့ကို သားဦးအရာ၌ ခန့်ထား၍ လောကီရှင်ဘုရင်တို့အပေါ်မှာ ချီးမြောက်မည်၊ ငါ၏ ကရုဏာကို သူ့အဘို့ ငါသည် အစဉ်စောင့်၍ ငါ၏ပဋိညာဉ်တရားသည် သူ၌ မြဲမြံလိမ့်မည်" *(ဆာလံ ၈၉း၃-၂၈)*။" (အီးဂျီဝိုက်၊ *ရှေးဘိုးဘေးများနှင့် ပုရောဖက်များ*။ စာ - ၇၅၄၊ ၇၅၅)။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** **လူသားမျိုးနွယ်သည် ဘုရားသခင်၏ပဋိညာဉ်ကို စောင့်ထိန်းရန် ပျက်ကွက်ကြပြီ။ ထာဝရဘုရားနှင့် 'စိတ်နှလုံးညီသူ' ဒါဝိဒ်အား သူ့အပြစ်များကို ဘေးဖယ်လျက် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း အရာများတွင် ပြောစမှတ်ပြုလေသည်။ ဘုရား၏ ပဋိညာဉ်တို့ကို စုံလင်စွာစောင့်ထိမ်းသော ယေရှုအား ဒါဝိဒ်သည် မည်ကဲ့သို့ကြိုတင် ပုံရိပ်ပြသ သနည်း။ ယေရှုသည် ကျွန်ုပ်တို့အတွက် ပြုခဲ့သမျှတို့သည် ကျွန်ုပ်တို့၏ဖြော်လင့်ခြင်း မည်သို့ဖြစ်နိုင်သနည်း။**

**၂** **သင်ကိုယ်တိုင် ကျော်ဖြတ်လာခဲ့သော အတွေ့အကြုံများနှင့် အလားတူ အဓိပ္ပါယ်ရှိသောအချက်များ ဆာလံကျမ်းတွင် မည်သို့ရှိသနည်း။**

**၃** **ဗိမာန်တော်နှင့် ပတ်သက်သော အချက်များကို အဘယ့်ကြောင့် ဆာလံမှ မကြာခဏ ရွတ်ဆိုရသနည်း။ ဒါဝိဒ်၏ ဗိမာန်တော်အား ချစ်တေးများမှ မည်သည့်သင်ခန်းစာ ပေးသနည်း။ 'ဘုရားသခင်၏ လက်ျာ တော်ဘက်၌ ရှိလျက် ငါတို့အဘို့ ဆုတောင်းပေးနေသူ' ယဇ်ပုရောဟိတ်မင်းကြီး ယေရှုအားဖြင့် ကျွန်ုပ်တို့ရရှိ သောအရာများကို မည်ကဲ့သို့မြတ်နိုးနိုင်မည်နည်း *(ရောမ ၈း၃၄)*။ ခွေးနတ်ခံသော ကျွန်ုပ်တို့သည် ကြားဝင် ဖြန်ဖြေပေးသော ခရစ်တော်ကို အဘယ့်ကြောင့် လိုအပ်သနည်း။**

## အပိုင်း ၄။ စနေသင်းသားဖောင်း ဖူးစာရှင်

Andrew McChesney မှရေးသားသည်

ကိုယ့်ကိုယ်ကို အဆုံးစီရင်မည်ကို တားခဲ့သည့်အသံကို ကြားပြီးနောက်တွင် Diana ၏ အာရုံသည် ဘုရားဘက်သို့ လှည့်လာ၏။ တနင်္ဂနွေနေ့ ရောက်သည့်အခါ သူမသည် သားသုံးယောက်နှင့် Santa Fe, New Mexico ရှိ ဘုရားကျောင်းသို့သွား၏။ တူရိယာ မတီးခတ်မီတိုင် သူမတို့ ဘုရားကျောင်းခုံတွင် ထိုင်ကြ၏။ သူမသည် တူရိယာ တီးခတ်ပုံ ကိုမကြိုက်ပါ။ အကြောင်းမှာသူမ၏အတိတ်စိမ်းကို အောက်မေ့စေသောကြောင့်ဖြစ်၏။

Diana ၏ဘဝလည်း သာ၍ဆိုးသည့်ဘက်သို့ ရောက်လာ၏။ သူခိုးများ အိမ်ဖောက် ပြီး သူမ၏ ရှိစုမဲ့စုများကို မ, သွားကြ၏။ သူမ၏ရည်းစားနှင့် ကိုယ်ဝန်ရခဲ့ပြီး “ကလေး ဖြတ်ချဖို့ စားရိတ်ပေးမယ်” ဟုဆိုခဲ့၏။ တစ်ည ကလေးများ အိပ်မောကျ ပြီးချိန်တွင် ဧည့်ခန်းအမှောင်ထဲတွင် ထိုင်၏။ ၎င်းကိုယ်ကို မသတီဖြစ်မိ၏။ ဘုရား သခင်အား “ကျွန်မကို ဒီလိုကြုံစေချင်တာလား” ဟု အော်ဟစ်ခဲ့၏။ ဒေါသမှ ငိုကြွေး ခြင်းဘက်သို့ ရောက်လာပြီး “ယေရှုဘုရား၊ အရှင့်ကို ကျွန်မလိုအပ်ပါတယ်” ဟု တောင်းဆို၏။ သူမ လည်း ရုတ်ချည်းအင်အားရရှိသကဲ့သို့ ခံစားရ၏။ အခန်းသည် မှောင်သော်လည်း လင်း သည်ဟု ခံစားမိ၏။ ဘုရားသခင်က သူမအား ထွေးပိုက် သကဲ့သို့ ခံစားမိ၏။ သူမလည်း ပျော်ရွှင်ခြင်းကို ခံစားရ၏။ ထို့အပြီးတွင် အိပ်မော ကျသွား၏။

လအနည်းငယ်ကြာပြီးနောက်တွင် Loren Fish ဆိုသည့် SDA စတုတ္ထမျိုးဆက် နှင့် ကြုံဆုံရ၏။ ၎င်း၏ဖခင်သည် SDA pastor ဖြစ်၏။ Loren သည် ကောလိပ် ပထမနှစ် တွင် ဘုရားကိုမေ့ပျောက်ပြီး သောက်တတ်လာပြီး ကျောင်းထွက်သည့် အနေအထားသို့ ပင် ရောက်၏။ Loren သည် Diana အား Santa Fe, New Mexico ရှိ club တစ်ခုတွင် တွေ့ခဲ့၏။ Loren က သူမအား အိမ်လိုက်ပို့ပေး၏။ ထိုမှနေ သူမကို မစွန့်လွှတ်လိုတော့ ပါ။ သူမ အလုပ်လုပ်သည့်နေရာကို သိလာ၏။ Diana ကား အပူမရှာလိုတော့။ တော်ပြီ ဟု မှတ်၏။ ထို့အပြင် Loren သည် သူမထက် ၄ နှစ်ခွဲငယ်၏။ ရင့်ကျက်မှုမရှိဟုလည်း မြင်၏။ သူမ၏ဒုက္ခကိုလည်း ပေးမသိလိုပါ။ ထပ်လည်း မခံစားလိုပါ။ သို့နှင့် Loren အား ပထုတ်ခဲ့၏။ Loren လည်း Chicago သို့ပြောင်း၏။

တစ်ညတွင် Diana ၏ ရည်းစားက ဒေါသပေါက်ကွဲပြီးချိန်၊ Loren က ဖုန်း ဆက်၏။ Diana လည်း Loren ၏အသံကို ကြားသည့်အခါ ဝမ်းသာလွန်း၏။ Loren နှင့် နေရသည့် အခိုက်အတန့်သည် စိတ်အေးရကြောင်း အမှတ်ရ၏။ သူမလည်း “လာချင် တဲ့အချိန်သာ လာလိုက်” ဟုပြော၏။ ထိုအပတ်တွင်ပင် Loren အရောက်လာ ခဲ့ပြီး မပြန်တော့ပါ။

ဤသာသနာပုံပြင်သည် ၂၀၂၁ ခုနှစ် ဧပြီလ ၁၃ ပတ် အလှူငွေ လက်ခံရရှိ သည့် US ရှိ Holbrook SDA Indian School တွင် development director အဖြစ် လုပ်ကိုင် သည့် Diana Fish အပေါ် ဘုရားသခင်က ဆန်းကြယ်စွာတို့ထိခဲ့သည့် အကြောင်းဖြစ် ၏။ June 28 တွင် ကျရောက်မည့် ၁၃ ပတ်မြောက် အလှူငွေ အစီ အစဉ်တွင် ထည့်ဝင် ကြမည် ဖြစ်သောကြောင့် သင်တို့အပေါ် ကျေးဇူးတင်ရှိပါ သည်။ Diana ၏ အကြောင်း ကို နောက်အပတ်တွင် ဆက်၍ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဗျာ ၁၄:၁

**လေ့လာမှုဦးတည်ချက်။** ဆာလံ ၁၅။ ဆာလံ ၂၄။ ဆာလံ ၅၁။ ဆာလံ ၁၂၂။

သမ္မာကျမ်းစာ၏ အလယ်တွင် ဣသရေလတို့၏ ဆုတောင်းခြင်၊ ဝတ်ပြုခြင်း အကြောင်းရေးထားသည့် ဆာလံကျမ်းရှိ၏။ ယဇ်ပုရောဟိတ်များသည်သာလျှင် ဆုတောင်းကြခြင်း မဟုတ်ဘဲ၊ နိုင်ငံသားများ၊ ကဗျာဆရာများ၊ ဘုရင်များပါ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင့် ဂုဏ်တော်ကို ချီးမွမ်းကြ၏။ ထို့နောက် ကယ်တင် ခြင်း၊ တရားစီရင်ခြင်းကိုပါ လိုလားကြသောကြောင့် ငိုကြွေးပူဆာကြ၏။ ဆာလံ သီချင်းများတွင် ဣသရေလတို့၏ ဒုက္ခသုက္ခများကို ဟပ်ပြထားပါသည်။ ကမ္ဘာကြီး ကို တရားစီရင်မည့် နောက်ဆုံးသောကာလနှင့်ဆိုင်သည့် အကြောင်းများကိုလည်း တွေ့ရပါသည်။ ဆာလံတွင်လာသည့် နောက်ဆုံးသောကာလနှင့်ဆိုင်သည့် အကြောင်းများကို ကျမ်းတတ်ပညာရှင်များက ကောက်နုတ်ထားပါသည်။

နောက်လာမည့် သင်ခန်းစာ (၂) ခုတွင် နောက်ဆုံးသောကာလနှင့်ဆိုင်သည့် ဓမ္မသီချင်းများကို လေ့လာပါမည်။ ကျွန်ုပ်တို့ရင်ဆိုင်ရသည့် ဒုက္ခသုက္ခတွင် ဘုရား သခင်ငြိမ်နေခြင်း အကြောင်းကို အာရုံထားလေ့လာပါမည်။ ဘေးအပေါင်းနှင့် ကြုံ ချိန်တွင် ကျွန်ုပ်တို့သည် ငြိမ်းချမ်းခြင်းကို တောင့်တဖြစ်ကြပါမည်။ ဘုရားသခင်၏ ကတိတော်များသည် အဟုတ်သေချာကြောင်း သိရသည့်အခါ ကျွန်ုပ်တို့သည် စိတ်သက်သာခြင်း၊ အားရခြင်းများ ခံစားရပါမည်။ ကျွန်ုပ်တို့၏ နောက်ဆုံး တုံ့ပြန် ခြင်းကား ဘုရားကိုဝတ်ပြုရန် ဖြစ်၏။ ထိုအခါမှသာ ဣသရေလတို့၏ တောင့်တမှု ကို နားလည်ဖြစ်ကြပါမည်။ ထို့ထက် ပို၍အရေးပါသည့် အချက်ကား ဆာလံတွင် လာသည့် သီချင်းနှင့် ယဇ်ပုရောဟိတ်များသည် နောက်ဆုံးသောကာလတွင် နေကြ သည့် ကျွန်ုပ်တို့အတွက်လည်း သက်ရောက်မှုရှိကြောင်း ကျွန်ုပ်တို့တွေ့ဖြစ် ကြမည့် အဖြစ် ဖြစ်ပါသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

ဤတရားအကြောင်းတွင် ဆာလံ (၄) ကျမ်းကို ကျွန်ုပ်တို့ ရွေးထားပါသည် — ဆာ ၁၂၂ သည် စိတ်ထိခိုက်စွာ တောင်းဆိုခြင်း "ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့" (ဆာ ၁၂၂:၆)၊ ဆာ ၁၅ နှင့် ၂၄ တို့သည် ထာဝရဘုရား ရှိမနေ ခြင်းအကြောင်းကို မေးထားခြင်း "သန့်ရှင်းသော တောင်ပေါ်မှာ အဘယ်သူနေရပါ မည်နည်း" (ဆာ ၁၅:၁)။ "ထာဝရဘုရား၏တောင်ပေါ်သို့ အဘယ်သူ တက်ရမည် နည်း" (ဆာ ၂၄:၃)၊ ဆာ ၅၁ သည် ဗိမာန်တော်တွင် ထာဝရဘုရားရှေ့ အသနားခံ ခြင်းဖြစ်၏ "အိုဘုရားသခင် အကျွန်ုပ်ထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူ

ပါ” (ဆာ ၅၁:၁၀)။

**ဆာလံ ၁၂၂– ယေရုရှလင်မြို့ငြိမ်ဝပ်ရန်။** ဆာလံ ၁၂၂ ကို ဒါဝိဒ်မင်းနှင့် ဆက်ပြထားငြား (ဆာ ၁၂၂:၁) ကျမ်းတတ်များစွာက “ထာဝရဘုရား၏အိမ်တော်” (ဆာ ၁၂၂:၉) ပါသောကြောင့် မေးခွန်းထုတ်ထားခဲ့၏။ ယေရုရှလင် ဗိမာန်တော် သည် ဒါဝိဒ်လက်ထက်တွင် မဆောက်ရသေးသောကြောင့် ဒါဝိဒ်သည် “ထာဝရ ဘုရား၏အိမ်တော်” ဟု ဆိုနိုင်ဖွယ်မရှိဟု ထောက်ကြ၏။ သို့သော် ဒါဝိဒ်လက်ထက် ကပင် ရှိသည့်တဲတော်ကို “ထာဝရဘုရား၏အိမ်တော်” ဟု ဆိုလေ့ရှိခဲ့၏ (၁ ရာ ၁:၇၊ ၂၄၊ သူကြီး ၁၉:၁၈)။ ထို့ကြောင့် ဤနေရာတွင် ပျောက်နေသည်မှာ ယေရုရှလင် ဗိမာန်တော်ဖြစ်လာမည် “ထာဝရဘုရား၏တောင်” မောရိယတောင် ဖြစ်၏။ (က ၂၂:၁၄)။ “ထာဝရဘုရား၏အိမ်တော်” နှင့် “ယေရုရှလင်” တို့ကို ဒါဝိဒ်လက်ထက် တွင် လောကုတ္တရာတရားအဖြစ် ယူရပါမည်။ ဒါဝိဒ်သည် ယေရုရှလင်မြို့ ငြိမ်းချမ်း ရန် ဆုတောင်းသည့်အခါ ဝိညာဉ်တော် ယေရုရှလင်မြို့ကို အာရုံထားကြောင်း သတိ ကပ်ရပါမည် (က ၂၂:၁၇၊ ၁၈၊ ကို က ၁၂:၃ နှင့် နှိုင်းယှဉ်ပါ)။

စစ်သူရဲဒါဝိဒ်က ယေရုရှလင်မြို့ ငြိမ်းချမ်းစေလိုခြင်းတွင် လူမျိုးတကာတို့သည် ယေရုရှလင်မြို့ကို ဝိုင်းတိုက်ကြမည့်အကြောင်း ပါ၏။ ဗျာ ၁၆:၁၆ နှင့် ဒံ ၁၁:၄၅ တွင် ပြထားသည့်အတိုင်း ဒါဝိဒ်သည် “အာမဂေဒုန်” ကို ရှုခြင်း ဖြစ်၏။ အာမဂေဒုန် ၏အနက်သည် “စုရပ်တောင်တော်” ဖြစ်ပြီး ဘုရားသားသမီးများ ဝတ်ပြုရန်စုသည့် ထာဝရဘုရား၏တောင်ကို ညွှန်း၏။ “ထာဝရဘုရား၏တောင်” သည် ဝိညာဉ်တော် ဇိအုန် (သို့) ယေရုရှလင်ကို ကိုယ်စားပြု၏။ ဒါဝိဒ်က ကမ္ဘာကြီး၏ငြိမ်းချမ်းရေးသည် ယေရုရှလင်ငြိမ်းချမ်းရေးအပေါ် မှီကြောင်းကို မြင်၏။ ထို့ကြောင့် ၎င်းက ကမ္ဘာကြီး ငြိမ်းချမ်း၊ ကောင်းချီးရ၊ ကယ်တင်ခြင်းရနိုင်ရန် ယေရုရှလင်မြို့ ငြိမ်းချမ်းရန် ကျွန်ုပ် တို့ကို ဆော်သြထား၏။

**ဆာလံ ၁၅း ၂၄ ထာဝရဘုရား၏တောင်တော်။** ဆာ ၁၅ နှင့် ၂၄ တို့တွင် ဒါဝိဒ် က ကောင်းကင်တွင်ရှိသည့် ယေရုရှလင်မြို့သစ်ကိုညွှန်းသည့် “သန့်ရှင်းသော တောင်” အကြောင်းကိုမေးထား၏။ သို့သော် ဆာလံတစ်ခုစီတွင် မေးခွန်းကွဲပြား၏။ ဆာ ၁၅ တွင် လူအဆင့်၊ ဘုရားသခင့် သားသမီးများနှင့် ပတ်သက်သည့် အကြောင်း များကို အာရုံပြုထား၏။ ဖြောင့်မတ်သူများကို သရုပ်ဖော်ထားပုံသည် ဆာ ၁၄ တွင် ဘုရား၏သားသမီးများကို ညှင်းဆဲသည့် (ဆာ ၁၄:၄) လူဆိုးများကို သရုပ်ဖော်ထား ပုံနှင့် ကွာ၏။ ဘုရားသားသမီးများသည် ထာဝရဘုရားထံတွင် “ခိုလှုံ” ကြပြီး (ဆာ ၁၄:၅၊ ၆) “ဇိအုန်တောင်ပေါ်မှ ပေါ်ထွန်း” (ဆာ ၁၄:၇) လာမည့် ကယ်တင်ခြင်းကို ငံ့လင့်ကြ၏။

ဆာ ၁၅ တွင် ထိုတရားပင် ဆက်လာပြီး “သန့်ရှင်းသောတောင်ပေါ်မှာ အဘယ်

သူသည် နေရပါမည်နည်း” ဟု မေးထား၏ (ဆာ ၁၅:၁)။ ဤအမေးကိုဖြေရန် ဆာလံဆရာက ဆာလံ ၁၄ တွင်လာသည့် လူဆိုးများနှင့် ပညတ်တော် ၁၀ ပါး — positive နှင့်ပြဋ္ဌာန်း (ဆာ ၁၅:၂)၊ negetive နှင့်ပြဋ္ဌာန်း (ဆာ ၁၅:၃-၅) — ကို စောင့်သည့် ဘုရားသားသမီးများကို ညွှန်းထား၏။ ပထမပြဋ္ဌာန်းချက်တွင် “ဖြောင့်မတ်သောအကျင့်ကိုကျင့်” သူများ (ဆာ ၁၅:၂) ပါ၏။ ဟေဗြဲခက်ဆစ် tamim “ဖြောင့်မတ်” သည် ပြည့်စုံခြင်းအနက်ရှိပြီး မသိနားမလည်ခြင်းနှင့် ဆက်စပ်မှုရှိပြီး စိတ်ခွခြင်းမရှိသည့် မှန်ကန်သည့်ဘာသာရေးကိုပြ၏။ ဘုရားသားသမီးများ၏ ကိုးကွယ်မှုဘာသာသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းတွင် အခြေပြုထားပြီး ဤဆာလံ၏ အလယ်တွင်ရှိ၏ (ဆာ ၁၅:၄ ကိုရှု)။ ချပြထားသည့် စည်းမျဉ်းများသည် လူမှုဘဝတွင် အရေးပါကြောင်း သတိချပ်ပါ။ ယင်းတို့သည် မကောင်းသည့်အကျင့်များကို မနှစ်သက်ပါ — မုသား (ဆာ ၁၅:၂)၊ ကဲ့ရဲ့ခြင်း (ဆာ ၁၅:၃)၊ လှည့်ဖြားခြင်း (ဆာ ၁၅:၅)။

ဆာ ၂၄ သည် ဆာလံ ၁၅ ကို အားဖြည့်ပေး၏။ ဆာလံ ၁၅ သည် ဖြစ်တည်မှုကို ရှုမြင်ခြင်းဖြစ်ပြီး ဆာလံ ၂၄ သည် အားလုံးကိုရှုမြင်ခြင်း ဖြစ်၏။ ဤဆာလံသည် ဖန်ဆင်းခြင်း၏ အရှင်အကြောင်းနှင့် စဖွင့်၏ — စကြဝဠာပိုင်၏ (ဆာ ၂၄:၁၊ ၂)။ ထို့နောက် ဝတ်ပြုခြင်းဘက်သို့ ဦးလှည့်၏ “ထာဝရဘုရား၏ တောင်ပေါ်သို့ အဘယ်သူသည် တက်ရမည်နည်း” (ဆာ ၂၄:၃)။ ဆာလံကျမ်းတွင် ဝတ်ပြုခြင်းသည် လူသားတို့က ဘုရား၏ဖန်ဆင်းခြင်းအမှုကို တုံ့ပြန်ခြင်းဟု ယေဘုယျပြထား၏ (ဆာ ၉၅:၆၊ ဆာ ၁၀၀:၁-၃)။ ဒုတိယအကန့်တွင် (ဆာ ၂၄:၃-၆) ဆာ ၂၄:၃ ၏ အမေးကို ဖြေထားပြီး “သန့်ရှင်းသောလက်နှင့် ဖြူစင်သောနှလုံး ရှိသောသူ” နှင့် ရုပ်တု မကိုးကွယ်သောသူသည် ထာဝရဘုရား၏တောင်ပေါ်သို့ တက်ရန် ပြည့်မီ၏။ ယင်းသည် ဝတ်ပြုခြင်းဖြစ်၏ (ဆာ ၂၄:၄)။ ဤဆာလံက ခြောက်ပြစ်ကင်း သဲလဲစင်ခြင်းကို ဆိုခြင်းမဟုတ်ပါ။ ဝတ်ပြုကြသူများလည်း “ထာဝရဘုရားကို ရှာသောအမျိုး” ဟု ပြထား၏ (ဆာ ၂၄:၆)။

တတိယအကန့် (ဆာ ၂၄:၇-၁၀) တွင် ဘုန်းကြီးသောရှင်ဘုရင် ဝင်လာသည့် အကြောင်းဖြစ်၏။ ဘုရားသခင်သည် “စစ်တိုက်ခြင်း၌ တန်ခိုးကြီး” သည့် ဖန်ဆင်းခြင်းပြုလုပ်စဉ်ကအတိုင်း ပြန်လည်ပြုပြင်ရန် အောင်စစ်သည်ကဲ့သို့ ပြထား၏ (ဆာ ၂၄:၈)။ တစ်နည်းဆိုရလျှင် ဇိအုန်မှလာမည့် ကယ်တင်ခြင်းကို စောင့်စားကြသည့် ဘုရားသားသမီးများ၏ ဘာသာရေးစံသည် ဘေးတိုက်၊ ထောင်လိုက်သွား၏။ ဤစံနှုန်းထားတွင် လူတစ်ဦးချင်းက မမြင်ရသည့်ဘုရားကိုယုံပြီး နိုင်ငံတော် တည်မည့် အရေးကို မျှော်ခြင်းဖြစ်၏။ ဤသို့လျှင် ဤအကန့်သည် တရားကိုခွဲခြမ်းခြင်း၊ ဖွင့်ပြခြင်းလည်း ဖြစ်၏။

**ဆာလံ ၅၁ – သန့်ရှင်းသောစိတ်နှလုံး။** ဆာလံ ၅၁ ၏ ခြေဆင်းအရ ဒါဝိဒ်သည် ပရောဖက်နာသန်က ၎င်း၏အပြစ်ကိုဖော်သည့်အခါတွင် ရေးခဲ့သည့်ဆုတောင်း ဖြစ်ပါမည်။ ဤဆုတောင်းသည် ကိုယ့်အပြစ်ကိုမြင်တတ်ပြီး ဘုရားထံဆည်းကပ် လိုသူ တစ်ဦး ဦးအတွက်လည်း နမူနာဖြစ်ပါသည်။

ဤဆုတောင်းတွင် အပြစ်လွှတ်ပေးရန် ဘုရားထံ ဒါဝိဒ်တောင်းဆိုခဲ့ခြင်းနှင့် စထား၏။ ၎င်း၏ "လွန်ကျူးခြင်း" (ဆာ ၅၁:၁) အတွက် တောင်းပန်ထား၏။ ထို့နောက်တွင် ထိုဆာလံကို နှစ်ပိုင်းပိုင်းထား၏။ ပထမအပိုင်းသည် (ဆာ ၅၁:၁-၉) သည် ၎င်းနှင့် ဘုရားသခင်ကို ခွာပြဲစေသည့် ၎င်း၏ "လွန်ကျူးခြင်း" များကို ဖျက်ပေးရန် ဘုရားထံ တောင်းပန်ခြင်းဖြစ်၏။ ဤတွင် ဘုရားသခင်ကို ကရုဏာရှိ (ဆာ ၅၁:၁)၊ ဖြောင့်မတ်သည့်ဘုရား (ဆာ ၅၁:၆)၊ မျက်နှာလွှဲပေးသည့်ဘုရား (ဆာ ၅၁:၉) ဟု ပြထား၏။ အပြစ်သည် ကြီးမားလွန်းသောကြောင့် သုံးထားသည့် ခက်ဆစ်အားလုံးသည် ထိုသဘောကိုပြ၏ — khet' (အပြစ်)၊ pesha' (ကျူးလွန်ခြင်း)၊ awon (အပြစ်)၊ စသည်များကို သုံးထား၏။

ဆာလံဆရာသည် ၎င်း၏အပြစ်၏ ပမာဏကိုချပြရန် အတိသယဝုတ္တိ (hyperbolic) များ သုံးထား၏ — ၎င်း၏အပြစ်သည် အမိဝမ်းထဲတွင် ပဋိသန္ဓေယူစဉ်ကပင် အပြစ်စွဲခဲ့သည်ဟု ဆို၏ (ဆာ ၅၁:၅)။ ထို့ကြောင့် ဘုရားထံဆည်းကပ်၊ ပြန်လည်သင့်မြတ်နိုင်သည့် တစ်ခုတည်းသောလမ်းမှ ၎င်း၏အပြစ် ကွယ်ပျောက်ရေးပင်ဖြစ်၏။ ဤပထမပိုင်းအကန့်တွင် အပြစ်ကိုဖျက်ပေးရန် ဆုတောင်းများသည် — "ဖြေတော်မူပါ" (ဆာ ၅၁:၁၊ ၉)၊ "ဆေးကြော" (ဆာ ၅၁:၂၊ ၇)၊ "သန့်ရှင်းစေတော်မူပါ" (ဆာ ၅၁:၂)၊ "ဆေးကြောတော်မူပါ" (ဆာ ၅၁:၇) စသည်တို့ဖြစ်၏။

ဤဆာလံ၏ ဒုတိယအကန့်တွင် (ဆာ ၅၁:၁၀-၁၉) အသစ်ပြုပြင်ခြင်း အကြောင်းကို ပြ၏။ အဓိကဝေါဟာရများကား "ဖန်ဆင်း၊" "အသစ်ပြုပြင်၊" "ပြန်၍ပေးသနား၊" "ထောက်မ" စသည်တို့ ဖြစ်၏။ ဘုရားသခင်အား ဖန်ဆင်းရှင် (ဆာ ၅၁:၁၀၊ ၁၂၊ ၁၅)၊ ကယ်တင်ရှင် (ဆာ ၅၁:၁၄) ဟု ပြထား၏။ ဤဆာလံအပုဒ်ကို "ယေရုရှလင်မြို့ရိုး၊" ဘုရားမွေ့လျော်သည့် မီးရှို့ရာယဇ်အကြောင်းများဖြင့် ပိတ်ထား၏ (ဆာ ၅၁:၁၈၊ ၁၉)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

၁။ ယခုတစ်ပတ် သင်ခန်းစာအရ နောက်ပါမေးခွန်းများကို အာရုံပြုပါ။ ဆာလံဆရာက "ယေရုရှလင်မြို့ ငြိမ်းချမ်းရန်" ဆုတောင်းစေခြင်းသည် ယနေ့ကာလ ကျွန်ုပ်တို့အတွက် မည်သည့်အဓိပ္ပာယ် ရှိသနည်း။ ထို့သို့ဖြစ်နိုင်ရန် ကျွန်ုပ်တို့ ဘာလုပ်ရ မည်နည်း။

၂။ ယေရှု၏ ခမည်းတော်ထံ "နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော" (မ ၆:၁၀) ဆုတောင်းကို အာရုံပြု၍။ ဤဆုတောင်းသည် ဒုက္ခတွေ့နေသည့် ကျွန်ုပ်တို့၏ ကမ္ဘာအတွင်း ဖြေရှင်းမှုပြုလုပ်ပေးရန် ဆုတောင်းရုံမဟုတ်ကြောင်း သဘောပေါက်ပါ။ ဤဆုတောင်းသည် ကမ္ဘာကိုပြောင်းလဲရန် ယေရှုကြွလာရသည့်အကြောင်း ဖြစ်ပါသည်။ ဆွေးနွေးပါ။

၃။ ဘုရားသခင် ကြွလာမည်ကို မျှော်လင့်ရာတွင် နိမိတ်များ၊ ကမ္ဘာ့အခင်း အကျင်းများ၊ ဘုရားနိုင်ငံတော် ဖြစ်တည်ရေးတွင် တစ်ဦးချင်းစီ၏ သီလသမာဓိ တိုးတက်ရမည့်အရေးများသည် ဘာကြောင့် ပါဝင်ရသနည်း။ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်သည် နိုင်ငံတော်နှင့် ဘာကြောင့် ယှဉ်ရမည်နည်း။ သီလစင်ကြယ်ရန် အားထုတ်ရေးတွင် ကျွန်ုပ်တို့၏ အိမ်နီးချင်းများနှင့် ဆက်ဆံရေးကို ဘာကြောင့် အာရုံပေးသင့်သနည်း။

၄။ **လုပ်ရှားမှု** — ကမ္ဘာအနှံ့ စစ်ဖြစ်ချိန်တွင် ကျွန်ုပ်တို့သည် "ယေရုရှလင်မြို့ ငြိမ်းချမ်းရန်" ဆုတောင်းရန် လိုပါသည်။ ဆိုလိုသည်မှာ ကမ္ဘာကြီးငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့ အလေးပေးရမည့် အချက်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။ ကမ္ဘာကြီး ငြိမ်းချမ်းရန် ဆုတောင်းခြင်း အစီအစဉ်မျိုး စီစဉ်ပါ။ စစ်ဘေးကြုံကြသူများကို စာနာတတ်သည့်စိတ် မွေးပါ။

**မှတ်သားရန်**–

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## သင်ခန်းစာ - ၉

*မေလ ၂၄ - ၃၀

# ဆာလံကျမ်းတွင် - အပိုင်း ၂



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဆာလံ ၄၆၊ ယေရမိ ၄း၂၃ - ၂၆၊ ဆာလံ ၄၇း၁ - ၄၊ ၁ သက် ၄း၁၃ - ၁၇၊ ဆာလံ ၇၅၊ ဗျာ ၁၄း၆ - ၁၂။

**အလွတ်ကျမ်းချက်။** **'အိုဘုရားသခင် လူများတို့သည် ကိုယ်တော်ကို ချီးမွမ်းပါစေ။ လူများ အပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းပါစေသော။ လူအမျိုးမျိုးတို့သည် ဝမ်းမြောက်၍ ရွှင်လန်းစွာ သီချင်း ဆိုကြပါစေ သော။ ကိုယ်တော်သည် ဖြောင့်မတ်စွာ တရားစီရင်၍ မြေကြီးပေါ်မှာ ရှိသော လူမျိုးတို့ကို ချမ်းသာ ပေး တော်မူမည်။'** (ဆာလံ ၆၇း၃၊ ၄)

နောက်ဆုံးဖြစ်ပျက်မည့် အရာများကို တွေးကြည့်သောအခါ ဗျာဒိတ်ကျမ်း၏ သားရဲများနှင့် ၄င်းတို့၏ အာဏာတို့သို့ ရောက်လာသည်။ ၄င်းတို့သည် အရေးကြီး သော တာဝန် များကို ထမ်းဆောင်ကြပါ သည်။ ထိုသို့ မဟုတ်ပါက ဘုရားသခင်သည် သမ္မာကျမ်းစာတွင် ဖော်ပြမည်မဟုတ် *(ဗျာ ၁း၃)*။

အနာဂတ္တိကျမ်းဟူသည် အပြစ်နှင့် ဆင်းရဲဒုက္ခ၊ တရားစီရင်ခြင်း၊ အကောင်းနှင့် အဆိုး တိုက်ပွဲ တရားခြင်းနှင့် မတရားခြင်း၊ နှိပ်စက်ညှင်းဆဲခြင်း တို့အကြောင်းတွေ ဖြစ် သည်။

ဆာလံကျမ်း သည်လည်း ထိုအရာတို့၏ နက်နဲခြင်းများကို လူသားအစွမ်းရှိ သလောက်ဖြင့် စိတ်ပျက်အားလျော့ခြင်းမှအစ ထိန်းမနိုင်သိမ်းမရလောက်ထိ ပျော်ရွှင် မြူး ထူးခြင်းတို့ကို လေ့လာခြင်းဖြစ်သည်။ မှောင်မိုက်၏တန်ခိုးနှင့် ကာလသရေလတို့သည် စစ်ခင်း ကျင်းနေသည်ကို လည်းတွေ့ရသည်။ ထာဝရဘုရားသည် ဆိုး သွမ်းခြင်းအား မြန်ဆန်စွာ တိုက်ခိုက်အရေးယူခြင်းကို အဘယ်ကြောင့် မပြုသနည်း ဟူသော ကျွန်ုပ် တို့၏ မေးခွန်းကိုပင် မေးနေကြသည်ကိုလည်း ဖတ်ရှုရပါသည်။ ၄င်းတို့၏အဖြေရရှိရန် ဗိမာန်တော်သို့ တန်းတန်း မတ်မတ်ညွှန်ပြထားရာ ထာဝရဘုရားသည် ဖန်ဆင်းရှင်ဖြစ် သည်ကို ထပ်ခါထပ်ခါ ဆွဲဆောင်မှုပြုခြင်းကို လည်းတွေ့ရပါမည်။ ယနေ့ကျွန်ုပ်တို့ လုံးပန်းနေရသည့်အရာများနှင့် မေးခွန်းတို့သည် ဤအရာတို့ပင် မဟုတ် လော။

ဆာလံကျမ်းကို ဖွင့်ဟလျက် ဤအမှန်တရားများကို ကျွန်ုပ်တို့ လေ့လာသွားကြပါ မည်။

* မေလ ၃၁ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** မေလ ၂၅ ရက်

## ဘေးရှောက်သည့်ကာလတွင် ခိုလှုံရာ

**ဖတ်ရှုပါ – ဆာလံ ၄၆။ ကသောင်းကနင်းဖြစ်သော အသက်တာတွင် မဟာတိုက်လှန်ပွဲကြီးလည်း ဖြစ်နေ ဒိုက် နောက်ဆုံးနေ့ရက်တွင် ဖြစ်ပျက်မည့်အရာများကိုလည်း သိရှိနေကြသော ကျွန်ုပ်တို့သည် ဤ သတင်း ကောင်းမှ မည်သည့်မျှော်လင့်ခြင်းရရှိနိုင်သနည်း။**

---

ဆာလံ ၄၆ သည် ပေဗြဲစာအုပ်၏ အဓိကဆိုလိုရင်းဖြစ်သော သာ၍ကောင်းသော အရာဖြစ်တန်ရာသည်။ ယေရှုသည် လောက၏ ယဇ်ပုရောဟိတ်မင်းကြီးတို့ထက် သာလွန်သည်။ သူ၏ယဇ်ပူဇော်ခြင်းသည် တိရစ္ဆာန်ဖြင့် ယဇ်ပူဇော်ခြင်း အပေါင်းတို့ ထက် သာလွန်၏။ ကောင်းကင်၏ ဗိမာန်တော်သည်လည်း လောက၏ အမြို့ ပြ လောက်ထက် သာ၍ ကောင်း၏။

ဤဆာလံသီချင်း၏ ချဉ်းကပ်ပုံသည် တမူထူး၏။ တေးရေးသူသည် သာ၍ကောင်း သော အရာတို့ဖြင့် နှိုင်းယှဉ်ရန် ကောင်းသောအရာများကို မဆွဲထုတ်ပါ။ ကမ္ဘာကြီး၏ ပုန်ကန်ခြင်းနှင့် ၄င်းမှ ယူဆောင်လာသော အကျိုးဆက်များနှင့် ထာဝရဘုရား စီစဉ်ထား ပေးသော သာ၍ကောင်းသော ကတိများကိုသာ နှိုင်းယှဉ်ပေး သည်။

ဤဆာလံသီချင်းသည် ကျွန်ုပ်တို့ ခံစားရသော ပျက်စီးယိုယွင်းခြင်း ဒုက္ခဆင်းရဲ နှင့် စစ်ပွဲများအတွင်း တွင်ပင် ကျွန်ုပ်တို့သည် "ငြိမ်ဝပ်စွာနေ၍ ငါသည် ထာဝရဘုရား ဖြစ်ကြောင်း သိမှတ်ကြ" ရန်သာဖြစ်သည် *(ဆာ ၄၆း၁၀)*။ တစ်နေ့တွင် ထာဝရဘုရား သည် "မြေကြီးပေါ်တွင် ဘုန်းပွင့်မည်" *(ဆာ ၄၆း၁၀)* ဟူသော အာမခံချက်ကို ဆောင် ထားရန်သာ ဖြစ်ပါသည်။

ဆာလံ ၄၆း၂ တွင်လည်း "ပထဝီမြေကြီးသည် ရွေ့သွား၍ တောင်များ တုန်လှုပ် လျက် သမုဒ္ဒရာသို့ ကျသော်လည်း ငါတို့သည် ကြောက်လန့်ခြင်းမရှိ" ဟူသည်ကို လည်း သိမှတ် ရမည်။

ဒုတိယကြိမ် ကြွလာခြင်းကို မပုံပိုးနိုင်သော်လည်း ထိုနေ့တွင် ဖြစ်ပျက်မည့် အရာ များကို သိထားသင့်သည်။ "မိုးကောင်းကင်သည် စာစောင်လိပ်သကဲ့သို့ လွင့်သွား၏။ တောင်များကျွန်းများ အပေါင်းတို့သည် မိမိတို့နေရာမှ ရွေ့သွားကြ၏" *(ဗျာ ၆း၁၄)*။ "မိုး ကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအား ကြီးလျက် အရည်ပျော် သောနေ့ ဖြစ်သော ဘုရားသခင်၏နေ့ အလျင်အမြန်လာနေသည်ကို ရှုမြော်လျက်" *(၂ ပေ ၃း၁၂)* ဟူ၏။ ဆိုးသွမ်းနေသောကမ္ဘာသည် တည်မြဲနေမည်မဟုတ်။ ထို့နောက် တွင် ကျွန်ုပ်တို့စိတ်ဖြင့် တိုင်းထွာမရသော ကတိတော်တို့သည် ပြည့်စုံလာကြတော့ မည်။ ယခုတွင် ထာဝရဘုရားသည် ဗျာဒိတ်ကျမ်း တွင် ဖော်ပြထားသောအရာများအား သည်းခံ စွဲကိုင် ခြင်းနှင့် ကပ်တိုင်ပေါ်ကယေရှုကို ယုံကြည်ခြင်း ရှိရပါ မည်။

**ကမ္ဘာပေါ်တွင် ဆိုးသွမ်းခြင်းသည် မည်မျှပင် ရှိနေသော်လည်း (သာ၍ ဆိုးဝါးမည်ကို သိသည်) ထာဝရ ဘုရား၏ ကောင်းမြတ်ခြင်း တန်ခိုးနှင့် ဝိသေသလက္ခဏာတော် (ကပ်တိုင်တွင်) တို့မှ မည်သို့သော မျှော်လင့်ခြင်းတွေ့ရှိနိုင်မည်နည်း။**

**တနင်္လာနေ့** မေလ ၂၆ ရက်

## ကသောင်းကနင်း ဖြစ်စဉ်တွင် မြော်လင့်ခြင်း

ဆာလံစာအုပ်၏ စကားလုံးများစွာတို့သည် သင်္ကေတတွေပင် ဖြစ်၍ ဤကမ္ဘာ ကို ပြန်လည်ပြုပြင်ခြင်းကို ညွှန်ပြလာသောအခါ သင်္ကေတသာလျှင် ဖြစ်သည်ကို ယုံကြည်နိုင်ရန် အကြောင်းနည်းပါး၏။ ဆာလံ ၄၆ သည်လည်း ခရစ်တော်ကြွလာသော အခါ လွန်စွာအကျိုးသက်ရောက်ခြင်း ရှိလိမ့်မည်ဟု သွန်သင်ထားသည်။ ကျောက်ဆောင်များ သမုဒ္ဒရာများသာမက ကမ္ဘာကြီး၏ ရာဇဝင်တွင် ဒုက္ခဆင်းရဲခြင်းကိုသာ ဖြစ်စေသော လောကီနိုင်ငံများနှင့် လူသားအစိုးရများကျဆုံး၍ ၄င်းတို့ကြောင့် နစ်ထောင်ချီ ခံစားရသော ဝေဒနာများ ထာဝရ ကွယ်ပျောက်လိမ့်မည်။ နောက်ဆုံးတွင် ၄င်းတန်ခိုးအာဏာ တို့ကြောင့် လူသားတို့၏ ခံစားရသော ဝေဒနာများ အကြွင်းမရှိ အဆုံးသတ်လိမ့်မည်။

**ဖတ်ရှုပါ – ယေရမိ ၄း၂၃ – ၂၆။ ဤကျမ်းချက်သည် ကမ္ဘာကြီး၏ ကံကြမ္မာ 'ကောင်းကင်သစ်နှင့် မြေကြီးသစ်' ကိုမည်သို့ဆိုသနည်း *(ဗျာ ၂၁း၁ ထပ်ရှု)*။**

အနာဂတ္တိကျမ်းတို့သည် ကမ္ဘာတွင် ဖြစ်ပျက်မည့် အရာများကို ဖော်ပြသည်။ ဒံယေလ ၇ ၏ ရူပါရုံတွင် ပင်လယ်မုန်တိုင်းအတွင်း ကမ္ဘာ၏လူမျိုးများ ပေါ်ထွက်လာသည်။ ရန်းရင်းခတ်စစ်တိုက်ခြင်း၏ လေမုန်တိုင်း သည် သာသနာပလူတို့၏ ပင်လယ် *(ကမ္ဘာ)* တွင် တိုတ်ခတ်ကာ လောကရှင်ဘုရင်တို့ တစ်ပါးနောက်တစ်ပါး ပေါ်ထွန်းစေသော်လည်း လူသားတို့ကို ပိုင်းရုံနေသော ထိုပြဿနာအရင်းမြစ်အား တစ်စုံတစ်ဦး က မျှ ဖြေရှင်းနိုင်ခြင်း မရှိပေ။ ကျွန်ုပ်တို့ ယုံကြည်ရသော လောကခေါင်းဆောင်ကြီးများတို့သည် ကျွန်ုပ်တို့ ကဲ့သို့ ပင် အပြစ်နှင့် အတ္တသမားများသာ ဖြစ်ကြသည်။

ဒံယေလအားဖော်ပြသော နိုင်ငံတို့တစ်ခုမျှသည် ထာဝရဘုရား၏လူတို့အတွက် လုံခြုံ ခြင်းမရှိပါ *(တစ်ချို့တော့ သက်သက်သာသာ ရှိသည်)*။ သို့သော် ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားများဖြစ်သည်ကို သိသည် *(ဖိ ၃း၂၀)*။ ထိုပရမ်းပတာ ကမ္ဘာကြီး ထက် မြင့်သောအရပ်တွင် မတုန်မလှုပ်သော ရာဇပလ္လင်တစ်ခုရှိသည် *(ယေဇ ၁း၂၆)*။ ခရစ်တော် ကြွလာချိန် နီးလာသောအခါ ကမ္ဘာကြီးသည် သာ၍ပင် ဖရိုဖရဲ ဖြစ်အံ့မည်ဟု ယေရှု သွန်သင်ထားသည် *(မဿဲ ၂၄)*။ ကျွန်ုပ်တို့သည် ကမ္ဘာ့အခြေအနေကို ဘေးဖယ်ကာ ထာဝရဘုရားသည် ထိန်းချုပ်ခြင်းကို လက်မလွှတ်ကြောင်း သိရှိလျက် ယုံကြည်ခြင်းကို စွဲကိုင်ပါက သူ၏ "လူမျိုးတို့သည် ဟုန်းဟုန်းမြည်ကြ၏။ တိုင်းနိုင်ငံတို့သည် လှုပ်ရှား ကြ၏။ ဗျာဒိတ်သံကို လွှတ်တော်မူ၍ မြေကြီးသည် အရည် ဖြစ်လေ၏။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ငါတို့နှင့်အတူ ရှိတော်မူ၏" *(ဆာလံ ၄၆း၆၊ ၇)* ဟူ သော ကတိတော်ကို ပြည့်စုံစေလိမ့်မည်။ အချိန်တိုအတွက် အရာခပ်သိမ်းတို့သည် မကောင်းလာနိုင်ပါ။ ရေရှည် အတွက် ယေရှုအား ကျေးဇူးကြီးမားကြောင်း မြွက်ဆိုပါ။

**ကမ္ဘာကြီးသည် ဖရိုဖရဲ ဖြစ်လျက် ထိန်းမနိုင်သိမ်းမရဖြစ်သည်မှာ မေးစရာမလိုပါ။ ဥပမာ ဒံယေလ ၇ သည် သစ္စာစောင့်သိသော သူများအတွက် အရာခပ်သိမ်းကောင်းလိမ့်မည်ဟု မည်သို့သွန်သင်သနည်း။**

**အင်္ဂါနေ့** မေလ ၂၇ ရက်

## သူ၏ခြေအောက်တွင်

**ဖတ်ရှုပါ – ဆာလံ ၄၇း၁–၄။ ကျွန်ုပ်တို့၏နေရာ အထူးသဖြင့် ခရစ်တော်၏နိုင်ငံတွင် မည်သို့ဖြစ်မည် ဆိုသနည်း။**

ရေရှည်အတွက် လောကအနာဂတ်သည်တောက်ပ၏။ လူသားသည် ကမ္ဘာ၏အချုပ်အခြာအာဏာကို လူစီဖာအား ပေးအပ်ချိန်မှစ၍ စာတန်သည် ယောဘကျမ်းအရ ကောင်းကင်ကောင်စီတွင် ပေါ်လာခဲ့ရာ ကမ္ဘာကို သူပိုင်ကြောင်းကြွားပြောခဲ့သေးသည်။ ဘုရားသခင်သည် "သင်အဘယ်အရပ်က လာသနည်း" ဟု စာတန်အား မေးလေရာ "မြေကြီးမှာလှည့်လည်၍ အရပ်ရပ် သွားလာခြင်းအမှုမှ လာသည်" *(ယောဘ ၁း၇)* ဟု စာတန်ဆို၏။

စာတန်သည် *ပိုင်ဆိုင်ခြင်း* ကို ကြေငြာနေသည်။ ခြေဖြင့် နင်းရသောနေရာသည် ပိုင်ဆိုင်မှုကို ပြသသည်။ "သင်ထ၍ မြေကိုအလျားအားဖြင့် ၄င်း အနံအားဖြင့်၄င်း လျှောက်သွားလော့။ သင့်အား ငါပေးမည်" *(ကမ္ဘာ ၁၃း၁၇)* ဟု အာဗြာဟံအား မိန့်တော်မူ၏။

**ယှဉ်ဖတ်ပါ – ၁ သက် ၄း၁၃–၁၈ နှင့် ဇာခရိ ၁၄း၄။ ခရစ်တော် ၏ ခြေရင်းကို ဂရုပြုပါ။ မည်သည့် ကွဲပြားခြင်း ရှိ၍ မတူကွဲပြားသော ထိုအချက် နှစ်ခု တို့သည် ဤ ကမ္ဘာတွင် ခရစ်တော်၏ အချုပ်အခြာအာဏာကို မည် သို့ သွန်သင်ပေးသနည်း။**

နှစ်တစ်ထောင် အဆုံးတွင် ခရစ်တော်ပြုမည့်အရာမှာ အီးဂျီဝှိုက်မှ "ခရစ်တော်သည် သူ့ထမြောက်ပြီး ကောင်းကင်သို့တက်ကြွသွားရာနေရာ ကောင်းကင်တမန်တို့မှလည်း သူပြန်ကြွလာရမည့်ကတိကို ပြုသောနေရာ သံလွင်တောင်ပေါ်သို့ ပြန်လည်ဆင်းသက် လာသည်။

ပုရောဖက် ဇာခရိသည်လည်း "ထာဝရဘုရားသည် စစ်တိုက်ရာကာလ၌ တိုက်သကဲ့သို့ ထိုလူမျိုးတို့ကို တိုက်သွားတော်မူမည်။ ထိုနေ့ရက်၌ ခြေတော်သည် ယေရုရှလင်မြို့ အရှေ့ သံလွင်တောင်ပေါ်မှာရပ်၍ သံလွင်တောင်သည် အရှေ့ဘက်မှ အနောက်တိုင်အောင် အလယ်၌ကွဲသဖြင့် အလွန်ကြီးသောချိုင့် ဖြစ်လိမ့်မည်။ ထာဝရဘုရားသည်လည်း တစ်ပြည်လုံးတွင် ရှင်ဘုရင်ဖြစ်တော်မူမည်။ ထိုနေ့ရက်၌ ထာဝရဘုရား တစ်ပါးတည်း နာမတော်တစ်ပါးတည်းဖြစ်တော်မူ မည်" *(ဇာခရိ ၁၄း၃၊ ၄၊ ၉)*။

ယေရုရှလင်မြို့သစ်သည်လည်း တောက်ပပြောင်လက်စွာ ကောင်းကင်မှ ဆင်းသက်လာရာ ၄င်းအား လက်ခံနိုင်ရန် သန့်စင်ထားသောနေရာသို့ ခြေချလေ၏။ ခရစ်တော်နှင့် သူ၏ လူမျိုးတို့သည်လည်း ထိုမြို့တွင် နေထိုင်ကြ၏။" (အီးဂျီဝှိုက်၊ *မျက်မှောက်ကာလမှ ထာဝရကာလသို့*၊ စာ – ၆၆၂၊ ၆၆၃)။

**ယေရှု၌ ကျွန်ုပ်တို့ရရှိသော မြော်လင့်ခြင်းကို ကြည့်ရှုပါ။ သေခြင်းဖြင့်သာအရာခပ်သိမ်းအဆုံးသတ်သည်ရှိသော်အသက်တာသည်ခက်ခဲလှမည်ကိုတွေးကြည့်ပါ။ အနှစ္တသက်သက်သာဖြစ်မည်မဟုတ်လော**

**ဗုဒ္ဓဟူးနေ့** မေလ ၂၈ ရက်

## စပျစ်ရည်နှင့် အသွေး

**ပတ်ရှုပါ – ဆာလံ ၇၅။ မဿဲ ၂၆း၂၆ – ၂၉ နှင့် ဗျာ ၁၄း၉ – ၁၂။ ဤဆာလံသည် တရားစီရင်ရာတွင် မည်သည့် အရေးပါသောအချက်တစ်ချို့တို့ကို ဖော်ပြ၍ ထိုအချက်တို့ကို သိကျွမ်းရန် မည်သို့ထောက်မသနည်း။**

ဤ ဆာလံသီချင်းသည် သနာခရိပ်၏တပ်ပေါင်းစုအား ထူးဆန်းစွာ ဖျက်ဆီးခံရခြင်းအပေါ် သီဆိုသော သီချင်းဖြစ်လိမ့်မည်ဟု ထင်ကြေးပေးကြသည် *(၂ရာ ၃၂။ ၂ဓမ္မ ၁၉)*။ ၎င်းရာဇဝင်သည် ဗျာဒိတ်ကျမ်း ၂၀ ၏ဆိုးသောသူများ ဖျက်ဆီးခံရခြင်းကို ညွှန်ပြဟန်တူသည်။ ဘုရား၏ လူသားတို့သည် သန့်ရှင်းသောမြို့ထဲတွင် ၎င်းတို့၏ ဖြောင့်မတ်သော ဘုရင်နှင့် ရှိနေသည်ကို ရန်သူတပ်ပေါင်းစုမှ ဝိုင်းရံသောအခါ ထာဝရဘုရားကိုယ်တော်တိုင်သည် ရှင်းရှင်းဖျက်ဆီးပစ်လိမ့်မည်။

တရားစီရင်ရာတွင် ထာဝရဘုရားပြုပြင်ရမည့် အရာများထဲမှတစ်ခုသည် ကျဆုံးခဲ့သော ဤကမ္ဘာတွင် အလွဲသုံးစားခံခဲ့ရသော တန်ခိုးအာဏာပင်ဖြစ်သည်။ ကျဆုံး လူသားတို့သည် အခြားတစ်ပါးအတွက်မရှင်သန်ကြတော့ဘဲ ထာဝရဘုရားနှင့် မိမိတို့အတွက်သာ ရှင်သန်ကြရလိမ့်မည်။ ကျွန်ုပ်တို့သည် ဤစကြာဝဠာတွင် ဓမ္မဓိဋ္ဌာန်ကျသောကိုယ်ကျင့်တရား စံညွှန်းမရှိကြောင်း၊ ရှိခဲ့သည့်တိုင် အဓိပ္ပါယ်မရှိကြောင်း ယုံကြည်ကြရန်သာရွေးချယ်ကြရပါသည်။ အဓိပ္ပါယ်ရှိစေလိုသောအတွေးအခေါ်ပညာရှင် *ဖရက်ဒရိခ်နစ်ချီ* ဆိုသူသည် စကြာဝဠာသည် မိမိတို့၏ အကျိုးကျေးဇူးအတွက်သက်သက် ဖြစ်သဖြင့် မိမိတို့ဖာသာ ဖန်းတီးကြ ရန်သာ ဖြစ်သည်။ လူကိုယ်စီသည် ဘုရားကဲ့သို့ ကျင့်ကြံကြပါက အကျိုးသက်ရောက်နိုင်သည်ဟု ဆိုသည်။

ဤအတွေးအခေါ်ကပင် ဖရက်ဒရိခ်နစ်ချီအတွက် မည်သို့ လုပ်ဆောင်ခဲ့ပြီး သနည်းဟုမေးစရာရှိ၏။ မည်သို့မျှ မစွမ်းဆောင်ပေးနိုင်ပါ။ အီတလီနိုင်ငံ၏ လမ်းကြားတစ်ခုတွင် မြင်းတစ်ကောင်ကို ရိုက်နက်နေသူ တစ်ဦးအား သွားတားမြစ်ရာမှ စတင်ကာ ရူးသွပ်စိတ်မနှံ့ ဖြစ်သွားခဲ့သည်။ ထိုအချိန်မှစ၍ ၁၁ နှစ်တိုင်တိုင် အရူးတစ်ပိုင်းအဖြစ် စိတ်ဝေဒနာ ခံစားရကာ ၁၉၀၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။

ပြဿနာသည် မည်မျှပင် ဆိုးရွားနေသော်လည်း ယုံကြည်သူတို့သည် ဖြစ်ပျက်သော အရာတို့အား ဝေဖန်နေရန် မဟုတ်ဘဲ မျှော်လင့်ခြင်းဖြင့်ရှင်သန်ကြရန် သတိပေးထားသည်။ ယဉ်ကျေးမှုမြင့်မားခြင်းဖြင့် ဘုရားတရားမဲ့သောသူများကြောင့် ပျက်စီးခဲ့၍ သမ္မာကျမ်းစာတွင်ပင် မပါရှိသော ထာဝရဘုရားအပေါ် ရှုမြင်ခြင်း တို့ကြောင့် စိတ်ပျက်စရာ မဟုတ်ပါ။ ကမ္ဘာ့တစ်ချို့နေရာများတွင် လူသား ဖိုမတို့၏ ကိုယ်ကျင့်တရားအားပြင်းထန်စွာ တိုက်ခိုက်ခံရသော အချိန်တွင် ကျွန်ုပ်တို့ နေထိုင်ရသည်။ လူသားတို့သည် မိမိပုဂ္ဂလိက အနေဖြင့်ပင် ထုတ်ဖော်မပြောလိုသော စာရိတ္တပျက်ပြားခြင်းတစ်ချို့ကိုပင် ချီးကျူးဂုဏ်ပြုကာ အများပြည်သူတို့၏ ရှေ့မှောက်တွင်ပင် လက်ခုပ်သြဘာပင် ပေးကြ၏။

**တစ်ပါးသူတို့အသက်တာ ကောင်းမွန်ရန် ပြုရမည် ဆိုသည့်တိုင် အရာခပ်သိမ်း အသစ်မပန်ဆင်းမီ ဤကမ္ဘာကြီး ကိုပင် လုံးလုံး ပျက်ဆီးပစ်ရမည် ဆိုသည်ကို အဘယ်ကြောင့် မှတ်သားထားသင့်သနည်း။**

**ကြာသပတေးနေ့** မေလ ၂၉ ရက်

## သင်တို့သည် ကယ်တင်ခြင်းကျေးဇူးခံကြပါစေသော

**ဖတ်ရှုပါ – ဆာလံ ၆၇။ ဤဆာလံသီချင်းသည် ဗျာဒိတ်ကျမ်း ၁၄း ၆ – ၁၂ ပါရှိသော ဘုရားသခင့်လူ တို့၏ တာဝန်များကိုမည်ကဲ့သို့သိကျွမ်းစေသနည်း။**

မာဆာချူးဆက်ပြည်နယ် လူမှုရေးသိပ္ပံကျောင်းတွင် အနက်ရောင်သုတ်ခြင်းဖြင့် ကိုယ်ပျောက်နီးပါးဖြစ်ခြင်းကို တီထွင်ခဲ့သည်။ နာနိုပြွန်ပေါင်းများစွာ တို့ဖြင့် ပြုလုပ်၍ သာမာန်အမဲရောင်ထက် အဆများစွာ မဲလေသည်။ ထိုပစ္စည်းသစ်သည် မြင်ရသော အလင်းကို ၉၉.၉၉၅ မျှ စုပ်ယူနိုင်သည်။ ထိုပစ္စည်းဖြင့် ဖုံးထားသောအရာတစ်ခုကို အတောက်ပဆုံး အလင်းရောင်တွင်ပင် မမြင်ရပါ။

ဆာလံ ၆၇ သည် ဘုရားသခင့် "မျက်နှာတော်၏ အလင်းကို လွှတ်တော်မူခြင်းဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်း ကျေးဇူးကို ခံရပါမည့်အကြောင်း" *(ဆာလံ ၆၇း၁၊ ၂)* တိုးလျှိုးခြင်းဖြစ်သည်။ ကယ်တင်ခြင်း စီမံကိန်းတွင် အပြစ်သားတို့သည် ထာဝရဘုရား၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် ချက်ခြင်းမသေရဘဲ ပြန်လည်ဆက်ကပ်ခြင်း ပြုနိုင်သောနည်းလမ်းကို ထာဝရဘုရားမှစီစဉ်ထားပေးသည်။ ယခုအသက်တာတွင်ပင် ခရစ်တော်၏ ကပ်တိုင်တော်သည် ကျွန်ုပ်တို့အပေါ်သို့ ထာဝရဘုရား၏မျက်နှာတော် အလင်း လင်းစေတော်မူ၏။ ထာဝရဘုရားသည်သူ၏အလင်းကို ကမ္ဘာသို့ အလင်းပြန်စေရန် ကျွန်ုပ်တို့ကို ရည်ရွယ်ထားပါသည်။ ဤသည်မှာ ဣသရေလတို့အား ပေးထားသောတာဝန်ဖြစ်သည်။ ဗိမာန်တော်သည် လူမျိုးခပ်သိမ်းတို့၏ ဆုတောင်းရာနေရာ ဖြစ်ရမည်။ "ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍ ငါ၏ပဌနာ အိမ်၌ဝမ်းမြောက်စေမည်။ သူတို့ မီးရှို့ရာယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါ့ယဇ်ပလ္လင်ပေါ်မှာ လက်ခံမည်။ ငါအိမ်ကို လူအမျိုးမျိုး တို့၏ ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်လတ့်" *(ဟေရှာယ ၅၆း၇)*။

ဤဆာလံတွင် ဒါဝိတ်သည်ထာဝရဘုရား၏လမ်းစဉ်ဖြင့်လူမျိုးတို့အား ကယ်တင်ခြင်းသို့ ရောက်စေလိုသည် *(ဆာ ၆၇း၂)*။ လူသားတို့သည်လည်း ဤနေရာတွင် ပျက်ကွက်ကြသည်။ ဓမ္မဟောင်း၏ ဣသရေလ ရာဇဝင်တွင် အမှောင်ခန်းများ ရှိခဲ့သည်နည်းတူ၊ ခရစ်ယာန်အသင်းတော်၏ နှစ်ပေါင်း နှစ်ထောင်အတွင်း ရာဇဝင်တွင်လည်း ရှိခဲ့သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများကို အလွန်အကဲ မဲသောအရာဖြင့် သုတ်လိမ်းသောကြောင့် ထာဝရဘုရား၏ အလင်းကို မပြန်စေနိုင်ဘဲ စုပ်ယူထားသည့်ဟန်တူ၏။

ရုံဖန်ရုံခါတွင်ထာဝရဘုရား၏ နောက်ဆုံးလှုပ်ရှားမှုများကို ဝိညာဉ်ရေး လေကြောင်းခရီးသည်များသည် ခရီးသည်နားနေခန်းတွင် ထွက်ခွါရန် စောင့်ဆိုင်းနေသကဲ့သို့ ထင်မှတ်၍ ကျန်သော ကမ္ဘာ့လူသားများ အားလုံးသည် ခရီးထွက်ရန် ပြင်ဆင်ထားခြင်းမရှိသော တံခါးပတ်ဝန်းကျင်ရှိ လူသားများကဲ့သို့ ထင်မှတ်ကြသည်။ ဗျာဒိတ် ၁၄ ၏ ကျန်ကြွင်းသော အသင်းတော်သည် ခရစ်တော်နှင့်အတူ ဇိအုန်တောင်ပေါ်တွင် ရပ်နေ၍ နေပူစာလှုံနေရုံတင်ဖြင့် ကျေနပ်ရန်မဟုတ်ပါ။ ကမ္ဘာအနှံ့ ပျံသန်းလျက် ထာဝရဘုရား၏ တောင်တော် သို့ လူမြောက်များစွာတို့ကို ခေါ်ဆောင်ကြရပါမည်။

**ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်စေ တစ်ဦးချင်းဖြစ်စေ ကျွန်ုပ်တို့ချစ်သော သမ္မာတရားကို သူတပါး ထံသို့ပို့ဆောင်ရန် မည်သည့်တာဝန် ရှိသနည်း။**

**ဆက်လက်လေ့လာရန်။** ဆာလံ ၁၃၃၊ တမန်တော် ၁း၄ – ၈၊ ဗျာ ၅း၄ – ၇ တို့ကို ဖတ်ရှုပါ။

"ရှေးဘိုးဘေးများ၏ကာလတွင် သန့်ရှင်းသောဝိညာဉ်တော်၏ပြဲဇာသည် လက္ခဏာမျှလောက်သာ ဖော်ပြကာ စုံလင်စွာ မခံစားကြရပါ။ ယခုတွင် ကယ်တင်ရှင်၏ နှုတ်ကပတ်တော်အား နားထောင်ခြင်းဖြင့် တပည့်တော်တို့သည် ဤဆုကို တောင်းဆိုကြရာမှ ခရစ်တော်သည်လည်း ကောင်းကင်တွင်သူ၏ကြားဝင် စေ့စပ်ခြင်းကို ထပ်မံ ဖြည့်စွက်ပေးလိုက်သည်။ ခရစ်တော်သည် ဝိညာဉ်တော်ဆုကျေးဇူးကို သူ၏လူများအား သွန်းလောင်းပေးမည်ဟု ဖော်ပြထားသည်။" အဲလင်ဂျီဝှိုက်၊ *တမန်တော်များ၏လုပ်ဆောင်မှုများ*။ စာ၊ ၃၇။

တပည့်တော်တို့အား "ကမ္ဘာစွန်းတိုင်အောင်" *(တမန်တော် ၁း၈)* သက်သေခံရန် သွန်သင်ထားသည်။ ထိုအလုပ်သည် ခရစ်တော်ကြွလာခြင်း၏ သံတော်ဆင့် ဖြစ်ရမည် *(မဿဲ၊ ၂၄း၁၄)*။ သူတို့မှ စတင် ထားသော အရာကို ကျွန်ုပ်တို့မှ ဆက်လုပ်ကြရပါမည်။

ခရစ်တော်သည် ဧဝံဂေလိတရားကို ကမ္ဘာသို့ဖြန့်ရန် မှာကြားရာတွင် ဖြစ်သမျှအတွက် ကျွန်ုပ်တို့အား ပစ်မထားပါ။ ထိုလုပ်ငန်းကို ကောင်းကင်ဗိမာန်တော်မှ တိုက်ရိုက် ညွှန်ကြား၏။ ကျွန်ုပ်တို့၏အလုပ်သည် ခရစ်တော်၌ ရင်းနီးကျွမ်းဝင်စွာ ရစ်ပတ်ထားသည်။ သူက ဦးဆောင်၍ ခွန်အားပေးသည်။ ဤသည် သူ၏အလုပ်၊ ကျွန်ုပ်တို့၏အလုပ်မဟုတ်။ သူ၏ ဦးဆောင်ရာသို့ လိုက်ရန်သာညွှန်ကြားထားသည်။ ဣသရေလတို့သည် ထိုသို့လုပ်ဆောင်ကြ၏။ ထာဝရဘုရားသည် ညွှန်ကြားချက်ကို ပေးပို့၍ မဖြစ်နိုင်သောအရာများကို စွမ်းဆောင်ပေးသည်။ ဝိညာဉ်တော်သည် အိမ်နီးချင်းတို့၏ စိတ်နှလုံးကို နှိုးဆွနင့်သည်ဖြစ်၍ ကျွန်ုပ်တို့သည် ဆုံးဖြတ်ချက်ချရမည့်အချိန်တွင် သူတို့ ထံရောက်နေရပါမည်။ သို့မှသာ သိုးသူငယ်နှင့်အတူ ဇိအုန်တောင်တွင် ရပ်နေသော ထာဝရဘုရား၏လူတို့တွင်ပါဝင်ရန်ခေါ်ဖိတ်နိုင်မည်ဖြစ်၏။ ထိုလုပ်ငန်းသည် ကျွန်ုပ်တို့၏ ဦးဆောင်မှုဖြင့် မဟုတ်သောကြောင့် နည်းစနစ်သစ်များ တီထွင်ခြင်း မပြုရပါ။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** **ကောင်းကင်တမန်သုံးပါးသတင်းသည် ကမ္ဘာကိုပတ်ခဲ့သည်ဖြစ်သော်လည်း လက်လှမ်းမမီရသေးသူပြောက်များစွာရှိနေသေးသည်။ အသင်းတော်သည် ခရစ်တော်ပေးသောတာဝန်ကို မည်သို့ ပြည့်စုံစေနိုင်မည်ကို ဆွေးနွေးပါ။ လူပြောက်များစွာတို့သည် ထိုနောက်ဆုံးတရားများကို မကြားရဘဲ ကျန်နေသော်လည်း စိတ်ပျက်အားလျော့ခြင်းမဖြစ်ရန် မည်သို့လုပ်ရမည်နည်း။**

**၂** **ဗျာ ၅ တွင် သိုးသူငယ်သည် ထိုက်တန်သောကြောင့် စာစောင်ငယ်လေးကို သူ့အား ပေးအပ်သည် ဆို၏။ ဗျာ၊ ၆ တွင်လည်း စာစောင်လိပ်၏ တံဆိပ်ကို ဖွင့်ပြီးသောအခါ ဝမ္ပသစ်သည် နောက်ဆုံးနေ့ရက် ထိတိုင် ရာဇဝင်ကို ဖွင့်ချလိုက်သည်ကို တွေ့ကြရပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ထာဝရဘုရားသည် အလုပ်ပြီးဆုံးရန် ရည်ရွယ်သည်သည်ကိုမည်သို့သွန်သင်သနည်း။**

**၃** **ဗျာ ၁၃၊ ၁၄ ရှိသောအရာများကို လျင်မြန်စွာ ရောက်လာစေနိုင်သော မည်သည့်အဖြစ်အပျက်များ ယခုပင် ရှိသနည်း။ မည်သည့်ဆူးပြောင့်ခလုတ် ကျန်နေသေးသနည်း။**

# အပိုင်း ၅။ မေတ္တာနှင့်ထိမ်းမြားခြင်း

Andrew McChesney မှ ရေးသားသည်

Diana နှင့် Loren တို့လည်း ကိုယ်ဝန်ရကြသည့်အခါ Santa Fe, New Mexico တွင် လက်ထပ်ရန် စီစဉ်ကြ၏။ Diana အနေဖြင့် ကိုယ်ဝန်ကိုအကြောင်းပြုပြီး လက်ထပ် ရသည်ဟု မဖြစ်စေလိုသောကြောင့် ဆိုင်းထားလို၏။ ကလေးမွေးပြီးနောက်တွင် ၎င်းတို့သည် Diana မိဘများနေထိုင်ရာ Salt Lake City, Utah သို့ ပြောင်းသွားကြ၏။ Sanata Fe တွင် နေရသည်ကို ငြီးငွေ့ကြပါပြီ။

Diana နှင့် Loren တို့သည် ခရစ်ယာန်စံနှင့်အညီ မနေကြသော်လည်း Loren သည် ဘုရားကျောင်းတွင်လက်ထပ်လို၏။ ၎င်းသည် SDA ဘုရားကျောင်းကိုရွေးပြီး အသင်းအုပ်ဆရာကိုဆက်သွယ်၏။ Chicago မြို့အနီးတွင် နေထိုင်သည့် ၎င်း၏ဖခင်အသင်းအုပ်ဆရာကိုလည်း လက်ထပ်ပေးရန် တောင်းဆို၏။ ဤတောင်းဆိုချက်က pastor နှစ်ဦးကို အခက်တွေ့စေ၏။ အကြောင်းမှာ Diana သည် အသင်းသူလည်းမဟုတ်၊ ဇနီးမောင်နှံတို့သည် ခရစ်ယာန်စံနှုန်းအတိုင်း မနေထိုင်ကြခြင်းများကြောင့် ဖြစ်၏။ ကြိမ်ဖန်များစွာ ဆုတောင်းပြီးနောက်တွင် "ချစ်၍မှားမိသည်" ဟု ယူကြ၏။

၎င်းတို့လက်ထပ်ကြသည့်နေ့တွင် အသင်းသားများစွာ မျက်နှာလာပြသောကြောင့် Diana လည်း အံ့သြခဲ့ရ၏။ သူမက "သူစိမ်းရဲ့လက်ထပ်ပွဲမှာ ဘယ်သူလာမှာလဲ" ဟု တွေး၏။ အသင်းသားများက လက်ဖွဲ့များပေးကြသည့်အခါ သာ၍ပင် အံ့သြဖြစ်ရ၏။

လက်ဖွဲ့များကို အိမ်တွင်ဖြေသည့်အခါ Happiness Digest စာအုပ်ငယ်ကို တွေ့ရ၏။ သူမထံလာလာတတ်သည့် Colorado မှ လက်ဖွဲ့ဖြစ်မည်ဟု မှတ်ခဲ့၏။ သူမ သည် စာအုပ်ကိုဖတ်သည့်အခါ လက်မှမချနိုင်တော့။ Loren အလုပ်မှ ပြန်လာသည့်အခါ သူမက "ဒါဟာ အမှန်တရားပဲ" ဟုဆို၏။ Loren ကလည်း "အို၊ ဒါက Steps to Christ" စာအုပ်ပဲ။ Ellen G. White ရေးထားတာ" ဟုဆို၏။ ပရောဖက်မ၏ အရေးအသားသည် Diana ကို စိတ်ထွေစေ၏။ သို့သော် သာ၍သိလိုသည့် စိတ်ရှိပြီး SDA ဘုရားကျောင်းသို့ သွားလိုစိတ်ရှိ၏။ ဘုရားကျောင်းသို့ တက်ကြသည့်အခါ အသင်းသားများက ဘာမျှ အပြစ်မဆိုကြပါ။ သူမ၏ပစ္စုပ္ပန်ဘဝကို လက်ခံပေးပြီး (တရားကိုကောင်းကောင်းနာဖြစ်ရန်) ကလေးကိုပင် ထိန်းပေးကြ၏။ ကျမ်းစာသင်တန်းရှိကြောင်း ကြေငြာသည့်အခါ သူမလည်း "လေ့လာချင်တယ်" ဟုဆို၏။

အသင်းအုပ် Lorell Herold နှင့် ဇနီးတို့သည် သူမတို့၏အိမ်သို့ ၂၈ ပတ်ကြာ သင်တန်းပေးခဲ့၏။ Diana သည် ကျမ်းစာလေ့လာရင်းဖြင့် သူမ၏ လောကီအပြုအမူများ ပြောင်းလာ၏။ မည်သူကမှ တရားမပြပါ။ အသင်းသားများက သူမကိုချစ်ကာ သခင်ယေရှု၏ဘဝ၊ အသေခံခြင်း၊ ထမြောက်ခြင်းများဖြင့် ပြသသည့် ဘုရား၏မေတ္တာကို သိလာ ရသည်နှင့်အမျှ သူမသည် တဖြည်းဖြည်းချင်း လောကီကိစ္စများတွင် စိတ်ဝင်စားမှု ကင်းလာ၏။ သမ္မာကျမ်းစာကို သူမစိတ်ဝင်စားပုံက Loren ကို အံ့သြစေ၏။ Loren လည်း ကျမ်းစာလေ့လာတော့၏။ နှစ်ဦးလုံးလည်း နှစ်ခြင်းခံရန် ဆုံးဖြတ်ကြ၏။

Diana ၏ အကြောင်းကို နောက်အပတ်တွင် ဆက်၍ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဆာလံ ၆၇:၃၊ ၄

**လေ့လာမှုဦးတည်ချက်။** ဆာလံ ၄၆၊ ဆာလံ ၄၇၊ ဆာလံ ၆၇၊ ဆာလံ ၇၅။

ပြီးခဲ့သည့်အပတ်တွင် ထာဝရဘုရားကြွလာမည်ကို ပြင်ဆင်ကြသည့် နောက်ဆုံးကာလတွင်ရှိကြသည့် ဘုရား၏လူများကို ရှေ့ရှုသည့် ဆာလံကျမ်းများကို ကြည့်ခဲ့ပါသည်။ သင်ခန်းစာကား ဘုရား၏လူများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ၊ ရုန်းကန်မှုများအကြောင်းဖြစ်၏။ စိန်ခေါ်မှုများသည် ကိုယ်စီဘဝနှင့် ဆိုင်ပါသည်။ ထိုဆာလံများက လုံးဝပြောင်းလဲရန်လိုသည့် စိတ်နှလုံးကိုချပြ၏။ ပြင်ပမှ ညှင်းပန်းခြင်း ရှိလာသည့်အခါ ဒုက္ခတွေ့ကြမည်ကိုလည်း ပြထားပါသည်။ ယခုအပတ်တွင် ရွေးနုတ်ထားသည့် ကျမ်းလေးပိုဒ်တို့သည် ကျွန်ုပ်တို့၏အာရုံကို ဘုရားသခင်ထံသို့ ဦးတည့်ပေးပါမည်။ ပထမဆာလံက ဘုရားသခင်သည် “ငါတို့ခိုလှုံရာ” ဖြစ်သည် “ဘေးရောက်သည့်ကာလတွင် ကူမ” သည်ဟု ပြထား၏ (ဆာ ၄၆:၁)။

ဒုတိယဆာလံက ကျွန်ုပ်တို့ကို စိတ်ပျော်စေပါသည်။ အကြောင်းမှာ ဘုရားသခင်သည် “မြေကြီးတစ်ပြင်လုံးကို အစိုးရသောမင်း” ဟုပြ၏ (ဆာ ၄၇:၆၊ ၇)။ တတိယဆာလံသည် ထိုဆိုခဲ့ပြီးသော အကြောင်းများကို ပြန်လည်အားဖြည့်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့၏တောင်းဆိုချက်ကို ဖြည့်ဆည်းပေးသောကြောင့် ကျေးဇူးတင်ရသည့်အဖြစ်သို့ ရောက်စေ၏။ ဘုရားသခင်သည် “တရားစီရင်ရာအရပ်၌ အဓမ္မအမှုရှိသည်” ဟု (ဒေ ၃:၁၆) ကျွန်ုပ်တို့ရင်ဖွင့်ရုံသာ ရင်ဖွင့်ရသည့်ဘုရား ဖြစ်ရုံသက်သက် မဟုတ်တော့ပါ။ ဘုရားသခင်သည် နောက်ဆုံးတွင် တရားမျှတမှုကို ယူဆောင်ကာ အကောင်းအတိုင်း ပြန်ဖြစ်စေပါမည် (ဆာ ၇၅:၇၊ ၁၀)။ စတုတ္ထကား ယဇ် ပုရောဟိတ် ကောင်းချီးပေးခန်းဖြစ်၏။ ဘုရားသခင်သည် မေတ္တာရှင်ဖြစ်ပြီး ၎င်း၏လူများအတွင်းတွင် ကျိန်းလျက်ရှိ၏ (ဆာ ၆၇:၇)။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**ဆာလံ ၄၆ – ဘုရားသခင်သည် ကျွန်ုပ်တို့ ခိုလှုံရာဖြစ်၏။** ဤဆာလံသည် ဗိမာန်တော်တွင် အတီးအမှုတ်ကဏ္ဍကို ယူကြသည့် လေဝိမျိုးနွယ်ဝင် “ကောရ၏သားများကို” ရည်ကာစပ်ဆိုခြင်းဖြစ်၏ (၅ ရာ ၆:၁၆၊ ၂၂)။ ဤအချက်က ဗိမာန်တော်သည် “အမြင့်ဆုံးသောဘုရားကျိန်းဝပ်တော်မူရာ” ဆို၏ (ဆာ ၄၆:၄)။ ဆာလံ၏ သဘောတရားကား အန္တရာယ်သည် မျက်နှာနှစ်ခုရှိသည်ဟု ပြ၏။ အန္တရာယ်သည် မြေဒြပ်၊ ရေထုတို့လှုပ်ရှားသည့် ငလျှင်အမျိုးအစား တစ်ခုတည်း သာမဟုတ်။ တောင်များလည်း တုန်လှုပ်၏ (ဆာ ၄၆:၃)။ တောင်များသည် သမုဒ္ဒ ရာသို့ ကျခဲ့၏ (ဆာ ၄၆:၂)။ ကပ်ဆိုးများသည် “လူမျိုးတို့သည် ဟုန်းဟုန်းမြည်” သောကြောင့် ပယောဂများလည်းပါ၏။ သို့နှင့်တိုင်းနိုင်ငံတို့သည် ပျက်စီးရ၏ (ဆာ ၄၆:၆)။

ဘုရား၏လူများသည် ကပ်ဆိုးနှစ်ထပ်ကွမ်း၏ မြေစာပင်များ ဖြစ်ကြပြီး ကပ်ဆိုးကို "ကြောက်လှန့်ခြင်းမရှိ" (ဆာ ၄၆:၂) သူများဟု ပြောဆိုသူများအဖြစ် ပြထား၏။ သဘာဝနှင့် လူတို့၏ဒဏ်တို့ကို ဘုရား၏လူများကလည်း သဘာဝနှင့် ဘုရားတို့ကိုပင် အကာအကွယ်ယူကြ၏။ တစ်ဘက်တွင် ဘုရား၏မြို့တော်မှ စီးဆင်းသည့် မြစ်သည် စိတ်ရွှင်လန်းမှု ဖြစ်ပေါ်စေ၏ (ဆာ ၄၆:၄)။ အနာငြိမ်းစေသည့် မြစ်ရေသည် ယေရုရှလင်မြို့သစ်မှ မြစ်ဖျားခံပြီး၊ ဒေင်ဥယျာဉ်မှ မြစ်ဖျားခံ၏ (က ၂:၁၀)။ ထိုအချက်သည် ယေရုရှလင်မြို့သစ်အကြောင်း လင်းပြသည့် ဗျာဒိတ်ကျမ်းတွင် ပေါ်လာပြန်၏ (ဗျာ ၂၂:၁)။ အခြားဘက်တွင်၊ ဘုရားကိုယ်တိုင်ပါ၏ — ဘုရားသခင်သည် "မြို့လယ်တွင် ကျိန်းဝပ်တော်မူ" (ဆာ ၄၆:၅) ကို ဘေးရောက်ရာကာလတွင် ကျွန်ုပ်တို့ကို ခွန်အားပေးတော်မူသော "ကျွန်ုပ်တို့၏ခိုလှုံရာ" ဟုလည်း ခေါ်ဆို၏။ (ဆာ ၄၆:၁)။ ဖန်ဆင်းရှင်နှင့် သဘာဝတရားကြီးကြား သဟဇာတကျပုံကို သတိချပ်ပါ — ယေရှုသည် ပင်လယ်ကိုငြိမ်စေသကဲ့သို့ (မ ၈:၂၇) ဘုရားသခင်သည် သဘာဝဓာတ်များကို ကိုင်တွယ်ပါသည်။ သဘာဝကို ထိပ်တိုက်တွေ့ခြင်းသည် ဘုရား၏ တောင်တော် (ကောင်းကင်ဇိအုန်) ကို ဝိုင်းကြသည့် မဟာတိုက်လှန်ပွဲကြီး၏ နောက်ဆုံးအဖြစ်ကို ညွှန်း၏။ ဆာလံသည် ဒံ ၁၁:၄၅ နှင့် ဗျာ ၁၆:၁၆ တို့တွင် ပြထားသည့် လူ့သမိုင်း၏ နောက်ဆုံးတိုက်ပွဲအကြောင်းကို ပုံတင်ထပ်ပြ၏။ ဤ ဆာလံသီချင်းသည် ကျွန်ုပ်တို့ထံ ဘုရားသခင်ကျိန်းဝပ်မည်ဟု အာမခံချက်နှင့် အဆုံးသတ်ထား၏ (ဆာ ၄၆:၁၁)။

**ဆာလံ ၄၇ – ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘုရင်။** ဆာလံ ၄၇ သည် ဆာ ၄၆ တွင် ပွဲခံခြင်းကို ဆက်ထား၏။ ကောရ၏သားများသည် ဇိအုန်၏ ဘုရားသခင်၏ အောင်မြင်မှုကို သီဆိုကြ၏။ ဗိမာန်တော်၏ ဘုရားသခင်သည် ၎င်း၏ပလ္လင်၊ ဇိအုန်ပေါ်တွင် နန်းထိုင်၏။ ယခုတွင် ရန်သူကိုအောင်နိုင်ပါပြီ။ ဘုရားသခင်အား ရှင်ဘုရင်ဟု ဆိုကြပြီ။ ဤဆာလံသီချင်းကို "တော်ဝင်ဆာလံ" (သို့) "နန်းတက်ဆာလံ" ဟု ခေါ်ဆို၏။ ဤဆာလံမျိုးသည် ဘုရားသခင်အား ဘုရင်ဟုချီးမွမ်းသည့် ဆာလံဖြစ်၏ (ဆာ ၉၃၊ ၉၆-၉၉)။

ဆာလံ ၄၇ ကို နောက်များတွင် ဂျူးပြက္ခဒိန်၏ ပထမနေ့ ပထမလ Tishri လတွင် Rosh Hashanah (နှစ်သစ်ကူးနေ့) ဟူသည့် ဂျူးတို့၏ဝတ်တက်ချိန်တွင် အသုံးပြုကြသည်မှာ မှတ်သားဖွယ်ဖြစ်၏။ ဆာ ၄၇:၅ တွင်လာသည့် တံပိုးမှုတ်ခြင်းသည် ဘုရားသခင်သည် တစ်နေ့နေ့တွင် နိုင်ငံအားလုံးကို အုပ်စိုးမည်ဟု မျှော်ခြင်းဖြစ်၏ ယခုတွင် ဘုရားသခင်ကို ချီးမွမ်းသည့် နိုင်ငံများသည် စစ်ရှုံးခဲ့ကြသည့် နိုင်ငံများ ဖြစ်ပါသည် (ဆာ ၄၇:၃)။ ဗျာဒိတ်ကျမ်းလည်း ထိုအနေအထားကိုပင်ပြပြီး ယေရုရှလင်မြို့သစ်ရှုထောင့်ဖြင့် "လူအမျိုးမျိုးတို့၏ အနာရောဂါငြိမ်းရာ" ဟု ဆို

ထား၏ (ဗျာ ၂၂:၂)။ ရှေးဣသရေလခေတ်တွင် "လူအမျိုးမျိုး" (goyim) တို့ကို ဣသရေလတို့၏ ရန်သူများဟု စာရင်းသွင်းထား၏။ ယခု၊ ပတ်ဝန်းကျင်အသစ်တွင် လူအမျိုးမျိုးတို့ကို ဘုရား၏လူများ၏ ရန်သူများဟု မမှတ်တော့ပါ။ ၎င်းတို့လည်း ဘုရား၏လူများ ဖြစ်လာကြပါပြီ။

ထွက်မြောက်ရာဖြစ်စဉ်သည် လောကုတ္တရာခါနန်ပြည်သစ်သို့ ဝင်စားမည့်ပုံရိပ်ဖြစ်၏။ တူညီသည့်အချက်ကား "အမွေ၊" "ယာကုပ်၏ဘုန်း" စသည်တို့ဖြစ်ပြီး ကတိခံရာပြည်ကို သိမ်းခြင်းကိုညွှန်းပြီး ထိစပ်နိုင်ငံများကိုပါ သိမ်းယူခြင်းလည်းပါ၏ (တရား ၃၂:၈)။ ဆာလံသီချင်းသည် ဘုရား၏အုပ်စိုးခွင့်ကို နာခံသည် နိဂုံးတွင် ဣသရေလနှင့် လူအမျိုးမျိုးတို့၏အကြောင်းနှင့် နိဂုံးချုပ်ထား၏။

**ဆာလံ ၇၅ – ဘုရားသခင်သည် ကျွန်ုပ်တို့ခိုလှုံရာ။** ဆာလံ ၇၅ သည် ဘုရား၏ တရားစီရင်ပုံသုံးမျိုးကို ပြထား၏။ ပထမကား အုတ်မြစ်များကို အမြစ်လှန်သည့် ကမ္ဘာကြီးလှုပ်ခါမှုအကြောင်း ဖြစ်၏ (ဆာ ၇၅:၃)။ ဤဆာလံသည် တရားပျက်နေသည့် ကျွန်ုပ်တို့၏ခေတ်ကို ခင်းပြသကဲ့သို့ရှိ၏။ တရားသူကြီးဖြစ်သည့် ဘုရားသခင်သည် ၎င်း၏လူများအား "မြေကြီးတည်သောတိုင်တို့ကို ငါထောက်ခံရ၏" (ဆာ ၇၅:၃) ဟု အသိပေး၏။

ဒုတိယကား ဘုရားသခင်သည် လူဆိုးများအပေါ် စပျစ်ရည်လောင်းခြင်းဖြစ်၏။ လူဆိုးများသည် စပျစ်ရည်ကို သောက်ရကြ၏ (ဆာ ၇၅:၈)။ ထို့အတူ ဗျာဒိတ်ကျမ်းသည် ဘုရား၏ အမျက်တော်ဖလားအကြောင်း မကြာမကြာပြတတ်၏ (ဗျာ ၁၄:၁၀၊ ဗျာ ၁၆:၁၉၊ ဗျာ ၁၈:၆)။

တတိယကား ချိုများဖြစ်၏ (ဆာ ၇၅:၁၀)။ ဦးချိုများသည် အာဏာ၊ ကျက်သရေ ပုံရိပ်ဖြစ်၏ (တော ၂၃:၂၂၊ ဒံ ၇:၈)။

အဆင့်တိုင်းတွင် ဘုရားသခင်သည် တရားမျှတမှုကို ဖော်ဆောင်၏။ ဘုရားသခင်သည် ချိုကြွကြသည့် လူဆိုးများကို ချိုးနှိမ်၏ (ဆာ ၇၅:၅:၁၀)။ ဘုရားသခင်သည် ချိုးနှိမ်ခံရသည့် တရားသောသူတို့၏ ဦးချိုကို ချီးမြှောက်၏ (ဆာ ၇၅:၁၀)။ ဘုရားသခင်သည် စာတန်မှောက်ထားခဲ့သည့် အရာများကို ပြန်၍လှန်၏။

ဤမျှော်လင့်ချက်မျိုးကို ဒေသနာကျမ်းတွင် ကတိပေးထား၏။ ကမ္ဘာတွင် ဖြစ်ပျက်နေသည့် အပျက်တရားများအပေါ် ဝမ်းနည်းမိပြီးနောက်တွင် ရှောလမုန်သည် "ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့၏အမှုနှင့်၊ မတရားသောသူတို့၏အမှုကို စစ်ကြောစီရင်တော်မူမည်ဟု ငါအောက်မေ့၏။ အကြောင်းမူကား၊ ခပ်သိမ်းသောအကြံ၊ ခပ်သိမ်းသောအမှုတို့ကို စစ်ကြောစီရင်ရသောအချိန် ရှိ၏" (ဒေ ၃:၁၇ ကို ဒေ ၁၂:၁၄ နှင့် နှိုင်းယှဉ်ပါ) ဟု မျှော်၏။ ဤသဘောတရားကို ဗျာ ၁၄ ရှိ ကောင်းကင်တမန်က တရားစီရင်မှုအကြောင်း ဆိုထား၏။ ကောင်းကင်တမန်သည် တစ်ဘက်တွင် သားရဲကို ကိုးကွယ်ကြသူများသည် (မှားသောအသင်းတော်) "ဘုရားသခင်၏

ဒေါသဖလား၌လောင်းသော အမျက်တော်စပျစ်ရည်စစ်ကို သောက်ရလိမ့်မည်" (ဗျာ ၁၄:၁၀) ဟု ဆိုထား၏။ အခြားဘက်တွင် ဖန်ဆင်းရှင်ကို ကိုးကွယ်ကြသူများသည် "ဘုရားသခင်၏ ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သော သန့်ရှင်းသူများ" ဖြစ်ပြီး "ပင်ပန်းခြင်း ငြိမ်းမည်" ဟု ဆိုထား၏ (ဗျာ ၁၄:၁၂၊ ၁၃)။

**ဆာလံ ၆၇ – ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကောင်းချီးမင်္ဂလာ။** ဆာလံ ၆၇ တွင် ဩဇာပေးသည့် ဆုတောင်းပါဝင်၏ — "မြေကြီးသားတို့သည် အမှုတော်တို့ကို သိပါစေသော" (ဆာ ၆၇:၂ ကို ဆာ ၆၇:၃၊ ၅၊ ၆၊ ၇ တို့နှင့် နှိုင်းယှဉ်ပါ)။ ကောင်းချီးတောင်းသည့် ဤဆုတောင်းသည် အာရုန်မျိုးဆက်ကောင်းချီးကို ထင်ဟပ်ပြ၏ — "အကျွန်ုပ်တို့ကို ကောင်းချီးပေး၍ မျက်နှာတော်၏အလင်းကို လွှတ်တော်မူပါစေသော" (ဆာ ၆၇:၁ ကို တော ၆:၂၃-၂၆ နှင့် နှိုင်းယှဉ်ပါ)။ စကားဆိုသူမည်သူဖြစ်ကြောင်း အတိအကျ မဆိုထားသော်လည်း တူရိယာပညာရှင် ခေါင်းဆောင်ကို ညွှန်းခြင်း၊ ပုရောဟိတ်ကောင်းချီး ချွေခြင်းများက ဘုရားရှိခိုးသူများကို ဦးဆောင်သည့် ပုရောဟိတ်ဖြစ်သည်ကို ပြ၏။ ဤဆုတောင်း ထူးခြားခြင်းမှာ ကမ္ဘာချီကာ ဆုတောင်းသောကြောင့်ဖြစ်၏။ ဤဆာလံသည် မိမိကိုယ်ကို ကောင်းချီးနှင့်စ၏ "အကျွန်ုပ်တို့ကို" (ဆာ ၆၇:၁)။ ထိုသို့ ဆန္ဒပြုပြီးနောက်တွင် "မြေကြီးသားတို့သည် အမှုတော်တို့ကို သိပါစေသော" ဟု ဘာသာပြောင်းလာသူများအတွက် ဆန္ဒပြု၏ (ဆာ ၆၇:၂)။ ဤဆာလံသည် ဣသရေလသာမဟုတ်ဘဲ လူမျိုးခပ်သိမ်း ဘုရား၏ကောင်းချီး ခံစားရမည့် နောက်ဆုံးသောကာလကို ရှေ့ရှု၏။ ဤဆုတောင်းသည် "နေ၏အရောင်၊ လ၏အရောင်ကို" မလိုသည့် (ဗျာ ၂၁:၂၃) ယေရုရှလင်မြို့သစ်တွင်မှသာ ပြည့်စုံပါမည်။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ဘုရားသခင်ထံ ယခုတွင်ခိုလှုံရန် နောက်ဆုံးအချိန်ကာလကို စောင့်ရန်မလိုပါ။ လက်ရှိကြုံနေရသည့် ဒုက္ခများသည်ပင်လျှင် ဘုရားထံ ခိုလှုံစေသင့်ပါပြီ။ ကျွန်ုပ်တို့စိတ်အားငယ်ချိန်တွင် ယုံကြည်ခြင်းမတူသည့် လုပ်ဖော်ကိုင်ဖက်များ (သို့) မိတ်ဆွေများက ကျွန်ုပ်တို့ကို ခြိမ်းခြောက်၊ ပြက်ရယ်ပြု၊ ခြေထိုးကြပါမည်။ (သို့) ဖျားနာခြင်း၊ စာမေးပွဲကျခြင်း၊ ငွေခက်ခဲခြင်း၊ အထီးကျန်ခြင်းများကြောင့် စိတ်အားငယ်နိုင်ပါသည်။ ထိုထိုများမှ တစ်ခုခုနှင့်ကြုံလျှင် ဘုရားသခင်ထံ ခိုလှုံသင့်သူ ဖြစ်ပါပြီ။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့၏ဒုက္ခကို ဖြေရှင်းနိုင်သူ ဖြစ်ပါသည်။ ဘုရားသခင်သာလျှင် ဒုက္ခကိုရင်ဆိုင်ရဲရန် ခွန်အားပေးနိုင်သူ ဖြစ်ပါသည်။

"မင်းမျိုးမင်းနွယ်" ဖြစ်ခြင်းသည် ကျွန်ုပ်တို့ခေတ်နှင့် အံမကျလှပါ။ သို့သော် ကျွန်ုပ်တို့ မျက်နှာမွဲရချိန်တွင် မင်းမျိုးမင်းနွယ် ဖြစ်ရခြင်းအကြောင်းက ကျွန်ုပ်တို့ကို

စိတ်ဓာတ်မကျရန် ကူညီပါလိမ့်မည်။ ဘုရင်တကာတို့၏ဘုရင်သည် ကျွန်ုပ်တို့ကို ဂရုပြုပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရား၏သားသမီးများ ဖြစ်ကြသောကြောင့် ဘုရား၏ကတိတော်ကို မကြာမီတွင် အမွေခံရပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဒုက္ခများ၊ မတရားမှုများကို ကြုံရသည့်အခါ ဒေသနာကျမ်းတွင် ပြသည့် တရားကို အာရုံပြုနိုင်ပါသည် — "လျင်မြန်သောသူသည် ပြိုင်၍ပြေးသော်လည်း မနိုင်တတ် ... ကာလ၊ အဆင်သင့်ခြင်း ရှိသည်အတိုင်း ဖြစ်တတ်၏" (ဒေ ၉:၁၁)။ လူ့ဘုံရှိ မတရားသည့်သန္တေသည် ကရုဏာ၏ လုပ်ဆောင်ခြင်းကို အမှတ်ရစေသင့်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရရှိကြသည့် ဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ သနားခြင်းများနှင့် မထိုက်တန်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရား၏ ကရုဏာတော်ကို အမှီပြုရပါမည်။ ဘုရား၏ ဘုန်းရောင်တော်သည် ကျွန်ုပ်တို့၏ ဘုန်းရောင်တော်ဖြစ်ပြီး၊ ဖြစ်ဆဲပင် ဖြစ်ပါသည်။ ယခုတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကရုဏာလက်ဆောင်ကို ရရှိခံစားကာ ဓမ္မခရီးတွင် စိတ်ချလက်ချဖြင့် မည်သို့ဖြင့် လျှောက်လှမ်းနိုင်ကြမည်နည်း။

**မှတ်သားရန်–**

## သင်ခန်းစာ - ၁၀

*မေလ ၃၁ — ဇွန်လ ၆

# ကပ်ကာလအဆုံးတွင်ဖြစ်သောသူတို့



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဗျာ ၆း၁၂-၁၇။ မဿဲ ၂၄း၃၆-၄၄။ ကမ္ဘာ ၆း၁-၈။ ၂ပေ ၂း၄-၁၁။ ကမ္ဘာ ၁၈း၁၇-၃၂။ ဒံယေလ ၇း၉၊ ၁၀။

**အလွတ်ကျမ်းချက်။** '**ထိုအကြောင်းအရာရှိသမျှတို့သည်ပုံသက်သေဖြစ်အံ့သောငှါထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သော ကျွန်ုပ်တို့ကို သုံးမစရာဘို့ ကျမ်းစာ၌ ရေးသားလျက်ရှိသတည်း။**' (၁ ကော ၁၀း၁၁၊ ၁၂)

သမ္မာကျမ်းစာသည်အနာဂတ်တွင် ဖြစ်ပျက်မည့်အရာများ ယနေ့အတွက် "သမ္မာတရား" များကို သိကျွမ်းစေသော ဘုရားသခင့်လူသားတို့၏ ရာဇဝင်တို့ဖြင့် ပြည့်နက်လျက်ရှိ၏။ တစ်ချို့ရာဇဝင်တို့သည် နောက်ဆုံးသောနေ့ရက်အတွက် အဖြစ်အပျက်များအား နိမိတ်လက္ခဏာပြခြင်းဖြင့် ဒံယေလအနာဂတ္တိကျမ်းနှင့် ဗျာဒိတ်ကျမ်းတို့ကို သိကျွမ်း နားလည်နိုင်ရန် ထောက်မပေးနိုင်သည်။

တစ်စုံတစ်ဦး၏ လွတ်လပ်ခြင်းကိုမျှ ချိုးဖေါက်ခြင်းမပြုဘဲ နောက်ဆုံးနေ့ရက်တွင် ဖြစ်ပျက်မည်ဟု ပုရောဖက်တို့မှ ဟောပြောထားသောအရာများကို အံ့ဝင်ဂွင်ကျ ဖြစ်ပျက်စေရန် ထာဝရဘုရားကိုယ်တိုင်မှ ဦးတည်ပေးနေသည်။ အရေးကြီးသော ရာဇဝင်အချို့မှသောဒုံ၊ ဂေါမောရနှင့် ရေလွှမ်းမိုးခြင်းတို့ကို ဓမ္မသစ်ကျမ်းတွင်ပင် နောက်ဆုံးနေ့အတွက် ညွှန်းထားသောကြောင့် သိသာထင်ရှားမှုရှိ၏။ တစ်ချို့တို့အတွက် နှုတ်ကပတ်တော်တွင် ပေးထားသော အဖြေကို သမ္မာတရားများထဲမှ သေချာလေ့လာခြင်းဖြင့် ရှာဖွေရန် လိုအပ် သည်။

လာမည့်ရက် သတ္တပတ်များအတွင်းတွင် ဒုတိယကြွလာခြင်း ၊ စူးစမ်းလေ့လာသော တရားစီရင်ခြင်းနှင့်နောက်ဆုံးကပ်ဆိုက်ကာလအကြောင်း တို့ကို မည်သို့ ပြောဆိုကြရမည်ဆိုသည်များကို သင်ကြားကြရပါမည်။ ထိုသို့လေ့လာရာတွင် ပုရောဖက်များ၏ လုပ်ဆောင်ခြင်းတွင် ခရစ်တော်သည်ပင်လျှင် နောက်ဆုံး ပန်းတုံးတိုင်၏ မူလအခြေခံ ဖြစ်သဖြင့် ခရစ်တော်ကိုပင် ဗဟိုချက်မအဖြစ်ထားကာလေ့လာကြရပါမည်။

* ဇွန်လ ၇ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဖွန်လ ၁ ရက်

## သိုးသူငယ်၏ ဒေါသ

**ပတ်ရှုပါ – ဗျာဒိတ်ကျမ်း ၆း၁၂–၁၇။ ရုတ်တရက်ပင် ဖြစ်လာသော နောက်ဆုံးနေ့ဖြစ်ရပ်များအား ထိုလူသားတို့ ၏ တုံ့ပြန်ခြင်းကို အသေးစိတ် လေ့လာသုံးသပ်ပါ။ သူတို့၏ တုံ့ပြန်မှုတွင် မည်သည်ကို သင်သတိပြုမိသနည်း။**

ပျောက်ဆုံးသော သူတို့သည် "အဘယ်နည်း၊ အနောက်ကွယ်တွင် မည်သူရှိသနည်း" ဟုမေးမြန်းခြင်းမရှိပါ၊ အဖြစ်အပျက်ကို သိရှိဟန်တူပါသည်၊ သိသင့်သိထိုက်သော ခရစ်တော်၏သမိုင်းကို သိကြသဖြင့် ယေရှုကိုလည်း "*သိုးသူငယ်*" ဟု ရည်ညွှန်းကြပါသည်၊ "*သူ၏အမျက်တော် ထင်ရှားသောနေ့ရက်ကြီး*" ကိုလည်း သတိပြုမိကြရာ မျှော်လင့်ရာကင်းမဲ့စွာ "*ဘယ်သူသည် ခံရပ်နိုင်မည်နည်း*" ဟုညည်းတွားကြ၏၊ အဆုံးမရောက်မီ ဇဝ်ဂေလိတရားကို မြေကြီးအရပ်ရပ်သို့ ဟောပြောရမည် *(မဿဲ ၂၄း၄)*၊

ကောင်းကင် တမန် သုံးပါးသတင်းကိုလည်း ကမ္ဘာအနှံ့ပို့ဆောင်ခဲ့ပြီ ဖြစ်သော်လည်း တစ်ချို့တို့သည် သတင်းမရခြင်း မဟုတ်ဘဲ ယုံကြည်နားထောင်ရန် ငြင်းဆိုခြင်းကြောင့် အပြင်သို့ရောက်သွားကြလိမ့်မည်၊ နောက်ဆုံး နေ့ရက်တွင် တစ်ချို့တို့သည် ထိုသို့ ပျောက်ဆုံးကြလိမ့်မည်၊

**ပတ်ရှုပါ – မဿဲ ၂၄း၃၆–၄၄။ နောဧ၏ ရာဇဝင်မှ မည်သည့်သင်ခန်းစာ ဆွဲယူနိုင်ရန် ယေရှုက သွန်သင်သနည်း။**

---

ယေရှုက သူပြန်ကြွလာခြင်းသည် အများသူငါတို့၌ မထင်မမှတ်ဘဲ ဖြစ်ကြလိမ့်မည်ဟု ဆိုသည်၊ ရေလွှမ်းမိုးခြင်းနှင့်တကွ ဒုတိယကြိမ်ကြွလာခြင်းသည် သတင်းမကြားရဘဲ ရုတ်တရက် ဖြစ်လာသည် မဟုတ်ကြပါ၊ နောဧသည် နှစ်ပေါင်း ၁၂၀ ဟောပြောနေသော်လည်း ယုံကြည်ရန် ငြင်းပယ်ကြသည်၊ ဖြစ်ပျက်မည့် အရာကို ပြောပြထားပါသည်၊ ၄င်းတို့ မှ မယုံကြည်ခြင်းသာ ဖြစ်သည်၊

လူမြောက်များစွာတို့သည် အချိန်ကြာညောင်းခြင်းဖြင့် ထိုအနာဂတ္တိကျမ်းတို့သည်မှားယွင်းသည်ဟု ဆိုကြတော့သည်၊ ရေကြီးခြင်းရာဇဝင်ကို ကိုးကားလျက် ပေတရုသည် "နောက်ဆုံးသော နေ့ရက်တွင် ပြက်ရယ်ပြုတတ်သော သူတို့သည် မိမိတို့ တပ်မက်ခြင်း အတိုင်း ကျင့်နေ၍ သခင်ဘုရားကြွလာမည်ဟူသော ကတိသည် အဘယ်မှာရှိသနည်း၊ ဘိုးဘေးများ အိပ်ပျော်သည်နောက် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်း စက ဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏" *(၂ပေ ၃း၃၊၄)* ဟု ဆိုကြလိမ့်မည်ဟု ဆို၏၊ တစ်နှစ်ပြီးတစ်နှစ် ဤစကား ကိုသာ ကြားနေရပါလိမ့်မည်၊

**ယေရှု ဒုတိယကြိမ်ကြွလာခြင်းသည် *(အချို့အားတတိယအကြိမ်လည်းဖြစ်နိုင်သည်)* တစ်ဦးစီ၏ အတွေ့အကြုံတွင် သေလွန်ပြီးမှသာဖြစ်ကြသဖြင့် အသက်တာသည်တိုတောင်းလှကြောင်း ကျွန်ုပ်တို့ သိကြပါ၏။ ဤအချက်သည် အချိန်ကြန့်ကြာရသည့် အကြောင်းရင်းကို မည်သို့နားလည်စေနိုင်သနည်း။**

**တနင်္လာနေ့** ဇွန်လ ၂ ရက်

## နောဧ၏ ဝေံဝေလီတရား ကြွေးကြော်ခြင်း

ပေတရုသည် ခရစ်တော်ကြွလာချိန်တွင် ပြင်ဆင်မှုမရှိသောသူတို့သည် ရေလွှမ်းမိုးစဉ်ကကဲ့သို့ပင် "*ဆန္ဒရှိရှိမေ့သည်" (၂ပေ ၃း၅)* ဟုဆို၏။ အကြီးအကျယ် ရေလွှမ်းမိုးသည့် ရာဇဝင်ကို ကမ္ဘာ့ယဉ်ကျေးမှုများ စွာတို့မှ မှတ်တမ်းတင်ထားကြရာ၊ ဂရိလူမျိုးများမှအစ အမေရိက အလယ်ပိုင်းရှိ မာယာလူမျိုးများထိတိုင် မှတ်တမ်းတင် ထားကြပါသည်။ သို့သော်လည်း သမ္မာကျမ်းစာ၏မှတ်တမ်းတွင် နောဧ၏ရာဇဝင်သည် ယနေ့တွင် လှောင်ပြောင်ခြင်းအခံရဆုံးသောမှတ်တမ်းပင် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ရှင်းလင်းစွာတင်ပြ၍ ဓမ္မသစ်ကျမ်းတို့သည်လည်း အကြိမ်များစွာ ကိုးကားထား သော်လည်း အနာဂတ္တိ စကားအတိုင်း ထိုရာဇဝင် သည် ဒဏ္ဍာရီအဖြစ် သတ်မှတ်ခံရကာ ဘေးဖယ်ခံထားရသည်။

**ကမ္ဘာ့အခြေအနေသည် 'နောလေက်ထက်ကကဲ့သို့ဖြစ်မည်' ကို ယေရှုသည် မဿဲ ၂၄း၃၇ – ၃၉ တွင် မိန့်တော်မူသည်။ ကမ္ဘာ ၆း၁ – ၈ နှင့် နှိုင်းယှဉ်ပါ။ ရေလွှမ်းမိုးရသည့်တိုင် ခေါ်ဆောင်နိုင်သော ကိုယ်ကျင့်တရားသည် မည်သို့နည်း။ ထိုအခြေအနေ နှစ်ခုတို့သည် မည်သည့်အလားတူခြင်းများ ရှိသနည်း။**

ထာဝရဘုရား၏ နောက်ဆုံးလူသားတို့အတွက် အရေးကြီးသော သင်ခန်းစာ တစ်ခု ကျန်နေသေးသည်။ ဟေဗြဲ ၁၁း၇ တွင် နောဧသည် "မမြင်သေးသော အမှုအရာတို့ကို ဖော်ပြသောဗျာဒိတ်တော်ကို ခံပြီးမှ ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့ခြင်းရှိ၍ မိမိ အိမ်သူ အိမ်သားတို့ကို ကယ်တင်သောငှါ သင်္ဘောကို တည်ဆောက်လေ၏။ ထိုသို့ ယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကိုအပြစ်တင်၍ ယုံကြည်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်ခြင်း ကို လည်း အမွေခံရ၏" ဟု ဆို၏။

ရာစုနှစ်တစ်ခုပင် ကျော်လွန်၍ ဟောပြောခဲ့သော်လည်း သင်္ဘောကြီးနှင့် အထဲတွင် မိမိ မိသားစုတင် ရှိသည်ဆိုပါစို့။ နောဧသည် ခေတ်ပေါ်တရားဟောဆရာပင် ဖြစ်ခဲ့သော်၊ နှစ်ပေါင်းဆယ်ချီဟောပြောသော်လည်း ရလဒ်မရှိသဖြင့် ဆုံးရှုံးသည်ဟုပင် ဆိုရပေမည်။

ယခုခေတ်တွင် ကောင်းကင်တမန်သုံးပါးသတင်းကို ကမ္ဘာ့အစိတ်အပိုင်း မြောက်များစွာတို့မှ တုံ့ပြန်လာကြ၏။ ကျန်ကြွင်းခြင်းသတင်းကို တရားထွက်ဟောခြင်းဖြင့် ကိုယ်တော်ကို သိရှိလာသူများစွာရှိလာ သောကြောင့် ထိရောက်မှုရှိသည် ဟု ဆိုရပေမည်။ ရလဒ်မရှိသောနေရာများသည် လက်လှမ်းမမီခြင်းကြောင့်ပင် ဖြစ်သော်လည်း "စမ်းသပ်ကာလကုန်ဆုံး၍ ကရုဏာတံခါးသည် ပိတ်ရပါတော့မည်။ ပြင်ဆင်ထားသော သူတို့သည် သတို့သားနှင့်အတူ မင်္ဂလာပွဲထဲသို့ဝင်ရ၍ တံခါးကို ပိတ်ရပါတော့သည် ဟူသော စကားအရ ကယ်တင်ခြင်းလုပ်ငန်းကြီး ပြီးဆုံးချိန်တိုင်အောင် ကယ်တင်ရှင်သည် ကျွန်ုပ်တို့ကို ခေါ်ဆောင်တော်မူသည်။" (အီးဂျီဝိုက်၊ *မဟာတိုက်လှန်ပွဲ၊* စာ – ၄၂၈)။ ထိုနေ့ရက်တိုင်အောင် အသင်းတော်သည် လုပ်ငန်းတစ်ခု ရှိနေသေး၏။

**ကျွန်ုပ်တို့၏ ကိုယ်ပိုင်သာသနာလုပ်ငန်းမှ အသီးအပွင့် မရှိသော်လည်း စိတ်မပျက်ရန် မည်သို့ သွန်သင်ထားသနည်း။ ကျွန်ုပ်တို့၏ကြိုးစားမှုကို အဘယ့်ကြောင့်ဆက်ထိန်းသိမ်းရမည်နည်း။ *(ယော ၄း၃၇)*။**

**အင်္ဂါနေ့** ဇွန်လ ၃ ရက်

## သောဒုံနှင့် ဂေါမောရတို့၏ ရာဇဝင်

နောက်ဆုံးနေ့ရက်အကြောင်းနှင့် ပတ်သက်၍ပေတရုသည် ဓမ္မဟောင်းကျမ်းမှ သောဒုံ၊ ဂေါမောရတို့၏ ရာဇဝင်ကို တိုက်ရိုက်အသုံးပြုထားပါသည်။ ထိုလွင်ပြင်မြို့ နှစ်ခုတို့သည် ဆိုးသွမ်းခြင်းတွင် ရာဇဝင်တွင်၍ ကောင်းကင်မှ မီးကျကာ လောင်ကျွမ်း ဖျက်ဆီး ခံရသည့် ပထမဆုံးမြို့ဖြစ်လာကြသည်။

**ဖတ်ရှုပါ – ၂ ပေ ၂း၄ – ၁၁။ ယုဒ ၅ – ၈ နှင့် ယေယ ၁၆း၄၆ – ၅၀ အသေးစိတ် ဂရုစိုက်ပါ။ ထိုမြို့များကို ဖျက်ဆီးခြင်းသို့ပို့ဆောင်သောကိုယ်ကျင့်တရားသည် မည်သည်တို့ဖြစ်၍ ယနေ့တွင် မည်သည့်အလားတူ ခြင်းရှိသနည်း။**

သောဒုံနှင့်ဂေါမောရတို့၏ ရာဇဝင်ဖြင့် ယနေ့နောက်ဆုံးလူသားတို့အား သတိပေး ခြင်းမှာ ရှင်းလင်းလှ၏။ ဗျာ ၂၀ သည် လူဆိုးများအား မီးဖြင့် ဖျက်ဆီးပစ်မည်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ အပြစ်ဟူသည် လည့်စား၍ မိမိစိတ်နလုံးအား မျက်စိ ကန်းစေသည်။ သူတစ်ပါး၏ ဆိုးသွမ်းခြင်းသည် မိမိအတွက် ရှင်းလင်းစွာ မြင်နေရ သော်လည်း မိမိလွန်ကျူးသောအရာများတွင်ပင် မိမိကိုယ်မိမိ မှန်ကန်သည်ဟု ထင်ရ အောင်ဖုံးဖိပေးထားသည်။ ထိုအခန်းကြီးတွင်ပင် ထာဝရဘုရားသည် မိမိ လူသားများ အားမည်မျှ ချစ်တော်မူ ကြောင်းကို ပြသထားရာ၊ ၎င်းအပြစ်ကို တိကျစွာ မလွန်ကျူး သော်လည်းသောဒုံထက်ပင် ဆိုးယုတ်နေသည်ဟု ထိုလူမျိုးအား သတိပေးထားသည် (ယေ ၁၆း ၄၇)။

ဣသရေလသည် "ပြည်တန်ဆာလုပ်သည်" *(ယေ ၁၆း ၄၁)* ဝိညာဉ်ရေး ဖောက် ပြန်သည်ဟူ၏။ ဆိုးသွမ်းခြင်းဖြင့် ရာဇဝင်တွင်သော လူမျိုးတို့ထက် ထာဝရဘုရား၏ လူတို့သည် သာ၍ဆိုးသည် ဆိုသည်ကို တွေးကြည့်ပါ။ အသစ်အဆန်းတော့ မဟုတ်ပါ။ ရှေးဣသရေလတင်မက လူသားအားလုံးပင် ဖြစ်သည်။ ရှင်ပေါလုသည် ရောမ ၁း၁၈ – ၃၂ တွင် ယနေ့ သတင်းစာတွင် ပါဝင်လောက်သော လူသား၏ ဆိုးသွမ်းခြင်းမျိုးများ ကို စာရင်းပြုစုထားသည်။ ပေါလုသည် သာသနာပလူတို့၏ အပြစ်များကို ဖော်ပြရသည်မှာ ဂျူးလူတို့သည် မိမိတို့ကို မိမိ ကြီးမြတ်သည်ဟု ယူဆရန် မဟုတ်ပါ။ ထာဝရဘုရား၏ လူတို့သည်လည်း မိမိတို့၏ အပြစ်တို့သည် မည်မျှ လေးနက်သည်ကို သိစေလို သော ကြောင့် ဖြစ်သည်။

ဒါဝိတ်၏အပြစ်ကို ဖော်ပြရာတွင် နာသန်သည် ဆင်းရဲသား၏သိုးလေးကို လုယူ သော ချမ်းသာသူအ ကြောင်း ပြောခဲ့ရသည်။ ၎င်းပုံပြင်တွင် မတရားခြင်းသည် ထင်ရှား လှသဖြင့် ဒါဝိဒ်၏အမျက်ကို *"ပြင်းစွာ"* ထွက်စေသည် *(၂ ဓမ္မ ၁၂း၅)*။ နာသန်သည် လည်း ထိုသူသည် ကိုယ်တော်ဖြစ်၏ *(၂ ဓမ္မ၊ ၁၂း ၅)* ဟုပြန်ပြောကာ ဒါဝိဒ်သည် မိမိကို မိမိမြင်စေသည်။

**သမ္မာကျမ်းစာတော်သည် အပြင်လူတို့အကြောင်းကို ပြောဆိုနေသည် မဟုတ်ဘဲ မိမိ လူတို့၏ အကြောင်း ကိုသာ ပြောဆိုနေခြင်းဖြစ်သည်။ ဗျာ၊ ၁၃ နှင့် ၁၇ တို့ရှိသော ရက်စက် ကြမ်းကြုတ်သော အပြစ်များကို တွေ့မြင်သောအခါထိုထောင်ခြောက်တွင် မိနိုင်သည်ဖြစ်ကြောင်း သတိပေးခြင်းပင် ဖြစ်သည်။**

## မြေကြီးတစ်ခွင်၏ တရားသူကြီး

သောဒုံမပျက်စီးမီကလေးတွင် မံရေလွင်ပြင်တွင် ရာဇဝင်တစ်ခု ဖြစ်ပျက်သေးသည်။ ထာဝရဘုရား သည် ကောင်းကင်တမန်နှစ်ပါးတို့ ခြွေရံလျက် အာဗြဟံထံသို့ ပေါ်လာ၏။ အာဗြဟံသည် ထိုကောင်းကင် ဧည့်သည်တို့အား မြင်လေသော် စားပွဲဖြင့် တည်ခင်းဧည့်ခံရာ ထိုတွင်ပင် ထာဝရဘုရားသည် အာဗြဟံနှင့်စာရာတို့သည် မေရှိယအား ဖွားမြင်စေမည့် သားတစ်ဦးရရှိမည်ဟု ကတိပေးတော်မူသည်။ ယေရှု သည်လည်း အာဗြဟံမျိုးနွယ်မှပင် ဖွားမြင်လာသည် *(ဂလာ ၃း၁၆)*။ ထိုနောက် ၎င်းတို့၏ ရာဇဝင်သည်လွင်ပြင်၏မြို့ဆိုးမြို့ယုတ်များအကြောင်းတို့ပြောင်းသွားလေ၏။

**ပတ်ရှုပါ – ကမ္ဘာဦးကျမ်း ၁၈း၁၇ – ၃၂။ ထာဝရဘုရား၏ ဝိသေသလက္ခဏာနှင့် ကမ္ဘာ့ဆိုးသွမ်းခြင်းများ ကို ဖြေရှင်းရန် အစီအစဉ်မည်သည်များကို သွန်သင်ပေးသနည်း။**

ထာဝရဘုရားသည် ကျွန်ုပ်တို့အား ဖြေရှင်းပြရန် အကြွေး မတင်သော်လည်း လူသား တို့အတွက် သူလုပ်ခဲ့သမျှကို ဖုံးဖိမထားလိုပါ။ "အကယ်စင်စစ် ထာဝရဘုရားသည် မိမိ ကျွန်ပုရောဖက်တို့အား မဖော်ပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ" *(အာမုတ် ၃း၇)*။ ထာဝရဘုရားသည် သောဒုံ၊ဂေါမောရတို့အား မဖျက်ဆီးမီ ဖြစ်ပျက်မည့်အရာများကို အာဗြဟံအားဖော်ပြ၍ သက်သေခံရမည့်အချိန်ရစေသည်။ ကောင်းကင်တမန် နှစ်ပါးတို့သည် ထိုမြို့သို့ သွားရောက်၍ သတိပေးခေါ်ဆောင် နေခိုက်တွင် ထာဝရဘုရားသည် အာဗြဟံထံတွင် အချိန်ကုန်စေသည်။ ထိုကောင်းကင်တမန်တို့သည် ယခုနောက်ဆုံး အချိန်၏လူသားတို့အား ထိုအလုပ်ကို ပင်လုပ်နေကာ ဘေဘီလုန်မှ ထွက်လာကြရန် ခေါ်နေသည်ကို တွေးကြည့်ပါ *(ဗျာ ၁၄း၆ – ၁၂။ ဗျာ ၁၈း၁ – ၄)*။

နောက်ဆုံးသတိပေးလိုက်ပြီးနောက် ထာဝရဘုရားသည် ဖြစ်ပျက်မည့်အရာများကို အာဗြဟံအား ပြောပြရာတွင် သူကိုယ်တိုင်သည် အိမ်ဦးရှင်၏ မေးခွန်းကို ဆန္ဒရှိရှိ ဆွေးနွေးပေးသည်။ "ဖြောင့်မတ်သူတို့ကို မတရားသောသူတို့နှင့် တကွ ကွပ်မျက်ခြင်း အမှုသည် ကိုယ်တော်နှင့် ဝေးပါစေသော။ မြေကြီးလုံးကို စီရင်တော်မူသော သခင်သည် တရား သဖြင့် ပြုတော်မူမည် မဟုတ်လော" *(ကမ္ဘာ ၁၈း၂၅)* ဟုအာဗြာဟံ ဆို၏။ အာဗြဟံသည် သောဒုံကိုသာ စမ်းစစ်နေသည်မဟုတ်။ ထာဝရဘုရား၏ ဝိသေသ လက္ခဏာအား စစ်ဆေးနေခြင်းပင်ဖြစ်သည်။ ထိုနည်းတူ အဆုံးမရောက်မီ ထာဝရ ဘုရားသည် ကောင်းကင် စာအုပ်ကို ဖွင့်၍ (ဗျာ ၂၀း၄၊ ၁၁ – ၁၅) ကောင်းကင်မှ နောက်ဆုံးမီး မကျစေမီ ကျွန်ုပ်တို့အား စူးစမ်းခွင့်ပေးထားပါသည်။ မဖြေရသေးသော မေးခွန်း ပေါင်းများစွာတို့ အတွက် နှစ်ပေါင်း တစ်ထောင်ပင် ရရှိကြမည်ဖြစ်သည်။

**ပျောက်ဆုံးသူများအား နောက်ဆုံး တရားမစီရင်မီတွင် သူတို့၌ ဖြစ်ပြက်မည့် အရာများအား သိကျွမ်းနားလည်နိုင်ရန် နှစ်တစ်ထောင်ပင် ပေးတော်မူသည်။ ထာဝရဘုရားထံတော်တွင်ပင် မှီခို၍ ဤအရာများကို ရထိုက်သောသူများ မဟုတ်သော်လည်း ထာဝရဘုရား၏ဝိသေသလက္ခဏာသည် သတ္တဝါအပေါင်း တို့အား စေ့စေ့စပ်စပ် စစ်ဆေးခြင်းကိုပွင့်လင်းစွာပြုသည်ကိုမည်သို့ဖော်ပြသနည်း။**

ကြာသပတေးနေ့ ဇွန်လ ၅ ရက်

## ကြွလာခြင်းအကြို တရားစီရင်ခြင်း

ဒံယေလ ၇ တွင် တရားစီရင်ခြင်းကို ကန့်လန့်ကာနောက်က ရိပ်ကနဲ မြင်စေကာ ထာဝရဘုရားသည် မိမိ၏ပဋိညာဉ်မိသဟာယတွင် နေလိုသောသူတို့အား ကယ်တင်ရင်း အပြစ်၏ပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းနေသည်ကို မြင်တွေ့ရသောအခွင့်ရှိစေသည်။

**အကြိုတရားစီရင်ခြင်းကို ဒံယေလ ၇း၉၊ ၁၀၊ ၁၃၊ ၁၄၊ ၂၂။ ၂၆ နှင့် ၂၇ တို့၏ ဖော်ပြခြင်းကို ဖတ်ရှုပါ။ တရားစီရင်ခြင်း၏ အခြေခံ ဆုံမှတ်သည် အဘယ်နည်း။ နောက်ဆုံးတွင် မည်သို့စီရင် ဆုံးဖြတ်သနည်း။ ကယ်တင်ခြင်းစီမံကိန်းကို မည်သို့သွန်သင်နေသနည်း။**

ထာဝရဘုရားသည် လူသားအား တရားစီရင် နေရာတွင် မေးစရာလေး ရှိသေးသည်။ ဒေသနာကျမ်း ၁၂း၁၄ တွင် "ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို တရားသဖြင့် စီရင်တော်မူမည်" ဟုဆိုသည်။ ရှင်ပေါလုသည်လည်း တစ်ဦးနှင့်တစ်ဦး တရားစီရင်နေ စရာမလိုဘဲ "ငါတို့ရှိသမျှတို့သည် ခရစ်တော်၏ တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြ မည်" *(ရောမ ၁၄း၁၀)* ဟု သတိပေးထားသည်။ ထာဝရဘုရားသည် မည်သူ လွတ်မြောက်၍ မည်သူပျောက်ဆုံးသည့် စာရင်းမလိုအပ်သော်လည်း ကယ်တင်ခြင်းစီမံကိန်းတွင် အမှုထမ်းရသော ကောင်းကင်တမန်တို့သည် *(၁ ပေ ၁း၁၂)* မေးခွန်းမေးနိုင်သည်။ စာတန်၏ ပုန်ကန်ခြင်းတွင် ပါဝင်သော ကောင်းကင်တမန် သုံးပုံတစ်ပုံတို့အား ကောင်းကင်မှ နှင့်ထုတ်သည်ကို မြင်တွေ့ရသူ သက်သေတွေဖြစ်သည် *(ဗျာ ၁၂း၄)*။ ယခုတွင် ဘုရား သည် ကျွန်ုပ်တို့အား သူ၏ရှေ့မှောက်သို့ ဆောင်လာခဲ့၏။ ထာဝရဘုရားသည် စာအုပ်ကို ဖွင့်၍ သန့်ရှင်းသူတို့ကိုကြည့်ရှုစေ၏။

သောဒုံ၊ ဂေါမောရအတွက် အာဗြာဟံ၏ တိုးလျှိုးခြင်းသည် တရားစီရင်ခြင်းအား အမျိုး ပြခြင်းဖြစ်၍ တရားစီရင်ခြင်းတွင် အရေးကြီးသော အချက်များကို မြင်တွေ့စေသည်။ သောဒုံ၏ အပြစ်များကို ရှင်းလင်းစွာ စစ်ဆေးခဲ့သဖြင့် ထာဝရဘုရားသည် ထိုမြို့၏ အပြစ်သည် ဂုဏ်သတင်းကြီးမား၍ အပြစ်ကြီးလေးသည်ဟုဆို၏ *(ကမ္ဘာ ၁၈း၂၀)*။ သောဒုံ၊ ဂေါမောရအား မဖျက်ဆီးမီ စမ်းသပ်စစ်ဆေးသည်သာမက ထာဝရဘုရားသည် အဆိုးကို ဖျက်ဆီးရန် ဆုံးဖြတ်ခြင်းမပြုမီ တရားသဖြင့် ပြုမပြုကို အာဗြာဟံအား လေ့လာရန် တံခါးဖွင့်ထားပေးသည်။ ဒံယေလ ၇ ၏ ကောင်းကင်တရားစီရင်တွင် ပေါ်လာသော "*လူသား*" နှင့် တူသောသူ *(ဒံ ၇း၁၃။ မဿဲ ၂၀း၂၈)* သည် ယေရှုဖြစ်၍ "အမြင့်ဆုံးသောဘုရား၏ သန့်ရှင်း သောသူများအတွက်" *(ဒံ ၇း၂၂)* တရားစီရင်သည် ဆို၏။ သူ၏စုံလင်ဖြောင့်မတ်ခြင်းသည် သူ၏လူများကို တရားစီရင်ခြင်းအား ကျော်ဖြတ်စေ နိုင်စွမ်းသည်။

**သင်၏ တစ်သက်လုံး ပုံးလောသမျှသည် သန့်ရှင်းသော ထာဝရဘုရားရှေ့တွင် ပွင့်လင်းကုန်သည် ဆိုပါစို့။ ထိုတရားစီရင်ရာတွင် သင်၏တစ်ခုတည်းသော မြော်လင့်ခြင်းသည် အဘယ်နည်း။**

 ဇွန်လ ၆ ရက်

**ဆက်လက်လေ့လာရန်။** အီးဂျီဝှိုက်၊ *ရှေးဘိုးဘေးများနှင့် ပုရောဖက်များ။ ရေလွှမ်းမိုးခြင်း။* စာ – ၁၀၁၊ ၁၀၂။

"စာတန်၏ ပြစ်တင်ခြင်းမှ ယဇ်ပုရောဟိတ်မင်းကြီးသည် မိမိရော လူသားများပါ ကာကွယ်နိုင်စွမ်းမရှိပါ။ ဣသရေလသည် အပြစ်ကင်းစင်သည်ဟု သူမဆိုပါ။ လူသားတို့၏ အပြစ်ကို ပုံဆောင်သော ညစ်ထေးသောအဝတ်ကို ဝတ်လျက် ကောင်းကင်တမန်၏ အရှေ့တွင် ရပ်လျက် သူတို့၏အပြစ်တို့ကို ဝန်ချကာ သူတို့၏ နောင်တရခြင်းနှင့် နိမ့်ချခြင်းကို ဖော်ပြလျက် ရွေးနုတ်ရှင်၏ ကျေးဇူးတော်ကိုသာ မှီခိုကြောင်း ဖော်ပြသည်။ ယုံကြည်ခြင်းဖြင့် ထာဝရဘုရား၏ကတိတော်များကို မြွက်ဆိုသည်။

ထာဝရဘုရားကို ရှာဖွေသောသူတို့အပေါ် စာတန်၏ ပြစ်တင်ခြင်းကို ချက်ချင်းအရေးတယူ ပြုလုပ်ခြင်းမရှိပါ။ ဘုရား၏ပညတ်တော်ကို သူတို့က လွန်ကျူးမှုသာ သူတို့အပေါ်တွင် အာဏာပြနိုင်မည် ဖြစ်သဖြင့် သူတို့၏ ချွတ်ယွင်းသော အကျင့်စရိုက်များအတွက် စာတန် အလွန်ပျော်မြူးသည်။ သူ၏ ပြစ်တင်ခြင်းသည် ခရစ်တော်အား မုန်းတီးခြင်း သက်သက်ကြောင့်ပင် ထကြွလာရသည်။ လူသား မျိုးနွယ်အား စွဲကိုင်ထားခြင်းကို ယေရှု သည် ကယ်တင်ခြင်းစီမံကိန်းဖြင့် ရိုက်ချိုးပစ်သည်။

လူသားသည် မိမိခွန်းအားဖြင့် ရန်သူ၏စွပ်စွဲခြင်းကို မရင်ဆိုင်နိုင်ပါ။ အပြစ်စွန်းထင်းသော ဝတ်လုံဖြင့် အပြစ်ဝန်ချကာ ထာဝရဘုရားရှေ့တွင် ရပ်နေသည်။ နောင်တရ၍ ယုံကြည်ခြင်းဖြင့် မိမိတို့၏ ဝိညာဉ်ကို ယေရှု၌ အပ်နှံသူတို့သည် ကျွန်ုပ်တို့၏ ရှေ့နေ ယေရှုသည် ထိရောက်သော တိုးလျှိုးခြင်းဖြင့် တောင်းလျှောက် ပေးနေသည်။ ကရာနီ၏ ကြားဝင်ခြင်းဖြင့် သူတို့အတွက် ရှေ့နေလိုက်ပေးကာ အပြစ်ရှာသူကို နှိမ်နင်းသည်။ ခရစ်တော်သည် ထာဝရဘုရား၏ ပညတ်တော်ကို စုံလင်စွာနာခံခဲ့သဖြင့် ကောင်းကင်မြေကြီး တစ်ခွင်တွင် အနန္တတန်ခိုးကို အပ်နှင်းခံရသည်။" —*တောက်ရာမှမွဲ*။ စာ၊ ၅၈၃ – ၅၈၆။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁** ယေရှုက တပည့်တော်တို့သည် လောကတွင် ရှိနေသော်လည်း လောကနှင့်မဆိုင် ဟုဆိုသည်။ *(ယော ၁၇း၁၄။ ၁၇း၁၄ – ၁၆)*။ လောကကို အောင်မြင်ရမည့်တာဝန် နှင့် မိမိကိုယ်ကို "လောကီအညစ်အကြေးနှင့် ကင်းစင်ရန်" မည်ကဲ့သို့ထိန်းသိမ်းရမည်နည်း။ *(ယာကုပ် ၁း၂၇)*။

**၂** ရေမလွှမ်းမိုးမီ နောဧခေါ်လူအများတွင် အပူတော်ဆောင်ခြင်းမှ မဟာတိုက်လုန့်ပွဲ မည်မျှကြီးမားသည်ကို မည်သို့သိရသနည်း။ အလားတူ ယနေ့ ကျွန်ုပ်တို့မည်သည့်တာဝန်ရှိသနည်း။

**၃** ကောင်းကင်၏မီးသည် လူဆိုးများအား မမျိုချမီတွင် *(သောဒုံကဲ့သို့)* ထာဝရဘုရားသည် ၎င်းတို့ကို သေခြင်းမှ ထမြောက်စေပြီး စာတန်နှင့် တကွ အတူ အလုပ်လုပ်ခွင့်ပေးသည် *(ဗျာ ၂၀း၇ – ၉)*။ ထာဝရဘုရားသည် အရာခပ်သိမ်းကို တည့်မတ်စေခြင်းမပြုမီ ဤသို့ပြုကြောင်း မည်သို့အကြောင်းပြမည်နည်း။

**၄** ယခုအပတ် သင်ခန်းစာမှ သင့်အသက်တာအတွက် မည်သည့်သတိပေးခြင်း ရရှိသနည်း။ ခရစ်တော်၌ မည်သည့်မျှော်လင့်ခြင်းရှိကြောင်း သင့်အားသွန်သင်သနည်း။

## အပိုင်း ၆။ အရက်ဖြတ်ခြင်း

Andrew McChesney မှ ရေးသားသည်

Diana သည် လွတ်လပ်ရေးနေ့တွင် အရက်ကို နောက်ဆုံးအနေဖြင့် သောက်ခဲ့၏။ ဘီယာဗူးဖောက်ပြီး သူမ၏သူငယ်ချင်းများအား "နေပူတဲ့နွေရာသီခေါင်ခေါင်မှာ ဘီယာ အေးအေးလေးကို ကျိုက်လိုက်ရတာထက် ကောင်းတာဘာမှမရှိဘူး" ဟုပြော၏။ ထို့နောက် တစ်ငုံအားရပါးရ ကျိုက်လိုက်သည့်အခါ ထွေးထုတ်လုနီးနီး ဖြစ်သွား၏။ သူမက ဘီယာမကောင်းဘူးနေမှာဟု မှတ်ကာ တံဆိပ်ပြောင်းသောက်၏။ ဘာမှမထူး။ အရသာ အတူတူဖြစ်၏။ သူငယ်ချင်းများက တံဆိပ်နှစ်ခုလုံးကောင်းပါတယ်ဟု ဆို၏။

ထိုနေ့တွင် Diana သည် အရက်ဖြတ်လိုက်၏။ အကြောင်းမှာ သမ္မာကျမ်းစာက ဘီယာသောက်ခြင်းသည် မကောင်းဟု ပြထားခြင်းကြောင့် မဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်က သူမ၏ အရက်သောက်လိုစိတ်ကို ပြောင်းပေးသောကြောင့် ဖြစ်၏။

Diana နှင့် Loren တို့သည် Chicago မြို့အနီးရှိ မိသားစုတွေ့ဆုံပွဲတွင် Loren ၏ ဖခင်နှင့်နှစ်ခြင်းခံခဲ့၏။ Diana သည် နှစ်ခြင်းခံသည့် ကတိကဝတ်ကို ကြားရသည့်အခါ အံ့ဩသွား၏။ ယင်းတွင် "သင့်ခန္ဓာကိုယ်သည် သန့်ရှင်းသော ဝိညာဉ်တော် ဘုရား၏ ဗိမာန်တော်ဖြစ်ကြောင်းကို သင်ယုံကြည်ပါသလော။ သင့်ခန္ဓာကိုယ်ကို ထိန်းကျောင်းခြင်းဖြင့် ဘုရားသခင်ကို ဂုဏ်ပြုမည်လော။ ခန္ဓာကို အန္တရာယ်ပြုမည့်အရာများကို သုံးဆောင်ခြင်းမပြု၊ မသန့်ရှင်းသော အစားအစာများကို ရှောင်၊ အရက်ကိုသုံးခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး အခြားဆေးအမျိုးမျိုးကို ဆက်စပ် ပစ္စည်းများသုံးခြင်း၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချ ရောင်းဝယ်ဖောက်ကား ခြင်းတို့ကို ရှောင်ခြင်းဖြင့် ဘုရားသခင်ကို ဂုဏ်ပြုမည်လော" တို့ဖြစ်၏။

Diana လည်း Loren ကိုကြည့်ကာ "ဒါတွေကို ငါတို့ဘာကြောင့် မျက်မိမှောက်မိရ တာလဲ" ဟု တွေးဖြစ်၏။ သူမသည် Salt Lake City လေဆိပ်ရှိ အရက်ဘားတွင် အလုပ် လုပ်၏။ ဘောက်ဆူးများများလည်းရ အလုပ်လည်းသက်သာ၏။ ငွေရပေါက်ကောင်း သည့် အလုပ်မျိုးဖြစ်၏။ ထိုဆိုင်တွင် Diana အလုပ်မလုပ်တော့ပါ။ သူငယ်ချင်းများက သူမ၏ယုံကြည်မှုအပေါ် စိတ်ဝင်စားကြ၏။ Diana လည်း ကွတ်ကီးရောင်းသည့် အခြား ဆိုင်တွင်အလုပ်ဝင်၏။ လုပ်အားခနည်းသော်လည်း ဥပုသ်နေ့တွင် နားခွင့်ရ၏။

Diana နှင့် Loren တို့သည် Tennessee ရှိ Loren ၏ အဖိုး၊ အဖွားများကို စောင့် ရှောက်ရန်အလိုရှိသည်ဟုခံစားမိကြ၏။ ၎င်းတို့သည် Southern Adventist University အနီးတွင် နေထိုင်ကြ၏။ ထိုကာလသည် ဓမ္မခရီးတွင် စိန်ခေါ် အခံရဆုံးကာလဖြစ်၏။

ဆွေမျိုးတစ်ဦးက သတင်းစာအတွေ့အကြုံရှိကြောင်း သိရသည့်အခါ ၎င်းမန်နေဂျာ လုပ်နေသည့် Southern ရေဒီယိုဌာနတွင် အလုပ်လျှောက် စေ၏။ Loren လည်းရေဒီယို ဌာနတွင် ၁၀ နှစ်မျှကြာသွား၏။ ခုနစ်နှစ်မျှ development director အဖြစ် လုပ်ခဲ့၏။

ထို့နောက် Florida တွင်စဖွင့်သည့် Adventist ဆေးရုံ၏ development director ရာထူးကိုလျှောက်၏။ နောက်ထပ် ၁၀ နှစ်မျှ ဆေးရုံတွင် လုပ်ဖြစ်သွား၏။ Diana ၏ အကြောင်းကို နောက်အပတ်တွင် ဆက်၍ဖတ်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၁ ကော ၁၀:၁၁၊ ၁၂

**လေ့လာမှုဦးတည်ချက်။** က ၁၊ ဗျာ ၂၁-၂၂၊ မ ၂၄:၂၇၊ ဒံ ၁:၁၈၊ ဒံ ၁၂:၁၃

နောက်ဆုံးသောနေ့တွင် သွန်းဖြိုးမည့် ကောင်းချီးမင်္ဂလာအကြောင်းသည် ရူပါရုံဖြင့် ဖော်ပြခံရရုံမကဘဲ ကျမ်းစာတွင်ပါ ဖော်ပြထား၏။ ဤအချက်က - သမ္မာကျမ်းစာတွင် လောကီထုပ္ပတ်ကို အထုပ်ဖြေပြခြင်းဖြစ်သည့် "ဘုရားသခင်၏လူသည် ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစု" (၂ တိ ၃:၁၇) နိုင်ရန် နောင်လာမည့် အနာဂတ် ကာလတွင် ဖြစ်ပျက်မည့်အရာကို သိရန် သွန်သင်ပေးပါသည်။ လူသား၏ အကျိုးအတွက် ဘုရား၏အလိုတော်သည် ကျမ်းစာလာသည့် ဖြစ်ရပ်မှန်များ အားဖြင့် ရှေ့တွင် အစဉ်ခွန်အားယူနိုင်ကြရန် ဖြစ်ပါသည်။

ဒေသနာကျမ်းရေးခဲ့သည့် ကလောင်ရှင်က ဘုရားသခင်သည် "ခပ်သိမ်းသော အရာတို့ကို မိမိတို့အချိန်တန်မှ၊ လျောက်ပတ်စွာ ဖန်ဆင်းတော်မူပြီ။ လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ။ သို့ရာတွင်၊ ဘုရားသခင်စီရင်တော်မူသောအမှုကို၊ အစမှအဆုံးတိုင်အောင်၊ လူသည် စစ်၍မကုန်နိုင်" (ဒေ ၃:၁၁) ဟု ဆိုခဲ့၏။ ပြန်၍ဆိုရလျှင် လူသားများအတွက် ဘုရားသခင်၏ အလိုတော်သည် ထာဝရ အရေးပါသောကြောင့် ကျွန်ုပ်တို့သည် ရှေ့တွင်ဖြစ်ပျက်မည့် ထာဝရရှေ့ရေးသည် ကျမ်းစာလာဖြစ်စဉ်များတွင် ရှိသည်ဟု ကျွန်ုပ်တို့ မျှော်နိုင်ပါသည်။

ဤသင်ခန်းစာတွင် ဓမ္မဟောင်းကျမ်း၏ ဖြစ်စဉ်များမှ နောက်ဆုံးသော ကာလဆိုင်ရာ သတင်းစကားကို လေ့လာပါမည်။ ဖန်ဆင်းခြင်း၊ ရေလွှမ်းမိုးခြင်း၊ သောဒုံနှင့် ဂေါမောရမြို့တို့ ပျက်စီးခြင်း၊ ဒံယေလ၏ နေဗုခဒ်နေဇာ၏ နန်းတွင်းအကြောင်းများသည် နောက်ဆုံးသော ကာလအတွက် သတင်းပါးခြင်းပင် ဖြစ်ပါသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**ဖန်ဆင်းခြင်း။** ဖန်ဆင်းခြင်းအကြောင်းသည် သမ္မာကျမ်းစာတွင် နောက်ဆုံးသော ကာလဆိုင်သော ပုံရိပ်များကို အပြဆုံးသောဖြစ်စဉ် ဖြစ်ပါသည်။ ဖန်ဆင်းခြင်း အကြောင်းသည် ပထမဆုံးဖြစ်ပျက်သည့် ဖြစ်စဉ်ဖြစ်သောကြောင့် ဤကဲ့သို့ ထူးခြားရခြင်း ဖြစ်ပါသည်။ လူ့သမိုင်းသည် အစရှိသောကြောင့် ထာဝရမဖြစ်နိုင်ပါ။ သမိုင်းသည် နိဂုံးလည်းရှိ၏။ ဘုရားသခင်သည် ယင်းတို့ကို ကြိုးကိုင်၏။ လူ့သမိုင်းသည် ဘုရားနှင့်စသောကြောင့် နိဂုံးသည်လည်း ဘုရားလက်တွင်ရှိပါသည်။

နောက်ဆုံးသောကာလနှင့် ပတ်သက်၍ကား ဖန်ဆင်းခြင်းအကြောင်းသည် ကျွန်ုပ်တို့၏ ထာဝရအရေးနှင့် ဆက်စပ်မှုရှိပါသည်။ ဖန်ဆင်းခြင်းအကြောင်းနှင့် ထာဝရ အရေးကို ကျွန်ုပ်တို့ မျှော်လင့်ခြင်းတွင် ယုံကြည်ခြင်းသည် အခြေခံ ဖြစ်ပါ

သည်။ သမ္မာကျမ်းစာက ဤတရားကိုချပြပြီး၊ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းခြင်းဖြင့် ဖွင့်ခဲ့ပြီး ကောင်းကင်သစ်၊ မြေကြီးသစ်ကို ဖန်ဆင်းခြင်းအကြောင်းဖြင့် အတည်ပြုခဲ့ပါသည် (က ၁ နှင့် ဗျာ ၂၁-၂၂ တို့ကို ဟေရှာ ၆၅:၁၇၊ ဗျာ ၂၁:၁ တို့နှင့် နှိုင်းယှဉ်ပါ)။ ဤသဘောတရားကို သမ္မာကျမ်းစာလာ အနက်ဖွင့်သည့် ယုံကြည်ခြင်းတွင်သာတွေ့ရပြီး ဖန်ဆင်းခြင်းနှင့် ရှေ့ထာဝရအရေးကို မျှော်လင့်ခြင်းများပါ၏ — "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်း ဖြစ်၏" (ဟေဗြဲ ၁၁:၁)။ ယုံကြည်ခြင်းကို စပ်ဆိုသည့်ကဗျာတွင် ဖန်ဆင်းကို ယုံကြည်ခြင်းနှင့်စထား (ဟေဗြဲ ၁၁:၃) ပြီး "ကတိတော်" အပေါ် မျှော်လင့်ခြင်းနှင့် အဆုံးသတ်ထား၏ (ဟေဗြဲ ၁၁:၃၉၊ ၄၀)။ ဥပုသ်နေ့၏ အရေးပါမှုသည် ဖန်ဆင်းခြင်းအမှု အဆုံးသတ်ချိန်တွင် ရှိကြောင်းလည်း သတိကပ်ရပါမည်။ ဤတရားက ဥပုသ်သည် လူ့သမိုင်း အဆုံးသတ်ချိန်ကို ညွှန်ပါသည်။ ထို့အပြင် ဥပုသ်တရားတွင် ဖန်ဆင်းခြင်းကို ကျွန်ုပ်တို့အမှတ်ရခြင်းနှင့် ရှေ့ကာလတွင် ဘုရား၏နိုင်ငံတော်ကို မျှော်လင့်ခြင်းတရားများ ပါဝင်၏။

**ရေလွှမ်းမိုးခြင်း။** ရေလွှမ်းမိုးသည့်ကာလ၏ လူ့ဘုံဘဝနှင့် ဒုတိယကြွလာမည့် အချိန်တွင် ဖြစ်ပျက်မည့် လောကီထုပ္ပတ်ကို သခင်ယေရှုကိုယ်တိုင်က မိန့်ထားခြင်းရှိ၏ — "လူသားသည် ကြွလာသောအခါ နောလေက်ထက်၌ ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်" (မ ၂၄:၃၇)။ ထို့နောက်တွင် ယေရှုက တူညီသည့် အနေအထားများကို နှိုင်းပြ၏။ ကပ်ဘေးရုတ်တရက် ရောက်မည့်အကြောင်း၊ လောကီစည်းစိမ်နောက်သို့ လိုက်မည့်အဖြစ်များ (အိပ်၊ စား၊ ကာမ)၊ ကျန်ကြွင်းသောသူ စသည်များဖြစ်၏။ ကမ္ဘာဦးကျမ်းတွင် ရေလွှမ်းမိုးခြင်းအကြောင်းက လူ့သမိုင်း နိဂုံးချုပ်ချိန် ပုံရိပ်ကို မီးမောင်းထိုးပြ၏။ ဘုရားသခင်သည် လောကီအနိဋ္ဌာရုံကို မျက်ကွယ်မပြုပါ။ အဓမ္မတရားကို ဘုရားသည် မခံမရပ်နိုင်ပါ။ ဘုရား၏ တရားစီရင်ခြင်းသည် "လူအပြစ်ကြီး" ခြင်း (က ၆:၅) အပေါ် တုံ့ပြန်ခြင်းဖြစ်၏။ ရေလွှမ်းမိုးခြင်း၏ သက်ရောက်မှုသည် ဘုရား၏ ဖျက်ဆီးခြင်းအမှု ဖြစ်၏။ "ငါကိုယ်တိုင် ရေလွှမ်းမိုး" စေခဲ့၏ (က ၆:၁၇)။ ရေလွှမ်းမိုးခြင်းသည် ဖန်ဆင်းခြင်း-ကယ်တင်ခြင်း ပုံရိပ်ဖြစ်၏။ ဘုရားသခင်သည် ၎င်းဖန်ဆင်းခဲ့သည့် လူများကိုအောက်မေ့ခြင်းဖြစ်၏။ ဤကဲ့သို့ အောက် မေ့ခြင်းက ၎င်းတို့ကို အောက်မေ့ကြောင်း ပြခြင်းဖြစ်၏ (က ၈:၁)။

ရေလွှမ်းမိုးပြီးနောက်တွင် ဘုရားသခင်သည် အသက်ဆက်ပေး၏။ ဘုရားသခင်သည် လူသားများကို အစားအစာစီမံပေးပြီး အသက်၏လေးနက်မှုကိုပြ၏ (က ၉:၄-၇)။ ဤနည်းဖြင့် အနာဂတ်တွင် ထာဝရအသက် လက်ဆောင်ပေးမည်ကို ညွှန်ပြ၏။

နောက်ဆုံးတွင် ဘုရား၏ခွင့်လွှတ်ပေးခြင်း မေတ္တာတော်ကိုပြသည့် သက်တံကို အာရုံ ထားရပါမည်။ သက်တံသည် ဥပုသ်ကို အောက်မေ့ စေကြောင်း သတိ ကပ်ပါ။

သက်တံသည် ဖန်ဆင်းခြင်းကို အောက်မေ့စေရုံမဟုတ်ဘဲ အနားရခြင်းနှင့် မျှော်လင့်ခြင်းတို့ကိုပါ ပေးပါသည်။ သက်တံသည် ဘုရား၏ပလ္လင်ကို မိုးအုပ်ထားခြင်းသည်လည်း အနှောက်အယှက်မရှိ စကြဝဠာကို အုပ်စိုးသည့်ပုံရိပ် ဖြစ်ပါသည် (ဗျာ ၄:၃၊ ဗျာ ၁၀:၁)။

**သောဒုံနှင့်ဂေါမောရမြို့။** ဘုရားသခင်သည် လူသားများကို ကောင်းချီးဖြစ်စေမည့် မေရှိယပေါ်လာစေမည့် သားတစ်ဦး ကတိပေးပြီးနောက်တွင် (က ၁၂:၃၊ က ၂၂:၁၈) ဒုက္ခတွင်းကျနေသည့် ကမ္ဘာကို ဘုရားလူက ကယ်တင်ခြင်း လုပ်ဆောင်မည်ဟုပြ၏။ ဘုရားသခင်သည် နောဧနှင့် အလုပ်လုပ်ခဲ့သည့်နည်းတူ အာဗြဟံနှင့်လည်း အတူလုပ်ဆောင်၏။ ဘုရားသခင်သည် နောဧ၊ အာဗြဟံတို့နှင့် အလုပ်လုပ်ခဲ့သည့်အတိုင်း နောက်ဆုံးသောကာလတွင် လူသားများကို ကယ်တင်ရန်၊ တရားစီရင်ရန် ပြုလုပ်ပါမည်။

အာဗြဟံက ဘုရား၏အလိုတော်ကို တုံ့ပြန်ခြင်းက ၎င်း၏မျိုးဆက်ကို ငဲ့ကွက်ကြောင်းကိုပြပြီး ကျွန်ုပ်တို့လည်း အာရုံပေးထိုက်ပါသည်။ ဘုရားသခင်သည် သောဒုံမြို့ကို တရားစီရင်မည်ကို အာဗြဟံသိသည့်အခါ ပြေးမထွက်ပါ။ အာဗြဟံသည် ၎င်း၏အမျိုးများ နေထိုင်သည့် သောဒုံနှင့်ဂေါမောရမြို့အကြောင်းကို ကောင်းစွာသိပါသည်။ အာဗြဟံသည် အမျိုးများ၏ နေထိုင်ပုံသည် တရားစီရင်ရခြင်း၏ အကြောင်းခံမဟုတ်ဟု သတိပြုမိ၏။ ၎င်းတို့ကိုချစ်သောကြောင့် အာဗြဟံသည် လူသားအားလုံးကို ခွင့်လွှတ်ပေးရန် အသနားခံ၏။ အာဗြဟံ၏ စိတ်မလျှော့သည့် ဆုတောင်းကို သတိပြုပါ — “အာဗြဟံမူကား၊ ထာဝရဘုရားရှေ့တော်၌ ရပ်နေလျက်ရှိသေး၏” (က ၁၈:၂၂)။ အာဗြဟံသည် အဓမ္မတရားကို မရှုစိမ့်နိုင်ကြောင်းနှင့် တရားစီရင်ခြင်းနှင့် ကရုဏာတော် လိုအပ်ကြောင်း သိ၍ “ကိုယ်တော်သည် ဖြောင့်မတ်သော သူတို့ကို၊ မတရားသော သူတို့နှင့်တကွ ဖျက်ဆီးတော်မူမည်လော။” (က ၁၈:၂၃)။

ဘုရားသခင်သည် ၎င်း၏အမြင်ကို အာဗြဟံနှင့်ဆွေးနွေးရန်နှင့် ရဲရင့်မှုကို အားပေးရန်ဆင်းကြွလာသည့်အဖြစ်တွင် သင်ခန်းစာယူရန်ရှိ၏။ ဘုရားသခင်သည် အာဗြဟံ၏ရဲရင့်မှုကို သဘောတွေ့သည်ဟုလည်း ဆို၍ရပါသည်။ အကြောင်းမှာ အာဗြဟံ၏ရပ်တည်မှုသည် ဘုရား၏ကြင်နာခြင်းနှင့် တစ်သဘောတည်း ဖြစ်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ နောက်ဆုံးအဖြေတွင် ကရုဏာပါကြောင်း သိရပါသည် — “တစ်ဆယ်အတွက် ငါမဖျက်ဆီးဘဲ နေမည်” (က ၁၈:၃၂)။ “တစ်ဆယ်” သည် သမ္မာကျမ်းစာတွင် တစ်ခုခုပြုလုပ်ရန် အနိမ့်ဆုံး အရေအတွက်ဖြစ်၏။ ဘုရား၏ ဩဇာအာဏာကိုလည်း သတိချပ်ပါ။ “အာဗြဟံနှင့် နှုတ်ဆက်ခြင်းအမှု ကုန်စင်ပြီးမှ၊ ကြွသွားတော်မူ၏” (က ၁၈:၃၃)။ အဆုံးအဖြတ်သည် ဘုရားလက်တွင် ရှိသေး

သည်ဟု ပြခြင်းဖြစ်၏။ အာဖြဟံလည်း ဘုရား၏အဆုံးအဖြတ်ကို လက်ခံပြီး “မိမိနေရာအရပ်သို့ ပြန်လေ၏” (က ၁၈:၃၃)။

**ဒံယေလ။** ဒံယေလ၏ပစ္စုပ္ပန်ဘဝတွင် အနာဂတ်နှင့်ဆိုင်သည့် စကားစုသည် “ချိန်းချက်တော်မူသော အချိန်ရောက်သော်” ဖြစ်၏ (ဒံ ၁:၁၈)။ ဤစကားစု qets yamin “ချိန်းချက်တော်မူသောအချိန်” သည် လူသမိုင်း၏ နောက်ဆုံးအချိန်ကို မှတ်ခြင်းဖြစ်ပြီး ထိုကာလတွင် ဒံယေလနှင့် ခေတ်အဆက်ဆက်တွင် ရှိကြသည့် ကယ်တင်ခြင်းရကြသူများသည် “ကိုယ်အရိုက်အရာကို” ရကြပါမည် (ဒံ ၁၂:၁၃)။ ဒံယေလက ၁၀ ရက် “စမ်း” စေခြင်းသည် ဒံ ၈:၁၄ တွင်လာသည့် နောက်ဆုံးသောကာလတွင် အပြစ်ဖြေရာနေ့အကြောင်း သုံးပြသည့် ဝေါဟာရကို ပဲ့တင်ထပ်ပြ၏။ ဤကြိုတင်အဟောသည် ဒံ ၇:၉-၁၂ တွင်လာသည့် တရားစီရင်ရာနေ့နှင့် ဆင်တူပြီး ဒံ-၁ နှင့် ဝတ်-၁၆ တွင်လာသည့် ဝေါဟာရ၊ သဒ္ဒါ များစွာတူနေ၏။ ယင်းသည် အပြစ်ဖြေရာနေ့နှင့် ပတ်သက်သည့် အခြေခံသည့်ကျမ်းချက် ဖြစ်၏ (ဒံ ၁:၁၃ ကို ဝတ် ၁၆:၂ နှင့် နှိုင်းယှဉ်ပါ)။ ဤအချက်သည် ဘုရား၏ထင်ပြမှုကို ကတိခံမှု အခြေခံသောကြောင့် ဤပဲ့တင်သံသည် အရာထင်လှပါသည်။

Mar’eh “ရုပ်သွင်” ဟူသည့် ဝေါဟာရကို အထပ်ထပ်သုံးထားသည်ကို သတိပြုပါ (ဒံ ၁:၁၃၊ ၁၅ တွင် သုံးကြိမ်သုံးထားသည်)။ ဒံယေလကျမ်းလည်း ရက်ပေါင်း ၂၃၀၀ ရုံပါရုံတွင် နောက်ဆုံးသောအချိန်ကို မီးမောင်းထိုးပြပါသည် (ဒံ ၈:၁၃၊ ၂၆)။ နောက်ဆုံးကာလ ရှုထောင့်တွင် မျှော်လင့်ရမည့် သတင်းစကားပါ၏။ ဒံယေလနှင့် အဖော်သုံးဦးတို့၏အဖြစ်က ဤသို့ “စမ်း” ခြင်းဖြင့် အပြစ်ဖြေရာနေ့တွင် အပြစ်ကင်းကြောင်း တွေ့ရပါမည်။ ဒံယေလအတွက်ကား နောက်ဆုံးကာလဆိုင်ရာ သတင်းစကားသည် ၎င်း၏ပစ္စုပ္ပန်၏တစ်စိတ်တစ်ဒေသဖြစ်၏။ ၎င်း၏ စားသောက်ပုံသည် အာဒံ-ဧဝ တို့၏စံ ပင်ဖြစ်၏ (ဒံ ၁:၁၂ ကို က ၁:၂၉ နှင့် နှိုင်းယှဉ်ပါ)။ မိန်းမစိုးအုပ် အပါအဝင် လူအများအပေါ် ဒံယေလဆက်ဆံပုံသည် ဘုရား၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းထားသူများဟု မှတ်ပြီး ဆက်ဆံပုံဖြစ်၏ (က ၁:၂၆၊ က ၉:၆)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

၁။ နံနက်တိုင်း သင်အိပ်ရာထသည့်အခါ ခံစားရသည့် ထူးခြားဆန်းကြယ်များအတွက် ကျေးဇူးတင်ကြောင်းပြကာ ဆုတောင်းခြင်းဖြင့် တစ်နေ့တာကို စတင်ပါ။ သင်၏စိတ်ကို ဘုရားသခင်အား အုပ်စိုးစေပြီး လမ်းပြစေပါ။ အခက်ကြုံသည့်အခါ ကျမ်းစာ၏သွန်သင်မှုကို နာခံပါ။ သင့်ဘဝကို အုပ်စိုးခွင့်ပေးပါ။ ဥပုသ်နေ့ကို ဘုရားနိုင်ငံတော်ကို မြည်းစမ်းသည့်သဘော ဖြစ်စေသည်အထိ စောင့်ပါ။

၂။ သဘာဝနှင့် သင်၏ဘဝမှနေကာ ဘုရားနိုင်ငံတော်ကို မျှော်လင့်စေသည့် အချက်များကို ချရေးပါ။ သင်သည် ပန်းချီဆရာဖြစ်လျှင် သက်တံပုံဆွဲပါ။ သင်သည် ကဗျာဆရာဖြစ်လျှင် သက်တံ၏လှပပုံကို ကဗျာဖွဲ့ဆိုပါ။ သင်သည် အဆိုပညာရှင် ဖြစ်လျှင် သက်တံနှင့်ဆိုင်သည့် သီချင်းကိုသီဆိုပါ။

၃။ သင် သဘောမတွေ့နိုင်သည့် ပုဂ္ဂိုလ်သည် သင်၏မိတ်ဆွေ တစ်ဖြစ်လဲသည့်အထိ ဆုတောင်းပါ။ သင့်ဘဝတွင် တားဆီးမှုရှိသည့်အပေါ် ဘုရားထံတွင် ဆုတောင်းပါ။ ဘုရားသည် သင့်ဆုတောင်းကို နားညောင်း၊ အဖြေပေးသည်ဟု သင်တွေ့ရသည်အထိ ဤဆုကို မဆုတ်မနစ် ဆုတောင်းပါ။

၄။ ကျွန်ုပ်တို့ကို အနာဂတ်အတွက် မျှော်လင့်ချက်နှင့် အာမခံချက်ပေးသော ဝေါဟာရမျိုးကို ဒံယေလသည် ၎င်း၏ပစ္စုပ္ပန်ဘဝအကြောင်းကို ချပြရာတွင် အနာဂတ်ပြ ခက်ဆစ်များကို ဘာ့ကြောင့် သုံးသနည်း။ ဤခက်ဆစ်က ကျွန်ုပ်တို့၏ စား၊ သောက်၊ တွေး၊ နေ၊ အခြားသူများ (ရန်သူလည်းအပါ) နှင့် ဆက်ဆံမှုများ တွင်လည်း မည်သို့လမ်းပြသနည်း။

**မှတ်သားရန်**–

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

**သင်ခန်းစာ - ၁၁** * ဇွန်လ ၇ - ၁၃

# ရုသ နှင့် ဧသတာ



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ရုသ ၁း၁-၅၊ ၂း၅-၂၀၊ ယောဘ ၁း၆-၁၁၊ မဿဲ ၄း၈၊ ၉၊ ဧသတာ ၃း၁-၁၄၊ ဗျာ ၁၂း၁၄-၁၇။

**အလွတ်ကျမ်းချက်။** '**မိဖုရား ဧသတာသည် တံတိုင်းတော်ထဲမှာ ရပ်နေသည်ကို ရှင်ဘုရင်သည် မြင်လျှင် လက်တော် ၌ ပါသော ရွှေရာဇလှံတံကို ဧသတာသို့ ကမ်းတော်မူသဖြင့် ဧသတာသည်လည်း ချဉ်းကပ်၍ ရာဇလှံတံတော်အဖျားကို တို့လေ၏။**' (ဧသတာ ၅း၂)

ယခုအပတ်တွင် နောက်ဆုံးသော နေ့ရက်ကိုပင် ပုံရိပ်ပြသော ဝတ္ထုတစ်ခုကို လေ့လာကြရပါမည်။ အမှန်တကယ် အသက်ထင်ရှားသော လူပုဂ္ဂိုလ်တို့၏ အဖြစ်ပျက်ကို အသုံးပြု၍ နောက်နောင် ဖြစ်ပျက်မည့် အရာများကို ဘုရားသခင်သည် သူ၏မြင်ကွင်း အတိုင်း ကျွန်ုပ်တို့မြင်စေခြင်းဖြင့် ယုံကြည်ခြင်းခွန်အားပေးရန် အလိုရှိတော်မူသည်။

ကျွန်ုပ်တို့၏ အာရုံသည် နောင်လာနောက်သားတို့၏ စိတ်နှလုံးကို အလွန်တို့ထိနိုင်သော အရေးကြီးသော မိန်းမနှစ်ဦး၏ဝတ္ထု ရုသနှင့် ဧသတာ တို့ထံသို့ ရောက်သွားရမည်။ အရင်ဦးသူသည် ပိုင်ဆိုင်မှုဆုံးရှုံး ထားရာမှ ကောင်းမြတ်သော သူ့ဆွေမျိုးတော်စပ်သူ ဗောဇ မှ ရွေးနုတ်သောအခါ မျှော်လင့်ခြင်းရှိလာသည်။ သူတို့၏ ထိမ်းမြားခြင်းသည် ခရစ်ယာန်များအတွက် ခရစ်တော်၏ ချစ်ခြင်းမေတ္တာကိုပြသသော အချစ်ဝတ္ထုတစ်ခုပင် ဖြစ်သည်။ နောက်တစ်ဦးသည် တိုင်းတစ်ပါးနိုင်ငံတွင်နေထိုင်၍ သူမနှင့် သူမလူမျိုး အပေါင်းတို့၏ ပျက်စီးရာထောင်ချောက်ကို နားလည်နေသဖြင့် မိမိကိုယ်တိုင် စင်ပေါ်တက် သွားခြင်းဖြင့် ဖော်ထုတ်၍ မိမိ လူမျိုးတို့ကို ကယ်တင်ခဲ့သည်။

အနာဂတ္တိကျမ်းတွင် *မိန်းမ* သည် ထာဝရဘုရား၏ အသင်းတော်အား သင်္ကေတဆောင်လျက် ဘုရားသခင်သည် သူ၏လူမျိုးတို့အား အာရုံစူးစိုက်သည်ကို အလင်းပေးလေ့ရှိသည်။ ၎င်း မိန်းမနှစ်ဦးတို့၏ ဝတ္ထုကို သမ္မာကျမ်းစာတွင် ကြည့်ရှုသောအခါ သူတို့၏ အသက်တာတို့သည် အသက်ရှင်သော နှုတ်ကပတ်တော် ဖြစ်ကြရုံမက သင်ခန်းစာပင် ကောက်နှုတ်ရလောက်သည့်တိုင်ဖြစ်ခဲ့သည်။

* ဇွန်လ ၁၄ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဇွန်လ ၈ ရက်

## ပေါင်မုန့်အိမ်တော်၌ ဇာတ်ဖွင့်ခေါင်းပါးမှု

ခရစ်ယာန် ယုံကြည်ခြင်းအပေါ် ဝေဖန်ပြစ်တင်သူတို့သည် ရက်စက်ကြမ်းကြုတ်သော ဤလောက၏ အသက်တာသည် (၁) ဘုရားမရှိ၍ (၂) အဆိုးဖြစ်ပျက်နေချိန်တွင် ဘုရားသည် တန်ခိုးမကြီးသောကြောင့် (၃) ကျွန်ုပ်တို့ နာကြင်သော်လည်း သူက ဂရုမစိုက်သောကြောင့်ဖြစ်သည်ဟုဆိုကြ၏။ သမ္မာကျမ်းစာ၏ ဝတ္ထုများစွာတို့သည် အဖြစ်အပျက်ဖြင့် သက်သေများစွာ ပြသသဖြင့် အထက်ပါအဆိုတို့သည် မမှန်ကန် နိုင်ပါ။ လူသားတို့သည် မိမိတို့၏ပုန်ကန်ခြင်းဆိုးကျိုးတို့ကို မိမိတို့ပင် ခံသားစေရန် ထာဝရဘုရားမှ ခွင့်ပြုထားသည်။ ကျွန်ုပ်တို့၏ လွတ်လပ်သောရွေးချယ်မှုများကို မလွှန် ဆန်ဘဲ ကျွန်ုပ်တို့အနားနှင့် ရာဇဝင်တစ်လျှောက်တွင်ပါဝင်၍ အပြစ်နှင့်၎င်း၏ ဒုက္ခဆင်းရဲခြင်းတို့ ကို ဖြေရှင်းလုပ်ရှား ပေးနေသည်။ ရုသ၏ဝတ္ထုသည် ထိုသို့သော ဥပမာပင် ဖြစ်၏။

**ဖတ်ရှုပါ – ရုသဝတ္ထု ၁း၁ –၅။ နောမိနှင့် ရုသတို့သည် မည်သည့် အခက်အခဲကြုံရ၍ အဘယ့်ကြောင့် နည်း။။ ယခု လူသားအားလုံး ကြုံဆုံရသော အရာများကို မည်သို့ပြသသနည်း။။**

ဝတ္ထုစစခြင်းတွင် ဖောက်ထိုးစကားလုံးတွေ ပါလာသည်မှာ "ပေါင်မုန့်အိမ်တော်" တည်းဟူသော ဗက်လင်မြို့တွင် အစာခေါင်းပါးခြင်း ကပ်စိုက်လေ၏။ ဒေင်တွင် အာဒံ၊ ဧဝ တို့အား ထာဝရဘုရားသည် "ဥယျာဉ်၌ ရှိသမျှသော အသီးကို သင်သည် စားရသော အခွင့်ရှိသည်" *(ကမ္ဘာ၊ ၂း၁၆)* ဟု မိန့်တော်မူသည်ကို ပင် အောက်မေ့ရသည်။ လူသားတို့သည် ဖန်ဆင်းရှင်၏ စောင့်မခြင်းတွင် ကြွယ်ဝခြင်းဖြင့် စတင်လာခဲ့ကြသော်လည်း ဖန်ဆင်းထား သောအရာတို့ကို အလွဲပြုကာ အပြစ်၏ကျေးကျွန် ဖြစ်လာသောအခါ "သင်၏မျက်နှာမှ ချွေးထွက်လျက် အစာစားရမည်။ မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်" *(ကမ္ဘာ ၃း၁၉)* ထာဝရ ဘုရား မိန့်တော်မူ ၏။

နောမိနှင့် အလားတူ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ မူလစီမံထားသော အမွေခံခြင်းမှ ပိုင်ဆိုင်ခြင်း မဲ့လာကြရကာ အသက်ရှင်ရသည်မှာ ခက်ခဲလာ၏။ ဒေင်သည် ဆုလာဘ် တစ်ခုပင် ဖြစ်သော်လည်း လုံးဝဥဿုံ မဟုတ်ပါ။ လူသားသည် လွတ်လပ်စွာ ပုန်ကန်နိုင် သည်။ သို့သော် မိမိတို့ ပြုသောအမှုသည် မိမိတို့၏ရှေ့ရေး ပင်ဖြစ်၍ တာဝန်ယူကြရမည်။ ကျွန်ုပ်တို့၏မူလသည် မကျဆုံးသော ကမ္ဘာကြီးကို ထာဝရဘုရား၏ ကောင်းချီးများ အောက်တွင် "အောင်နိုင်" ရန်ပင် ဖြစ်သော်လည်း ယခုမှာတော့ ကျဆုံးသော အနိုင်ကျင့်ခံ ဘဝသို့ ရောက်သွားရသည်။ မလုံမလောက်သော အရင်းအမြစ်မှ အတ္တသမားများ အချင်းချင်း ယှဉ်ပြိုင်လုယူနေရသည်မှာ ဂေါင်းကိုက်လှ ပေ၏။

ကံဆိုးမိုးမှောင်ခြင်းသည် ပြောမကုန်နိုင်ပါ။ မြေကြီးသည် ကြွယ်ဝစွာ ထုတ်ပေးနေသည်မှာ ထာဝရဘုရား၏ မေတ္တာတော် သက်သေပြသခြင်းပင်ဖြစ်သည်။ လူသားတို့၏ အတ္တနှင့်အပြစ်၏ဖျက်ဆီးခြင်းကြောင့် မြေကြီးအား ကျွန်ုပ်တို့မှ အောင်နိုင်သည်ထက် မြေကြီးမှကျွန်ုပ်တို့အား အောင်နိုင်လေ၏။ တစ်နေ့တွင်ထိုအရာများအားလုံး အဆုံးသတ်လိမ့်မည်။

**အပြစ်နှင့်သေရသည့်နောက် နှစ်ထြောက်ထောင်တွင်ပင် မြေကြီးသည် ထာဝရဘုရား၏ အံ့ဘွယ် မေတ္တာတော်နှင့် ဖန်ဆင်းခြင်းတန်ခိုးအား မည်သို့ဖော်ပြနေသေးသနည်း။။**

## ရှုသ နှင့် ဗောဇ

နောမိသည် မိမိ၏ အသက်တာ တစ်လျှောက် ခါးသီးသောဘဝကို ခံစားရသဖြင့် မိမိနာမအား မာရာ သို့ ပြောင်းရမည် ဆို၏ *(ရှုသ ၁း၂၀)*။ ဖန်ဆင်းရှင်နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးသည် အပြစ်ကြောင့် ပျက်စီးခဲ့ ၍ ဝိညာဉ်ရေး ဆင်းရဲရသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည် မေးမှိန်၍ မိမိတို့၏ဘဝတွင် လယ်စွန်လယ်ဖြားကပင် ကောက် သင်း ကောက်နေရကာ ကျဆုံးသော ဤလောက၏ ပျော်ရွှင်မှု အပိုင်းအစများကိုသာ ကောက်ယူကာအသက်ရှင်ရသည်။ သို့သော်လည်း ထာဝရဘုရားသည် ကျွန်ုပ်တို့အား မေ့တော်မမူသည်ကိုတွေ့ရှိသောအခါ ထင်ရှားသောပြောင်းလဲခြင်းဖြစ်လာလေသည်။

**ဖတ်ရှုပါ – ရှုသ ၂း၅ – ၂၀။ ထိုဝတ္ထုတွင် ဤအချက်သည် အဘယ့်ကြောင့် အာဝရကျနိုင်သနည်း။ နောမိ သည် မိမိ၏ ကျေးဇူးရှင်ကို တွေ့ရှိခြင်းသည် အဘယ့်ကြောင့် သတင်းကောင်း ဖြစ်နိုင်မည်နည်း။**

နောမိသည် ပိုင်ဆိုင်မှု မဲ့သဖြင့် မိမိပိုင်ဆိုင်သော မြေတို့ကို ရောင်းချကာ မောဘသို့ မပြောင်းရွှေ့မီက တင်ခဲ့သော အကြွေးများကို ပြန်ဆပ်ခဲ့ပုံပေါ်သည်။ ကတိတော်ပြည်တွင်ပိုင်ဆိုင်မှု ဆုံးရှုံးသောသူတို့ အတွက် မိမိတို့ အမွေများကို ပြန်လည်ရယူနိုင်ခွင့်ကို ထာဝရဘုရားမှစီစဉ်ထားရာ အနီးဆုံးဆွေမျိုးတော်စပ်သူက ရွေးယူနိုင်ရမည်ဟူ၏။ ဗောဇ သည် ကောင်းမြတ်သော လယ်သမားတစ်ဦးတင်မက နီးစပ်သော ဆွေမျိုးပင် ဖြစ်သည်။

သင်၏အကြွေးများကို ပြန်မပေးဆပ်နိုင်ဘဲလျက် ကာလရှေလထဲတွင် မိမိအမွေ အနှစ် တို့ကို ပြန်ရွေးယူလိုပါက နီးစပ်သော ဆွေမျိုးတစ်ဦးမှ ပြုပေးနိုင်သည်။ "သင်၏ အမျိုးချင်းသည် ဆင်းရဲ၍ မိမိပိုင်သော မြေကို ရောင်းလျှင်၎င်း သူ၏ပေါက်ဖော် တစ် ယောက်သည် ဝယ်ခြင်းငှါ လာလျှင်၎င်း မိမိပေါက်ဖော်ရောင်းသော ဥစ္စာကို ရွေးနုတ်ရ သော အခွင့်ရှိရမည်" *(ဝတ် ၂၅း၂၅)*။ ဗောဇအားတွေ့ရှိခြင်းသည် ကောင်းမြတ်သူ သဘောထားကြီး သူတစ်ဦး သာလျှင် မဟုတ်ဘဲ နီးစပ်သောဆွေမျိုးတစ်ဦး ဖြစ်သည် မှာ အကောင်းဆုံး သတင်း ဖြစ်နိုင်သည်။ ဤမိန်းမနှစ်ဦးတို့၏ ဆင်းရဲမွဲတေခြင်းသည် ဆက်လက်တည်မြဲမည် မဟုတ် တော့ပါ။

ဗောဇသည် ခရစ်တော်၏ သင်္ကေတဖြစ်သည်ကို ခရစ်ယာန်တို့သည် နားလည် ထားပြီးဖြစ်၍ သူသည် ဖန်ဆင်းရှင်တင်မက ကျွန်ုပ်တို့၏ အနီးဆုံး ဆွေမျိုးတော်စပ် လာရန် သွေးနှင့်သားဖြင့် ကြွလာကာ မိမိ ကိုယ်ကို "လူ၏သား" ဟုပင် သမုတ်ခဲ့သည် *(မဿဲ ၁၂း၈။ မာကု ၈း၃၁။ လုကာ ၂၂း၂၂။ ယောဟန် ၃း၁၄)*။ လူသားတို့သည် ထာဝရဘုရားကို ကြမ်းတမ်းသည်ဟု ထင်မှတ်ကြသော်လည်း ကျွန်ုပ်တို့သည် ကိုယ် ကျင့် တရားကောင်း ကောင်းဖြင့် ပညာသားပါပါဖြင့်ဖယ်ရှားကာ ချောမွေ့စေနိုင်ပါ သည်။ ဗောဇအားဖြင့် ဖော်ပြ ထားသော ခရစ်တော်၏ ပုံရိပ်သည် ထိုအယူအဆတို့ကို ဖယ်ရှားနိုင်ပါသည်။ ထာဝရ ဘုရားသည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေး ဆင်းရဲမှုများအား ဘေးဖယ်ကာ စောင့်မသည် သာမက သူ၏သတို့သမီးပင် ဖြစ်စေလိုသည်။

**ဖန်ဆင်းရှင်သည် ဖန်ဆင်းထားသော သတ္တဝါတို့နှင့် ဆွေမျိုးတော်စပ်လာရုံမက သူတို့အတွက် အသေခံလို သည်ကို စိတ်သို့မှီးထားပါ။ ဤအချက်သည် မိမိတို့ကိုယ်ကို မည်သို့မြင်တွေ့စေသနည်း။**

## ဖောဇသည်ခရစ်တော်ကို ရွေးနှုတ်ရှင်

ဖောဇသည် ရှုသအား အလွန်ချစ်သောကြောင့် ထိမ်မြားလိုသော်လည်း အတားအဆီးတစ်ခု ရှိနေသေးသည်။ ထိုမိန်းမပိုင်မြေများအပေါ် ပိုင်ဆိုင်ခွင့်ရှိနိုင်သူ သာ၍ နီးစပ်သော ဆွေမျိုးတစ်ဦး ရှိနေသေးသည်။ ဖောဇသည်လည်း ခရစ်တော်၏သင်္ကေတဖြစ်သည်ဟု လက်ခံခဲ့သော်၊ ဤနေရာတွင် မဟာတိုက်လှန်ပွဲကြီး တစ်ပွဲတော့ရှိနေရမည်ပင်ဖြစ်သည်။ အလားတူခရစ်တော်သည် ကျွန်ုပ်တို့အားချစ်သော်လည်း သာ၍ နီးစပ်သော ဆွေမျိုး တစ် ဦး ရှိနေသေးသည်။

**အောက်ပါ ကျမ်းချက်တို့သည် လူသားတို့အပေါ် စာတန်၏ ဝေဖန်မှုကို မည်သို့ဖော်ပြသနည်း။ ယောဘ ၁း၆ – ၁၁။ မဿဲ ၄း၈၊ ၉။ ယုဒ ၁း၉။ လုကာ ၂၂း၃၁။**

ကောင်းကင်အစည်းအဝေးတွင်စာတန်ပေါ်လာသောအခါ ထာဝရဘုရား ထံတော်သို့ သူသည် "မြေကြီးပေါ်မှာလည့်လည်၍ အရပ်ရပ်သွားလာခြင်း အမှုကလာသည်" *(ယောဘ ၁း၇)*ဟုဆိုသည်။ ဘုရားသခင်သည် ဖြောင့်မတ်သောယောဘအား သတိပြုမပြု မေးရာတွင် စာတန်က ဘုရားသခင်သည် ယောဘ၏ စိတ်နှလုံးကို အမှန် ပိုင်ဆိုင်သည်မဟုတ်ကြောင်းထွက်ဆိုသည်။ ထာဝရဘုရားသည်သူ့အပေါ် ကောင်းမြတ်တော်မူသောကြောင့်သာ နောက်တော်သို့လိုက်သည်။ ယုဒတွင် ဝတ္ထုတိုလေး တစ်ပုဒ်သည် ဣသရေလတို့တွင် လူသိများသည်။ မောရှေအားသင်္ဂြိုလ်ပြီး *(တရား ၃၄း၆)* ပြန်ထမြောက်စေ၏။ အသေးစိတ် မသိရသည့်တိုင် မောရှေ၏ အလောင်းအပေါ်တွင် အခြေအတင် ငြင်းဆိုခြင်းတွင် စာတန်သည် သူ့အား ပြစ်တင် ဝေဖန်ခြင်း ပြုသည် ဆို၏။

"ခရစ်တော်သည် လူသေအားအသက်ပေးရန် အသက်သခင်သည် အနားသို့ကပ်လာသောအခါ စာတန်သည်လည်း မိမိ၏ အချုပ်အချာအာဏာအတွက် စိုးရိမ်လာသည်။ စာတန်နှင့်သူ၏ တမန်တို့သည် မိမိတို့၏ နယ်ပယ်ကို ထိန်းသိမ်းနေကြကာ မောရှေကိုလည်း သူပိုင်ဆိုင်သည် ဆို၏။ ထာဝရဘုရား၏ ကျွန်သည် သူ၏ သံ့ပန်းဖြစ်ရသည်ဆို၏။ မောရှေသည် ပညတ်တော်ကိုပင် မလိုက်လျှောက်နိုင်ပါ။ ယေဟောဝါဘုရားကသာ ပိုင် ဆိုင်သော ဘုန်းတော်ကို အလွဲသုံးသည်၊ မိမိစာတန်ပင်လျှင် ကောင်းကင် မှ ထုတ်ပယ်ခံရ သည့်အပြစ် ကိုလွန်ကျူးသည် ဖြစ်၍ ထိုသို့လွန်ကျူးခြင်းဖြင့် မိမိစာတန်၏ လက်အောက် သို့ ကျရောက်ပြီ ဟုထွက်ဆို၏။" — အီးဂျီဝိုက်၊ *ရှေးဘိုးဘေးများနှင့်ပရောဖက်များ၊* စာ – ၄၇၈။ ခရစ်တော်သည်စာတန်၏ထွက်ဆိုခြင်းကို ရှင်းလင်းစွာ ချေပပြီး မောရှေအား နိုးထစေလေတော့သည် *(မဿဲ ၁၇း၃)*။

ရှုသ ၄း၁ – ၁၂ ၌ ဖောဇသည် ဗက်လင်မြို့၏ တံခါးဝသို့သွားသည်။ ထိုမြို့တွင် ခရစ်တော်သည် ကျွန်ုပ်တို့နှင့် နီးသော ဆွေမျိုးဖြစ်ခြင်းငှါ လောကသို့ ကြွဆင်းလာသည်။ အသက်ကြီးသူများစည်းဝေးပြီးနောက် ပိုင်ဆိုင်မှုနှင့်ပတ်သက်သော ခြေနင်းတို့ကို ဖလှယ်ကြသည်။ မြို့၏တံခါးဝတို့သည် အမှုများအား ဆုံးဖြတ်ရာနေရာ တရားစီရင်ခြင်း မြင်ကွင်းပင်ဖြစ်၏။ ဒံ ၇း၁၃၊ ၁၄၊ ၂၂၊ ၂၆၊ ၂၇ တို့၏ တရားစီရင်ခြင်း မြင်ကွင်းကို ရှုမြင်စေသည်။ တရားစီရင်ခြင်းသည် "သန့်ရှင်းသူတို့အားမျက်နှာသာပေးခြင်း" ဖြစ်သော်လည်း ဖောဇသည် မိမိ ဇနီးအားရွေးယူသကဲ့သို့ ခရစ်တော်၏ ရွေးနှုတ်ခြင်းဖြင့်သာရရှိနိုင်၏။

## ဟာမန် နှင့် စာတန်

ဧသတာ၏ဝတ္ထုတွင် ဟာမာန်သည် အာဏာရူး နေသူတစ်ဦး အဖြစ်တွေ့ရသည်။ နိုင်ငံ တော်တွင်ပင် အရေးပါသော ရာထူးကို ရယူထားသည် (ဧသတာ ၃း၁)။

ယေဇ ၂၈း၁၁ – ၁၅ နှင့် ဟေရှာ ၁၄း၁၂ – ၁၅ တို့တွင် လူစီဖာအကြောင်းသည် ဟာမန်နှင့် အလားတူစွာ ထာဝရဘုရား၏ ရွေးချယ်ထားသော လူမျိုးများအားရန်ဘက်ပြုကာ ထာဝရဘုရား၏အမြင့်ဆုံးသော အာဏာကို ဖီဆန်ကြသည်။ စာတန်၏ အကြီးမားဆုံးသော အာဏာလုရန် ကြိုးစားခြင်းကို ခရစ်တော်အား စုံစမ်းရာတွင် တွေ့ရသည်။ ထိုနေရာ တွင် လောကနိုင်ငံတို့ကို မြင်တွေ့နိုင်မည့် မြင့်ရာအရပ်သို့ ယေရှုကို ခေါ်ဆောင်လေသည် *(မဿဲ ၄း၈ – ၁၁)*။ ခရစ်တော်သည် လောကကို ရွေးနုတ်၍ မိမိအပိုင်သိမ်းသွင်းရန် ကြွလာခြင်းဖြစ်၍ ကျွန်ုပ်တို့ကဲ့သို့ပင် နေထိုင်သည်။ အနီးစပ်ဆုံးသော ဆွေမျိုးဖြစ်လာ၍ သူပေးဆပ်ရမည့် ရွေးနုတ်ခြင်းတန်ဖိုးသည် အလွန်မြင့်မားလေ၏။

ဗျာဒိတ်ကျမ်းတွင်လည်း စာတန်သည် အာဏာနှင့် ကိုးကွယ်ခြင်းကို တပ်မက်သောကြောင့် လောကကြီးသည် နောက်ဆုံး ကပ်ဆိုက်သောကာလ ရောက်လာသည်။ သူ၏လှည့်ဖြားခြင်းဖြင့် လောကတစ်ခုလုံးသည် သားရဲနောက်သို့လိုက်၍ အံ့ဩကြသည်ဆို၏ *(ဗျာ ၁၃း၃၊ ၄)*။ သားရဲအားဝတ်ပြုရန် ငြင်းပယ်သော သူတို့အား အတင်းအကြပ်ပြုလုပ် သည် ဆို၏။ ဟာမန်သည်လည်း မိမိနှင့် ထိုက်တန်သည်ဟု ယူဆသော ဝတ်ပြုခြင်းကို မော်ဒကဲအမည်ရှိ ထာဝရဘုရား ရွေးနုတ်သော လူမျိုးတစ်ဦးသည် မပြုလိုကြောင်း သတိ ထားမိသည်။ သူသည် "အလွန် အမျက်ထွက်၍" *(ဧသတာ ၃း၅၊ ၆)* မော်ဒကဲအမျိုးအား လုံးတို့အား မြေပြင်မှ ရှင်းရှင်း ဖျက်ဆီးရန် ရည်ရွယ်လာ၏။

**ဖတ်ရှုပါ – ဧသတာ ၃း၁ – ၁၄။ ဗျာ ၁၂း၁၄ – ၁၇ နှင့် ဗျာ ၁၃း၁၅။ ဤ ကျမ်းချက်တို့တွင် မည်သို့သော အလားတူခြင်းရှိကြသနည်း။ ထာဝရဘုရား၏ ကျွန်ကြွင်းသော အသင်းတော်အား ရှင်ယောဟန်မှ ဖော်ပြခြင်းနှင့် ဟာမန်သည် ထာဝရဘုရား၏လူမျိုးတို့အား ဖော်ပြခြင်းတို့သည် မည်သို့တူညီသနည်း။**

မာရ်နတ်သည် ဤလောကအား သူပိုင်ကြောင်းထွက်ဆိုသော်လည်း ထာဝရဘုရားနှင့် သူ၏ ပညတ်တော်ပေါ်တွင် သစ္စာစောင့်သိသောသူတို့သည် ၎င်း၏ အဆိုအချုပ်အခြာ အာဏာသည် မှားယွင်းကြောင်း ဖော်ပြကြသည်။ "ဥပုသ်နေ့သည် ခရစ်ယာန်နိုင်ငံတစ်ခွင်၏ မဟာတိုက်လှန်ပွဲ ဗဟိုချက်မဖြစ်လာသောအခါ အများသဘော ထားကို ငြင်းပယ်သော လူနည်းစုတို့သည် စကြာဝဠာတစ်ခွင်လုံး၏ ရှုံ့ချမုန်းတီးခြင်းသို့ ရောက်ရလိမ့်မည်။" (အီးဂျီဝိုက်။ ခေတ်ကာလ၏ လက္ခဏာများ – ဖေဖော်ဝါရီလ၊ ၂၂။ ၁၉၁၀)။

**သင်၏ ယုံကြည်ခြင်းအား စမ်းသပ်ပေးသော အသေးငယ်ဆုံးအရာကို တွေးကြည့်ပါ။ ၎င်းတို့အား လိုက်လျောလိုက်ပါက ထိုသေးငယ်သော အရာသည် ကြီးမားသော စမ်းသပ်ခြင်းတွင် မည်သို့ဖြစ်စေနိုင်သနည်း။**

## ယခုအမှုကိုဆောင်ဖို့ရာ

ခရစ်ယာန်တစ်ချို့တို့သည် ခက်ခဲသော အနာဂတ္တိစကားတို့၏ ကာလတွင် သက်ရှင်နေရသောအခါ ယိမ်းယိုင်ခြင်းများ ရှိနိုင်သည်။ စုံစမ်းရာကာလသည် ရှေ့တွင်ရှိ၍ အနာဂတ္တိ စကားတို့အား လေ့လာခြင်းသည်လည်း အခက်အခဲများကို ဖြေရှင်းခြင်းထက် ကြောက်မက်ဖွယ်ပင်ဖြစ်တတ်သည်။ ထာဝရဘုရားသည် အနာဂတ်ကို သကြားမအုပ်သောကြောင့် ယခုအချိန်မှစ၍ မဟာတိုက်လှန်ပွဲ အဆုံးသတ်အကြားတွင်ဖြစ်မည့်အရာများကို ဖော်ပြပြီးသားဖြစ်၍ ရာဇဝင်ကိုအဆုံးတိုင်ဖတ်ရှုရန် အရေးကြီး၏။

အနာဂတ္တိစကားများနှင့်ပတ်သက်၍ လူသားတို့သည် ပုန်ကန်ခြင်းဖြင့် ပြုလုပ်သော ညစ်ညမ်းသော အရာများကို ထာဝရဘုရားကပြသရာတွင် ၎င်းတို့၏ အကျိုးဆက်နှင့်ပင် တစ်ဆက်တည်းပြသသွားသည်။ သို့သော် မျှော်လင့်ခြင်းကို အမြဲကမ်းလှမ်းသည်။ တစ်ချို့တို့သည်လည်း "ယာကုပ်၏ဆင်းရဲဒုက္ခကို" အလွန်ပင် ကြောက်ရွံ့တတ်ကြသည်။ နောက်ဆုံးအချိန်သည် ဘုရား၏ လူတို့အတွက် မလွယ်မည်မှာ သေချာသည်။ ခက်ခဲသော ကာလများကို အနာဂတ်စကား ပေးထားသည်နည်းတူ လွတ်မြောက်ခြင်း ကိုလည်း ပေးထားပြန်သည်။

ဗျာ ၁၂ တွင် မာရ်နတ်သည် ခရစ်တော်၏ သတို့သမီးအပေါ် မုန်းတီးခြင်းဖြင့် ဒုက္ခပေးကာ တိုက်ခိုက် နေသော်လည်း ထာဝရဘုရားသည် ကယ်တင်ခဲ့သည်။ ဧသတာဝတ္ထုတွင် လုပသောမိဖုရားကြီးသည် ဇာတ်စင်ပေါ်တွင် ဇာတ်ဆောင် အဖြစ်တက်ကသဖြင့် ထာဝရဘုရားသည်လည်း သူ၏လူမျိုးများအား ကယ်တင်ရန် အသုံးပြု ခဲ့သည်။

**ဖတ်ရှုပါ – ဧသတာ ၄း၁၃၊၁၄။ ၅း၁ – ၃။ ၉း၂၀ – ၂၈။ လောက၏ဆုံးခန်းတွင် ကျွန်ုပ်တို့ကြုံရမည့် အကျဉ်းအကြပ်များနှင့် ပတ်သက်၍ အထက်ပါကျမ်းချက်တို့မှ မည်သည့် သင်ခန်းစာများ ယူနိုင်မည်နည်း။**

ထာဝရဘုရားသည် ယခုအချိန်အတွက် ကျန်ကြွင်းသော အသင်းတော်ကို တည်ထောင်၏။ အမှောင်ကာလ၏ ၁၂၆၀ ရက်တွေ အဆုံးရောက်လာသောအခါ ထာဝရဘုရားသည် မိမိကွယ်ဝှက်ထားသော သတို့သမီးကို ထုတ်ဖော်ပြသလေတော့သည် *(ဗျာ ၁၂း၁၄)*။ သူမသည် ကောင်းကင်တမန်သုံးပါးတို့၏ သတင်းတည်းဟူသော ကရုဏာတရားကို ကမ္ဘာသို့ ပို့ဆောင်ရလိမ့်မည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်လည်း *"ယခုအမှုကို ဆောင်ဖို့ရာ" (ဧသတာ ၄း၁၄)* အတွက် ဖြစ်နိုင်ပေသည်။ ဧသတာသည်လည်း ဟာမန် ပြုလုပ်သော သူမ၏ လူမျိုးအားလုံး နိပ်စက်ခြင်းဒုက္ခကို သူမတစ်ဦးတည်း ကြိတ်ခံနေရသည် မဟုတ်ကြောင်း သိရှိသည်။ ရှင်ဘုရင်၏ မျက်နှာသာကို အရင်ဦး ရယူခြင်းဖြင့် သူမ၏ လူမျိုးအားလုံးလွတ်မြောက်ကြ၏။ ကျွန်ုပ်တို့သည်လည်း လောက၏ နောက်ဆုံးအချိန်တွင် ကျွန်ုပ်တို့တည်းမဟုတ်ရဘဲ ရှင်ဘုရင်သည် ကျွန်ုပ်တို့ဘက်တွင် ပါဝင်လာခြင်းဖြင့် ထာဝရဘုရား၏ လူတို့သည် လွတ်မြောက်ကြရလိမ့်မည်။

**ဤဝတ္ထုတွင် ထာဝရဘုရား၏ လူတို့အတွက် အရာခပ်သိမ်းကောင်းမွန်စွာ ဖြစ်ခဲ့သည်။ ထိုသို့ အစဉ်အမြဲဖြစ် မည်မဟုတ်ပါ။ ထိုကြောင့်ကျွန်ုပ်တို့သည်အဘယ့်ကြောင့် ရေရှည်ကိုသာကြည့်လျက် ခရစ်တော်၌ မျှော်လင့်ခြင်းဖြင့် နေသင့်သနည်း။**

**ဆက်လက်လေ့လာရန်။** အဲလင်ဂျီဟွိုက်၊ တောက်ရာမှပွဲ၊ *ကာလသရေလတို့၏ အရင်ဦး ဘုရင်၊* စာ – ၆၀၅၊ ၆၀၆)။

"အများစု၏ ဓလေ့ထုံးတမ်းနှင့် ရိုးရာတို့ကို လက်သင့်မခံဘဲ ငြင်းဆိုသော လူနည်းစု တို့အပေါ်တွင် စာတန်သည် မခံမရပ်နာကြည်းခြင်းဖြစ်စေမည်။ ရာထူးကြီးသောသူနှင့် ဂုဏ်သတင်းကြီးသောသူတို့သည် ထိုဥပဒေမဲ့သောသူတို့နှင့် ပူးပေါင်းကာ ထာဝရဘုရား၏ လူတို့အားဆန့်ကျင်သောသြဝါဒများ ပြုကြလိမ့်မည်။ ကြွယ်ဝခြင်း၊ ညဏ်ကြီးရှင်များနှင့် ပညာတတ်သူတို့သည် ၎င်းတို့နှင့် ပူပေါင်းလိမ့်မည်။ နှိပ်စက်တတ်သော အာဏာပိုင်များ ဝန်ကြီးများနှင့် အသင်းသူ/သားများတို့သည် လူနည်းစုများကို ဆန့်ကျင်ကာ လျှို့ဝှက်ပူပေါင်းကြပါလိမ့်မည်။ အသံနှင့် ကလောင်တံအားဖြင့် ကြွားဝါခြင်း၊ ခြိမ်းချောက်ခြင်း၊ စော်ကားမော်ကားပြုခြင်းတို့ဖြင့် သူတို့၏ ယုံကြည်ခြင်းကို ကျဆုံးစေလိမ့်မည်။

"မမှန်မကန် သက်သေခံခြင်းနှင့် မာန်ပါပါတောင်းဆိုခြင်းတို့ဖြင့် လူသားတို့၏ ချစ်ဇောဟုန်ကို မွှေနှောက်လိမ့်မည်။ "ကျမ်းစာလာသည်" မဟုတ်ဘဲ ဥပုသ်နေ့အား ဆန့်ကျင်သော အချက်များတင်ပြလာလိမ့်မည်။ ချို့တဲ့သောသူများအား မစနိုင်ရန် ဥပဒေတုများ ထုတ်ဆင့်လိမ့်မည်။ ထင်ပေါ်ကျော်ကြားသော ငွေရှင်ကြေးရှင်များ အာဏာပိုင်များ လုံခြုံရန်၊ တနင်္ဂနွေဥပုသ်ပညတ်ကိုထုတ်ဆင့်လိမ့်မည်။ ထာဝရဘုရားကို ရိုသေသမှတ်သော သူတို့မူကား ဤဌာနမှ ပညတ်တော်ဆယ်ပါးနှင့် ဆန့်ကျင်၍ ထုတ်ဆင့်သော အရာများအား လက်မခံနိုင်ပါ။ ဤစစ်မြေပြင်သည် အမှားနှင့်အမှန်ကြား ပဋိပက္ခ၏ နောက်ဆုံးတိုက်ပွဲဖြစ်လိမ့်မည်။ ထိုစစ်ပွဲတွင် ကျွန်ုပ်တို့အား သံသယတွေနှင့် ပစ်ထားမည်မဟုတ်ပါ။ ယနေ့တွင်လည်း ဧသတာနှင့် မော်ဒကဲတို့၏ နေ့ကဲ့သို့ ကိုယ်တော်သည် သူ၏အမှန်တရား အတွက် သက်သေထူလိမ့်မည်။" (အဲလင်ဂျီဟွိုက်၊ *ပရောဖက်များနှင့် ဘုရင်များ၊* စာ၊ ၆၀၅ – ၆၀၆)။

**ဆွေးနွေးရမည့်မေးခွန်းများ –**

**၁ ဘုရားသခင်သည် သူ့လူများကို အဘယ်ကြောင့် ခက်ခဲသော ကာလကို ဖြတ်ကျော်စေသည်ဟု သင်ထင်သနည်း။ ထိုသို့ခွင့်ပြုရခြင်း၏ ဖဟိုချက်မသည် အဘယ်နည်း။**

**၂ ယုံကြည်သူတစ်ဦးသည် ခရစ်တော်ထံတွင် သစ္စာခံသောကြောင့် ကြုံရမည့်အခက်အခဲများအတွက် မည်ကဲ့သို့ပြင်ဆင်ထားသင့်သနည်း။ ခက်ခဲသောအချိန်၌မည်သည့်နေရာမှမျှော်လင့်ခြင်းရမည်နည်း။**

**၃ မိတ်ဆွေတစ်ဦးသည် ဧသတာကျမ်းစာကို ဖတ်ရှုပြီးနောက် သူ *လန့်ဖြန့်သွားသည်*ဟု လာပြောလိမ့်မည်။ ရှင်းလင်းစွာ နားလည်နိုင်ရန် နှင့် စိတ်ငြိမ်သက်ခြင်း ရနိုင်ရန် မည်သို့ သင်ချဉ်းကပ်မည်နည်း။**

**၄ တစ်စုံတစ်ဦးသည် "*ငါ့ကို ဘုရားက ချစ်လဲမချစ် လိုလဲမလိုခြင်ပါ။ ငါဘာတွေ လုပ်ထားတယ်ဆိုတာ မင်းသိရင် မင်းနားလည်မှာပါ*" ဟု လာပြောပြသည် ဆိုပါစို့။ သင်မည်သို့ တုံ့ပြန်မည်နည်း။ ရှသနှင့် ဧသတာတို့၏ ဝတ္ထုတွေမှ မည်သည့် ချဉ်းကပ်ပုံ တင်ပြထားသနည်း။**

# ဝက်သားကိုစွန့်၊ ဥပုသ်ကိုစောင့်သူ

Diana Fish မှရေးသားသည်

Diana နှင့် Loren Fish တို့တွင် စိတ်ကူးရှိ၏။ သူမသည် Orlando, Florida ရှိ SDA ဆေးရုံတွင် development ဌာနတွင် အလုပ်လုပ်ပြီး ခင်ပွန်းသည် လူနာအကြံ ပေးဝင်လုပ်၏။ သို့သော် တစ်ခုခုလိုနေသည်ဟု ခံစားရ၏။ ၎င်းတို့လည်း ဆုတောင်းကြ၏။

Diana လည်း မမျှော်လင့်ဘဲ NAD Women's Ministries Conference တက်ရောက်ခဲ့၏။ ပြခန်းတွင် Holbrook SDA Indian School ကျောင်းသူများ၏ ကြွေအိုးပြခန်းတွင် ဝင်ကြည့်ခဲ့၏။ ပြခန်းစောင့် အမျိုးသမီးက Diana သည် development ကဏ္ဍတွင် အလုပ်လုပ်ကြောင်း သိရသည့်အခါအမျိုးသမီးကြီးက ၎င်းတို့၏ကျောင်းသည် development director တစ်ဦးကိုရှာနေကြောင်းပြောပြ၏။

ခြောက်လကြာပြီးနောက်တွင် Loren သည် San Antonio, Texas တွင်ပြုလုပ်သည့် 2015 GC Session တက်ရောက်ရန် ဆုံးဖြတ်၏။ ညီလာခံရှိ ပြခန်းတွင်လည်း Loren သည် Holbrook တို့၏ပြခန်းတွင် ဝင်ဖြစ်၏။ ပြခန်းစောင့် အမျိုးသမီးက Loren သည် လိုင်စင်ရ လူမှုဝန်ထမ်းဖြစ်ကြောင်း သိရသည့်အခါ "ကျွန်မတို့က ဒီလိုလူမျိုး တစ်ယောက်လိုတယ်" ဟု ပြော၏။ သူမက Loren ၏ ဇနီးအကြောင်း နှင့် Loren က ဇနီးသည် development ပိုင်းတွင် လုပ်သည်ဟုဖြေ၏။ "ကျွန်မတို့က ဒီလိုလူမျိုးကိုလည်းလိုတယ်" ဟုဆိုပြီး လက်ယမ်းလိုက်၏။

သီတင်းပတ်များစွာ ကုန်ပြီးနောက်တွင် Loren တွင် နှစ်ဦးသည် Colorado သည်လည်အပြီးတွင် Holbrook သို့သွား၏။ ကျောင်းတွင် American Indian များအတွက် စိတ်ချရသည့်နေရာ ဖြစ်နိုင်ရေး (၉) နာရီမျှ ဆွေးနွေးခဲ့ကြ၏။ ထိုကျောင်းသည် အတိတ်ဆိုးကြုံကြသည့် ကျောင်းသား/သူများအတွက် ခရစ်ယာန် အကြံပေးပညာရှင် တစ်ဦးကိုရှာနေကြောင်း သိခဲ့၏။ Diana သည် ကျောင်းဧည့်ဆောင်ရှိ စာအုပ်စင်ရှိ စာအုပ် တစ်အုပ်ကို ယူကြည့်သည့်အခါ Loren က GC Session တွင် ရခဲ့သည့်စာအုပ်ပင် ဖြစ်နေ၏။ ခေါင်းစဉ်သည် Anytime, Anywhre, at Any Cost ဖြစ်ပြီး Don MacLafferty ရေးသည့်စာအုပ်ဖြစ်၏။ Diana လည်း ဘုရားသခင်သည် သူမတို့ကို Holbrook သို့ ခေါ်နေကြောင်း ချက်ချင်းသဘောပေါက်၏။

ရက်များစွာကုန်လွန်ပြီးနောက်တွင် Florida တွင် Loren က Diana အား ၎င်းသည် ဆုတောင်းခဲ့ကြောင်း ဘုရားသည် ၎င်းတို့ကို Holbrook သို့ခေါ်သည်ဟု ခံစားရကြောင်း ဖွင့်ဟ၏။ ထိုနေ့ညနေတွင် လျှောက်လွှာတင်ပြီး ၎င်းတို့၏ပစ္စည်းများကို ထုပ်ပိုးကြ၏။ နှစ်ပတ်အကြာတွင် အလုပ်ရကြောင်း စာရ၏။ ကျောင်းတွင် ၁၀ နှစ် ကြာခဲ့၏။ Diana က "ဘုရားသခင်ဟာ ဆန်းကြယ်ပါတယ်။ ကျွန်မကို တစ်လှမ်းချင်း လမ်းပြခဲ့တယ်။ သူ့ကိုမသိခင်၊ ဘုရားက ကျွန်မကိုသိခဲ့ပြီး အကြံတော်လည်းရှိထားတယ်" ဟုဆို၏။

ဤသာသနာပုံပြင်သည် ၂၀၂၁ ခုနှစ် ဥပုသ်စာဖြေ ၁၃ ပတ် အလှူငွေလက်ခံရရှိသည့် US ရှိ Holbrook SDA Indian School တွင် development director အဖြစ် လုပ်ကိုင်သည့် Diana Fish အပေါ်ဘုရားရှင်၏ဆန်းကြယ်စွာတို့ထိခဲ့သည့် အကြောင်းဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** သေတ္တာ ၅:၂

**လေ့လာမှုဦးတည်ချက်။** ရှုသ ၁၊ ၂၊ ၄။ သေ ၃:၁-၁၄။

သမ္မာကျမ်းစာတွင် အရေးပါသည့် အခန်းကဏ္ဍတွင် အမှုဆောင်ကြသည့် အမျိုးသမီးများအကြောင်း ပါရှိပါသည်။ "အသက်" ဟု အနက်ရှိသည့် ဧဝသည် လူသားများ၏ ကယ်တင်ရှင်၊ မေရှိယ ယေရှုခရစ်တော်ကို မွေးဖြစ်စေခဲ့သည့် "လူသားအားလုံး၏မိခင်" ဖြစ်ပါသည် (က ၃:၁၅)။ ဘိုးဘေးတို့ခေတ်တွင် စာရ၊ ရေဗက္က၊ ရာခေလ၊ လေအာ၊ တာမာ တို့သည် ကယ်တင်ခြင်းသမိုင်းကြောင်းတွင် ထဲထဲဝင်ဝင် ပါကြပါသည်။ ၎င်းတို့၏ အပြုအမူများသည် မေရှိယ မျိုးမကန်းရန် ကြိုးစားခြင်းဖြစ်ပါသည်။

အီဂျစ်ပြည်မှထွက်လာချိန်တွင် ဣသရေလများသည် ဣသရေလတို့၏ သားယောကျ်ားလေးများကို ဖာရောက သတ်မိန့်ပေးခြင်းကို နာမခံခဲ့ကြသည့် အမျိုးသမီးများအပေါ် ကျေးဇူးကြွေးရှိပါသည်။ သားဖွားဆရာမ/လက်သည်များ (ထွ ၁:၁၅-၁၇)၊ ဖာရော၏သမီးတော် (ထွ ၂:၅) နှင့် အခြားအမျိုးသမီးများ (ထွ ၂:၇) အကြောင်းကို မောရှေရေးသည့် တိုရာကျမ်း (Pentateuch) တွင် ၎င်းတို့၏ အသက်ကိုပင် ပဓာနမထားဘဲ ကယ်ခဲ့ကြသည်ဟု မော်ကွန်းတင် ခံရပါသည်။ ထို့နောက်တွင် ပရောဖက်မ ဒေဗောရ ဣသရေလတို့ကို ဦးဆောင်ခဲ့ပြီး ဣသရေလတို့ကို ကယ်ရန် ပေါ်လာခဲ့သည်ဟု ဆိုထား၏ (သူကြီး ၅:၇)။ ရာခပ်သည် သူလျှိုနှစ်ဦးကို ကယ်ခဲ့ပြီး ခါနန်လူများကိုတိုက်ရာတွင် ဣသရေလတို့ဘက်မှ ကူခဲ့၏။ ရှင်မဿဲ၏ မျိုးဆက်စာရင်းတွင် (မ ၁:၅) ရာခပ်သည် ရှုသကို လက်ထပ်ခဲ့သည့် ဗောဇ၏မိခင် ဖြစ်လာပြီး မေရှိယ၏မျိုးရိုးတွင် ပါခဲ့၏။ ယခုသင်ခန်းစာတွင် ကျမ်းစာတွင် လာသည့် ရှုသနှင့် သေတ္တာအကြောင်းကို လေ့လာပါမည်။ အချိန်အခါနှင့် ဇာတ်ကြောင်းများ ကွဲပြားသော်လည်း ဣသရေလများကို ကယ်တင်ရန် ဘုရားကခွဲခန့်ခဲ့သည့် အမျိုးသမီးများ ဖြစ်ကြမှုတွင် နမူနာအဖြစ် သမိုင်းကျန်ပါသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

ဣသရေလတို့၏သမိုင်းတွင် ရှုသနှင့် သေတ္တာတို့၏ အကြောင်းသည် ပါရပါသည်။ ရှုသသည် ဣသရေလများ ကတိထားရာပြည်တွင် နေထိုင်ကြသည့် "တရားသူကြီးအုပ်စိုးသောကာလ" တွင်သက်ရှိထင်ရှားခဲ့သူဖြစ်ပါသည်။ သေတ္တာကား တိုင်း တစ်ပါးသို့ ပါသွားရသည့် ပါးရှားလက်ထက်တွင် သက်ရှိထင်ရှားခဲ့သူ ဖြစ်ပါသည်။ ဣသရေလတို့၏သမိုင်းတွင် အမျိုးသမီးဆန်းထချိန်မျိုး ရှိခဲ့ပါသည်။ ထိုအဖြစ်သည်လည်း အရေးပါပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာတွင်အမျိုးသမီးသည် အသင်း

တော်ကို ပုံဆောင်ကြောင်း မကြာခဏ ပြလေ့ရှိသောကြောင့်ပါ။ သို့နှင့် တစ်ဦးက "ထိုအမျိုးသမီး နှစ်ဦးတို့သည် ဘုရား၏အသင်းတော်ဟု မည်သို့ဖြင့် ပုံဆောင်ကာ ဘုရား၏ နောက်ဆုံးကာလ အသင်းတော်အနေဖြင့် ၎င်းတို့ထံမှ မည်သည့် သင်ခန်းစာ ကို ရနိုင်မည်နည်း" ဟု မေးဖြစ်ပါလိမ့်မည်။

အရပ်တကာ လှည့်လည်နေထိုင်မှုတွင် တစ်နေရာတွင် အတည်နေကြသူများထက် အမျိုးသမီးများကို နေရာပေးကြသည်မှာ သတိပြုဖွယ်ဖြစ်ပါသည်။ ထိုအကြောင်းကို နားလည်ရင်းဖြင့် ယနေ့ကာလတွင် နေထိုင်ကြသည့် ကျွန်ုပ်တို့သည် ရုသနှင့်သေတာတို့၏ အသံသြဇာကို နားလည်ပေးနိုင်ကာ ယနေ့ကာလ၏ လူမှုဘဝအတွက် အကူအညီ ဖြစ်စေပါလိမ့်မည်။

**ရုသ (သို့) ကြင်နာခြင်း၏သြဇာ။** နောက်ဆုံးကာလတွင် ကယ်တင်ခြင်း ရှုထောင့်မှ ရုသဝတ္ထုကို ဖတ်သည့်အခါ အလင်းများစွာ ရရှိပါသည်။ ရုသ၏အနက်သည် "မိတ်ဆွေ၊ မဟာမိတ်" ဖြစ်ပြီး သိမ်မွေ့ခြင်း ပါဝင်၏။ ဤဝတ္ထု၏ တရားအူတိုင်ကား ကြင်နာခြင်းဖြစ်၏။ ဤဝတ္ထုတွင် တင်းမာခြင်း၊ လူယုတ်မာ၊ ဝေဖန်ခြင်း၊ ခါးသီးခြင်းများ မပါပါ။ ရုသအား မောဘသူဟု နှစ်ကြိမ်သုံးထား၏။ ဤဝတ္ထု၏ မင်းသမီးသည် တစ်ပြည်သူဖြစ်၏။ ဤစာအုပ်တွင် မျက်နှာစာပြသည့် ကြင်နာခြင်းသည် ပတ်သက်ဆက်နွယ်မှု တစ်ခုခုနှင့် အဆက်အစပ် လုံးဝမရှိပါ။ ကြင်နာခြင်းသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ပြီး လူမျိုးစည်းဘောင် အားလုံးကိုကျော်၏။

ဇာတ်လမ်းကား ဤမောဘအမျိုးသမီးသည် ဣသရေလ အမျိုးသားတစ်ဦးနှင့် အကြောင်းပါပြီး ထိုခင်ပွန်းလည်း ဆုံးပါးသွားသည်ဟု လာ၏။ သူမသည် ယောက္ခမ နောမိ ဣသရေလပြည်သို့ အပြန်တွင်လိုက်ရန် ခန္ဓာသာမဟုတ်ဘဲ ကိုးကွယ်မှု ဘာသာကိုပါ လိုက်၍ကိုးကွယ်ရန် သန္နိဋ္ဌာန် ချခဲ့၏ "ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရား၊ ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံပါမည်" (ရု ၁:၁၆၊ ၁၇)။ သာသနာသည် မည်သည့်နည်းကိုသုံးထားကြောင်း မပြထားသော်လည်း ဇာတ်လမ်းတွင် သာသနာအောင်မြင်ကြောင်းဖြင့် စထား၏။ ရုသသည် ထူးခြားဖြစ်စဉ်များကို မြင်ရခြင်းဖြင့် ဘာသာပြောင်းလာသူ မဟုတ်ပါ။ ရုသသည် ယောက္ခမကို ချစ်ခင်၊ အားကိုး၊ ယုံကြည်သောကြောင့် ယောက္ခမနောက်သို့ လိုက်ခဲ့ခြင်းဖြစ်၏။

နောမိသည် ရုသကို တရားပြရန် ဘာမှ နီးနှောဖလှယ်မှုမရှိကြောင်း သတိပြုပါ။ နောမိက ရုသအား သူမိ၏မိခင်အိမ်သို့ ပြန်ရန်ပင် နားချသေး၏ (ရုသ ၁:၈)။ နောမိက ရုသသည် "လိုက်ခြင်းငှာ ခိုင်ခံ့သောစိတ်ရှိကြောင်း" သိသည့်အခါ ဘာမှမပြောတော့ပါ (ရု ၁:၁၈)။

နောက်တစ်ခန်းကား နောမ၏အမျိုး လယ်သူဌေးဗောဇ အကြောင်းဖြစ်ပြီး၊ ရုသ

က ၎င်းထံ စပါးကျန်များ ကောက်ခွင့်ပြုရန် တောင်းဆိုခဲ့၏။ ဇာတ်ကြောင်းတွင် ဗောဇသည် သူမအား လောကဝတ်စကားကို ပြော၏ (ရု ၂:၁၃)။ သူမအပေါ် စေတနာယိုဖိတ်၏ (ရု ၂:၈)။ ဗောဇသည် ဆွေမျိုးကို go’el “ရွေး” ရမည့် အနီးဆုံး ပုဂ္ဂိုလ် ဖြစ်ပြန်၏။ “ရွေး” ဟူသည့်ကြိယာသည် ဤကျမ်းချက်၏အသက် ဖြစ်၏ (ရု ၄:၄၊ ၇)။

သူမ၏ရွေးနုတ်ရှင်အပေါ် ရုသ၏အတင့်ရဲခြင်းကို သတိပြုပါ။ သူမသည် “တစ်ပါးအမျိုးသား” ဖြစ်ကြောင်း (ရု ၂:၁၀)၊ “ကိုယ်ကျွန်မတို့နှင့်မတူ” ကြောင်း နှိမ့်ချစွာ ပြောဆိုပုံကိုလည်း သတိပြုပါ (ရု ၂:၁၃)။ သူမကိုရွေးနုတ်မည့် ဗောဇ အပါ အဝင် အခြားလူများစွာက ရုသသည် ယောက္ခမအပေါ် စေတနာကောင်းကြောင်း ကိုလည်း သတိပြုပါ (ရု ၂:၁၂)။ ရုသဝတ္ထု ကလောင်ရှင်က ရုသ၏ ဘာသာရေး ကိုင်းရှိုင်းမှု ထုထည်ကို မချပြထားပါ။ သူမ၏ ယဉ်ကျေးသိမ်မွေ့မှုသည် သူမကို ရွေးနုတ်မည့်သူအား သဘောပေါက်စေရန် လုံလောက်ဟန်ရှိ၏။

ဇာတ်လမ်း၏နိဂုံးသည် သာ၍ပင် ဆန်းကြယ်သေးပါသည်။ ရုသသည် ဗောဇ နှင့်အိမ်ထောင်ကျရုံမကဘဲ မေရှိယ၏မျိုးရိုးတွင် ပါဝင်ခွင့်ရခဲ့၏။ ဤဝတ္ထုသည် အရေးပါလှသည့်ဝတ္ထု ဖြစ်ပါသည်။ ရုသည် တစ်ပါးအမျိုးသားဖြစ်သော်လည်း ဣသရေလစာရင်းတွင် ဝင်ခွင့်ရခဲ့ပါသည် (ရု ၁:၄၊ ၂၂၊ ရု ၂:၂၊ ၆၊ ၁၀-၁၃၊ ၂၁၊ ရု ၄:၅၊ ၁၀)။ ဂျူးတို့၏ ဘုရားရှိခိုးတွင် ရုသဝတ္ထုကို ကောက်သိမ်းပွဲနှင့် ပညတ်တော် လက်ဆောင်ပွဲတို့ နွယ်သည် Shavuot (သို့) ပင်တေကုတ္တေပွဲဟုလည်း ခေါ်သည့် ပွဲ တွင် ရွတ်ဖတ်ကြပါသည်။

**ဧသတာ (သို့) အလှဂုဏ်အစွမ်း။** လူ့သမိုင်းနောက်ဆုံးအချိန်တွင် ဘုရား၏ ကယ်တင်ခြင်းလုပ်ငန်း ရှုထောင့်မှ ဖတ်ရှုရန် အကြောင်းသင့်လှသည့် အခြားကျမ်း သည် ဧသတာဝတ္ထု ဖြစ်ပါသည်။ စိန်ခေါ်မှုတစ်ခုအဖြစ် ရှိရခြင်းမှာ ယင်းဝတ္ထုတွင် ဘာသာရေးအကြောင်း တစ်ခွန်းမပါခြင်း ဖြစ်ပါသည်။ ဘုရားအကြောင်း မပါပါ။ အဖြစ်အပျက်သည် သူ့အလိုလိုပြီးသွားသည့် ပုံစံမျိုးဖြစ်နေ၏။ ဤဝတ္ထုကို အထွတ် အထိပ်သို့ ပို့သည့်အကြောင်းများမှာ မောဒကဲ၏ပါးနပ်မှု၊ ဧသတာ၏ အလှတရား နှင့် ရဲစွမ်းသတ္တိအကြောင်းများ ဖြစ်ကြပါသည် (ဧ ၃:၇၊ ဧ ၉:၂၄)။ ဤဝတ္ထုတွင် ပရောဖက်နှင့် ယဇ်ပုရောဟိတ်တို့၏ အခန်းကဏ္ဍ ပျောက်နေ၏။ ဝတ္ထု၏ အဆုံး သတ်ကား လူများစွာ အသတ်ခံရခြင်းနှင့် အဆုံးသတ်ကာ တရားမမှတန်ဖိုးကို မြင် ရန် ခဲယဉ်းပါသည်။ သာ၍အရေးပါသည့် အချက်ကား ဧသတာနှင့် မောဒကဲတို့ ဂျူး ဖြစ်နေသည့်အကြောင်းက လူမျိုးခြားများ၏နန်းတော်တွင် ဘဝအဆင့်တက်ရန် အတားအဆီး မဖြစ်ခဲ့သည့်အချက် ဖြစ်၏။ ၎င်းတို့နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကြား တင်းမာမှု ရှိကြောင်း မပြထားပါ။ ရှေးရဗ္ဗိများနှင့် အသင်းတော် ဖခင်ကြီးများက ဤ

စာအုပ်၏ ဝိညာဉ်ရေး အကျိုးသက်ရောက်မှု၊ သမ္မာကျမ်းစာတွင် နေရာရမှု အကြောင်းများကို စောဒကမတက်ခဲ့ကြပါ။

အထက်တွင်ပြထားသည့် အပြစ်တင်ဖွယ်များရှိလည်း ဤဝတ္ထုသည် ဝိညာဉ်တော်မှုတ်သွင်းသည့်စာအုပ် ဖြစ်ပါသည်။ ဘုရားအကြောင်း မပါရခြင်းကပင် ဤဝတ္ထု၏ အသက်ဖြစ်ပြီး ယနေ့ကာလ ဆိုးရွားသည့်လောကီထုပ္ပတ် လူတို့ဇာတ်တွင် နေထိုင်နေကြသည့် ကျွန်ုပ်တို့အတွက် အားယူသင့်လှသည့်စာအုပ် ဖြစ်ပါသည်။ ဘုရားသခင် ငြိမ်ပျောက်နေခြင်းကပင် တစ်ဖက်လှည့် အစီအမံဖြစ်ပြီးသား ဖြစ်ပါသည်။ ဂျူးများ ခြိမ်းခြောက်ခံရချိန်တွင် ဧသတာသည် မိဖုရားခေါင်ကြီးဖြစ်နေချိန် ဖြစ်ပါသည်။ ထိုကာလတွင် ဘုရင်သည် စက်တော်မခေါ်နိုင်ဖြစ်ကာ ၎င်း၏အသက်ကို မောဒကဲက ကယ်ခဲ့ဖူးကြောင်း ရှာတွေ့ခဲ့ချိန် ဖြစ်ပါသည်။ အခြားဘက်တွင်ကား ဂျူးများသည် ကောင်းစွာကွယ်ကာခြင်း ရရှိသည်ဟု ဝတ္ထုတွင်ပြထားပါသည်။ သူမသည် ဘုရင်ထံ ဖွင့်မပြောဘဲ ငြိမ်နေသော်မှ "ကယ်တင်ခြင်းအကြောင်း တစ်စုံ တစ်ခု ပေါ်လိမ့်မည်ဖြစ်၏ (ဧ ၄:၁၄)။ ယေရှုလည်း ဤကမ္ဘာတွင် ရှိခဲ့စဉ်က ထိုနည်းတူပင် မိန့်ခဲ့၏ "ဤသူတို့သည် တိတ်ဆိတ်စွာနေလျှင် ကျောက်ခဲတို့သည် ချက်ချင်း ကြွေးကြော်လိမ့်မည်" (လု ၁၉:၄၀)။

အချို့သော ကျမ်းအနက်ဖွင့်သူများက ဘုရား၏စီမံပေးမှုကို ဧသတာ၏ နာမည်တွင် ရှာတွေ့ကြ၏။ Hester panim "မျက်နှာဝှက်ထားခြင်း" သည် ဘုရားက ၎င်း၏ သားသမီးများနှင့် ဆက်ဆံရာတွင် သုံးသည့် နည်းတစ်နည်းဖြစ်၏ (ဟေရှာ ၈:၁၇၊ ဟေရှာ ၅၀:၆၊ ဟေရှာ ၅၃:၃)။ အပြစ်ဖြေရာ အခါတော်နေ့ကြီးတွင် ပါဝင်သည့် အစာရှောင်ခြင်း၊ တရားစီရင်ခြင်း၊ ဘုရားသားသမီးများကို ကယ်တင်ပြီး လူဆိုးများ ပျက်စီးကြခြင်းတွင် ထိုတရားသဘော ပါဝင်၏။ ရှေးရဗ္ဗိများက pur – "မဲ" ကို kippur – "အပြစ်ဖြေရာနေ့နှင့်တွဲကာ ထိုသဘောတရားကို ဝန်ခံကြ၏။ ဧသတာဝတ္ထုတွင်လည်း အပြစ်ဖြေရာနေ့တွင် ခံစားကြသည့် မျှော်လင့်ခြင်း၊ ငြိမ်းအေးခြင်း၊ ကောင်းကျိုးရှာခြင်း အင်္ဂါရပ်များဖြင့် နိဂုံးချုပ်ထား၏ (ဧ ၁၀:၃ ကို ဆာ ၁၂၂ :၈၊ ၉ နှင့် နှိုင်းယှဉ်ပါ)။

## အပိုင်း ၃။ လက်တွေ့အသုံးချခြင်း

ရှုသဝတ္ထုနှင့် ဧသတာဝတ္ထုတို့ကို အာရုံပြုခြင်းဖြင့် သင့်ဘဝတွင် မည်သို့အသုံးချမည်နည်း။

**ရှုသဝတ္ထု။** ကျွန်ုပ်တို့သည် ဘုရားသားသမီးဖြစ်ကြပြီး ဘာသာရေး ကိုင်းရှိုင်းကြသူများ ဖြစ်ကြသည်ဟု မှတ်ရာတွင် ကျွန်ုပ်တို့ကို ဝမ်းနည်း၊ ဒေါသထွက်၊ မာန်မာနမတက်စေသင့်ပါ။ ကျင့်ဝတ်ကို သာ၍ပင် နားလည်သင့်စေပါသည်။ ရှုသသည် ပတ်ဝန်းကျင်နှင့် သင့်မြတ်သကဲ့သို့ ကျွန်ုပ်တို့လည်း မိသားစု၊ လူအများတို့နှင့် သင့်မြတ်

ရပါမည်။ ရှသ၏ နှိမ့်ချတတ်သည့် ပါရမီကိုလည်း သတိပြုပါ။ ရှသသည် သူမ၏ အရည်အသွေး၊ ဘာသာရေးကိုင်းရှိုင်းမှုများအတွက် မကြွားဝါခဲ့ပါ။ ထို့အစား မိမိကိုယ်ကို မထိုက်တန်သူဟုယူကာ သူများကို အပြစ်တင်ခြင်း မပြုလုပ်ပါ။ ရှသ သည် ဘာသာရေးတွင် ပါဝင်၏။ သို့သော် စာအုပ်ကြီးသမား မဟုတ်။ သူမ၏ ကုသိုလ်အစုစုတို့ကြောင့် ကယ်တင်ခြင်းရထိုက်သည်ဟု မမှတ်။ သူမသည် ယောက္ခမ၊ ဆွေမျိုးများ၏ သဒ္ဒါတရားများကိုသာ ရေးမှတ်၏။ နောက်ဆုံးအချက်ကား နောမိ၏ သာသနာပြုနည်းနာကား ဖော်ရွေခြင်း၊ စာနာခြင်းများ ဖြစ်ကြောင်းတည်း။

**သေတာဝတ္တု။** သေတာဝတ္တု။ သေတာဝတ္ထုသည် ကျွန်ုပ်တို့ခေတ်ကာလနှင့် အံဝင်ပါသည်။ ကျွန်ုပ်တို့သည် မည်သည့်အရပ်တွင် နေနေ၊ ဘာကိုလုပ်လုပ် — ရုံး၊ လမ်း၊ ကောလိပ်ကျောင်း၊ မိသားစု၊ သေးနုတ်သည့်အလုပ်များ — ကျွန်ုပ်တို့သည် သူတစ်ပါးတို့ ကယ်တင်ခြင်းရနိုင်မည့် နမူနာဖြစ်နိုင်ပါသည်။ ထိုအခြေအနေမျိုးသို့ ကျွန်ုပ်တို့ရောက်နေကြောင်း မည်သူသိနိုင်မည်နည်း (ဧ ၄:၁၄)။ ကျွန်ုပ်တို့၏ ကိုးကွယ်မှုကို အချိန်တိုင်းထုတ်ပြရန် မလိုကြောင်း သတိချပ်ပါ (ဧ ၂:၁၀၊ ၂၀)။ သေတာ ကဲ့သို့ သင်လည်း မျက်နှာမြင်ချစ်ခင်ပါစေ ဖြစ်ရန်နေထိုင်ပါ (ဧ ၂:၁၇)။ သင့်ဒုက္ခကို သင်ဖြေရှင်းနိုင်ရန် သန္နိဋ္ဌာန်ချပြီး အဖြစ်အပျက်၏ ဦးတည်ရာကို လှည့်ပြောင်းရန် ဘုရား၏ ကရုဏာတော်ကို ကိုးစားပါ။

**မှတ်သားရန်**–

## သင်ခန်းစာ - ၁၂ *ဇွန်လ ၁၄ — ၂၀

# ရှေ့ပြေးလက္ခဏာများ



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဒံယေလ ၂း၃၁-၄၅၊ ဒံ ၃း၁-၁၂၊ ၁၇၊ ၁၈၊ ဗျာ ၁၃း၁၁-၁၇၊ ရောမ ၁း၁၈-၂၅၊ တမန်တော် ၁၂း၁-၁၇၊ မဿဲ ၁၂း၉-၁၄၊

**အလွတ်ကျမ်းချက်။** '**ဘုရားသခင်သည် ကြောက်တတ်သောစိတ်ကို ငါတို့အား ပေးတော်မူသည် မဟုတ်။ တန်ခိုးပါသောစိတ် ချစ်တတ်သောစိတ် ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။**' (၂ တိ ၁း၇)

ယခုအပတ်တွင် နောက်ဆုံးနေ့ရက် ဖြစ်ပျက်မည့်အရာများကိုပင် နိမိတ်ပြသော ဝတ္ထုနှစ်ခုကို သမ္မာကျမ်းစာ မှ ထပ်မံသင်ကြားကြရပါမည်။

အရင်ဦးစွာ၊ ရှာဒရက်၊ မေရှက် နှင့် အဗေဒနေဂေါ တို့သည် ဗျာဒိတ်ကျမ်း ၁၃ ရှိ အရေးကြီးအကြောင်းကို ရှင်းလင်းစွာ အရိပ်အမြွက်ပြသော ဝက်ဝုတ်ပင်ဖြစ်သည်။ ထိုမှ တစ်ဆင့် ဓမ္မသစ်ကျမ်းတွင် အရင်ဦးဆုံး ခရစ်ယာန်များ၏ အတွေ့အကြုံများတို့သည် ယခုခေတ်နှင့်ခရစ်တော်ကြွလာခြင်း ကြားကာလတွင် ဖြစ်နိုင်ချေ ရှိသည်များကို သိကျွမ်း စေနိုင်မည့် အရာများလေ့လာသွားရမည်။

ထိုသာဓက နှစ်ခုလုံးသည် အခက်ခဲဆုံး စုံစမ်းရာကာလတွင်ပင် စိတ်ငြိမ်သက်ခြင်းရရှိ နိုင်သော သော့ချက်များကို အလင်းပြသထားပါသည်။

ယေရှုကလည်း "မကြောက်နှင့်၊ သင့်စိတ်နှလုံး မတုန်လှုပ်စေနှင့်" ဟု ထပ်ခါတလဲလဲ မိန့်မှာထားသည်။ အနာဂတ္တိကျမ်းတို့၏ ဗဟိုချက်မသည် ခရစ်တော်ဖြစ်သည်ကို မမေ့သင့်ပါ။ ကမ္ဘာ့ဆုံးခန်းတွင် ထိုသို့ သော အားပေးစကားများကို ရှာဖွေတွေ့ရှိရန် လိုအပ်သည်။ တပည့်တော်တို့အား "*စိတ်နှလုံး ပူပန်ခြင်း မရှိနှင့်။ ဘုရားသခင်ကို ယုံ၍ ငါ့ကိုလည်း ယုံကြလော့*" ဟု သွန်သင်ထားသည် *(ယောဟန် ၁၄း၁)*။

တနည်းအားဖြင့် ဘုရားသခင်ထံတော်သို့ သစ္စာတည်ကြည်လိုသောသူတို့ အတွက် နောက်ဆုံး နေ့ရက်၏ ဖြစ်ရပ်များတို့သည် ခက်ခဲရလိမ့်မည်၊ သို့သော်လည်း ကြောက်ရွံ့ခြင်း ကင်းလျက် မြော်လင့်ခြင်းဖြင့် ရှုမျှော်ကြစို့။

* ဇွန်လ ၂၀ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## ဒံယေလ ၂ နှင့် အနာဂတ္တိကျမ်းတို့၏ သမိုင်းဆိုင်ရာမှန်ကန်မှု

အနာဂတ္တိကျမ်းတို့တွင် တန်ခိုးအပါဆုံးတစ်ခုသည် ဒံယေလ ၂ ပင်ဖြစ်သည်။ ခရစ်မတိုင်မီ နှစ်ပေါင်း ငါးရာတုန်းက ရေးသားထားသည်။ ဘေဘီလုန်၊ မေဒီယာ – ပါးရှား၊ ဂရိ နှင့် ရောမ၊ ထို့နောက်ရောမသည် ယခု ဥရောပနိုင်ငံများအဖြစ် ပြိုကွဲခြင်း စသည့် ကမ္ဘာ့ သမိုင်းကို ချပြထားသည်။

၎င်းဥရောပနိုင်ငံတို့သည် "အခြားသောလူမျိုးတို့နှင့် ပေါင်းဖော်ကြလိမ့်မည်။ သို့သော်လည်း သံရွတ် နှင့် သံ မပေါင်းစပ်နိုင်သကဲ့သို့ သူတို့သည် အချင်းချင်း ပေါင်းဖော်၍ မသင့်နိုင်ကြ" *(ဒံယေလ ၂း၄၃)*။ ထူးဆန်းစွာ ဤအနာဂတ္တိစကားသည် ပြည့်စုံလေ၏။ ထိုလူမျိုးတို့သည် မင်းညီမင်းသားမှအစ အောက်တန်းလွှာတို့သည် ထိမ်မြားပေါင်းစပ်ကြ သော် လည်း ပြိုကွဲမြဲပင် ဖြစ်၏။

သာဓကအနေဖြင့် ဗြိတိန်သက်ဦးစံပိုင်စနစ်ကို ဝင်းဇောအိမ်သား ဟု နာမည်လုလုလေး ပေးထားသည်။ ၎င်းနာမသည် မကြာသေးမီ ၁၉၁၇ ပြည့်နှစ်မှသာ သမုတ်ခဲ့ပါသည်။ ထိုနှစ်မတိုင်မီတွင် ဗြိတိန်တော်ဝင် မိသားစုတို့သည် "အခြားသောလူမျိုးတို့နှင့် ပေါင်းဖော် ကြကာ" ဂျာမနီသွေးသားများနှင့် တော်စပ်နေ ကြသဖြင့် တော်ဝင်မိသားစုကို ဂျာမနီ နာမည်ဖြင့် စက်စ်ကိုဘာဂ်ဂိုသာ ဟုသာ ခေါ်ဝေါ်ခဲ့သည်။ မည်သို့ဆိုစေ ကာမူ ထိုသွေးသား တော်စပ်ခြင်းသည် စစ်ပွဲကို မထိန်းသိမ်းနိုင်သောကြောင့်၊ ပထမ ကမ္ဘာစစ်ကြီးအတောအအ တွင်းတွင် တော်စပ်မှုများ ပျက်ပြယ်စေရန် ဝင်းဇောအိမ်သားဟု နာမည်ပြောင်း သမုတ် ခဲ့ ကြ သည်။

**ပတ်ရှုပါ – ဒံယေလ ၂း၃၁ – ၄၅။ နေဗုခဒ်နေဇာသည် မည်သည့် အိပ်မက် မက်၍ ဒံယေလသည်လည်း မည်သို့ အနက်ပြန်သနည်း။**

---

ဒံယေလကျမ်း၏ ကမ္ဘာပျက်ကိန်းသည် ဒံယေလကျမ်း ၂ ကို ခြေခံထားသည်။ ကျန်သောအနာဂတ္တိ စကားတို့သည် ဒံယေလ ၂ အတိုင်း ကမ္ဘာ့နိုင်ငံများအစဉ်လိုက် တစ်ခု ပြီး တစ်ခုနောက်တွင် ထာဝရဘုရား၏ ထာဝရနိုင်ငံတော် တည်လိမ့်မည် ဟူ၏ *(ဒံ ၂း၄၄။ ၇း၁၃၊ ၁၄)*။ အနာဂတ္တိစကားတို့သည် ဧကရာဇ်နိုင်ငံများ နှင့် အတူအဆက်မပြတ်ဘဲ ရှေးပဝေသဏီမှအစ ယခုအချိန်နှင့် နောက်ဆုံးနေ့တိုင်အောင် ရှိလိမ့်မည်။ ဤသည်မှာ အနာဂတ္တိစကားတို့ကို အနက်ပြန်ရာတွင် သမိုင်းဆိုင်ရာ မှန်ကန်မှုဖြင့် ကျမ်းချက်၏ လိုရင်း သို့ ချဉ်းကပ်ခြင်းဖြစ်သည်။ ဤသို့ သမိုင်းဆိုင်ရာမှန်ကန်မှုဖြင့် ချဉ်းကပ်ခြင်းသည် နောက်ဆုံးနေ့ရက်တို့၏ ဖြစ်ရပ်များ၊ အထူးသဖြင့် ဗျာဒိတ်ကျမ်း၏ ဖော်ပြချက်များကို ထိရောက်စွာနားလည်စေနိုင်သည်။

**ဒံယေလ ၂ တွင် ထာဝရဘုရားသည် အနာဂတ်ကို အမှန်သိနားလည် ရုံမက ကွပ်ကဲနေသည်ကို မည်သည့် အထောက်အထားရှိသနည်း။**

 ဇွန်လ ၁၆ ရက်

## ရုပ်တုအားကိုးကွယ်ခြင်း

ဒံယေလ၏ အပြုအမူကြောင့် နေဗုခဒ်နေဇာသည် ဒံယေလနှင့် သူ၏ ဘုရားသခင်ထံတွင် သစ္စာခံခဲ့သော်လည်း ကြာကြာမခံပါ *(ဒံ ၂း၄၆-၄၈)*။

**ဖတ်ရှုပါ – ဒံယေလ ၃း၁-၁၂။ ထိုရုပ်တုသည် ရွှေစင်ဖြစ်၍ ရှင်ဘုရင်သည် ဝတ်ပြုကြရန် အမိန့်ထုတ်ဆင့်ရာတွင် မည်သည့်ထင်ရှားခြင်းရှိသနည်း။**

ရှင်ဘုရင်သည် ရွှေစင်ဖြင့် ရုပ်တုကြီးတစ်ခုပြုလုပ်ကာ ထာဝရဘုရား၏ အတင်းတော်ကို ပမာမခန့်ပြုသည်။ သူ၏သတင်းသည် ဘေဘီလုန်သည် မပြိုမလဲရဘဲ နေဗုခဒ်နေဇာသည် ရာသက်ပန်ရှင်ဘုရင် ဖြစ်မည်။ ထိုဆန္ဒအား စိန်ခေါ် ရဲသော သူသည် သေရမည်။ မဟာတိုက်ပွဲ၏ ဖြစ်ရပ်မှန်အတိုင်းပင် လူသား၏ဆန္ဒ သည် မိမိ၏ စိတ်ဓာတ်ကြံ့ခိုင်ခြင်းဖြင့် အမှန်တရားကို မမြင်ရလောက်အောင် မျက်စိကန်းစေသည်ကို သတိရစေသည်။

တစ်မျိုးအားဖြင့် နေဗုခဒ်နေဇာသည် လူစီဖာ၏ ဝိသေသလက္ခဏာနှင့် ဆင်တူယိုးမားဖြစ်သည်။ ရည်မှန်းချက် ကြီးမားသည်၊ အတ္တဆန်သည်၊ ထာဝရဘုရား၏ဩဇာအာဏာ ကိုပင် ပုန်ကန်ရဲလောက်အောင် မာန်မာနတက်သည်။ တစ်ဖက်တွင် ကွာခြားမှုလည်း ရှိပြန်သည်။ နေဗုခဒ်နေဇာသည် မှန်ကန်သော ထာဝရဘုရားအား ယုံကြည်လာသည်။ သူကိုယ်တိုင်မှ အသည်းအသန်တိုက်ခိုက်ခဲ့သော နိုင်ငံတော်တွင် သူ့ကိုလည်း တွေ့ရပါ လိမ့်မည်။

**ဖတ်ရှုပါ – ဒံယေလ ၃း၁၇၊ ၁၈။ ဟေဗြဲလူငယ်သုံးယောက်တို့သည် ရှင်ဘုရင်အား ပြင်းပယ်သော စကားလုံးများကို ဖတ်ပါ။ ထိုသို့သော တောင်းဆိုခြင်းမျိုး ကြုံရသောအခါ ထိုသို့သော ယုံကြည်ခြင်းမျိုးကို မည်ကဲ့သို့ သွန်သင်သနည်း။**

ဤမျှလောက် အန္တရာယ်များသောအချိန်တွင် ဤလူငယ်သုံးဦးတို့သည် မိမိတို့လွတ်ရာ လမ်းကြောင်းကို လွယ်ကူစွာ ရှာနိုင်ပါသည်။ သူတို့သည် အယူသည်း လွန်းသဖြင့် ဦးတစ်ချက် ညွတ်လိုက်သည်ထက် အရှင်လတ်လတ် မီးရှို့သတ်ခြင်းကိုပင် ရွေးချယ်နေသည်။ မိမိတို့ဘုရားအား ဆုတောင်းနေရင်း မိမိဘိနပ်ကြိုးကို ချည်နှောင်သယောင်ယောင် တစ်ချက် ငုံ့လိုက်လျှင်ရော မည်သို့နည်း။ သူတို့ ရင်ဆိုင်နေရသည်နှင့်ကော ထိုက်တန်ရဲ့လား။ သူတို့၏ အပြောအဆိုတို့ဖြင့် မိမိတို့သည် အသက်ရှင်လျက် လွတ်မြောက်မည်ဟု ယူဆပုံ လုံးဝမရှိပါ။

**ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအား စမ်းသပ်ရာကာလသို့ ရောက်လာသောအခါ ကျိုးကြောင်းသင့်စွာဖြင့် အပေးအယူလုပ်ခြင်းကို မည်သို့ ရှောင်ရှားနိုင်မည်နည်း။ "အနည်းငယ်၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ်၌ သစ္စာမရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာမရှိ" *(လုကာ ၁၆း၁၀)* ဟူသောကျမ်းချက်သည် အလားတူစုံစမ်းခြင်းမျိုး မည်သို့ဖြစ်နိုင်မည်နည်း။**

## ရုပ်တုအား ပြန်လည်ကိုးကွယ်ခြင်း

သမ္မာကျမ်းစာကျောင်းသားတို့သည် ဒံယေလ ၃ နှင့် ဗျာဒိတ်ကျမ်းတို့၏ နောက်ဆုံးနေ့ဖြစ်ရပ်များ၏ အဆက်အစပ်ကို သိရှိပြီးဖြစ်သည်။ ဒံယေလ ၃ တွင် သေဒဏ်ကျခံ နိုင်သော "ရုပ်တုကြီးအားကိုးကွယ်ခြင်း" *(ဒံယေလ ၃း၁၅)* သည် သေဒဏ်ပင်ကျခံနိုင်သော အခြား သော ရုပ်တုကြီးအားကိုးကွယ်ခြင်းကို မီးမောင်း ထိုးပြထားပါသည်။ "သားရဲ၏ရုပ်တုသည် စကားပြောနိုင်မည်အကြောင်းနှင့် မိမိကို မကိုးကွယ်သော သူရှိသမျှတို့ကို သတ်ခြင်းငှါ ပြုနိုင်မည်အကြောင်း ရုပ်တု၌ အသက်သွင်း ပေးရသော အခွင့်ကိုလည်းရ၏" *(ဗျာ ၁၃း၁၅)*။

**ပတ်ရှုပါ – ဗျာ ၁၃း၁၁ – ၁၇။ ဗျာ ၁၄း၉၊ ၁၁၊ ၁၂။ ဗျာ ၁၆း၂။ ဗျာ ၁၉း၂၀ နှင့် ဗျာ ၂၀း၄။ ဤကျမ်းချက်တို့တွင် ထာဝရဘုရား၏ပညတ်တော်နှင့် လူတို့၏ပညတ်တို့ကို မည်ကဲ့သို့နှိုင်းယှဉ်ထားသနည်း။**

---

ထာဝရဘုရား၏လူများတို့သည် "ကောင်းကင်မြေကြီး သမုဒ္ဒရာနှင့် စမ်းရေတွင်းတို့ကို ဖန်ဆင်းတော်မူသောသူ" အားကိုးကွယ်ရန်ခေါ်သည်။ ထို ဖန်ဆင်းရှင်သည် သားရဲ၏ ရုပ်တုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဟေဗြဲလူငယ်သုံး ယောက်တို့သည်လည်း အလားတူသော ခြိမ်းခြောက်ခြင်းကို ရင်ဆိုင်ရသော်လည်း ဖန်ဆင်းရှင်ကလွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြောင်းငြင်းပယ်ထားသည်။ ရုပ်တုအား ကိုးကွယ်ရသောအမိန့်သည် ဒုရ လွင်ပြင်၏ အဖြစ်အပျက်များနှင့် မည်သို့ပင် ကွာခြားနေပါစေ ဖန်ဆင်းရှင်ကို ဆန့်ကျင်ခြင်းပင် ဖြစ်၍ လောကတွင် မည်သည့် ရုပ်တုကိုမဆို ကိုးကွယ်ခြင်းသည် ဖန်ဆင်းရှင်ကို ဆန့်ကျင်ခြင်း ပင်ဖြစ်၍ အလားတူသော နိယမသာဖြစ်ပါသည်။

**ပတ်ရှုပါ – ရောမ ၁း၁၈ – ၂၅။ *(ရောမ ၁း ၁၈ နှင့် ဗျာ၊ ၁၄း၉၊ ၁၀ တွင် ထာဝရဘုရား၏ အမျက်ကို သတိပြုပါ)*။ ရုပ်တုကြီးအားကိုးကွယ်ခြင်းနှင့် အလားတူသော လူသားတို့သည် သစ္စာခံတတ်သော အရာသည် အဘယ်နည်း။**

---

ကိုးကွယ်ခြင်းဆိုရာတွင် ဦးညွှတ်ခြင်းနှင့် အမွှေးတိုင်ထွန်းခြင်းတို့သာ မဟုတ်ရပါ။ ကျွန်ုပ်တို့သစ္စာခံသော အရာဟူသမျှ ကိုးကွယ်ခြင်းပင် ဖြစ်သည်။ ထာဝရဘုရားသည် ဖန်ဆင်းရှင်ဖြစ်ကြောင်း၊ ယေရှု၌ သူပြုခဲ့သော ရွေးနုတ်ခြင်းတို့ကြောင့် သူ့ကိုသာလျှင် ကိုးကွယ်ရပါမည်။ အခြားအားလုံးတို့သည် ရုပ်တုသာလျှင် ဖြစ် ကြ၏။ ယေရှု၏ "ငါ့ဘက်၌ မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူ မစုသိမ်းသောသူသည် ကြဲဖြန့်သော သူဖြစ်၏" *(မဿဲ ၁၂း၃၀)* ဟူသော အမိန့်တော်ကိုသိကျွမ်းစေသည်။ နောက်ဆုံးနေ့တို့၏ဖြစ်ရပ် တို့သည် ဇာတ်လမ်းအဖြစ်ဖြင့် အမှန်တရားကို ဖော်ပြတတ်ကြသည်။

## ရှေးဦးအသင်းတော်အား မိစ်ဆိုးနှိပ်စက်ခြင်း

နောက်ဆုံးနေ့ ဖြစ်ရပ်များတို့၏ ရှေ့ပြေးနိမိတ်တို့သည် ဓမ္မဟောင်းကျမ်း၌ သာမက ဓမ္မသစ်ကျမ်း၌ လဲပါရှိသည်။ ပထမရာစုနှစ်ကခရစ်ယာန်တို့၏ အသက်တာသည် ခက်ခဲလှ၏။ မိမိတို့၏ ဘာသာရေးသမားများ အချင်းချင်းမှ မောရှေ၏ယုံကြည်ခြင်းအား ခြိမ်းခြောက်သည်ဟု ယူဆသူတို့ကပင် အရင်စ မုန်းတီးကြသည်။ နတ်စားရောမဧကရာဇ်နိုင်ငံ၏ အမျက်ကိုလည်း ရင်ဆိုင်ရသေးသည်။ "လောကနှင့် ငရဲတို့၏ တန်ခိုးတို့သည် တပည့်တော်တို့ကို တိုက်ခိုက်ခြင်းဖြင့် ခရစ်တော်အား စစ်ခင်းကျင်းနေသည်။ ဧဝံဂေလိတရားတော်သည် အောင်မြင်လျက် နတ်စားတို့၏ ဗိမာန်များ၊ ယဇ်ပလ္လင်များတို့ကို ဖယ်ရှားလိမ့်မည်ကို ကြိုမြင်ထားကြသဖြင့် ခရစ်ယာန်ဘာသာကို ဖျက်ဆီးနိုင်ရန် မိမိတို့အစွမ်းကုန် လှုပ်ရှားလာသည်။ ထိုသို့ညှင်းဆဲနှိပ်စက်ခြင်း မီးသည် တောက်လောင်နေတော့၏" (အီးဂျီဝှိုက်၊ *မျက်မှောက်ကာလမှထာဝရကာလသို့*၊စာ – ၃၉)။

ဗျာဒိတ်ကျမ်း ၁၃ ၏မြင်ကွင်းသို့ ဦးတည်နေချိန်တွင် ထာဝရဘုရားမှ ပြဋ္ဌန်းသော ဝတ္ထုတစ်ခုသည် တမန်တော်ဝတ္ထုတွင် ပါရှိသည်။

**ဖတ်ပါ – တမန် ၁၂း၁ – ၁၇။ မည်သည့်အပိုင်းသည် နောက်ဆုံးနေ့ဖြစ်ရပ်များကို နိမိတ်ပြသ သနည်း။**

ဂျိမ်းစ်အား ဂေါင်းဖြတ်ပြီးနောက် ပေတရုမှ လိုက်လာရမည်ဖြစ်၍ ခရစ်ယာန်များသည် သေဒဏ်ကိုပင် ရင်ဆိုင်နေကြရသည်။ မှတ်သားလောက်သော ရာဇဝင်တစ်ခုမှာ ပေတရု၏ အသက်တာတွင် အဆိုးဆုံးညတွင် သူသည် နှစ်ခြိုက်စွာ အိပ်ပျော်နေရာတွင် ကောင်းကင်တမန်တော်သည် သူ့အားနှိုးခေါ်နေရသည်။

ပေတရုသည် သူ၏လွတ်မြောက်ရေးအတွက် စိတ်ပူပန်နေကြသော ယုံကြည်သူများ စုဝေး၍ဆုတောင်းနေကြသောနေရာသို့ အံ့သြဖွယ်စွာ ရောက်ရှိသွားခဲ့သည်။ ကျမ်းစာအရ သူတို့သည် အံ့အားသင့်ကြသည်။ ဆုတောင်းသော သူသည် ဘုရားသခင်မှ လက်တွေ့နားညောင်းမည်ဟု ယုံကြည်မှု နည်းပါးခြင်း ကိုပါ ပြသသည်။

ယုံကြည်သူများ လွတ်သူလွတ်သော်လည်း အသတ်ခံရသူ ခံရသည်။ နောက်ဆုံးသောနေ့ နီးကပ်လာသောအခါ အလားတူပင် ဖြစ်လိမ့်မည်။ ထိုတစ်ချိတွင် ပေတရုသည် လွတ်ခဲ့သော်လည်း ယုံကြည်ခြင်း အတွက်ပင် အသက်ပေးရပြန်ပါသည်။ ယေရှုသည် "ငါအမှန်ဆိုသည်ကား သင်သည် ပျိုသောအသက်ရှိစဉ် ကိုယ်ကိုကိုယ် ပတ်စည်း၍ အလိုရှိ ရာအရပ်ရပ်သို့ သွားလာတတ်၏။ သင်သည် အိုသောအခါ လက် နှစ်ဘက်ကို ဆန့်ပြီးလျှင် သူတစ်ပါးသည် သင့်ကို ပတ်စည်းလျက် သင်အလို မရှိရာ အရပ်သို့ ယူသွားလိမ့်မည်" ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် အဘယ်သို့သော သေခြင်း အားဖြင့် ပေတရုသည် ဘုရားသခင့် ဘုန်းတော် ကို ထင်ရှားစေမည့် အရိပ်ကို ပေးတော်မူ၏။ ထိုသို့ မိန့်တော်မူပြီးမှ "ငါနောက်သို့လိုက်လော့" ဟု ပေတရုအား မိန့်တော်မူ၏ *(ယော ၂၁း၁၈၊ ၁၉)*။

**ပေတရု၏ သေရမည့်အရိပ်အား မိန့်တော်မူပြီးနောက် 'ငါနောက်သို့လိုက်လော့' ဟုခေါ်နေသေး သည်ကို တွေးကြည့်ပါ။ ကိုယ်တော်၏ နောက်တော်သို့ လိုက်ခြင်းကို သေခြင်းကပင် မတားဆီးနိုင်ကြောင်းကို မည်သို့သွန်သင်သနည်း။**

**ကြာသပတေးနေ့** ဇွန်လ ၁၉ ရက်

## သားရဲ၏ အမှတ်အသား

နောက်ဆုံးသောနေ့၏ အဖြစ်အပျက်များနှင့် နှစ်တွေကုန်လွန်သော်လည်း သားရဲ၏ အမှတ်အသားနှင့် သေမိန့်ထုတ်ဆင့်ခြင်း မရှိသေးသဖြင့် စနေနှင့် တနင်္ဂနွေသည် နောက် ဆုံး ပဋိပက္ခ၏ ဗဟိုချက်မဖြစ်သည်ဟူသော ကျွန်ုပ်တို့၏ အနက်ပြန်ခြင်းအပေါ် မယုံသင်္ကာ သံသယ ဖြစ်သူတွေ ဖြစ်ကြသည်။

ဗျာဒိတ်ကျမ်းတွင်တော့ ရှင်းရှင်းလေးပါ။ မိမိတို့ ဖန်ဆင်းရှင်လား သားရဲနှင့် သူ့ အမှတ်အသားအား ကိုးကွယ်ရပါသည်။ ဒေဝမှအစပြု၍ ထာဝရဘုရားသည် ဖန်ဆင်း ရှင် ဖြစ်ကြောင်း သတ္တမနေ့ဥပုသ်သည် ဗဟိုချက်မလက္ခဏာ ဖြစ်ခဲ့သည် *(ကမ္ဘာ ၂း၁ - ၃)*။ ဖန်ဆင်းရှင်အား ကိုးကွယ်ရာတွင် ဥပုသ်နေ့သည် ဗဟိုချက်မ ဖြစ်ရသည်မှာလည်း အံ့အားသင့်စရာမဟုတ်ပါ။ ထိုစဉ်တွင်ပင် သမ္မာကျမ်းစာ၏ ခွင့်ပြုမိန့် လုံးဝမရှိဘဲ စနေ ဥပုသ်နေ့ကို တနင်္ဂနွေသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်မှာ ထိုသားရဲ၏ တန်ခိုးအာဏာ ပင် ဖြစ်သည်။ ဤသမိုင်း နောက်ခံကို စိတ်ထဲသို့မှီးလျက် စနေဥပုသ်နှင့် တနင်္ဂနွေတို့ သည် ကိုးကွယ်ခြင်း၏ စိန်ခေါ်မှုကြီး ဖြစ်လာရာ ဖန်ဆင်းရှင်လား *(ဗျာ ၁၄း၆၊ ၇)* သားရဲလား ရွေးချယ်ကာ ကိုးကွယ်ရန်သာ ဖြစ်သည်။ ယခုတွင် သတ္တမနေ့ ဥပုသ် နှင့် လူသားတို့၏ ပညတ်တို့အကြား စိန်ခေါ်မှုကြီး၏ ရှေ့ပြေးတစ်ခုကို ဓမ္မသစ်ကျမ်းတွင်ပင် တွေ့ရှိရပါ သည်။

**ဖတ်ရှုပါ – မဿဲ ၁၂း၉ – ၁၄။ ယောဟန် ၅း၁ – ၁၆။ ဘာသာရေး ခေါင်းဆောင်ကြီးများသည် ယေရှုကို သတ်ပစ်လိုရလောက်သောမည်သည့်စိန်ခေါ်မှုရှိသနည်း။**

မဿဲ ၁၂ တွင် လက်တစ်ဖက် သေနေသောလူအား ဥပုသ်နေ့တွင် ပျောက်ကင်း စေပြီး သည့်နောက် ဘာသာရေး ခေါင်းဆောင်ကြီးများသည် ယေရှုကို မည်သို့ တုံ့ပြန် သနည်း *(မဿဲ ၁၂း၉ - ၁၃)*။ "ဖာရိရှဲတို့သည် ထွက်၍ ကိုယ်တော်ကို အဘယ်သို့ ဖျက် ဆီး ရအံ့နည်းဟု တိုင်ပင်ကြ၏" *(မဿဲ ၁၂း၁၄)*။ သတ္တမနေ့ ဥပုသ်ကြောင့် သေဒဏ် လော။ ယောဟန် ၅း၁ - ၁၆ တွင်လည်း သတ္တမနေ့ဥပုသ်နေ့တွင်ပင် လူနာကုသ သဖြင့် ခေါင်း ဆောင်တို့သည် "ထိုအမှုကို ဥပုသ်နေ့၌ ပြုတော်မူသောကြောင့် ယုဒလူတို့သည် ယေရှုကို ညှင်းဆဲကြ၏" *(ယောဟန် ၅း၁၆)*။

လူတို့၏ ရိုးရာဓလေ့ကြောင့် သေဒဏ်ကျရမည်လော။ သမ္မာကျမ်းစာသည် ဥပုသ် နေ့တွင် ကုသခြင်းကို တားမြစ်ခြင်းမရှိပါ။ တနင်္ဂနွေနေ့ကိုလည်း သတ္တမနေ့ဥပုသ်အား အစားထိုးထားခြင်းလည်း မရှိပါ။ ယေရှု ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုတို့နှင့် နောက်ဆုံးနေ့ ရက်၏ စိန်ခေါ်မှုတို့သည် တိတိကျကျ မတူညီကြသော်လည်း အလွန်နီးစပ်ကြသည်။ လူသားတို့ ထုတ်ဆင့်သောပညတ်နှင့် ထာဝရဘုရား၏ ပညတ်တော်တို့၏ ယှဉ်ပြိုင် ခြင်းသည် ဥပုသ်နေ့ကိုပင် ဗဟိုချက်မပြုကြသည်။

**ထာဝရဘုရား၏ ပညတ်တော်တစ်ခုကြောင့် သေရတော့မည်လော။ လွတ်လပ်းကို လွယ်ကူစွာ မည်သို့ ရှာဖွေနိုင်မည်နည်း။**

**သောကြာနေ့** ဇွန်လ ၂၀ ရက်

**ဆက်လက်လေ့လာရန်။** အီးဂျီဝှိုက်၊ မျက်မှောက်ကာလမှ ထာဝရကာလသို့၊ စာ၊ ၆၃၅ – ၆၅၂။

"ခေတ်အဆက်ဆက်တွင် ထာဝရဘုရားသည် သူ၏လူတို့အား သန့်ရှင်းသော ကောင်းကင်တမန် တို့ မှကယ်တင်စေခဲ့သည်။ အာကာသသားတို့သည် လူသားတို့၏ အမှုကို ထမ်းဆောင်ပေးရသည်။ လျှပ်ပြတ်ကဲ့သို့ ဝတ်လုံများဝတ်ဆင်၍ လည်း ကောင်း၊ ခရီးသွားဝတ်စုံဝတ်၍လည်းကောင်း မြင်တွေ့ရတတ်သည်။ ထာဝရ ဘုရား၏ လူတို့အား ကောင်းကင်တမန်တို့သည် လူသဏ္ဌာန်ပင် ပေါ်လာတတ်သည်။ ဝက်သစ်ချ ပင် အောက်တွင် မောပန်းနွမ်းနယ်သည့်နယ် အနားပင် ယူတတ်ကြသည်။ လူမိသားစု တို့၏ ပျူငှါမှုများကိုလည်း လက်ခံရရှိကြသည်။ မိုးချုပ်လမ်းပျောက်သူများအား လမ်းပြ ခဲ့၏။ ယဇ်ပလ္လင်ပေါ်တွင် မိမိတို့လက်ဖြင့်ပင် မီးမွှေးပြခဲ့သည်။ အချုပ်တံခါးများကို ဖွင့်၍ ကာ ကိုယ်တော့် ကျွန်များကို လွှတ်ပေးခဲ့သည်။ တောက်ပလင်းထိန်သော ကောင်းကင် ဝတ်စုံ ဝတ်လျက် ကယ်တင်ရှင်၏ သင်္ချိုင်းကျောက်တုံးကြီးကို လိမ့်ပေးခဲ့ သည်။"

"ကောင်းကင်တမန်တို့သည် လူသားအသွင်ဖြင့် ဖြောင့်မတ်သောသူများ၏ စည်းဝေးရာတွင်ပါရှိ၍ ဆိုးသွမ်းလူတို့၏ စည်းဝေးရာ သောဒုံကဲ့သို့နေရာတွင် လည်ပတ်ကာ ၄င်းတို့ ၏ လုပ်ရပ်များကို မှတ်တမ်းတင်၍ ထာဝရဘုရား၏ သည်းခံနိုင်ခြင်း၏ဘောင် ကျော်လွန်ခြင်း ရှိမရှိကို ခြင့်ချိန်ပေးသည်။ ကိုယ်တော်သည် ကရုဏာတရားကို စုံမက်သည်။ သူ၏ အမှုတော်ကို စိတ်ပါလက်ပါ ဆောင်သောသူတို့အား ကပ်ဘေးများကို ထိန်းချုပ်ပေးကာ ပြည်သူလူထု၏ ငြိမ်သက်ခြင်းကို ကြာရှည်စေသည်။ အပြစ်သားများသည် ထာဝရဘုရားကို ဆန့်ကျင်လျက် ဘုရားသခင်ထံ သစ္စာစောင့်သိသော သူများအား ဖိနှိပ်ညှင်းဆဲခြင်း ကြောင့် မိမိတို့၏ အသက် ကြွေးပင် ရှိသည်ကို သိရှိသူနည်းပါး လှသည်။" (အီးဂျီဝှိုက်၊ *မျက်မှောက်ကာလမှ ထာဝရကာလသို့*၊ စာ – ၆၃၁၊ ၆၃၂)။

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁ ဒုတိယ ဓမ္မရာဇဝင်ပါ။ ၆ အနာဂတ္တိကျမ်းတွင် သင်သောကအရောက်ဆုံးကို ဆွေးနွေးပါ။ ကြောက်ရွံ့ခြင်း ကို မည်သို့ ဖယ်ရှား၍ မိမိတို့၏ ယုံကြည်ခြင်းကို ဖိနှိပ်ခံရစဉ်တွင်ပင် ဘုရားသခင်၏ ဖြော်လင့်ခြင်း သတင်းကို မည်သို့ရရှိနိုင်မည်နည်း။**

**၂ ဓနေ့ဥပုသ်နှင့် တနင်္ဂနွေဥပုသ်တို့သည် ယခုချိန်ဖြစ်ပျက်သောအရာများ၏ ဖဟိုချက်မ ဟုစွပ်စွဲရ ခက် သော်လည်း မည်သို့ လျင်မြန်စွာ ပြောင်းလဲမည်ကို ကြည့်ရှုပါ။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် မကြာခဏ ပြောင်းလဲတတ်သော လောက၏ အပြစ်အပျက်တို့အပေါ်တွင် မူတည်သည်မဟုတ်ဘဲ ထာဝရ ဘုရား၏နှုတ်ကပတ်တော် အပေါ်တွင်သာ တည်ကြောင်း မည်သို့သွန်သင်သနည်း။**

**၃ ဒံယေလ ၂နှင့် ၇ တို့ကို တွေးတောပါ။ ဥရောပနိုင်ငံတို့သည် ကြိုပြောထားသည့်အတိုင်း တစ်ခုပြီး တစ်ခု ပေါ်လာကြသည်။ ရာဇဝင်ကို ပြန်လည်ကြည့်ရှုသောအခါ ကြိုပြောထားသည့်အတိုင်း ဖြစ်ကြ သည်။ ယနေ့ ကျွန်ုပ်တို့ အမြင်တွင် နိုင်ငံတစ်ခုတည်းသာ ကျန်တော့သည်။ မည်သည့် နိုင်ငံဖြစ်၍ ပြောထားသည့် အတိုင်း အမှန်တကယ်လာမည်ဟု မည်သို့အတိဆိုနိုင်မည်နည်း။**

## နီဂိုး – နေ့တာရှုဝ ဒုက္ခ

Andrew McChesney မှ ရေးသားသည်

အသက် ၁၇ နှစ်အရွယ်ရှိသည့် Anders သည် Arizona ပြည်နယ်ရှိ Holbrook SDA Indian ကျောင်းတွင် အသံများကြားနေရသည်ဟု တိုင်တန်းထား၏။ ကျောင်း၏ အကြံပေးအရာရှိ Loren Fish လည်း Anders နှင့် တွေ့ဆုံခဲ့ပြီး ဤဖြစ်စဉ်သည် စိတ်ဂနာမငြိမ်ခြင်း မဟုတ်ဟု မှတ်ချက်ပြု၏။ ကျောင်းဝန်ထမ်းများက ဆုတောင်းပေးခဲ့ကြ၏။

Anders သည် အပူးခံရသကဲ့သို့ ဖြစ်၏။ ကျောင်းအားလပ်ရက်တွင် Anders သည် ရိုးရာဗလိပွဲသို့တက်ပြီး၊ ကျောင်းသို့ပြန်ရောက်ချိန်တွင် ထူးကြိုင်းလာ၍သဘာဝလွန် ခွန်အားများသုံးသည်။ Holbrook ရှိ ဆရာများက ၎င်းကိုထိန်းမနိုင်ကြပါ။ အခြား အချိန်များတွင် မျက်ဖြူလှန်ပြီး နာရီများစွာ အိပ်ကာ၊ အိပ်ရာမှနိုးသော် သာမန်ပြန်ဖြစ်သွား၏။ သို့သော် သူသည်ကြောက်နေ၏။ တစ်နေ့တွင် အဆောင်မှူးအား Anders က "Legion အဓိပ္ပာယ်ဘာလဲ" ဟုမေး၏။ အဆောင်မှူးလည်း ယေရှုက နတ်ဝင်ခံရသည့်လူကို မကုမီ နတ်ဆိုးက "ကျွန်ုပ်အမည် ကား Legion ဖြစ်ပါ၏။ ကျွန်ုပ်တို့သည် အများဖြစ်ကြပါ၏" (မာ ၅:၉) ဟု ဖြေသည်ကို မှတ်မိ၏။ မေ်ကွန်းထိန်းက Anders အား ကျောင်းဆရာများ၏ ဆုတောင်းပေးခြင်းကို အလိုရှိသလောဟု မေးရာ၊ "ဟုတ်ကဲ့" ဟုဖြေ၏။

ကျောင်းရုံးခန်းတွင် ဆရာ/မများက Anders အတွက် ဆုတောင်းပေးကြ၏။ ၎င်းလည်း ကြမ်းပြင်ပေါ်သို့ ရုတ်ချည်းပစ်လည်းကျသွား၏။ ဆုတောင်းသူက ဆုတောင်းပြီး၊ သီချင်းဆိုသူက သီချင်းဆို၊ အချို့က Anders အား "ယေရှုဘုရား ကျွန်ုပ်ကိုကယ်ပါ" ဟု ဆုတောင်းစေ၏။ အရာအားလုံးဗလောင်းဗလလဲနိုင်လှပါသည်။ Anders သည် ဆရာများ အားဟားတိုက်ရယ်၏။ ယင်းသည် လူ့သဘာဝမဟုတ်သည့် ရယ်ခြင်းမျိုးဖြစ်၏။

ကျောင်း၏ development director ဖြစ်သည့် Diana Fish သည် ရုက်စိတ်ဝင်လာ၏။ သူမက *ငါတို့ ဘာလုပ်ရမှန်းမသိမှန်း စာတန်သိတယ်* ဟု အတွေးမိ၏။ သူမလည်း google တွင် နတ်ပူးခံရသူကိုမည်သို့ကူညီရမည်နည်းဟုရိုက်ပြီးရှာ၏။ သို့နှင့် Andrews University Website တွင် Marc Coleman ရေးသည့် "Ellen White on Confrontation with Evil Spiritual Powers" ဆောင်းပါးကိုတွေ့၏။ သူမက "နားထောင်၊ ငါတို့အားလုံးပူးပေါင်းဖို့လိုတယ်။ ယေရှုရဲ့နာမနဲ့ နတ်ဆိုးကို နှင်ထုတ်ဖို့လို တယ်" ဟုဆို၏။

ဆရာ/မ များက "ယေရှု၏နာမဖြင့် ထွက်လေ့" ဟု ချက်ချင်း အမိန့်ပေးကြ၏။ Anders လည်း "ယေရှုဘုရား ကျွန်ုပ်ကိုကယ်ပါ" ဟုပြောဖြစ်သွား။ ဆရာအားလုံးလည်း "ဘုရားဂုဏ်တော် ချီးမွမ်းပါ၏" ဟု တစ်သံတည်း ကြွေးကြော်ကြ၏။ လည်ချောင်းခြစ်သံကျယ် တစ်သံသည် Anders ထံမှထွက်လာ၏။ ကျောင်း၏ business manager သည် လေပွေရိုင်းတစ်ခု သူမကိုတိုက်ပြီး အပြင်သို့ထွက်သွားသည်ဟု ခံစားလိုက်ရ၏။ ထို့နောက်တွင် ငြိမ်းအေးသွား၏။ Anders လည်း လဲလျောင်းရင်းဖြင့် ငိုကြွေးနေ၏။ ထို့နောက်တွင် Anders သည် အိမ်သို့မရောက်မီအထိ အခြေအနေကောင်း၏။ အိမ်သို့ပြန်ရောက်သည့်အခါ တစ်စခန်းထပြန်ပြီး Anders လည်း ကျောင်းထွက်၏။

Diana က "ကျွန်မတို့ သူ့အတွက် ဆုတောင်းပေးနေဆဲပါပဲ။ ဒါဟာ နတ်နဲ့တိုက်ရတဲ့ပွဲဆိုတာ သိပါတယ်။ မပြီးသေးပါဘူး။ ကျွန်မတို့ရဲ့ ကျောင်းသား/သူ တွေနဲ့ နေ့တိုင်း မဟာတိုက်လှန်ပွဲကြီးနဲ့ ရင်ဆိုင်နေပါတယ်" ဟုဆို၏။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၂တိ ၁:၇

**လေ့လာမှုဦးတည်ချက်။** ဒံ ၂:၃၁-၄၅၊ ဗျာ ၁၃:၁၁-၁၇။

ပြီးခဲ့သည့် နှစ်ပတ်တွင် ကျွန်ုပ်တို့သည် ရှေ့အနာဂတ်ကိုကြိုပြသည့် အကြောင်းများကို ဝတ္ထုကျမ်း၊ ဆာလံကျမ်းများတွင် လေ့လာခဲ့ကြပါသည်။ သို့သော် ယင်းတို့သည်လည်း ဗျာဒိတ်တော်များကို နားလည်စေသည့် အခြေခံသဘောသာ ရှိပါသည်။ ယခုသင်ခန်းစာတွင် ကျွန်ုပ်တို့သည် ကမ္ဘာ့နောက်ဆုံးအချိန်ကို ကွက်ကွက်ကွင်းကွင်း ပြသည့် ဗျာဒိတ်အဟောများကို အာရုံပေးကြပါမည်။ သမ္မာကျမ်းစာသည် ဖျော်ဖြေမှုပေးသည့် ရသစာပေမဟုတ်ကြောင်း ကျွန်ုပ်တို့ အမှတ်ရှိရပါမည်။ တရားပြရုံ သက်သက် စာအုပ်လည်း မဟုတ်ပါ။ သမ္မာကျမ်းစာကို တစ်မူထူးခြားစေသည့် အချက်မှာ ဘုရားသခင်သည် နောက်ဆုံးသောအချိန်တွင် ကမ္ဘာကိုကယ်မည့်အကြောင်းဖြစ်ပါသည်။

မျှော်လင့်ခြင်းကို ကျမ်းတစ်ကျမ်းလုံးတွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြထား၏။ သို့သော် ဒံယေလနှင့် ဗျာဒိတ်ကျမ်းတို့တွင် ကမ္ဘာ့ကြမ္မာကို အထူးပြထားပါသည်။ ယင်းနှစ်ကျမ်းတို့သည် အထူးဆက်နွှယ်မှု ရှိကြသောကြောင့် နှစ်ကျမ်းလုံးကို အတူလေ့လာပါမည်။ ယခုတစ်ပတ် သင်ခန်းစာတွင် ဒံယေလ ၂:၃၁-၄၅ တွင်လာသည့် ရုပ်တုနှင့်ဆိုင်သည့် ယေဘုယျ ဗျာဒိတ်အဟောကို လေ့လာကြပါမည်။ ထို့နောက်တွင် လူ့သမိုင်း၏ နောက်ဆုံးကာလအကြောင်းကို လေ့လာကြပါမည်။ ဒံယေလတွင် လာသည့် ဗျာဒိတ်တော်သည် ဗာဗုလုန်ဘုရင် (ဒံ-၃) များတွင် ထင်ဟပ်ပြီးသည့် စာတန်၏အာဏာနှင့်စိတ်သဘောထားများကို မည်သို့ဖွင့်ပြကြောင်း လေ့လာကြမည်။ ဗျာဒိတ်အဟောသည် အခန်းဝင် (၇) နှင့် (၈) ရှိ ချိုငယ်၊ ဗျာဒိတ် (၁၃) နှင့် (၁၄) ရှိ သားရဲတို့တွင် အထွတ်အထိပ်သို့ ရောက်ပါမည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**ဗာဗုလုန်ရဲတိုက်၏ဉာဉ်။** ဒံယေလကျမ်းသည် ဗာဗုလုန်ရဲတိုက်နှင့် ဆက်နွှယ်သည့် အကြောင်းဖြင့် စထား၏။ နေဗုခဒ်နေဇာ ယေရုရှလင်သို့ ချီတက်ခဲ့ပုံကို ပရောဖက်က ခင်းပြရာတွင် ဗာဗုလုန်ရဲတိုက် ဆောက်ခဲ့ကြသူများ ရဲတိုက်ဆောက်ခဲ့သည့် အရပ်ဖြစ်သော shinar-ရှိနာ ဟူသည့် ဝေါဟာရကို သုံးထား၏ (က ၁၁:၂)။ ထို ဝေါဟာရကို စာအုပ်အစတွင်ပင် သုံးထားခြင်းက စာရေးသူသည် နေဗုခဒ်နေဇာသည် နေရပ်ဗာဗုလုန်(ရှိနာ) သို့ ဆောင်ယူသွားခြင်းကို ရဲတိုက်ဆောက်သူများ၏ ဉာဉ်နှင့် တူသူဟု ပြလိုခြင်းဖြစ်၏။

ဒံယေလအခန်း ၂ တွင် နေဗုခဒ်နေဇာ အငြိမ်မနေနိုင်ရသည့် အိပ်မက်မက်ခဲ့၏။ အိပ်မက်ကို အနက်ဖော်ပေးရန် အခေါ်ခံရသည့် ဒံယေလက ကောင်းကင်တွင်ရှိသည့် ဘုရားသခင်က အိပ်မက်၏အနက် "ကိုယ်တော်သည် စိတ်နှလုံးတော်၏အထင်ကို" (ဒံ ၂:၃၀) ကို ဖော်နိုင်ရန် ဉာဏ်ပညာပေးသည်ဟု ဘုရင့်ထံ စကားပလ္လင်ခံ ၏။ နေဗုခဒ်နေဇာသည် ဗာဗုလုန်ရဲတိုက် ဆောက်ခဲ့ကြသူများ၏ဉာဉ်ကိုပင် ရှိခဲ့ပါသည်။ ၎င်းသည် ဗိမာန်တော်ပစ္စည်းပစ္စယများကို ၎င်း၏ကိုယ်ပိုင် ဗိမာန်တော်သို့ သယ်မ,သွားသည့်အခါ ဘုရားနေရာ တက်ယူမည့်ဉာဉ်ကို ပြခဲ့၏။ ဒံယေလလည်း အိပ်မက်၏သော့ချက်ကို အစမှပင် ချပြ၏။ အနီအိပ်မက်သည် ပထမအနေဖြင့် ဘုရင်၏ "ရဲတိုက်ဆောက်သူများ" ဉာဉ်နှင့် သက်ဆိုင်၏။ ထို့နောက် ဒံယေလအခန်း (၃) အရောက်တွင် နေဗုခဒ်နေဇာ၏ အပြုအမူတို့က တရားစီရင်မှုကို ဖြစ်စေ၏။ ဤသို့ပြုမူခြင်းသည် ဗျာဒိတ်အဟောတွင်ပါသည့် ကမ္ဘာ့နိုင်ငံတော်များကို မထီခြင်း ဖြစ်၏။

ဒံယေလသည် ၎င်း၏စကားအစတွင် နေဗုခဒ်နေဇာ၏ မာနနှင့်အာဏာ အဓမ္မသိမ်းယူခြင်းများကို ထောက်ပြ၏။ တစ်ဘက်တွင် ဒံယေလက ဘုရားအား အခြားဘုရင်များကို အုပ်စိုးသူပမာ "ဘုရင်တို့၏ဘုရင်" ဟု ခေါ်ဆို၏။ အခြားတစ်ဘက်တွင်ကား "ကောင်းကင်ဘုံရှိ ဘုရားသခင်" အပေါ် နေဗုခဒ်နေဇာက အကြွေးရှိကြောင်းပြ၏ (ဒံ ၂:၃၇)။ ဒံယေလက နေဗုခဒ်နေဇာအား ဖန်ဆင်းရှင်ဟု အကြိုက်ဆောင်ပေး၏ (နေဗုခဒ်နေဇာ၏ အထင်အရ)၊ တစ်ချိန်တည်းတွင်လည်း ဘုရားသခင်က ၎င်းယခုပိုင်ဆိုင်သည့် ဥစ္စာဂုဏ်ရှိန်အားလုံးကို ပေးသည်ဟု သတိပေး၏ (ဒံ ၂:၃၈)။

ထို့နောက်တွင် နေဗုခဒ်နေဇာ၏ နိုင်ငံတော်ထက် သေးသိမ်သည့်နိုင်ငံတော်များ လောကနိယာမအတိုင်းတက်လာမည့်အကြောင်းကိုပြောပြ၏။ နိုင်ငံတော်များ ပျက်သုဉ်းပုံသည် ရဲတိုက်ဆောက်ခဲ့သူများ၏ စိတ်ဝိညာဉ်အတိုင်းဖြစ်၏ — နိုင်ငံ့ခေါင်းဆောင်များသည် ၎င်းတို့၏ အာဏာတည်မြဲရန် အားထုတ်ကြ၏။ ရဲတိုက်ဆောက်ခဲ့ကြသူများအတိုင်းပင် ဖြစ်၏ (က ၁၁:၄)။

ထိုသို့ ကြိုးပမ်းမှုသည် ရုပ်တုကိုးကွယ်သည့် ရောမခေတ်အကုန်တွင် စခဲ့ပြီး (ဒံ ၂:၄၁)။ ဘုရားနိုင်ငံတော် တည်ထောင်မည့်ကာလတိုင် ကြိုးစားကြမည် ဖြစ်သည်မှာ သတိပြုသင့်သည့်အချက် ဖြစ်၏ — "ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုရင် ဘုရားသခင်သည် တည်ထောင်စေတော်မူမည်" (ဒံ ၂:၄၄ - Dan. 2:44)။

အိပ်မက်သည် နိုင်ငံရှိသမျှကို ချိုးဖဲ့ဖျက်ဆီးမည့် အကြောင်းနှင့် အထွတ်အထိပ်သို့ ရောက်ပြသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

**အာဏာအတင်းအဓမ္မယူခြင်း။** ဒံယေလ (၃) တွင် နေဗုခဒ်နေဇာသည် ၎င်း၏ အိပ်မက်က ပြသည့်တရားကို အလေးမထားပါ။ ၎င်းသည် ကောင်းကင်ဘုံရှင်၏ နေရာကိုတက်ယူရန် ကြံ၏။ အိပ်မက်က "ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံ တစ်ခုကို ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်မည်" ဟု ပြထား၏ (ဒံ ၂:၄၅ - Dan. 2:44)။ နေဗုခဒ်နေဇာသည် ဘုရား၏ပုံစံခွက်ကို ဆန့်ကျင်ပြီး ၎င်းကို ကိုယ်စားပြုသည့် "ရွှေဦးခေါင်း" (ဒံ ၂:၃၈) ကို သွန်းလုပ်၏။ ၎င်းသည် ရွှေဦးခေါင်း နှင့် မတင်းတိမ်ဘဲ ထာဝရနိုင်ငံကိုတည်ရန် ကြံ၏။ ဆိုလိုရင်းကား ဘုရား၏ ထာဝရ နိုင်ငံ၏နေရာတွင် ၎င်း၏ရုပ်တုကိုစိုက်ကာ နေရာယူခြင်းဖြစ်၏။ ဇာတ်ကြောင်း သည် ၎င်းက အတင်းအဓမ္မယူခြင်းနှင့် အဆုံးမသတ်ပါ။

နေဗုခဒ်နေဇာက ၎င်း၏ရုပ်တုရှေ့တွင် ဦးမချသူများကို ညှင်းပန်းခြင်းဖြင့် တစ်ဆင့်ထပ်တက်လာ၏။ ထိုဇာတ်ကြောင်းတွင် ဟေဗြဲအမျိုးသားသုံးဦးက ရုပ်တု ကို ဦးချရန် ငြင်းဆန်ကြပြီး သေဒဏ်ဖြင့်ခြိမ်းခြောက်ခံရ၏ "မီးလောင်လျက်ရှိသော မီးဖိုထဲသို့ ချက်ချင်းချပစ်စေ" (ဒံ ၃:၆)။ ထိုဟေဗြဲအမျိုးသားများကို နည်းမျိုးစုံဖြင့် နားချကြ၏။ သေဒဏ်သည် မျက်စိရှေ့တွင် မီးဖိုက အထင်းသား သက်သေရှိ၏။ အုပ်ချုပ်ရေးအဆင့်ဆင့်များသည် လူ့အလွှာပေါင်းစုံကိုကြိုးကိုင်ထား၏။ အင်ပါယာ တစ်နံ့တစ်လျားရှိ လူများထံ သတင်းရောက်ရန် လူမှုကွန်ယက်ကို သုံးကြ၏။ ဂီတ နှင့် အနုပညာများဖြင့် လူ့ခံစားချက်ကို ကြိုးကိုင်လွှမ်းမိုးရန် သုံးကြ၏။

မှတ်တမ်းမှတ်ရာအရ ထိုဟေဗြဲအမျိုးသားများသည် ဘုရားမှန်ကိုသာ ဆုပ်ကိုင် ကြ၏။ ထိုအချိန်တွင် ဗာဗုလုန်နှင့် ဟေဗြဲသုံးဦးဟူ၍ နှစ်ဖွဲ့ကွဲ၏။ ဗာဗုလုန် ဘက် ခြမ်းတွင် ပွက်လောထ၏ — (ဒံ ၃:၄)၊ ဘုရားဘက်ခြမ်းတွင် ငြိမ်သက်၏ "ကျွန်ုပ်တို့ သည် ဤအမှု၌ ပြန်လျှောက်ရမည့် အကြောင်းမရှိပါ" (ဒံ ၃:၁၆)။ ဗာဗုလုန်ဘက် ခြမ်းသည် အဖွဲ့တောင့်၏ "စော်ဘွား၊ မြို့ဝန် … " (ဒံ ၃:၂)။ ဘုရားဘက်ခြမ်းသည် မျက်နှာမွဲ၏ "ယုဒလူ" (ဒံ ၃:၁၂)။ ဗာဗုလုန်ဘက်ခြမ်းတွင် လူဦးရေများ၏ "လူအမျိုး မျိုး" (ဒံ ၃:၇)။ ဘုရားဘက်ခြမ်းတွင် "သုံးယောက်" သာရှိ၏ (ဒံ ၃:၂၃)။ ဗာဗုလုန် ဘက်ခြမ်းသည် ပစ္စုပ္ပန်ဘဝကို အလေးထား၏ "လူအမျိုးမျိုးတို့သည် … တီးမှုတ်သံ ကြားသောအခါ ပျပ်ဝပ်ကိုးကွယ်ကြ၏" (ဒံ ၃:၇)။ ဘုရားဘက်ခြမ်းသည် အနာဂတ် ကို အလေးထား၏ "ဘုရားသခင်သည် … ကျွန်ုပ်တို့ကို ကယ်လွှတ်နိုင်တော်မူ၏" (ဒံ ၃:၁၇)။ ဗာဗုလုန်ဘက်ခြမ်းများသည် စာအုပ်ကြီးသမားများ၊ ကြောက်၍နာခံ၊ ကိုယ်ကျိုးကြည့်ကြသူများဖြစ်ကြ၏။ ဘုရားဘက်ခြမ်းများသည် ဘုရား၏ ကရုဏာ တော် ကို အမှီပြုကြ၏။ မကယ်လျှင်လည်း သစ္စာရှိကြမည်ဖြစ်၏ (ဒံ ၃:၁၈)။

**ချိုးငယ်နှင့်သားရဲ။** အာဏာအတင်းယူခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများသည် သာ၍မြင်သာလာပါသည်။ ချိုငယ်သည် ၎င်းကိုယ်ကိုဘုရားပြုပြီး ၎င်း၏ပလွှားခြင်း

ဂုဏ်မောက်ခြင်းများသည် အထင်းသားဖြစ်၏ (ဒံ ၇:၂၅)။ အာဏာအတင်း ယူ ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းလည်း ပါ၏ (ဒံ ၈:၂၄၊ ၂၅)။

ဗျာဒိတ်အနာဂတ္တိကျမ်းသည် ထိုအကြောင်းပင်ပြန်လာပြီး သို့သော် သရုပ်များကွဲ၏။ ဒံယေလ (၇) တွင် ကျွန်ုပ်တို့တွေ့ထားပြီးသည့်အတိုင်း သားရဲလေးကောင်တို့၏ အကြောင်းကို ဗျာဒိတ်ကျမ်းတွင် အာဏာရှိသည့် သားရဲဖြင့် ပြထား၏။ ဒံ (၇) နှင့် (၉) တို့တွင်လာသည့် ချိုငယ်ကဲ့သို့ပင် သားရဲသည် ၎င်းကိုယ်ကို ဘုရားပြုပြီး (ဗျာ ၁၃:၄) ဘုရား၏လူများကို ညှင်းဆဲ၏ (ဗျာ ၁၃:၅၊ ၇)။ ဘုရား၏လူများကို သတိပေး၊ အားပေးရန် (၂ တိ ၁:၇) ဤဗျာဒိတ်အဟောကို မနေ့အမြန် လေ့လာရန် လိုပါသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ ချိုငယ်နှင့်သားရဲတို့သည် သမိုင်းနှင့်ချီကာ ကက်သလစ်အသင်းတော်ကို ဆိုလိုသောကြောင့် ကျွန်ုပ်တို့သည် မည်သို့ သုံးသပ်သင့်သနည်း။ ကျွန်ုပ်တို့သည် ကက်သလစ်များကို မည်သို့ ဆက်ဆံသင့်သနည်း။ ဗာဗုလုန်ရဲတိုက်၏ဉာဉ်ကို သရုပ်ခွဲထုတ်ပါ (ကက်သလစ်၊ totalitarian regime ကိုလည်း ခွဲပါ)။ ဗာဗုလုန်၏ဉာဉ်ဆိုး အသင်းတော်တွင်၊ သင့်တွင်၊ အများနှင့်ဆက်ဆံရေးတွင်၊ မိသားစု (သို့) အလုပ်တွင် သင့်ဝန်ထမ်း၊ ကြင်ဖော်၊ ရင်သွေးများပေါ်တွင် မည်သို့ရှိကြောင်း ခွဲခြမ်းစိတ်ဖြာပါ။ ကျွန်ုပ်တို့သည် မည်သို့ဖြင့် ဗာဗုလုန်ဉာဉ်ဆိုးမှ သမ္မာကျမ်းစာအလိုသို့ ပြောင်းနိုင်မည်နည်း။

၂။ ဗာဗုလုန်ဘက်ခြမ်းနှင့် ဟေဗြဲသုံးဦးဘက်ခြမ်းကို နှိုင်းယှဉ်ပါ။ ဤနှိုင်းယှဉ်မှုကို ဘဝတွင် မည်သို့အသုံးဝင်ကြောင်း အာရုံပြုပါ။ ဤနှိုင်းယှဉ်မှုပြခြင်းကြောင့် အသင်းတော်တွင် မည်သို့ သက်ရောက်မှုရှိမည်နည်း။ ထိုအဖြစ်အပျက်မှ ကျွန်ုပ်တို့၏ ဝတ်ပြုခြင်း အစီအစဉ်အတွက် မည်သည့် သင်ခန်းစာရှိသနည်း။ ဖန်ဆင်းရှင်ကို ဝတ်ပြုရှိခိုးရာတွင် ကျွန်ုပ်တို့ တူရိယာအသုံးပြုပုံ၊ တရားဟောပုံများသည် မည်သို့ ရပ်တည်ကြသနည်း။ ဘုရားသည်အစဉ်ပင် လူနည်းစုဖြစ်ခြင်းတွင်သင် မည်သည့် သံဝေဂ ယူဖွယ်ရှိသနည်း။ ဤအချက်ကိုယူကာ အများလက်ခံသည့် ယုံကြည်ချက်များကို သင်မည်သို့ ရင်ဆိုင်မည်နည်း။ ဥပုသ်ကျောင်းတွင် ပစ္စုပ္ပန်ထက် အနာဂတ်ကို အရေးပေးသင့်သည့်အကြောင်း ဆွေးနွေးပါ။ ပစ္စုပ္ပန်-အနာဂတ် အရေးပေးမှုတွင် သင်၏ လူ့ကျင့်ဝတ်နှင့် အိမ်ထောင်ရေးတွင် မည်သို့ သက်ရောက်မှုရှိသနည်း။ အနာဂတ်ကို အရေးပေးခြင်းသည် ကျွန်ုပ်တို့၏ ပြုမူခြင်းများ၏အလွန်ကို ကြည့်ပါသည်။ ပစ္စုပ္ပန်အရေးပေးခြင်းသည် လက်ငင်းကိုကြည့်ကာ စောက်မနက်၊ တစ် ဘို့တည်းကြည့်၊ ဥစ္စာနောက်သို့ လိုက်၏။ ကျွန်ုပ်တို့နှင့် အခြားသူများအတွက်ပါ အန္တရာယ်ရှိ၏။ ဆွေးနွေးပါ။

# သင်ခန်းစာ - ၁၃

*ဇွန်လ ၂၁ - ၂၇

## အဆုံး၏ပုံရိပ်များ



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** မဿဲ ၁၂း၃၈ - ၄၂။ ယောန ၃း၅ - ၁၀။ ဗျာ ၁၈း၄။ ဒံယေလ ၅း၁ - ၁၁။ ဗျာ ၁၆း၁၂ - ၁၉။ ၂ ရာ ၃၆း၂၂၊ ၂၃။

**အလွတ်ကျမ်းချက်။** **ʻငါသည် ဟေဗြဲအမျိုးသားဖြစ်၏။ ရေမြေကို ဖန်ဆင်းတော်မူသော ကောင်းကင်ဘုံ၏ အရှင် ဘုရားသခင်ကို ကိုးကွယ်သူဖြစ်သည်ဟုဆို၏။ʼ** (ယောန ၁း၉)

ယခုတစ်ပတ်သည် နောက်ဆုံးနေ့ ဖြစ်ရပ်များအား ထင်ရှားအောင် ရှင်းပြရခြင်း နောက်ဆုံးအပတ် ဖြစ်လိမ့်မည်။ ယခုတစ်ချီတွင် နိနေဝီသို့ ယောန၏အမှုတော်ဆောင်ခြင်း ဘေဘီလုန်ပြိုလဲခြင်းနှင့် ပါးရှားရှင်ဘုရင် ဆိုင်းရပ်စ် တက်လာ၍ ထာဝရဘုရား၏ လူများကို လွတ်လပ်ရေးပေးကာ ကတိတော်ပြည်သို့ ပြန်ရ သောအခွင့် ကိုပေးသနားခဲ့လေသည်။

အခြားသောဝတ္ထုများကို လေ့လာရာတွင် ရာဇဝင်တိုင်းသည် လူမျိုးစဉ်ဆက်များ အတွက် နက်နဲသော အဓိပ္ပါယ်ရှိ၏။ ခရစ်တော်ပြန်ကြွမလာမီ အသက်ရှင်ရသော နောက်ဆုံးလူသားတို့အတွက် အထူးပင် အဓိပ္ပါယ်ရှိ၏။ ကျွန်ုပ်တို့အခေါ် ယနေ့ သမ္မာ တရား ကို ပိုမိုသိကျွမ်းနိုင်ရန် ထိုရာဇဝင်များတို့မှ တူးဖော်ရကြပါမည်။

ထိုစဉ်တွင်ပင် ထိုရာဇဝင်အားလုံးတို့သည် နောက်ဆုံးနေ့၏ ဖြစ်ရပ်များကို ပုံရိပ်ပြသွားသည်ကိုပါ သတိထားရပါမည်။ ကျယ်ပြန့်သော အချက်နှင့် အရိပ်အမြွက်ဆိုသော အရာများကို ရယ်စရာဖြစ်အောင် မိမိ ဖာသာ ခွဲခြမ်းစိတ်ဖြာ မပြုလုပ်သင့်ပါ။ ယေရှု၏ ဆုံးမသြဝါဒပုံပြင်များကဲ့သို့ အဓိကကျသောအချက်များကို ကြည့်ရမည်ဖြစ်သည်။ ကွယ်ဝှက်ထားသော သမ္မာတရားများအား တွေ့ရှိလိုစိတ်ဖြင့် အသေးစိတ် ညှစ်ထုတ်ခြင်း မပြုသင့်ပါ။ အဓိကအချက်နှင့် ခေါင်းစဉ်များကို ကြည့်ကာ နောက်ဆုံးသော နေ့ရက်နှင့် ကိုက်ညီသော အ ချက်များကိုသာ ရှာဖွေသင့်သည်။

* ဇွန်လ ၂၈ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## တွန့်ဆုတ်သောပုရောဖက်

ယောနဝတ္ထု (ယောန ၁-၄) သည် လိုရင်းတိုရှင်းနှင့် အကျိုးသက်ရောက်လှသည်။ ယုံကြည်သူများစွာတို့သည် မိမိကိုယ်ကို ဤတွန့်ဆုတ်သော ပုရောဖက်နှင့် လျော်ညီသည်ဟု ထင်မြင်သူတွေရှိကြသည်။ အနာဂတ် အဖြစ်အပျက်များထက် ပိုမိုကြားရသော သံစဉ်များလည်းပါရှိသည်။

**ဖတ်ရှုပါ – မဿဲ ၁၂း၃၈-၄၂။ ယောန၏ဝတ္ထုမှ မည်သည့်အပိုင်းကို ကျမ်းတတ်ဖာရိရှဲတို့နှင့်တူသည် ဟု ယေရှုမှနှိုင်းနှိုင်းထားသနည်း။ သူ၏ထုတ်ပြန်ချက်တွင် တရားစီရင်ခြင်းနှင့် ပတ်သက်သော မည်သည့် သင်ခန်းစာများပါသနည်း။**

ယေရှုက မိမိသည် ယောနထက် ကြီးသည်ဟုဆိုသည်။ ဤလောကသို့ ကြွလာရခြင်းသည် ကပ်တိုင်သို့ပို့ဆောင်မည်ဖြစ်၍ သူသည် "ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသည်" *(လု ၁၉း၁၀)*။ ယောနသည် မိမိအပြစ်ကြောင့် ငါးကြီးဗိုက်ထဲတွင် သုံးရက်တိတိနေခဲ့ရသည်။ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ကြောင့် သင်္ချိုင်းတွင်သုံးရက်နေခဲ့ရသည်။ ပျောက်ဆုံးသောသူများကိုကယ်တင်ရန်ဤသို့ဖြစ်ရသည်။

ယနေ့ကျွန်ုပ်တို့သည် ယောနကို နိနေဝေသို့ မသွားလို၍ တွန့်ဆုတ်သော ပုရောဖက် ဟုသာသိရပါသည်။ လူသားအမြင်နှင့် နားလည်ရလွယ်လှသည်။ အာရှုရိလူတို့သည် အုပ်ချုပ်မှုကြမ်းတမ်းသည်။ အာရှုရိ နံရံပန်းချီတို့သည်လည်း ရက်စက် ကြမ်းကြုတ်သော မြင်ကွင်းများ စစ်ရှုံးသုံ့ပန်းများကို စဉ်းစားမရနိုင်သော အရက်စက်ဆုံးနည်းလမ်းများဖြင့်သတ်ဖြတ်ကြသည်။ ၎င်းတို့၏ မြို့တော်ကို နောင်တရစေရန် မည်သူသည် သွားရောက် တရားဟောလိုမည်နည်း။

ထိုဝတ္ထုတွင်ပင် နောက်ဆုံးနေ့ရက်များ၏ ကျန်ကြွင်းသော လုပ်ရပ်များကို ညွှန်ပြသောအချက်များပါရှိ၏။ သူသည်မည်သူဖြစ်သည်ကို မေးမြန်းသောအခါ "ငါသည် ဟေဗြဲ အမျိုးသားဖြစ်၏။ ရေမြေကို ဖန်ဆင်းတော်မူသော အရှင်ထာဝရဘုရားကို ကိုးကွယ်၏" ဟု ပထမကောင်းကင်တမန်တော်၏ သတင်းနှင့်တူသော အဆိုကိုဆို၏ *(ယောန ၁း၉။ ဗျာ ၁၄း၇)*။ သူသည် ကိုယ်တော်ကို "*ရေမြေကို ဖန်ဆင်းတော်မူသောသူ*" ဟု ဖန်ဆင်းရှင်ကိုညွှန်း၏။ ဤအချက်သည် သူအားကိုးကွယ်ရာတွင် အခြေခံကျသောအချက်နှင့် ကိုးကွယ်ခြင်းသည်လည်း နောက်ဆုံးနေ့ရက်တွင် ဗဟိုချက်မ ဖြစ်လာမည်ဖြစ်သည်။

ထိုစဉ်တွင်ပင် ကျွန်ုပ်တို့သည် ဖြစ်နိုင်ချေမရှိသည့် လူကြိုက်နည်းသော သတင်းတရားကို ဗိညာဉ်ရေး ဘေဘီလုန်တွင် ဟောပြောသည်ဟု စွပ်စွဲပင် ခံရကြသည်။ "ငါ၏လူတို့ သူ့အထဲမှ ထွက်လာကြ" (ဗျာ ၁၈း၄) ဟုဆိုမည်ဖြစ်၍ သူတို့သည် နောင်တရရမည်ဖြစ်သည်ကို အသိမ်မွေ့နိုင်ဆုံးနည်းလမ်းဖြင့် ဟောပြောသော်လည်း လူတော်တော်များများထံမှ ဆန့်ကျင်ဘက်တုံ့ပြန်ခြင်းမျိုးကိုသာ ဖြစ်စေ၏။ ကျွန်ုပ်တို့ သက်သေခံသောအခါတွင်ဆန့်ကျင်ဘက်တုံ့ပြန်ခြင်းနှင့်ရန်စခြင်း မကြုံရသောသူ ရှိမည်လား။

**သင့်အထဲတွင် ယောန မည်မျှတွေ့ရသနည်း။ ဤမှားယွင်းသော စိတ်နေသဘောတို့ကို မည်သို့ကျော်လွှားရမည်နည်း။**

**တနင်္လာနေ့** ဇွန်လ ၂၃ ရက်

## နောင်တရခြင်းအလုပ်တစ်ခု

ယောနသည် နိနေဝေအတွက် အထူးသတင်းတစ်ရပ်ရှိသည်။ ယောနသည် မြို့ထဲသို့ဝင်၍ တစ်နေ့ ခရီးသွားလျက်၊ "ရက်လေးဆယ်လွန်သော် နိနေဝေမြို့သည် ပျက်စီးခြင်းသို့ရောက်လိမ့်မည်" *(ယောန ၃း၄)* ဟု ကြွေးကြော်လေ၏။ ကြမ္မာဆိုး ဂြိုလ်ဆိုးဝင်လေပြီ။ ဤအနာဂတ္တိစကားသည် ထာဝရဘုရား၏ ပုရောဖက် ထံမှ လာသည် မဟုတ်လော။ နိနေဝေ တွင် မည်သို့ ဖြစ်ပျက်သနည်း။

**ပတ်ရှုပါ – ယောန ၃း၅ – ၁၀။ ဤအနာဂတ္တိစကားသည် အဘယ့်ကြောင့် မပြည့်စုံခဲ့သနည်း။**

တစ်မြို့လုံးကျွတ် နောင်တရကြ၏။ အနာဂတ္တိစကားသည်လည်း အချိန်တစ်ခုအတွင်းပြောင်းလဲသွား၏။ "သူတို့၏ ကြမ္မာဆိုးသည် ပြောင်းလဲသွား၏။ နတ်စားနိုင်ငံတစ်ဝှမ်းလုံးတွင် ဣသရေလ၏ဘုရားရှင်သည် လေးစားခြင်းခံရ၍ ပညတ်တော်သည်လည်း ကြည်ညိုခြင်းရှိ၏။ နှစ်ပေါင်းမကြာခင်မှာပင် နိနေဝေ၏မာန်မာန ထောင်လွှားခြင်းကြောင့် ထာဝရဘုရားအား မေ့လျော့၍ ပတ်ဝန်းကျင် လူမျိုးများ၏ သားကောင်အဖြစ် ကျဆုံးခဲ့ရသည်။" (အီးဂျီဝိုက်၊ *ပုရောဖက်များနှင့် ရှင်ဘုရင်များ*၊ စာ၊ ၂၇၁)။

ဤကျဆုံးသောလောကကြီးတွင် ကျဆုံးသောလောကအတွက် နောက်ဆုံးသတင်းပေးပို့ခြင်းဖြင့် ၎င်းအဖြစ်မျိုး ဖြစ်နိုင်အုံးမည်လော။ ဖြစ်လည်းဖြစ်နိုင်သည်။ မဖြစ်လည်း မဖြစ်နိုင်ပါ။ ကမ္ဘာပေါ်တွင် "ငါ၏လူမျိုးတို့ သူ၏ အပြစ်တို့ကို ဆက်ဆံခြင်းနှင့် ၎င်းသူ၏ ဘေးဒဏ်ကို ခံခြင်းမှ၎င်း ကင်းလွတ်ခြင်းငှါ သူ၏အထဲက ထွက်လာကြလော့" *(ဗျာ ၁၈း၄)* ဟုဆို၏။ ကမ္ဘာတစ်ဝှမ်းလုံးရှိသောလူသားတို့သည် ထိုသားရဲအား ပမာမခန့်ပြုလျက် "ဘုရားသခင်၏ပညတ်တို့ကို၎င်း ယေရှု၏ ယုံကြည်ခြင်းကို၎င်း စောင့်ရှောက်သောသူတို့" *(ဗျာ ၁၄း၁၂)* ဟုဆိုသည်။ ဤလူသားတို့သည် နိနေဝေ လူသားများကဲ့သို့ ပျောက်ဆုံးသော လူသားတို့အပေါ်ကျရောက်သော တရားစီရင်ခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။

နိနေဝေမြို့ဖျက်ဆီးခံရမည့်အကြောင်းကဲ့သို့ ထာဝရဘုရားမိန့်တော်မူသော အနာဂတ္တိစကား တစ်ချို့တို့သည် အခြေအနေအရသာဖြစ်၍ "ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကို စွန့်ပစ်ခြင်းမရှိလျှင်" *(ယေရမိ ၁၈း၇ – ၁၀)* ဖျက်ဆီးခြင်းခံရမည်ဖြစ်သည်။ အနာဂတ္တိစကား တစ်ချို့တို့သည်လည်း အခြေအနေအရမလာသည်လည်းရှိ၏။ လူသားတို့မှ တုံ့ပြန် ခြင်းမရှိလည်း ပြည့်စုံမည်သာ ဖြစ်သည်။ မေရှိယ ပထမကြိမ်နှင့် ဒုတိယကြိမ်ကြွလာခြင်း သားရဲ၏ အမှတ်အသား ကပ်ဘေးဒဏ်နှင့် နောက်ဆုံး ညှင်းပန်းနှိပ်စက်ခြင်းတို့သည် လူသားတို့မှ မည်သို့ပင်ပြုလုပ်သော်လည်း ပြည့်စုံမည်သာဖြစ်သည်။ လူသားတို့၏ ပြုလုပ်သောအရာ ရွေးချယ်သော အရာတို့သည် မိမိတို့သည် နောက်ဆုံးဖြစ်ရပ်များတွင် မည်သည့်ဘက်မှ ပါဝင်ကြသည်ကိုသာ ဆုံးဖြတ်ခြင်း ဖြစ်သည်။

**ထာဝရဘုရားအား ဝတ်ပြုခြင်းနှင့် သားရဲအား ဝတ်ပြုခြင်းတို့ကို သင်ရွေးချယ်သောအခါ အထောက်အမဖြစ် နိုင်ရန် ယခုအချိန်တွင် မည်သည့်ရွေးချယ်ခြင်းကို ပြုသနည်း။**

## ဗေလရှာဇာ၏ပွဲတော်

နေဗုခဒ်နေဇာ၏ ခမည်းတော် မှ ဦးဆောင်သော မေဒိလူနှင့် ဗာဗီလုန်တို့ ပါဝင်သည့် ညွန့်ပေါင်းတပ်ဖွဲ့သည် နိနေဝေမြို့ ကို ဘီစီ ၆၁၂ ခုနှစ်တွင် ဖျက်ဆီးပြီးနောက် ဗာဗီလုန်မြို့သည် သူတို့၏ ဥပဒေပညာ ရှင်ကြီး ဟာမူရာဘီ လက်ထက်မှအစ လုံးဝ မကြုံတွေ့စဘူးသော နိုးကြားခြင်း တစ်ခုဖြစ်ခဲ့သည်။ အာရှုရိလူများ၏ ရန်မှ ကင်းလွတ်လာ သောအခါ နေဗုခဒ်နေဇာ၏ လက်ထက်တွင် ဗာဗီလုန်မြို့သည် ဥစ္စာပစ္စည်းနှင့် ဩဇာအာဏာမှာရော အလွန်တိုးတက် လာသောကြောင့် ပတ်ဝန်းကျင် လူမျိုးတို့သည် ဗာဗီလုန်၏ လွှမ်းမိုး ချုပ်ကိုင်ခြင်းကို ဆောင့်ကြီးအောင့်ကြီးပင် နာခံကြရတော့သည်။ ဗာဗီလုန်သည် ကမ္ဘာကြီး၏ ဘုရင်မပင် ဖြစ်လာ၍ ချမ်းသာကြွယ်ဝလိုသော သူတို့သည် ဗာဗီလုန်အပေါ် သစ္စာခံကြရပါသည်။

ထိုစဉ်တွင်ပင် နေဗုခဒ်နေဇာသည် ဒံယေလ၏ ဘုရားသည် လူမျိုးအပေါင်းတို့အား စီရင်ပိုင်သူ ဖြစ်သည်ဟု ယုံကြည်သူတစ်ဦးအဖြစ် *(ဒံ ၄း၃၄ - ၃၇)* ကွယ်လွန်သွားခဲ့သည်။ ထို့နောက်တွင် သူ၏နေရာကို ဆက်ခံသူသည် ဒံယေလမှကိုင်တွယ်ရသော ဘုရင်ခံဖြစ်သူ ဗေလရှာဇာ ဖြစ်သည်။

**ပတ်ရှုပါ – ဒံယေလ ၅း၁ – ၃၁။ ဤရာဇဝင်တို့မှ မည်သည့်ဝိညာဉ်ရေးသတင်း ရယူနိုင်မည်နည်း။ ဗေလရှာဇာ အားမည်သည်က ပြိုလဲသွားစေသနည်း။**

ဝမ်းနည်းစရာအကောင်းဆုံး ကြေကွဲစရာကို ဒံယေလ ၅း၂၂ တွင် တွေ့ရသည်။ နေဗုခဒ်နေဇာ၏ ကျဆုံးခြင်းအကြောင်းနှင့် ပြန်လည်ထူထောင်ခြင်းအကြောင်းကို ဖော်ပြ အပြီးတွင် ဒံယေလသည် "အရှင်သားတော် ဗေလရှာဇာ ကိုယ်တော်သည် ထိုအမှုအလုံးစုံတို့ကို သိတော်မူသော်လည်း စိတ်နှလုံးကိုမနှိမ့်ချပါ" ဟုဆိုလေ၏။ သူသည် အမှန်တရား ကို သိရခွင့် ရရှိခဲ့ရုံမက အဘ နေဗုခဒ်နေဇာ အပေါ်ကျရောက်သော အရာများကိုပင် သက်သေခံခဲ့လောက်သော်လည်း သူ၏အရင်ဦးအဘများအား လွန်စွာ ဒုက္ခပေးခဲ့သော အရာများကို သာ ဆောင်ရွက်လေတော့သည်။

အဘ နေဗုခဒ်နေဇာသည် ရွှေစင်ရုပ်တုကြီးကို တည်ခဲ့သကဲ့သို့ ဗေလရှာဇာသည်လည်း ဒံယေလ၏ ဘုရားမှကြိုပြောထားသော အရာများကို ပွင့်လင်းစွာ ငြင်းပယ်ခဲ့လေသည်။ ဗိမာန်တော်၏ ခွက်ယောက်များကို ညစ်ညမ်းစွာ အသုံးပြုခြင်းဖြင့် ဗာဗီလုန်သည် ဂျူးတို့အား အနိုင်ယူခြင်းဖြင့် သူတို့ဘုရားနှင့် ပတ်သက်သော ပစ္စည်းများကို သူက ပိုင်ဆိုင်နိုင်ပြီးကြောင်းပြသ သကဲ့သို့ဖြစ်သည်။ တစ်မျိုးအားဖြင့် သူတို့၏ကျဆုံးခြင်းကို ဖော်ပြသော ထာဝရဘုရားအပေါ်တွင်ပင် သူတို့သည် အချုပ်အချာအာဏာ ပိုင်သည်ကို ပြသသည်။

ဗေလရှာဇာသည် ကောင်းသောအရာများကို အထောက်အထားဖြင့် သိခွင့်ရခဲ့သော်လည်း ဤအချက်သည်ပင် လုံးလုံးပမာမခန့်ခြင်းဖြစ်သည်။ အမှန်တရားနှင့် ပြဿနာတို့ အတွက် ဦးနောက်အတွေးအခေါ် လုံလောက်စွာရှိသော်လည်း သူ၏ စိတ်နှလုံးပင် တရားခံ ဖြစ်သည်။ နောက်ဆုံးသောနေ့ရက်တွင် လောကသို့ အခက်အခဲများ ကျရောက်သောအခါလူသားတို့အားအမှန်တရားသိခွင့်ပေးလိမ့်မည်။ ဗေလရှာဇာ ကဲ့သို့ ပင် ရွေးချယ်ခြင်းသည် ၄င်းတို့၏ စိတ်နှလုံးပင် ဖြစ်လိမ့်မည်။

**ဗုဒ္ဓဟူးနေ့** ဇွန်လ ၂၅ ရက်

## ဥဖရတ်မြစ်ခန်းခြောက်ခြင်း

ဘေဘီလုန်၏ ခွန်အားတစ်ခုမှာ ဥဖရတ်မြစ်ကြီးသည် မြို့ရိုးအောက်တွင် စီးဆင်းသဖြင့် မြို့တော်အား အကန့်အသတ်မရှိဘဲ ရေရရှိစေသည်။ တစ်ဘက်က အားနည်းချက်လည်း ဖြစ်ပြန်သည်။ နိက်တိုခရစ်စ် အမည်ရှိ ရှေးဘေဘီလုန် ဘုရင်မ တစ်ပါးသည် မြစ်ရိုးတစ်လျှောက်တွင် လမ်းဖောက်လုပ်သဖြင့် မြို့ဖက်သို့ လမ်းပေါက် သွားခဲ့သော်လည်း ထိုလုပ်ငန်းကြောင့် မြစ်သည် ရွံ့ဗွက်အိုင်ကဲ့သို့ ဖြစ်လာစေရာ အလုပ်သမားများအတွက် အလုပ်လုပ်ရသည်မှာ လွန်စွာအဆင်ပြေစေသည်။ ထိုအချင်းအရာကို ဆိုင်းရပ်စ်သည် သတိပြုမိသဖြင့် ထိုမြစ်ကို ခန်းခြောက်စေခြင်းဖြင့် သူ၏စစ်တပ်ကို မြို့ရိုးအောက်ကပင် ချီတက်စေနိုင်သည်။ မြို့ရိုးအတွင်းသို့ရောက် သည်နှင့်ပင် မြစ်ရိုးတစ်လျှောက်ရှိ မြို့ရိုးတို့သည် အစောင့်အကြပ်မရှိသဖြင့် ထိုမြို့သည် ထိုညအတွင်းပင် ကျသွားခဲ့လေသည်။ ရှေးဂရိသမိုင်းဆရာကြီး ဟီရိုဒိုတပ်စ်သည် "ထိုအချိန်သည် ပွဲကျင်းပချိန်ဖြစ်၍ လူအားလုံးတို့သည် ကခုန်မြူးထူးနေကြသည် ဖြစ်ရာ ဘေဘီလုန်မြို့အလယ်ပိုင်းတွင်နေထိုင်သူတို့သည် မြို့ဆင်ခြေဖုံးရပ်ကွက်တွေမည်သို့ ကျဆုံးသည်ကို သိတောင် မသိလိုက်ကြပါ။" ဟုဆို သည်။ ဤပွဲသည် ဒံယေလ ၅ ၏ပွဲများ ဖြစ်လေမည်လား ဟုတွေးစရာ ရှိ၏။

**ဖတ်ရှုပါ – ဒံယေလ ၅း၁၈–၃၁ နှင့် ဗျာ ၁၆း၁၂–၁၉။ ဗျာဒိတ်ကျမ်း၏ ကပ်ဘေးဒဏ်တစ်ချို့တို့နှင့် ဘေဘီလုန် ကျဆုံးခြင်းသည် မည်သို့အလားတူညီမှုတွေရှိသနည်း။**

အချိန်ကာလ၏ နိမိတ်လက္ခဏာတို့နှင့် ပတ်သက်၍ ယေရှုသည် "သင်တို့အရှင်သည် အဘယ်အချိန် နာရီ၌ရောက်လာမည်ကို သင်တို့ မသိရသောကြောင့် စောင့်နေကြလော့။ သူခိုးလာမည့်အချိန်နာရီကို အိမ်ရှင် သိရလျှင် မိမိအိမ်ကို ထွင်းမဖောက် စေခြင်းငှါ စောင့် နေလိမ့်မည်ကို သင်တို့သိကြ၏" *(မဿဲ ၂၄း၄၂၊ ၄၃)* ဟုမိန့်တော်မူ၏။ ဘေဘီလုန်မြို့၏ ကျဆုံးချိန်က ကဲ့သို့ ခေတ်ပေါ်ဘေဘီလုန်သည်လည်း ခရစ်တော်၏ ကြွလာခြင်းကို ရုတ်တရက်ပင် ကြုံရလိမ့်မည်။ ထိုသို့မဖြစ်စေရန် ယေရှုကြွလာခါနီး ခြင်း လုံလောက်သော သာဓကများနှင့် အနာဂတ္တိစကားများကို ကျွန်ုပ်တို့အား ပေးထားပြီး ဖြစ်သည်။

ကမ္ဘာကြီးသည် ထာဝရဘုရား၏ အနာဂတ္တိစကားများကို မသိလိုက်ရလဲ ရုတ်တရက်ပင် ကြုံရလိမ့်မည် မဟုတ်ပါ။ ထာဝရဘုရား၏ အနာဂတ္တိစကားများကို မယုံကြည်လိုသော ကြောင့်သာလျှင် ရုတ်တရက်ပင် ကြုံရလိမ့်မည်။

**ဗျာဒိတ်ကျမ်း ၁၆း၁၅ ဖတ်ပါ။ နောက်ဆုံးသတိပေးခြင်း သတင်းစကားများတောထဲတွင် မည်သည့် ဧဝံဂေလိ သတင်းပင် ပါရှိနေသနည်း။ ကိုယ်ခန္ဓာအဝတ်အချည်းစည်းမဖြစ်ရန် ဟူသည် မည်သည့် အနက်ရှိသနည်း။**

## ဘိသိက်ခံသူ ဆိုင်းရပ်စ်

ဆိုင်းရပ်စ်သည် ဘေဘီလုန်ကို သိမ်းပိုက်သောအခါ ထာဝရဘုရား၏ လူတို့ အကျဉ်းကျခံရချိန်သည် ကုန်ဆုံးသွားခဲ့သောကြောင့် ပါးရှန်တို့သည် ယုဒတို့အား မိမိတို့ ကတိတော်ပြည်သို့ပြန်၍ ဗိမာန်တော်ကို ပြန်လည်တည်ဆောက်စေသည်။ ဆိုင်းရပ်စ် လက်ထက်တွင် ပါးရှန်နိုင်ငံသည် ရာဇဝင်တွင် အထွဋ်အထိတ်သို့ ရောက်သည်ဟု ရာဇဝင်ဆရာတွမ်ဟောလန်ဆိုသည်။ တွမ်ဟောလန်သည် "ကမ္ဘာတွင် မြင်ဘူးသမျှသော နယ်ပယ်များ အပုံဖြစ်အောင်စုပုံခြင်း အကြီးကျယ်ဆုံး" ဟုပင်ဆိုသည်။ —Tom Holland, Dominion Basic Books, Kindle Edition, p. 25.

ပါးရှန်နိုင်ငံ၏ ဓလေ့ရိုးရာအရ ဆိုင်းရပ်စ်မင်းကြီးအား "*ကြီးမားသောရှင်ဘုရင်* (သို့) *ဘုရင်တစ်ကာ တို့၏ဘုရင်*" ဟုပင် တင်စားသမုတ်ကြသည်။

ဆိုင်းရပ်စ်သည် အသင်းတော်အတွက် ခရစ်တော်ကြွလာသောအခါ ပြစ်ပျက်မည့် အရာများတို့ကို နိမိတ် ကြိုပြခြင်း ဖြစ်သည်။ သူသည် အရှေ့ဘက်မှလာသော ရှင်ဘုရင်ဖြစ်သည် *(မဿဲ ၂၄း၂၇)* ဘေဘီလုန် ကို စစ်ဆင်နွဲ၍ သူ၏လူတို့အား ဘေဘီလုန်မှ လွှတ်၍ ကတိတော်ပြည်သို့ ပြန်သွားစေသည်။ *(ဗျာ ၁၉း၁၁-၁၆)*။ ထိုကြောင့်ပင် ထာဝရဘုရားသည် ဆိုင်းရပ်စ်အား "*ဘိသိက်ခံသူ*" *(ဟေရှာယ ၄၅း၁)*။ ထိုပါးရှန်လူသည် ထာဝရဘုရား၏ လူတို့အား လွှတ်ပေးသည်သာမက ဘေဘီလုန်ကို စစ်ခင်းကျင်း သည်မှာ ယေရှုဒုတိယ အကြိမ် ကြွလာခြင်းကို နိမိတ်ပြခြင်းဖြစ်သည်။

**ဖတ်ရှုပါ – ၂ရာ ၃၆း၂၂၊ ၂၃။ ဆိုင်းရပ်စ်အကြောင်းနှင့် နေဗုခဒ်နေဇာအကြောင်းတို့သည် မည်သို့ အလားတူကြသနည်း။ မည်ကဲ့သို့လည်း ခြားနားသနည်း။ သူ၏အမိန့်သည် မည်သို့ထင်ရှားနည်း။ ရာစုနှစ် အနည်းငယ်ပြီးမှ ယေရှုပထမအကြိမ် ကြွလာခြင်းအား မည်သို့အကျိုးသက်ရောက်မှုရှိသနည်း။**

ဓမ္မဟောင်းကျမ်းမှ စာအုပ်များ၏ အစီအရီသည် ယခုတွင် မာလခိဖြင့် အဆုံးသတ်သော်လည်း မူလအစီအရီတွင် ဓမ္မဟောင်းကျမ်းသည် ဆိုင်းရပ်စ်ရှင်ဘုရင်၏ အမိန့်ကြော်ငြာခြင်းဖြင့် အဆုံးသတ်ထားသည်။ နောက်ဆက်လာမည့် ကျမ်းစာသည် မဿဲပင်ဖြစ်၍ ဆိုင်းရပ်စ်ရှင်ဘုရင်၏ အမျိုးပြခြင်းကိုပြည့်စုံစေသော ခရစ်တော်၏ မွေးဖွားခြင်းဖြင့် စတင်လေသည်။ ဆိုင်းရပ်စ်သည် လောကဗိမာန်တော် ပြန်လည်တည်ဆောက်ခြင်းကို စီစဉ်၏။ ယေရှုသည် ကောင်းကင်ဗိမာန်တော်တွင် မိမိအမှုဆောင်ခြင်းကိုထင်ရှားစေကာကျွန်ုပ်တို့ကိုလွှတ်မြောက်စေရန်လည်း ကြွလာတော်မည်ဖြစ်သည်။

ဆိုင်းရပ်စ်သည် ခရစ်တော်အား စုံလင်စွာ ပုံမဆောင်နိုင်ပါ။ အမျိုးသာ ပြသသော အရာတစ်ခုသည် မည်သည့်အခါမျှ စုံလင်သော အမျိုးမှန်ကို မမီနိုင်ပါ။ ကျွန်ုပ်တို့သည် အသေးစိတ်တိုင်အောင် ဖတ်ရှုရှာဖွေရန် မဟုတ်ပါ။ မည်သို့ပင် ဆိုစေကာမူ သူသည် "*ကယ်တင်ရှင်*" ကို အမျိုးပြသသွားခဲ့ပြီ။

**ထာဝရဘုရားသည် မိမိ၏အလိုတော်ကို ဆောင်ရွက်ပေးသွားရန် နတ်စားဘုရင်တစ်ပါးကိုပင် အသုံးပြုသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။ ကျွန်ုပ်တို့၏ အပြင်ပန်းသည် မည်သို့ပင်ဖြစ်စေကာမူ ထာဝရဘုရားသည် နောက်ဆုံးနေ့အတွက် သူ၏ အနာဂတ္တိစကားများကို ပြည့်စုံစေသည်ကို မည်သို့သင်ခန်းစာပေးနေသနည်း။**

**ဆက်လက်လေ့လာရန်။** အဲလင်ဂျီဝှိုက်၊ တောက်ရာမှမွဲ၊ စာ၊ ၅၃၅ – ၅၃၈၊

“စင်ပေါ်သို့တာဝန်ပေးခံရသော လူမျိုးတကာတို့သည် မိမိတို့နေရမည့်အပိုင်းတွင် ခွင့်ပြုခြင်းခံရ၍ သန့်ရှင်းသောစောင့်ကြည့်သူ၏ အလိုတော်ကို ပြည့်စုံစေရန် လုပ်ဆောင်ရမည်ဖြစ်သည်၊ ဘေဘီလုန်၊ မီဒိုပါးရှား၊ ဂရိနှင့်ရောမနိုင်ငံတည်းဟူသော ကမ္ဘာ့ ဧကရာဇ် နိုင်ငံတို့ ပေါ်လာမည်ကိုလည်း အနာဂတ္တိကျမ်းတို့တွင် ဖော်ပြထားခဲ့ပြီး ဖြစ်သည်၊ ဤနိုင်ငံတို့နှင့် အားနည်းသောအခြားနိုင်ငံတို့ပါ ရာဇဝင်တွင် ပါရှိသည်၊ တစ်ခုစီတို့သည် မိမိ၏ သတ်မှတ်အချိန်ရှိ၍ သူတို့၏တန်ခိုးအဏာ ကျဆုံးခဲ့ရသည်၊ လူမျိုးတို့သည် ထာဝရဘုရား၏ ဥပဒေသတို့အား ငြင်းပယ်ခြင်းသည် သူတို့၏ ပျက်စီးခြင်းသို့သာ ပို့ဆောင်ခဲ့သော်လည်း ထာဝရဘုရားသည် ခေတ်အဆက်ဆက်တွင် မိမိ၏ အလိုတော်ပြည့်စုံစေရန် အမြဲကွပ်ကဲ လုပ်ဆောင်နေသည်၊” (အဲလင်ဂျီဝှိုက်၊ *ပုရောဖက်များနှင့် ရှင်ဘုရင်များ၊* စာ၊ ၅၃၅)၊

အိုးထိန်းသည်က မိမိအိုးများကို မိမိအလိုကျပုံစံသွင်းခြင်း ပြုသည်ကို ယေရမိ သတိပြုမိသည်ကို ယေရမိ ၁၈ တွင် တွေ့ရသည်၊ အိုးထိန်းသည် ရွှံ့ကို ပုံသွင်းခြင်းဖြင့် နိမိတ်ပုံဖော်ခြင်းသည် အနာဂတ္တိစကားတွင် ထာဝရဘုရား၏ ဥပဒေသတို့သည် အခြေအနေ အရသာဖြစ်ကြောင်းဖော်ပြခြင်းဖြစ်သည်၊ သေချာသွားစေရန်ယေရမိထံသို့ ထာဝရဘုရားသည် “အကြင်တိုင်းနိုင်ငံကို နုတ်ပယ်ဖြိုချ ဖျက်ဆီးခြင်းငှါ ငါအမိန့်တော်ရှိ၏၊ ငါ့အမိန့်တော်ရှိသော ထိုတိုင်းနိုင်ငံသည် မိမိဒုစရိုက်ကို စွန့်ပစ်လျှင် ငါကြံစည်သော ဘေးဒဏ်ကို ငါ နောင်တရမည်၊ အကြင်တိုင်းနိုင်ငံကို တည်ထောင်ပြုစုခြင်းငှါ ငါအမိန့်တော်ရှိ၏၊ ထိုတိုင်းနိုင်ငံသည် ငါ့စကားကို နားမ ထောင်လျှင် ငါ့မျက်မှောက်၌ ဒုစရိုက်ကိုပြုလျှင် သူ၏အကျိုးအလိုငှါ ပြုစုမည်ဟူသောစကား၌ ပါသော ကျေးဇူးကို ငါ နောင်တရမည်” *(ယေရမိ၊ ၁၈း၇ – ၁၀)* ဟု မိန့်တော်မူ၏၊

## ဆွေးနွေးရမည့်မေးခွန်းများ –

**၁ တရားစီရင်ရာနေ့တွင် သမ္မာတရားမှ သွေဖြည်သော ဘုရားသခင်၏လူတို့ထက် နိနေဝေမြို့သားတို့သည် သက်သာရာ ရလိမ့်မည် ဟူသော ယေရှု၏ မိန့်မှာခြင်းကို တွေးတောပါ *(မဿဲ ၁၂း၃၉ – ၄၂)*။ ထာဝရ ဘုရား၏ အသင်းတော်သည် မည်သည့်သတိပေးစကား ရရှိနိုင်မည်နည်း။**

**၂ အဲလင်ဂျီဝှိုက်သည် ဧကရာဇ်နိုင်ငံ အဆက်ဆက်တို့နှင့် ပတ်သက်၍ ‘သမိုင်းသည် မိမိကိုယ်ကို ထပ်ထပ်ဖော်ပြသည်’ ဟုဆိုသည်ကို တွေးကြည့်ပါ (အဲလင်ဂျီဝှိုက်။ *တောက်ရာမှမွဲ။* စာ၊ ၅၃၅)။ အနာဂတ္တိကျမ်း တို့တွင် စီရီထားသော ဧကရာဇ်နိုင်ငံတို့သည် မည်သည့်တူညီသော ဒြပ်ပြောက်ခြင်း ရှိကြသနည်း။ အနာဂတ္တိလမ်းကြောင်းသို့ မည်သို့ လိုက်ရောက်ကြသနည်း။ ယခုကမ္ဘာသည်လည်း ၎င်းတို့ နောက်သို့ မည်သို့လိုက်ရောက်နေသနည်း။**

**၃ လူသားအား ယုံကြည်ခြင်းမှသွေဖြည်စေသောအရာသည် စိတ် နှင့် ဉာဏ်ပညာမဟုတ်ဘဲ နှလုံးသားဖြစ်သည်ကို တွေးတောပါ။ ဤအသိပညာသည် သူတစ်ပါးထံ သက်သေခံရန် မည်သို့အကျိုးသက်ရောက်စေသနည်း။**

# ညှိကြရအောင်

Laurie Denski-Snyman ရေးသားသည်

အိမ်ရှင်က Maria အားဖိတ်သောအခါဝမ်းသာသွား၏။ သူမသည် အရှေ့တောင်အာရှဒေသ ခရစ်ယာန်မဟုတ်ကြသည့် နိုင်ငံတွင် ဓမ္မစာပေများ ရောင်းချသူဖြစ်၏။ သူမကကျန်းမာရေးဆိုင်ရာစာအုပ်များကို အိတ်ထဲမှထုတ်နေ၏။ အိမ်ရှင်အမျိုးသား က သူမအား တား၏။

"နင်ကဘာမဟုတ်တာတွေအရင်ပြပြီးမှ အလစ်ဖမ်းပြီး ဘာသာရေးစာအုပ်တွေ ပြမှာမဟုတ်လား။ တန်းသာထုတ်လိုက်။ နင့်အကြံကို ငါသိပါတယ်" ဟုဆို၏။

Maria လည်း ကြိတ်ဆုတောင်းနေ၏ "ထာဝရဘုရား၊ ကျွန်မကို မစပါ။" ထို့နောက် သူမက ကျွန်မမှာ စာအုပ်နှစ်မျိုးလုံးအများကြီးရှိပါတယ်။ ကျွန်မက လူ့ အကြိုက်ကိုပြပေးတာပါ။ ကျန်းမာရေးလား၊ ဘာသာရေးလားပေါ့၊ အားလုံးအဆင် သင့်ပါ" ဟုဆို၏။

အိမ်ရှင်လည်းမေးပွတ်ရင်း "ညှိကြရအောင်လား။ ငါကနင့်ရဲ့ကိုးကွယ်မှုဘာသာအကြောင်းမေးမယ်လေ။ နင်ကဖြေနိုင်ရန် နင့်ရဲ့စာအုပ်အကုန်လုံးအားပေးမယ်" ဟု စကားထိုး၏။ Maria လည်းစိတ်ထင့်သွား၏။ သက်ပြင်းတစ်ချက်ရှူလိုက်ပြီး "ဦးဦးမေးမယ့် မေးခွန်းကို ကျွန်မဖြေနိုင်လောက်အောင်ဉာဏ်မမီပါဘူး။ ဒါကြောင့် အကူအညီလိုလို့ ဆုတောင်းပါရစေ" ဟုဆို၏။ အိမ်ရှင်လည်း သဘောတူကာ သူမလည်း ဉာဏ်ပညာရရှိရန် ယေရှုထံ ဆုတောင်း၏။

အိမ်ရှင်လည်း "ငါတို့ကတော့ ယေရှုကိုပရောဖက်လို့ပဲမြင်တယ်။ ဒါပေမယ့် နင်တို့က ဘုရားလို့ပြောကြတယ်။ ဘာကြောင့်လဲ၊ လူကဘယ်လိုလုပ်ပြီး ဘုရားဖြစ်နိုင်မှာလဲ" ဟု တန်းမေး၏။ Maria လည်း တုံ့ဆိုင်းမနေဘဲ "လူအများကြီးက ယေရှုကို ဒီကမ္ဘာမှာမွေးဖွားပြီးမှရှိလာတာလို့ ထင်ကြတာပါ။ သူကဒီအရင့်နှစ်အများကြီး ကတည်းက ရှိနှင့်ပြီးသားပါ။ ယေရှုဟာဘုရားတစ်ဆူထဲမှာ တစ်ပါးအပါအဝင်ပါ။ ခမည်းတော်က သူ့ကိုလူ့သဘာဝအတိုင်း ကလေးလိုကြီးပြင်းစေခဲ့တာပါ။ ယေရှုကို ပရောဖက်အဖြစ်၊ ယဇ်ကောင်အဖြစ်၊ ယဇ်ပုရောဟိတ်မင်းအဖြစ် ပညတ်ထားတာပါ။ အခုလက်ရှိအချိန်မှာ သူဟာ ကျွန်မတို့အပြစ်အတွက် အကျိုးဆောင်ပေးနေပါတယ်။ ယေရှုဟာ ပရောဖက်သက်သက်မဟုတ်ပါဘူး။ သူဟာ ကျွန်မအတွက်ပဲမဟုတ်ဘဲ သူ့ကိုလက်ခံသူ အားလုံးအတွက် ယဇ်ပုရောဟိတ်မင်း ဖြစ်ပါတယ်။

အိမ်ရှင်လည်း "ငါကြားခဲ့ရတဲ့တရားထဲမှာအကောင်းဆုံးတရားပဲ" ဟုဆို၏။ ထိုမေးခွန်းသည် ၎င်း၏ပထမနှင့်တစ်ခွန်းတည်းသော မေးခွန်းဖြစ်၏။ ၎င်းလည်း မျက်ရည်ဥလာပြီး Maria ၏ စာအုပ်အားလုံးကို ဝယ်ယူအားပေး၏။ "နင်ဟာ ငါသိချင် တာကိုရှင်းပြပေးခဲ့တယ်။ အခုဒီစာအုပ်အားလုံးကိုဖတ်ပါ့မယ်" ဟုဆို၏။

Southern Asia-Pacific Division ရှိသာသနာမရောက်သေးသည့်အရပ်တွင်အမှုထမ်းသည့် Maria နှင့်အခြားအမှုထမ်းများအတွက်ဆုတောင်းပေးကြပါ။ Maria သည် နာမည်လွှဲဖြစ်သည်။ သင်၏ ၁၃ ပတ်မြောက်အလှူငွေသည် Southern Asia-Pacific Division တွင် သာသနာပျံ့ရန် အထောက်အကူဖြစ်မည် ဖြစ်သောကြောင့် ကျေးဇူးတင် ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ယောန ၁:၉

**လေ့လာမှုဦးတည်ချက်။** မ ၁၂:၃၈-၄၂၊ ယော ၃:၅-၁၀၊ ဗျာ ၁၈:၄၊ ဒံ ၅:၁-၁၃။

သမ္မာကျမ်းစာသည် ဘုရား၏နိုင်ငံတော်အကြောင်း အထူးချပြထားသောကြောင့် တရားတော်သည် နောက်ဆုံးအချိန်နှင့် ဘုရား၏ ကောင်းကင် နိုင်ငံတော် အကြောင်းကို ရှေ့ရှုပါသည်။ နောက်ဆုံးသောကာလ အကြောင်းကို ကျမ်းစာတွင် အကွက်အကွင်းကျကျ ဟောထားပါသည်။ နောက်ဆုံးသောကာလတိုင် သင်ခန်းစာ ယူရမည့် သမိုင်းသင်ခန်းစာများ ကျမ်းစာ စာမျက်နှာများစွာတွင် တွေ့နိုင်ပါသည်။

ယခုတစ်ပတ် သင်ခန်းစာတွင် တူညီချက်ရှိသည့် ဖြစ်စဉ်သုံးခုကို ရွေးထုတ်ထားပါသည်။ ဤဖြစ်စဉ်တို့သည် ကျမ်းစာလာ ဣသရေလများနှင့် လူမျိုးခြားများ ပါဝင်သည့် နောက်ဆုံးသောကာလတွင် ဖြစ်ပျက်ပါသည် (က ၁၂:၃၊ က ၂၂:၁၈ တို့နှင့်နှိုင်းယှဉ်ပါ)။ ပထမဆုံး ရွေးထုတ်သည့်ဖြစ်စဉ်ကား ယောနက တရားမပြလိုသည် နိနဝေမြို့သားတို့၏ နောင်တရခြင်း၊ တရားစီရင်ပုံအကြောင်း ဖြစ်ပါသည်။ ဒုတိယဖြစ်စဉ်ကား ဇာတ်နာဖြစ်၏။ နောင်တမရသည့် ဗေလရှာဇာမင်း၏ နိုင်ငံတော်ကျဆုံးခန်းဖြစ်၏။ တတိယဖြစ်စဉ်ကား ဘုန်းပွင့်ခန်းဖြစ်၏။ ဘုရားသခင်၏ လူများကို ကယ်သည့်အကြောင်းဖြစ်၏။ ဤတွင် ပါရှားဘုရင် ကုရုမင်း၏ လုပ်ဆောင်မှုကို ကျေးဇူးတင်ရပါမည်။ နောက်ဆုံးသောကာလသည် ဣသရေလ မျိုးနွယ်သို့ဝင်သည့် လူအမျိုးမျိုးတို့ကို ကယ်မည့်အကြောင်းဖြစ်၏။ ယင်းသည် ကမ္ဘာ့နောက်ဆုံးအချိန်ကို ညွှန်းခြင်းဖြစ်၏။ ရှင်ပေါလု၏ ကြိုတင်အဟောသည် ဤသို့ဖြစ်၏ — "တစ်ပါးအမျိုးသား အပေါင်းတို့သည် မဝင်မီတိုင်အောင် … ဣသရေလ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်" (ရော ၁၁:၂၅၊ ၂၆)။

## အပိုင်း ၂။ အနက်ထွင့်ကျမ်း

**နိနဝေမြို့ကိုစီရင်ခြင်း။** ပရောဖက်ယောနသည် နိနဝေမြို့သို့ သာသနာပြု ရမည့်သူဖြစ်ပြီးဇာတ်ကြောင်းတွင် ၎င်း၏အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းများကို ပြထားပါသည်။ ဘုရားသခင်က၎င်းကို ဂါသေဖာမြို့မှ ခေါ်ထုတ်ခဲ့၏။ ယင်းမြို့သည် ရှစ်ရာစု B.C. (785 B.C.) ယေရောဘောင် II လက်ထက်တွင် မြောက်ပိုင်းတွင်ရှိသည့် မြို့ငယ်ဖြစ်၏။ ထိုခေတ်ကာလသည် ၄ ရာ ကျမ်းအရ ဣသရေလတို့ ခေတ်ပျက်ချိန်ဖြစ်ပြီး ၎င်းတို့၏ တရားမဲ့မှုများသည် ဘုရားကို အမျက်ထွက်စေ၏ (၄ ရာ ၁၃:၃)။ သို့သော် ထာဝရဘုရားသည် "ဣသရေလအမျိုး၏နာမကို မိုးကောင်းကင်အောက်၌ မပျောက်စေမည့်အကြောင်း ကြံတော်မူ၏" (၄ ရာ ၁၄:၂၇)။ ထို့အစား ရန်သူ့လက်မှ "ကယ်" ခဲ့၏ (၄ ရာ ၁၄:၂၇)။

ထူးသည်ကား ဣသရေလများ တရားပျက်ချိန်တွင် ဘုရားသခင်သည် ယောန အား နိနေဝေမြို့သားများ နောင်တရကြရန် တရားဟောစေခြင်းဖြစ်၏။ ယောနကျမ်း က ယောနစိတ်ပျက်ရသည်တိုင်အောင် မြို့လုံးကျွတ် နောင်တရကြသည် ဟုဆို၏။ ယောနက မသွားလိုသည်ကို ဘုရားကစေလွှတ်သောကြောင့် ယောနသည် စိတ် မသာနိုင်ခဲ့ပါ။ ယောနလည်း ဘုရားစေခိုင်းသည့်အတိုင်း မြောက်ဘက်ရှိ နိနေဝေမြို့ သို့ မသွားဘဲ တာရှုမြို့သို့သွားရန် တောင်ဘက်ရှိ ယုပ္ပေမြို့သို့ စုန်ဆင်း၏။

ယောနကျမ်းက ယောနသည် ငါးမျိုခံရပြီး ခြောက်သွေ့သည့်ကမ်းတွင် အံထုတ် ခံရသည် ဟုဆို၏ (ယောန ၂:၁၀)။ ယောနသည် ငါးမျိုပရောဖက်ဟု တွင်သွား၏။ နိနေဝေမြို့သားတို့၏ ကျောက်စာတွင် နိနေဝေမြို့၏အနက်သည် "မြို့တွင်းရှိငါးကြီး" ဖြစ်၏။ မြို့၏အမည်ကပင်လျှင် ၎င်းကို အိုးမဲသုတ်သောကြောင့် ဘုရားသည် ၎င်း၏ ကရုဏာတော်ကို လက်ခံမည့်လူမျိုးခြားများကို ကယ်လိုသည်ဟု ပြသယောင်ရှိ၏။

နိနေဝေမြို့သို့ရောက်သည့် ယောန၏အကြောင်းက ဘုရားသခင်သည် ၎င်း၏ လူ များ၊ လူမျိုးခြားများကို မည်သို့ဆက်ဆံကြောင်း ပြ၏။ ဤဇာတ်ကြောင်းတွင် ဘုရား သည် အပြစ်သားများအပေါ် ကရုဏာပေးကာ မပယ်သတ်သည့် အပြစ်များအတွက် ပြစ်ဒဏ် မည်သို့ပေးကြောင်းကို ကျွန်ုပ်တို့ ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပါသည်။

**ဗေလရှာဇာကို တရားစီရင်ခြင်း။** ဗာဗုလုန်ဘုရင် ဗေလရှာဇာအပေါ် အပြစ် စီ ရင်ခြင်းသည် နေဗုခဒ်နေဇာအပေါ် စီရင်ခြင်း၊ နောင်တရခြင်းတို့၏ နောက်တွင်လာ ၏။ ကလောင်ရှင်က မင်းနှစ်ပါးတို့၏ ခြားနားပုံကို ပြလိုခြင်း ဖြစ်တန်၏။ မင်းနှစ်ပါး လုံးသည် မာနမောက်ထန်ကြပြီး ဘုရားကိုဆန့်ကျင်ကြငြားလည်း တူညီသည့် စီရင် ခြင်းကို မခံရကြပါ။ နေဗုခဒ်နေဇာသည် ခွင့်လွှတ်ခြင်းခံရပြီး ပလ္လားသူကို ဦးချိုးနိုင် သည့် ဘုရားသခင်အား ချီးမွမ်းခန်းဖြင့် အဆုံးသတ်ကြောင်း ၎င်း၏အတွေ့အကြုံကို ခင်းပြသည့်အခန်းတွင် ရေးထား၏ (ဒံ ၄:၃၇)။ အခြားဘက်တွင်ကား ဗေလရှာဇာ သည် အဖိုး၏အကြောင်းကို သိငြားလည်း (ဒံ ၅:၂၂) နောင်တမရပါ။ နေဗုခဒ်နေဇာ ပြုမူသကဲ့သို့ပင် ထပ်၍ပြုမူ၏ (သင်ခန်းစာ ၅ နှင့် ၁၂ ကိုရှု)။ အဖိုး၏ အပြုအမူ ထက်ပင် ဆိုး၏။ နေဗုခဒ်နေဇာသည် ဗိမာန်တော် အသုံးအဆောင်များကို ၎င်း၏ ဗိမာန်တော်သို့ ယူဆောင်ရုံသာဖြစ်ပြီး ဗေလရှာဇာကား ထိုခွက်ဖလားများဖြင့် သောက်ကြူးခဲ့၏။ နေဗုခဒ်နေဇာသည် ၎င်းကိုကိုယ်စားပြုသည့် ရွှေဖြင့်ရုပ်တု သွန်း လုပ်ခြင်းဖြင့် ကျေနပ်ခဲ့၏ (ဒံ ၃) နောက်ဆုံးတွင် ၎င်း၏မိုက်မဲမှုကိုမြင်ကာ ကောင်း ကင်ဘုံတွင် "ထာဝရ" ရှိနေသည့် ဘုရားသခင်ကို ချီးမွမ်းခဲ့၏ (ဒံ ၄:၃၄)။

ဗေလရှာဇာကား အခြားသတ္တုဖြင့် ကိုယ်စားပြုသည့် ဘုရားအားလုံးကို ချီးမွမ်း ၏ (ဒံ ၅:၄)။ ဗေလရှာဇာသည် စိတ်ရှိရှိဖြင့် ဘုရားကို မထီမဲ့မြင်ပြု၏။ ရုပ်တုများကို ချီးမွမ်းချိန်တွင် နံရံတွင် လက်ပေါ်လာပြီး ၎င်းတို့အပေါ် စီရင်ချက်ကို ရေးပြ၏။

ဘုရင်နှစ်ပါးအပေါ် စီရင်ချက်သည် ခြားနား၏။ နေဗုခဒ်နေဇာသည် တိရစ္ဆာန်ကဲ့သို့ နေထိုင်ရန် စီရင်ခံရပြီး ရာထူးပြန်ရ၏။ "တင့်တယ်ခြင်း" ကို ပြန်ရရှိ၏ (ဒံ ၄:၃၆)။ ဗေလရှာဇာသည် ပလ္လင်ပေါ်တွင်ထိုင်နေပြီး၊ ၎င်းကိုယ်ကို စိတ်ချစွာနေနေ၏။ ယခုတွင်ကား ဂနာမငြိမ်၊ ဒူးချင်းရိုက်နေပြီး "အမိန့်တော်ရှိ၏" (ဒံ ၅:၇)။ ဘုရင်သည် ပညာရှိအမတ်များကို ဆင့်ခေါ်စေ၏။ အကြောင်းမှာ ၎င်းသည် ဆန်းကြယ်သည့် လက်ဖြင့် ရေးထားသောစာကို မဖတ်တတ်သောကြောင့် ဖြစ်၏။ အမတ်များလည်း နားမလည်နိုင်ကြပါ။

ထို့နောက် မယ်တော် (နေဗုခဒ်နေဇာ၏ သမီး၊ နာဗိုနိဒ၏ မိဘုရား) ဝင်လာပြီး ဒံယေလအကြောင်းကို ပြောပြ၏။ ဤသို့ဖြင့် နေဗုခဒ်နေဇာ၏ တရားဓမ္မ အတွေ့အကြုံကို ဗေလရှာဇာ သိခွင့်ရခဲ့၏။ ဘုရင်က မထီခဲ့သည့် ဘုရားကျွန် ဒံယေလသည် ၎င်း၏နိုင်ငံတော်ကို စီရင်သည့် အမိန့်တော်ကို အနက်ဖော်နိုင်မည့် ကောက်ရိုး တစ်မျှင်ဖြစ်နေ၏ (ဒံ ၅:၂၆-၂၈)။ နံရံပေါ်တွင် ရေးထားသည့် စကားသုံးခွန်းတို့သည် ဗေလရှာဇာကိုစီရင်သည့် အမိန့်ဖြစ်ပြီး — "ရေတွက်" သည် ထည့်တွက်ခြင်း၊ "ချိန်တွယ်" သည် တန်ဖိုးဖြတ်ခြင်း၊ "ခွဲဝေ" သည် ငြင်းပယ်ခြင်း ဖြစ်၏။

**ကုရုမင်းကို တရားစီရင်ခြင်း။** ပါးရှားဘုရင်ကုရုမင်း၏အကြောင်းသည် သမ္မာကျမ်းစာတွင် နေရာရလျက်ရှိ၏။ ကုရုသည် "မေရှိယ" (သို့) ဘိသိက်ရ (ဟေရှာ ၄၅:၁) ဟု အခေါ်ခံရသည့် တစ်ဦးတည်းသော လူမျိုးခြားဖြစ်၏။ သမ္မာကျမ်းစာက ကုရုအား မေရှိယခရစ်တော်ကိုယ်တိုင်နှင့် ဆက်ပြထား၏။ မေရှိယကုရုသည် ဗာဗုလုန်ပြည်ရောက် ဣသရေလများကို ကယ်သည်ဟုဆိုခြင်းအပြင် စာတန့် လက်မှ ကယ်မည့် စကြဝဠာမေရှိယ အဖြစ်ပင် ဒံယေလက ယူ၏။ ထို့အပြင် ဒံယေလသည် ကြိုဟောရုံသက်သက် ဟောခြင်းမဟုတ်။

ကုရု၏ နှစ်ခုနစ်ဆယ်နှင့် ဗာဗုလုန်တို့ ဖမ်းဆီးသည့် သီတင်းပတ် ခုနစ်ဆယ်ကို ယှဉ်ပြခြင်းတွင် ဒံယေလက စာရှုသူအား ထိုသီတင်းပတ်ကို ဗျာဒိတ်အမြင်ဖြင့် အနက်ပြန်စေလိုစိတ်ရှိ၏။ နှစ်ခုနစ်ဆယ်သည် ဣသရေလများအား ပါလက်စတိုင်းဒေသသို့ ပြည်တော်ပြန်စေခဲ့သည့် မေရှိယကုရု ပေါ်လာခြင်းကို ရှေ့ရှု၏။ မေရှိယကုရုသည် ကယ်တင်ခြင်းတရားစီမံမည့် မေရှိယ ယေရှုခရစ်ကို မြင်စေပါသည်။ သီတင်းပတ် (နှစ်) ခုနစ်ဆယ်သည် ကမ္ဘာသားများကို အပြစ်မှကယ်ချုတ်မည့်၊ ယဇ်ကောင်နေရာယူခြင်းဖြင့် အပြစ်မှ ခွင့်လွှတ်ခြင်းပေးမည့် မေရှိယအစစ် ကြွလာမည့်အချိန်ကို ညွှန်၏။ မေရှိယနှစ်ဦး ယှဉ်တွဲပြခြင်းကို ဟေရှာယကျမ်းတွင်လည်း တွေ့ရပါသည်။ မေရှိယကုရုကို ဟေရှာယ ၄၅ တွင် တွေ့ရပြီး ညှင်းဆဲခံကျွန်ကို ဟေရှာယ ၅၃ တွင် တွေ့ရ၏။ ယင်းကျမ်းပိုဒ်များသည် စာအသုံးအနှုန်းနှင့် ရည်သန်ရာများ အချင်းချင်းပဲ့တင်ထပ်နေ၏။

မေရှိယကုရုသည် ဣသရေလတို့၏ရန်သူကြီး ဗာဗုလုန်ကျဆုံးစေရာတွင် အဆုံးအဖြတ် ပုဂ္ဂိုလ်ဖြစ်၏။ ကုရုသည် ဣသရေလတို့အား နေရင်းပြည်သို့ ပြန်လွှတ်ခဲ့ (ဧ ၁:၁-၃) ပြီး ယဇ်ပုရောဟိတ်မင်း ယောရှု၏ ကြီးကြပ်မှုအောက်တွင် ယေရုရှလင်ဗိမာန်တော်ကို ပြန်ဆောက်ရာတွင်ပါ ကူညီခဲ့၏ (ဧ ၃:၂၊ ၃)။ ဗျာဒိတ်ကျမ်းသည် ကုရုအား ခရစ်တော် ဒုတိယအကြိမ် ကြွလာပုံနှင့် ခိုင်းနှိုင်းထား၏။ ဗာဗုလုန်မြို့ ကျဆုံးစေရန် အရှေ့အရပ်ရှိ ရှင်ဘုရင်ကုရုမင်း လာနိုင်ရန် ဥဖရတ်မြစ် ခမ်းခြောက်ခြင်းသည် နောက်ဆုံးသောအချိန်တွင် ခရစ်တော်ကြွလာပုံကို ခင်းပြသည့် ပုံရိပ် ဖြစ်၏ (ဗျာ ၁၆:၁၂)။ ကုရုသည် အနာဂတ်တွင် ခရစ်တော်ကြွလာကာ လူသားများကို ကယ်တင်ရန် လမ်းခင်းပေးခဲ့၏။ ထို့အပြင် ကုရုသည် ခရစ်တော် ပုံရိပ်ဖြစ်၏။ ကုရုသည် ခရစ်တော် ပထမအကြိမ်ကြွလာခြင်းကို ပုံရိပ်ပြထားခြင်းသည် နောက်ဆုံးသောအချိန်တွင် ဒုတိယအကြိမ် ကြွဦးမည်ကို နိမိတ်ပြ၏။ ဤ သို့ကြောင့် ကယ်တင်ခြင်းအမှုတွင် နောက်ဆုံးဖြစ်ပျက်မည့် အရာများတွင် ပြင်ပမှ ပတ်သက်မှုရှိကြောင်း ကျွန်ုပ်တို့ သိတတ်ရပါမည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

၁။ ယောန၏ဖြစ်စဉ်က ဘာသာရေးဘက်လိုက်မှုများကို မည်သို့ သတိပေးထား သနည်း။ ဆွေးနွေးပါ။

၂။ အသင်းတော်အနေဖြင့် ဖြောင့်မတ်ခြင်းအကြောင်း နမူနာပြရာတွင် အရာမထင်ချိန်တွင် ကမ္ဘာတွင်နေထိုင်ကြသည့် လူများသည် မည်သို့ဖြင့် အောင်မြင်ကြ သနည်း။ ယေရှုက ဘာသာရေးသမားများအား “အခွန်ခံနှင့် ပြည့်တန်ဆာတို့သည် သင်တို့အရင် ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်တတ်ကြသည်” (မ ၂၁:၃၁) မိန့်ရာတွင် ဘာကိုဆိုလိုခြင်းနည်း။

၃။ တရားမျှတခြင်းသည် ဘုရားက ကယ်တင်ခြင်းလုပ်ဆောင်ရာတွင် အဓမ္မတရားနှင့်သေခြင်းကို ချေမှုန်းမည့်အရေးတွင် တစ်စိတ်တစ်ဒေသ ပါဝင်၏။ တရားမျှတခြင်းနှင့် ကရုဏာကြား တင်းမာခြင်းသည် မည်သို့ဖြင့် နှစ်သိမ့်ခြင်း၊ မျှော်လင့်ခြင်းတရား ဖြစ်နိုင်ရသနည်း။

၄။ ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ်ကြောင့် မဟုတ်ဘဲ ဘုရား၏ကရုဏာတော်ကြောင့်သာ အဘယ်ကြောင့် ကယ်တင်ခံရသနည်း။

၅။ နောက်ဆုံးသောအချိန်တွင် ပြုလုပ်မည့် ဘုရားသခင်၏ တရားစီရင်ခြင်းတွင် အရေးပါသည့် အမှန်တရား နှစ်ချက်ရှိ၏။ ပထမကား လူတိုင်းကို အသိပေး၊ သတိပေးမည်။ ဒုတိယကား နောင်တရရန် အချိန်နှောင်းမည့်အချိန် ရောက်လာ

မည်ဖြစ်၏။ "ရေတွက်" ကျွန်ုပ်တို့လုပ်သည့်၊ လုပ်သင့်လျှက် မလုပ်သည့် အရာများ၊ "ချိန်တွယ်" အကောင်းအဆိုးများကို စိတ်ဖြာခြင်း (ဘုရားသခင်သာလျှင် စိတ်ဖြာနိုင်သည့် အခွင့်အာဏာရှိ၏)၊ "ခွဲဝေ" ကယ်တင်ခြင်းကို အခြားသူများအားပေးသည် ဟု ဆိုလို၏ — ဤသုံးခွန်း၏ လေးနက်မှုကို သုံးသပ်ပါ။

၆။ Ellen White က အားပေးထားသည့် စာကိုဖတ်ရှုပါ — "ဘုရားသားသမီးများသည် အစိုးရမင်းများရှေ့တွင် သက်သေခံရမည့် အချိန်သည် အလှမ်းမဝေးတော့ပါ။ … အရေးမပါသည့် အကြောင်းများတွင် နှစ်မြုပ်ရန် အချိန်မရှိပါ။" — Advent Review and Sabbath Herald, April 26, 1892. အထက်တွင် မှီးထားသည့်စာပိုဒ်သည် အစိုးရမင်းများထံ ဘုရားသခင်၏ နောက်ဆုံးသတင်းစကား၊ သတိပေးစကားကို ဝေငှရန် မည်သို့ဖြင့် အားဖြစ်စေသနည်း။

**မှတ်သားရန်**–

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

# ၂၀၂၅ ပထမ ကွာတာ၏ အဖြေ မှန် များ

သင်ခန်းစာ ၁။

ဂ၊ မှား၊ မှား၊ မှား၊ ခ၊ မှား၊ မှန်။

သင်ခန်းစာ ၂။

မှား၊ မှား၊ မှန်၊ မှန်၊ မှား၊ ဃ၊ မှန်။

သင်ခန်းစာ ၃။

ခ၊ က၊ ဃ၊ မှန်၊ မှား၊ မှန်၊ မှန်။

သင်ခန်းစာ ၄။

မှန်၊ မှန်၊ က၊ က၊ မှန်၊ ဃ၊ မှန်။

သင်ခန်းစာ ၅။

မှား၊ မှန်၊ မှန်၊ မှန်၊ ဃ၊ ဂ၊ မှန်။

သင်ခန်းစာ ၆။

ခ၊ မှား၊ မှား၊ မှား၊ မှန်၊ က၊ မှန်။

သင်ခန်းစာ ၇။

မှန်၊ မှား၊ ခ၊ မှန်၊ မှန်၊ မှား၊ ဂ။

သင်ခန်းစာ ၈။

မှား၊ မှား၊ မှား၊ ဃ၊ ခ၊ မှား၊ မှား။

သင်ခန်းစာ ၉။

မှား၊ မှား၊ မှန်၊ ဃ၊ ဂ၊ မှန်၊ မှား။

သင်ခန်းစာ ၁၀။

မှန်၊ မှား၊ မှား၊ ခ၊ မှား၊ ဂ၊ မှန်။

သင်ခန်းစာ ၁၁။

မှား၊ ဃ၊ ဃ၊ မှား၊ မှန်၊ မှန်၊ မှန်။

သင်ခန်းစာ ၁၂။

မှား၊ မှန်၊ ခ၊ မှား၊ မှန်၊ မှန်၊ ဂ၊ မှန်။

သင်ခန်းစာ ၁၃။

မှန်၊ မှန်၊ မှား၊ မှား၊ မှား၊ ဃ၊ မှန်။

# နံနက်ယံဝတ်

| | | ဧပြီလ | | | မေလ | | | ဇွန်လ |
|---|---|---|---|---|---|---|---|---|
| ၁ | ဂါ | ၂ကော ၃း၁၈ | ၁ | တေး | ဂလာ ၅း၆ | ၁ | နွေ | မဿဲ ၂၂း၂၁ |
| ၂ | ဟူး | ဖျာဒိတ် ၁၂း၇၊၈ | ၂ | ကြာ | ၂ကော ၅း၂၁ | ၂ | လာ | မဿဲ ၄း၄ |
| ၃ | တေး | ကမ္ဘာ ၃း၁ | **၃** | **နေ** | **ရောမ ၁း၇** | ၃ | ဂါ | ၁ကော ၁၄း၄၀ |
| ၄ | ကြာ | ကမ္ဘာ ၇း၁၈ | ၄ | နွေ | ဂလာ ၄း၄၊၅ | ၄ | ဟူး | မဿဲ ၂၈း၁၈ |
| **၅** | **နေ** | **၁ ကော ၄း၉** | ၅ | လာ | ၂တိ ၂း၂၁ | ၅ | တေး | မဿဲ ၁၈း၁၈ |
| ၆ | နွေ | ဆာလံ ၁၁၁း၇၊၈ | ၆ | ဂါ | ရောမ ၁၂း၂ | ၆ | ကြာ | ၁ယော ၄း၁ |
| ၇ | လာ | ယော ၁၂း၃၁၊၃၂ | ၇ | ဟူး | တမန် ၁း၈ | **၇** | **နေ** | **ဖျာဒိတ် ၂း၄** |
| ၈ | ဂါ | ယော ၁၄း၆ | ၈ | တေး | ဂလာ ၅း၂၂၊၂၃ | ၈ | နွေ | ဖျာဒိတ် ၁၂း၁၄ |
| ၉ | ဟူး | တမန် ၄း၁၂ | ၉ | ကြာ | မဿဲ ၅း၄၈ | ၉ | လာ | ယေရမိ ၅၁း၇ |
| ၁၀ | တေး | ဖျာဒိတ် ၃း၂ | **၁၀** | **နေ** | **ဟေဗြဲ ၅း၁၃၊ ၁၄** | ၁၀ | ဂါ | ဆာ ၁၁၉း၁၆၂ |
| ၁၁ | ကြာ | ဟေဗြဲ ၁း၉ | ၁၁ | နွေ | ဧဖက် ၄း၁၃ | ၁၁ | ဟူး | ၂ပေ ၁း၁၉ |
| **၁၂** | **နေ** | **ဆာလံ ၃၅း ၂၂** | ၁၂ | လာ | ရောမ ၃း၁၀ | ၁၂ | တေး | ဖျာဒိတ် ၁၂း၁၇ |
| ၁၃ | နွေ | ဆာလံ ၈၅း၁၀ | ၁၃ | ဂါ | ရောမ ၆း၄ | ၁၃ | ကြာ | ဖျာဒိတ် ၁၄း၁၂ |
| ၁၄ | လာ | ကောလော ၁း၂၁ | ၁၄ | ဟူး | ဂလာ ၂း၂၀ | **၁၄** | **နေ** | **၁ယော ၂း၆** |
| ၁၅ | ဂါ | ဧဖက် ၂း၇ | ၁၅ | တေး | ၂ကော ၅း၁၇ | ၁၅ | နွေ | ဖျာဒိတ် ၁၉း၁၀ |
| ၁၆ | ဟူး | ၂ကော ၅း၁၉ | ၁၆ | ကြာ | ယောဟန် ၃း၅ | ၁၆ | လာ | ဖျာဒိတ် ၁၂း၁၄ |
| ၁၇ | တေး | သုတ္တံ ၂၁း၁၅ | **၁၇** | **နေ** | **မဿဲ ၅း၄၄၊ ၄၅** | ၁၇ | ဂါ | ဖျာဒိတ် ၁၄း၆ |
| ၁၈ | ကြာ | ရောမ ၃း၂၅၊၂၆ | ၁၈ | နွေ | မဿဲ ၄း၄ | ၁၈ | ဟူး | ဖျာဒိတ် ၁၄း၈ |
| **၁၉** | **နေ** | **ဟောရှာ ၅း ၆** | ၁၉ | လာ | ဆာလံ ၈၁း၁၀ | ၁၉ | တေး | ဖျာဒိတ် ၁၄း၉၊၁၀ |
| ၂၀ | နွေ | ဝတ်ပြု ၁၇း၁၁ | ၂၀ | ဂါ | မဿဲ ၇း၂၀ | ၂၀ | ကြာ | ယော ၁၇း၂၂ |
| ၂၁ | လာ | မာကု ၁၀း၄၅ | ၂၁ | ဟူး | ၁ကော ၁၅း၅၇ | **၂၁** | **နေ** | **ဧဖက် ၄း၁–၃** |
| ၂၂ | ဂါ | ၁ပေ ၁း၁၈ | ၂၂ | တေး | ဟေဗြဲ ၁၀း၂၄၊၂၅ | ၂၂ | နွေ | တမန် ၁၇း၂၆ |
| ၂၃ | ဟူး | ၁ကော ၁၅း၂၂ | ၂၃ | ကြာ | ဧဖက် ၄း၄ | ၂၃ | လာ | ဆာလံ ၁၃၃း၁ |
| ၂၄ | တေး | ဧဖက် ၅း၂၇ | **၂၄** | **နေ** | **တမန် ၁၄း၆** | ၂၄ | ဂါ | ဂလာ ၃း၂၇၊၂၈ |
| ၂၅ | ကြာ | ၁ကော ၁၅း၁၄ | ၂၅ | နွေ | ၁ကော ၁၂း၂၇ | ၂၅ | ဟူး | ယော ၁၂း၃၂ |
| **၂၆** | **နေ** | **ဧဖက် ၃း ၁၀** | ၂၆ | လာ | ၁ကော ၃း၁၆ | ၂၆ | တေး | လုကာ ၉း၂ |
| ၂၇ | နွေ | ဧဖက် ၂း၈ | ၂၇ | ဂါ | ဖျာဒိတ် ၁၉း၇၊၈ | ၂၇ | ကြာ | ရောမ ၁၆း၁၇ |
| ၂၈ | လာ | ယောဟန် ၁း၅၁ | ၂၈ | ဟူး | ဟေဗြဲ ၁၂း၂၂၊၂၃ | **၂၈** | **နေ** | **သုတ္တံ ၁၄း၁၂** |
| ၂၉ | ဂါ | ယောလ ၂း၁၂ | ၂၉ | တေး | ဧဖက် ၃း၁၅ | ၂၉ | နွေ | မဿဲ ၃း၁၃၊၁၄ |
| ၃၀ | ဟူး | ၂ကော ၅း၂၁ | ၃၀ | ကြာ | ဧဖက် ၆း၁၃ | ၃၀ | လာ | တမန် ၈း၃၆ |
| | | | **၃၁** | **နေ** | **ယော ၁၀း ၁၆** | | | |